ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပြောကြားခဲ့သည့် မိန့်ခွန်းများ

(၂၀၂၁ ခုနှစ်၊ ဩဂုတ်လ၊ စက်တင်ဘာလ၊ အောက်တိုဘာလ)

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

ပုံနှိပ်မှတ်တမ်း

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် (၉၃/၂၀၂၁)

ထုတ်ဝေသည့်ခုနှစ်
၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်

အုပ်ရေ
၂၀၀၀ အုပ်

ပုံနှိပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းများ

မာတိကာ

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၇
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၈

မိန့်ခွန်းများ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း ၉

၂။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆင္ခမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၂၂

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁) တွင်ပြောကြားသည့် အမှာစကား ၂၇

၄။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာသတ္တမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၃၃

၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၃၉

၆။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာအဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၄၅

၇။ နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား ၅၁

၈။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၁) တွင်ပြောကြားသည့် အမှာစကား ၅၆

၉။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးတွင်ပြောကြားသည့်အမှာစကား ၆၂

၁၀။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ(၁၀) ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၆၉

၁၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေး အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁) တွင် ပြောကြားသည့်အမှာစကား ၇၆

၁၂။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ညှိနှိုင်း အစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၇၇

၁၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် ပြောကြားသည့်အမှာစကား ၈၄

၁၄။ သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit)သို့ တက်ရောက်ပြောကြားသည့်မိန့်ခွန်း ၈၉

၁၅။ မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ (နေပြည်တော်)နှင့် ဘူတာကြီးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၉၃

၁၆။ ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမျူးများ၊ ဆရာ၊ ဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၉၅

၁၇။ မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၉၉

၁၈။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ဆင်လမ်းရေလှောင်တမံနှင့် အမျိုးသားကန်တော်ကြီး ဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၁၀၄

၁၉။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်း၌ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၁၀၆

၂၀။ မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၀၈

၂၁။ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၁၁၁

၂၂။ လားရှိုးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား ၁၁၄

၂၃။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၁၇

၂၄။ အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၁၂၁

၂၅။ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင်ပြောကြားသည့်အမှာစကား ၁၂၉

၂၆။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၁၅/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၁၃၄

၂၇။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား ၁၄၀

၂၈။ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့–၂၀၂၁အထိမ်းအမှတ် အခမ်းအနားသို့ပေးပို့သည့် အမှာစကား ၁၄၆

၂၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား ၁၄၉

၃၀။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၅၁

၃၁။ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအားတွေ့ဆုံ ပြောကြားသည့် အမှာစကား ၁၅၆

၃၂။ အေးသာယာစက်မှုဇုန်၊ မွေးမြူရေးဇုန်ရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား သွားရောက်ကြည့်ရှု စစ်ဆေးစဉ်ပြောကြားသည့်အမှာစကား ၁၅၈

၃၃။ ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံပြောကြားသည့် အမှာစကား ၁၆၀

၃၄။ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း ပြန်လည်စတင်နိုင်မည့် အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့စဉ် ပြောကြားသည့်အမှာစကား ၁၆၂

၃၅။ ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံ ဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား ၁၆၃

၃၆။ မြန်မာနိုင်ငံ ကမ်းခြေဧောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုပြောကြားသည့် အမှာစကား ၁၆၆

၃၇။ သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှု စစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၇၀

၃၈။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၁၇၂

၃၉။ ဗိုလ်သင်တန်းကျောင်း (မော်ဘီ) ဘွဲ့ရ အမျိုးသမီးဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၇၆

၄၀။ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)နှင့် ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံတို့အား သွားရောက်စစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၁၇၈

၄၁။ ရုန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအားတွေ့ဆုံပြောကြားသည့် အမှာစကား ၁၈၀

၄၂။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်း ၁၈၄

၄၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ်(၁၆/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား ၁၉၂

၄၄။ သီတင်းကျွတ်အခါသမယတွင် ပြည်သူလူထုသို့ပြောကြားသည့် မိန့်ခွန်း ၁၉၇

၄၅။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား ၂၀၀

၄၆။ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား ၂၀၇

၄၇။ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) သို့ သွားရောက် ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၁၃

၄၈။ ရုန်ကုန်မြို့ရှိ သမိုင်းဝင်တော်လှန်ရေးပန်းခြံ၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန် နယ်မြေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၁၅

၄၉။ စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကား ၂၁၇

၅၀။ မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၂၂၀

သဝဏ်လွှာများ

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပေးပို့သည့်သဝဏ်လွှာ ၂၂၃

၂။ ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ ၂၂၇

■■■■■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် – ၁၉ ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက် သွားမည်။

၃။ ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
ဦးတည်ချက် (၉) ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) စျေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆) လပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း

(၁-၈-၂၀၂၁)

တိုင်းရင်းသားပြည်သူများခင်ဗျာ

ဒီနေ့ဟာဆိုရင် ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ရဲ့တာဝန်ကို ထမ်းဆောင်ခဲ့တာ (၆)လပြည့်မြောက်တဲ့နေ့ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူတွေအားလုံး ကိုဗစ်-၁၉ ကပ်ရောဂါဘေးမှ အမြန်ဆုံးကင်းဝေးပြီး ကျန်းမာကြပါစေလို့ ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါတယ်။

ကိုဗစ်-၁၉ ကပ်ရောဂါကို အစိုးရ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ ပြည်သူတွေအားလုံးနဲ့ သက်ဆိုင်ရာ အဖွဲ့အစည်းတွေအားလုံးလက်တွဲပြီး စုပေါင်းညီညွတ်စွာ ရင်ဆိုင်ကြရပါမယ်။ ကျွန်တော့်ရဲ့မူဝါဒကတော့ လူအသက်ထက် အရေးကြီးတာမရှိပါဘူး။ အဓိက ကတော့ ကျန်းမာရေးပါ။ ကျန်းမာမှအလုပ်လုပ်နိုင်မှာ၊ ကျန်းမာမှပညာသင်ကြား နိုင်မှာ ဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူလူထုရဲ့ကျန်းမာရေးထက် အရေးကြီးတာ မရှိပါဘူး။ ဒါ့ကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေမှာ ဘာကန့်သတ်ချက်မှမထားပါဘူး။ ရှိသမျှသောလူ့စွမ်းအား၊ ပစ္စည်းစွမ်းအား၊ ဥာဏ်စွမ်းအားတွေနဲ့ကာကွယ်ကြပါမယ်။ ကျွန်တော်တို့ အောင်ကိုအောင်မြင်ကြရပါမယ်။ တိုင်းရင်းသားပြည်သူအားလုံးရဲ့ စုပေါင်းညီညွတ်မှုနဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကို အောင်မြင်ရမယ်။ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ရေး အောင်မြင်ရပါမယ်။ ဒီလို အောင်စိတ်ကို စည်းလုံးညီညွတ်မှု၊ ယုံကြည်မှု၊ ကြိုးစားမှု၊ လုံ့လ၊ ဝီရိယဆိုတာ

တွေနဲ့မြင့်တင်လိုက်ရင် ကျွန်တော်တို့နိုင်ငံအတွက်၊ ပြည်သူ့အတွက် မဖြစ်နိုင်တဲ့လုပ်ငန်းဆိုတာ မရှိဘူးလို့ ဦးစွာပြောကြားလိုပါတယ်။

ဒီနေ့မှာတော့ ကျွန်တော့်အနေနဲ့ နိုင်ငံတော်နဲ့ နိုင်ငံတော်အစိုးရရဲ့ အခြေခံနိုင်ငံရေး၊ လူမှုရေးနဲ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်အခြေအနေတွေကို ပြည်သူ့ထံကို တင်ပြမှာဖြစ်ပါတယ်။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစနစ်ကစစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိပဲဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူတွေလိုလားခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရအနေနဲ့ အခြေခံကစပြီး တည်ဆောက်ပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူကရွေးချယ်ခဲ့တာ ဖြစ်ပါတယ်ဗျာ။ ဆိုတော့ ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးရာမှာလည်း လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲက အဲဒီစနစ်ရဲ့ "အသက်" ပဲဖြစ်ပါတယ်။ ကျွန်တော်တို့လို ဒီမိုကရေစီပြန်လည်တည်ဆောက်စနိုင်ငံမှာဆို ပိုပြီးအရေးကြီးပါလိမ့်မယ်။ ပြီးရင် ကျွန်တော်တို့နိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရွေးကောက်ပွဲစနစ်တွေအရ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲကသာ ကျွန်တော်တို့ပြည်သူလူထုရဲ့ရည်မှန်းချက်ကို အောင်မြင်စေမှာ ဖြစ်ပါတယ်။ နိုင်ငံတစ်ခု၊ တိုင်းပြည်တစ်ခုကို တည်ဆောက်တဲ့အခါမှာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင် စတဲ့ မဏ္ဍိုင်ကြီး ၃ ရပ်နဲ့တည်ဆောက်ရပါတယ်။ ဒီမဏ္ဍိုင်ကြီး ၃ ရပ်ဟာလည်း တစ်ခုနဲ့တစ်ခု ထိန်းညှိကြပ်မတ်ခြင်း (Check and Balance) ဆိုတဲ့အလုပ်ကို ပီပြင်စွာဆောင်ရွက်နိုင်မှ ပြည်သူလူထုပိုင်တဲ့ ဒီမိုကရေစီ (of the people)၊ ပြည်သူလူထုအတွက် ဒီမိုကရေစီ(for the people)၊ ပြည်သူလူထုကရွေးချယ်တဲ့ ဒီမိုကရေစီ (by the people)ဆိုတာ ဖြစ်လာမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမှာ အဲဒီတုန်းက အာဏာရအစိုးရဖြစ်တဲ့ NLD အစိုးရနဲ့ NLD ပါတီတို့ဟာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်းကောက်ခြင်း၊

> **ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးစနစ်က စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ဆိုတာကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အသိပဲ ဖြစ်ပါတယ်။ ၁၉၈၈ ခုနှစ်ကတည်းက ပြည်သူတွေလိုလားခဲ့တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရအနေနဲ့ အခြေခံကစပြီး တည်ဆောက်ပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်ကို ပြည်သူက ရွေးချယ်ခဲ့တာဖြစ်ပါတယ်။**

မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီများဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း၊ ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစတဲ့လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ NLD ပါတီအနေနဲ့ အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက်မလျော်ညီစေသုံးပြီး မသမာမှုများဆောင်ရွက်ခဲ့ခြင်းတွေ ပြုလုပ်ခဲ့ပါတယ်။ NLD ပါတီမဟုတ်တဲ့ အခြားနိုင်ငံရေးပါတီတွေနဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းတွေရဲ့ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားဆောင်ရွက်မှုတွေအားလုံးကို အုပ်ချုပ်ရေးအာဏာ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာကန့်သတ်ချက်နဲ့ တားမြစ်ချက်တွေကို အလွဲသုံးခြင်းဖြင့် ကန့်သတ်ထိန်းချုပ်ပြီး ရွေးကောက်ပွဲအနိုင်ရရှိရေးကနေ နိုင်ငံတော်အာဏာကို မတရားရယူဖို့ ကြိုတင်ကြံစည်ဆောင်ရွက်တာတွေကို လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်ကို ရယူခဲ့ရပြီးနောက်ပိုင်းမှာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမအချက်ဖြစ်တဲ့ "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေ

နဲ့အညီ ဆက်လက် ဆောင်ရွက်သွားမည်” ဆိုတဲ့အချက်ကို ဦးစားပေးဆောင်ရွက်ခဲ့ပါတယ်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့တဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့စပ်လျဉ်းပြီး ရွေးကောက်ပွဲကျင်းပခဲ့တဲ့ မြို့နယ် ၃၁၅ မြို့နယ်ရဲ့ မဲစာရင်းတွေကို မြို့နယ်အလိုက် အသေးစိတ်စစ်ဆေးခဲ့ပါတယ်။ မြို့နယ်အသီးသီးမှာရှိတဲ့ မဲရုံတစ်ခုချင်းအလိုက် မဲပေးခဲ့မှုအခြေအနေတွေ၊ ဆန္ဒမဲလက်မှတ်တွေကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်တွေ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးတွေ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူးတွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူးတွေ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေနဲ့အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးခြင်း၊ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များနဲ့ တွေ့ဆုံမေးမြန်းစစ်ဆေးခြင်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

ဒီလိုဆောင်ရွက်ခဲ့ရာမှာ မဲမသမာမှုစုစုပေါင်း ၁၁၃၅၅၃၉၀ (တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်) စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ရွေးကောက်ပွဲ မစတင်မီမှာရော၊ ရွေးကောက်ပွဲအပြီးနောက်ပိုင်းမှာပါ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီးတော့ လွတ်လပ်မှုနဲ့ တရားမျှတမှုမရှိတဲ့ အထောက်အထားတွေ၊ မဲမသမာမှုတွေရှိကြောင်း တရားဝင်ထုတ်ပြန်ပြောဆိုခဲ့ပါတယ်။ တွေ့ရှိချက်တွေကို စာရင်းဇယားတွေနဲ့ ခိုင်ခိုင်မာမာပြောဆိုခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ရဲ့ နိုင်ငံရေးယဉ်ကျေးမှုဖြစ်တဲ့ ဆွေးနွေးအဖြေရှာဖို့အတွက် အစိုးရ၊ လွှတ်တော်နဲ့ တာဝန်ရှိသူတွေကို တရားဝင်အသိပေးတာတွေ၊ ထုတ်ပြန်တာတွေ၊ သဘောထားတင်ပြတာတွေ ပြုလုပ်ခဲ့ပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ တကယ်လို့ ရိုးရိုးသားသားမှားယွင်းတယ်ဆိုရင် တရားဝင်ဖြေရှင်းလို့ရပါတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်နိုင်ပါတယ်။ သက်သေပြနိုင်ပါတယ်။ ဘာမှ အကြမ်းဖက်စရာမရှိပါဘူး။ ကျွန်တော်တို့ ဒီမိုကရေစီနဲ့အညီ ဥပဒေနဲ့သွားနေတာပါ။ နောက်ဆုံးမှာ တစ်ဖက်က မဲမသမာမှုတွေကို ဖြေရှင်းဖို့မလုပ်ဘဲ မသမာမှုတွေ့ရှိတဲ့ ရွေးကောက်ပွဲရလဒ်ခေါင်းစဉ်ဖြင့် လွှတ်တော်ကိုအတင်းခေါ်ယူပြီး နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ရယူဖို့ဆောင်ရွက်လာတဲ့အတွက် အရေးပေါ်အခြေအနေ ကြေညာပြီး နိုင်ငံတော်တာဝန်ကို အခြေခံဥပဒေနဲ့အညီ ထိန်းသိမ်းခဲ့ရတာ ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ရွေးကောက်ပွဲစနစ်အရ လွှတ်တော်ကိုယ်စားလှယ်တွေကို ပြည်သူက တိုက်ရိုက်ရွေးချယ်ပါတယ်။ ဒါက ဥပဒေပြုရေးမဏ္ဍိုင်ပါ။ ဒီလွှတ်တော်ကိုယ်စားလှယ်တွေကပဲ နိုင်ငံတော်ရဲ့အကြီးအကဲဖြစ်တဲ့သမ္မတကို ရွေးချယ်ရပါတယ်။ သမ္မတကအစိုးရအဖွဲ့တွေကို ခန့်အပ်ရပါတယ်။ ဒါကအုပ်ချုပ်ရေးမဏ္ဍိုင်။ ဒီသမ္မတကပဲ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ တရားသူကြီးတွေကိုခန့်အပ်ပါတယ်။ ဒါက တရားစီရင်ရေးမဏ္ဍိုင် ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့နိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ မဏ္ဍိုင်ကြီး ၃ ရပ်လုံးအတွက် ရွေးကောက်ပွဲလို့ ဆိုနိုင်ပါတယ်။ မဲမသမာမှုတွေနဲ့ တက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်တွေ၊ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေးမဏ္ဍိုင်က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရွေးချယ်လိုက်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့ဟာ ပြည်သူကိုဘယ်လိုလုပ်ကိုယ်စားပြုမလဲ၊ ဘယ်လိုလုပ်ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ ထိန်းညှိကြပ်မတ်ခြင်း (Check and Balance) လုပ်ကြမလဲဆိုတာ သိသာထင်ရှားလှပါတယ်။ ဒီမိုကရေစီလို့ အမည်တပ်ပြီး တစ်ပါတီအာဏာရှင်စနစ်၊ လူတစ်ဦးတည်းအာဏာရှင်စနစ်ကို အသက်သွင်းနေတာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်နဲ့ပြည်သူရဲ့ရည်မှန်းချက်ဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ် ပြန်လည်ပေါ်ပေါက်ရေး ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။

ဒီလိုဆောင်ရွက်ရာမှာ မဲစာရင်းတွေစစ်ဆေးပြီး တွေ့ရှိချက်တွေ၊ မြေပြင်စစ်ဆေးတွေ့ရှိချက်တွေနဲ့၊ သက်သေအထောက်အထားတွေကို ကျွန်တော်တို့ တစ်မြို့နယ်ချင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုချင်းအလိုက် အသေးစိတ်ထုတ်ပြန်ခဲ့ပါတယ်။ ဧလိုင်လအတွင်းမှာ အပြီးသတ်ထုတ်ပြန်ခဲ့ပြီး ဧလိုင်လ ၂၆ ရက်နေ့မှာတော့ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာကျင်းပခဲ့တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ၊

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ဥပဒေ၊ နည်းဥပဒေတွေနဲ့ ညီညွတ်မှုမရှိတဲ့အပြင် လွတ်လပ်ပြီးတရားမျှတမှုမရှိတဲ့ ရွေးကောက်ပွဲဖြစ်နေတာကို စစ်ဆေးတွေ့ရှိရလို့ ရွေးကောက်ပွဲရလဒ်ကို ပယ်ဖျက်ကြောင်း ကြေညာခဲ့ပါတယ်။

ကျွန်တော်တို့အနေနဲ့ တည်ဆဲဥပဒေတွေနဲ့အညီ ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးရာမှာ လက်ကိုင်ထားလိုက်နာရမယ့် ဥပဒေအထက်မှာ မည်သူမှမရှိ (No Man above the Law)ဆိုတာကို လိုက်နာဆောင်ရွက်ခဲ့ခြင်းပဲ ဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ပြီးတဲ့နောက် ကျွန်တော်တို့ ဆက်လက်လုပ်ဆောင်ရမှာကတော့ အရေးပေါ်ကာလပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်ခြင်းနဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲအသစ် ပြန်လည်ကျင်းပပေးရမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ အခန်း(၁၁)၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအရ ဥပဒေနဲ့အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသူ၄၈၆၉၂၇(လေးဆယ့်ရှစ်သိန်း)ကျော် မဲပေးခဲ့တာတွေ့ရပါတယ်။ ရွေးကောက်ပွဲမှာ မဲပေးပိုင်ခွင့်ရှိသူတိုင်း မိမိရဲ့ဆန္ဒအတိုင်း မဲပေးခွင့်ရရှိဖို့ ဦးစားပေးဆောင်ရွက်မှာဖြစ်လို့ နိုင်ငံသားစိစစ်ရေးကတ်ရှိရမယ့်သူတိုင်း နိုင်ငံသားစိစစ်ရေးကတ်ရရှိနိုင်ဖို့ ကျွန်တော်တို့ဦးစားပေးဆောင်ရွက်လျက် ရှိပါတယ်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနရဲ့အစီရင်ခံချက်အရ တစ်နေ့ကို ဦးရေ ၃၀၀ နှုန်းနဲ့ လုပ်ဆောင်နိုင်ရင် ၁၈ လခန့် ကြာမြင့်နိုင်ပါတယ်။ မြန်ဆန်နိုင်သမျှ မြန်ဆန်အောင်ဆောင်ရွက်လျက် ရှိပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း အရေးပေါ်ကာလဆိုတာ အကန့်အသတ်ရှိပါတယ်။ ပုဒ်မ ၄၂၁၊ ပုဒ်မခွဲ(ခ)အရ အရေးပေါ်ကာလ ၁ နှစ်အတွင်းမှာ တာဝန်တွေကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသေးရင် နောက်ထပ်ခြောက်လ နှစ်ကြိမ်သာတိုးမြှင့်နိုင်ပါတယ်။ ဒီကာလအတွင်းမှာ ကျွန်တော်တို့အနေနဲ့ လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်တာတွေကို ပြီးစီးအောင် ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြီးရင် ဥပဒေအရ ရွေးကောက်ပွဲအတွက် ပြင်ဆင်

> **ကျွန်တော်တို့နိုင်ငံရဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ မဏ္ဍိုင်ကြီး ၃ ရပ်လုံးအတွက် ရွေးကောက်ပွဲလို့ဆိုနိုင်ပါတယ်။ မဲမသမာမှုတွေနဲ့ တက်လာတဲ့ လွတ်တော်ကိုယ်စားလှယ်တွေ၊ အဲဒီလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ဖွဲ့စည်းထားတဲ့ ဥပဒေပြုရေး မဏ္ဍိုင်က တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ရွေးချယ်လိုက်တဲ့ အုပ်ချုပ်ရေးမဏ္ဍိုင်နဲ့ တရားစီရင်ရေးမဏ္ဍိုင်တို့ဟာ ပြည်သူကို ဘယ်လိုကိုယ်စားပြုမလဲ၊ ဘယ်လိုလုပ် ဒီမိုကရေစီစနစ်ရဲ့ အနှစ်သာရဖြစ်တဲ့ ထိန်းညှိကြပ်မတ်ခြင်း (Check and Balance) လုပ်ကြမလဲဆိုတာ သိသာထင်ရှားလှပါတယ်။**

ချိန် ၆ လပေးပြီး ဆောင်ရွက်ရပါမယ်။ ဒီကာလများကိုတွက်ကြည့်ရင် လုပ်ငန်းရပ်အားလုံးဟာ ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း ပြီးစီးရမယ်ဆိုတာပါပဲ။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ နောက်ဆုံးလုပ်ငန်းစဉ်က “လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပပြီးအနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားရမှာဖြစ်ပါတယ်” ဒီလုပ်ငန်းစဉ်အတွက် ကျွန်တော်တို့ဟာ လွတ်လပ်တရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ဖို့ အခြေအနေတွေ ဖန်တီးပေးရပါမယ်။ ကြိုတင်ပြင်ဆင်မှုတွေ ဆောင်ရွက်ကြရပါမယ်။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မဖြစ်မနေလုပ်မယ်ဆိုတာ ကတိပြုပါတယ်။ ပြည်သူတွေရဲ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင် ဆောင်ရွက်ပေးကြရမှာ ဖြစ်ပါတယ်။

လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်လာစေဖို့ အခြေခံလိုအပ်ချက်ကတော့ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးပဲဖြစ်ပါတယ်။ တည်ငြိမ်

အေးချမ်းရေးဆိုရာမှာ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရတည်ငြိမ်အေးချမ်းမှု၊ စီးပွားရေးအရ တည်ငြိမ်အေးချမ်းမှုတွေ လိုအပ်မှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးရေးမှာလည်း တည်ဆဲဥပဒေတွေကို လေးစားလိုက်နာပြီး စည်းကမ်းပြည့်ဝတဲ့ အလေ့အထကောင်းတွေရရှိလာစေဖို့ ဆက်လက်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီး ကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့အတူ ပေါက်ဖွားလာတဲ့ နိုင်ငံရေးအရ ကွဲပြားခြားနားမှုတွေ၊ အမြင်မတူညီမှုတွေ ရှိနေဆဲဖြစ်ပါတယ်။ ဒါတွေကို ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းနည်းလမ်းတွေနဲ့ ဆောင်ရွက်ခဲ့လို့ ၂၀၁၀ ပြည့်နှစ်ရွေးကောက်ပွဲနဲ့ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွေကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီး ကျွန်တော်တို့ တိုင်းပြည် ဒီမိုကရေစီလမ်းကြောင်းပေါ်ကို ရောက်ခဲ့ပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာတော့ ဖြစ်ပေါ်လာတဲ့ မဲမသမာမှုတွေအပေါ်မှာ ဒီညှိနှိုင်းဆွေးနွေးအဖြေရှာခြင်းနည်းလမ်းဆိုတာ ပျောက်ဆုံးခဲ့ရပါတယ်။

ကျွန်တော်တို့က စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးကို အာမခံပါတယ်။ အဓိကကတော့ သတ်မှတ်ထားတဲ့ကာလအတွင်း ရွေးကောက်ပွဲဆိုင်ရာ ပြင်ဆင်ရမယ့် လုပ်ငန်းအားလုံး အဆင်ပြေချောမွေ့စွာ ပြီးစီးရေးပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ဥပဒေနဲ့အညီ ဆက်လက်လုပ်ဆောင်နိုင်ဖို့ ဆောင်ရွက်ခဲ့ပါတယ်။ ကြိုးစားခဲ့ပါတယ်။ NLD ပါတီဝင်အစွန်းရောက်တွေနဲ့ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်တွေအနေနဲ့ ဥပဒေနဲ့အညီ သွားဖို့၊ ဖြေရှင်းဖို့မလုပ်ဆောင်ခဲ့ဘဲ အကြမ်းဖက်နည်းလမ်းကိုသာ ရွေးချယ်ခဲ့တာ ဖြစ်ပါတယ်။ မင်းမဲ့စရိုက်တွေဖြစ်လာအောင်၊ လက်နက်ကိုင်ပုန်ကန်မှုတွေဖြစ်လာအောင် လှုံ့ဆော်ခဲ့ပါတယ်။ လုပ်ဆောင်ခဲ့ပါတယ်။ သူတို့ကိုမထောက်ခံတဲ့ အမြင်မတူသူအားလုံးကို "ငါနဲ့မတူဉာဏ်ရန်သူ" သဘောထားနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒါတွေကို ပြန်လည်တည်ငြိမ်မှုရရှိအောင် ကျွန်တော်တို့ အားလုံး ညီညီညွတ်ညွတ်စုပေါင်းဆောင်ရွက်ကြရပါမယ်။ အစိုးရရဲ့အုပ်ချုပ်မှု ယန္တရားကစပြီး ပြည်သူလူထုရဲ့ နေ့စဉ်လူနေမှုဘဝ၊ လူမှုစီးပွားဘဝကို Social Bullying၊ ဖီဆန်ပုန်ကန်ရေးလှုပ်ရှားမှု(CDM) စတာတွေနဲ့ ယိုယွင်းပျက်စီးအောင် ဆက်လက်လုပ်ဆောင်နေတာတွေ၊ အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေတာတွေကို ကျွန်တော်တို့စုပေါင်းအင်အားနဲ့ ဟန့်တားကာကွယ်ရပါမယ်။

နိုင်ငံရေး၊ လူမှုရေးနဲ့ စီးပွားရေးနယ်ပယ်အသီးသီးမှာ မတည်မငြိမ်ဖြစ်အောင်၊ ပျက်စီးယိုယွင်းအောင် လုပ်ဆောင်နေတာ ဖြစ်ပါတယ်။ အစိုးရပြုတ်ကျရေး၊ တပ်မတော်ပြုကွဲရေးအတွက် ဦးတည်ပြီးလုပ်ဆောင်နေရုံသာမကဘဲ ကျွန်တော်တို့အားလုံး တန်ဖိုးထားရတဲ့ မြန်မာတိုင်းရင်းသားအားလုံးရဲ့ယဉ်ကျေးမှု၊ အစဉ်အလာနဲ့ သမိုင်းကြောင်းတွေကိုပါ အခြေအမြစ်ကစပြီး ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးနေတာဖြစ်ပါတယ်။ ဒါကို အထူးသတိရှိရှိ၊ အသိရှိရှိ မြင်တွေ့နိုင်ဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ဗုဒ္ဓဘာသာအဓိကကိုးကွယ်တဲ့နိုင်ငံ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၅ နှစ်အတွင်းမှာ ဗုဒ္ဓဘာသာဝင်တွေအတွက် စိတ်အားညှိုးငယ်ဖွယ်ရာများနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့တာဝန်ယူပြီးချိန်ကစပြီး အခြေခံဥပဒေပြဋ္ဌာန်းချက်များနဲ့အညီ သက်ဝင်ယုံကြည်မှုမပျက်စေရန် ကျွန်တော်အလေးထားဆောင်ရွက်ပေးခဲ့ပါတယ်။ ဒီနေရာမှာ နိုင်ငံတော်တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုလိုလားကြတဲ့ တိုင်းချစ်၊ ပြည်ချစ်၊ နိုင်ငံချစ်၊ ပြည်သူလူထုကိုချစ်တဲ့ ပြည်သူတွေရဲ့ အင်အားသည်သာ အဓိကဖြစ်ပါတယ်။ စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကိုကျင့်သုံးတဲ့ နိုင်ငံတော်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်၊ မြန်မာရဲ့အနာဂတ်ကို မြန်မာတိုင်းရင်းသားပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ တည်ဆောက်နိုင်တဲ့ နိုင်ငံတော်ကိုရိုးသားတဲ့နိုင်ငံရေးနဲ့ ကျွန်တော်တို့ တည်ဆောက်ကြပါမယ်။ တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ပေးကြဖို့ ကျွန်တော့်အနေနဲ့ လေးလေးနက်နက် မေတ္တာရပ်ခံအပ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခဖြေရှင်းနိုင်ဖို့ ကျွန်တော်တို့တွေ့ဆုံဆွေးနွေးမှုအရ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement –NCA) ချုပ်ဆိုခဲ့ကြပြီး ဖြစ်ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုအပေါ်မှာ အဓိကအခြေခံဆွေးနွေးပြီး စာချုပ်ချုပ်

ဆိုခဲ့တာပါ။ တပ်မတော်အနေနဲ့ ဒီစာချုပ်လက်မှတ်ရေးထိုးထားတဲ့အတိုင်း ခိုင်မာစွာရပ်တည်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ငြိမ်းချမ်းစွာတည်ထောင်သွားဖို့ ကျွန်တော်ပြောလိုပါတယ်။ အကြမ်းဖက်အဖွဲ့လို့ကြေညာထားတဲ့အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းမဆို တွေ့ဆုံဆွေးနွေးဖို့ ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ဒီနေရာမှာ အာဆီယံနဲ့ ဆက်ဆံဆောင်ရွက်တဲ့အခြေအနေကို ပြောလိုပါတယ်။ ဇူလိုင် ၂၄ ရက်နေ့ကပြုလုပ်တဲ့ အာဆီယံထိပ်သီးအစည်းအဝေး ကျွန်တော် တက်ရောက်ခဲ့ပြီး သဘောတူညီချက် ၅ ရပ် ချမှတ်ခဲ့ပါတယ်။ ဒီထဲကလုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာများကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။ အာဆီယံရဲ့အထူးကိုယ်စားလှယ်အဖြစ်ထားရှိဖို့ မူလအဆိုပြုထားတဲ့ ၃ ဦးအနက် ထိုင်းနိုင်ငံ၊ ဒု-နိုင်ငံခြားရေးဝန်ကြီးဟောင်း Mr. Virasakdi Futrakul ကို သဘောတူထားပြီးသားပါ။ သို့သော်အကြောင်းအမျိုးမျိုးနဲ့ အဆိုပြုမှုအသစ်တွေထပ်လာခဲ့လို့ ရှေ့မတိုးနိုင်ဘူးဖြစ်နေတာပါ။ ကျွန်တော့်အနေနဲ့ အာဆီယံအထူးကိုယ်စားလှယ် မြန်မာနိုင်ငံလာရောက်ပြီး တွေ့ဆုံဆွေးနွေးရေးအပါအဝင် အာဆီယံနဲ့ပူးပေါင်းဆောင်ရွက်ရေးကို အာဆီယံမူဘောင်အတွင်းကဆောင်ရွက်ဖို့အသင့်ရှိကြောင်း ပြောလိုပါတယ်။ မကြာမီရက်ပိုင်းအတွင်းမှာ ပြုလုပ်ပြီးခဲ့တဲ့ ရွှေးကောက်ပွဲတွေ့ရှိချက်တွေနဲ့ပတ်သက်ပြီး နိုင်ငံတကာကိုယ်စားလှယ်တွေကို မျက်မြင်ရှင်းပြဖို့ စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျာ

လက်ရှိအခြေအနေမှာ ကျွန်တော်တို့ နိုင်ငံမှာ အခြားကမ္ဘာ့နိုင်ငံအများစုနည်းတူ ကိုဗစ်-၁၉ ကပ်ရောဂါတတိယလှိုင်းကို ခံစားနေရပါတယ်။ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်တွေကို ပြည်သူလူထုနဲ့ပူးပေါင်းပြီး စွမ်းအားကုန်ကျွန်တော်တို့ဆောင်ရွက်လျက် ရှိပါတယ်။ ယခုဖြစ်နေတဲ့ကိုဗစ်-၁၉ ကပ်ရောဂါက ပထမလှိုင်း၊ ဒုတိယလှိုင်းနဲ့မတူပါဘူး။ နေ့စဉ်နေ့တိုင်း ပိုးတွေ့သူအရေအတွက် မြင့်တက်လာသလို ပိုးတွေ့ရှိသူဦးရေ ရာခိုင်နှုန်းနဲ့ သေဆုံးတဲ့ဦးရေလည်း ယခင်ကထက် မြင့်တက်လာပါတယ်။

ဒီလိုအချက်အလက်တွေကိုထောက်ပြပြီး သတင်းမီဒီယာတွေနဲ့ လူမှုကွန်ရက်စာမျက်နှာတွေမှာ ယနေ့ကြုံတွေ့နေရတဲ့ တတိယလှိုင်းနဲ့ ယခင်ဒုတိယလှိုင်းအခြေအနေတွေကို လွဲမှားစွာချိန်ထိုးနှိုင်းယှဉ်ပြီးပြောဆိုရေးသားနေတာတွေကို တွေ့ရပါတယ်။ အမှန်တကယ်ဖြစ်ပေါ်နေတဲ့ ရောဂါကူးစက်မှုအခြေအနေအရပ်ရပ်ကို ကူးစက်ရောဂါ ဗေဒရှုထောင့်က အရှိတရားနဲ့အနီးစပ်ဆုံးဖြစ်အောင် သုံးသပ်ဖို့လိုပါတယ်။

ဒီရောဂါပိုးဟာ အစောပိုင်းမှာ အရှေ့တောင်အာရှနိုင်ငံတွေနဲ့ အာရှနိုင်ငံတွေမှာ ကူးစက်ရောဂါရှုထောင့်အရ ပြင်းထန်တဲ့ သက်ရောက်မှုမရှိခဲ့ဘဲ ပြင်သစ်၊ စပိန်၊ အီတလီကဲ့သို့ ဥရောပနိုင်ငံတွေနဲ့ အမေရိကန်၊ ဘရာဇီးကဲ့သို့ အမေရိကတိုက် တောင်ပိုင်းနဲ့မြောက်ပိုင်းနိုင်ငံတွေမှာ ကိုဗစ်ဒဏ်ကို အလူးအလဲခံခဲ့ရပါတယ်။ ဒါပေမဲ့ပထဝီအနေအထားအရ အလွန်ဝေးလွန်းတဲ့ မြန်မာနိုင်ငံအနေနဲ့တော့ ကိုဗစ်ပထမလှိုင်းရဲ့ အဖျားပင်မရိုက်ခတ်ခဲ့ဘူးလို့ ဆိုနိုင်ပါတယ်။

ဒုတိယလှိုင်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေနဲ့ အတိုင်းအတာတစ်ခုအထိ ရုန်းကန်ခဲ့ရပါတယ်။ သို့သော် ဒုတိယလှိုင်းမှာဖြစ်ပွားတဲ့ မျိုးကွဲတွေက အခုဖြစ်ပွားနေတဲ့ မျိုးကွဲတွေလောက် ကူးစက်မှုနှုန်းမမြန်ဆန်တာ တွေ့ရမှာဖြစ်ပါတယ်။ ယခု တတိယလှိုင်းမှာကတော့ မိမိတို့အိမ်နီးချင်းနိုင်ငံတွေမှာ အကြီးအကျယ်ကူးစက်မှုနှုန်းမြင့်မားခဲ့ပြီး ဒေသတွင်းနိုင်ငံတွေမှာဆိုရင် ကိုဗစ်-၁၉ တတိယလှိုင်းဒဏ် ပြင်းပြင်းထန်ထန် ခံစားနေရဆဲဖြစ်တာ တွေ့ရမှာဖြစ်ပါတယ်။ အဓိကအချက်တစ်ခုအနေနဲ့ကတော့ ကူးစက်မြန် ဗီဇပြောင်းမျိုးကွဲတွေပေါ်ထွက်လာခြင်းပဲ ဖြစ်ပါတယ်။ အခုတွေ့ရှိမှုအများဆုံးဖြစ်နေတဲ့ Delta မျိုးကွဲဟာဆိုရင် ကူးစက်မှုအားအနေနဲ့ ယခင်မျိုးကွဲတွေထက် ၆၀ ရာခိုင်နှုန်းခန့် ပိုမိုမြန်ဆန်လာတယ်လို့ သိရှိရပါတယ်။ စတင်တွေ့ရှိခဲ့တဲ့ ကိုဗစ်ရောဂါပိုးဟာပွားများနိုင်မှု (Reproduction number) (R0) ဂဏန်းအားဖြင့် ၂ ဒသမ ၄ မှ ၂ ဒသမ ၆ အတွင်းသာရှိပေမယ့် Alpha နှင့် Delta မျိုးကွဲသစ်တွေရဲ့ (R0) ဂဏန်းသည် ၄ မှ ၅ နှင့် ၅ မှ ၈ အသီးသီးရှိတယ်လို့ သိရှိရပါတယ်။ (ဆိုလိုတာကတော့ တကယ်လို့ (R0) ဂဏန်းက ၂ ဖြစ်တယ်ဆိုရင် ရောဂါပိုးရဲ့ကူးစက်ပြန့်ပွားနှုန်းဟာ လူ ၁ ဦးမှ ၂ ဦး၊ ၂ ဦးမှ ၄ ဦး၊ ၄ ဦးမှ ၈ ဦး၊ ၈ ဦးမှ ၁၆ ဦး စသဖြင့် (R0) ဂဏန်းအတိုင်း ဆတိုးကူးစက်သွားတာဖြစ်ပါတယ်။)

အခု တတိယလှိုင်းမှာ မြန်မာနိုင်ငံမှာတွေ့ရှိရတဲ့ မျိုးကွဲတွေကတော့ အဓိကအားဖြင့် စိုးရိမ်ဖွယ်မျိုးကွဲ အုပ်စုတွေလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ Alpha, Beta နှင့် Delta မျိုးကွဲတွေ ဖြစ်နေတာတွေ့ရပါတယ်။ အခုတတိယလှိုင်းမှာဖြစ်ပွားတဲ့ မျိုးကွဲသစ်တွေရဲ့ ပွားများနိုင်မှု (R0) ကိုကြည့်ခြင်းအားဖြင့် ဒုတိယလှိုင်းမှာ ဖြစ်ပွားတဲ့မျိုးကွဲတွေထက် ဘယ်လောက်ထိပိုမိုကူးစက်နှုန်းမြန်မယ်ဆိုတာကို ခန့်မှန်းကြည့်နိုင်ပါတယ်။ အနည်းဆုံး (R0) ဂဏန်း ၄ ရှိတဲ့အတွက် ရောဂါပိုးရဲ့ကူးစက်ပြန့်ပွားနှုန်းဟာ လူ ၁ ဦးမှ ၄ ဦး၊ ၄ ဦးမှ ၁၆ ဦး၊ ၁၆ ဦးမှ ၆၄ ဦး စသဖြင့် ကူးစက်သွားတာဖြစ်ပါတယ်။ (R0) ဂဏန်း ၈ ဆိုရင်တော့ ၁ ဦးမှ ၈ ဦး၊ ၈ ဦးမှ ၆၄ ဦး၊ ၆၄ ဦးမှ ၅၁၂ ဦး ဆတိုးကူးစက်သွားနိုင်မှာ ဖြစ်ပါတယ်။ အခုလို အိမ်နီးချင်းနဲ့ ဒေသတွင်းနိုင်ငံတွေမှာ ကျယ်ပြန့်စွာဖြစ်ပွားနေခြင်းနဲ့ ဖြစ်ပွားနေတဲ့ မျိုးကွဲတွေရဲ့ကူးစက်မှုနှုန်း အလွန်မြန်ဆန်နေခြင်းတို့က ပထမလှိုင်း၊ ဒုတိယလှိုင်းတွေနဲ့ မတူညီဘဲ ကျွန်တော်တို့မြန်မာနိုင်ငံအတွက် ကြီးမားတဲ့စိန်ခေါ်မှုဖြစ်ပေါ်စေပါတယ်။

အခုလို ကူးစက်မှုနှုန်းမြင့်မားနေတဲ့အချိန်မှာ ပြည်သူတွေအတွက် ကျန်းမာရေးစောင့်ရှောက်မှုကို အထိရောက်ဆုံးပေးနိုင်တဲ့ ပြည်သူ့ဆေးရုံတွေမှာ လူသားအရင်းအမြစ်ပြဿနာနဲ့ ရင်ဆိုင်နေရပါတယ်။ ဒီလိုဖြစ်အောင်လည်း မဲမသမာမှုကြောင့် ပြဿနာတွေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ NLD အစွန်းရောက်တွေနဲ့ အဲဒီပါတီကိုထောက်ခံသူ အစွန်းရောက်တွေက ကျန်းမာရေးဝန်ထမ်းတွေကို လှုံ့ဆော်ခဲ့တာ ဖြစ်ပါတယ်။ လူ့အဖွဲ့အစည်းအတွင်း ဒီလို ကူးစက်မှုမြင့်တက်နေချိန်မှာ ရောဂါပိုးစစ်ဆေး အတည်ပြုရေးနဲ့ ကုသရေးတွေမှာ လူနာနဲ့ကျန်းမာရေးဝန်ထမ်းအင်အားအဆမတန်မညီမျှမှုက မြန်မာနိုင်ငံအတွက် ကိုဗစ်တတိယလှိုင်းရဲ့ ကြီးမားတဲ့ စိန်ခေါ်မှုပင်ဖြစ်ပါတယ်။ ဒီလိုစိန်ခေါ်မှုတွေကြားက ကိုဗစ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးမှာ ရေ့တန်းကျကျ ပါဝင်ဆောင်ရွက်နေကြတဲ့ တာဝန်သိကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်း (Volunteer) များ၊ လူမှုအဖွဲ့အစည်းများနဲ့ အလှူရှင်များကို အထူးပင်ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်းမှာပဲ မသမာသူများရဲ့လှုံ့ဆော်မှုကြောင့် CDM မှာပါဝင်သွားကြတဲ့ ကျန်းမာရေးဝန်ထမ်းများအနေနဲ့ ဆူပူလှုပ်ရှားမှုနဲ့ လှုံ့ဆော်မှုများမှာ ဦးစီးဦးဆောင်ပါဝင်ခဲ့သူများမဟုတ်ရင် ပုဒ်မ ၅၀၅ နဲ့ ပတ်သက်လို့ ဖြေလျှော့ပေးမှာ ဖြစ်ကြောင်းပြောခဲ့ပြီး ဖြစ်ပါတယ်။ အခုကိစ္စဟာ နိုင်ငံရေးကိစ္စ မဟုတ်ပါဘူး။ လူမှုရေးကိစ္စ၊ လူ့အသက်နဲ့ဆိုင်တဲ့ကိစ္စဖြစ်ပါတယ်။

စိန်ခေါ်မှုတွေ ဘယ်လိုပဲရှိနေပါစေ ကျွန်တော့်အနေနဲ့ အခက်အခဲအတားအဆီးအမျိုးမျိုးကြားက ပြည်သူလူထု ရင်ဆိုင်ကြုံတွေ့နေရတဲ့ ကိုဗစ်-၁၉ တတိယလှိုင်းကို ကျော်ဖြတ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ယခုလို တတိယလှိုင်းစတင်တဲ့အခါ ရှေ့လှိုင်းတွေမှာ အတွေ့အကြုံရှိထားတာက အားသာချက်ဟုဆိုရမှာ ဖြစ်ပါတယ်။ အနည်းဆုံးတော့ ရောဂါပိုးရဲ့ကူးစက်ပုံကို သိရှိထားပြီး ဖြစ်ပါတယ်။ ကာကွယ်ထိန်းချုပ်ကုသနည်းတွေကိုလည်း အကျွမ်းဝင်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကာကွယ်ဆေးထိုးနှံမှုကိုလည်း ရာခိုင်နှုန်းတစ်ခုအထိ ဆောင်ရွက်ထားနိုင်တဲ့အတွက် ကူးစက်မှုအရှိန်ကို အထိုက်အလျောက် တန့်စေနိုင်ခဲ့ပါတယ်။ အခုလို သဘာဝဘေးနဲ့ပတ်သက်ပြီးတော့ အစိုးရယန္တရားက ဟိုယခင်ကလို ထိန်းချုပ်ကန့်သတ်မှုနဲ့ ဗဟိုချုပ်ကိုင်မှုတွေမရှိတော့ဘဲ သက်ဆိုင်ရာဒေသအလိုက် အဆင့်ဆင့်သော အစိုးရဌာနအဖွဲ့အစည်းအသီးသီးကို လွတ်လပ်စွာလုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားတဲ့အတွက် တုံ့ပြန်ဆောင်ရွက်မှုတွေ မြန်ဆန်လာတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် ယခင်က Mask ၅ သန်းကို သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကို ဖြန့်ဝေဖို့အတွက် အချိန်တော်တော်ကြာကြာယူခဲ့ရပေမယ့်ယခုကျတော့ တပ်မတော်လေယာဉ်တွေကိုအသုံးပြုပြီး Mask ၁၂ သန်းကို ချက်ချင်းဖြန့်ဝေနိုင်ခဲ့ပါတယ်။ အခုလည်း လစဉ် ၁၂ သန်း ဖြန့်ဝေသွားပါမယ်။ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကိုဗစ်ကုသရေးမှာလိုအပ်တဲ့ Oxygen Concentrator တွေ၊ Liquid Oxygen အပါအဝင် ဆေးနဲ့ဆေးပစ္စည်းတွေ တင်သွင်းမှုအတွက် FDA ထောက်ခံချက်နဲ့ သွင်းကုန်လိုင်စင်လျှော့ထားဖို့ မလိုတဲ့အပြင် အခွန်တွေကို ဖြေလျှော့ခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ ကူးစက်မှုကွင်းဆက် ဖြတ်တောက်နိုင်ဖို့အတွက်

ကန့်သတ်တားမြစ်မှု(community restriction)တွေ သတ်မှတ်ဆောင်ရွက်ရသလို တစ်ဖက်မှာလည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကာလရှည်နိုင်ငံစီးပွားရေး နစ်နာခဲ့ရမှုတွေနဲ့ ပြည်သူတွေရဲ့လူမှုစီးပွားဘဝတွေ ပြန်လည်ဦးမော့လာအောင်ချိန်ဆပြီး လုပ်ဆောင်နေရတာလည်း ရှိနေပါတယ်။

စောစောစစ်၊ စောစောတွေ့၊ စောစောခွဲထုတ်နိုင်ခြင်းက ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေးအတွက်ရော၊ လူနာတွေအတွက်ပါ လုပ်ဆောင်ရမယ့် အချက် ဖြစ်ပါတယ်။ ပိုးတွေ့လူနာတွေကို သူတို့ရဲ့ ရောဂါလက္ခဏာတွေအရ သင့်တော်မယ့် ကိုဗစ်-၁၉ ကုသမှုစင်တာတွေကို လွှဲပြောင်းကုသမှုပေးနိုင်ဖို့ အချိန်နဲ့တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်ထားရှိပါတယ်။ ပြည်သူလူထုအနေနဲ့လည်း ရောဂါကူးစက်ခံရမှု သံသယရှိတယ်ဆိုရင် နေအိမ်မှာဆေးမြီးတိုနဲ့ကျိတ်ပြီးကုသခြင်းမပြုဘဲ နီးစပ်ရာဒေသန္တရကျန်းမာရေးဌာနတွေကို သွားရောက်စစ်ဆေးမှုခံယူပြီး အဲဒီနေရာတွေကတစ်ဆင့် သင့်တော်တဲ့ ကိုဗစ်ကုသမှုစင်တာတွေကို ဆက်လက်လွှဲပြောင်းပေးမှာဖြစ်လို့ ပြည်သူတွေအနေနဲ့ မှန်မှန်ကန်ကန် သတင်းပို့ဆောင်ရွက်သွားစေလိုပါတယ်။ တပ်မတော်အနေနဲ့ ကိုဗစ်-၁၉ လူနာ လက်ခံကုသဖို့နေရာ ၁၂၇၈ ခုမှာ လူဦးရေ ၃၉၀၀၀ ဦး လက်ခံကုသနိုင်ဖို့ ပြင်ဆင်ထားရှိသလို အရပ်ဘက်အနေနဲ့လည်း ၁၄၅၃ နေရာမှာ လူဦးရေ ၇၁၅၀၀ ဦး လက်ခံနိုင်ဖို့ပြင်ဆင်ထားရှိပြီးဖြစ်ပါတယ်။ Community COVID Positive Center တွေကို လိုအပ်ချက်ရှိသလောက် တိုးချဲ့ဖွင့်လှစ်နိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။

အောက်ဆီဂျင်ကတော့ ကိုဗစ်-၁၉ ကုသဖို့အတွက် မရှိမဖြစ်အရေးကြီးပါတယ်။ အောက်ဆီဂျင်သုံးစွဲရာမှာလည်း ဆရာဝန်တွေရဲ့ ညွှန်ကြားချက်နဲ့အညီသာ သုံးစွဲရပါတယ်။ ဒါကိုလည်း အချိန်မီဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံတော်အစိုးရအနေနဲ့ ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ အောက်ဆီဂျင်စက်ရုံတွေ၊ တပ်မတော်ဆေးရုံတွေ၊ အရပ်ဘက်ဆေးရုံတွေမှာရှိတဲ့ အောက်ဆီဂျင်စက်ရုံတွေ၊ ပုဂ္ဂလိကအောက်ဆီဂျင်စက်ရုံတွေမှာ အောက်ဆီဂျင်ထုတ်လုပ်မှုကို စဉ်ဆက်မပြတ် monitor ပြုလုပ်ပြီး အမှန်တကယ်လိုအပ်နေတဲ့ ဆေးရုံ/ကုသမှုစင်တာတွေကို ဖြန့်ဖြူးပေးနိုင်ဖို့ အလေးထားဆောင်ရွက်ပေးလျက် ရှိပါတယ်။ အကန့်အသတ်ရှိလာသလို အသုံးများလာတဲ့အနေအထားမှာ ထိထိရောက်ရောက်ဖြစ်အောင် စီမံခန့်ခွဲပေးနိုင်ဖို့ ဆောင်ရွက်လျက် ရှိပါတယ်။ ထပ်မံပြီးတော့ အောက်ဆီဂျင်ကို အချိန်တိုအတွင်း များများနဲ့အရည်အသွေးမီမီ ထုတ်လုပ်နိုင်ဖို့အတွက် liquid oxygen ထုတ်လုပ်နိုင်အောင် ဆောင်ရွက်လျက် ရှိပါတယ်။ liquid oxygen ကို ရန်ကုန်၊ မန္တလေးစတဲ့ ကိုဗစ်-၁၉ ဖြစ်ပွားမှု မြင့်မားနိုင်တဲ့နေရာတွေမှာ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး လုပ်ဆောင်လျက်ရှိပါတယ်။ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ တပ်မတော်ဆေးရုံများနဲ့ နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများမှာ တိုးချဲ့တပ်ဆင်လျက်ရှိရာ ယခုနှစ်စက်တင်ဘာလအတွင်းမှာ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများရဲ့ အောက်ဆီဂျင်လိုအပ်ချက်တွေကို ပြည့်ဝစွာ ဖြည့်ဆည်းပေးသွားနိုင်မှာ ဖြစ်ပါတယ်။

ကူးစက်မှုကာကွယ်ရေးနဲ့ ပြန့်ပွားမှုနှုန်းလျော့ကျဖို့အတွက် ပြည်သူတွေအနေနဲ့ ကိုဗစ်ကာကွယ်ဆေးတွေကို အကြိမ်ရေပြည့်အောင် စနစ်တကျထိုးနှံဖို့လည်း လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၂၁ ခုနှစ် ဧန်နဝါရီလ ၂၇ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၂၁ ရက်အထိ ပြည်နယ်နဲ့တိုင်းဒေသကြီးအားလုံးမှာ ကာကွယ်ဆေးထိုးနှံပေးခဲ့တဲ့အခါမှာ လူဦးရေ ၁၈၂၅၆၄၂ ဦး(တစ်သန်း ရှစ်သိန်းကျော်) (ဦးတည်လူဦးရေရဲ့ ၆ ဒသမ ၀၈ ရာခိုင်နှုန်း) ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ဆက်လက်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတွေကို များများနဲ့မြန်မြန် ထိုးနှံပေးနိုင်အောင်လည်း စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ အစိုးရအနေနဲ့ ကာကွယ်ဆေးတွေ ရရှိဖို့အတွက် ဆက်လက်ညှိနှိုင်းဝယ်ယူဖို့ ဆောင်ရွက်လျက်ရှိသလို တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝယ်ယူထားတဲ့ ကာကွယ်ဆေးအရေအတွက် ၄ သန်းအနက် အခု ဇူလိုင်လစတုတ္ထပတ်မှာ ၃ သန်းရောက်ရှိခဲ့ပြီးဖြစ်သလို ဆေးထိုးလုပ်ငန်းများ အမြန်ဆောင်ရွက်နေပါတယ်။ နောက်ထပ်ကာကွယ်ဆေး ၃ သန်းကလည်း ဩဂုတ်လအတွင်း ရောက်ရှိလာမှာဖြစ်လို့ ရရှိလာမယ့်ကာကွယ်ဆေးများကို ဦးတည်အုပ်စုတွေနဲ့ ဦးစားပေးအစီအစဉ်အလိုက် စနစ်တကျထိုးနှံပေးနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါတယ်။ ဒါ့အပြင် ရုရှားနိုင်ငံကဝယ်ယူထားတဲ့

ကာကွယ်ဆေး ၂ သန်းဟာလည်း အသုတ်လိုက်ရောက်ရှိလာမှာဖြစ်ပါတယ်။ အိန္ဒိယနိုင်ငံမှ ရရှိရန်ကျန်ရှိနေတဲ့ ကာကွယ်ဆေးများရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း ပြောလိုပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံရဲ့ ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းတွေမှာ ပူးပေါင်းဆောင်ရွက်နေကြတဲ့နိုင်ငံတွေ၊ အဖွဲ့အစည်းတွေကို လည်း အထူးကျေးဇူးတင်ပါကြောင်းနဲ့ မိတ်ဆွေနိုင်ငံတွေ၊ အဖွဲ့အစည်းတွေ အားလုံးကို ဆက်လက်ပူးပေါင်းဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်။ မြန်မာပြည်တွင်းမှာပဲ ကာကွယ်ဆေးထုတ်လုပ်နိုင်ဖို့ စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီနှစ်ကုန်ပိုင်းမှာဆိုရင် တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ကာကွယ်ဆေးလွှမ်းခြုံမှု ၅၀ ရာခိုင်နှုန်းရှိမယ်လို့ ခန့်မှန်းထားပါတယ်။ ကိုဗစ်-၁၉ ကူးစက်မှုဟာ ကမ္ဘာ့ဒေသအသီးသီးမှာ ကြီးမားကျယ်ပြန့်စွာဖြစ်နေတဲ့အတွက် ကာကွယ်ရေးနဲ့ကုသဆေးများရရှိရေးကိုလည်း နိုင်ငံတိုင်းက ကြိုးစားနေရပါတယ်။ ဒါ့ကြောင့် ပြည်သူတွေအနေနဲ့ မိမိမြို့နယ်၊ ဒေသအတွင်း အခုလိုကာကွယ်ဆေးထိုးနှံခြင်းတွေဆောင်ရွက်နေချိန်မှာ ကျန်းမာရေးအသိရှိရှိနဲ့ သွားရောက်ထိုးနှံကြဖို့လည်း အသိပေးလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျာ -

ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ကုသရေးနဲ့ပတ်သက်တဲ့ အလေးထားမှုနဲ့ ပူးပေါင်းပါဝင်မှုတွေလျော့နည်းလာခြင်းရဲ့ အဓိကအကြောင်းအရင်းတွေထဲမှာ လူမှုကွန်ရက်ကတစ်ဆင့် မဟုတ်မမှန်တဲ့ အဖျက်အမှောင့်သတင်းတွေ ရေးသားဖြန့်ဝေခြင်းကလည်း တစ်ခုအပါအဝင်ဖြစ်ပါတယ်။ စျေးကွက်အတွင်း ကျန်းမာရေးအထောက်အကူပြုပစ္စည်းတွေ စျေးနှုန်းမြင့်တက်လာစေဖို့နဲ့ ပြည်သူလူထုကြား စိုးရိမ်မှုကြီးထွားစေဖို့ရည်ရွယ်ချက်နဲ့ လူမှုကွန်ရက်ပေါ်မှာ ရုံးစာအတုတွေ ရေးသားဖြန့်ချိနေသလို ဆေးရုံတွေက လူနာတွေကိုလက်မခံဘဲ နှင်ထုတ်နေတယ်၊ အောက်ဆီဂျင်တွေကို ထပ်မံတင်သွင်းခြင်းမပြုဖို့ အစိုးရကပိတ်ပင်လိုက်တယ်၊ အသစ်ရောက်တဲ့ကာကွယ်ဆေးတွေကို ကမ္ဘာကအသိအမှတ်မပြုဘူး၊ ထိုးရင် အန္တရာယ်ရှိနိုင်တယ်စသဖြင့် မဟုတ်မမှန်တဲ့ သတင်းတွေကို ရေးသားဖြန့်ဝေနေတာကိုတွေ့ပါတယ်။ တစ်ကျော့ပြန် ကူးစက်မှုတွေမြင့်တက်လာချိန်မှာ ကာကွယ်ဆေးထိုးခြင်း၊ လူထူထပ်တဲ့နေရာတွေ သွားရောက်တာကို တတ်နိုင်သမျှရှောင်ကြဉ်ခြင်း၊ တစ်ဦးချင်းခပ်ခွာခွာနေထိုင်ခြင်း၊ Mask နဲ့ Face Shield တွေတပ်ဆင်ခြင်း၊ လက်ကိုမကြာခဏ ဆေးကြောခြင်းတွေကို အရှိန်တိုးမြှင့်လုပ်ဆောင်ရမယ့်အစား ကျန်းမာရေးဝန်ကြီးဌာနကထုတ်ပြန်တဲ့ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာလမ်းညွှန်ချက်တွေနဲ့ ကိုဗစ်ရောဂါစည်းကမ်းချက်တွေကို မလိုက်နာကြဖို့၊ ကာကွယ်ဆေးမထိုးကြဖို့နဲ့ လူထုကြားမှာ အမျိုးမျိုးသောစုဝေးမှုတွေဖြစ်ပေါ်လာအောင် ဆင်ခြင်တုံကင်းမဲ့စွာ၊ အကြံပက်စက်စွာ စည်းရုံးလှုံ့ဆော်နေမှုတွေက ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ရိုက်ခြိမ်းခြောက်တာဖြစ်သလို ကိုဗစ်-၁၉ ရောဂါကို လက်နက်သဖွယ်အသုံးပြုလာတဲ့ ဇီဝအကြမ်းဖက်တဲ့ Bioterrorism သဘောတရားပင် ဖြစ်ပါတယ်။ ဒီနည်းနဲ့ မိမိတို့ရဲ့နိုင်ငံရေးလိုဘကို ဖြည့်ဆည်းခြင်းဟာ ဘာသာရေးအရဆိုရင်လည်း အင်မတန်အကျည်းတန်တဲ့လုပ်ရပ်ပဲ ဖြစ်ပါတယ်။ ကျန်းမာရေးပြဿနာတွေကနေတစ်ဆင့် နိုင်ငံအတွင်း မတည်ငြိမ်မှုတွေ ဖြစ်ပေါ်အောင်လမ်းကြောင်းပေးလှုံ့ဆော်နေတာဖြစ်တဲ့အတွက်လူမှုကွန်ရက်ပေါ်က အဖျက်အမှောင့်လုပ်ရပ်တွေကို ထိန်းချုပ်ဖို့ဆိုတာကလည်း ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုပဲ ဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း နိုင်ငံအနှံ့ဖြစ်ပွားခဲ့တဲ့ ဆူပူဆန္ဒပြမှုများဟာ သာမန်ဆန္ဒပြရာကတစ်ဆင့် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်ဆန္ဒပြမှုကနေလက်နက်ကိုင် တိုက်ခိုက်လာတဲ့အထိ ဖြစ်လာခဲ့ပါတယ်။ အပြစ်မဲ့ပြည်သူများကို အလစ်ချောင်းမြောင်း သတ်ဖြတ်မှုတွေပြုလုပ်ခဲ့ပါတယ်။ ဘာလို့ ပြည်သူကိုသတ်တာပါလဲ။ ဘာကြောင့် အေးချမ်းစွာနေတဲ့ ပြည်သူတွေကို တိုက်ခိုက်တာပါလဲ။ ဒါကို လက်ခံလို့မရပါဘူး။ အကြမ်းဖက်ဆူပူဆန္ဒပြမှုကို သူဥပဒေနဲ့အညီတုံ့ပြန်အရေးယူရမှာက နိုင်ငံတကာ ကျင့်စဉ်အတိုင်းပါပဲ။ သေစေလောက်တဲ့ လက်နက်၊ မိုင်းများ အသုံးပြုတိုက်ခိုက်တာကိုလည်း ပြုလုပ်၍မရအောင် တုံ့ပြန်အရေးယူ ဆောင်ရွက်ရမှာပဲ ဖြစ်ပါတယ်။ ယခုအခါ အနည်းငယ်သော အကြမ်းဖက်တိုက်ခိုက်မှုများမှအပ နိုင်ငံတစ်ဝန်းတည်ငြိမ်မှုရှိနေပြီဖြစ်ပါတယ်။ EAO တွေအတွက် သတ်မှတ်ထားတဲ့နေရာ

များမှအပ ကျန်နေရာများ လုံးဝတည်ငြိမ်အေးချမ်းရေး အတွက် ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဖေဖော်ဝါရီလ ၁ ရက်နေ့နောက်ပိုင်း မြန်မာနိုင်ငံ အနှံ့မှာ ဖြစ်ပေါ်လျက်ရှိတဲ့ အမျိုးမျိုးသောစုဝေးမှုတွေက မြန်နှုန်းမြင့် ဗီဇကွဲကူးစက်မှုကို ပံ့ပိုးပေးနေသလိုဖြစ်နေပါတယ်။ အဲဒီလို လူအများစုဝေးမှုဖြစ်ပေါ်စေဖို့အတွက်လည်း လူမှုကွန်ရက်ကတစ်ဆင့် နည်းလမ်းမျိုးစုံနဲ့ လှုံ့ဆော်မှုတွေ ဆောင်ရွက်နေတာကိုလည်း တွေ့ရပါတယ်။ ကမ္ဘာကြီးဟာ ကပ်ရောဂါအမျိုးမျိုးကို ရှောင်ရှားခင်ကပင် အောင်မြင်စွာဖြတ်ကျော်နိုင်ခဲ့ဖူးပြီး ဖြစ်ပါတယ်။ ပလိပ်ရောဂါ၊ ကျောက်ကြီးရောဂါ စတဲ့ယခင်ဖြစ်ပွားပြီးခဲ့တဲ့ ကမ္ဘာ့ကပ်ရောဂါအမျိုးမျိုးဟာ ယနေ့ခေတ်ဆေးပညာတိုးတက်မှုအခြေအနေတွေမှာ ထိန်းချုပ်ရလွယ်ကူပေမယ့် ကိုဗစ်-၁၉ ရောဂါက အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါဖြစ်တဲ့အတွက် အသက်ရှူတိုင်း၊ ရှူတိုင်း ကူးစက်နိုင်ခြေတွေရှိနေမှာ ဖြစ်ပါတယ်။ လူအများရဲ့ ပူးပေါင်းပါဝင်မှုမရှိဘူးဆိုရင် ကာကွယ်ထိန်းချုပ်ဖို့ဆိုတာ ခက်ခဲမယ့်ရောဂါမျိုးဖြစ်တဲ့အတွက် ဖွံ့ဖြိုးပြီးနဲ့ဖွံ့ဖြိုးဆဲကမ္ဘာ့နိုင်ငံကြီးတွေမှာတောင် ကိုဗစ်-၁၉ ရောဂါကို အသာစီးက ထိန်းချုပ်ကာကွယ်ကုသနိုင်တာ မရှိသေးတာကို တွေ့ရမှာ ဖြစ်ပါတယ်။

ကျန်းမာရေးစနစ် အားကောင်းတဲ့ အမေရိကန်နိုင်ငံက ဆေးရုံတွေမှာတောင် ခုတင်နေရာ မလုံလောက်တာတွေ၊ အသက်ရှူစက်နဲ့ လေသန့်စက် ပြတ်တောက်တာတွေဖြစ်ခဲ့လို့ နောက်ဆုံးမိမိနေအိမ်မှာပဲ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကုသကြရတဲ့အခြေအနေအထိ ရောက်ရှိခဲ့ကြပါတယ်။ အောက်ဆီဂျင်ပြဿနာဆိုတာကလည်း Out break ဖြစ်တဲ့ နိုင်ငံတိုင်း မလွဲမရှောင်သာကြုံတွေ့ရမယ့် အခက်အခဲဖြစ်ပြီး မြန်မာနိုင်ငံရဲ့အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ အိန္ဒိယနဲ့ အင်ဒိုနီးရှားတို့မှာလည်းပဲ အလူးအလဲ ရင်ဆိုင်နေကြရတာကို တွေ့ရှိရပါတယ်။

ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရဟာ ကိုဗစ်ရောဂါထိန်းချုပ်ကာကွယ်ကုသရေးနဲ့ပတ်သက်ပြီး တတ်စွမ်းသမျှဆောင်ရွက်ဖို့ ရှေ့လုပ်ငန်းစဉ် ၅ ရပ်မှာ ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါတယ်။ ကပ်ရောဂါစီမံခန့်ခွဲရေးနဲ့ပတ်သက်တဲ့ လုပ်ထုံးလုပ်နည်းတွေ၊ ကန့်သတ်မှုတွေကို တတ်စွမ်းသမျှ ဖြေလျှော့ပေးထားပြီဖြစ်သလို လိုအပ်တဲ့ပြင်ဆင်မှုတွေကိုလည်း ဆောင်ရွက်လျက် ရှိပါတယ်။ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုကွင်းဆက် ဖြတ်တောက်နိုင်ဖို့အတွက် အများပြည်သူရုံးပိတ်ရက်တွေနဲ့ကိုက်ညီပြီးတော့ ဇူလိုင်လ ၁၇ ရက်မှ သြဂုတ်လ ၁ ရက်နေ့အထိ တစ်ဆက်တစ်စပ်တည်း ရုံးပိတ်ရက်ရှည်အဖြစ်သတ်မှတ်ပြီး ကူးစက်မှုကွင်းဆက်ဖြတ်တောက်နိုင်ဖို့ စီမံဆောင်ရွက်ခဲ့ရာမှာ နိုင်ငံရေးအစွန်းရောက် အဖျက်သမားအချို့မှအပ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့တာဟာ ကျွန်တော်တို့ပြည်သူလူထုရဲ့စွမ်းအား၊ ချီးကျူးဖွယ်ကောင်းတဲ့လုပ်ဆောင်ချက် ဖြစ်ပါတယ်။ ဇူလိုင်လ ၂၃ ရက်နေ့ကစလို့ ဖြစ်ပွားမှုနှုန်းဟာ ၄၀၁သမဂ္ဂ၅ ရာခိုင်နှုန်းကနေ ၂၉ ရက်နေ့မှာ ၃၄၃သမဂ္ဂ၅ ရာခိုင်နှုန်းအထိ ကျဆင်းလာပါတယ်။ ဒါကို ဒီထက်ပိုကျဆင်းရေး ဆောင်ရွက်ဖို့ လိုပါတယ်။ ရောဂါကွင်းဆက်ကို ထိထိရောက်ရောက် ဖြတ်တောက်နိုင်ဖို့ နောက်ထပ်တစ်ပတ် ထပ်မံပြီး ရုံးပိတ်ရက်ရှည်ကြေညာပါမယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း စီးပွားရေးလုပ်ငန်းတွေ၊ ကုန်ထုတ်လုပ်ငန်း တွေ မထိခိုက်စေ ဖို့ဆောင်ရွက်သွားပါမယ်။ ကျွန်တော်တို့ ပြည်သူလူထုနဲ့ အတူရှိနေမယ်။ ပြည်သူလူထုကို စွမ်းအားပြည့်ကာကွယ်ပေးမယ်။ အားလုံးလက်တွဲညီညီ စုပေါင်းဆောင်ရွက်ပေးခြင်းဖြင့် ဒီကပ်ရောဂါကို မြန်မာတွေအောင်နိုင်ရမယ်လို့ လေးနက်စွာ ပြောကြားလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျာ -

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်တာဝန်တွေထမ်းဆောင်ရာမှာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ကမ္ဘာမှာ လူဦးရေသန်း ၇၀၀၀ ခန့်ရှိပြီး စား၊ ရေ၊ ရိက္ခာ လိုအပ်ချက်ဟာ မြင့်မားနေဆဲ ဖြစ်ပါတယ်။ အခုလို ကမ္ဘာ့ကပ်ရောဂါကာလမှာလည်း အခြားဝန်ဆောင်မှုလုပ်ငန်းတွေကို လျှော့ချနိုင်ပေမယ့် စားသောက်ရေးကိစ္စတွေကတော့ ရှိနေ၊ လိုအပ်နေဆဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့အနေနဲ့အသုံးချနိုင်ရမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး၊ မွေးမြူရေးကိုအခြေခံတဲ့ စီးပွားရေးလုပ်ငန်းတွေကို လုပ်ကိုင်နေရတဲ့ ကျေးလက်နေ ပြည်သူလူထု ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ နိုင်ငံပဲဖြစ်ပါတယ်။

ဒါ့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ အထွက်နှုန်းတိုးစေဖို့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ “မျိုး၊ မြေ၊ ရေ၊ နည်း” ဆိုတဲ့ မျိုးကောင်းမျိုးသန့်တွေရရှိဖို့၊ သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာတို့ပေါင်းစပ်ပြီး ကောင်းမွန်တဲ့ စိုက်ပျိုးမြေများ ဖော်ထုတ်ပေးတာတို့၊ စိုက်ပျိုးရေရရှိအောင် ဆောင်ရွက်ပေးတာတို့၊ ကောင်းမွန်တဲ့စိုက်နည်းစနစ်တွေရရှိအောင် ဆောင်ရွက်ပေးတာတွေကို လုပ်ဆောင်ပေးလျက် ရှိပါတယ်။ မွေးမြူရေးလုပ်ငန်းများအနေနဲ့ ကျွန်တော်တို့နိုင်ငံရဲ့ဒေသအများစုမှာ မွေးမြူလို့ရတဲ့ ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး စတဲ့မွေးမြူရေးလုပ်ငန်းတွေကို အားပေးဆောင်ရွက်သွားရပါမယ်။ အရေးကြီးတာက စနစ်ကျနတဲ့ မွေးမြူရေးစနစ်ဖြစ်ဖို့ပါပဲ။ မြစိမ်းရောင် အသားကဏ္ဍမွေးမြူရေးကျေးရွာထူထောင်ခြင်း၊မျိုးကောင်းမျိုးသန့်မွေးမြူရေး တိရစ္ဆာန်များထုတ်လုပ်ခြင်း၊ နိုင်ငံအတွင်း ထွက်ရှိတဲ့ကုန်ကြမ်းများကို အသုံးပြုပြီး မွေးမြူရေးအစာ လုံလောက်စွာထုတ်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရပါမယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေ တိုးချဲ့ဆောင်ရွက်နေပေမယ့် လိုအပ်ချက်တွေရှိနေပါသေးတယ်။ ဥပမာဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ ချည်မျှင်နဲ့အထည်လုပ်ငန်းမှာ နှစ်စဉ်ပြည်ပကတင်သွင်းရတဲ့ ချည်မျှင်နဲ့အထည် ဒေါ်လာ သန်း ၁ ထောင်ကျော်ဖိုးခန့် ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဝါစိုက်ပျိုးနိုင်တဲ့ မြေ၊ ရေ၊ ရာသီဥတုတွေရှိပြီး ဖြစ်ပါတယ်။ လုပ်လည်းလုပ်နိုင်ပါတယ်။ လုပ်လည်းလုပ်ခဲ့ပါတယ်။ ဝတ်ရေးဟာလည်း လူတိုင်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။ ဒါ့ကြောင့် ပြည်တွင်းမှာ ဝါစိုက်ပျိုးထုတ်လုပ်မှု အားပေးရေး၊ ချည်မျှင်နဲ့အထည်လုပ်ငန်းများ အားပေးရပါမယ်။ မြစ်ရေတင်စီမံကိန်းတွေ၊ ဆည်ရေသောက်စီမံကိန်းများ၊ ဝါစိုက်ပျိုးရေးတိုးချဲ့သွားရပါမယ်။ အလားတူ စားအုန်းဆီတင်သွင်းနေရတာတွေ၊ နို့ထွက်ပစ္စည်းတင်သွင်းနေရတာတွေကို ပြည်တွင်းမှာပဲ ဖူလုံအောင်ပြုလုပ်ပြီး ဆောင်ရွက်သွားကြရပါမယ်။ တနင်္သာရီတိုင်းအောက်ပိုင်း မြိတ်၊ ဘုတ်ပြင်း၊ ကော့သောင်းဒေသတွေမှာ ဆီအုန်းအပြည့်အဝတိုးချဲ့စိုက်ပျိုးရေး၊ နှမ်း၊ မြေပဲသာမက မုန်ညင်း၊ နေကြာ၊ ပန်းနှမ်းစတဲ့ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး၊ အထွက်နှုန်းတိုးရေး လုပ်ကြရပါမယ်။ ရာသီဥတုနဲ့ မြေအခြေအနေကောင်းတဲ့နေရာများမှာ နို့စားနွားမွေးမြူရေးများ ဆောင်ရွက်ပြီး နို့ထွက်ပစ္စည်း ပြည်တွင်းမှာလုံလောက်ပြီး ပိုလျှံအောင်ဆောင်ရွက်နိုင်ပါတယ်။ “ပြည်တွင်းဖြစ်ကို အားပေးပါ” ဆိုတဲ့ဆောင်ပုဒ်အတိုင်း ပြည်တွင်းကုန်ထုတ်လုပ်မှုများ၊ ပြည်တွင်းထုတ်ကုန်ပစ္စည်းများကို အားပေးကြဖို့လိုပါတယ်။ ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်ခြင်းဖြင့် အလုပ်အကိုင်အခက်အခဲကြောင့် ပြည်ပသို့ထွက်ခွာအလုပ်လုပ်နေရသူများအတွက် အလုပ်အကိုင်များရရှိစေနိုင်မှာ ဖြစ်ပါတယ်။ စက်သုံးဆီများ သုံးစွဲမှုလျှော့ချနိုင်ရေး၊ အခြားစွမ်းအင်အရင်းအမြစ်များ အသုံးပြုနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေကို အဓိကထားလုပ်ကိုင်နေတဲ့နိုင်ငံဖြစ်ပေမယ့် စိုက်ပျိုးရေးတက္ကသိုလ်တစ်ခုနဲ့ မွေးမြူရေးနဲ့ ဆေးကုသရေးတက္ကသိုလ်တစ်ခုသာရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို နည်းစနစ်တကျ၊ ခေတ်မီအောင်ဆောင်ရွက်နိုင်ဖို့ အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်ပါတယ်။ ဒါ့ကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ စိုက်ပျိုး၊ မွေးမြူရေးကျောင်းတွေကို သိပ်ပံ၊ ကောလိပ်အဆင့်တိုးမြှင့်ဖို့၊ ကျောင်းများဖွင့်လှစ်ပြီး အသိပညာရှင်၊ အတတ်ပညာရှင်နဲ့ ကျွမ်းကျင်သူများ ပေါ်ထွက်လာရေးဆောင်ရွက်လျက်ရှိပါတယ်။ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကို ခေတ်မီစေဖို့၊ စက်မှုအခြေခံစနစ်ကို ပြောင်းလဲနိုင်ဖို့နဲ့အခြားကဏ္ဍတွေမှာလည်း ဖွံ့ဖြိုးတိုးတက်လာစေဖို့ သိပ်ပံနဲ့နည်းပညာကဏ္ဍမှာလည်း မျက်ခြည်မပြတ်ဆောင်ရွက်နိုင်ရေး သိပ်ပံနဲ့နည်းပညာဝန်ကြီးဌာနကို ပြန်လည်ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။

စိုက်ပျိုးရေးအဓိကထားတဲ့အတွက် စိုက်ပျိုးရေးထွက်ကုန်ဈေးကွက်ကလည်း သေချာဖို့လိုပါတယ်။ နယ်စပ်နဲ့ပုံမှန်ကုန်သွယ်မှုလမ်းကြောင်းများမှာ အကြောင်းအမျိုးမျိုးကြောင့် ရောင်းမရတာများဖြစ်ပြီး ပျက်စီးဆုံးရှုံးမှုများနဲ့ နှစ်စဉ်နီးပါးကြုံကြရပါတယ်။ ဒါ့ကြောင့် ခေတ်မီသိုလှောင်ရေးစနစ်၊ တန်ဖိုးမြင့်ထုတ်လုပ်ရေးစနစ်များကြိုးစားလုပ်ဆောင်ရပါမယ်။ ဥပမာ ကြက်သွန်နီဈေးကွက်မှာ ကြက်သွန်နီ ရိုးရိုးပို့ကုန်အပြင် ကြက်သွန်မှုန့်၊ ကြက်သွန်ကြော်၊ ကြက်သွန်နှစ်များ ပြုလုပ်တာမျိုး ဆောင်ရွက်ရပါမယ်။ တောင်သူတွေ စိုက်ပျိုးရေးထုတ်ကုန်၊ မွေးမြူရေး

ထုတ်ကုန်များအတွက် အရှုံးမပေါ်ရလေအောင် ကြိုးစားဆောင်ရွက်ရပါမယ်။ ကျွန်တော်တို့ Agro Base Industry စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်းကို သွားရပါမယ်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနဲ့ ၂၀၁၉ ကြားဖြတ် သန်းခေါင်စာရင်းအရ အသက် ၅ နှစ်နဲ့ အထက် ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ဟာ ကျောင်းမနေဖူးတာကိုတွေ့ရပါ တယ်။ ဒါ့အပြင် အသက် ၂၅ နှစ်နဲ့အထက် အရွယ်ရောက်ပြီးသူများထဲမှာ အလယ်တန်းအဆင့်နဲ့ ၎င်းအဆင့်အောက် ပညာသင်ကြားခဲ့ရသူပေါင်း ၁၈ ဒသမ ၂ သန်း ရှိပါတယ်။ နိုင်ငံ့လူဦးရေရဲ့ ၃ ပုံ ၁ ပုံလောက် ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံရဲ့ပညာရည်မြှင့်တင်ရေး၊ ပြည်သူလူထုရဲ့ပညာရည် မြှင့်တင်ရေးကို ကျွန်တော်တို့ ကြိုးကြိုးစားစား လုပ်ကိုင် ရမှာဖြစ်ကြောင်း ပြနေပါတယ်။

ဒါ့ကြောင့်ပညာရေးနဲ့ပတ်သက်ပြီး အမျိုးသားရေး တာဝန်တစ်ရပ်သဖွယ် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီမိုကရေစီကို ခိုင်မာစေဖို့၊ တိုင်းပြည်တိုးတက်စေဖို့ဆိုရင် ပညာတတ်များစွာ ရှိဖို့လိုပါတယ်။ သိပ္ပံပညာရှင်၊ နည်း ပညာရှင်၊ ဥပဒေပညာရှင်၊ စီးပွားရေးပညာရှင်များ၊ ဆေးပညာရှင်များ မွေးထုတ်ပေးရပါမယ်။ ဒါ့ကြောင့် အဆင့်မြင့်ပညာရေးကို လက်တွေ့ကျကျအားပေးကြဖို့ တိုက်တွန်းလိုပါတယ်။ ပညာရေးကိုအားပေးဖို့လိုပါတယ်။ အခက်အခဲတွေကြားက ပညာရေးခါးဆက်မပြတ်ဖို့ ကျွန်တော်ကြိုးစားပြီး ကျောင်းတွေပြန်ဖွင့်ခဲ့ပါတယ်။ ယခု ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခေတ္တပြန်ပိတ်ထား ရပါတယ်။ ကျောင်းများဖွင့်လှစ်ချိန်က ပညာရေးနဲ့ပတ် သက်ပြီး အလေးထားဆောင်ရွက်ခဲ့ကြတဲ့ဆရာ၊ ဆရာမများ၊ ပညာရေးဝန်ထမ်းများ၊ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများအားလုံးကို အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ပညာသင်ကြားနေသူ လူငယ်လူရွယ် များအားလုံး ကျောင်းပညာကိုသာ အာရုံစိုက်အလေးထား သင်ကြားလေ့လာကြဖို့ တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ အခြေခံနဲ့ပြည်သူအများစု လုပ်ကိုင်နေရတဲ့ စီးပွားရေးလုပ်ငန်းဖြစ်တဲ့ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ လက်တွေ့ကျကျ၊ အစုအဖွဲ့အလိုက် အထောက်အကူပြုနိုင်ဖို့အတွက် သမဝါယမနဲ့ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို အသစ် ဖွဲ့စည်းခဲ့ပါတယ်။ ဒီဝန်ကြီးဌာနအနေနဲ့ ယခင်စနစ်ဟောင်း သမဝါယမစနစ်လို လုပ်ကိုင်ဆောင်ရွက်မှာမဟုတ်ဘဲ ပြည်သူလူထုအနေနဲ့လုပ်ငန်းတူများ၊ အကျိုးတူများ ကိုယ်တိုင်ပါဝင်ဆောင်ရွက်မယ့် ပြည်သူ့အခြေပြုစနစ် သာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများမှာပင်လျှင် ဒီစနစ်ကောင်း၊ သမဝါယမစနစ်ကိုကျင့်သုံးလျက်ရှိပါ တယ်။ ယခုကျွန်တော်တို့နိုင်ငံမှာလည်း စိုက်ပျိုးရေးလုပ် ငန်းတွေကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ စိုက်ပျိုး ထုတ်လုပ်ရေး သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက် လျက်ရှိပြီး ထိရောက်မှု ရှိပါတယ်။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကာလမှာ တစ်ကမ္ဘာ လုံးကုန်ထုတ်လုပ်မှု၊ ဝန်ဆောင်မှုကဏ္ဍတွေမှာ အခက် အခဲတွေရှိကြပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း ရှိနေ ပါတယ်။ အနိမ့်ဆုံးအဆင့်ကတော့ ပြည်သူတွေရဲ့ အခြေခံ စားသောက်ကုန်လုပ်ငန်းတွေ၊ ကျန်းမာရေးဝန်ဆောင်မှု၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ လူမှုဖူလုံရေး ဝန်ဆောင်မှုလုပ်ငန်းတွေမှာတော့ လုံလောက်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကျန်းမာရေးဆိုရာမှာလည်း အားကစား၊ ကြံ့ခိုင်ရေး တို့နဲ့ ဆက်စပ်နေပါတယ်။ အားကစားမြှင့်တင်ခြင်းဟာ နိုင်ငံ့ဂုဏ်ကို တက်စေပါတယ်။ ကာယစွမ်းပကားသာ မက စိတ်ဓာတ်စွမ်းပကားပါ မြှင့်တင်ပေးတာပါ။ ကိုဗစ် ကြောင့် ကန့်သတ်မှုများရှိနေပေမယ့်လည်း အားကစား မြှင့်တင်ရေး မျက်ခြည်မပြတ်ကြည့်ပြီး ဆောင်ရွက်ပေး နေပါတယ်။ ပြည်နယ်နဲ့တိုင်းဒေသအားလုံးမှာ အားကစား ကွင်း၊ အားကစားရုံများ အဆင့်မီမီရှိရေး ဆောင်ရွက်နေ ပါတယ်။ အားကစားမြှင့်တင်မယ်ဆိုလူငယ်တွေရဲ့ အင်အား ဟာ အဓိကကျတဲ့အတွက် လူငယ်နဲ့အားကစားကဏ္ဍ ကို အားပေးဆောင်ရွက်သွားပါမယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော် ကိုတာဝန်ယူခဲ့တာ (၆)လရှိပြီ ဖြစ်ပါတယ်။ ရှေ့လုပ်ငန်း စဉ် အမှတ်(၁)အရလိုအပ်တဲ့စစ်ဆေးမှုများ ဆောင်ရွက် ပြီးဖြစ်လို့ တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်နေပါတယ်။ ဒါ့ကြောင့်ကျန်ရှိနေတဲ့ ရှေ့ လုပ်ငန်းစဉ်များနဲ့ ဦးတည်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်စေဖို့အတွက် ပြည်ထောင်စု အဆင့်၊ ပြည်နယ်နဲ့တိုင်းဒေသကြီးအဆင့် အုပ်ချုပ်ရေး ပိုင်းဆိုင်ရာများ ပြင်ဆင်ဖွဲ့စည်းဆောင်ရွက်သွားဖို့ရှိ

ကြောင်း အသိပေးလိုပါတယ်။

တိုင်းရင်းသားပြည်သူများခင်ဗျာ

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

(၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် အတွက်အာမခံပြီး ဖြစ်ပါတယ်။ အရေးပေါ်ကာလလုပ်ဆောင်ရမယ့် တာဝန်တွေပြီးဆုံးတဲ့အခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပါမယ်။ ကြိုတင်ပြင်ဆင်ရမှာတွေ များစွာရှိပါတယ်။ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းတွေမှာ ဒီမိုကရေစီနဲ့ တိုင်းပြည်အေးချမ်းသာယာရေးလိုလားတဲ့ မိဘပြည်သူအားလုံးက ဝိုင်းဝန်းကူညီပူး ပေါင်းဆောင်ရွက်ပေးကြပါ။

(၂) ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကို ပြည်သူ၊ အစိုးရနဲ့ အဖွဲ့အစည်းအားလုံး ပူးပေါင်းစွမ်းအားနဲ့ ရင်ဆိုင်ကြပါမယ်၊ ကျော်လွှားကြပါမယ်။ ကျွန်တော်တို့ အခက်အခဲတွေပဲရှိပါစေ အောင်မြင်နိုင်ရပါမယ်။ အောင်စိတ်သွင်းပြီး ကျော်လွှားကြပါစို့။

(၃) ကျွန်တော်တို့ရဲ့ အခြေခံစီးပွားလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုး၊ မွေးမြူရေးကဏ္ဍတွေကို တိုးမြှင့်ဆောင်ရွက်လျက် ရှိပါတယ်။ အနည်းဆုံးအဆင့် ကပ်ရောဂါဖြစ်နေတဲ့ အခုလိုကာလမှာ အခြေခံလိုအပ်ချက်တွေ ဖူလုံမှုရှိအောင်ဆောင်ရွက်ပါမယ်။ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာသာရှိပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အားလုံး "အရေးကြီးပြီဖြစ်လို့ သွေးစည်းကြပါစို့" ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး "စုပေါင်းညီညာအောင်ကြောင်းဖြာ" ရပါမယ်ဗျာ..

တိုင်းရင်းသားပြည်သူအားလုံး ကိုယ်စိတ်နှဖြာကျန်းမာရှင်လန်းကြပါစေ။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၂ - ၈ - ၂၀၂၁)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် “ကျွန်တော်တို့ ကိုဗစ်အစည်းအဝေးပြုလုပ်လာတာ ကျွန်တော်ဦးဆောင်ပြီးလုပ်တာတော့ အစည်းအဝေး (၆) ကြိမ်မြောက်ဖြစ်သွားပြီ။ လုပ်ငန်းလည်း တော်တော်လေး အရှိန်အဟုန်နဲ့ လုပ်နိုင်တဲ့အတွက်ကြောင့် ကိုဗစ်နဲ့ပတ်သက်လို့ရှိရင် ကျွန်တော်တို့ အတိုင်းအတာတစ်ခုအထိတော့ ထိန်းထားနိုင်တာတွေ့တယ်။ ပြည်နယ်နှင့်တိုင်းတွေအလိုက် ဆောင်ရွက်နိုင်တာတွေ ကျွန်တော်တို့တွေ့ပါတယ်။ Monitor လည်း တောက်လျှောက်လုပ်နေတာပေါ့။ ကြားထဲမှာလည်း ဒု-တပ်ချုပ်၊ ဒု-ဥက္ကဋ္ဌ ဦးဆောင်တဲ့ ကော်မတီ ကလည်း တောက်လျှောက်ကို အနီးကပ်မှာကြားပေးနေတဲ့အတွက်ကြောင့် နေ့စဉ်နှင့်အမျှပေါ့၊ ဒါတွေအားလုံးကလည်း ဖြေရှင်းဆောင်ရွက်ပေးနေတဲ့အတွက်ကြောင့် အောင်မြင်မှုတွေ၊ အဆင်ပြေမှုတွေလည်း ရှိပါတယ်။ သို့သော် အားလုံးပြီးပြည့်စုံပြီလားဆိုတော့လည်း ပြီးပြည့်စုံပြီတော့ မဟုတ်ဘူး။ ကျွန်တော်တို့ ပြီးခဲ့တဲ့ ဧူလိုင်လကနေစပြီးတော့ ဒုတိယပတ် ပြီးတဲ့အချိန်ကနေစပြီးတော့ ကိုဗစ်နဲ့ပတ်သက်ပြီးထိန်းလိုက်တဲ့အခါမှာ စကြေညာခါစမှာတော့ ဖြစ်နှုန်းတွေတော်တော်လေးများပါတယ်။ သို့သော်လည်းပဲ တဖြည်းဖြည်းကျလာတာ တောက်လျှောက်ကို ဆင်းလာတဲ့အတွက်ကြောင့် ၃၀ ရာခိုင်နှုန်းအထက်လောက်အထိပဲ ရှိတော့တယ်။ ကျွန်တော်ပြီးခဲ့တဲ့ အစည်းအဝေးမှာလည်း ပြောပါတယ်။ ကျဆင်းသွားတယ်ဆိုပြီးတော့ ကျေနပ်နေလို့တော့ မရဘူး။ ဒီထက်ပိုပြီးတော့ကျအောင်၊ ပိုပြီးထိန်းနိုင်အောင်လုပ်ဖို့လိုမယ်။ ဒါကြောင့်အဓိကကတော့ လူပ်ရှားသွားလာမှုတွေ ထိန်းချုပ်ခြင်း ကတော့ နံပါတ်တစ်ဆောင်ရွက်ရလိမ့်မယ်။ ဒုတိယကတော့ ကာကွယ်ဆေးထိုးတာတွေ၊ ရောက်တဲ့ကာကွယ်ဆေးတွေ လျင်လျင်မြန်မြန်ထိုးဖို့လိုလိမ့်မယ်။ ဒါကျွန်တော် ပြောခဲ့ပါတယ်။ အသွားအလာနဲ့ပတ်သက်ပြီးတော့လည်း တောက်လျှောက်ထိန်းလာတဲ့အတွက်ကြောင့် Indicator မှာဖော်ပြချက်ဟာဆိုရင်တော့ တော်တော်လေးကိုကျလာတာ တွေ့ရတယ်။ ဒါကလည်းကောင်းတာပဲပေါ့။ ပြည်သူတွေရဲ့ပူးပေါင်းဆောင်ရွက်မှုကောင်းတဲ့အတွက်ကြောင့် ဒီလိုဖြစ်လာတာ။ ကျွန်တော်အနေနဲ့ ဒီဩဂုတ်လအတွင်းမှာ သိသိသာသာကြီးကို ရှင်းရှင်းပြောရရင်ခေါက်ချိုးလောက်ကိုကျသွားအောင်ကို လုပ်ချင်ပါတယ်။ လက်ရှိဖြစ်နေတဲ့ အခြေအနေကနေ ခေါက်ချိုးလောက်ကျသွားအောင် ဩဂုတ်လအတွင်းမှာကျအောင်ကြိုးစားရမှာ။ လုံးလုံးလျားလျားကျဖို့ဆိုတာတော့ တော်တော်

ခဲယဉ်းပါတယ်။ ဒီရောဂါက ဘယ်လိုမှကို ကင်းစင်သွားမယ့်ရောဂါမဟုတ်ဘူးဆိုပြီးတော့လည်း နိုင်ငံတကာမှာ ဆေးဝါးကျွမ်းကျင်သူတွေအားလုံးက လက်ခံထားတဲ့ ကိစ္စဖြစ်ပါတယ်။ သို့သော်လူတွေရဲ့ ကြိုးစားအားထုတ်မှုနဲ့ ပူးပေါင်းဆောင်ရွက်မှုရှိလို့ရှိရင်တော့ စောစောက ကျွန်တော်တို့မျှော်မှန်းတဲ့ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ပွားနေတဲ့ အခြေအနေရဲ့ ထက်ဝက်ထိကို ကျဆင်းသွားမယ်လို့ ယုံကြည်ပါတယ်။”

ထို့နောက် ကာကွယ်ဆေးများကို အဆက်မပြတ် ရောက်ရှိလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို သတ်မှတ်ချက်များနှင့်အညီ ထိုးနှံပေးရမည်ဖြစ်ကြောင်း၊ ဆေးမထိုးခင်နှင့် ဆေးထိုးပြီးလုပ်ဆောင်ရန် လိုအပ်သည်များ၊ လိုက်နာရန်လိုအပ်သည်များနှင့် ဒုတိယအကြိမ်ထပ်မံထိုးနှံရမည့်ကာလတို့ကို တိကျစွာသိရှိနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးများတင်သွင်းမှာယူခြင်းသာမက မိမိတို့နိုင်ငံတွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက်လည်း လုပ်ဆောင်လျက်ရှိကြောင်း၊ အခြားနိုင်ငံများ၌ သက်ဆိုင်ရာနိုင်ငံအလိုက် တိုင်းရင်းဆေးများကိုလည်း စမ်းသပ်နေသကဲ့သို့ မြန်မာ့တိုင်းရင်းဆေးဘက်ဝင်အပင်များ၊ သစ်ဥ၊ သစ်ဖုများနှင့် တိုင်းရင်းဆေးများကိုလည်း သုတေသနပြုလုပ်စမ်းသပ်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာ့တိုင်းရင်းဆေးပညာရှင်များဖြင့် ပေါင်းစပ်ညှိနှိုင်းတိုင်ပင်၍ စနစ်တကျသုတေသနပြုလုပ်ရမည်ဖြစ်ပြီး ရေရှည်မျှော်တွေး၍ လိုအပ်လာနိုင်သည်မှန်သမျှကို တွက်ချက်လုပ်ဆောင်ကြစေလိုကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်အတွက် သွားလာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကြောင့် ကုန်ဈေးနှုန်း အနည်းငယ်မြင့်မားလာသည်ကို မပြောလိုသော်လည်း အခြေခံစားကုန်များ ဈေးနှုန်းမြင့်တက်မှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်လျက်ရှိရာတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးသည့်လုပ်ငန်းများကို ရုပ်မြင်သံကြားရေဒီယိုတို့မှတစ်ဆင့် အဆက်မပြတ်ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ထိုသို့အသိပညာပေးရာတွင် တိုင်းရင်းသားဘာသာစကားဖြင့် ထုတ်လွှင့်မှုများ၌ ပီပီသသနှင့် ရှင်းလင်းမှုရှိအောင်၊ လွယ်ကူရှင်းလင်းစွာ နားလည်နိုင်အောင် တင်ဆက်ကြရန်လိုကြောင်း၊ ရပ်ကွက်၊ ကျေးရွာများအတွင်း ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများကို ညှိုင်းနှင့် နံနက်အစောပိုင်းတို့တွင် လှည့်လည်နှိုးဆော်ပေးပါက လိုက်နာမှု ပိုမိုအားကောင်းလာနိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ပြန့်ပွားမှုကို အထိုက်အလျောက်ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

> “အဓိကကတော့ ကာကွယ်ဆေးကို မှန်မှန်နဲ့ မြန်မြန်ထိုးပေးနိုင်ဖို့လည်းလိုတယ်။ အဲ့တော့ကျွန်တော်တို့ ဒီနှစ်အကုန်မှာ တိုင်းပြည်လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းမျှော်မှန်းထားတယ်ဆိုတော့ တစ်လကို ၅ သန်းထိုးနိုင်ဖို့လိုတယ်။ တစ်လ ၅ သန်း။ လက်ရှိအခြေအနေကတော့ ၅ သန်းကိုတော့ရတယ်။ သို့သော် နောက်လတွေမှာ စဉ်ဆက်မပြတ်ရဖို့။ ဒါကိုတွက်ဖို့လိုတယ်။ ဘယ်နိုင်ငံရမလဲ။ ခုနက ကျွန်တော်ပြောတဲ့ သုံးနိုင်ငံ၊ Source သုံးခုရှိတယ်။ သေချာတဲ့ Source ကနေပြီးတော့ ကျွန်တော်တို့ စာချုပ်ချုပ်ထားဖို့လိုတယ်။ ဒါနဲ့ ပတ်သက်ပြီးလည်း ငွေလည်းအပြည့်အစုံရှိနေပြီးသားကို။ အဲ့ဒီတော့ ကျန်းမာရေးဝန်ကြီးက သေချာလေးတွက်ချက်ပြီးလုပ်ပေးပါ။”

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကိုဗစ်ရောဂါဖြစ်ပွားမှု အခြေအနေများနှင့် ဇူလိုင်လ တတိယပတ်နှင့် စတုတ္ထပတ်တို့မှစ၍ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို အထိုက်အလျောက်ထိန်းချုပ်ထားနိုင်ပြီး ကူးစက်မှုလျော့ကျလာသည့် အခြေအနေ၊ ကူးစက်ပြန့်ပွားမှုများကို ပိုမိုထိန်းချုပ်နိုင်ရေးရောဂါအခံရှိသူများ၊ နာတာရှည်ရောဂါရှိသူများရှိသည့် နေအိမ်များတွင် နေအိမ်တွင်းနေထိုင်ပါကလည်း Mask တပ်ထားရန်လိုအပ်ကြောင်းကို အကြံပြုတင်ပြလိုသည့်အခြေအနေ၊ ဩဂုတ်လ ၁ ရက်နေ့တစ်နေ့တည်း၌ပင် ကာကွယ်ဆေးတစ်သိန်းကျော် ထိုးနှံပေးနိုင်ခဲ့ပြီး ကာကွယ်ဆေးထိုးနှံမှုများကို အဆက်

မပြတ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိ သည့်အတွက် ယခုနှစ်ကုန်ပိုင်းတွင်မျှော်မှန်းထားသည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်ကို ကာကွယ်ဆေးထိုးနှံပေးနိုင်မည့် အခြေအနေ၊ မိမိတို့နိုင်ငံသို့ အာဆီယံနိုင်ငံများ၊ မိတ်ဆွေနိုင်ငံများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများမှ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများကို လှူဒါန်းလျက်ရှိသည့် အခြေအနေ။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေး ကိုဗစ် – ၁၉ ရန်ပုံငွေမှ သုံးစွဲထားရှိမှုအခြေအနေ၊ လေကြောင်းလိုင်းများ၊ နယ်စပ်ဒေသများ၊ ဆိပ်ကမ်းများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောဂါကာကွယ်ထိန်းချုပ် ကုသရေးဆိုင်ရာ ပစ္စည်းများကိုတင်သွင်းလျက်ရှိသည့် အခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့သို့ ပြည်ပမှ အောက်ဆီဂျင်ဝင်ရောက်လာမှု၊ လိုအပ်သည့်နေရာများသို့ ဖြန့်ခွဲပေးလျက်ရှိမှုအခြေအနေနှင့် ဆက်လက်ဝင်ရောက်လာနိုင်မည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များနှင့်အညီ ထိုးနှံပေးလျက်ရှိသည့်အခြေအနေ၊ တစ်နိုင်ငံလုံးရှိ အကျဉ်းစခန်းများ၌ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိမှုအခြေအနေ၊ ပို့ဆောင်ဆက်သွယ်ရေးနှင့် ပတ်သက်၍ လေကြောင်းလိုင်း၊ ရေကြောင်းလိုင်း၊ မီးရထားနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့ကို ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့်အခြေအနေ၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကိုသတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့်အပြင် အသံချဲ့စက်များအသုံးပြု၍လည်း ကျန်းမာရေးဆိုင်ရာအသိပေးချက်၊ သတိပေးချက်များကို လိုက်လံဆော်သြနှိုးဆော်ပေးလျက်ရှိသည့် အခြေအနေ၊ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ နိုင်ငံပိုင်နှင့် ပုဂ္ဂလိက စက်ရုံ၊ အလုပ်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်နေမှုနှင့် ဖြန့်ဝေပေးလျက်ရှိမှု အခြေအနေ။

ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုအပေါ် လေ့လာသုံးသပ်တွေ့ရှိမှုအခြေအနေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်–၁၉ ရောဂါနှင့် အခြားရောဂါများကြောင့် သေဆုံးမှုရာခိုင်နှုန်းလျော့ကျလာသည့်အခြေအနေ၊ ရောဂါဖြစ်ပွားနေမှုအတွင်းကောလာဟလများ၊ သတင်းမှားများ ထုတ်လွှင့်နေမှုအခြေအနေ၊ ရောဂါကာကွယ် ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများ တင်သွင်းဆောင်ရွက်နေမှု၊ နိုင်ငံပိုင်၊ တပ်မတော်ပိုင်နှင့် ပုဂ္ဂလိက ကုမ္ပဏီများမှလည်း ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် အခြေခံအိမ်သုံးဆေးဝါးများထုတ်လုပ်နေမှု အခြေအနေ၊ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံးရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိပြီး စနစ်တကျဖြစ်စေရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်မှ ကြပ်မတ်ဆောင်ရွက်ကြရန်နှင့် ဆေးထိုးနှံနိုင်ရေး စာရင်းကောက်ယူရာတွင် စာရင်းအမှန် ရရှိရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုအပ်သည့် အခြေအနေ၊ ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများထိုးနှံရာတွင် အထောက်အကူဖြစ်စေရေးအတွက် အရန်ဆေးထိုးနှံရေးအဖွဲ့ ကြိုတင်ဖွဲ့စည်းထားရှိရန်နှင့် ဆေးထိုးနှံပြီးစီးသူများစာရင်းကို စနစ်တကျ မှတ်တမ်းပြုစု၍ ဗဟိုသို့ နေ့စဉ်ပေးပို့တင်ပြရန်လိုအပ်သည့် အခြေအနေ၊ ပြည်ပသို့ ရောက်ရှိပြီး အခက်အခဲဖြစ်ပေါ်နေသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ် စိစစ်လက်ခံပေးလျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါ စစ်ဆေးကာ ရောဂါပိုးမတွေ့ရှိသူများကို ၎င်းတို့၏နေရပ်သို့ ရောက်ရှိနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည်များ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကာကွယ်ဆေးများ အဆက်မပြတ်ရရှိစေရေး နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်မှုများ မပြတ်ဆောင်ရွက်ရန်လိုကြောင်း၊ တိုင်းရင်းဆေးများနှင့်ပတ်သက်၍လည်း သုတေသနလုပ်ငန်းများကို မြန်ဆန်စွာဆောင်ရွက်ရန်နှင့် ရေရှည်အတွက် စဉ်းစားလုပ်ဆောင်ရန်လိုကြောင်း၊ ကာကွယ်ဆေးဝယ်ယူရရှိရေးနှင့် သုတေသနပြုထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်ပါက နိုင်ငံတော်မှချေးငွေစီစဉ်ပေးမည်ဖြစ်ကြောင်း၊ ကျန်းမာရေးနှင့်ပြည်သူလူထု၏

အခြေခံစားဝတ်နေရေးကိုထိခိုက်စေမည့် ကောလာဟလများ ထုတ်လွှင့်နေမှုများနှင့်ပတ်သက်၍ အမြန်ဆုံးဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပမှ ဝင်ရောက်လာသည့် မိမိတို့နိုင်ငံသားများကို စနစ်တကျလက်ခံနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ၎င်းတို့နေရပ်သို့ ဘေးအန္တရာယ်ကင်းရှင်းစွာ ရောက်ရှိနိုင်ရေးအတွက် လိုအပ်ပါက တပ်မတော်ယာဉ်များကိုလည်း အသုံးပြုနိုင်ကြောင်းဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် "အဓိကကတော့ ကာကွယ်ဆေးကို မှန်မှန်နဲ့ မြန်မြန်ထိုးပေးနိုင်ဖို့လည်းလိုတယ်။ အဲ့ဒီတော့ကျွန်တော်တို့ ဒီနှစ်အကုန်မှာ တိုင်းပြည်လူဦးရေရဲ့ ၅၀ ရာခိုင်နှုန်းမျှော်မှန်းထားတယ်ဆိုတော့ တစ်လကို ၅ သန်းထိုးနိုင်ဖို့လိုတယ်။ တစ်လ ၅ သန်း၊ လက်ရှိ အခြေအနေကတော့ ၅ သန်းကိုတော့ရတယ်။ သို့သော် နောက်လတွေမှာ စဉ်ဆက်မပြတ်ရဖို့၊ ဒါကိုတွက်ဖို့ လိုတယ်။ ဘယ်နိုင်ငံရမလဲ။ ခုနကကျွန်တော်ပြောတဲ့ သုံးနိုင်ငံ၊ Source သုံးခုရှိတယ်။ သေချာတဲ့ Source ကနေပြီးတော့ ကျွန်တော်တို့ စာချုပ်ချုပ်ထားဖို့လိုတယ်။ ဒါနဲ့ ပတ်သက်ပြီးလည်း ငွေလည်းအပြည့်အစုံရှိနေပြီးသား။ အဲ့ဒီတော့ ကျန်းမာရေးဝန်ကြီးက သေချာလေးတွက်ချက်ပြီးလုပ်ပေးပါ။ ဒုဥက္ကဋ္ဌနဲ့ ဆွေးနွေးပြီးလုပ်ပါလို့ ကျွန်တော်ပြောလိုတယ်။ ဆေးကတော့ ရဖို့တော့လိုတယ်။ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ပေါ့ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဆိုတော့ ရအောင်ကြိုးစားရမှာပေါ့။"

ဆက်လက်ပြောကြားရာတွင် မိမိတို့အနေဖြင့် ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် ကာကွယ်ဆေးထုတ်လုပ်လျက်ရှိသည့် နိုင်ငံများနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံတည်းဖြင့်ဆောင်ရွက်ခြင်းမျိုးမဟုတ်ဘဲ ကာကွယ်ဆေးရရှိနိုင်သည့် နိုင်ငံများနှင့် ချိတ်ဆက်၍ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအနက် မိမိတို့နိုင်ငံသည် ကူးစက်မှုနှုန်း ပဉ္စမအများဆုံးဖြစ်ပြီး သေဆုံးမှုနှုန်းအနေဖြင့် တတိယအများဆုံးဖြစ်ကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးနှင့်ပတ်သက်ပြီး အားနည်းချက်ရှိနေသည်ကို ဖော်ပြနေခြင်းဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် ကျန်းမာရေးအသိများအားနည်းခြင်းနှင့် ပင်ကိုအရ ကျန်းမာရေးအားနည်းချက်များရှိခြင်းကြောင့် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏မျှော်မှန်းသက်တမ်းသည် ၆၇ ဒသမ ၇၈ နှစ်သာရှိသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် အနိမ့်ဆုံးဖြစ်ကြောင်း၊ ကိုဗစ်ရောဂါကူးစက်မှုကြောင့်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ ကျန်းမာရေးမြှင့်တင်ရန် လိုအပ်နေခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ တစ်နိုင်ငံလုံးကျန်းမာရေးမြှင့်တင်ရေးသည် ရေရှည်ကိုမျှော်တွေး၍ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ အစာအာဟာရ၊ ကျန်းမာရေးနှင့်ပတ်သက်ပြီး အသိပညာဗဟုသုတများရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် နိုင်ငံအတွင်း စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းသက်သာမှုရှိစေရေး တာဝန်ရှိသူများအနေဖြင့် အလေးထား ကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသတွင်းစိုက်ပျိုးရေးကုန်ထုတ်လုပ်မှု၊ မွေးမြူရေးကုန်ထုတ်လုပ်မှုများကို ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စိုက်ပျိုးဧရိယာများ အပြည့်အဝစိုက်ပျိုးနိုင်ရေး တောင်သူများအား ကူညီပေးရန်လိုကြောင်း၊ ပြည်သူများအာဟာရ ပြည့်ဝစွာစားသုံးနိုင်ပါက ကိုယ်ခံစွမ်းအားများကောင်းမွန်လာပြီး ကျန်းမာရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

ယခုအချိန်တွင် ကိုဗစ်ဖြစ်ပွားမှုကြောင့် သေဆုံးမှုများဖြစ်ပွားရာ၌ အများစုသည် အဆုတ်ပျက်ဆီးမှုကြောင့်ဖြစ်ကြောင်း၊ အဆုတ်၊ နှလုံး၊ သွေးတိုးရောဂါရှိသူများ သေဆုံးမှုများကြောင်း၊ ဆေးလိပ်သောက်သုံးမှုများမပြုလုပ်ရန်အတွက် မိမိအနေဖြင့် အမြဲတိုက်တွန်းပြောကြားလျက်ရှိကြောင်း၊ လူငယ်၊ လူရွယ်များနှင့် လူကြီးပိုင်းအထိ ဆေးလိပ်သောက်သုံးမှုများ မပြုလုပ်စေရေး ပညာပေးမှုများပြုလုပ်ရန်လိုကြောင်း။

ပြည်တွင်းဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ အခြေခံအိမ်သုံးဆေးဝါးများအား ယေဘုယျအားဖြင့် လုံလောက်စွာထုတ်လုပ်ပြီး အခြေခံဆေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် စံချိန်စံညွှန်းပြည့်မီစွာဖြင့် အလုံအလောက် ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ အချို့ဆေးဝါးများသည် အရည်အသွေးအားနည်းမှုများရှိသည်ကို သိရှိရကြောင်း၊ ထို့ကြောင့်အာမခံချက်ရှိသည့်

ပြည်တွင်းထုတ်ဆေးဝါးများသုံးစွဲနိုင်ရေး အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဆေးဝါးများကို ပြည်တွင်း ဆေးဝါးစက်ရုံများမှလိုအပ်သည့်ဆေးဝါးများ လုံလောက်စွာထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးနှင့် ပြည်သူများခံစားနေရသည့် သောကများအား လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆေးဝါးစက်ရုံများ ကုန်ကြမ်းပြတ်လပ်မှုမရှိစေရေး တာဝန်ရှိသူများက မျက်ခြည်မပြတ်ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးနှင့်ပတ်သက်၍ ဆေးဝါးများထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ငွေကြေးအပါအဝင်လိုအပ်သည်များ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအားဖြစ်နိုင်သမျှနည်းလမ်းများဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်သဖြင့် လိုအပ်သည့် ဘဏ်ချေးငွေများအားလည်း စီစဉ်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ် - ၁၉ ကြောင့် ကျဆင်းသွားသည့် စီးပွားရေးများ ပြန်လည်ကောင်းမွန်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် မိမိတို့တစ်ဦးချင်းလုပ်ဆောင်ရမည့်လုပ်ငန်းတာဝန် များကို မှန်မှန်ကန်ကန်လုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများတွင် အောက်ဆီဂျင်အသုံးပြုရန် လိုအပ်သည်ဖြစ်သော်လည်း အောက်ဆီဂျင်တွင် ဆေးရုံသုံးနှင့်စက်ရုံသုံး ဟူ၍ရှိသဖြင့် မိမိသဘောဆန္ဒအလျောက် မဆင်မခြင် လုပ်ဆောင်မိပါက အန္တရာယ်ဖြစ်စေနိုင်သည့်အတွက် ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၏ အကြံပြုချက်ဖြင့်သာ လိုအပ်သည့်ပမာဏအတိုင်း သုံးစွဲကြစေလိုကြောင်း၊ ကိုဗစ်ဖြစ်ပွားမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် တရားရုံးမထိုင်နိုင်ဘဲ စိစစ်ရန် ကျန်ရှိနေသည့် အမှုတွဲပေါင်းများစွာရှိနေကြောင်း၊ တရားခွင်တွင် လိုအပ်သည့် သက်သေခံပစ္စည်းများ ဥပမာအားဖြင့် ယာဉ်တိုက်မှုဖြစ်ပေါ်ခဲ့သည့် မော်တော်ယာဉ် များကို ထိန်းသိမ်းထားရှိခြင်းများရှိသဖြင့် သဘာဝဘေးကြောင့် ပျက်စီးမှုများမဖြစ်ပေါ်စေရေး ထိန်းသိမ်းပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာများလုံခြုံရေးအတွက် ဆောင်ရွက်သင့်သည်များကို တာဝန်ရှိသူများအနေဖြင့် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များရှိပါက တာဝန်ရှိသူများထံသို့ အချိန်နှင့်တစ်ပြေးညီတင်ပြကြရန်နှင့် မိမိတို့အနေဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးရန်တာဝန်ရှိကြောင်း၊ ကျန်းမာရေးဆိုင်ရာများ၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထု၏ လုံခြုံရေးနှင့်ပတ်သက်၍ မလိုလားအပ်သည်များ မဖြစ်ပေါ်လာစေရေး ကြိုတင်ကာကွယ်ခြင်းဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၇ - ၈ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၃/၂၀၂၁)ကို ဩဂုတ်လ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်ဘောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဇာညားအောင်မိုး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုအခါ ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသော်လည်း မျက်ခြည်မပြတ်ဆောင်ရွက်နေသလို နိုင်ငံလုံခြုံရေးနှင့် နိုင်ငံရေးအခြေအနေအားလုံးအား စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း၊ အချို့သောအကြမ်းဖက်တိုက်ခိုက်မှုများမှအပ တည်ငြိမ်မှုရှိလာပြီဖြစ်ကြောင်း၊ အဆိုပါအကြမ်းဖက်မှုများနှင့် ပတ်သက်၍လည်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှုကြောင့် ယခုဩဂုတ်လမှစ၍ မရှိသလောက်ဖြစ်လာပြီ ဖြစ်ကြောင်း။

လုပ်ငန်းတာဝန်ခွဲဝေမှုနှင့် စီမံခန့်ခွဲမှုတို့နှင့် ပတ်သက်၍ ရပ်ကျေးအဖွဲ့များ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများ အဆင့်ဆင့်ရှိကြောင်း၊ တပ်မတော်တွင်လည်း အလားတူပင် အဆင့်ဆင့်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ လုပ်ငန်းများစီမံခန့်ခွဲမှု ဆောင်ရွက်ရာတွင် အဆင့်များကိုကျော်လွန်၍ တိုက်ရိုက်စီမံဆောင်ရွက်ခြင်းကြောင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်များ ကျဆင်းလာနိုင်ကြောင်း၊ လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ လိုအပ်ချက်တင်ပြဆောင်ရွက်နိုင်သလို စီမံခန့်ခွဲနိုင်ခွင့်ပေးထားကြောင်း၊ စီမံခန့်ခွဲရေးနယ်ပယ်တွင် မိမိသဘောဆန္ဒဖြင့် မူဝါဒနှင့်ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်၍မရသကဲ့သို့ခွင့်ပြု၍လည်းမရကြောင်း၊ လုပ်ပိုင်ခွင့်အရဆောင်ရွက်သည့်ကိစ္စရပ်များကို ခွင့်ပြုပေးထားကြောင်း၊ လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့်ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်အား အောင်မြင်အောင်ဆောင်ရွက်ရန်လိုပြီး ယင်းသည်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏အခြေခံမူဖြစ်ကြောင်း၊ နိုင်ငံ၏ပကတိအခြေအနေနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များအား ချမှတ်ထားခြင်းဖြစ်သဖြင့် ခိုင်ခိုင်မာမာဖြင့် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ကို မှန်ကန်စွာလျှောက်လှမ်းနိုင်ရေးသည် မိမိတို့၏အဓိကရည်မှန်းချက်ဖြစ်ပြီး အခိုင်အမာအာမခံချက်ပေးထားကြောင်း။

ကိုဗစ်-၁၉ နှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၌ ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းတွင် ဖြစ်ပွားမှုနှုန်းမြင့်တက်လာကြောင်း၊ ရောဂါကူးစက်မှုသည်ပြည်သူများ၏သွားလာမှုနှင့်စည်းကမ်းလိုက်နာမှုအပေါ်တွင် မူတည်သဖြင့် စာသင်ကျောင်းများ ယာယီပိတ်ခြင်း၊ သွားလာမှုကန့်သတ်ခြင်းများအား တင်းကြပ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက

အခြားနိုင်ငံများတွင်လည်း ကူးစက်မှုနှုန်းမြင့်မားပြီး သေဆုံးမှုနှုန်းများမြင့် တက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ကူးစက်မှုနှုန်းလျော့ချနိုင်ရန်အတွက် ရုံးပိတ်ရက်များ သတ်မှတ်ပေးခဲ့ကြောင်း၊ တတိယလှိုင်းစတင်ဖြစ်ပွားသည့် ဇူလိုင်လဆန်းတွင် ကူးစက်မှုနှုန်းများမြန်ဆန်ခဲ့ပြီး သေဆုံးမှုများလည်း မြင့်တက်မှုများရှိခဲ့ကြောင်း၊ အသွားအလာများကန့်သတ်ခြင်းနှင့် စည်းကမ်းထိန်းချုပ်ခြင်းများဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင်ကူးစက်မှုနှင့်သေဆုံးမှုများ တဖြည်းဖြည်း လျော့ကျလာကြောင်း၊ ထိုကဲ့သို့ကျဆင်းလာခြင်းမှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ အလားတူလိုအပ်ချက်များဖြစ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်ကုသဆေးများ၊ အောက်ဆီဂျင်ရရှိရေးကိစ္စရပ်များအား ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်တစ်ဦးမှအစ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုကြောင့် ကုသမှုအပိုင်းတွင် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့်ပတ်သက်၍လည်း အိန္ဒိယနိုင်ငံတစ်နိုင်ငံတည်းကသာမက တရုတ်နိုင်ငံ၊ ရုရှားနိုင်ငံနှင့် အခြားနိုင်ငံများမှလည်းဝယ်ယူ၍ ပြည်သူများအား ထိုးနှံပေးနိုင်ရေးညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဆက်လက်ရရှိရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကာကွယ်ဆေးများရရှိအောင် ဆောင်ရွက်ပေးသည့်နိုင်ငံများနှင့် လူပုဂ္ဂိုလ်များအားလည်း ကျေးဇူးတင်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ကာလတစ်ခုအထိ ဆက်လက်ဖြစ်ပွားနေနိုင်သဖြင့် အမြဲမပြတ် သတိထားဆောင်ရွက်နေရန်လိုကြောင်း၊ လူတစ်ဦးချင်းသည် ကျန်းမာရေးနှင့်ညီညွတ်သည့်လှုပ်ရှားသွားလာမှုများရှိရန် လိုအပ်သည်ဟု ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများက အသိပေးထုတ်ပြန်ထားကြောင်း၊ အောက်ဆီဂျင်ရှိရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး တစ်နိုင်ငံလုံးရှိ အောက်ဆီဂျင်ထုတ်လုပ်၍ရနိုင်သည့် စက်ရုံများအားလုံးမှ အမြဲမပြတ်ထုတ်လုပ်၍ ပြည်သူများလိုအပ်သည့်အချိန်တွင် အချိန်မီရရှိရေးဆောင်ရွက်နေရန်လိုကြောင်း၊ အလားတူကာကွယ်ဆေးနှင့် ပတ်သက်၍ ပြည်သူများ စဉ်ဆက်မပြတ်ထိုးနှံနိုင်ရေး ဆောင်ရွက်နေရန်လိုပြီး ကုသဆေးများလည်း အမြဲမပြတ်ရရှိရေး ပြည်ပမှတင်သွင်းနေရန် လိုအပ်သကဲ့သို့ ပြည်တွင်း၌လည်း လုံလောက်စွာထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ ၊ ထိန်းချုပ်ရေးအတွက် တွေ့ဆုံ၊ ဆွေးနွေးမှုများ အမြဲမပြတ်ပြုလုပ်၍ စဉ်ဆက်မပြတ် စီမံဆောင်ရွက်ပေးလျက်ရှိပြီး အဆက်မပြတ်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ Quarantine Center များကိုလည်း တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပြီး ဆေးရုံများတွင်လည်း ပြင်ဆင်မှုများ အမြဲမပြတ်ဆောင်ရွက်နေရန်လိုကြောင်း။

ယခုကာလအတွင်း အကြောင်းအမျိုးမျိုးဖြင့် ပြည်ပနိုင်ငံများတွင်ရောက်ရှိနေကြသည့် မိမိတို့နိုင်ငံသားများအား ဖြစ်နိုင်သမျှပြန်လည်ခေါ်ယူရန်လိုကြောင်း၊ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိနေသူများကိုလည်း ပြန်လည်ခေါ်ယူခဲ့ရာ ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၆ ရက်အထိ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် လာအိုနိုင်ငံနယ်စပ်များမှ ပြန်လည်ဝင်ရောက်လာသူ ၆၂၀၉ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ယင်းတို့အနက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံထားရသူများကိုလည်း ဆေးရုံများတွင် ကုသပေးထားကြောင်း၊ အလားတူ အခြားနိုင်ငံများသို့ ရောက်ရှိနေသူများအား ပြန်လည်ခေါ်ယူနိုင်ရေးအတွက်လည်း Relief Flight များ ပြေးဆွဲခွင့်များခွင့်ပြုပေးထားကြောင်း၊ အနီးစပ်ဆုံးနိုင်ငံများမှ အမြန်ဆုံး ပြန်လည်ခေါ်ယူနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ဦးတည်ချက်များတွင်လည်း ထည့်သွင်းထားကြောင်း၊ EAO များနှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပေါ်တွင်အခြေခံ၍ ငြိမ်းချမ်းရေးကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏အရေးပေါ်အခြေအနေကြေညာပြီး တာဝန်ပေးရာတွင် တပ်မတော်ကို တာဝန်ပေးအပ်ခံရခြင်းဖြစ်ကြောင်း၊ တပ်မတော်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) သည် EAO များက အဆိုပြုသည့်ကိစ္စရပ်များကို အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ရာမှ ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် NCA လမ်းကြောင်းပေါ်တွင်ရပ်တည်၍ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းမည်

အာဆီယံဆက်ဆံရေးနှင့်ပတ်သက်၍ ဧပြီ ၂၄ ရက်တွင် အာဆီယံထိပ်သီးအစည်းအဝေး၌ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံသဘောတူညီချက် (၅)ရပ် ထုတ်ပြန်ခဲ့၊ မိမိတို့အနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်မည်ဟု ပြောကြားခဲ့ပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှု အပေါ်တွင်မူတည်၍ ဆောင်ရွက်သွားမည်ဟုပါဝင်၊ အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဘုရင်မှ ၄င်းတို့နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအား အာဆီယံကိုယ်စားလှယ်အဖြစ် ကမ်းလှမ်းလာသည့်အတွက် မိမိအနေဖြင့် သဘောတူညီမှုပေးခဲ့။

ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေငြာထားသည့်အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြင့် မဆိုတွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံငြိမ်းချမ်းရေးရမှ တည်ငြိမ်အေးချမ်းမှုဖြစ်ပေါ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ သို့မှသာ ပြည်သူများ၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည်ငြိမ်စွာဖြင့် လျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များရှိသည့် ဒေသများအတွက်လည်း ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ လိုအပ်သည်များဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့်လည်း ငြိမ်းချမ်းရေးအမှန်တကယ်လိုချင်ပါက ငြိမ်းချမ်းရေးကိုအခြေခံသည့် အပြုအမူ၊ အပြော အဆို၊ အလုပ်အကိုင်များရှိရန်လိုကြောင်း၊ NCA တွင်လက်မှတ်ရေးထိုးထားခြင်းမရှိသည့်အဖွဲ့များအနေဖြင့်လည်း NCA ပါအချက်များအား ထိန်းသိမ်းဆောင်ရွက်မည်ဆိုပါက ငြိမ်းချမ်းရေးအပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဒီမိုကရေစီအပေါ်တွင် ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ လက်မှတ်ထိုးခြင်း မထိုးခြင်းထက် ပူးပေါင်းဆောင်ရွက်မှုလိုက်နာဆောင်ရွက်မှုအပြည့်ရှိရန် လိုကြောင်း၊ ဆက်လက်၍ တရားဝင်လက်မှတ်ရေးထိုးပြီး ဒီမိုကရေစီစနစ် မှန်မှန်ကန်ကန် အကောင်အထည်ဖော်ဆောင်ရွက်ရေးသည်အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံအတွင်း ဒီမိုကရေစီသည် တစ်ပြေးညီဖြစ်ရန်လိုကြောင်း၊ မတူညီမှုများရှိပါက နိုင်ငံရေးအရငြိမ်းချမ်းရေး၊ လုံခြုံရေးအရငြိမ်းချမ်းရေးများ ရရှိမည်မဟုတ်သဖြင့် တူညီမှုများရှိအောင် ကြိုးစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့်တိုင်းဒေသကြီးကွာဟမှုများ၊ ကျေးလက်၊ မြို့ပြကွာဟမှုများကို တတ်နိုင်သမျှလျှော့ချနိုင်ရန်လိုကြောင်း၊ ငြိမ်းချမ်းရေးတွင် ပါးစပ်ကပြောနေ၍မရဘဲ လက်တွေ့လိုက်ပါလုပ်ဆောင်ရန်နှင့် ကတိကဝတ်များ တည်ရန်လိုကြောင်း၊ ကိုယ်တိုင်လည်း ကြိုးစားအားထုတ်ရန်လိုကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စီးပွားရေးအရထိခိုက်မှုများရှိသဖြင့် ရှေ့လုပ်ငန်းစဉ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟု ထည့်သွင်းထားကြောင်း၊ စားရေးသည်အရေးကြီးသဖြင့် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း၊ နိုင်ငံတွင်း စားရေရိက္ခာပေါများရန်၊ ပြည်သူများဝင်ငွေရှိနေရန်လိုကြောင်း၊ ဝင်ငွေရှိမှသာစားရေး၊ ဝတ်ရေး၊ နေရေးများကို ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများတွင် မှန်မှန်ကန်ကန်ဖြင့်ဆောင်ရွက်ခြင်းမရှိဘဲ မသမာသည့်နည်းဖြင့် ဆောင်ရွက်မှုများသည် ဥပဒေအားချိုးဖောက်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ သယံဇာတပစ္စည်းများအား ခိုးထုတ်ရောင်းချခြင်း၊ ကျွန်းမှောင်ခိုများဆောင်ရွက်ခြင်းနှင့် ပြည်ပမှမှောင်ခိုပစ္စည်းများတင်သွင်းခြင်းသည် နိုင်ငံအတွက်နစ်နာမှုပင်ဖြစ်ကြောင်း၊ နိုင်ငံစီးပွားရေးတိုးတက်ရေးအတွက် သမာအာဇီဝနည်းဖြစ်သည့် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကိုအားပေးခြင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရောင်းကုန်ပစ္စည်းများ အချိန်နှင့်တစ်ပြေးညီ တင်ပို့ရောင်းချနိုင်ရန်အတွက် စျေးကွက်လိုအပ်ချက်ရှိသည့်ပစ္စည်း၊ အရည်အသွေးပြည့်မီသည့်ပစ္စည်းဖြစ်ရန်လိုကြောင်း၊ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် လိုအပ်သည်များ နိုင်ငံတော်မှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ဘဏ်များနှင့်ပတ်သက်၍ ဖေဖော်ဝါရီလအတွင်း အခက်အခဲများမရှိခဲ့သော်လည်း နောက်ပိုင်းတွင် ငွေကြေးများ ထုတ်ယူမှုများပြားပြီး ပြန်သွင်းမှုမရှိခဲ့ကြောင်း၊ နိုင်ငံစီးပွားရေးအတွက် ဘဏ်လုပ်ငန်းစနစ်ပြိုလဲမသွားအောင် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ အချို့နိုင်ငံများတွင် E banking စနစ်၊ ကတ်စနစ်ဖြင့်ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံတွင် ငွေစက္ကူစနစ်ကို အဓိကထားဆောင်ရွက်နေကြကြောင်း၊ CDM ပြုလုပ်မှုများကြောင့် ဘဏ်ဝန်ထမ်းအခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ဇူလိုင်လအတွင်း အထိုက်အလျောက် ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ငွေကြေးထုတ်ယူမှုများအား ခွင့်ပြုပေးထားကြောင်း။

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ မဲစာရင်းများပြန်လည်စိစစ်ခဲ့မှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သေချာစွာစိစစ်ရန် အသစ်ဖွဲ့စည်းထားသည့် ရွေးကောက်ပွဲကော်မရှင်အား တာဝန်ပေးအပ်ခဲ့ကြောင်း၊ ဇူလိုင် ၂၆ ရက်တွင် အပြီးသတ်ကြေညာချက်ထုတ်ပြန်ခဲ့ကြောင်း၊ ပြည်နယ်နှင့်တိုင်းအလိုက် လူဦးရေအရ၊ မဲစာရင်းအရ၊ မဲလက်မှတ်အရ ကွာခြားမှုများကို စိစစ်ခဲ့ကြောင်း၊ ထောင်ဂဏန်းမှ သောင်းဂဏန်းအထိ ကြီးမားသည့် မဲစာရင်းအရ မှားယွင်းမှု၊ မဲလက်မှတ်အရ မှားယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့် ရွေးကောက်ပွဲသည် တရားမျှတသည့် ရွေးကောက်ပွဲမဖြစ်နိုင်ကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် သမ္မတရွေးချယ်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြစ်ပြီး သမ္မတကအစိုးရအဖွဲ့ဖွဲ့စည်းခြင်း၊ တရားသူကြီးများစသည်ဖြင့် အတည်ပြုခန့်အပ်ရခြင်းဖြစ်ကြောင်း၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဥပဒေပြုရေးတို့ကို ဆောင်ရွက်ရသူများဖြစ်သဖြင့် မဲစာရင်းမှားယွင်းမှုများဖြင့် ရွေးချယ်ခံရခြင်းသည် တရားမျှတမှုမရှိကြောင်း၊ မဲစာရင်းစိစစ်တွေ့ရှိမှုများအား ရှင်းလင်းပေးရန်အတွက် ပြောကြားခဲ့သော်လည်း ရှင်းလင်းပေးမှုမရှိခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုများနှင့် ပတ်သက်၍ နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သံတမန်များကို ဖိတ်ခေါ်၍ အထောက်အထားများနှင့်တကွ ပြသသွားမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ချိန် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတို့တွင် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်တွင်ဆောင်ရွက်ခဲ့သော်လည်း ၎င်းတို့အနေဖြင့်ငြင်းပယ်ခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံတော်အပေါ် ဆန့်ကျင်ရေးလုပ်ငန်းများ ဆောင်ရွက်လာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုပင် NCA လမ်းကြောင်းပေါ်မှဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံရေးပါတီများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ယခင်အစိုးရမှ တာဝန်ရှိသူများအား နိုင်ငံရေးအရ အရေးယူဆောင်ရွက်ခြင်းမဟုတ်ဘဲ ဥပဒေချိုးဖောက်သည့် ပြစ်မှုများကြောင့်သာ အရေးယူဆောင်ရွက်ခြင်းဖြစ်ကြောင်း။

အာဆီယံ ဆက်ဆံရေးနှင့်ပတ်သက်၍ ဧပြီ ၂၄ ရက်တွင် အာဆီယံထိပ်သီးအစည်းအဝေး၌ မိမိအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေများအား ရှင်းလင်းပြောကြားခဲ့ပြီး အာဆီယံသဘောတူညီချက် (၅)ရပ် ထုတ်ပြန်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်မည်ဟုပြောကြားခဲ့ပြီး နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုအပေါ်တွင်မူတည်၍ ဆောင်ရွက်သွားမည်ဟုပါဝင်ကြောင်း၊ အာဆီယံအထူးကိုယ်စားလှယ်ခန့်အပ်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံနှင့် မလေးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဟောင်းများနှင့် ထိုင်းနိုင်ငံမှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးဟောင်းတို့အား အဆိုပြုခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ထိုင်းနိုင်ငံဒုတိယနိုင်ငံခြားရေးဝန်ကြီးအား အဆိုပြုခဲ့သော်လည်း အာဆီယံဥက္ကဋ္ဌ ဘရူနိုင်းဘုရင်မှ ၎င်းတို့နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးအား အာဆီယံကိုယ်စားလှယ်အဖြစ် ကမ်းလှမ်းလာသည့်အတွက် မိမိအနေဖြင့် သဘောတူညီမှုပေးခဲ့ကြောင်း။

မိမိတို့အနေဖြင့် အာဆီယံမူဘောင်အတွင်းမှသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းပေါ်တွင် မှန်မှန်ကန်ကန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေးမူကြီး (၅)ရပ် အပေါ်တွင် အခြေခံပြီး လွတ်လပ်၍တတ်ကြွသောနိုင်ငံခြားရေးမူဝါဒ၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ဆက်ဆံရေးမူဝါဒများဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့၏ရပ်တည်ချက်အားမည်သည့်အချိန်တွင်မှ ပြောင်းလဲမည်မဟုတ်ဘဲ မူဘောင်

အတွင်းမှသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ စောဒန်နီယယ်နှင့် ဒေါက်တာဇာနားအောင်မိုးတို့က အမျိုးသားလုံခြုံရေးအက်ဥပဒေ အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရေး၊ အကြမ်းဖက်သမားများအား ဖမ်းဆီးရမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့် ဆုကြေးချီးမြှင့်ပေးရေး၊ စက်သုံးဆီတင်သွင်းရေးနှင့် ပတ်သက်၍ ပြည်ပနိုင်ငံများမှ ရင်းနှီးမြှုပ်နှံမှုများခေါ်ယူဆောင်ရွက်ရေး၊ ပြည်တွင်း၌ စက်ရုံတည်ဆောက်ပြီးလောင်စာဆီထုတ်လုပ်နိုင်ရန်ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ သဘာဝဓာတ်ငွေ့နှင့်ရေနံကဏ္ဍတွင် ကုမ္ပဏီများကိုတင်ဒါခေါ်ယူ၍ လုပ်ကွက်သစ်များဖော်ဆောင်ရေး၊ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေချိန်တွင် အခြေခံလူတန်းစားများ ကြုံတွေ့နေရသည့် စားဝတ်နေရေးအခက်အခဲကို သမဝါယမနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးရေး၊ မြေယာသိမ်းဆည်းမှုများနှင့်စပ်လျဉ်း၍ တောင်သူများ၏ နစ်နာမှုကိုရှေးရှု၍ ဖြေရှင်းဆောင်ရွက်ပေးရေး၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေးအတွက် တိုင်းရင်းဆေးဝါးထုတ်လုပ်နိုင်ရေး၊ ကျန်းမာရေးကဏ္ဍအတွက် အရေးတကြီးလိုအပ်သည့် အောက်ဆီဂျင် ထုတ်လုပ်သည့် စက်ရုံများ မြို့နယ်အလိုက် တည်ဆောက်ပေးရေး၊ လူငယ်များအား အခြေခံကြက်ခြေနီ သူနာပြုသင်တန်းပေးရေး၊ တိုက်ပွဲရှောင်ပြည်သူများ ကူညီထောက်ပံ့ရေး၊ ကျန်းမာရေးဝန်ထမ်းများဖြစ်သည့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများနှင့် ၎င်းတို့၏မိသားစုဝင်များအား ဦးစားပေး၍ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးထိုးနှံပေးရေး၊ သဘာဝဘေးအန္တရာယ် ကြုံတွေ့နေရသည့် ပြည်သူများအား လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးရေး၊ ကယားပြည်နယ်အတွက် လိုအပ်လျက်ရှိသည့် ဆရာဝန်နှင့် သူနာပြုများခန့်အပ်ပေးရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားလုံခြုံရေးအက်ဥပဒေရေးဆွဲနိုင်ရေးကိုပြန်လည်စိစစ်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်သမားများဖမ်းဆီးမိရေးနှင့် သတင်းပေးသူများအား ထိုက်သင့်သည့်ဆုငွေချီးမြှင့်ရေးကို လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာမြေပြဿနာများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် စနစ်တကျဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရန်အတွက် တိုင်းရင်းဆေးထုတ်လုပ်နိုင်ရေးကိုသက်ဆိုင်ရာသုတေသနဌာနများက လုပ်ဆောင်လျက်ရှိကြောင်း၊ မြို့နယ်အလိုက် အောက်ဆီဂျင်စက်ရုံများ တည်ဆောက်ရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကို ထက်ဝက်ကျဆင်းအောင်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ရောဂါကူးစက်မှုလျော့ချနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်ကိုတွေ့ရကြောင်း။

ကယားပြည်နယ်အတွက် လိုအပ်သည့် ကျန်းမာရေးဝန်ထမ်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ တိုင်းပြည်ဝင်ငွေပေါ်မူတည်ပြီး ဆောင်ရွက်ရကြောင်း၊ လတ်တလောကာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အဆက်သွယ်မပြတ်စေရေး ပြည်သူများခရီးသွားနိုင်ရေးအတွက် မီးရထားနှင့် လေကြောင်းခရီးစဉ်အချို့ကို အရှုံးခံပြေးဆွဲပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၅ နှစ်တာကာလအတွင်း မြန်မာတို့၏ ယဉ်ကျေးမှုနှင့်စရိုက်လက္ခဏာများ ဖျက်ဆီးခံခဲ့ရကြောင်း၊ မြန်မာ့လူ့အဖွဲ့အစည်းသည် အမျိုးသားယဉ်ကျေးမှုအပေါ် အခြေခံသည့်အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာရပ်တည်မှုတွင် အားကစားကဏ္ဍသည်အရေးကြီးကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် အားကစားရုံများ၊ အားကစားကွင်းများနှင့် ရေကူးကန်များ တည်ဆောက်ပေးရန်စီစဉ်လျက်ရှိကြောင်း။

ကျန်းမာရေးဝန်ထမ်းများနှင့် နေ့စဉ်ထိတွေ့နေရသည့် မိသားစုဝင်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်

ဖြစ်ပေါ်လာပါက ချက်ချင်းတုန့်ပြန်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပြင်ဆင်ဆောင်ရွက်ထားပြီး သယ်ယူပို့ဆောင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားများ စိတ်ပိုင်းဆိုင်ရာအားငယ်မှုမရှိအောင် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ကျေးလက်နှင့် မြို့ပြ၊ ဆင်းရဲ၊ချမ်းသာ ကွာဟမှုလျော့ချနိုင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့သည် ယာယီဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ပြီး အစိုးရ၏လုပ်ငန်းများကို အဆင်ပြေအောင် အကောင်အထည်ဖော် ဆောင်ရွက်နေရကြောင်း၊ ကဏ္ဍအသစ်များကို တိုးချဲ့ဆောင်ရွက်ရာတွင် အဘက်ဘက်က စဉ်းစားဆောင်ရွက်ရကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဖြစ်ပေါ်လာသည့် ဆူပူမှုများနှင့် အကြမ်းဖက်များကိုလည်း ဖြေရှင်းဆောင်ရွက်နေရကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းရေးကိုလည်း အဓိကဦးစားပေးလုပ်ဆောင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံရေးတည်ငြိမ်မှုရရှိအောင်ဆောင်ရွက်နေကြောင်း၊ အိမ်စောင့်အစိုးရသည် တိုင်းပြည်ကို ခေတ္တတာဝန်ယူထိန်းသိမ်းပေးသည့် အစိုးရဖြစ်ပြီး အရေးပေါ်ကာလကုန်ဆုံးသည့်အခါ ဥပဒေနှင့်အညီ ရွေးကောက်ပွဲပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ဖြင့် ထွက်ပေါ်လာမည့် အစိုးရအား နိုင်ငံတာဝန်ကိုအခြေခံဥပဒေနှင့်အညီ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

အိမ်စောင့်အစိုးရအနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်သည့်မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဓိကအားဖြင့် စီးပွားရေးကဏ္ဍအား အလေးပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ကောင်စီဝင်များအနေဖြင့် တစ်ဦးချင်းစီ၏ အတွေ့အကြုံပေါ်အခြေခံပြီး လုပ်ငန်းများကို စဉ်းစားဆောင်ရွက်ရာတွင် ပြည်ထောင်စုကို လွှမ်းခြုံစဉ်းစား၍ နိုင်ငံတော်၏ အကျိုးကို ဦးတည်ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ သတ္တမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၉ - ၈ - ၂၀၂၁)

လက်ရှိအခြေအနေများအရ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျသွားသော်လည်း ပေါ့ဆစွာဖြင့် နေထိုင်သွားလာလုပ်ဆောင်မှုများကိုမလုပ်ဆောင်ကြစေလိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့်ရရှိလာသည့် သင်ခန်းစာများ၊ အတွေ့အကြုံများကို မေ့လျော့မသွားကြစေလိုဘဲ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်ပါက လိုအပ်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန်လိုအပ်မည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ်လ ၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိဘုရင့်နောင်ရိပ်သာ အစည်း အဝေးခန်းမ၌ ကျင်းပပြုလုပ်သည့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ သတ္တမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ၊ နိုင်ငံတော်ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ကိုဗစ် - ၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုသည် ဇွန်လနှောင်းပိုင်းတွင် ကူးစက်မှုနှုန်း မြန်ဆန်မြင့်မားလာသည်ကို တွေ့ရှိခဲ့ရကြောင်း၊ ထိုသို့ ရောဂါကူးစက်ဖြစ်ပွားမှုများကို ထိန်းချုပ်နိုင်ရေးနှင့် ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သည့်ဆုံးဖြတ်ချက်များ အချိန်နှင့်တစ်ပြေးညီ ချမှတ်နိုင်ရေး၊ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကိုဆောလျင်စွာ လုပ်ဆောင်နိုင်ရေးအတွက် ဇူလိုင် ၉ ရက်နေ့တွင် မိမိကိုယ်တိုင် ဦးဆောင်၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး ယနေ့အချိန်အထိ အစည်းအဝေး ၇ ကြိမ်ပြုလုပ်နိုင်ခဲ့ကြောင်း၊ ထိုသို့အစည်းအဝေးများ ပြုလုပ်ခြင်း၊ ဗဟိုကော်မတီမှတစ်ဆင့် နေ့စဉ်ကြပ်မတ်ကွပ်ကဲခြင်း၊ တာဝန်ရှိသူအသီးသီးနှင့် ပြည်သူလူထုတို့မှ ဝိုင်းဝန်းစုပေါင်းပါဝင်လုပ်ဆောင်ခဲ့ခြင်းကြောင့် ယခုအချိန်တွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း။

ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင်လည်း ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၈ ရက်ညပိုင်းအထိ တစ်ကမ္ဘာလုံးတွင် ရောဂါပိုးအတည်ပြုသူ ၂၀၂ သန်းကျော်၊ သေဆုံးသူ ၄ ဒသမ ၃ သန်းကျော်ရှိပြီဖြစ်ပြီး မိမိတို့နိုင်ငံတွင် ရောဂါပိုးအတည်ပြုသူ ၃ သိန်း ၂ သောင်းကျော်နှင့် သေဆုံးသူ တစ်သောင်းတစ်ထောင်ကျော်ရှိပြီဖြစ်ကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်သည်ဆိုသော်လည်း စိတ်ချရသည့် အနေအထားတွင် မရှိသေးကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို ယခုဩဂုတ်လတွင်တစ်ဝက်၊ ခေါက်ချိုးကျသည်အထိ ဆွဲချနိုင်ရေး ကြိုးစားလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယခင်က ၄၀၀၀ ဦးခန့်ဖြစ်ပွားမှု

ကို ၂၀၀၀ ဦးအထိ လျော့ ကျနိုင်ရေးလုပ်ဆောင်သွားမည် ဖြစ်ပြီး နောက်လများတွင် ထိုထက်ပိုမိုကျဆင်းအောင် ဆက်လက်ကြိုးပမ်းလုပ်ဆောင် သွားကြရမည်ဖြစ်ကြောင်း၊ ဩဂုတ်လ ၁ ရက်နေ့တွင် ကူးစက်ဖြစ်ပွားသူ ၃၄၀၀ ကျော်ရှိခဲ့ပြီး ၈ ရက်နေ့တွင် ကူးစက်ဖြစ်ပွားသူ ၃၂၀၀ ကျော်ဖြစ်ကြောင်း၊ ရာခိုင်နှုန်းအားဖြင့် ၃၀ ရာခိုင်နှုန်း ပတ်ဝန်းကျင်တွင် ရှိနေကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့တွင် ရောဂါကူးစက်ဖြစ်ပွားမှုများကို အမြန်ဆုံးဆွဲချပေးနိုင်ခဲ့ကြောင်း၊ လူဦးရေထူထပ်များပြားသည့် တိုင်းဒေသကြီးများအနေဖြင့် အထူးဂရုစိုက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ အချို့ရောဂါဖြစ်ပွားမှုနှုန်းနည်းပါးသည့် နေရာဒေသများသည်လည်း မပေါ့ကြဘဲလိုကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျစေရေး ချမှတ်ထားသည့် သတ်မှတ်ထားသည့် သွားလာနေထိုင်မှုများကို Indicator၊ Figure တို့တွင် ကြည့်ရှုပါက မြို့ကြီးများတွင် လိုက်နာမှုရှိပြီး လျော့ကျလျက်ရှိသော်လည်း အချို့မြို့များ၊ ဒေသများတွင် ပုံမှန်အတိုင်းလှုပ်ရှားသွားလာလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပေါ့ပေါ့ဆဆနေထိုင်သွားလာလှုပ်ရှားမှုများကို မလုပ်ကျစေလိုကြောင်း၊ သက်ဆိုင်ရာဒေသများရှိ တာဝန်ရှိသူများအနေဖြင့်လည်း နေရာဒေသမရွေး ကျန်းမာရေးဆိုင်ရာအသိပညာပေးမှုများ၊ လိုက်နာရန်လိုအပ်သည်များကို လူတိုင်းသိရှိအောင် လုပ်ဆောင်ပေးရန်လိုကြောင်း။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်းမှစ၍ အခြေခံစားသောက်ကုန်များ၊ အခြေခံအိမ်သုံးဆေးပစ္စည်းများ၊ ကုန်စျေးနှုန်းကြီးမြင့်လာသည်ကို တွေ့ရှိရကြောင်း၊ ကုန်စျေးနှုန်းကြီးမြင့်မှုတွင် Cost of Production (ထုတ်လုပ်မှုကုန်ကျစရိတ်များပြားခြင်းကြောင့် မြင့်မားခြင်း)နှင့် Supply and Demand (စားသုံးသူနှင့် ထုတ်လုပ်သူမမျှတခြင်းကြောင့် မြင့်မားခြင်း)ဟူ၍ ရှိကြောင်း၊ အဆိုပါ အကြောင်းနှစ်ခုမှလွဲ၍ ကုန်စျေးနှုန်းမြင့်မားရန်အကြောင်းမရှိကြောင်း၊ ရောဂါကန့်သတ်ချက်များကြောင့် လမ်းပန်းဆက်သွယ်မှု ကုန်ကျစရိတ်နှင့် လုပ်အားခကုန်ကျစရိတ်များကြောင့် အတိုင်း အတာတစ်ခုအထိ စျေးနှုန်းမြင့်မားမှုရှိသည်ကို မပြောလိုသော်လည်း မတန်တဆစျေးတင်ရောင်းချမှုများကို မဖြစ်စေလိုကြောင်း၊ ထိုသို့ ကုန်စျေးနှုန်းများ မြင့်မားလာစေရန်၊ ပစ္စည်းပြတ်လပ်၍ စျေးမြင့်မားလာစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် သိုလှောင်ခြင်း၊ စျေးကစားခြင်းများလည်းရှိသဖြင့် အခြေခံစားကုန်၊ သုံးကုန်များ စျေးနှုန်းမြင့်မားမှုမရှိစေရေး တာဝန်ရှိသူများက ထိန်းသိမ်းလုပ်ဆောင်ပေးကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံသည် စားကုန်၊ သောက်ကုန်ထုတ်လုပ်သည့် နိုင်ငံ၊ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် အခြေခံစားသုံးကုန်များ ကုန်စျေးနှုန်းမြင့်မားနေမှုသည် သဘာဝမကျကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဒေသခံပြည်သူများ စားရေဖူလုံမှုရှိစေရန် လုပ်ဆောင်လျက်ရှိကြသည့်အစိုးရပိုင်၊ တပ်မတော်ပိုင်၊ ပုဂ္ဂလိကပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လိုအပ်ချက်များ ကူညီဆောင်ရွက်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများအား ကြည့်ရှုအားပေးစေခဲ့ခြင်းဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်မှုများကို အရှိန်အဟုန်မပြတ်ဆက်လက်လုပ်ဆောင်နိုင်ရေးလိုအပ်သည်များ ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆေးပစ္စည်းများ၊ အခြေခံအိမ်သုံးဆေးပစ္စည်းများနှင့်ပတ်သက်၍ မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တင်သွင်းခွင့်ပေးထားပြီးဖြစ်သဖြင့် သက်သာသောစျေးနှုန်းများဖြင့်သာ ရောင်းချပေးစေလိုကြောင်း၊ ရန်ကုန်နှင့် အချို့မြို့ကြီးများမှတစ်ဆင့် ရပ်ဝေးဒေသများသို့ ဖြန့်ချိခြင်းများ လုပ်ဆောင်ရခြင်းဖြစ်သဖြင့် တိုက်ရိုက်မရောက်ရှိဘဲ တစ်ဆင့်ခံ ရောက်ရှိသုံးစွဲရသူများအတွက်ပါ ထည့်သွင်းစဉ်းစား၍ စျေးနှုန်းသက်သက်သာသာနှင့် ဝယ်ယူသုံးစွဲနိုင်အောင် ကိုယ်ချင်းစာတရားထား၍ လုပ်ဆောင်ပေးကြစေလိုကြောင်း၊ ထို့ပြင် ဆေးဝါးများ expired မဖြစ်စေရေးနှင့် လိုအပ်နေသူများထံသို့ အချိန်မီရောက်ရှိစေရေး လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း၊ အောက်ဆီဂျင်နှင့်ပတ်သက်၍ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရသော်လည်း အစိုးရ၊ တပ်မတော်၊ အခြားလူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင်များ၊ ကုမ္ပဏီများနှင့် လူတစ်ဦးချင်းမှအစပြု၍ ဝိုင်းဝန်းကူညီမှုများဖြင့် တက်ညီလက်ညီ ဆောင်ရွက်နိုင်ခဲ့သည့်အတွက် လက်ရှိအချိန်တွင် အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ပြီဖြစ်ပြီး အလုံအလောက်ရရှိနိုင်အောင် လုပ်ဆောင်

ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အရှင်းပျောက်ကင်းသွားမည့်ရောဂါမဟုတ်ဘဲ ဗီဇပြောင်းရောဂါပိုးများ ဆက်တိုက်ပေါ်ထွက်လျက်ရှိသဖြင့် Oxygen Plant များကို ဆက်လက်တည်ဆောက်၍လည်း ကြိုတင်ကာကွယ်ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျသွားသည်ဆိုပြီး ပေါ့ဆစွာ မလုပ်ဆောင်ကြစေလိုကြောင်း လူ့အသက်များစွာဖြင့် ရင်းပြီးရခဲ့သည့် သင်ခန်းစာများ၊ အတွေ့အကြုံများ ဖြစ်သဖြင့် မေ့လျော့မသွားကြစေလိုဘဲ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးနှင့်ပတ်သက်ပါက လိုအပ်သည်မှန်သမျှကို ကြိုတင်ပြင်ဆင်ထားကြရန် လိုအပ်မည် ဖြစ်ကြောင်း။

ထို့နောက် ကိုဗစ်ရောဂါနှင့်ပတ်သက်၍ လုပ်ဆောင်ပေးရမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ဆက်လက်ပြောကြားရာတွင် "ကိုဗစ်နှင့် ပတ်သက်ပြီးတော့ အချက် ၅ ချက် ကျွန်တော်ပြောလိုပါတယ်။ နံပတ် ၁ အချက်ကတော့ ကျွန်တော်တို့ဒီရောဂါသည် စောစောက ကျွန်တော်ပြောသလိုပဲ ဘယ်လိုမှ အရှင်းပျောက်မယ့် အခြေအနေမဟုတ်ဘူး၊ အရှင်းပျောက်မယ့်အခြေအနေမဟုတ်တဲ့အတွက်ကြောင့် ကျွန်တော်တို့က ပတ်ဝန်းကျင်ကောင်းတွေကို ဖန်တီးပေးဖို့လိုတယ်။ ဥပမာအားဖြင့် - ကျန်းမာရေးနဲ့ ညီညွတ်တဲ့ လူနေမှုစရိုက်တွေ၊ လူနေမှုစနစ်တွေ ဒါတွေကို ကျွန်တော်တို့က လုပ်ပေးဖို့လိုတယ်။ ဒါကျတော့လည်း လူတွေရဲ့ အသိပညာ၊ အတတ်ပညာ၊ နောက်တစ်ခါ လူမှုအဆင့်အတန်းဆိုတာဟာလည်း ဝင်ငွေတို့၊ ဘာတို့လည်း စကားပြောတယ်၊ စီးပွားရေးကောင်းဖို့လည်း လိုတယ်။ နိုင်ငံတော်အစိုးရကလည်း ဝင်ငွေကောင်းနေဖို့လိုတယ်၊ ပြည်သူကလည်း ဝင်ငွေကောင်းနေဖို့ လိုတယ်။ အစိုးရကလည်း ဝင်ငွေရှိမှသာ အစိုးရတာဝန်ယူရတဲ့ ပတ်ဝန်းကျင်ကောင်းတွေကို၊ ဥပမာ-ပန်းဥယျာဉ်တွေ ဖော်ထုတ်ပေးတာတို့၊ ရေစီးရေလာကောင်းအောင် ဆောင်ရွက်ပေးတာတို့၊ ဒါကျတော့ အစိုးရဝင်ငွေရှိမှ လုပ်လို့ရတာတွေရှိတယ်။ ပတ်ဝန်းကျင်ကောင်းတွေပေါ့၊ တစ်ဦးချင်းကျတော့လည်း သူတို့အိမ်တွေကို သန့်သန့်ရှင်းရှင်းနဲ့ သပ်သပ်ရပ်ရပ်နဲ့ လေလုံမိုးလုံနဲ့ ဒီလိုလုပ်နိုင်တဲ့ အခြေအနေမျိုး ပတ်ဝန်းကျင်ကောင်းတွေ ကျွန်တော်တို့ ဖန်တီးဖို့လိုပါတယ်။ နံပါတ် ၁ အချက် အရေးကြီးပါတယ်။ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးရမယ်။ ပြည်သူရော၊ အစိုးရရောလုပ်ရမယ့် သဘောရှိတာပေါ့၊ ဒုတိယက ဘာလဲဆိုတော့ ကိုယ်ခံစွမ်းအားတွေ ကောင်းအောင်၊ တစ်ဦးချင်းရဲ့ ကိုယ်ခံစွမ်းအားတွေကောင်းအောင်၊ ကျန်းမာကြံ့ခိုင်အောင် ကျွန်တော်တို့ကလုပ်ရမယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့က အားကစားတွေ ဘာတွေအားပေးရမယ်။ လူတွေ ကိုယ်ခံစွမ်းအားကောင်းအောင် ကျွန်တော်တို့က လုပ်ပေးရမယ်။ အဲ့ဒါနဲ့ ဆက်စပ်တာက ဘာလဲဆိုတော့၊ စားနပ်ရိက္ခာတွေ ဖူလုံပေါများရေးပေါ့၊

တတိယအချက်က ဖူလုံပေါများရေးပါ။ စားနေမှလည်း သူကအားရှိမှာ။ အားရှိမှလည်း ကိုယ်ခံစွမ်းအားဆိုတာလည်း ရှိမှာ၊ အားမရှိဘဲနဲ့ ကိုယ်ခံစွမ်းအား ဘယ်လိုမှ ကောင်းစရာမရှိဘူး။ ကြံ့ခိုင်ဖို့ဆိုတာကလည်း လေ့ကျင့်မှပေါ့၊ လေ့ကျင့်မှသာ ကိုယ်ခံစွမ်းအားဆိုတာကလည်း ကောင်းလာမှာပေါ့၊ ဒီလိုဖြစ်အောင် ကျွန်တော်တို့ကလုပ်ရမယ်။ အဲ့ဒီတော့ ကျွန်တော်တို့က စားနိုင်အောင်လုပ်ပေးရမယ်။ စားနိုင်အောင်လုပ်ပေးဆိုတော့၊ စောစောက ကျွန်တော်ပြောသလို ကျွန်တော်တို့က စိုက်ပျိုးရေး၊ မွေးမြူရေးကိုအခြေခံတဲ့ တိုင်းပြည်တစ်ခုဖြစ်တဲ့အတွက် ကျွန်တော်တို့မှာစားရေရိက္ခာ မပေါစရာ၊ မပြည့်စုံစရာ အကြောင်းမရှိဘူး၊ ကျွန်တော်တို့လုပ်ဖို့ပဲလိုတယ်။ ကျွန်တော်တို့က စားရေရိက္ခာပေါများအောင်လုပ်ပေးနိုင်မယ်ဆိုလို့ရှိရင်၊ ကျွန်တော်တို့ပေါပေါများများစားရမယ်ဆိုရင် လူတွေရဲ့ကျန်းမာရေးမှာ များစွာအထောက်အကူရလာလိမ့်မယ်။ ဒါကိုမှတစ်ခါ ပတ်ဝန်းကျင်ကောင်းနဲ့ပေါင်းစပ်ပြီးတော့ လုပ်မယ်ဆိုလို့ရှိရင်၊ နောက်ကျန်းမာကြံ့ခိုင်ရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ ဒီရောဂါနဲ့ပတ်သက်ပြီးတော့ ကာကွယ်ရေးမှာတော့ များစွာအကျိုးရှိမယ်ဆိုတာတော့ ကျွန်တော်တို့ပြောလိုတယ်။ နောက်တစ်ခု အဲ့ဒီလိုလုပ်နိုင်ဖို့ဆိုတာက တစ်ဖက်ကလည်း ကာကွယ်ကုသဆေးတွေ ပြည့်စုံအောင်ဆောင်ရွက်ပေးဖို့လိုပါတယ်။ ကာကွယ်ဆေးရယ်၊ ကုသဆေးရယ်၊ ဒါအနာဂတ်မှာ မလုပ်လို့မရပါဘူး၊ အနာဂတ်မှာ ကာကွယ်ဆေးရော၊ ကုသဆေးရော ကျွန်တော်တို့ထုတ်ကိုထုတ်ရမယ်၊ ဒါ ပြည်တွင်းမှာ ကျွန်တော်တို့ မလုပ်လို့မရဘူး၊ လူသန်းပေါင်း ၅၀ ကျော်လောက်ဟာကို၊ တစ်ချိန်လုံး နိုင်ငံခြားကဝယ်ဖို့ဆိုတာကတော့ တိုင်းပြည်မွဲသွားလိမ့်မယ်။ အဲ့ဒီတော့ ကျွန်တော်တို့ဆီမှာ ထုတ်လို့

ရအောင် ကျွန်တော်တို့ ကြိုးစားရမယ်။

ကာကွယ်ဆေးရော၊ ကုသဆေးရော ကျွန်တော်တို့ ရအောင်လုပ်ကြမယ်။ နောက်တစ်ခုက ဘာလဲဆိုရင် အဲဒီထဲမှာ လူပြောများနေတာက တိုင်းရင်းဆေးပါ။ တိုင်းရင်းဆေးကလည်း အခုကျန်းမာရေးဝန်ကြီးဌာနရယ်၊ နောက်တစ်ခါ ကာကွယ်ရေးဝန်ကြီးဌာနအောက်မှာရှိတဲ့ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးက ဆေးသုတေသနတပ်တွေရယ်၊ ပေါင်းစပ်ပြီးတော့ ကျွန်တော်တို့ဒါတွေ သုတေသနလုပ်နေတာရှိတယ်။ တိုင်းရင်းဆေးဦးစီးဌာနရောပေါ့။ အဓိကကတော့ တိုင်းရင်းဆေးကနေဦးစီးပြီး လုပ်ကြတာပေါ့၊ ဒါကို ခေတ်သစ်နည်းပညာတွေနဲ့ပေါင်းစပ်ပြီးတော့ တိုင်းရင်းဆေးတွေကို ကျွန်တော်တို့ ဖော်ထုတ်ဖို့ လိုတယ်။ ပြည်နယ်တွေမှာလည်း တိုင်းရင်းဆေးပညာရှင်တွေရှိပါတယ်။ ဆေးအကျော်အမော်တွေရှိကြတယ်။ ကရင်ပြည်နယ်မှာရှိတယ်။ ကချင်ပြည်နယ်မှာရှိတယ်။ ရှမ်းပြည်နယ်မှာရှိတယ်။ ဒါလည်း ပြည်နယ်တွေမှာလည်း ကျွန်တော်တို့ မပြောနိုင်တဲ့ မသိတဲ့ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ပညာရှင်တွေရှိမှာပါ။ သူတို့နဲ့ခေါ်ယူတွေ့ဆုံဆွေးနွေးပြီးတော့မှ လက်တွေ့ကျတဲ့ဟာပေါ့ဗျာ၊ ကျွန်တော်တို့မှာတော့ တစ်ဖုံထည့်မယ်တို့၊ နှစ်ဖုံထည့်မယ်တို့၊ သေချာသိပ်ပံနည်းကျပေါ့။ သူ့ရဲ့ စကေးလ်အတိအကျနဲ့၊ တစ်ကယ့်ကို နည်းစနစ်ကျကျနဲ့ ဖော်ထုတ်ပြီးတော့မှ ဆောင်ရွက်မယ်ဆိုရင် ကျွန်တော်တို့ရဲ့ကိုဗစ်နဲ့ပတ်သက်တဲ့ကာကွယ်ကုသဆေးဟာ ပြည်တွင်းမှာပဲ လုပ်လို့ရမယ့်အနေအထားရှိတယ်။ ဒါကိုလည်း တိုင်းရင်းဆေးအပါအဝင် ကာကွယ်ဆေး၊ ကုသဆေးများကိုလည်းပြည့်စုံအောင် ရေရှည်အတွက်ကြည့်ပြီး ဆောင်ရွက်ပေးကြဖို့ ကျွန်တော်ပြောလိုပါတယ်။ နောက် နံပါတ် ၅ အချက်ပေါ့ အဲဒါဘာလဲဆိုတော့ ပြည်သူတွေကို ဝင်ငွေကောင်းအောင် ဆောင်ရွက်ပေးဖို့ပဲ၊ ဝင်ငွေမရှိရင် ဘာမှလုပ်လို့မရဘူး။ အမြဲတမ်း၊ ထာဝရဝင်ငွေရနေရမယ်။ ကျွန်တော်တို့တိုင်းပြည်မှာ အရင်အစိုးရတွေလက်ထက်ကတည်းက ပြောတယ်။ ဆင်းရဲမှုနှုန်းလျော့ချရေးဆိုပြီးတော့ လုပ်နေတာရှိတယ်။ ရာနှုန်းပြည့်မအောင်မြင်သေးပါဘူး၊ ခုထက်ထိမအောင်မြင်သေးဘူး၊ အခုကိုဗစ်ဖြစ်တော့ ပိုဆိုးလာတယ်။ ပိုပြီးတော့ ဆင်းရဲမှုတွေ ပိုများလာတယ်။ အဲဒီတော့ ပြည်သူတွေရအောင် ဆောင်ရွက်ပေးရမယ်။ ဝင်ငွေရဖို့နည်းလမ်းကတော့ ဘာလဲဆိုတော့ စောစောကပြောတဲ့ ရေခဲမြေခဲရှိပြီးသား စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကနေပြီးတော့ ဝင်ငွေရအောင်ရှာဖို့ပဲ၊ အဲဒီတော့ ပြည်နယ်နဲ့တိုင်းအစိုးရများက ဦးဆောင်ပြီးတော့မှ ထိထိမိမိဆောင်ရွက်ပေးပါလို့ ပြောချင်ပါတယ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက ကမ္ဘာနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် မြန်မာနိုင်ငံတို့အတွင်း ကူးစက်ပြန့်ပွားမှုနှင့် ကူးစက်ပြန့်ပွားမှုလျော့ကျလာသည့် အခြေအနေများ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေ၊ ရောဂါဖြစ်ပွားလာမှုကုသခြင်းထက် မဖြစ်ပွားမီကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေ၊ ကူးစက်ပြန့်ပွားမှုကျဆင်းလာသည်နှင့်အညီ ဖြေလျော့မှုများ ဆောင်ရွက်ရာတွင် ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေ၊ စင်တာများအလိုက် ပြုစုကုသမှုဆောင်ရွက်ပေးနေသည့်အခြေအနေ၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် နိုင်ငံသားများအား ရောဂါစစ်ဆေးခြင်းနှင့် ကူးစက်မှုထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံတကာမှ မှာယူထားသည့် ကာကွယ်ဆေးများရောက်ရှိမှု၊ ထိုးနှံရေးဆောင်ရွက်နေမှု၊ ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများနှင့် ဆက်လက်ထိုးနှံရေးဆောင်ရွက်သွားမည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ကာကွယ်ဆေးများဖြန့်ခွဲပို့ဆောင်နေမှု၊ ရောက်ရှိမှုနှင့် ဆေးထိုးနှံရေး ဆောင်ရွက်နေမှုအခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာဝန်ထမ်းများနှင့် မိသားစုဝင်များအား ကာကွယ်ဆေးထိုးနှံရေးဆောင်ရွက်နေမှုအခြေအနေများ၊ အာဆီယံအပါအဝင် နိုင်ငံတကာမှ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ကူညီထောက်ပံ့မှုများဆောင်ရွက်ပေးရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ အောက်ဆီဂျင်လိုအပ်ချက်နှင့်ပတ်သက်၍ ပြည်ပမှမှာယူတင်သွင်းနေမှု၊ ထပ်မံရောက်ရှိလာမည့်အခြေအနေ၊ ပြည်တွင်းထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ အောက်ဆီဂျင်ဝယ်ယူရောင်းချမှုများတွင် မှောင်ခိုစျေးကွက်ဖြစ်ပေါ်

မှုမရှိစေရေးနှင့် စျေးနှုန်းကြီးမြင့်လာမှုမရှိစေရေး ထိန်းချုပ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကုသရေးလုပ်ငန်းများတွင် ပါဝင်လျက်ရှိသူများကို လေ့ကျင့်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ ကိုဗစ်ရောဂါနှင့် ဆက်စပ်ဆေးဝါးများ ဖြန့်ချိရေးဆောင်ရွက်နေမှု အခြေအနေများ၊ ဆေးဝါးများတင်သွင်းနိုင်ရေးအတွက် ဖြေလျော့ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည့်အခြေအနေများ၊ ဆေးပစ္စည်းများ ဖွင့်လှစ်ရောင်းချမှုနှင့်ပတ်သက်၍ ကြပ်မတ်ဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံများမှ နေ့စဉ်ဆေးဝါးထုတ်လုပ်မှု၊ နိုင်ငံအနှံ့သို့ ဖြန့်ဝေပေးနေမှုအခြေအနေများ၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် နိုင်ငံသားများအတွက် Relief Flight များပြေးဆွဲ၍ နိုင်ငံသားများအား ပြန်လည်ခေါ်ယူခဲ့မှု၊ ဆေးပစ္စည်းများ သယ်ဆောင်ခဲ့မှုအခြေအနေများ၊ ပြည်တွင်းရေကြောင်း၊ လေကြောင်းနှင့် ရထားပို့ဆောင်ရေးခရီးစဉ်များ ပြေးဆွဲလျက်ရှိသည့်အခြေအနေများ၊ တိုင်းရင်းဆေးမှတဆင့် ကာကွယ်ဆေးနှင့် ကုသဆေးများထုတ်လုပ်နိုင်ရေး တိုင်းရင်းဆေးသမားတော်များအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းလိုအပ်လျက်ရှိသည့်ဒေသများတွင် ဝန်ထမ်းများခန့်အပ်ထားရှိမှု အခြေအနေများ၊ ပြည်သူလူထုအား ရုပ်သံလိုင်းများ၊ သတင်းစာများ၊ မီဒီယာများမှတစ်ဆင့် ကျန်းမာရေးအသိပညာပေးအစီအစဉ်များကို ထုတ်လွှင့်နေမှု၊ တိုင်းရင်းသားဘာသာများဖြင့် ထုတ်လွှင့်ပေးနေမှုအခြေအနေများ၊ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို အချိန်နှင့်တပြေးညီ ပြန်ကြားဆောင်ရွက်နေမှုအခြေအနေများ၊ တပ်မတော်ဆေးရုံများတွင် ကုသရေးဆောင်ရွက်ပေးနေသည့် အခြေအနေနှင့် အောက်ဆီဂျင်ထုတ်လုပ်သုံးစွဲဖြန့်ဝေပေးနေမှုအခြေ အနေများ၊ ကုသရေးစင်တာများတွင် တပ်မတော်သား ဆေးတပ်ဖွဲ့ဝင်များဖြင့် တာဝန်ပေးအပ်ထားမှု အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ရောက်ရှိလာသည့် ဆေးဝါးများကို စဉ်ဆက်မပြတ်ဖြန့်ဝေ၍ အချိန်နှင့်တပြေးညီ လျင်မြန်စွာ ထိုးနှံပေးသွားရန် လိုအပ်ကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကို ဦးစားပေးထိုးနှံနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းရင်းဆေးမှ ကာကွယ်ဆေးနှင့် ကုသဆေးများထုတ်လုပ်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ဆေးတပ်ဖွဲ့တို့မှ စနစ်တကျ သုတေသနပြု၍ ခိုင်မာတိကျစွာဖြင့် ထိထိရောက်ရောက်ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မိမိတို့နိုင်ငံသားများအား ရောဂါကူးစက်မှု ရှိ၊ မရှိ စနစ်တကျစိစစ်၍ ရောဂါကူးစက်ခံရသူများအား ဆေးဝါးကုသမှုများကို ထိထိရောက်ရောက်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကူးစက်ခံရမှုမရှိသူများကိုလည်း လိုအပ်သည့်စောင့်ကြည့်မှုများပြီးစီးပါက သက်ဆိုင်ရာနေရပ်အသီးသီးသို့ ပြန်လည် စေလွှတ်ပေးနိုင်ရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အစိုးရအဖွဲ့များက ကူညီဆောင်ရွက်ပေးသွားရန်လိုအပ်ကြောင်း ဖြင့် ဖြည့်စွက်ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကာကွယ်ဆေးများထိုးနှံနိုင်ရေးနှင့်ပတ်သက်၍ “ကာကွယ်ဆေးနဲ့ပတ်သက်လို့ရှိရင် မြန်မြန်ဖြန့်ဖို့လိုတယ်။ ရောက်တဲ့ကာကွယ်ဆေးတွေမြန်မြန်ဖြန့်၊ ရောက်တာက ကျွန်တော်တို့က ပြည်ပကလာ တဲ့အခါကျမန္တလေးနဲ့ ရန်ကုန်က၊ အဓိကကတော့ ရန်ကုန်ပေါ့၊ ရန်ကုန်ကနေပြီးတော့ နောက်တစ်ခါမန္တလေးပေါ့၊ ဒါကတော့ ရှိတာပေါ့။ သို့သော်အဲ့ဒီကနေပြီးတော့ သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းတွေကို မြန်မြန်ဖြန့်ဖို့လိုတယ်။ အဲ့တော့တစ်ရက်စောပြီးရောက်ရင် တစ်ရက်ဆေးတစ်ရက် ကြိုထိုးနိုင်လို့ရှိရင် တစ်ရက်ပိုပြီး ကာကွယ်မှုပိုလုပ်နိုင်တာပေါ့။ စောစောပိုလုပ်နိုင်တယ်။ ဒါကာကွယ်ဆေးနှင့်ပတ်သက်တာပေါ့။ ဒီလိုပဲ ထုတ်ကုန်ပစ္စည်းတွေ၊ ကျွန်တော်အဖွင့်မှာပြောလိုက်တဲ့ ဒေသမှာရှိတဲ့ ကုန်ထုတ်လုပ်မှုကထွက်နေတဲ့ စားကုန်၊ သောက်ကုန်ပစ္စည်းတွေရှိတယ်၊ ဒါတွေကိုလည်း မြန်မြန်ဖြန့်နိုင်ဖို့လိုတယ်၊ ထိထိရောက်ရောက် ဖြန့်နိုင်ဖို့လိုတယ်။ ဥပမာအားဖြင့် ရှမ်းပြည်နယ်မှာ မနှစ်ကဖြစ်ခဲ့ဖူးတယ်၊ ကျွန်တော်တို့ ခရမ်းချဉ်သီးတွေ၊ ကြက်သွန်ဖြူတွေ၊ နောက်တစ်ခါ ဂေါ်ဖီတွေ၊ ဟင်းသီးဟင်းရွက်တွေ အဲ့လိုပဲဖြစ်လို့ဆိုပြီးတော့ ကျွန်တော်တို့ ပြည်နယ်အစိုးရနဲ့ စစ်

တိုင်းစစ်ဌာန ချုပ်နဲ့ပေါင်းပြီးတော့မှ သမဝါယမ ဒီလိုနဲ့ လုပ်ကြတာရှိတယ်၊ အမြန်ဆုံးဖြန့်ကြပြုကြပေါ့၊ ပုဂ္ဂလိက တွေကလဲဒီလိုဘဲ ဝိုင်းကူကြနဲ့ ဒီလိုဖြစ်ကြတာရှိတယ်၊ ဆိုလိုတာကတော့ လက်ဝယ်ပုံမနေဖို့လိုတယ်။ ငွေမြန်မြန်ပြန်ပေါ်လာဖို့လိုတယ်၊ အလုပ်ဖြစ်ဖို့လိုတယ်၊ အဲ့ဒါနံပါတ်တစ်အချက်ပေါ့၊ နံပါတ်နှစ် မြန်မြန်သုံးဖို့ပေါ့၊ ဆေးတွေရောက်လာတယ်၊ ကာကွယ်ဆေးတွေ ခင်ဗျားတို့ လက်ထဲရောက်လာတယ်၊ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးတွေရောက်ကြမယ်၊ ရောက်မယ်ဆိုရင် ဒီဆေးတွေမြန်မြန်ထိုးနိုင်ဖို့လိုတယ်၊ စောစောက ကျွန်တော်ပြောသလို တစ်ရက်စောရောက်ပြီးတော့ တစ်ရက်စောပြီးတော့ မြန်မြန်ထိုးနိုင်လေ တစ်ရက်ကြိုပြီး ကာကွယ်မှုပေးနိုင်တာ။ ရာနှုန်းပြည့်မဟုတ်တောင်မှ ဘာပဲပြောပြော အထိုက်အလျောက်တော့ အကာအကွယ်ဖြစ်မယ်။ ကာကွယ်ဆေးထိုးထားလို့ရှိရင်။ ဒါကတော့ မြန်မြန်ဖြန့်ဖို့ရယ်၊ မြန်မြန်သုံးဖို့ရယ်။ ဒီနှစ်ခုကတော့ ဒီကိုဗစ်ရောဂါနဲ့ပတ်သက်ပြီးတော့ ထိထိရောက်ရောက် လိုမယ်လို့ ပြောလိုပါတယ်။

ထိုနောက် မိမိတို့အဖွဲ့သည် အမြင့်ဆုံးအဖွဲ့အစည်းဖြစ်ပြီး လုပ်ငန်းများအား ချက်ချင်းဆောင်ရွက်နိုင်ရန် အတွက် အဆုံးအဖြတ်ပေးသည့်အဖွဲ့ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးရန် ရာခိုင်နှုန်းအများဆုံးကျန်ရှိသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ကာကွယ်ဆေးများ အမြန်ဆုံးထိုးနှံနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ လက်ဝယ်ကျန်ရှိနေသည့် ကာကွယ်ဆေးများအား အမြန်ဆုံးထိုးနှံနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စီမံဆောင်ရွက်ရန်လိုပြီး လိုအပ်ချက်များအား သက်ဆိုင်ရာကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ အချိန်နှင့်တစ်ပြေးညီတင်ပြ၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် လိုအပ်သည့်ဆေးဝါးများအား ရောင်းချကြရာတွင် အချို့ဆေးဆိုင်များမှာ အခက်အခဲအချို့ကြောင့် ဆိုင်များပိတ်ထားခြင်းဖြစ်သော်လည်း အချို့သောဆေးဆိုင်များနှင့် ဆေးဒိုင်များသည် ပြည်သူများအရေးတစ်ကြီးလိုအပ်ချိန်များတွင် မသမာသော ရည်ရွယ်ချက်များ၊ မတော်လောဘများဖြင့် ဆေးဝါးများနှင့် အောက်ဆီဂျင်များအား အဆမတန်ဈေးများတင်၍ ရောင်းချနေခြင်းများရှိကြောင်း၊ ထိုသို့ဆောင်ရွက်နေမှုများအား တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက်စိစစ်၍ ဥပဒေနှင့်အညီစစ်ဆေး အရေးယူဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင်လည်း အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားသည့် NUG နှင့် PDF အဖွဲ့များအနေဖြင့် ကာကွယ်ဆေးထိုးမှု၊ ကျန်းမာရေးစောင့်ရှောက်မှုများကို အနှောင့်အယှက်ပေးနေသည့် ဖြစ်စဉ်များရှိကြောင်း၊ နိုင်ငံ၏လုံခြုံရေးအရ စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏ အမျိုးသားရေးကိုထိခိုက်စေမှုကြောင့် ဆေးဝါးများနှင့်ပတ်သက်၍ စနစ်တကျ ထိထိရောက်ရောက်ကိုင်တွယ်ဆောင်ရွက်ရန်လိုကြောင်း၊ ကာကွယ်ကုသဆေးများအား ပြည်သူများ ဈေးနှုန်းမှန်ကန်စွာဖြင့် ဝယ်ယူအသုံးပြုနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများမှ စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကုန်ထုတ်လုပ်မှုများ ပြတ်တောက်မှုမရရှိစေရေး အားပေးဆောင်ရွက်နေရန်လိုကြောင်း၊ ကုန်ဈေးနှုန်းများကြီးမြင့်ခြင်းတွင် Supply နှင့် Demand မျှတမှုမရှိပါက ကုန်ဈေးနှုန်းကြီးမြင့်ခြင်းသည် ယေဘုယျအားဖြင့် မှန်ကန်မှုရှိကြောင်း၊ လက်တွေ့ဆောင်ရွက်နေရသူများမှာပိုအရေးကြီးကြောင်း၊ ထို့ကြောင့် Supply နှင့် Demand မျှတအောင်ဆောင်ရွက်နေရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများက စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ "အူမတောင့်မှ သီလစောင့်မည်" ဆိုသည့် အတိုင်း အလုပ်အကိုင်များ ရရှိအောင် ဆောင်ရွက်ပေးပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်မှုသည် အရေးအကြီးဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် စားနပ်ရိက္ခာများဖူလုံအောင် ပြုလုပ်၍ ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေများရရှိအောင်ဆောင်ရွက်ပေးခြင်းဖြင့် အခြားကဏ္ဍများကိုလည်း အထောက်အကူပေးနိုင်မည် ဖြစ်ကြောင်း မှာကြားသည်။

■■■■■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၁၀ - ၈ - ၂၀၂၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁) ကို ဩဂုတ်လ ၁၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာဌေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦးတို့ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

မူဝါဒအဖြစ် ဆောင်ရွက်နေခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ဩဂုတ်လ ၁ ရက်နေ့မှစ၍ အိမ်စောင့်အစိုးရအဖြစ် ပြင်ဆင်ဖွဲ့စည်းပြီး အစိုးရအဖွဲ့အကြီးအကဲ ဝန်ကြီးချုပ်အနေဖြင့် မိမိကတာဝန်ယူ၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုးတက်ရာတိုးတက်ကြောင်းကိစ္စရပ်များအား အားလုံးစုပေါင်းဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ အစိုးရတစ် ရပ်သည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေး လုပ်ဆောင်ပေးရန်တာဝန်ရှိကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရ၊ ပါတီမူဝါဒများဖြင့် ဆောင်ရွက်သည့် အစိုးရမဟုတ်ဘဲ နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ၏ နိုင်ငံတော်အတွက်ဆောင်ရွက်ရန် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့အား မူဝါဒအဖြစ် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အဆိုပါမူဝါဒများအား အောင်မြင် အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူရမည့်ကာလသည် အချိန်ကာလခဏသာဖြစ်ကြောင်း၊ တာဝန်ထမ်းဆောင်မှု (၆) လပြည့်မိန့်ခွန်းတွင် မိမိအနေဖြင့်ပြောကြားပြီးဖြစ်ကြောင်း၊ အရေးပေါ်ကာလသတ်မှတ်ခြင်းနှင့် ဆောင်ရွက်၍ မပြီးပါက ဥပဒေအရ ခွင့်ပြုနိုင်သည်များရှိသည်ကို အရေးပေါ်ကာလ ပြဋ္ဌာန်းချက်ဥပဒေအခန်းတွင်ပါရှိပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုအပေါ်တွင်မူတည်၍ လုပ်ငန်းရပ်များဆောင်ရွက်ရသည့်ကာလများ အပြောင်းအလဲဖြစ်လာနိုင်ကြောင်း၊ အချိန်ကာလအားဖြင့် ခေတ္တတာဝန်ယူဆောင်ရွက်သည်ဆိုသော်လည်း ပြည်သူများ စားရေး၊ ဝတ်ရေး၊ နေရေး၊ ထိုင်ရေးကိစ္စများအား မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အတူ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှု၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုများရှိအောင်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ရွေးကောက်ပွဲအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်

ပြည်သူများ၏ စားဝတ်နေရေးကိစ္စများ ဆောင်ရွက်ရာတွင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စများကိုလည်း စဉ်ဆက်မပြတ်

ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအသွင်ကူးပြောင်းကာ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းခဲ့ပြီး သမ္မတကြီးဦးသိန်းစိန် လက်ထက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ ဆောင်ရွက်၍ရသည်များကို ဆောင်ရွက်ပေးခဲ့သကဲ့သို့ ၂၀၁၆ ခုနှစ်တွင် တက်လာသည့် အစိုးရအနေဖြင့်လည်း နိုင်ငံပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအား တတ်နိုင်သမျှ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့လျှောက်လှမ်းရာတွင် ပြည့်စုံမှုမရှိသေးဘဲ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိနေသေးကြောင်း၊ ပြီးခဲ့သည့် ဖြ လတာကာလအတွင်း ဖြစ်ပေါ်ခဲ့သည့်အခြေအနေအရပ် ရပ်အား သုံးသပ်ကြည့်ပါက ဒီမိုကရေစီနှင့်ပတ်သက်၍ ဆောင်ရွက်ရန်ရှိသည်များ များစွာရှိသေးသည်ကို သင်ခန်းစာတစ်ခုအနေဖြင့် ရရှိကြောင်း၊ ဒီမိုကရေစီ၏ အခြေခံမူနှင့် ကိုက်ညီအောင်လည်း ဖော်ဆောင်ပေးရမည့် လုပ်ငန်းရပ်များရှိကြောင်း၊ အဆိုပါလုပ်ငန်းရပ်များမှာ ဥပဒေ၊ စည်းကမ်းများအား ယခုထက်ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မိမိတို့သွားနေသည့် နိုင်ငံရေးလမ်းကြောင်းသည် ပြည်သူများ၏ဆန္ဒဖြစ်သော်လည်း နိုင်ငံ၏ ပကတိအခြေအနေများနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ၁၉၈၈ ခုနှစ်တွင် ဒီမိုကရေစီတောင်းဆိုမှုများရှိခဲ့သော်လည်း ဒီမိုကရေစီနှင့်ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိနားလည်သူများ နည်းပါးသည်ကို မှတ်တမ်းမှတ်ရာများအရ လေ့လာသိရှိရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီသည့် ဒီမိုကရေစီတည်ဆောက်မှုကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်

မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိပြီး အများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြကြောင်း၊ ထို့ကြောင့် ဗုဒ္ဓအဆုံးအမ၏ယဉ်ကျေးမှုအောက်တွင် မြန်မာ့ယဉ်ကျေးမှုစရိုက်လက္ခဏာ များစွာရှိကြောင်း၊ ရှေးရိုးစွဲခြင်းမဟုတ်ဘဲ နိုင်ငံတစ်ခုကို တည်ဆောက်ရာတွင် အမျိုးသားရေးစရိုက်လက္ခဏာ (National Characteristics) ကို ပထမဆုံးထည့်သွင်းစဉ်းစားဆောင်ရွက်ရန် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးခန့်ရှိကြောင်း၊ ပြည်သူများ၊ တိုင်းရင်းသားအားလုံးအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လက်ခံကြကြောင်း၊ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်မှု၊ ညီညွတ်မှု၊ သာယာဝပြောမှု စသည့်အကျိုးများကို ခံစားချင်ကြသူများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံရှိ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး အများအားဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို ဆောင်ရွက်ကြကြောင်း၊ မိမိတို့နိုင်ငံတွင် သင့်တင့်သည့် ရာသီဥတုများရှိပြီး မြောက်မှတောင်သို့ စီးဆင်းနေသည့် ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်း၊ လေးမြို့၊ ကုလားတန်စသည့် မြစ်ကြီးများနှင့် အခြားမြစ်များရှိကြောင်း၊ အဆိုပါ မြစ်ကြီးများပေါ်တွင်အခြေခံ၍ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံ၏ ပကတိအခြေအနေများပင်ဖြစ်

နိုင်ငံအတွင်း ပညာတတ်များပေါများရန်လိုအပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံသည် ပညာတတ်များ ပေါကြွယ်ဝရေးအတွက် ကြိုးပမ်းဆောင်ရွက်နေရသကဲ့သို့ ဆင်းရဲမွဲတေမှုများကို လျှော့ချနေရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံရေးအခြေအနေများနှင့် ကိုဗစ်-၁၉ ဖြစ်ပွားမှု၊ စီးပွားရေးကျဆင်းမှုများကြောင့် ပိုမိုရုန်းကန်နေရသည်များရှိကြောင်း၊ နိုင်ငံအတွင်း အလုပ်အကိုင်အခက်အခဲများကြောင့် ပြည်ပနိုင်ငံများသို့ သွား ရောက်၍ အလုပ်အကိုင်များဆောင်ရွက်နေသူများရှိကြောင်း၊ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိသည့်အချိန်ကတည်းက တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခသည် ယနေ့အချိန်အထိ နှစ်ပေါင်း ၇၅ နှစ်နီးပါးခန့်ရှိနေသေးကြောင်း၊ အလားတူ အိမ်နီးခြင်းနိုင်ငံအချို့နှင့် လူဝင်မှုပြဿနာများကြောင့် နိုင်ငံသားပြဿနာများရှိသည့်အပြင် အသက် (၁၈)နှစ်ပြည့်ပြီး နိုင်ငံသားမှတ်ပုံတင်မရရှိသေးသည့် နိုင်ငံသားဦးရေ ၄ သန်းခန့်ရှိသည်ကို စိစစ်တွေ့ရှိရကြောင်း၊ အဆိုပါအချက်များသည် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေများပင်ဖြစ်ကြောင်း၊ အဆိုပါအချက်များအပေါ်တွင်မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် နိုင်ငံကို မည်ကဲ့သို့တိုးတက်အောင် ဆောင်ရွက်ရမည်ကို စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ ကြွယ်ဝရေးသည် မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်သဖြင့် ပညာရေးကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေခံ

ဥပဒေတွင် နိုင်ငံသားတိုင်းသည် ဥပဒေဖြင့်ပြဋ္ဌာန်းထားသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်ဟု ပါဝင်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မိမိတို့ဒေသအလိုက် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်ပူးပေါင်း၍ စီမံဆောင်ရွက်ရန်လိုကြောင်း၊ စာသင်ကျောင်းများ ဥပဓိရုပ်များ ကောင်းမွန်ပြည့်စုံရေး၊ သင်ကြားရေး အထောက်အကူပြုပစ္စည်းများပြည့်စုံရေး၊ အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများရရှိရေးအတွက်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင် စာမတတ်သူပပျောက်ရေးမှတစ်ဆင့် ပြည်သူများ အခြေခံပညာအလယ်တန်း ပြီးဆုံးသည်အထိ ရည်မှန်းချက်ထားဆောင်ရွက်ကြရန်လိုကြောင်း။

ပထမဦးဆုံး ဦးစားပေးဆောင်ရွက်

အလားတူ စိုက်ပျိုးရေးနှင့် မွေးမြူရေး ပညာရှင်များ ပေါများရေးသည် အခြေခံလိုအပ်ချက်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးပညာရှင်များ ပေါများရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ စီးပွားရေးပညာရှင်များ၊ ဥပဒေပညာရှင်များ၊ နည်းပညာရှင်များ၊ ဆောက်လုပ်ရေးပညာရှင်များ၊ ဆရာဝန်များ၊ သူနာပြုများလည်း ပေါများရန်လိုအပ်ကြောင်း၊ ဒေသအလိုက် ပညာတတ်များ ပေါ်ထွက်လာစေရေး သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ပညာတတ်များပေါကြွယ်ဝခြင်းသည် နိုင်ငံအတွက် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း၊ နိုင်ငံအတွင်း ပညာတတ်များ ပေါများအောင်ဆောင်ရွက်ရေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဦးဆုံး ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်း။

ဦးစားပေးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်

စီးပွားရေးမြှင့်တင်မှုနှင့်ပတ်သက်၍ လူတစ်ဦးချင်း၏ ဝင်ငွေရရှိရေးအတွက် နိုင်ငံသားများ ပြည်တွင်း၌ အလုပ်အကိုင်များ ခိုင်ခိုင်မာမာရရှိအောင် ဖန်တီးဆောင်ရွက်ပေးရန်လိုကြောင်း၊ ခေတ်မီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဆိုပါက အဆိုပါလုပ်ငန်းများပေါ်တွင် မူတည်၍ စက်ရုံအလုပ်ရုံလုပ်ငန်းများ ဖွင့်လှစ်နိုင်ခြင်းဖြင့် အလုပ်အကိုင်များပေါများလာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေးပြည့်မီ

> **လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံးဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးလျက်ရှိ၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာ အသုံးချနိုင်ရေး ကြိုစားဆောင်ရွက်သွားရမည်ဖြစ်၊ မိမိတို့နိုင်ငံတွင် သဘာဝမှဖန်တီးပေးသော အသုံးချနိုင်သည့်အထင်ကရမြစ်ကြီးများ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်ရှိ၊ သဘာဝအလှအပေါ် ချစ်ခင်မြတ်နိုးသကဲ့သို့ နိုင်ငံနှင့်ဒေသနေပြည်သူတို့အတွက် မည်သို့အကျိုးရှိအောင် အသုံးချနိုင်မည်ကိုလည်း စဉ်းစားရန်လို။**

ရေးနှင့် စျေးကွက်ရရှိရေးအတွက် သုတေသနလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်ပြီး သင့်တင့်မျှတသည့်စျေးနှုန်းဖြင့်ရောင်းချနိုင်မည်ဆိုပါက မိမိတို့နိုင်ငံ၏ စိုက်ပျိုး မွေးမြူရေးထုတ်ကုန်များ စျေးကွက်ပိုမိုရရှိလာမည်ဖြစ်ကြောင်း၊ အလားတူဒေသအလိုက် ဝမ်းစာဖူလုံရေးအတွက် သီးနှံများအထွက်နှုန်းတိုးစေရေးဆောင်ရွက်နိုင်ပါက ဒေသအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ သီးနှံအထွက်နှုန်းသည် နိုင်ငံတကာထက် လျော့နည်းနေသေးကြောင်း၊ ဝမ်းစာဖူလုံမှုမရှိသည့် ဒေသများတွင် ဆန်နှင့် ဂျုံများအား ဦးစားပေးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဒေသပြင်ပမှ ဝယ်ယူစားသုံးမှု မပြုရခြင်း၊ ပြည်ပမှ ဝယ်ယူစားသုံးခြင်းများမပြုရပါက ဒေသအတွင်း၊ နိုင်ငံအတွင်း ငွေကြေးလည်ပတ်သုံးစွဲမှုများပြားလာပြီး နိုင်ငံချမ်းသာခြင်းပင်ဖြစ်ကြောင်း။

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျော့ချနိုင်

ပြည်ပသွင်းကုန်များ လျော့ချရေးနှင့်ပတ်သက်၍ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပြည့်ပြည့်စုံစုံဖြင့် ဆောင်ရွက်ရန်လိုအပ်ပြီး ပြည်ပသွင်းကုန်များ လျော့ချရေးသည် မိမိတို့နိုင်ငံအတွက် အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကုန်သွယ်မှုနှင့်ဘတ်ဂျက်လိုငွေ

များရှိကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ များပြားအောင်ဆောင်ရွက်ပြီး ပြည်ပသွင်းကုန်များ လျှော့ချရန်လိုကြောင်း၊ အထူးသဖြင့် ပြည်ပနိုင်ငံများမှ စားသုံးကုန်များတင်သွင်းနေရကြောင်း၊ ဥပမာအားဖြင့် စားသုံးဆီများအား ပြည်ပမှ ငွေကြေးသန်းပေါင်းများစွာဖြင့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများဖြစ်သည့် နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ ဆီအုန်းများကို စိုက်ပျိုးကြကြောင်း၊ ဆီအုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်တို့တွင် ဆီအုန်းစိုက်ဧက ၃၉၁၀၀၀ ကျော်ခွင့်ပြုပေးထားကြောင်း၊ အဆိုပါ စိုက်ဧကများအား အပြည့်အဝစိုက်ပျိုးနိုင်မည်ဆိုပါကဆီ တန်ချိန် ၄ ဒသမ ၅ သိန်းခန့်အထိ ထွက်ရှိနိုင်သည်ကို ပညာရှင်များ၏တွက်ချက်မှုအရသိရှိရကြောင်း၊ ဆီအုန်းမှဆီထွက်ရှိမှုသည့် အခြားဆီထွက်သီးနှံများထက်များပြားသည်ကိုတွေ့ရှိရသဖြင့် တနင်္သာရီတိုင်းဒေသကြီးအား မိမိတို့နိုင်ငံ၏ဆီအိုးကြီးအဖြစ် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သူများနှင့် လုပ်ငန်းရှင်များအနေဖြင့် ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ပါက ပြည်ပမှစားအုန်းဆီ တင်သွင်းမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ပြည်ပပို့ကုန်နှင့်ပတ်သက်၍ နိုင်ငံခြားငွေရရှိရန် တရားဝင်လမ်းကြောင်းမှ ပြည်ပပို့ကုန်များတင်ပို့နိုင်ရေးကို အားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပြည်ပငွေသုံးစွဲမှုများကို လျှော့ချ

ဝါစိုက်ပျိုးထုတ်လုပ်မှုနှင့်ပတ်သက်၍ အဝတ်အထည်များ ထုတ်လုပ်ရေးအတွက် ပြည်ပမှ တစ်နှစ်လျှင် ပျမ်းမျှအမေရိကန်ဒေါ်လာသန်း ၁၀၀ ဖိုးခန့်တင်သွင်းနေရကြောင်း၊ နိုင်ငံတွင် ဝါစက်ရုံများရှိပြီး စက်ရုံများအပြည့်အဝ လည်ပတ်နိုင်ရေးအတွက် ဝါကုန်ကြမ်းများ လုံလောက်စွာရရှိရေး ပြည်တွင်း၌လုံလောက်စွာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်ကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဝါစိုက်ပျိုးဧက ၄ သိန်းကျော်ရှိပြီး အထွက်နှုန်း နည်းပါးသည်ကို တွေ့ရှိရကြောင်း၊ ဝါများအထွက်နှုန်းတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေခြင်း၊ ပြည်ပမှဝါကုန်ကြမ်းများတင်သွင်းမှုကို လျှော့ချနိုင်ခြင်းနှင့် ပြည်တွင်းအထည်ချုပ်လုပ်ငန်းများကို အဆင့်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူပြည်ပနိုင်ငံများမှ ဘိလပ်မြေများ တစ်နှစ်လျှင် တန်ချိန် ၁ သန်းခန့် တင်သွင်းနေရကြောင်း၊ မိမိတို့နိုင်ငံရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်ရုံများမှ တစ်နှစ်လျှင် တန်ချိန် ၇ သန်းခန့်သာ ထုတ်လုပ်နိုင်ကြောင်း၊ စက်ရုံများစွမ်းအားပြည့် အပြည့်အဝလည်ပတ်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်အား လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဖြစ်၍ ပြည်ပငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စက်ရုံများစက်စွမ်းရည်ပြည့်ဝစွာထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော်မှ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဘိလပ်မြေများ၏ အရည်အသွေးပြည့်မီရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းက သတ်မှတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း။

သံမဏိထုတ်လုပ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ စက်ရုံများ စွမ်းအားပြည့်လည်ပတ်နိုင်ရန်လိုအပ်ကြောင်း၊ နိုင်ငံတွင် သံမဏိလိုအပ်ချက်များစွာရှိ၍ ပြည်ပမှတင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေဆုံးရှုံးမှုများဖြစ်ပေါ်ကြောင်း၊ အချို့စက်ရုံများမှာ တည်ဆောက်နေဆဲဖြစ်ပြီး ရပ်တန့်ထားရသဖြင့် နိုင်ငံအတွက် ဆုံးရှုံးခြင်းများဖြစ်ရကြောင်း၊ ပင်းပက်သံမဏိစက်ရုံနှင့် မြင်းခြံသံမဏိစက်ရုံများကို ပြန်လည် လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ရပ်တန့်ထားသည့် စက်ရုံများအား စွမ်းအားပြည့် ပြန်လည်လည်ပတ်စေခြင်းနှင့် နည်းပညာကို Up Grade ပြုလုပ်၍ အရည်အသွေးပြည့်ဝသည့် ထုတ်ကုန်များ ထွက်ရှိအောင်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း။

ကောင်းမွန်သော နိုင်ငံပုံရိပ်ကိုဖော်ဆောင်

ချည်ထည်စက်ရုံ၊ သံမဏိစက်ရုံ၊ ဘိလပ်မြေစက်ရုံတို့အပြင် ဆပ်ပြာ၊ သွားတိုက်ဆေးစသည့် လူသုံးကုန်ထုတ်လုပ်သည့် စက်မှုလက်မှုလုပ်ငန်းများ ဖန်တီးဖော်ဆောင်ပေးခြင်းဖြင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ပေးခြင်းသည် နိုင်ငံသားများ မိဝေးဖဝေးဖြင့် ပြည်ပသို့ထွက်ခွာ၍ အလုပ်အကိုင်ရှာဖွေရခြင်းမရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံသူနိုင်ငံသားများကို စောင့်ရှောက်မှုပေးနိုင်ခြင်း၊ အရိပ်အာဝါသပေးနိုင်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံပိုင်စက်ရုံ

များကို Public–Private Partnerships စနစ်ဖြင့်လည်း ဖော်ဆောင်နိုင်ရေး စီမံဆောင်ရွက်သွား မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရတစ်ခုတည်း ဆောင်ရွက်၍မရဘဲ ပုဂ္ဂလိက ကဏ္ဍာကိုလည်း မြှင့်တင်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကအနေဖြင့် လုပ်နိုင်သည့် နယ်ပယ်များစွာရှိ၍ လုပ်နိုင်သည့်အခြေအနေများကို ဖန်တီးပေးရန်လိုကြောင်း၊ တစ်ဖက်မှလည်း တိုင်းရင်းသားများ၏ SME လုပ်ငန်းများကို အားပေးမြှင့်တင်ရန်လိုအပ်ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးကို ဦးမော့လာစေပြီး ကောင်းမွန်သော နိုင်ငံပုံရိပ်ကို ဖော်ဆောင်နိုင်မည် ဖြစ်ကြောင်း။

အကျိုးရှိအောင် အသုံးချ

လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည် စွမ်းအင်သုံးဆိုလာစနစ်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို အားပေးလျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ရေအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေး ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှ ဖန်တီးပေးသော အသုံးချနိုင်သည့်အထင်ကရမြစ်ကြီးများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးတွင်ရှိကြောင်း၊ သဘာဝအလှအပေါ် ချစ်ခင်မြတ်နိုးသကဲ့သို့ နိုင်ငံနှင့် ဒေသနေပြည်သူတို့အတွက် မည်သို့အကျိုးရှိအောင် အသုံးချနိုင်မည်ကိုလည်း စဉ်းစားရန်လိုကြောင်း၊ ဒေသအလိုက် မြစ်ချောင်းများကို လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရန်ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး တစ်ဖက်မှလည်း စိုက်ပျိုးရေးလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးသယံဇာတများရှိ၍ စက်ရုံများ၏စွမ်းအင်လိုအပ်ချက်အတွက် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင်ချိန်ဆ၍ နိုင်ငံတော်အတွက် အကျိုးရှိအောင် အသုံးချသွားရမည် ဖြစ်ကြောင်း။

အစိုးရအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်နှင့်မြို့နယ် ကွာဟချက်များကို အတတ်နိုင်ဆုံး လျှော့ချနိုင်အောင် ကြိုးစားလျက်ရှိကြောင်း၊ အထူးသဖြင့် ကျေးရွာများ၏ လူနေမှုအဆင့်အတန်းများ မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုများ၏အခြေခံသည် ကျေးလက်ဒေသများဖြစ်သည့်အတွက် ဖွံ့ဖြိုးမှု၏အရင်းအမြစ်သည် ကျေးလက်ဒေသများသာဖြစ်ကြောင်း၊ သို့ဖြစ်၍ ကျေးလက်နေပြည်သူများဝင်ငွေတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် တရားဥပဒေစိုးမိုးမှုရှိပြီး နိုင်ငံရေးနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိလာမည်ဖြစ်ကြောင်း။

အားကစားကဏ္ဍများကို အားပေးဆောင်ရွက်

မိမိတို့နိုင်ငံ၏ အားကစားကဏ္ဍ ကျဆင်းလာသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ အားကစားကို အားပေးဆောင်ရွက်ရန်လိုအပ်ပြီး အားကစားသည် အချိန်ယူလေ့ကျင့်ပျိုးထောင်ရခြင်းဖြစ်ကြောင်း၊ ပြည်သူများကျန်းမာရေးအတွက် အထောက်အကူပြုသည့် အားကစားကဏ္ဍများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အားကစားသည် နိုင်ငံတည်ဆောက်ရေးတွင် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတိုးတက်ရေးအတွက် အရေးကြီးသည့်ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ကြောင်း၊ သို့ဖြစ်၍ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ပွဲကြည့်စင်ပါ မိုးလုံလေလုံ အားကစားကွင်းများ တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း။

တိုင်းရင်းသားတိုင်း၊ နိုင်ငံသားဖြစ်ခွင့်ရှိသူတိုင်း မှတ်ပုံတင်ရရှိရေးကို မှန်မှန်ကန်ကန်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်းမှတ်ပုံတင်နှင့် သန်းခေါင်စာရင်းများရရှိအောင် ဆောင်ရွက်ပေးရန်လိုအပ်ပြီး ရွေးကောက်ပွဲမတိုင်မီ နိုင်ငံသားတိုင်းမှတ်ပုံတင်ရရှိရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တာဝန်ရှိသူများအနေဖြင့် အချိန်မီပြီးစီးရေးနှင့် မှန်မှန်ကန်ကန်ရရှိရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုမှာကြားသည့်အချက်များသည် နိုင်ငံအတွက် မဖြစ်မနေလုပ်ဆောင်ရမည့် အခြေခံအချက်များပင်ဖြစ်၍ တာဝန်ရှိသူများအနေဖြင့် အလေးထားဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

အတည်ပြုချက်ရယူ

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍အတည်ပြုချက်ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်အစိုးရ၏ ဝင်ငွေသည် အခွန်ငွေဖြစ်ပြီး စီးပွားရေးကျဆင်းမှုနှင့် လတ်တလောဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများရှိသည့်အတွက် အခွန်ငွေကောက်ခံရရှိမှုများနည်းပါးလျက်ရှိကြောင်း၊ ဘဏ္ဍာငွေသုံးစွဲမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့်မဖြစ်မနေသုံးစွဲရမည့် လုပ်ငန်းကိစ္စရပ်များအပ အခြားကိစ္စရပ်များတွင် တတ်နိုင်သမျှချွေတာသုံးစွဲရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် သောက်သုံးရေနှင့် လျှပ်စစ်မီးသုံးစွဲမှုများကို လေလွင့်မှုများမရှိအောင် စနစ်တကျသုံးစွဲကြရန် လိုအပ်ကြောင်း။

ပြီးခဲ့သည့်နှစ်က မိုးခေါင်မှုဖြစ်ပေါ်ခဲ့သည့်အတွက် နိုင်ငံအတွင်း သောက်သုံးရေအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်တွင် သတ်မှတ်မိုးရေချိန် ပြည့်မီသည့်အတွက် သောက်သုံးရေအတွက် အခက်အခဲမရှိပါကြောင်း၊ သို့သော်လည်း ဆည်တမံများထိခိုက်ပျက်စီးမှုမရှိစေရန်နှင့် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရန် ကြိုတင်စီမံဆောင်ရွက်ထားရှိရန် လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး အပတ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့် Video Conferencing စနစ်ဖြင့်ချိတ်ဆက်တွေ့ဆုံပြီး ရောဂါကူးစက်ပြန့်ပွားမှု ကျဆင်းစေရန် လမ်းညွှန်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်နှင့် ယခုလပထမအပတ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် အခက်အခဲများကို ကြိုးပမ်းကျော်လွှားနိုင်ခဲ့ကြောင်း၊ ယခုရက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက် ပြန့်ပွားမှုသည် ၃၀ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်ကိုတွေ့ရကြောင်း၊ ယင်းအခြေအနေကို ကျေနပ်နေ၍ မရဘဲ ရောဂါကူးစက်ပြန့်ပွားမှုကို ထပ်မံကျဆင်းအောင် ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းများကို ပြည်သူများလိုက်နာရန် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ တစ်ဖက်ကလည်း ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာမှုရှိစေရန် ပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

အထူးဂရုပြုနေထိုင်

သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ပတ်ဝန်းကျင်ရှိ ပြည်သူများကိုလည်း အဆင့်ဆင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ အသိပညာပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ကူးစက်ပြန့်ပွားမှုကို ဆက်လက်ကျဆင်းသွားစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လုံးဝပျောက်ကွယ်သွားမည့် ရောဂါမဟုတ်ကြောင်း ပညာရှင်များက သုံးသပ်ထားကြောင်း၊ ထို့အတွက် ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရန် စည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်သွားလာကြရန် လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးတို့ကို ပြည်ပမှ ဝယ်ယူနေရသည့်အတွက် ရေရှည်တွင် အခက်အခဲဖြစ်ပေါ်လာနိုင်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ဆေးနှင့် ကုသဆေးများထုတ်လုပ်သွားရန် ဆောင်ရွက်လျက်ရှိကြောင်း၊ လတ်တလောတွင် မျိုးရိုးဗီဇမတူညီသည့် ဗီဇကွဲပြားနှစ်မျိုးကို အခြားနိုင်ငံအချို့တွင် ထပ်မံတွေ့ရှိနေသည်ကို ကြားသိရကြောင်း၊ သို့ဖြစ်၍ ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ ပေါ့ပေါ့ဆဆမနေထိုင်ဘဲ အထူးဂရုပြုနေထိုင်ကြရန်လိုအပ်ကြောင်း၊ ကာကွယ်ဆေး၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို အဆင်ပြေလွယ်ကူစွာ ပြည်သူလူထုလက်ဝယ်ရောက်ရှိရေးအတွက် သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများက ကူညီပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

ဖော်ထုတ်ဖမ်းဆီးအရေးယူ

အများပြည်သူ အခက်အခဲဖြစ်ပေါ်စေရန် ရည်ရွယ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးနှင့် ဆက်စပ်ဆေးဝါးပစ္စည်းများကို လက်ဝယ်ထားရှိကိုင်ဆောင်ပြီး ကိုယ်ကျိုးစီးပွားအတွက် ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးအရေးယူရန် ညွှန်ကြားထားပြီး ဖြစ်ကြောင်း မှာကြားသည်။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ်ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၁၆ - ၈ - ၂၀၂၁)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ အဋ္ဌမအကြိမ် ညှိနှိုင်းအစည်းအဝေးကို သြဂုတ်လ ၁၆ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံအတွင်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်း ကူးစက်ဖြစ်ပွားနေမှုများကို သြဂုတ်လအတွင်း၌ ကူးစက်ဖြစ်ပွားနေမှုရာခိုင်နှုန်း၏ ထက်ဝက်ခန့်အထိ ကျဆင်းနိုင်ရေးကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်ကို ယခင်အစည်းအဝေးများတွင် ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုအနေဖြင့် ဇူလိုင် ၁၄ ရက်တွင် ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်းအထိရှိခဲ့ရာမှ သြဂုတ် ၁၅ ရက်တွင် ကူးစက်ဖြစ်ပွားသူ ၂၆ ဒသမ ၄၆ ရာခိုင်နှုန်းသာရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ကျန်းမာရေးဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာဝန်ထမ်းများ၏ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်မှုတို့ကြောင့် ဖြစ်ပွားမှုရာခိုင်နှုန်း၏ ၁၄ ရာခိုင်နှုန်းကျော်အထိ လျော့ချနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ကူးစက်ဖြစ်ပွားမှုနှုန်း ပိုမိုကျဆင်းလာစေရေးကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆေးပစ္စည်းများ၊ အခြေခံအိမ်သုံးဆေးဝါးပစ္စည်းများနှင့်ပတ်သက်၍ ကုန်ဈေးနှုန်းကြီးမြင့်မှုများကြောင့် ဝယ်ယူသုံးစွဲသူ ပြည်သူလူထု အခက်အခဲမဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်ရန်မှာကြားခဲ့ပြီးဖြစ်ကြောင်း၊ သဘာဝမဟုတ်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှုများ လျော့ချနိုင်ရေး၊ ပုံမှန်ထက်ပိုမိုသိုလှောင်၍ ဈေးနှုန်းကြီးမြင့်လာအောင် လုပ်ဆောင်နေမှုများအား ကြပ်မတ်စစ်ဆေးဖော်ထုတ်လျက်ရှိပြီး ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်နေသူများအား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ကြပ်မတ်ဆောင်ရွက်ပေးခြင်းဖြင့် ပြည်သူလူထုများအနေဖြင့် အခြေခံအိမ်သုံးဆေးဝါးများကို ပုံမှန်ဈေးနှုန်းများဖြင့် ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံသည် အခြေခံစားသောက်ကုန်များ ထုတ်လုပ်သည့်နိုင်ငံဖြစ်သဖြင့် အခြေခံစားသောက်ကုန်များ ကုန်ဈေးနှုန်းကြီးမြင့်နေမှုများကိုလည်း သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် စီစစ်ကြပ်မတ်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှု ကန့်သတ်ချက်များကြောင့် သယ်ယူပို့ဆောင်မှု စရိတ်နှင့် လုပ်အားခကုန်ကျစရိတ်များကြောင့် အတိုင်းအတာတစ်ခုအထိ ဈေးနှုန်းမြင့်မားမှု၊ သဘာဝကျသည့် ဈေးနှုန်းမြင့်တက်မှုများရှိသည်ကို မပြောလိုသော်လည်း မတန်တဆဈေးတင်ရောင်းချမှုများကို မဖြစ်စေလို

ကြောင်း၊ စားသောက်ကုန်ပစ္စည်းများအား ပစ္စည်းပြတ်လပ်၍ ဈေးနှုန်းမြင့်မားလာစေရန်အတွက် ရည်ရွယ်ချက်ရှိစွာဖြင့် ပွဲရုံများ၊ ဂိုဒေါင်များတွင် သိုလှောင်ခြင်း၊ ဈေးကစားခြင်းများရှိနိုင်သဖြင့် အခြေခံစားကုန်၊ သုံးကုန်များ ဈေးနှုန်းမြင့်မားမှုမရှိစေရေး တာဝန်ရှိသူများက ထိန်းသိမ်းကြပ်မတ်လုပ်ဆောင်ပေးကြရန်လိုကြောင်း။

အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကိုရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ရောက်ရှိလာသည့်ဆေးများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အမြန်ဆုံးဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ကြောင့်ဆေးများရောက်ရှိလာသည်နှင့် ပျက်စီးမှုမဖြစ်စေရန် စနစ်တကျထိန်းသိမ်းထားသိုရန်နှင့် တတ်နိုင်သရွေ့ အမြန်ဆုံးထိုးနှံပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ EAOs အဖွဲ့များအနေဖြင့် ၎င်းတို့ နယ်မြေများအတွင်း ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး ဆက်သွယ်လာခြင်းများရှိသဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဒေသများမှ တာဝန်ရှိသူများအနေဖြင့် သက်ဆိုင်ရာ EAOs နယ်မြေများတွင် ကာကွယ်ဆေးထိုးနှံနိုင်ရေး ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် ဦးစားပေး အုပ်စုအလိုက် စာရင်းပြုစုဆောင်ရွက်ကြရန်လိုကြောင်း။

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် စာသင်ကျောင်းများပိတ်ထားရသည် ဖြစ်သော်လည်း ရောဂါကူးစက်ဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် ကျောင်းများပြန်လည်ဖွင့်လှစ်ပါက ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေး၊ စာသင်ကျောင်းအဆောက်အအုံများ ကြံ့ခိုင်မှုပြည့်ဝနေစေရေးအတွက် လိုအပ်သည့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာခရိုင်နှင့် မြို့နယ်များအလိုက် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများသည် ကျောင်းသား၊ ကျောင်းသူများအား စာပေသင်ကြားပေးကြရမည်ဖြစ်ပြီး အနီးကပ်ထိတွေ့ရမည့်သူများဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးဖြင့် ထိုးနှံနိုင်ရေး လစ်ဟင်းမှုမရှိအောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးနှင့်ပတ်သက်ပါက လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ ကုမ္ပဏီများသော်လည်းကောင်း မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ တင်သွင်းခွင့်ပြုပေးထားပြီးဖြစ်သော်လည်း FDA မှ သတ်မှတ်ချက်များနှင့် ကိုက်ညီသည့် ဆေးဝါးနှင့်ပစ္စည်းများဖြစ်စေရေး တာဝန်ရှိသည့် ဌာနဆိုင်ရာများက ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါကာကွယ်ကုသထိန်းချုပ်ရေးနှင့်ပတ်သက်၍ လုပ်ဆောင်နိုင်သည်မှန်သမျှကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက လက်ရှိအချိန်တွင် ရောဂါပိုးကူးစက်ဖြစ်ပွားမှုနှုန်းအတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ပြီး ကုသရေးလုပ်ငန်းများတွင် ပါဝင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၊ စေတနာဝန်ထမ်းများနှင့် သန့်ရှင်းရေးဝန်ထမ်းများ၏ ကိုယ်ခံအားပြန်လည်ကောင်းမွန်စေရေးဆောင်ရွက်ပေးနေမှုအခြေအနေ၊ Quarantine Center များနှင့် Positive Center များတွင် ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာဝန်ထမ်းများဖြန့်ခွဲ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးနေမှုအခြေအနေ၊ ရောဂါပိုးတွေ့ရှိမှုနှုန်းများပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အသိပညာပေးခြင်းများ ကြပ်မတ်ဆောင်ရွက်ခြင်းများကို ပိုမိုလုပ်ဆောင်သင့်သည့် အခြေအနေ။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရောဂါပိုး ကူးစက်ပြန့်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ မြန်မာနိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါတတိယလှိုင်းကူးစက်ပြန့်ပွားဖြစ်ပေါ်ခဲ့သည့် အချိန်မှစ၍ ယနေ့အချိန်အထိ ဖြစ်ပွားသူ ၂၁၀၉၆၁ ဦး၊ သေဆုံးသူ ၁၀၀၄၈ ဦးရှိခဲ့သည့်အခြေအနေ၊ လက်ရှိအချိန်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းနှင့် သေဆုံးမှုနှုန်းကျဆင်းလျက်ရှိပြီး ဇူလိုင်လ ဒုတိယအပတ်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်းနှင့် သြဂုတ်လ ဒုတိယအပတ်တွင် ရောဂါပိုးတွေ့ရှိမှုနှုန်း နှိုင်းယှဉ်ကြည့်မည်ဆိုပါက ၃၆ ရာခိုင်နှုန်းအထိကျဆင်းလာသည်ကိုတွေ့ရှိရပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြည့်မည်ဆိုပါက ရန်ကုန်တိုင်းဒေသကြီးတွင် ၇၄ ရာခိုင်နှုန်း၊ ပဲခူးတိုင်းဒေသကြီးတွင် ၆၂ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅၃ ရာခိုင်နှုန်း၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ၄၀ ရာခိုင်နှုန်းကျော်အထိ သိသိသာသာ ကျဆင်းလာသည်

ကို တွေ့ရှိရသည့် အခြေအနေ။

ရောဂါဖြစ်ပွားမှုနှုန်း မြင့်မားလျက်ရှိသည့် ဒေသများအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုအခြေအနေ၊ သတ်မှတ်စည်းကမ်းချက်များလိုက်နာရန် အားနည်းသည့် နေရာဒေသများ၌ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို လူထုနှင့် အနီးကပ်ရှိသည့်နေရာများအထိ လုပ်ဆောင်ပေးရန်လို အပ်သည့် အခြေအနေ၊ ကာကွယ်ဆေးများ ထပ်မံရောက်ရှိလာနိုင်ရေးဆောင်ရွက်မှုအနေဖြင့် တရုတ်နိုင်ငံမှ ကာကွယ်ဆေးတစ်သန်းကို လာမည့်အပတ်အတွင်း ရရှိနိုင်ရေး ချိတ်ဆက်လုပ်ဆောင်လျက်ရှိပြီး ထပ်မံစာချုပ်ချုပ်ဆိုထားသည့် ၂၄ သန်းကိုလည်း ဝယ်ယူရရှိနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ အမြဲမပြတ် ကြိုးပမ်းချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

ကမ္ဘာ့နိုင်ငံများတွင် ဗီဇပြောင်းရောဂါပိုး မျိုးစိတ်အသစ်များ ဆက်လက်တွေ့ရှိနေရမှု၊ ကူးစက်ပြန့်ပွားနိုင်မှုအခြေအနေနှင့် ဗီဇပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည့်အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့်အခြေအနေနှင့် IDP Camp များတွင်လည်း ထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံမှ လှူဒါန်းသည့် ကာကွယ်ဆေးများ ရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်နေသည့် အခြေအနေ၊ အာဆီယံနိုင်ငံများ၊ အာဆီယံအပေါင်း နိုင်ငံများနှင့် ပူးပေါင်း၍ ကာကွယ်ဆေးများ ရရှိနိုင်ရေးဆွေးနွေးဆောင်ရွက်ခဲ့မှုအခြေအနေ၊ တိုင်းရင်းဆေးများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးသုတေသနဆောင်ရွက်နေမှု အခြေအနေ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအတွက် စေတနာရှင်အလှူရှင်များထံမှ အလှူငွေများရရှိမှုနှင့် ကိုဗစ်-၁၉ ရောဂါ ကုသရေးရန်ပုံငွေမှ သုံးစွဲထားရှိမှု အခြေအနေ၊ ဆိပ်ကမ်းများ၊ လေဆိပ်များ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောဂါကာကွယ် ထိန်းချုပ်ကုသရေး အထောက်အကူပြုဆေးဝါးများနှင့် အခြားအိမ်သုံး အခြေခံဆေးဝါးများတင်သွင်းဆောင်ရွက်နေမှု အခြေအနေ၊ ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းလုပ်ငန်းများကို နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုများ၊ သတင်းစာများနှင့် အခြားမီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပြန်ကြားနေမှုအခြေအနေ၊ တိုင်းရင်းသားဘာသာစကားများ၊ အစီအစဉ်သစ်များဖြင့် ပညာပေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နေမှုအခြေအနေ၊ လက်ရှိကာလတွင် အောက်ဆီဂျင်လိုအပ်ချက်များအတွက် တိုးမြှင့်ထုတ်လုပ်ပေးနေမှုအခြေအနေ၊ ဆေးဝါးများကို စျေးနှုန်းကြီးမြင့်လာစေရန် ရည်ရွယ်ချက်ရှိစွာဖြင့် သိုလှောင်မှုများမရှိစေရေး ဆေးဆိုင်များနှင့် ဆေးဝါးသိုလှောင်ထားသည့် ဂိုဒေါင်များအား စစ်ဆေးဆောင်ရွက်ခဲ့မှု၊ တွေ့ရှိမှုနှင့် အရေးယူနိုင်ရေးဆောင်ရွက်ထားရှိမှု အခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ဝင်ရောက် လာမှုနှင့် စနစ်တကျ ဆေးစစ်မှုများ ဆောင်ရွက်ပေးပြီး ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးနေမှုအခြေအနေ။

> “နောက်တစ်ခုက ကျန်းမာရေးဝန်ထမ်းတွေ၊ တကယ်ကို ကျန်းမာရေးဝန်ထမ်းတွေက ရှေ့တန်းကျကျလုပ်ရတာ၊ ဆေးရုံတွေမှာ ဖျားနာလာတဲ့ သူတွေကို သူတို့ပဲကုရတာ၊ သူတို့ကိုကူးစက်ပြီဆို သူတို့ကို Priority ပေးရလိမ့်မယ်၊ ဦးစားပေးပြီးတော့ သူတို့ကို အထူးကိစ္စတစ်ရပ်အနေနဲ့ စောင့်ရှောက်ပေးဖို့ လိုပါတယ်၊ ဖြစ်တဲ့အချိန်မှာဖြစ်လို့ ပြန်ကုလို့ပျောက်သွားရုံတင်မဟုတ်ဘူး၊ နောက်ဆက်တွဲပြဿနာတွေပါ ပြန်ကြည့်ဖို့လိုတာပေါ့။ တောက်လျှောက်ကို မှတ်ထားပြီးတော့ Register လုပ်ထားဖို့လိုပါတယ်။ ကုသရင်းနဲ့ ကူးစက်ခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေပေါ့။

Relief Flight များ ပြေးဆွဲ၍ ခရီးသည်နှင့် ဆေးဝါးများ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည့်အခြေအနေနှင့် ပို့ဆောင်ဆက်သွယ်မှုမပြတ်တောက်စေရေး လေယာဉ်၊ ရေယာဉ်များနှင့် ကုန်းလမ်းပို့ဆောင်ရေးတို့မှ ခရီးစဉ်များ ပြေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ရောဂါပိုး အတည်ပြုလူနာများအား တပ်မတော်စင်တာများတွင် ကုသဆောင်ရွက်ပေးနေမှုနှင့် လူနာများအား ကုသပေး

နိုင်ရေးဆေးတပ်ဖွဲ့ဝင်များကို တာဝန်ပေးအပ်ထားရှိသည့် အခြေအနေ၊ ဆေးဝါးများတင်သွင်းဖြန့်ဖြူးမှု လွယ်ကူ လျင်မြန်စေရေးအတွက် ဖြေလျော့၊ ချိတ်ဆက်ဆောင်ရွက် ပေးနေမှုနှင့် ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါး စက်ရုံများမှ ဆေးဝါးများ ထုတ်လုပ်ပေးနေမှု အခြေအနေ များနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြား ရာတွင် ကျန်းမာရေးဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါ ကူး စက်ခံရမှုနှင့် ပတ်သက်၍ "နောက်တစ်ခုက ကျန်းမာရေး ဝန်ထမ်းတွေ၊ တကယ်ကို ကျန်းမာရေးဝန်ထမ်းတွေက ရှေ့တန်းကျကျလုပ်ရတာ၊ ဆေးရုံတွေမှာ၊ ဖျားနာလာတဲ့ သူတွေကို သူတို့ပဲကုရတာ၊ သူတို့ကိုကူးစက်ပြီဆို သူတို့ ကို Priority ပေးရလိမ့်မယ်၊ ဦးစားပေးပြီးတော့ သူတို့ ကိုအထူးကိစ္စတစ်ရပ်အနေနဲ့ စောင့်ရှောက်ပေးဖို့လိုပါတယ်၊ ဖြစ်တဲ့အချိန်မှာ ဖြစ်လို့ပြန်ကုလို့ ပျောက်သွားရုံတင် မဟုတ်ဘူး၊ နောက်ဆက်တွဲပြဿနာတွေပါ ပြန်ကြည့် ဖို့လိုတာပေါ့။ တောက်လျှောက်ကို မှတ်ထားပြီးတော့ Register လုပ်ထားဖို့လိုပါတယ်။ ကုသရင်းနဲ့ ကူးစက် ခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေပေါ့။ သူတို့ကိုတော့ အထူးကိစ္စ တစ်ရပ်အနေနဲ့ သက်ဆိုင်ရာပြည်နယ်နဲ့ တိုင်းဒေသကြီး ဝန်ကြီးချုပ်များက ပြန်ကြည့်ပေးပါ။ ဝန်ကြီးဌာနအနေ နဲ့လည်း ဒါကိုမှတ်တမ်းတင်ထားပြီး စောင့်ရှောက်ပေး ဖို့ ကျွန်တော်ပြောလိုပါတယ်၊ နောက်တစ်ခါ အရပ်ဘက် ကုသရေးနဲ့ပတ်သက်ပြီး တချို့နေရာတွေမှာမနိုင်တဲ့ အတွက်ကြောင့် တပ်မတော်က ဝင်ကူပေးရတာရှိတယ်။ တပ်မတော်က ဝင်ကူပေးရတာရှိသလို တပ်မတော်ဆေးရုံ တွေမှာလည်း ကုသပေးနေတာတွေရှိတယ်။ ကိုဗစ်ကိုပဲ အဓိကထားပြီး ဆောင်ရွက်ပေးနေတာတွေ။ ခုနကပြော တဲ့ ဥပမာအားဖြင့် Quarantine Center လိုဟာမျိုးတွေ၊ ကုသရေးစင်တာလိုဟာမျိုးတွေမှာ၊ ကျွန်တော်တို့က သီးခြားထားပြီး စောင့်ရှောက်ပေးထားသလိုပဲ၊ ဆေးရုံ တွေမှာလည်း ကျွန်တော်တို့ကုသပေးနေတာတွေရှိတယ်၊ ဒီလိုလူတွေအတွက်လည်း သီးခြားချီးမြှင့်ပေးဖို့၊ ဆောင်ရွက် ပေးဖို့လိုမယ်ဆိုတာကိုလည်း ကျွန်တော်ထည့်ပြီး ပြော လိုပါတယ်" ဟု ပြောကြားသည်။

ထို့နောက် ရောဂါဖြစ်ပွားမှုနှုန်းများ ထက်ဝက်နီးပါး အထိကျဆင်းလာသည်ဆိုသော်လည်း ကမ္ဘာ့ကျန်းမာရေး အဖွဲ့က တွက်ချက်သည့်နှုန်းအရ အချို့မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ များပြားမှုရှိနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့်တိုင်းဒေသကြီးနှင့် ပြည်နယ် များအလိုက် အဆိုပါရောဂါကူးစက်မှုနှုန်း မြင့်မားနေ သေးသည့် မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းများ လျော့ကျစေရေး ဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ ယခု အခါ အောက်ဆီဂျင်နှင့်ပတ်သက်၍ လက်ရှိ အခြေအနေ တွင် လုံလောက်မှုရှိနေပြီဖြစ်ကြောင်း၊ သို့သော်ယခု ဖြစ်ပွားနေသည့်ရောဂါသည် လက်ရှိအချိန်တွင်လုံးဝ ကင်းစင်ပျောက်ကင်းသွားမည့်ရောဂါမဟုတ်သေးကြောင်း၊ အောက်ဆီဂျင်သည် ကိုဗစ်-၁၉ ရောဂါကုသရေးတွင် သာမက အခြားရောဂါကုသရေးများအတွက်လည်း လိုအပ်သည်များရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့် ဆေးရုံများ၊ ခရိုင်နှင့်မြို့နယ် အဆင့် အလိုက် ဆေးရုံများနှင့် ဆေးရုံကြီးများတွင် အောက်ဆီ ဂျင်များ အမြဲတမ်းရရှိနေအောင် တွက်ချက်ဆောင်ရွက် ပေးရန်လိုကြောင်း၊ လိုအပ်ချက်များဖြစ်ပေါ်လာပါက လည်း ဖြည့်ဆည်းပေးနိုင်ရေး တစ်နေရာနှင့် တစ်နေရာ

> **"နောက်တစ်ခုကတော့ ဆေးရုံများနဲ့ပတ်သက်ပြီး တစ်ချက် ကျွန်တော်မှာချင်ပါတယ်။ အဲဒါကတော့ ရာသီဥတုကလည်း အခုမိုးတွေများပါတယ်။ ခုနကလည်း ဒုတိယဥက္ကဋ္ဌလည်း ပြောပါတယ်။ Weather forecast အရ လာမယ့်နောက်ဆုံးအပတ် လောက်ကနေစပြီးတော့ မိုးတွေပိုများလာဦးမယ့် သဘောတွေရှိတယ်။ အဲဒီတော့ ဆေးရုံထဲမှာလည်း ရေတွေမလျှံအောင်။ ဆေးရုံတွေ ရေမလျှံအောင်၊ ရေမဝင်အောင်၊ ရေစီးရေလာကောင်းအောင် အဲဒါတွေလည်း လုပ်ပေးထားပေါ့။ ဖြစ်လာရင် လူနာတွေ ရွှေ့ထုတ်ရတာ တော်တော်ခက်ပါတယ်။ တော်တော်အန္တရာယ်များပါတယ်။ လုပ်ရကိုင်ရတာ တော်တော်လေးလက်ဝင်ပါတယ်။"**

အမြဲချိတ်ဆက်ဆောင်ရွက်ထားရန်လိုကြောင်း၊ အလားတူ နိုင်ငံပိုင်အောက်ဆီဂျင်စက်ရုံများ၊ တပ်မတော်ပိုင် အောက်ဆီဂျင်စက်ရုံများနှင့် ပုဂ္ဂလိကပိုင်အောက်ဆီဂျင်စက်ရုံများမှ အောက်ဆီဂျင်ထုတ်လုပ်မှုများအား စာရင်းပြုစုထားပြီး ဆေးရုံများ၌ ဆေးရုံသုံးအောက်ဆီဂျင်များ အမြဲမပြတ်ရရှိရေးဆောင်ရွက်ထားရန်လိုကြောင်း၊ ရေရှည်အတွက်ကြည့်၍ တွက်ချက်ဆောင်ရွက်ကြရန်လိုကြောင်း။

ရောဂါစစ်ဆေးမှုနှင့်ပတ်သက်၍ စစ်ဆေးမှုများကျဆင်းလာသည့်အတွက် ရောဂါကူးစက်မှုနှုန်း လျော့ကျလာသကဲ့သို့ ရာခိုင်နှုန်းအရလည်း ကျဆင်းလာမှုများ ရှိကြောင်း၊ အဓိကအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် မြေပြင်အခြေအနေမှန်များအား သိရှိနေရန်လိုကြောင်း၊ ရောဂါကူးစက်ခံရသော်လည်း မိမိတို့အစီအစဉ်ဖြင့် ကျန်းမာရေးဌာနများသို့ လာရောက်ကုသမှု ခံယူခြင်းမပြုသူများမရှိရန်လိုကြောင်း၊ အဆိုပါ ရောဂါကူးစက်ခံရသူများမှတစ်ဆင့် အခြားသူများသို့ကူးစက်ရန်အတွက် အန္တရာယ်များစွာရှိကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် စနစ်တကျဖြင့် သတင်းဖော်ထုတ်ကြပ်မတ်ဆောင်ရွက်ပြီး ရောဂါစစ်ဆေးမှုနှင့်ပတ်သက်၍ အထူးဂရုပြုဆောင်ရွက်ကြရန်တိုက်တွန်းလိုကြောင်း၊ ဆေးရုံတိုင်းတွင် ဆရာဝန်များရှိစေရေးအတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖြန့်ခွဲတာဝန်ပေးထားကြောင်း၊ လိုအပ်ချက်များရှိပါက တပ်မတော်မှဝင်ရောက်ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံတိုင်းတွင် ဆရာဝန်များရှိရေးသည် အရေးအကြီးဆုံးအချက်ပင်ဖြစ်ကြောင်း၊ ဆရာဝန်များ တာဝန်ထမ်းဆောင်မှုနှင့်နေထိုင်မှုများ အဆင်ပြေစေရေးအတွက် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများက တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ယခင် ပထမလှိုင်းနှင့် ဒုတိယလှိုင်းတွင် ဆေးရုံများ၌ ပြင်ဆင်မှုများ အားနည်းခဲ့ခြင်းကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သကဲ့သို့ ယခုတတိယလှိုင်းတွင်လည်း ရောဂါကူးစက်မှုမြန်ဆန်ပြင်းထန်မှုကြောင့် အခက်အခဲများ ဖြစ်ပေါ်ခဲ့သည်ကို သင်ခန်းစာယူ၍ ဆေးရုံများအားလုံး၌ကုသရေးအတွက် အမြဲကြိုတင်ပြင်ဆင်ထားရှိရန်လိုကြောင်း၊ မိမိတို့ဒေသအလိုက် လူဦးရေကို တွက်ချက်၍ သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်း၍ ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း။

ထို့နောက် လက်ရှိကာလအတွင်း ကြုံတွေ့လာရနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လိုအပ်သည်များ ကြိုတင်ဆောင်ရွက်နိုင်ရေးနှင့်ပတ်သက်၍ ဆက်လက်ပြောကြားရာတွင် “နောက်တစ်ခုကတော့ ဆေးရုံများနဲ့ပတ်သက်ပြီးတစ်ချက် ကျွန်တော်မှာချင်ပါတယ်။ အဲဒါကတော့ ရာသီဥတုကလည်း အခုမိုးတွေများပါတယ်။ ခုနကလည်း ဒုတိယဥက္ကဋ္ဌလည်း ပြောပါတယ်။ Weather forecast အရ လာမယ့်နောက်ဆုံးအပတ်လောက်ကနေစပြီးတော့ မိုးတွေပိုများလာဦးမယ့် သဘောတွေရှိတယ်။ အဲဒီတော့ ဆေးရုံထဲမှာလည်း ရေတွေမလျှံအောင်။ ဆေးရုံတွေ ရေမလျှံအောင်၊ ရေမဝင်အောင်၊ ရေစီးရေလာကောင်းအောင် အဲဒါတွေလည်း လုပ်ပေးထားပေါ့။ ဖြစ်လာရင် လူနာတွေ ရွှေ့ထုတ်ရတာ တော်တော်ခက်ပါတယ်။ တော်တော်အန္တရာယ်များပါတယ်။ လုပ်ရကိုင်ရတာ တော်တော်လေးလက်ဝင်ပါတယ်။ လူကောင်းတွေ ရွှေ့ရတာကိစ္စမရှိဘူး၊ လူမမာတွေ ရွှေ့ရတာကျတော့ တော်တော်ကို ဒုက္ခ၊ သုက္ခရောက်နိုင်တယ်။ ဒါကြောင့် ဆေးရုံနဲ့ ပတ်သက်ရင်ရေပိတ်နိုင်တဲ့ကိစ္စတွေ၊ မြောင်းတွေပိတ်နေတာတွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ ရှိနေတာတွေ၊ အမှိုက်သရိုက်တွေမရှိအောင် ဒါလေးတွေ အကုန်လုံးရှင်းပေးထားပါ။ နောက်တစ်ခါသွားဖို့လာဖို့အတွက် လမ်းတွေကိုလည်း ဂရုတစိုက်ကြည့်ပေးထားဖို့ ပြောလိုပါတယ်။ အရေးပေါ်ကယ်ဆယ်ရေးနဲ့ပတ်သက်ရင်လည်း အမြဲတမ်း ပြင်ထားပါ။ မိုးမကုန်မချင်းကတော့ တန်းမဖြုတ်ဖို့ ကျွန်တော်ပြောလိုပါတယ်။ တန်းမဖြုတ်ပါနဲ့ အားလုံး အဆင်သင့်ပြင်ထား။ ထမင်း ကျွေးသင့်ရင်လည်း ကျွေးထား။ အဲဒီအတွက် ပိုက်ဆံအကုန်အကျခံရမယ်ဆိုလည်း အကုန်အကျခံမယ်။ သဘာဝဘေးအန္တရာယ်အတွက် ကျွန်တော်တို့အကုန်အကျခံပေးမယ်။ အရေးကြီးတာတော့ ဖြစ်ကာမှ အကုန်လုံးမနိုင်မနင်းနဲ့ဖြစ်မှာ ကြောက်ရတာ။ အရေးကြီးတာတော့ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တာကတော့ လက်ရှိအခြေအနေမှာ ရေကြီးရေလျှံနဲ့ပတ်သက်တာ အခက်အခဲတွေ ဖြစ်လာနိုင်တယ်။ ဒါကို တွက်ချက်ပြီးတော့မှ ပြည်နယ်နဲ့တိုင်းဒေသကြီးတွေက ပြင်ထားပေးဖို့ရယ်။ အဓိကကတော့ ဆေးရုံတွေမှာ ရေလျှံတာတို့၊ ဘာတို့မဖြစ်အောင်၊ လူနာတွေရွှေ့ထုတ်ရတဲ့ အဆင့်မျိုး၊ ဒုက္ခ၊ သုက္ခမရောက်အောင် ဒါလေး

လည်း ပြင်ထားဖို့ လိုမယ်ဆိုတာလေးလည်း ကျွန်တော် မှာလိုပါတယ်။” ဟု ပြောကြားသည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး နှင့်ပတ်သက်သည့် Mask များ၊ Face Shield များ၊ PPE ဝတ်စုံများ၊ လက်အိတ်များနှင့် အခြားလိုအပ်သည့် ပစ္စည်း များအား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးကြိုးပမ်းဆောင် ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ပြည်တွင်း၌ ထုတ် လုပ်လျက်ရှိသော်လည်း လိုအပ်ချက်များ များစွာရှိနေ သေးကြောင်း၊ အဆိုပါပစ္စည်းများသည် လူထုအတွက် အဓိကလိုအပ်သည့် ပစ္စည်းများဖြစ်ကြောင်း၊ လိုအပ်ပါက ထုတ်လုပ်နိုင်ရေး ကြိုတင်တွက်ချက်ပြင်ဆင် ဆောင်ရွက် ထားရန်လိုကြောင်း၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသည့် နိုင်ငံသားများကိုလည်း ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် လက်ခံဆောင်ရွက်ပေးလျက်ရှိ ကြောင်း၊ အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်နိုင် ရေး စနစ်တကျ မျက်ခြည်မပြတ် ဆက်လက်ဆောင်ရွက် သွားကြရန်လိုကြောင်း၊ အဆိုပါ ပြန်လည်ဝင်ရောက်လာ သူများ၏ ကုသရေးလုပ်ငန်းများကိုလည်း တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်းဖြင့် မှာကြား သည်။

■■■■■

နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၁၇ - ၈ - ၂၀၂၁)

နေပြည်တော်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေး အစည်းအဝေးကို ဩဂုတ်လ ၁၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးရွှေလေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် အစိုးရတစ်ရပ်သည် စီးပွားရေး၊ လူမှုရေးအရ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေသည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးစတင်ဆောင်ရွက်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သဖြင့် ယခုအခါ ၁၅ နှစ်နှင့် ၆ လရှိပြီဖြစ်ကြောင်း၊ ရန်ကုန်မြို့သည် ယခင်က မြန်မာနိုင်ငံ၏အစိုးရရုံးစိုက်ရာမြို့တော် ဖြစ်သော်လည်း ယခုအခါ စီးပွားရေးကုန်သွယ်မှုအဓိကဆောင်ရွက်လျက်ရှိသည့် မြို့တော်ဖြစ်ကြောင်း၊ အလားတူ မန္တလေးမြို့သည်လည်း ယခင်ကမင်းနေပြည်တော်ဖြစ်ခဲ့ပြီး အထက်မြန်မာနိုင်ငံ၏မြို့တော်ဖြစ်သကဲ့သို့ စီးပွားရေးအရလည်း အချက်အခြာကျသည့် မြို့တော်ဖြစ်ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏ အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သဖြင့် မြို့တော်အင်္ဂါရုပ်နှင့်ကိုက်ညီစေရန် မြို့တော်အား တိုးတက်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခင်က နေပြည်တော်အားမပြည့်မစုံဖြင့် စတင်ဆောင်ရွက်ခဲ့ရသော်လည်း ယခုအခါ အတိုင်းအတာတစ်ခုအထိ ပြည့်စုံမှုများရှိလာပြီဖြစ်ကြောင်း၊ သို့သော် ယခုထက်ပိုမိုပြည့်စုံအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး မြန်မာနိုင်ငံရှိမြို့အားလုံး၏ စံပြမြို့တော်တစ်ခုဖြစ်ရမည်ဖြစ်ကြောင်း။

ပေါင်းစပ်တည်ဆောက်ထား

နေပြည်တော်အား သီရိ ၅ မြို့နယ်နှင့် တပ်ကုန်း၊ ပျဉ်းမနား၊ လယ်ဝေးစသည့် မြို့များနှင့် ပေါင်းစပ်တည်ဆောက်ထားပြီး စုစုပေါင်းဧရိယာ အကျယ်အဝန်း ၂၇၂၅ စတုရန်းမိုင်ကျယ်ဝန်းကြောင်း၊ လူဦးရေအားဖြင့် ၁ ဒသမ ၁၄၈ သန်းခန့်နေထိုင်ပြီး မြို့နေလူဦးရေ ၃၀ ရာခိုင်နှုန်းခန့်နှင့် ကျေးလက်နေလူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ မြို့နေလူဦးရေတွင် အစိုးရဝန်ထမ်းများ ရာခိုင်နှုန်းအားဖြင့် များပြားပြီး ကျေးလက်နေ ပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကိုအခြေခံ၍ အခြေခံအားဖြင့် ရိုးရှင်းသည့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နေပြည်တော်ကောင်စီဒေသတွင် အကြမ်းဖျဉ်းအားဖြင့် တစ်နှစ်လျှင်မိုးရွာရက် ၈၀ မှ ၉၀ ကြားပတ်ဝန်းကျင်ရှိပြီး မိုးရေချိန် လက်မ ၅၀ ပတ်ဝန်းကျင်မိုးရွာသွန်းသဖြင့် ရက်ပေါင်း ၂၀၀ ကျော်ခန့်မှာ နေသာသည့်ရက်များဖြစ်ပြီး အပူချိန်အားဖြင့် အနိမ့်ဆုံး ၁၀ ဒီဂရီစင်တီဂရိတ်မှ အမြင့်ဆုံး ၄၀ ဒီဂရီစင်တီဂရိတ်ရှိသဖြင့် ရာသီဥတုမျှတကောင်းမွန်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေအတွင်း ဥယျာဉ်ခြံမြေကေပေါင်း ၁၀၆၀၀၊ လယ်မြေ ၁၇၆၄၀၀၊ ယာမြေ ၁၂၇၉၀၀ ကျော်ရှိပြီး အဓိကအားဖြင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါနှင့် ကြံများ စိုက်ပျိုးကြကြောင်း၊ မွေးမြူရေးအနေဖြင့် ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဆိတ်

နှင့်ငါးများကိုမွေးမြူကြကြောင်း။ နေပြည်တော်ကောင်စီနယ်မြေအတွင်း စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးနှင့် ဆေးကုသရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်စသည့် အဓိကတက္ကသိုလ် ၃ ခုရှိပြီး စိုက်ပျိုးရေးသိပ္ပံ၊ စက်မှုသိပ္ပံနှင့် စက်မှုအထက်တန်းကျောင်းများရှိကြောင်း။

နေပြည်တော်ကောင်စီနယ်မြေအတွင်း ယခင်နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်နှင့် သမ္မတကြီး ဦးသိန်းစိန်တာဝန်ယူခဲ့သည့် ဒီမိုကရေစီပထမအစိုးရလက်ထက်တွင် သရက်စိုက်ပျိုး ရေးဇုန်များနှင့် မွေးမြူရေးဇုန်များ သတ်မှတ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်ကုန်းမြို့တွင်လည်း မွေးမြူရေးနှင့်ပတ်သက်၍ မြေဧရိယာ ၈က ၇၀၀ နီးပါးခွင့်ပြုပေးခဲ့ပြီး မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသည့် မြေဧရိယာများအား သတ်မှတ်ထားသည့်စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ရှိသည့်ဌာနများမှ ပြန်လည်စိစစ်ဆောင်ရွက်ရန်လိုကြောင်း။

အကျိုးပြုနိုင်မည်ဖြစ်

နေပြည်တော်ကောင်စီနယ်မြေသည် အရှေ့ရိုးမနှင့် အနောက်ရိုးမအကြားတွင်တည်ရှိပြီး မြစ်ချောင်းများ ပေါများသဖြင့် စိုက်ပျိုးရေးအတွက် မြေဩဇာများကောင်းမွန်သောကြောင့် စိုက်ပျိုးမြေကောင်းမွန်သောနေရာဒေသဖြစ်သဖြင့် စိုက်ပျိုးရေးတက္ကသိုလ်နှင့် သုတေသနဌာနများကို ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း၊ မြစ်ချောင်းများပေါများပြီး ရေခံ၊ မြေခံများ ကောင်းမွန်ခြင်းကြောင့် ၁၂ လရာသီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည့်နေရာဒေသတစ်ခုဖြစ်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်များရှိခြင်းကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများမှ အထွက်ကောင်းမွန်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ စိုက်ပျိုးရေများ သုံးစွဲရာတွင် Drop စနစ်နှင့် Sprinkler စနစ်များဖြင့် သုံးစွဲရန်လိုကြောင်း၊ ထိုသို့သုံးစွဲနိုင်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အား ရရှိရေးအတွက် ရေအားလျှပ်စစ် ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ရှိပြီးသားရေလှောင်တမံများနှင့် ဆည်များရှိ ရေမျက်နှာပြင်ဧရိယာများပေါ်တွင်ပါ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပါအဝင် အခြားလုပ်ငန်းများကိုလည်း အကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

စနစ်တကျတွက်ချက်

ထို့ပြင် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အလားတူ မိတ္ထီလာ၊ ပျော်ဘွယ်နှင့်ရမည်းသင်းတို့တွင် ဝါများ စိုက်ပျိုးကြပြီး နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်လည်း ဝါစိုက်ပျိုးမှုများရှိကြောင်း၊ ဝါကုန်ကြမ်းများပေါ်တွင်အခြေခံ၍ နေပြည်တော်နယ်မြေအတွင်း ချည်မျှင်နှင့် အထည်စက်ရုံများတည်ဆောက်ပြီး ထွက်ရှိလာသည့် ချည်မျှင်နှင့်အထည်များမှတစ်ဆင့် အထည်အလိပ်လုပ်ငန်းများနှင့်အထည်ချုပ်လုပ်ငန်းများအထိ အဆင့်ဆင့် ဆောင်ရွက်နိုင်ကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကိုအခြေခံသည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်၍ ရကြောင်း၊ လျှပ်စစ်ဓာတ်အားမပြတ်ရရှိနေပါက လျှပ်စစ်နှင့် သက်ဆိုင်သည့်လုပ်ငန်းများကိုပါဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြို့ပြစီမံကိန်းများတွင် စနစ်တကျတွက်ချက်ဆောင်ရွက်ရန်လိုကြောင်း။

လူသားအရင်းအမြစ်များမွေးထုတ်

နိုင်ငံတော် အစိုးရရုံးစိုက်ရာ မြို့တော်ဖြစ်သဖြင့် အုပ်ချုပ်ရေးယန္တရားအပေါ် အထောက်အကူပြုမည့် လူသားအရင်းအမြစ်များ မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်သည့် မြို့တော်အဖြစ်ဆောင်ရွက်နိုင်ကြောင်း၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ တရားရေး၊ ဥပဒေရေးရာနှင့် အုပ်ချုပ်ရေးဆိုင်ရာများနှင့်သက်ဆိုင်သည့် သင်တန်းများ၊ တက္ကသိုလ်များ ဖွင့်လှစ်သင်ကြားပေးနိုင်ရန်အတွက် ထည့်သွင်းစဉ်းစားကြရန်လိုကြောင်း၊ တက္ကသိုလ်များတည်ဆောက်ရာတွင် ပတ်ဝန်းကျင်ကောင်းသည့် နေရာတွင် တည်ဆောက်ရန်လိုကြောင်း၊ ရန်ကုန်တက္ကသိုလ်သည် အာရှနိုင်ငံများတွင် တည်နေရာအားဖြင့် အကောင်းဆုံးဖြစ်ကြောင်း၊ ထို့ကြောင့်တက္ကသိုလ်များ တည်ဆောက်ရန်အတွက် နေရာများရွေးချယ်ရာတွင် နေရာရွေးချယ်မှုမှန်ကန်စေရေး အဘက်ဘက်မှထည့်သွင်းစဉ်းစား ဆောင်

ရွက်ကြရန်လိုကြောင်း။

မြို့တော်သာယာလှပရေးအတွက် ဆောင်ရွက်ရာတွင် အခြေခံအကြောင်းအရာများအား ထည့်သွင်းစဉ်းစား၍ မြို့တော်သာယာလှပစည်ကမ်းစေရေးဆောင်ရွက်ရန် လိုကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်သက်ဆိုင်သည့် ကိစ္စရပ်များဆောင်ရွက်ရာတွင်လည်း နေပြည်တော်သည် ဗဟိုဌာနဖြစ်ရမည်ဖြစ်သဖြင့် စနစ်တကျစီမံခန့်ခွဲရန်လိုကြောင်း၊ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ် တည်ဆောက်ရာတွင် လေကြောင်းကုန်စည်သယ်ယူပို့ဆောင်ရေးစနစ် (Cargo) လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အထိပါ ထည့်သွင်းတွက်ချက်တည်ဆောက်ထားခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် စက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ထုတ်ကုန်များကို လေဆိပ်သို့ အလွယ်တကူပို့ဆောင်နိုင်သည့် နေရာများရွေးချယ်ရန်လိုအပ်ကြောင်း၊ နေပြည်တော်ကောင်စီနယ်မြေတွင် လူဦးရေသန်း ၂၀ အထိနေထိုင်နိုင်ရန် ရည်ရွယ်တည်ဆောက်ထားခြင်းဖြစ်သဖြင့် မြို့ပြစီမံကိန်းများတည်ဆောက်ရာတွင် မြို့ပတ်ရထားလမ်းများ၊ ဘတ်စ်ကားလမ်းများ၊ လျှပ်စစ်ဘတ်စ်ကားလမ်းများနှင့် မြေအောက်ရထားလမ်းများ တည်ဆောက်နိုင်ရေးအတွက်ပါ ကြိုတင်စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ နေပြည်တော်ဘူတာကြီးအား တစ်နိုင်ငံလုံး၏ ဗဟိုချက်ဖြစ်အောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ လေကြောင်းပို့ဆောင်ရေးစနစ်များသည်လည်း နေပြည်တော်ကိုဗဟိုပြု၍ ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်ရှိလမ်းများ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ဝန်ထမ်းအိမ်ရာများ စည်ကားစေရေးအတွက်လည်း ရပ်ကွက်များ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ပလက်ဖောင်းများ စနစ်တကျပြုပြင်ခြင်းများ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သာမန်လူနေရပ်ကွက်များတွင် အိမ်ရာများဆောက်လုပ်ရာ၌ အထပ်မြင့်ဆောက်လုပ်မှု၊ လမ်းအကျယ်၊ လူနေဇရိယာများနှင့် ပန်းခြံများဆောက်လုပ်နိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ နေပြည်တော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ စီးပွားရေး၊ စက်ရုံအလုပ်ရုံများ၊ သန့်ရှင်းသာယာလှပရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတို့တွင် စံနမူနာပြဖြစ်ရမည်ဖြစ်ကြောင်း၊ အလားတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ကမ္ဘာ

လျှပ်စစ်ကို အခြေခံသည့်လျှပ်စစ်ဘတ်စ်ကား လုပ်ငန်းများနှင့် မြို့ပတ်ရထားလမ်းများ၊ မြေအောက်ရထားလမ်းများဖြင့် မြို့အား ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်၊ နေပြည်တော်အတွင်း လျှပ်စစ်ဘတ်စ်ကားနှင့် လျှပ်စစ်ကားများ ပြေးဆွဲနိုင်ရေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့် တစ်နိုင်ငံလုံး အသုံးပြုနိုင်သည်အထိ ထည့်သွင်းစဉ်းစားရန်လို၊ အဓိကအားဖြင့် နေပြည်တော်ရှိ ပြည်သူလူထု၏ ဘဝမြှင့်တင်ရေး အထောက်အကူရရှိစေရန် ဦးတည်ဆောင်ရွက်သွားရန်လို၊ နေပြည်တော်တွင် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝရေးများစွာလိုအပ်၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးအတွက် တိုက်တွန်းပြောကြားခြင်းဖြစ်။

လှည့်ခရီးသည်များ လည်ပတ်နိုင်သည့် ဥပုဂါတသန္တိစေတီတော်၊ သတ္တသတ္တာဟစေတီတော်၊ မဟာသကျရံသီဘုရား၊ လက်ရှိ တည်ဆောက်နေသည့် မာရဝိဇယထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် တိုင်းရင်းသားကျေးရွာ၊ ရေပန်းဥယျာဉ်နှင့် တိရစ္ဆာန်ဥယျာဉ်တို့ ရှိသော်လည်း ကမ္ဘာလှည့်ခရီးသည်များအား ဆွဲဆောင်နိုင်သည့် တာဝါကဲ့သို့သောအဆောက်အဦများ ထပ်မံတည်ဆောက်သွားရန် လိုအပ်ကြောင်း၊ ကမ္ဘာကြီးတစ်ရှိန်ထိုး တိုးတက်နေသကဲ့သို့ မိမိတို့နေပြည်တော်ကောင်စီနယ်မြေသည်လည်း အမြဲမပြတ်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်ရန်အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က နေပြည်တော် ပြည်ထောင်စုနယ်မြေဆိုင်ရာ အချက်အလက်များ၊ မြေအသုံးချမှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအခြေအနေ၊ ဒေသတွင်းဝမ်းစာဖူလုံမှု၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှု၊ စက်မှုဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှု၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှု၊ မြို့ပြအင်္ဂါရုပ်များနှင့်အညီဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုနှင့် ဆောင်ရွက်ရန်လိုအပ်သည့်ကဏ္ဍများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ကောင်စီဝင်နှင့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ဖြည့်စွက်ရှင်း လင်းတင်ပြကြသည်။

ထည့်သွင်းစဉ်းစားဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတွင်လက်ရှိဖြစ်ပေါ်နေသည့် ပကတိအခြေအနေ များနှင့်ကိုက်ညီအောင် လက်တွေ့ကျသည့် အခြေခံအချက်များကို ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နေပြည်တော်ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပညာရေးကဏ္ဍတို့တွင် စံပြမြို့တော်ဖြစ်စေရေးအတွက် လိုအပ်သည့် သိပ္ပံကျောင်းများ၊ ကောလိပ်များ၊ တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး၊ အခြေခံပညာကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးနှင့် အောင်ချက်မြင့်မားစေရေးတို့အတွက် စီမံဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ နောင်အနာဂတ်တွင် နေပြည်တော်၌ မြို့နေလူဦးရေတိုးပွားပြီး မော်တော်ယာဉ်များ၊ မီးရထားများ၊ လျှပ်စစ်ရထားများ၊ လျှပ်စစ်ကားများ တိုးချဲ့ပြေးဆွဲလာသည့်အခါ ယာဉ်ကြောပိတ်ဆို့မှုများ မဖြစ်ပေါ်စေရန် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။

လျှပ်စစ်ကားများ ပြေးဆွဲနိုင်ရေးဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် နေပြည်တော်ဖွံ့ဖြိုးရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ပြီး နေပြည်တော်အား စံပြအဖြစ်ဆောင်ရွက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဆက်လက်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ မီးခိုးမထွက်သည့် စက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ပြီး မြို့သည် သန့်ရှင်းသပ်ရပ်နေရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လျှပ်စစ်ရရှိရန်လိုအပ်ပြီး လျှပ်စစ်ကိုအခြေခံသည့် လျှပ်စစ်ဘတ်စ်ကားလုပ်ငန်းများနှင့် မြို့ပတ်ရထားလမ်းများ၊ မြေအောက်ရထားလမ်းများဖြင့် မြို့အားဖွံ့ဖြိုးတိုး

စက်မှုဇုန်များနှင့်ပတ်သက်၍ Skill Labour များရရှိစေရေး Certificate များဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ပစ္စည်းများ နိုင်ငံအတွင်း၌ ဈေးကွက်ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်၊ လမ်းများဖောက်လုပ်မှုနှင့် ပတ်သက်၍ လမ်းများမှာ နိုင်ငံတကာမှလက်ခံသည့် စံချိန်စံညွှန်းမီရန်လိုအပ်၊ နောင်တစ်ချိန်တွင် လမ်းများတိုးချဲ့နိုင်ရေးဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်တွက်ချက်ဆောက်လုပ်ရန်လိုသကဲ့သို့ လမ်းပခုံးများထည့်သွင်းတည်ဆောက်ရာတွင်လည်း လမ်းများ၏အဆင့်အလိုက် အဆင့်မီအောင် ထည့်သွင်းဆောင်ရွက်ရန်လို။

တက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နေပြည်တော်အတွင်း လျှပ်စစ်ဘတ်စ်ကားနှင့် လျှပ်စစ်ကားများပြေးဆွဲနိုင်ရေးဆောင်ရွက်ပြီး ထိုမှတစ်ဆင့်တစ်နိုင်ငံလုံး အသုံးပြုနိုင်သည်အထိ ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အဓိကအားဖြင့် နေပြည်တော်ရှိ ပြည်သူလူထု၏ဘဝမြှင့်တင်ရေးအထောက်အကူရရှိစေရန် ဦးတည်ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်တွင် ကျေးရွာများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝရေး များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရည်မြှင့်တင်ရေးအတွက် တိုက်တွန်းပြောကြားခြင်း ဖြစ်ကြောင်း၊ ပညာတတ်မှသာအတွေးအခေါ်များမြင့်မားပြီး ကျွမ်းကျင်အလုပ်သမား Skill Labour များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း။

ကြိုတင်တွက်ချက်ဆောက်လုပ်

နေပြည်တော် ကောင်စီအနေဖြင့် စီမံကိန်းအလိုက် ပေးထားသည့်မြေနေရာများတွင် လုပ်ငန်းများအမှန်တကယ်ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ကြပ်မတ် ဆောင်ရွက်နေရန်လိုကြောင်း၊ စက်မှုဇုန်များနှင့်ပတ်သက်၍ Skill Labour များရရှိစေရေး Certificate များဖြင့် ဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ပစ္စည်းများ နိုင်ငံအတွင်း၌ ဈေးကွက် ဖြစ်အောင် ဆောင်ရွက်ရမည်

ဖြစ်ကြောင်း၊ လမ်းများဖောက်လုပ်မှုနှင့်ပတ်သက်၍ လမ်းများမှာ နိုင်ငံတကာမှလက်ခံသည့် စံချိန်စံညွှန်းမီရန်လိုအပ်ကြောင်း၊ နောင်တစ်ချိန်တွင် လမ်းများ တိုးချဲ့နိုင်ရေးဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်တွက်ချက်ဆောက်လုပ်ရန်လိုသကဲ့သို့ လမ်းပခုံးများထည့်သွင်းတည်ဆောက်ရာတွင်လည်း လမ်းများ၏အဆင့်အလိုက် အဆင့်မီအောင် ထည့်သွင်းဆောင်ရွက်ရန်လိုကြောင်း။

နေပြည်တော်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာလျော့နည်းကျဆင်းမသွားရန် ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့မှသာ ရာသီဥတုမျှတမည်ဖြစ်ကြောင်း၊ စိုက်သင့်သည့်နေရာများတွင် သစ်တောသစ်ပင်များ ပြန်လည်စိုက်ပျိုးသွားရန် လိုအပ်ကြောင်း၊ စိုက်ပျိုးရေးဇုန်နှင့် မွေးမြူရေးဇုန်များတွင် အမှန်တကယ် စိုက်ပျိုးမွေးမြူရန်နှင့် စည်းကမ်းနှင့်အညီ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ ခေတ်မီသည့် စက်မှုလယ်ယာစိုက်ပျိုးစနစ်ကို ဖော်ဆောင်သွားရန်နှင့် ဒေသခံတောင်သူများကို လိုအပ်သည်များ ဖြည့်ဆည်းပံ့ပိုးပေးသွားရန်လိုကြောင်း၊ နေပြည်တော်ကို တစ်နိုင်ငံလုံး၏ စိုက်ပျိုးမွေးမြူရေးတွင် စံပြဒေသဖြစ်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ရေ၊ မြေ၊ မျိုး၊ နည်းစနစ်ကောင်းမွန်ရန် လိုအပ်ကြောင်း၊ တောင်သူများ သဘာဝမြေဩဇာအသုံးချနိုင်ရေး နိုင်ငံတော်အစိုးရအနေဖြင့် နည်းပညာကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ပြည်ပသို့တင်ပို့

မွေးမြူရေးသုတေသနဦးစီးဌာန ဖွဲ့စည်းဆောင်ရွက်ရေးကို အမြန်ဆုံးဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာတက္ကသိုလ်တွင် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်သင်ကြားနိုင်ရေးကို စီမံဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မျိုးစေ့ပြပွဲများ၊ နွားပြပွဲများ ပြသနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ပြီး မွေးမြူးရေးအပိုင်းတွင် အသားစာနွားနှင့် နို့စာနွားများကို အဓိကထား မွေးမြူသွားရမည်ဖြစ်ကြောင်း၊ ချင်းပြည်နယ်တွင် နွားနောက်မွေး မြူရေးကို အောင်မြင်အောင် စနစ်တကျဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်သွားရန်လိုကြောင်း။

အလေးထားဆောင်ရွက်

နေပြည်တော်သည် ဖွံ့ဖြိုးတိုးတက်ပြီး သန့်ရှင်းသာယာလှပမှသာ ခရီးသွားများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတကာအခမ်းအနားများကိုလည်း နေပြည်တော်တွင်သာကျင်းပနိုင်ရေး ဦးတည်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အိမ်သာမှစ၍ လာမည်ဖြစ်ကြောင်း၊ သို့အတွက် ဆက်သွယ်သွားလာမှုစနစ်တွင်လည်း နေပြည်တော်ကိုဗဟိုပြု၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင်ဆက်သွယ်ရေးစနစ်ကောင်းမွန်စေရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍လည်း စံနမူနာပြကောင်းမွန်နေရန်လိုအပ်ကြောင်း၊ နေပြည်တော်တွင် လျှပ်စစ်ကားပြေးဆွဲနိုင်ရေးကို မဖြစ်မနေအကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စာတိုက်စနစ်နှင့်ပတ်သက်ပြီး ကောင်းမွန်နေရန်နှင့် စာဖြန့်ဝေမှုစနစ် လျင်မြန်သွက်လက်စေရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အထက်ပေါင်းလောင်းဆည်တွင် ငါး၊ ပုစွန် မွေးမြူနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ကွင်းဆင်းစီစစ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် မီးရထားပြတိုက်တည်ဆောက်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နေပြည်တော်ကို Green City၊ Clean City၊ Smart City အဖြစ် သန့်ရှင်း၊ သပ်ရပ်၊ သာယာ၊ လှပ စိမ်းလန်း၊ စိုပြည်သည့် မြို့တော်တစ်ခုဖြစ်စေရေးအတွက် အဘက်ဘက်မှ စဉ်းစားသုံးသပ်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း လမ်းညွှန်မှာကြားသည်။

■■■■■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၂၁) တွင်ပြောကြားသည့် အမှာစကား

(၂၃ - ၈ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၄/၂၀၂၁)ကို သြဂုတ်လ ၂၃ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးသိန်းညွှန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဇညားအောင်မိုး၊ ဦးရွှေကြိမ်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ရှေ့လုပ်ငန်းစဉ်များအတိုင်းဆောင်ရွက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများ တိုးတက်မှုရှိစေရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဆုံးဦးတည်ချက်အနေဖြင့် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၏တွေ့ရှိချက်များကို ထုတ်ပြန်ဆောင်ရွက်ခဲ့ပြီး မကြာမီအချိန်အတွင်း တွေ့ရှိချက်အနှစ်ချုပ်ကို ပြည်သူလူထုနှင့် နိုင်ငံတော်သို့ ထုတ်ဖော်ပြသသွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲမဲမသမာမှုများကြောင့်သာ နိုင်ငံတော်၏တာဝန်ကိုယူခဲ့ရခြင်းဖြစ်ကြောင်း၊ အဆိုပါရွေးကောက်ပွဲရလဒ်နှင့်ပတ်သက်၍ အမျိုးမျိုးပြောကြားနေမှုများရှိပြီး ဒီမိုကရေစီကျင့်စဉ်အရ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းမဆို ဝေဖန်ပိုင်ခွင့်ရှိသော်လည်း ခိုင်လုံသည့်အကြောင်းအရာနှင့် အကြောင်းပြချက်များရှိရမည်ဖြစ်ကြောင်း၊ သို့သော်မျက်စိစုံမှိတ်၍ မိမိပြောချင်ရာပြောနေမည်ဆိုပါက ဒီမိုကရေစီ၏ အနှစ်သာရရှိမည်မဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်း

မိမိတို့အနေဖြင့် နေပြည်တော်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေး ပြုလုပ်ခဲ့ကြောင်း၊ နေပြည်တော်သည် နိုင်ငံတော်၏မြို့တော်ဖြစ်သဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန် ဦးတည်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအားလုံး ရုံးစိုက်သည့် မြို့တော်ဖြစ်သဖြင့် နေပြည်တော်ဖွံ့ဖြိုးတိုးတက်မှုကို စံပြအဖြစ်ဗဟိုပြု၍ ကျန်တိုင်းနှင့်ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပထမလှိုင်းနှင့် ဒုတိယလှိုင်း ဖြစ်ပွားခဲ့ချိန်များ၌ ထိခိုက်မှုနည်းပါးခဲ့သော်လည်း တတိယလှိုင်းဖြစ်ပွားချိန်တွင် ထိခိုက်မှုများရှိခဲ့ကြောင်း၊ သို့သော် မိမိတို့အနေဖြင့် အရေးယူဆောင်ရွက်ရမည့်ကိစ္စရပ်များ ဆောင်ရွက်နိုင်ရန်အတွက် အရေးပေါ်အစည်းအဝေးများ ပြုလုပ်၍ လုပ်ငန်းများအား ဖိဖိစီးစီးဆောင်ရွက်ခဲ့သည့်အတွက် ယခုအခါ အတိုင်းအတာတစ်ခုအထိ ကူးစက်မှုနှုန်းများ လျော့ကျလာပြီဖြစ်ကြောင်း၊ ကိုဗစ်ရောဂါဖြစ်ပွားသူများနှင့် ထိတွေ့ခဲ့သူများအား စစ်ဆေးပေးခြင်းနှင့် Stay at Home ပြုလုပ်ခြင်းများအပါအဝင် ကြပ်မတ်မှုများပြုလုပ်၍ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ စနစ်တကျ ကြပ်မတ်ဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ လျော့ကျ

လာခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းရာခိုင်နှုန်း ထက်ဝက်ခန့်အထိ ကျဆင်းစေရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း။

၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ရေးရည်မှန်း

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေးနှင့်ပတ်သက်၍ ပြည်ပနိုင်ငံများမှ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု ၂၀၂၁ ခုနှစ်အတွင်း မိမိတို့နိုင်ငံ၏လူဦးရေ ၅၀ ရာခိုင်နှုန်း ထိုးနှံပေးနိုင်ရေးရည်မှန်းဆောင်ရွက်လျက်ရှိပြီး ဖြစ်နိုင်ပါက ယခုထက်ပိုမိုထိုးနှံနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်အစိုးရအနေဖြင့် အိန္ဒိယနိုင်ငံတစ်ခုတည်းမှသာ ကာကွယ်ဆေးဝယ်ယူရရှိရေးဆောင်ရွက်ခဲ့ပြီး အိန္ဒိယနိုင်ငံ၌ ရောဂါကူးစက်မှု တတိယလှိုင်းဖြစ်ပွားချိန်၌ ကာကွယ်ဆေးများထပ်မံရရှိရေး အခက်အခဲဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ရှရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဝယ်ယူရရှိရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ၁၈ နှစ်ပြည့်ပြီးသူများအား ထိုးနှံလျက်ရှိပြီး အသက် ၁၂ နှစ်အထက် အသက်အရွယ်ရှိသူများ ထိုးနှံနိုင်ကြောင်းကိုလည်း နိုင်ငံတကာမှ ဆေးပညာရှင်များက ခွင့်ပြုချက်များပေးထားမှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၁၈ နှစ်အထက်လူဦးရေ ၃၆ ဒသမ ၉ သန်းခန့် နှင့် ၁၂ နှစ်နှင့် ၁၈ နှစ်ကြား ၆ သန်းခန့်ရှိသဖြင့် စုစုပေါင်း ၄၃ သန်းခန့်ရှိကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးရရှိရေးအတွက် ရင်းနှီးသည့်နိုင်ငံများမှ မိတ်ဆွေများထံ ဆက်သွယ်ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံတို့မှ ကာကွယ်ကုသဆေးများနှင့် အထောက်အကူပြုပစ္စည်းများအား မိတ်ဆွေကောင်းပီသစွာဖြင့် ကူညီလှူဒါန်းပေးမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုအား ကောင်းမွန်မှုကြောင့်သာ ကူးစက်မှုနှုန်းများ လျော့ကျလာခြင်းဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှု၊ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ပြည်တွင်းစည်းလုံးညီညွတ်မှုအားများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုနှင့် ကိုဗစ်-၁၉ ရောဂါအန္တရာယ်ကာကွယ်ရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကိုဗစ်ရောဂါမှာ တစ်ကမ္ဘာလုံးရင်ဆိုင်နေရသဖြင့် ပြည်ပအကူအညီမှာ အကန့်အသတ်ရှိကြောင်း၊ သို့ဖြစ်၍ "အတ္တာဟိ အတ္တာနော နာထော" မိမိကိုယ်မိမိ ကိုးကွယ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ထပ်မံကူညီဆောင်ရွက်ပေး

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကျဆင်းသွားသည့် စီးပွားရေးများ ပြန်လည် ဦးမော့လာစေရေး ဆောင်ရွက်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များအား မှာကြားထားပြီးဖြစ်ကြောင်း၊ ယခုအခါ မိုးစပါးစိုက်ပျိုးချိန်ရာသီသို့ ရောက်ရှိလာပြီး စပါးစိုက်ပျိုးမှုများ အခြေအနေကောင်းမွန်သည်ကို တွေ့ရှိရကြောင်း၊ ရာနှုန်းပြည့်ထွက်ရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိုးရာသီစိုက်ပျိုးရေးနှင့်ပတ်သက်၍ စပါးစိုက်ပျိုးရေးကိုသာမက အခြားစိုက်ပျိုးသီးနှံများကိုပါ စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက် စားရေရိက္ခာပေါများလာပြီး ပြည်ပသို့ ပို့ကုန်များဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိုးရာသီတွင် စီးပွားရေးကို တိုက်ရိုက်အထောက်အကူပြုသည့် စိုက်ပျိုးရေးလုပ်ငန်းများကို တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့စေရေးဆောင်ရွက်ရာတွင် အခွန်အခများ လျှော့ချပေးခြင်းနှင့် ဆိုင်းငံ့ပေးခြင်းများဆောင်ရွက်လျက်ရှိသော်လည်း လိုအပ်သည်များအား ထပ်မံကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများရှိ ပို့ဆောင်ရေးလုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများလည်း ထိခိုက်ကျဆင်းမှုများရှိသည်ကို လေ့လာတွေ့ရှိရကြောင်း၊ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံ၌ အထည်ချုပ်လုပ်ငန်းများ ပြန်လည်လည်ပတ်လျက်ရှိသဖြင့် အလုပ်သမားပြည်သူများ အဆင်ပြေမှုများရှိကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ပို့ကုန်များ အရည်အသွေးကောင်းမွန်ရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သကဲ့သို့ စက်ရုံများအနေဖြင့် ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ၎င်းစက်ရုံများအတွက် လိုအပ်သည်ကိုလည်း ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးမှုစီမံကိန်းများကိုလည်း ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

E-Banking စနစ်သုံးမှု အားနည်းနေသေး

ဘဏ်များနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ငွေသားကိုအဓိက သုံးစွဲလျက်ရှိပြီး E-Banking စနစ်သုံးစွဲမှုအားနည်းနေသေးကြောင်း၊ မိမိတို့အား ထိခိုက်စေရန်အတွက် စီးပွားရေးအရ ဘဏ်စနစ်များမှတစ်ဆင့် တိုက်ခိုက်မှုများရှိကြောင်း၊ ဘဏ်စနစ်သည် နိုင်ငံတစ်ခုဏ၏ အသက်ဖြစ်ကြောင်း၊ ၁၉၉၇ ခုနှစ်အာရှငွေကြေးဂယက်ကြောင့် နိုင်ငံများစွာတွင် ဘဏ်စနစ်များထိခိုက်ခဲ့ရပြီး အစိုးရများ ပြုတ်ကျမှုများရှိခဲ့ကြောင်း၊ ထိုသို့ငွေကြေးဂယက်ဖြစ်စေရန်အတွက် အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သည့် ဂျော့ဆိုးရော့စ်အား အဆိုပါနိုင်ငံများက ပြည်ဝင်ခွင့် ပိတ်ပင်ထားသည်ဟုသိရကြောင်း။

အဓိကထား၍ ဆောင်ရွက်ပေး

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ပတ်သက်၍ မိမိထံသို့ စာရေးတောင်းဆိုမှုများရှိကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ပြီး ၎င်းတို့ ထိန်းချုပ်နယ်မြေများအတွင်းရှိ ပြည်သူများကိုလည်းသတ်မှတ်ထားသည့် ဦးစားပေးအဆင့်အလိုက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြည်သူများအား ကာကွယ်ဆေး ၆ သန်းကျော်ထိုးနှံပေးခဲ့ပြီးဖြစ်၍ ကာကွယ်ဆေးထပ်မံရရှိချိန်တွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပမှကာကွယ်ဆေးများ ရောက်ရှိချိန်တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ အမြန်ဆုံးရောက်ရှိစေရေး တပ်မတော်နှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာနတို့၏ ပို့ဆောင်ရေးစနစ်များမှတစ်ဆင့် ပို့ဆောင်ပေးသွားမည်ဖြစ်ပြီး ယာဉ်သုံးစွဲမှုအပေါ်တွင်လည်း မည်သည့်ကန့်သတ်ချက်မျှမထားရှိဘဲ အမြန်ဆုံးရောက်ရှိရေးကို အဓိကထား၍ ဆောင်ရွက်သွားရန်မှာကြားပြီးဖြစ်ကြောင်း။

အတည်ပြုဆောင်ရွက်ထားခြင်းဖြစ်

မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးရရှိအောင်ဆောင်ရွက်နေပြီး ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း၏ ထောက်ခံမဲဖြင့် အများဆန္ဒနှင့်အညီ အတည်ပြုဆောင်ရွက်ထားခြင်းဖြစ်ကြောင်း၊ အဆိုပါလူများအနက် ၈၀ ရာခိုင်နှုန်းခန့်သည် ယခုအချိန်အထိ သက်ရှိထင်ရှားရှိနေသူများဖြစ်၍ ၎င်းတို့၏ဆန္ဒကို လေးစားတန်ဖိုးထားရန်လိုကြောင်း၊ အခြေအနေအချိန်အခါအရ ပြင်ဆင်သင့်သည်များရှိသည်ကို လက်ခံကြောင်း၊ ဥပမာအားဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဝန်ကြီးချုပ်များ ခန့်အပ်ရေးနှင့် ပတ်သက်၍ နယ်မြေဒေသအလိုက် သဘောထားများ ကိုက်ညီမှုတွင် လိုအပ်ချက်ရှိခြင်း၊ ရွေးချယ်ခံကိုယ်စားလှယ်များအား Right to Recall ဥပဒေ မထုတ်နိုင်ခြင်းတို့ကို တွေ့နေရကြောင်း၊ အလားတူ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ပတ်သက်၍ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့် ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်များ သဟဇာတမဖြစ်ပါက ဆုံးဖြတ်ချက်အတွက် ပြဿနာဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် အားလုံးပါဝင်နိုင်ပြီး အချိုးကျကိုယ်စားပြုသည့် ကိုယ်စားလှယ်များ၏ဆန္ဒအား အလေးထားနိုင်ရန် PR စနစ်ဖြင့် ကျင့်သုံးဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်လျက်ရှိကြောင်း၊ ရွေးချယ်ခံကိုယ်စားလှယ်၊ ရွေးချယ်တင်မြှောက်မှုစနစ်နှင့် ပတ်သက်၍လည်း ပြင်ဆင်ရန် ရှိသည်များရှိကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလအတွင်း ပြင်ဆင်၍ရသည်များကို အားလုံး

> **တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်၍ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးဟုပြောသည်များရှိ၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားအရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချို့သည် ဒီမိုကရေစီအခွင့်အရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်၊ တိုင်းရင်းသားအရေးသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်၊ ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်ပြီး သာတူညီမျှဖြစ်ရမည်ဖြစ်၊ မိမိတို့နိုင်ငံတွင် အဓိက တိုင်းရင်းသား လူမျိုး ၈ မျိုး၊ တိုင်းရင်းသားလူမျိုး စုပေါင်း ၁၃၅ မျိုးခန့် နေထိုင်ကြခြင်းဖြစ်သဖြင့် အများဆန္ဒကို ကြည့်ရမည်ဖြစ်။**

တိုင်ပင်ညှိနှိုင်းရ၍ ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

သာတူညီမျှဖြစ်ရမည်

တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်၍ တိုင်းရင်းသားအခွင့်အရေး၊ ဒီမိုကရေစီအခွင့်အရေးဟု ပြောသည်များရှိကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းရင်းသားအရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ပြီး အချို့သည် ဒီမိုကရေစီအခွင့်အရေးကြောင့် ပေါ်ပေါက်လာခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအရေးသည် ဖက်ဒရယ်နှင့် ဒီမိုကရေစီကိုအခြေခံ၍ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရသည် အများဆန္ဒအရ ဆောင်ရွက်ခြင်းဖြစ်ပြီး သာတူညီမျှဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အဓိကတိုင်းရင်းသားလူမျိုး ၈ မျိုး၊ တိုင်းရင်းသားလူမျိုးစုပေါင်း ၁၃၅ မျိုးခန့် နေထိုင်ကြခြင်းဖြစ်သဖြင့် အများဆန္ဒကို ကြည့်ရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအခွင့်အရေးကို တောင်းဆိုရာတွင် အဆိုပါ ဒီမိုကရေစီကျင့်စဉ်အား လိုက်နာရန်လိုကြောင်း၊ မိမိအစုအဖွဲ့အတွင်း၊ နယ်မြေအတွင်း ဒီမိုကရေစီကျင့်စဉ်ရှိရန်လိုကြောင်း၊ ဒီမိုကရေစီကျင့်စဉ်အား နိုင်ငံသားတိုင်း၊ တိုင်းရင်းသားတိုင်းသိရှိပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် လိုက်နာမှုမရှိဘဲ အချင်းချင်းပဋိပက္ခဖြစ်မှုများရှိပြီး အကြောင်းမဲ့သတ်ဖြတ်မှုများရှိကြောင်း၊ နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဒီမိုကရေစီကျင့်စဉ်များကို လိုက်နာရန်လို ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့နယ်မြေအတွင်း ဒီမိုကရေစီအလေ့အထများဖြစ်သည့် ဥပဒေလေးစားလိုက်နာခြင်း၊ စည်းကမ်းလေးစားလိုက်နာခြင်းနှင့် လူ၏တန်ဖိုးကို တန်ဖိုးထားခြင်းများလိုက်နာဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနှင့် လျော်ညီသည့် ကျင့်ကြံ၊ ပြောဆို၊ လုပ်ကိုင်မှုများရှိရန်လိုကြောင်း။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

မိမိတို့အနေဖြင့် ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များအပေါ်တွင် မူတည်ဆောင်ရွက်လျက်ရှိပြီး ရေရှည်လုပ်ရမည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လမ်းခင်းပေးခြင်း၊ အသိ၊ သတိပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ပြီး နိုင်ငံစီးပွားရေးဦးမော့စေရေးအတွက် ရေတို လုပ်ငန်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံ၏အားသည် ပြည်တွင်း၌သာရှိသည် ဆိုသည့်အတိုင်း ပြည်တွင်းစီးပွားရေး ဦးမော့လာစေရန်၊ ပြည်သူများ၏ စိတ်ဓာတ်များမြင့်မားအောင် ဆောင်ရွက်သွားမည်ဆိုသည့်ခံယူချက်များဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေးတင်ပြ

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွှန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဇာဥာအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က CRPH၊ NUG နှင့် ၎င်းတို့လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သမားများအား ငွေကြေးနှင့်ပစ္စည်းများ စုဆောင်းထောက်ပံ့ပေးနေသူများအား အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူရေး၊ သတင်းပေးသည့် ပြည်သူများအား ဆုကြေးငွေချီးမြှင့်ပေးရေးနှင့် အများပြည်သူသိရှိစေရေးသတင်းထုတ်ပြန်ပေးရန်၊ ဒေါ်လာစျေးနှင့်ရွှေစျေးများ စျေးကစားနေသူများအား ရှာဖွေဖော်ထုတ်အရေးယူနိုင်ရေး၊ အကြမ်းဖက်အဖွဲ့အစည်းများအား သင်တန်းပေးခြင်းနှင့် လက်နက်ပစ္စည်းများ ကူညီထောက်ပံ့နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ထိရောက်စွာတားဆီးနိုင်ရေး၊ သံလွင်မြစ်ပေါ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရန် ပြန်လည်စဉ်းစား သုံးသပ်ပေးရေး၊ ဓာတ်အားပျောက်ဆုံးမှုလျှော့ချနိုင်ရေးနှင့် စနစ်တကျထိန်းချုပ်နိုင်ရေးအတွက် နိုင်ငံအဝန်း AMI အဆင့်မြင့် Digital မီတာများ ပြောင်းလဲတပ်ဆင်ပေးနိုင်ရေး၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများအား သင့်လျော်သည့် ဂုဏ်ထူးဆောင်တံဆိပ်ပေးအပ်ချီးမြှင့်နိုင်ရေး၊ ကျောက်ဖြူအထူး စီးပွားရေးဇုန်နှင့် ပတ်သက်၍ လတ်တလောအကျိုးစီးပွားဖြစ်ထွန်းစေမည့် ကိစ္စရပ်များအား စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် တားဆီးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို ထိရောက်စွာဆောင်ရွက်၍ ပြည်သူများ၏စိုးရိမ်မှုကို လျှော့ချပေးရေး၊ ရပ်ကွက်၊ ကျေးရွာလုံခြုံရေးအတွက် ကျေးရွာပြည်သူ့စစ်အဖွဲ့များ စနစ်တကျပြန်လည် ဖွဲ့စည်းရေး၊ ကိုဗစ်-၁၉ ကာလတွင် စားဝတ်နေရေး အခက်အခဲ

ဖြစ်ပေါ်နေသည့် ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး၊ ယခုကာလဖြစ်ပွားနေသည့် အကြမ်းဖက်မှုများအပေါ် ထိရောက်စွာသတင်းထောက်လှမ်း၍ တရားခံများအား ဖော်ထုတ်အရေးယူနိုင်ရေး၊ နမ့်ဆန်မြို့တွင် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပေးရေး၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး၊ ဒေသတွင်း ရွှေတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို တားမြစ်ပေးနိုင်ရေး၊ မဘိမ်းမြို့တွင် စိုက်ပျိုးရေးဘဏ်ခွဲဖွင့်လှစ်ပေးနိုင်ရေးတို့ နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဂရုပြုဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ CRPH နှင့် NUG လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများအား ဥပဒေကြောင်းအရ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရလက်ထက် ဥပဒေနှင့်မညီညွတ်သည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်ပတ်သက်၍ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးကို မထိခိုက်အောင် ဂရုပြုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်စပ်လျဉ်း၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာစနစ်တို့မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုကို ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း၊ အချို့သော ရေအားလျှပ်စစ်ထုတ်လုပ်မှု စီမံကိန်းများသည် ရင်းနှီးမြှုပ်နှံမှုများပြားပြီး ဈေးကွက်မရှိသည့်အတွက် စီးပွားရေးအရ တွက်ခြေကိုက်မှုမရှိကြောင်း၊ စက်ရုံအလုပ်ရုံများအတွက် လိုအပ်သည့်စွမ်းအင်ကို သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် အဆင့်မြင့်နည်းပညာကိုအသုံးပြု၍ သဘာဝဓာတ်ငွေ့နှင့်ကျောက်မီးသွေးတို့မှ ထုတ်ယူသုံးစွဲသွားရန်လိုအပ်ကြောင်း၊ နောင်တွင် မိမိတို့နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းစက်ရုံအလုပ်ရုံများ လည်ပတ်နိုင်ရေးအတွက်သာ အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် လျှပ်စစ်ဓာတ်အားခကြွေးကျန်များပေးဆောင်ရန် ကျန်ရှိနေကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများနှင့် လျှပ်စစ်ဓာတ်အားခိုးယူသုံးစွဲမှုများလည်းရှိနေကြောင်း၊ ထို့အတွက် AMI အဆင့်မြင့် Digital မီတာများ ပြောင်းလဲတပ်ဆင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာလတွင် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများနှင့် SME လုပ်ငန်းများအတွက် သမဝါယမစနစ်ဖြင့် ချေးငွေထုတ်ချေးနိုင်ရေးကို ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း။

ဆေးရုံတိုင်းထားရှိဆောင်ရွက်

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် တားဆီးရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တာဝန်ရှိအဖွဲ့အစည်းများက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း လေ့ကျင့်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နမ့်ဆန်မြို့တွင် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံတည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ထို့ပြင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် ဒေသများအတွက်လည်း လျှပ်စစ်ဓာတ်အားနှင့် အောက်ဆီဂျင်ထုတ်လုပ်သည့် စက်ရုံများ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ဝန်းရှိ တိုင်း၊ ခရိုင်၊ မြို့ နယ်အဆင့်ဆေးရုံတိုင်းတွင် အောက်ဆီဂျင်ထုတ်လုပ်နိုင်သော စက်များတပ်ဆင်ပေးလျက်ရှိပြီး ဆေးရုံတိုင်းတွင်လည်း ကိုဗစ်-၁၉ အထူးကြပ်မတ်ကုသခန်းများ ထားရှိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ရုရှားနိုင်ငံနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါကုသဆေးထုတ်လုပ်သည့် စက်ရုံတည်ဆောက်နိုင်ရေးအတွက် ဆွေးနွေးလျက်ရှိကြောင်း။

အရှည်မျှော်တွေးပြီးစဉ်းစား

ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိမြို့နယ်အချို့၌ ဖြစ်ပွားခဲ့သည့် သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးတွင် မွေးမြူရေးသိပ္ပံကျောင်းများဖွင့်လှစ်ပြီး ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံပြည်သူလူထု လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အရှည်မျှော်တွေးပြီး စဉ်းစား ဆောင်ရွက်ပေးသွားရန် လိုအပ်ကြောင်း။

နက်နက်နဲနဲတွေးခေါ်

နိုင်ငံအကျိုးအတွက် ဆောင်ရွက်ရာတွင် အမျိုးသားအကျိုးစီးပွားကိုအခြေခံ၍ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အတိတ်သမိုင်းကြောင်းကို လျစ်လျူရှု၍မရဘဲ သင်ခန်းစာဖော်ထုတ်ဆောင်ရွက်ရန် လိုအပ်ပြီး လတ်တလောအဆင်ပြေစေရန် အလွယ်တကူ ဥပဒေရေးဆွဲပြဋ္ဌာန်း၍မရကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားအကျိုးစီးပွားကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ပြီး နိုင်ငံသားတိုင်း ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရေးအတွက် ဖော်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်အတွက် နက်နက်နဲနဲ တွေးခေါ်မျှော်မြင်ပြီး ဆောင်ရွက်ပေးသွားကြရန်လိုအပ်ကြောင်းဖြင့် လမ်းညွှန်မှာကြားသည်။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

(၂၃ - ၈ - ၂၀၂၁)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၂၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

Video Conferencing ဖြင့် တက်ရောက်

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ကူးစက်ဖြစ်ပွားမှု သိသိသာသာလျော့ကျ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့သည့်အချိန်တွင် သိသာမှုမရှိခဲ့သော်လည်း တတိယလှိုင်းကူးစက်မှု ဖြစ်ပွားချိန်၌ ကူးစက်မှုမြန်ဆန်ခဲ့သည့် အခြေအနေဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့ဗဟိုအဖွဲ့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာကိစ္စရပ်များအား အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည့်အတွက် ရောဂါကူးစက်မှုများ အတိုင်းအတာတစ်ခုအထိ လျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ ဇူလိုင် ၉ ရက် တွင် လူဦးရေ ၁၅၇၄၀ ဦးအား စစ်ဆေးခဲ့ရာပိုးတွေ့လူဦးရေ ၄၃၂၀ ဦး တွေ့ရှိရကြောင်း၊ ဇူလိုင် ၁၄ ရက်တွင် လူဦးရေ ၂၁၃၅၀ အား စစ်ဆေးခဲ့ရာ ပိုးတွေ့လူဦးရေ ၇၀၈၃ ဦးအထိတွေ့ရှိခဲ့ရသဖြင့် ရာခိုင်နှုန်းအရ ၃၄ ရာနှုန်းအထိ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လိုအပ်သည့် ထိန်းချုပ်မှုများ ဆောင်ရွက်ခြင်းနှင့် ပြည်နယ်နှင့်တိုင်းအလိုက် ကြပ်မတ်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုအခါ ရောဂါကူးစက်ဖြစ်ပွားမှုများ သိသိသာသာလျော့ကျလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ယခုလအကုန်တွင် ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်ခန့်အထိ လျော့ကျအောင် ကြိုးစားဆောင်ရွက်ခဲ့မှုကြောင့် ဩဂုတ်လ ၁ ရက်နေ့တွင် ပိုးတွေ့ လူနာ ၃၁၈၀ ဦး၊ ဩဂုတ်လ ၂၂ ရက်နေ့တွင် ၈၉၉၁ ဦးအား စစ်ဆေးခဲ့ရာ ပိုးတွေ့လူနာ ၂၁၇၃ ဦးရှိခဲ့သဖြင့် ရာခိုင်နှုန်းအရ ၂၄ ဒသမ ၁၇ ရာခိုင်နှုန်း အထိကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ရောဂါကူးစက်မှုနှုန်းကျဆင်းရခြင်းမှာ သက်ဆိုင်ရာ တာဝန်ရှိသူများ၏ ကြီးကြပ်ကွပ်ကဲမှုများနှင့် ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်ခြင်းကြောင့်ဖြစ်ကြောင်း၊ ရောဂါကူးစက်မှုလျော့ချနိုင်ရေး ဆက်လက်ဆောင်ရွက်ရာတွင် ပိုးတွေ့လူနာများနှင့် ဆက်စပ်ထိတွေ့မှုရှိခဲ့သူများကိုလည်း စစ်ဆေးနိုင်ရန်လိုအပ်ကြောင်း၊ ရောဂါစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဖြစ်နိုင်ခြေရှိသည်များ အားလုံးကို စစ်ဆေးရန်လိုပြီး "အနာသိမ့ဆေးရှိမည်" ဖြစ်ကြောင်း၊ သို့မှသာ ကာကွယ်မှုအတွက် ပိုမိုစဉ်းစားဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရောဂါကူးစက်မှုများ လျော့ကျလာသော်လည်း ပေါ့ဆမှုများ မရှိရန်လိုကြောင်း။

ကုန်ထုတ်လုပ်မှုများထိခိုက်ခဲ့

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် သွားလာမှုအခက်အခဲများ ဖြစ်ပေါ်ခဲ့သဖြင့် ကုန်ထုတ်လုပ်မှုများ ထိခိုက်ခဲ့မှုများရှိကြောင်း၊ စားသောက်ရေးအတွက် မိမိတို့လုပ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ ထိုသို့ဆောင်ရွက်ချိန်တွင် ဝိသမလောဘများဖြင့် ရောင်းဝယ်နေမှုများကိုလည်း တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့

> “ဆက်စပ်ပြီး ပြောချင်တာကတော့ အောက်ဆီဂျင်ကိစ္စပါ၊ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့က ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်မှာ အောက်ဆီဂျင်လိုအပ်ချက်တွေ အလွန်မြင့်တက်လာတဲ့အခါကျတော့၊ အကုန်လုံးက အောက်ဆီဂျင်ရရှိဖို့ အသည်းအသန်ကြိုးစား ကြတာပေါ့၊ အမြင့်ဆုံးလိုအပ်ချက်ကတော့ ပြီးခဲ့တဲ့ ဇူလိုင်လ ၁၈ ရက်နေ့က ၃၁၂၉၈ လုံး လိုတယ်ဆိုပြီးတော့ ကမ္ဘာကစောင့်ကြည့် လေ့လာရေး Indicator တွေမှာ သွားတွေ့တယ်။ အခု ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀ ရက်နေ့လိုအပ်ချက်က ၁၈၆၆၇ တွေ့တယ်။ ကျွန်တော်တို့ ထုတ်နိုင်တာက အခု ၄ သောင်းကျော်၊ တစ်ကယ်လို့ အပြည့်အစုံဆို လေးသောင်းကျော်လောက်ထုတ်နိုင်တာကို ကျွန်တော်တို့တွေ့တယ်။”

တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျဆောင်ရွက်ခဲ့ခြင်းကြောင့် ဆေးဝါးများ၏ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့်စိတ်၊ ပေးကမ်းလိုသည့်အခြေခံစိတ်များ ရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကိုအခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့ နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိနိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ်ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှု မရှိအောင် ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ကိုဗစ်-၁၉ ရောဂါသည် ကာကွယ်ဆေးများ ထိုးနှံထားပါက ရောဂါဖြစ်နိုင်မှုကျဆင်းပြီး ကာကွယ်နိုင်မှုရှိသည်ကို တစ်ကမ္ဘာလုံးကလက်ခံထားကြကြောင်း၊ ထိုသို့ ကာကွယ်နိုင်မှုများကို သိရှိလာခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများထိုးနှံနိုင်ရန်အတွက် ထိုးနှံလိုကြသူများ များပြားလာခဲ့ပြီး မိမိတို့အနေဖြင့်လည်း ကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်အစိုးရလက်ထက်တွင် အိန္ဒိယနိုင်ငံမှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး သန်း ၃၀ ရရှိအောင် ဆောင် ရွက်ခဲ့သော်လည်း ပထမအသုတ်ရောက်ရှိပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိခြင်းမရှိခဲ့ကြောင်း၊ ထိုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဒုတိယလှိုင်းပြီးခါစ အချိန်ဖြစ်သဖြင့် အိန္ဒိယနိုင်ငံတစ်ခုတည်းကသာ အဓိကဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ တတိယလှိုင်းဖြစ်ပေါ် လာချိန်တွင် တစ်ကမ္ဘာလုံးရောဂါ ဖြစ်ပွားမှုနှုန်း မြင့်မားလာခဲ့ရာ လက်ရှိကမ္ဘာ့လူဦးရေ၏ ၂၁ သန်းအထိ ဖြစ်ပွားခဲ့ပြီး သေဆုံးမှုနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ နိုင်ငံအားလုံး၌ ရောဂါကာကွယ်ရေးအတွက် ကာကွယ်ဆေးများရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း ၎င်းကဲ့သို့ အခြေအနေများအကြားမှ ပြည်သူလူထုကျန်းမာရေးအတွက် ကာကွယ်ဆေးများ ရရှိအောင် ခက်ခက်ခဲခဲ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါ ကာကွယ်ဆေးများ ရောက်ရှိချိန်တွင်လည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေးထိုးနှံမှုများအား အမြန်ဆုံးထိုးနှံနိုင်ရေးစနစ်တကျဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တစ်ရက်စော၍ ဆေးထိုးနိုင်လျှင် တစ်ရက်စော၍ ကာကွယ်ပြီးဖြစ်မည် ဖြစ်ကြောင်း။

အသိပေးကြေညာထား

ယခုအခါ ကိုဗစ်-၁၉ ရောဂါကာကွယ်ကုသရေးအတွက် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေး ဆေးဝါးအတုများဝင်ရောက်လာမှုများရှိသည်ဟု ကြားသိရသဖြင့် ပြည်သူများထိခိုက်မှုများရှိကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနကလည်း ယင်းကိစ္စနှင့်ပတ်သက်၍ သြဂုတ် ၂၂ ရက်တွင် ကြေညာချက်ထုတ်ပြန်၍ ပြည်သူလူထုသတိပြုနိုင်ရန် အသိပေးကြေညာထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာနယ်စပ်ဒေသများမှ တာဝန်ရှိသူများအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း၊ မြို့ကြီးများတွင် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆေးဝါးကုမ္ပဏီများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ တင်သွင်းခွင့်ပေးထားကြောင်း၊ အထူးသဖြင့် နယ်စပ်ဒေသမှ ပြည်သူများအနေဖြင့် ဆေးဝါးအတုများ ထိုးနှံမှုမရှိစေရေးအတွက် ဒေသခံပြည်သူများသိရှိစေရေး အမြဲမပြတ် အသိပေးထုတ်ပြန်ဆောင်ရွက်နေရန်လိုကြောင်း၊ ဆေးဝါးအတုများသည် လူ့အသက်အန္တရာယ်အထိဖြစ်ပေါ်စေ

နိုင်သဖြင့် ထိုသို့ဆောင်ရွက်သူများအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန် လိုကြောင်း။

အသိအမှတ်ပြုဆောင်ရွက်

ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ပြီးခဲ့သည့် နွေစပါး ရာသီတွင် စပါးစိုက်ပျိုးမှုများ လျော့နည်းခဲ့ကြောင်း၊ ယခု အခါ မိုးရွာသွန်းမှု ရာခိုင်နှုန်းမြင့်မားလျက်ရှိသဖြင့် ထို အခြေအနေအား ကောင်းစွာအသုံးချ၍ တောင်သူများ အနေဖြင့် စပါးများနှင့် အခြားသီးနှံများအား စနစ်တကျ စိုက်ပျိုးကြရန် လိုအပ်ကြောင်း၊ နိုင်ငံအတွင်း စားသောက် ကုန်များ ဖူလုံစွာထုတ်လုပ်နိုင်ပြီး ရိက္ခာများပေါများလာ ပါက နိုင်ငံအတွက်ရိက္ခာရှားပါးမှု မဖြစ်ပေါ်နိုင်ကြောင်း၊ ယခုအခါ ကမ္ဘာ့နိုင်ငံများတွင် စားသောက်မှုနှင့် ပတ်သက်၍ ရိက္ခာများ လိုအပ်မှုဖြစ်ပေါ်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ အတွင်း စိုက်ပျိုးရေးထုတ်ကုန်များ ပေါများလာပါက ပြည်ပပို့ကုန်များလည်း တင်ပို့နိုင်မည်ဖြစ်သဖြင့် နိုင်ငံခြား ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝန်ကြီးချုပ် များနှင့် တာဝန်ရှိသူများအနေဖြင့် စိုက်ပျိုးတောင်သူများ အား လိုက်လံကြည့်ရှုအားပေး၍ အသိအမှတ်ပြုဆောင် ရွက်နေရန်လိုကြောင်း မှာကြားသည်။

ကာကွယ်တားဆီးနိုင်ရေးလုပ်ဆောင်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ နှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှု နှုန်းကျဆင်းလျက်ရှိသည့် အခြေအနေ၊ ရောဂါဖြစ်ပွားမှု နှုန်း လျော့ကျခြင်းမရှိဘဲ ရောဂါပိုး အတည်ပြုလူနာတွေ့ ရှိမှုနှုန်း မြင့်မားလျက်ရှိသည့် အချို့မြို့နယ်များကို နေအိမ် တွင် နေထိုင်ရေး(Stay at home) ထပ်မံကန့်သတ်ထား ရှိ၍ ကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျစေရေး လုပ်ဆောင် လျက်ရှိသည့် အခြေအနေ၊ ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်း နိုင်ငံများတွင် ဗီဇပြောင်းရောဂါပိုးများ ဆက်လက်တွေ့ ရှိနေရမှု၊ ကူးစက်ပြန့်ပွားနိုင်မှု အခြေအနေများနှင့် ဗီဇ ပြောင်းရောဂါပိုးများ ကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ် တားဆီးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ အောက်ဆီဂျင်သုံးစွဲသူများအနေဖြင့် SOP Guide Line နှင့်အညီသုံးစွဲရန် လိုအပ်သည့်အခြေအနေ၊ ဆေးရုံအသီး သီးတွင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင် ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကျန်း မာရေးဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် အခြားထောက်ပံ့မှုများပြုလုပ်ရန် စီမံဆောင်ရွက်နေမှု အခြေအနေ၊ ဆေးရုံများအလိုက် ICU အခန်းများ အဆင့် မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လက်ရှိအချိန်အထိ ကာကွယ်ဆေးထိုးနှံပြီးစီးမှုအခြေ အနေများနှင့် ကာကွယ်ဆေးထိုးနှံမှုအား အာဆီယံ Website များနှင့် WHO Website များတွင်လည်းတင်နိုင်ရေး အတွက် ဆောင်ရွက်ထားရှိသည့် အခြေအနေ၊ ကာကွယ် ဆေးများရောက်ရှိမှု၊ ထပ်မံမှာယူထားရှိမှုအခြေအနေ များနှင့် ထပ်မံဝယ်ယူရရှိနိုင်ရေး ညှိနှိုင်းချိတ်ဆက် ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်တွင်း၌ ကိုဗစ်–၁၉ ရောဂါပိုးကာကွယ်ဆေး ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက် လျက်ရှိသည့်အခြေအနေ၊ ပုဂ္ဂလိကကုမ္ပဏီများ၏ ကာကွယ် ဆေးတင်သွင်းမှုနှင့် ထိုးနှံနေမှု အခြေအနေများကို မှတ် တမ်းရေးသွင်းနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုအခြေအနေ။

ကုန်စည်စီးဆင်းမှုမြန်ဆန်စေရေး

ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်း များ၊ လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ ထောက်ပံ့ မှုများကို နိုင်ငံတကာမှလှူဒါန်းပေးအပ်ခဲ့မှုနှင့် ထပ်မံ လှူဒါန်းလာမည့် အခြေအနေ၊ Relief Flight များ ပြေး ဆွဲပျံသန်း၍ နိုင်ငံသားများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့်အခြေအနေများနှင့် ဆက်လက် ပြေးဆွဲသွားမည့် အခြေအနေ၊ ရောဂါကာကွယ်ကုသ ထိန်းချုပ်ရေးဆိုင်ရာနှင့် ဆက်စပ်ဆေးဝါးများ၊ စက် ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့်အခြေအနေ၊ ကုန်စည် စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီမံဆောင်ရွက်ပေး ထားမှုနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှုအခြေအနေ၊ FDA ၏ ထောက်ခံချက်ဖြင့် ကုန်စည်များ စိစစ်ထုတ်ပေးနိုင် ရေး ပေါင်းစပ်ဆောင်ရွက်ပေးနေမှုအခြေအနေ။

ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေး ဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင် ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်း များမှ အသိပညာပေးလျက်ရှိသည့် အခြေအနေ၊ နေအိမ် တွင်နေထိုင်ရေး(Stay at home) ကာလအတွင်း ပြည်

သူများ စိတ်ချမ်းမြေ့မှုရရှိစေရေး၊ အသိပညာရရှိရေး၊ စိတ်ဖိစီးမှုများလျော့ကျစေရေး သီချင်းနှင့် ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီအစဉ်များ၊ အငြိမ့်များအပြင် အခြားအစီအစဉ်များစွာကို တင်ဆက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

အောက်ဆီဂျင်များအား ပြည်ပမှ တင်သွင်းဖြန့်ဖြူးနေမှု၊ ပြည်တွင်းမှ ထုတ်လုပ်နေမှု အခြေအနေ၊ ကာကွယ်ဆေးများအား သတ်မှတ်နယ်ပယ်များအလိုက် ထိုးနှံ့ ပေးနေမှု၊ ပြီးစီးမှုနှင့် ဆက်လက်ထိုးနှံ့ရေး ဆောင်ရွက်နေမှု အခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နေမှု၊ နယ်စပ်ဂိတ်အသီးသီး၌ စနစ်တကျစစ်ဆေး၍ ရောဂါပိုးတွေ့ရှိသူများအား စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရောဂါပိုးမတွေ့ရှိသူများ ကို ၎င်းတို့ နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေ။

စားရေးအခက်မခဲမရှိစေရန်

စားရေးအခက်အခဲမရှိစေရန်အတွက် အခြေခံစားကုန်များကို ရွှေ့လျားဈေးကားများဖြင့် လှည့်လည်ရောင်းချပေးနေမှုနှင့် အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေ၊ တပ်မတော် ဆေးရုံများ၊ စင်တာများတွင် စောင့်ကြည့်၊ ကုသမှုများဆောင်ရွက်ပေးနေမှုအခြေအနေ၊ Oxygen Plant များ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ထွက်ရှိလာမည့်အခြေအနေ၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်းကူးစက်ပြန့်ပွားမှုများတွင် ဗီဇပြောင်းရောဂါမျိုးကွဲများဖြင့် ကူးစက်ပြန့်ပွားခဲ့မှုအခြေအနေ၊ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးဆိုင်ရာ ပစ္စည်းများ၊ အောက်ဆီဂျင်များ၊ တစ်ခါသုံးဆေးထိုးအပ်နှင့် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေ၊ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးပေးနေမှု အခြေအနေ၊ ဆေးဝါးများကုန်ဈေးနှုန်းကြီးမြင့်မှုမရှိစေရေးစောင့်ကြည့်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နေမှု၊ အခြေခံအိမ်သုံးဆေးဝါးများ ကုန်ဈေးနှုန်းကျဆင်းလာမှု၊ ကိုဗစ်-၁၉ ပထမလှိုင်းကာလအတွင်း ပြည်တွင်းရှိ အထည်ချုပ်စက်ရုံအချို့ပိတ်ထားရမှုများရှိခဲ့ပြီး ယခုတတိယလှိုင်းကာလအတွင်းပင် အထည်ချုပ်အမှာစာများရောက်ရှိလာသည့်အတွက် စက်ရုံများကို ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ပြန်လည် လည်ပတ်ခဲ့ပြီး ယခင်လည်ပတ်မှုရပ်ဆိုင်းထားသည့် အထည်ချုပ်စက်ရုံ ၃၈ ရုံနှင့် စက်ရုံအသစ် ၁၁ ရုံ၊ စုစုပေါင်းစက်ရုံ ၄၉ ရုံလည်ပတ်လာနိုင်သည့်အတွက် ဝန်ထမ်း ၂ သောင်းကျော်ကို အလုပ်အကိုင်အခွင့်အလမ်းဖော်ဆောင်ပေးနိုင်ခဲ့သည့်အခြေအနေ၊ စက်ရုံ၊ အလုပ်ရုံများမှ အလုပ်သမားများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး လုပ်ဆောင်လျက်ရှိရာ ဩဂုတ် ၂၂ ရက် အထိ အလုပ်သမား ၈ သောင်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီး ဆက်လက်ထိုးနှံပေးသွားမည့် အခြေအနေ။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများအနေဖြင့် မြို့နယ်၊ ခရိုင်အလိုက် ဖြစ်ပေါ်ခဲ့သည့် ရောဂါဖြစ်ပွားမှု၊ သေဆုံးမှု၊ ဆေးရုံတက်ရောက်မှု၊ အောက်ဆီဂျင်လိုအပ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်၍ အမှန်တကယ်လိုအပ်ချက်များကို တွက်ချက်ပြင်ဆင်ထားရန်လိုအပ်သည့် အခြေအနေ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)တွင် လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၏ ဒေသများအတွင်း ကာကွယ်ဆေး ထိုးနှံပေးနိုင်ရေး စနစ်တကျစာရင်းကောက်ယူ ဆောင်ရွက်လျက်ရှိပြီး ဦးစားပေးအုပ်စုအလိုက် အမြန်ဆုံးထိုးနှံပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့ရှိ တိုက်ပွဲရှောင်နှင့် IDP Camp များ၌ ရှိနေသူ လူဦးရေ ၅ သိန်းကျော်အနက် အသက် ၁၈ နှစ်အထက် ကာကွယ်ဆေးထိုးနှံရန် အကျုံးဝင်သူ ၁၆၅၂၉၆ ဦးရှိပြီး ၎င်းတို့အနက် လူဦးရေ ၅ သောင်းကျော်ကို ယခုအပတ်အတွင်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကာကွယ်ဆေးထိုးနှံပြီးစီးသူများကို စနစ်တကျမှတ်တမ်းတင်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က

ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများပုံမှန်အတိုင်း လည်ပတ်နေမှုများကိုအားပေးရမည်ဖြစ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေး စည်းမျဉ်းစည်းကမ်းအတိုင်း လိုက်နာဆောင်ရွက်ကြရန်လည်းလိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံပိုင်ရှင်များအနေဖြင့်လည်း ဝန်ထမ်းများ၏ ကျန်းမာရေးနှင့် ဂင်းတို့၏ လိုအပ်ချက်များနှင့်ပတ်သက်၍ အလေးထားလုပ်ဆောင်ပေးရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိတာဝန်ရှိသူများအနေဖြင့်လည်း လိုအပ်သည်များကိုတတ်စွမ်းသရွေ့ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များဖြည့်စွက်မှာကြားသည်။

ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကျန်းမာရေးဆိုင်ရာဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါသည် မျိုးရိုးဗီဇများပြောင်းလဲကူးစက်မှုဖြစ်ပွားလျက်ရှိသည့်အတွက် ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေး အဖွဲ့(WHO)နှင့် ကျန်းမာရေးအဖွဲ့အစည်းများက သတ်မှတ်ထားသည့် စံနှုန်းသတ်မှတ်ချက်များရှိပြီး ၎င်းတို့ကို လေ့လာ၍ လိုက်နာဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများတွင် ဗဟိုအဖွဲ့၊ အရေးပေါ်တုံ့ပြန်ရေးအဖွဲ့များအနေဖြင့် လိုအပ်သည် မှန်သမျှကို ကြပ်ကြပ်မတ်မတ် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် တာဝန်ရှိသူများနေဖြင့်လည်း ပြည်သူများမှ တိကျစွာ လိုက်နာဆောင်ရွက်ရေး ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်

ထို့နောက် ဆေးရုံများကိုအဆင့်မြှင့်တင်နိုင်ရေး လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဆေးရုံတိုင်းသည် ဆေးရုံအင်္ဂါရပ်များနှင့် ကိုက်ညီမှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုခေတ်၌ နိုင်ငံတကာရှိ ဆေးရုံများ၏ ပုံသဏ္ဌာန်များ၊ အင်္ဂါရပ်များကို အလွယ်တကူ လေ့လာတွေ့ရှိနိုင်ကြောင်း၊ ထိုသို့လေ့လာ၍ မြို့နယ်၊ တိုက်နယ်၊ ခရိုင်အဆင့် ဆေးရုံများ စနစ်တကျရှိစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ICU ခန်းများရှိသည် ဖြစ်သော်လည်း ကိုဗစ်နှင့် ပတ်သက်၍ သီးသန့်ထားရှိပြီး အခြားရောဂါများအတွက်လည်း ICU ခန်းကို သီးသန့်ထားရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရေးအတွက်လည်း နိုင်ငံတော်က လိုအပ်သည့်ကုန်ကျမှုများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဆေးရုံများအဆင့်မြှင့်တင်ရေး၊ ရေစီးရေလာကောင်းမွန်ရေး၊ အမှိုက်သရိုက်များ ရှင်းလင်းရေး၊ ခြံစည်းရိုးများကောင်းမွန်ရေး၊ သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆေးရုံဝန်ထမ်းများ၊ တပ်မတော်၊ လူမှုရေးအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

အသက်ထက်အရေးကြီးတာဘာမှမရှိ

ထို့နောက် အောက်ဆီဂျင်နှင့်ပတ်သက်၍ လိုအပ်သည်များကို ဆောင်ရွက်ပေးရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ "ဆက်စပ်ပြီး ပြောချင်တာကတော့ အောက်ဆီဂျင်ကိစ္စပါ၊ အောက်ဆီဂျင်နဲ့ပတ်သက်ပြီး ကျွန်တော်တို့က ပြီးခဲ့တဲ့ ဇွန်၊ ဇူလိုင်မှာ အောက်ဆီဂျင်လိုအပ်ချက်တွေ အလွန်မြင့်တက်လာတဲ့အခါကျတော့၊ အကုန်လုံးက အောက်ဆီဂျင်ရရှိဖို့ အသည်းအသန်ကြိုးစားကြတာပေါ့၊ အမြင့်ဆုံးလိုအပ်ချက်ကတော့ ပြီးခဲ့တဲ့ ဇူလိုင်လ ၁၈ ရက်နေ့က ၃၁၂၉၈ လုံးလိုတယ်ဆိုပြီးတော့ ကမ္ဘာကစောင့်ကြည့်လေ့လာရေး Indicator တွေမှာ သွားတွေ့တယ်။ အခု ကျွန်တော်တို့ ပြီးခဲ့တဲ့ ၂၀ ရက်နေ့ လိုအပ်ချက်က ၁၈၆၆၇ တွေ့တယ်။ ကျွန်တော်တို့ ထုတ်နိုင်တာက အခု ၄ သောင်းကျော်၊ တစ်ကယ်လို့ အပြည့်အစုံဆို လေးသောင်းကျော်လောက်ထုတ်နိုင်တာကို ကျွန်တော်တို့တွေ့တယ်။ ဆိုလိုချင်တာကတော့ အမြင့်ဆုံးလိုအပ်ချက်ထက်ကို ပိုပြီးတော့မှ အောက်ဆီဂျင်ထုတ်နိုင်တဲ့အနေအထားတော့ ရောက်သွားပြီ။ သို့သော် ဆေးရုံသုံး အောက်ဆီဂျင်တွေ သန့်ရှင်းပြီးတော့မှ စနစ်တကျဖြစ်တဲ့ အောက်ဆီဂျင်ဖြစ်စေချင်တယ်။ အဲဒါလည်း ကျွန်တော် ပြီးခဲ့တဲ့ အစည်းအဝေးတွေမှာလည်း ပြောပါတယ်။ အောက်ဆီဂျင်အိုးတွေကအစ စနစ်တကျလုပ်ပါ။ သန့်သန့်ရှင်းရှင်း သပ်သပ်ရပ်ရပ်ဖြစ်အောင် ကြိုးစားပါ။ နောက်တစ်ခါလည်း အောက်ဆီဂျင် အောက်ဆီဂျင်လို့ ပြောတဲ့အခါကျတော့၊ မြို့နယ်တွေမှာ ကြိုးစားကြ

တယ်။ အဓိကကတော့ ဆက်သွယ်မှုခက်ခဲတဲ့နေရာတွေမှာ အောက်ဆီဂျင်မဖြစ်မနေရအောင် လုပ်ရမယ်။ ဥပမာ အားဖြင့် နန်းယွန်းလိုမြို့နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဆိုရင် နန်းယွန်းလိုဟာမျိုးပေါ့။ သွားရလာရတာ နည်းနည်းခက်တာကိုး။ လဟယ်ကမှ ခန္တီးကသွားရင် နည်းနည်းအဆင်ပြေနိုင်သေးတယ်။ ဒါ ဥပမာပြောပြတာ၊ ဥပမာအားဖြင့် – မာန်အောင်လိုဟာမျိုးဆိုရင် လေကြောင်းလမ်းတစ်ခုနဲ့ ရာသီဥတုကောင်းလို့ရှိရင် သဘော်လမ်းသွားလို့ရတယ်။ ကားလမ်းမရှိဘူး။ မာန်အောင်ကျွန်းမျိုးဆိုရင် ရကိုရရမယ်။ သူ့ကို Survive လုပ်နိုင်၊ သူ့ကိုယ်သူ ရပ်တည်နိုင်ရမယ့် အခြေအနေမျိုးရှိရမယ်။ အဲ့ဒါမျိုးလေးတွေပေါ့၊ ပြည်နယ်နဲ့ တိုင်းအလိုက် သွားလာမှုခက်ခဲတဲ့ မြို့နယ်တွေမှာ၊ ခရိုင်မဟုတ်လို့၊ မြို့နယ်မဟုတ်လို့၊ မဟုတ်ဘူး၊ သွားလာမှုခက်ခဲတဲ့ ဒေသတွေကတော့ မဖြစ်မနေရအောင် ကြိုးစားပေး၊ စိတ်မပူရအောင်၊ လျှပ်စစ်မီးဘယ်လိုရအောင်လုပ်မလဲ၊ ဥပမာအားဖြင့် အသေးစားရေအားလျှပ်စစ်စီမံကိန်း၊ အဲ့ဒီမှာ ကီလိုဝပ် ၅၀၀၊ ကီလိုဝပ် ၁၀၀၀၊ ဒါမှမဟုတ်လို့ရှိရင် ကီလိုဝပ် ၂၀၀ လား၊ ကီလိုဝပ် ၃၀၀ တော့ရသလား၊ ရရင် ခုနကပြောတဲ့ အောက်ဆီဂျင်စက်ရုံနဲ့ ပတ်သက်ပြီး အထောက်အကူရအောင် ချိတ်ဆက်ထား၊ လူထက်အရေးကြီးတာ၊ အသက်ထက်အရေးကြီးတာဘာမှမရှိဘူး''ဟု ပြောကြားသည်။

ဆေးဝါးအတုများ တင်သွင်းမှုမရှိစေရေး စစ်ဆေးရမည်

ဆက်လက်၍ ကိုဗစ်ကာကွယ်ဆေးများနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းမှုများကိုနယ်စပ်ဂိတ်များ၊လေကြောင်းနှင့် ရေကြောင်းတို့မှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် တင်သွင်းမှုများလုပ်ဆောင်လျက်ရှိပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေရေး အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လိုအပ်သည့်စစ်ဆေးမှုများ၊ ခွင့်ပြုမှုများကို အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မတော်လောဘများဖြင့် ကန့်သတ်တားမြစ်ဆေးဝါးများ၊ ဆေးဝါးအတုများ တင်သွင်းမှုမရှိစေရေး စစ်ဆေးရမည်ဖြစ်ပြီး တွေ့ရှိပါက ထိရောက်စွာ အရေးယူဆောင်ရွက်ရမည် ဖြစ်ကြောင်း။

ပညာပေးမှုနှင့်ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာနမှ လုပ်ဆောင်နေမှုများရှိသကဲ့သို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်တွင်လည်း အသံချဲ့စက်များနှင့် အသိပေးကြေညာခြင်း၊ ကျန်းမာရေးအသိပညာပေး၊ သတိပေးဆိုင်းဘုတ်များ ထောင်ခြင်းများပြုလုပ်ရန်လည်း လိုကြောင်း၊ အထူးသဖြင့် တိုင်းရင်းသားဒေသများတွင် ပညာပေးမှုများ ပိုမိုဆောင်ရွက်ရမည်ဖြစ်ပြီး ကျန်းမာရေးဆိုင်ရာအသိပေးမှု၊ သတိပေးမှုများ နေ့စဉ်ခြင်တွေ့ကြားသိနေရမှသာလျှင် ဆင်ခြင်လိုက်နာနိုင်မည်ဖြစ်သောကြောင့် ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

စေတနာထား၍ လုပ်ဆောင်ကြရမည်

ကိုဗစ်-၁၉ ရောဂါကို ရှေ့တန်းမှ ကာကွယ်ထိန်းချုပ်ကုသပေးနေသော ကျန်းမာရေးဝန်ထမ်းများ၊ နိုင်ငံတော်၏ကုန်ထုတ်လုပ်ငန်းများတွင် ထမ်းဆောင်ကြသည့် အဖွဲ့အစည်းများ၊ ပြည်သူလူထု၏သယ်ယူပို့ဆောင်ရေးကို ဆောင်ရွက်ပေးနေသည့်အဖွဲ့များ၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများနှင့် ၎င်းတို့၏မိသားစုဝင်များ ကျန်းမာရေးကောင်းမွန်ရန်လည်း လိုအပ်မည်ဖြစ်သဖြင့် ကာကွယ်ဆေးထိုးနှံရာတွင် ဦးစားပေးသတ်မှတ်ချက်များအလိုက် စနစ်တကျထိုးနှံပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံပိုင်တပ်မတော်(လေ)နှင့် တပ်မတော်ပို့ဆောင်ရေးစနစ်များမှတစ်ဆင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံးသို့ အမြန်ဆုံးရောက်ရှိနိုင်ရေး ပို့ဆောင်ပေးလျက်ရှိကြောင်း၊ ရောက်ရှိလာသည့် ဆေးပစ္စည်းများ ပျက်စီးမှုမရှိစေရေး စနစ်တကျထိန်းသိမ်းထားသို့၍အမြန်ဆုံးထိုးနှံပေးရမည်ဖြစ်ကြောင်း၊ အသက်အရွယ်ကြီးမြင့်သူများတွင် သေဆုံးမှုနှုန်း မြင့်မားသည်ကိုတွေ့ရှိရပြီး အသက် ၅၀ နှင့် အထက် သေဆုံးမှု ၈၀ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးကို အသက်အရွယ်ကြီးရင့်သူများအား ဦးစားပေးထိုးနှံစေလျက်ရှိကြောင်း၊ ယခု ကာကွယ်ဆေး ၈ သန်းရောက်ရှိပြီး ၆ သန်းကို ထိုးနှံပေးပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ်ထိုးနှံရန် ဆေး ၂ သန်းကျန်ရှိကြောင်း၊ တစ်ဖက်ကလည်း ကိုယ်ခံစွမ်းအားကောင်းမွန်အောင် နေထိုင်ရန်လိုအပ်မည်ဖြစ်ပြီး ကျန်းမာသန်စွမ်းမှုရှိစေရန် ကိုယ်လက်လှုပ်ရှားမှုများကိုလည်း လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ နှင့် ပတ်သက်သည့် အသိပညာပေးမှုများကိုသာမက အခြေခံကျန်းမာရေးနှင့်ပတ်သက်

သည့် ပညာပေးမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေးသောက်ရေးနှင့်ပတ်သက်၍ အဆင်ပြေချောမွေ့မှုရှိစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှု၊ စိုက်ပျိုးရေးနှင့်မွေးမြူရေး၊ ဒေသအလိုက် စားရေရိက္ခာပေါများစေရေး ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ အခြေခံအနေဖြင့် နိုင်ငံသားများနှင့် တိုင်းပြည်၏ စီးပွားရေးကောင်းမွန်အောင် လုပ်ဆောင်ရန် အဓိကလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်း လုပ်ဆောင်ရသည့်တာဝန်များအလိုက် မိမိအလုပ်နှင့် တိုင်းပြည်အပေါ်တွင် စေတနာထား၍ လုပ်ဆောင်မည်ဆိုပါက မိမိတို့၏ လုပ်ဆောင်မှုများ အောင်မြင်နိုင်မည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လူမှုဘဝတိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သဖြင့် မိမိတို့၏လုပ်ငန်းတာဝန်များကို စေတနာထား၍ လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

(၃၀ - ၈ - ၂၀၂၁)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၀)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၃၀ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဇူလိုင်လမှစ၍ ကိုဗစ်-၁၉ ရောဂါကူးစက်မှု တတိယလှိုင်း ဖြစ်ပေါ်လာပြီး ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာသည့်အတွက် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင်ဦးဆောင်၍ အစည်းအဝေးများပြုလုပ်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား အားလုံးတက်ညီလက်ညီဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၂၃ ရက်တွင် ၄၀ ဒသမ ၈၂ ရာခိုင်နှုန်း ကူးစက်မှုရှိခဲ့ပြီး ဇူလိုင် ၂၅ ရက်တွင် ၄၀ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ကူးစက်မှုရှိခဲ့ကြောင်း၊ စတင်ဖြစ်ပွားသည့်အချိန်မှစ၍ ဩဂုတ်လအတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်း ထက်ဝက်အထိ ကျဆင်းစေရန်အတွက် ပထမအဆင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုလ ၂၉ ရက်တွင် လူဦးရေ ၂၉၁၂၇ ဦးအား စစ်ဆေးခဲ့ရာ ၃၁၆၆ ဦး စစ်ဆေးတွေ့ရှိခဲ့သဖြင့် ၁၀ ဒသမ ၈၇ ရာခိုင်နှုန်းသာရှိသည်ကိုတွေ့ရှိရသည့်အတွက် မိမိတို့မျှော်မှန်းသည့်အတိုင်း ကူးစက်မှု ၂၀ ရာခိုင်နှုန်းအောက် ကျဆင်းလာသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ထိုသို့ကူးစက်မှုနှုန်းများ ကျဆင်းရခြင်းသည် ပြည်သူများ၏ ပူးပေါင်းလိုက်နာဆောင်ရွက်မှုနှင့် စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိသည့် အဖွဲ့အစည်းများ၏ ညီညီညာညာဖြင့် တက်ညီလက်ညီ ဆောင်ရွက်ပေးမှုများကြောင့် ဖြစ်ကြောင်း။

ရောဂါကူးစက်မှုနှုန်း မြင့်မားခဲ့ချိန်တွင် အောက်ဆီဂျင်လိုအပ်မှုများ ဖြစ်ပေါ်ခဲ့သော်လည်း တစ်ဦးချင်း အလှူရှင်များ၊ အဖွဲ့အစည်းများအလိုက်အလှူရှင်များနှင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ဝန်ကြီးဌာနများနှင့် ဗဟိုအဖွဲ့မှ စီမံဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်ဆီဂျင်လိုအပ်ချက်များကို လျင်မြန်စွာ ဖြည့်ဆည်းပေးနိုင်သည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ထုတ်ပြန်ချက်များအား သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပြည်သူများမှ လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ အဆင်ပြေစွာဆောင်ရွက်နိုင်ခြင်းဖြစ်ကြောင်း၊ ကိုဗစ်စည်းကမ်းများလိုက်နာမှုနှင့်ပတ်သက်၍ နယ်စပ်တိုင်းဒေသကြီးများနှင့် ပြည်နယ်များဖြစ်သည့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးများ အထူးသဖြင့် တရုတ်နိုင်ငံ၊ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားများ ပြန်လည်ဝင်ရောက်လာချိန်တွင် တာဝန်ရှိသူများအား သတင်းပေးပို့မှုမရှိဘဲ မိမိတို့နေရပ်သို့ပြန်လည်ဝင်ရောက်နေထိုင်ရာတွင် ရောဂါကူးစက်ခံရသူများရှိသည်ကိုတွေ့ရှိရကြောင်း၊ ထိုသို့ပြန်လည်ဝင်ရောက်လာသူများအား တာဝန်ရှိသူများအနေဖြင့် ရပ်ကွက်အဆင့်၊ ကျေးရွာအဆင့်၊ မြို့နယ်

အဆင့် ကြပ်မတ်ဆောင်ရွက်၍ လိုအပ်သည့် စစ်ဆေးမှုများနှင့် အကာအကွယ်ပေးမှုများ ဆောင်ရွက်ပေးခြင်းဖြင့် နယ်စပ်ဒေသတွင် ရောဂါကူးစက်မှုနှုန်းများ ကျဆင်းပြီး တစ်နိုင်ငံလုံး ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိမှု၊ ထိုးနှံမှုတို့နှင့်ပတ်သက်၍ ပြောကြားရာတွင် “ဆေးနဲ့ပတ်သက်ပြီး ပြောရရင်တော့ မနေ့ကအထိ တရုတ်နိုင်ငံကနေပြီးတော့ ဆေး ၆ ဒသမ ၅ သန်း ရောက်ပါတယ်၊ လှူတာ ၂ ဒသမ ၅ သန်းရှိပါတယ်၊ နောက်ဝယ်တာက ၄ သန်း၊ အားလုံးပေါင်း ၆ ဒသမ ၅ သန်း ကျွန်တော်ဆီရောက်ပါတယ်၊ တရုတ်က ဆေးပေါ့။ အိန္ဒိယကနေပြီးတော့ လှူတာကတော့ ၁ ဒသမ ၇ သန်း လှူတယ်၊ ၂ သန်းက တော့ဝယ်တာဖြစ်ပါတယ်၊ အားလုံးပေါင်း ၃ ဒသမ ၇ သန်းရောက်ပြီ ဖြစ်ပါတယ်၊ စုစုပေါင်း ၁၀ ဒသမ ၂ သန်းရှိပါတယ်။ ဒါလည်း မနေ့ကရောက်တဲ့ဆေးဆိုရင် အတတ်နိုင်ဆုံး အမြန်ဆုံး ပြည်နယ်နဲ့တိုင်းဒေသကြီးတွေကို တောက်လျှောက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနနဲ့ ကာကွယ်ရေးဝန်ကြီးဌာနမှာရှိတဲ့ ပို့နိုင်တဲ့ အဖွဲ့အစည်းတွေအားလုံးက ယာဉ်တွေထုတ်ပြီး ကျွန်တော်ပို့ခိုင်းထားပါတယ်၊ရာသီဥတုကောင်းရင်လည်း ကောင်းတဲ့အလျောက်ပေါ့။ အဲဒီတော့ အဓိကကတော့ ကိုယ့်ဆီရောက်လာရင် သက်ဆိုင်ရာ မြို့နယ်အဆင့်၊ အောက်ခြေအဆင့်အထိ ရောက်အောင် ပြည်နယ်များက၊ တိုင်းဒေသကြီးများကလည်း ဆက်လက်ပြီးတော့ ဆောင်ရွက်ပေးဖို့ပါ၊ ဆောင်ရွက်ပေးဖို့ဆိုတာ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့တွေအနေနဲ့ကတော့ စီမံခန့်ခွဲတာလုပ်ပေါ့၊ ယာဉ်ယန္တရားတွေကတော့ လိုအပ်ရင် ကျွန်တော်တို့ကိုပြောပါ။ ကျွန်တော်တို့ ဒီကနေပြီးတော့ တတ်နိုင်သမျှ Real Time ဖြစ်စေချင်ပါတယ်၊ အချိန်နှင့်တစ်ပြေးညီဖြစ်စေချင်ပါတယ်။ တစ်ရက်စောထိုးရင် တစ်ရက်အကျိုးရှိပါတယ်လို့ ကျွန်တော်ပြောလိုပါတယ်။ ဒီကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ ကမ္ဘာ့နိုင်ငံအသီးသီးက ထုတ်ပြန်ချက်တွေကြည့်လို့ရှိရင် ဆေးထိုးထားတဲ့သူတွေက ဆေးမထိုးထားတဲ့လူတွေထက် ရောဂါကိုခံနိုင်ရည်ပိုရှိတယ်၊ မဖြစ်ဘူးလို့တော့ အရှင်းမပြောပါဘူး။ သို့သော်လည်း ဖြစ်နိုင်ခြေနည်းတယ်၊ ဖြစ်ရင်တောင်မှ ခံရမှုနည်းတယ်၊ အဲဒီ

> **မိမိတို့နိုင်ငံတွင်လည်း ကုန်စျေးနှုန်းများ မြင့်တက်လာသော်လည်း စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များ၊ အခြေခံစားကုန်များကို ပြည်တွင်း၌ ထုတ်လုပ်သည့်နိုင်ငံဖြစ်ခြင်းကြောင့် စားသောက်ကုန်ပစ္စည်းများ အန္တရာယ် ဖြစ်စေနိုင်သည်အထိ ရှားပါးမှုများမဖြစ်ပေါ်နိုင်၊ လက်ရှိကုန်စျေးနှုန်းများ မြင့်တက်နေရခြင်းမှာလည်း ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်ခြင်းကြောင့်ဖြစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်မှုများရှိ။**

တော့ဖြစ်တယ်ဆိုရင်လည်း ဥပမာအားဖြင့် ပြင်းထန်တဲ့ရောဂါနဲ့ပတ်သက်ပြီး ဖြစ်ပွားမှုကျတော့ အထိုက်အလျောက် သူကနည်းနည်း နည်းတာကိုတွေ့ပါတယ်။ အောက်ဆီဂျင်ပေးရတာ၊ ဆေးပေးရတာကိုကအစ သူကသက်သာတာကို တွေ့ရတယ်” ဟု ပြောကြားသည်။

ယင်းနောက် ယခုထပ်မံရောက်ရှိသည့် ကာကွယ်ဆေးများထိုးနှံပြီးချိန်တွင် ကာကွယ်ဆေးထိုးနှံပြီးသည့် အရေအတွက် တိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်ပမှ ဝယ်ယူထားသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများလည်း မကြာမီအချိန်အတွင်း ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ဆေးများထပ်မံရောက်ရှိချိန်တွင်လည်း ပြည်သူများအား အချိန်နှင့်တစ်ပြေးညီ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများရရှိရေးအတွက် တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများမှသာမက အခြားမိတ်ဆွေနိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ စသည့်နိုင်ငံများမှလည်း လှူဒါန်းပေးမှုများရှိကြောင်း၊ အာဆီယံအဖွဲ့မှလည်း လှူဒါန်းပေးသည့် ပစ္စည်းများ မကြာမီပို့မည်ဟု ပြောကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ် -၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကူညီပေးသည့် နိုင်ငံများကိုလည်း မိမိအနေဖြင့်

ကျေးဇူးတင်ရှိပါကြောင်း၊ အဓိကအားဖြင့် အားလုံးညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အောက်ဆီဂျင်ရရှိရေးသည် အရေးကြီးသည့်အတွက် မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် အောက်ဆီဂျင်များ လုံလောက်စွာရရှိအောင် ဆောင်ရွက်ခဲ့ကြောင်း၊ အောက်ဆီဂျင်များအသုံးပြုမှု စနစ်မကျမှုကြောင့် အသုံးပြုသူများ အသက်အန္တရာယ် မဖြစ်ပေါ်စေရေး အသိပညာပေး တိုက်တွန်းဆွေးနွေးပေးရန်လိုအပ်ကြောင်း၊ အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့နယ်မြေအတွင်း အောက်ဆီဂျင်များ နေရာအနှံ့ရရှိစေရေး စနစ်တကျ စီမံခန့်ခွဲဆောင်ရွက်ရန်လိုကြောင်း၊ အလားတူ အခြားလိုအပ်သည့်ပစ္စည်းများ ရရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်မီရန် လိုအပ်သဖြင့် ရေရှည်အတွက် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်မှစ၍ ကန့်သတ်ချက်များရှိ၍ ကုန်ထုတ်လုပ်မှု စရိတ်များ မြင့်မားလာမှုကြောင့် ကုန်စျေးနှုန်းများ မြင့်မားလာသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကုန်စျေးနှုန်းများ မြင့်တက်လာသော်လည်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ၊ အခြေခံစားကုန်များကို ပြည်တွင်း၌ ထုတ်လုပ်သည့်နိုင်ငံဖြစ်ခြင်းကြောင့် စားသောက်ကုန်ပစ္စည်းများ အန္တရာယ်ဖြစ်စေနိုင်သည်အထိ ရှားပါးမှုများမဖြစ်ပေါ်နိုင်ကြောင်း၊ လက်ရှိကုန်စျေးနှုန်းများ မြင့်တက်နေရခြင်းမှာလည်း ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်ခြင်းကြောင့်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် သက်ဆိုင်ရာဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်မှုများရှိကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင်လည်း စျေးကားများဖြင့် နေရာအနှံ့တွင် စားသောက်ကုန်များဖြန့်ဝေရောင်းချပေးသဖြင့် ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် အားရဖွယ်ရှိကြောင်း၊ ပြည်သူများ၏ စားရေးအဆင်ပြေရန်အတွက် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ပြည်သူများစားရေးအဆင်ပြေစေရေး ယခုထက်ပိုမိုဆောင်ရွက်ကြရန်အတွက် တိုက်တွန်းလိုကြောင်း၊ အလားတူ ထုတ်ကုန်ပစ္စည်းများ အားလျော့မသွားအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးတွင် အထွက်နှုန်းတိုးစေရန်အတွက် ဓာတ်မြေဩဇာများရရှိရန် လိုအပ်သဖြင့် ပြည်ပမှတင်သွင်းနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ဒေသများအလိုက် သဘာဝဓာတ်မြေဩဇာများကို အကျိုးရှိရှိ အသုံးချနိုင်ရေးအတွက်လည်း စည်းရုံးလှုံ့ဆော်ပေးရန်လိုကြောင်း၊ သဘာဝဓာတ်မြေဩဇာများကို အသုံးပြု၍ အထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ကြရန်နှင့် ရှိပြီးသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချနိုင်ရေး ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် တိုက်တွန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ယခုကာလတွင် မိုးကောင်းစွာရွာသွန်းပြီး ရာသီဥတုများကောင်းမွန်လျက်ရှိခြင်းကြောင့် တိုင်းဒေသကြီးနှင့် ပြည် နယ်များအလိုက် စိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးချုပ်များအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် တောင်သူများထံ ကွင်းဆင်းအားပေးဆောင်ရွက်ရန်လိုကြောင်း၊ အားလုံးဝိုင်းဝန်းပြီး အင်ပြည့်အားပြည့် ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်နိုင်သည့်လုပ်ငန်းများဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအား အောင်မြင်အောင်ဆောင်ရွက်၍ စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ခြင်းဖြင့် စားသောက်ရေးများအဆင်ပြေပြီး ဝင်ငွေများ ကောင်းမွန်လာခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင်လည်း များစွာအထောက်အကူပြုလာမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလျက်ရှိသည့် အခြေအနေ၊ ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျခြင်းမရှိဘဲ ရောဂါပိုးအတည်ပြုလူနာတွေ့ရှိမှုနှုန်း မြင့်မားလျက်ရှိသည့် အချို့မြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး (Stay at home) ထားရှိ၍ ကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျစေရေး လုပ်ဆောင်လျက်ရှိပြီး ဖြစ်ပွားမှုနှုန်းလျော့ကျလာသည့် မြို့နယ်များအား ပြန်လည်ဖြေလျော့မှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ရောဂါပိုးကူးစက်မှု ကွင်းဆက်ဖြတ်

တောက်နိုင်ရေးအတွက် အုပ်စုများအလိုက် ခွဲခြားစစ်ဆေးမှု၊ ထိန်းချုပ်မှုများကို အထူးအလေးထား ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့နယ်များ၊ ရပ်ကွက်များအတွင်းထိ ရောဂါပိုးကူးစက်မှုအခြေအနေများကို စစ်ဆေးဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသူများကို စနစ်တကျ စစ်ဆေးလက်ခံပေးလျက်ရှိသည့် အခြေအနေနှင့် ဗီဇပြောင်းရောဂါပိုးများကူးစက်ဝင်ရောက်နိုင်မှုကို ကာကွယ်တားဆီးနိုင်ရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများထိုးနှံပေးလျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများ ဆက်လက်ရောက်ရှိလာမည့် အခြေအနေနှင့် ထပ်မံမှာယူထားရှိမှု အခြေအနေ၊ စက်တင်ဘာလနှင့် အောက်တိုဘာလတို့တွင် ကာကွယ်ဆေး လစဉ် ၁၀ သန်းခန့် ထပ်မံရောက်ရှိလာမည့်အခြေအနေ၊ ရောက်ရှိလာမည့် ဆေးဝါးများကို အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် အသက်အရွယ် အုပ်စုအခြားအလိုက် သတ်မှတ်ဆောင်ရွက်သွားမည့်အခြေအနေ၊ မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများကို ဦးစားပေးစာရင်းတွင် ထည့်သွင်းထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

လက်ရှိရောဂါပိုးအတည်ပြုလူနာများကို ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများတွင် ကုသရေး လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ကျန်းမာရေးဝန်ထမ်းများ ရောဂါပိုးကူးစက်ခံရမှု၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုနှင့်လိုအပ်သည်များ ထောက်ပံ့ပေးအပ်မှုအခြေအနေ၊ ပြည်သူများအားလုံး ကာကွယ်ဆေးပြည့်ဝစွာထိုးနှံနိုင်ရေးအတွက် ပြည်ပနိုင်ငံများမှ တာဝန်ရှိသူများ၊ ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှုအခြေအနေ၊ ကာကွယ်ဆေးများ ရောက်ရှိလာပါက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ အချိန်မီပေးပို့နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ အာဆီယံနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုဗစ် – ၁၉ ကာကွယ်ဆေးများနှင့် ဆက်စပ်ဆေးဝါးများ၊ ပစ္စည်းများပေးပို့လှူဒါန်းရန် ချိတ်ဆက် ဆောင်ရွက်နေမှု အခြေအနေ၊ နယ်စပ်ဒေသများရှိ ဒေသခံပြည်သူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ။

နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် Oxygen Plant များမှ တစ်နေ့တာ အောက်ဆီဂျင်ထုတ်လုပ်ပေးနိုင်မှုနှင့် တစ်နေ့တာအတွက် အောက်ဆီဂျင်လိုအပ်မှုအခြေအနေ၊ ပြည်ပနိုင်ငံများမှ Liquid Oxygen များ တင်သွင်းခွဲမှုနှင့် လက်ရှိအခြေအနေတွင် တင်သွင်းရန်လိုအပ်ချက်လျော့ ကျလာမှုအခြေအနေ၊ နေအိမ်တွင် နေထိုင်ရေး (Stay at home) ထားရှိသည့် မြို့နယ် ၁၂၉ မြို့နယ်မှ ဖြစ်ပွားမှုနှုန်းမြင့်တက်လျက်ရှိသည့် မြို့နယ် ၅၃ မြို့နယ်အား သြဂုတ် ၂၇၊ ၂၈ နှင့် ၂၉ ရက်တို့တွင် Spot Check ဖြင့် ရောဂါပိုးစစ်ဆေးခဲ့ရာ ၂၇ ရက်တွင် လူဦးရေ ၆၂၉၂ ဦးကိုစစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၂၀၇၁ ဦး၊ ၁၇ ဒသမ ၀၈ ရာခိုင်နှုန်း၊ ၂၈ ရက်တွင် လူဦးရေ ၁၇၉၃၀ ဦးစစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၁၄၇၈ ဦး၊ ၈ ဒသမ ၂၄ ရာခိုင်နှုန်း၊ ၂၉ ရက်တွင် ၃၅၀၇ ဦး စစ်ဆေးခဲ့ပြီး ရောဂါပိုးတွေ့ရှိသူ ၁၇၆၄ ဦး၊ ၅ ဒသမ ၄၄ ရာခိုင်နှုန်းဖြစ်သည့်အတွက် ရောဂါ ကူးစက်ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့ကျလာသည်ကို တွေ့ရှိရသည့်အခြေအနေနှင့် Spot Check ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ Relief Flight များပြေးဆွဲ၍ လူပုဂ္ဂိုလ်နှင့်ဆေးပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်ခဲ့သည့်အခြေအနေ၊ပြည်တွင်းလေကြောင်း၊ရေကြောင်း၊ မော်တော်ယာဉ်နှင့် မီးရထားခရီးစဉ်များအား စဉ်ဆက်မပြတ်ပြေးဆွဲလျက်ရှိသည့် အခြေအနေ၊ ဆိပ်ကမ်းအသီးသီးတွင် ပြည်ပနိုင်ငံအသီးသီးမှ ကုန်သေတ္တာနှင့် စက်သုံးဆီများ ဝင်ရောက်နေမှုအခြေအနေ၊ ပြည်ပသို့ကုန်စည်များ ပို့ဆောင်ပေးနေမှုအခြေအနေနှင့် နယ်စပ်ဂိတ်အသီးသီးမှ ကိုဗစ်–၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခဲ့သည့် အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါနှင့် ပတ်သက်သည့် ကျန်းမာရေးဆိုင်ရာအသိပညာပေးခြင်းများကို Telephone message များမှတစ်ဆင့် ပေးပို့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

ကိုဗစ်–၁၉ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများကို ပြည်သူများထံသို့ လျင်မြန်စွာရောက်ရှိစေရေးအတွက် FDA ထောက်ခံမှုမလိုသည့်ပစ္စည်းများအား ဖြေလျော့မှုများပြုလုပ်၍ လျင်မြန်စွာ ထုတ်ယူခွင့်ပြုထားသည့် အခြေအနေ၊ FDA ထောက်ခံချက်ရယူရန် လိုအပ်သည့်ဆေးနှင့်ဆေးပစ္စည်းများကို

လည်း လျင်မြန်စွာထုတ်ယူရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရောက်ရှိပြီး ဆေးနှင့်ဆေးပစ္စည်းများအား ကုမ္ပဏီအချို့မှ ထုတ်ယူရန် ကျန်ရှိနေမှုနှင့် အမြန်ဆုံး လာရောက်ထုတ်ယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေး ရန်ပုံငွေမှ သုံးစွဲထားရှိမှု အခြေအနေ။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း သတင်းနှင့် ပညာပေးအစီအစဉ်များ ထုတ်လွှင့်နေမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်နေမှုအခြေအနေ၊ တိုင်းရင်းသားဘာသာစကားများနှင့် ထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိပြီး ၎င်းတို့၏တောင်းဆိုလာသည့် ကျန်းမာရေးပညာဗဟုသုတများနှင့် အခြားအစီအစဉ်များကိုလည်း ပြန်လည်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ။

တပ်မတော်ဆေးရုံများ၊ တိုင်းစစ်ဌာနချုပ်များအလိုက် ပိုးတွေ့လူနာများ၊ တက်ရောက်ကုသမှု အခြေအနေ၊ တိုင်းစစ်ဌာနချုပ်နယ်မြေများအလိုက် ပိုးတွေ့ လူနာများ တွေ့ရှိမှု၊ တပ်မတော်ဆေးရုံများအလိုက် Oxygen Plant များမှ အောက်ဆီဂျင်ထုတ်လုပ်နိုင်မှု၊ သုံးစွဲရန်လိုအပ်မှု အခြေအနေ၊ ရောဂါပိုးတွေ့ရှိမှုများအား စောင့်ကြည့်၍ သုတေသနပြုလုပ်မှု၊ ဗီဇပြောင်းရောဂါပိုးများ ဆက်လက်တွေ့ရှိရမှု၊ ကာကွယ်ဆေးအမျိုးအစားများအလိုက် ရောဂါပိုးအားကာကွယ်ပေးနိုင်မှု၊ ခုခံနိုင်မှုအခြေအနေ၊ တပ်မတော်စက်ရုံ၊ အလုပ်ရုံများမှ နှာခေါင်းစည်း၊ လက်သန့်ဆေးရည်၊ တစ်ခါသုံးဆေးထိုးအပ်များ ထုတ်လုပ်ဖြန့်ဖြူးနေမှု အခြေအနေ၊ ကမ္ဘာ့နိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများ၏ ရောဂါကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ နိုင်ငံအတွင်းမြို့နယ်များအလိုက် ကူးစက်ဖြစ်ပွားမှု၊ သေဆုံးမှုအခြေအနေ၊ ရွှေ့လျားဈေးကွက်များဖြင့် ပြည်သူလူထုအား ဈေးနှုန်းသက်သာစွာ လှည့်လည်ရောင်းချပေးနေမှုနှင့် ဆက်လက်တိုးချဲ့ ရောင်းချပေးသွားမည့်အခြေအနေ၊ တရုတ်-မြန်မာနယ် စပ်ဒေသများတွင် ကာကွယ်ဆေးထိုးနှံနိုင်ရေးဆောင် ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်ပမှ ဆေးနှင့်ဆေးပစ္စည်းများ တင်သွင်းရောက်ရှိမှုနှင့် ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ အခြေခံအိမ်သုံးဆေးဝါးများထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ နိုင်ငံအတွင်း ဆေးဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ ဆေးပစ္စည်းများ ဖြန့်ဖြူးပေးနိုင်မှုအခြေအနေ၊ ဆေးဝါးများအား အလွယ်တကူဝယ်ယူနိုင်ရေးအွန်လိုင်းမှတစ်ဆင့် ရောင်းချပေးလျက်ရှိမှုနှင့် ကုမ္ပဏီများထပ်မံပူးပေါင်းပါဝင်လာမှုအခြေအနေ၊ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာမှုအခြေအနေ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့်ကာလအတွင်း ပြည်ပပို့ကုန်များ တင်ပို့လျက်ရှိသည့် အခြေအနေနှင့် လိုအပ်သည့် အခြေခံစားကုန်သုံးကုန်ပစ္စည်းများကို ပြည်ပမှတင်သွင်းနေရမှု အခြေအနေ။

မိမိတို့နိုင်ငံ၏ ကာကွယ်ဆေးရောက်ရှိမှု၊ ထိုးနှံပေးနေမှုနှင့် ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို WHO Website တွင် ထည့်သွင်းဖော်ပြခဲ့သည့် အခြေအနေ၊ IDP Camp များတွင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကာကွယ်ဆေးထိုးနှံမှု၊ ရောက်ရှိမှု၊ ဆေးရုံတက်ရောက်ကုသမှု ခံယူမှုတို့ကို စနစ်တကျစာရင်းပြုစုဆောင်ရွက်ကြရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ပနိုင်ငံများမှ မိမိတို့နိုင်ငံသားများအား ပြန်လည်ခေါ်ယူရောက်ရှိနိုင်ရေး ဆောင်ရွက်ခဲ့စဉ် မလေးရှားနိုင်ငံမှ Relief Flight ဖြင့် သွားရောက်ခေါ်ယူခဲ့ရာ၌ အကြောင်းအမျိုးမျိုးကြောင့် ကျန်ရှိခဲ့သူများအား သက်ဆိုင်ရာ ဝန်ကြီးဌာနများဖြင့်ပေါင်းစပ်၍ အမြန်ဆုံးခေါ်ယူနိုင်ရေး ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ယခုအသစ်ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများသည် တစ်ပုလင်းလျှင် 5 Dose နှုန်း ဖြစ်သဖြင့် ဆေးထိုးနှံရေးဆောင်ရွက်ကြမည့် ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် သတိပြုရန်လိုပြီး နှုန်းထားအလိုက် အတိအကျဖြစ်စေရန် ကြပ်မတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယခင်ရောက်ရှိပြီးဖြစ်သည့် ကာကွယ်ဆေးများကို ဦးစားပေးထိုးနှံသွားရန်နှင့် ထပ်မံရောက်ရှိလာမည့် ဆေးများအား ဒုတိယအကြိမ်ထိုးနှံပေးနိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး သုတေသနပြုစမ်းသပ်ဆောင်ရွက်

နေမှုများကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင် နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် အရှင်း ပျောက်ကင်းမှုမရှိနိုင်ဘဲ ရေရှည်သွားရမည့် အနေ အထားတွင်ရှိသောကြောင့် ရေရှည်သုံးစွဲနိုင်သည်အထိ ရည်ရွယ်၍ စမ်းသပ်သုတေသနပြုမှုများကို မျက်ခြည် မပြတ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကုန် ပစ္စည်းများအား သက်ဆိုင်ရာ ဆိပ်ကမ်း၊ စခန်းများအလိုက် ပစ္စည်းရောက်ရှိသည်နှင့် ထုတ်ဝေဖြန့်ဖြူးနိုင်ရေးဖြေလျော့ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ FDA ၏ ခွင့်ပြုချက်ဖြင့် တင်သွင်းရမည့်ဆေးဝါးများကိုလည်း ဌာနအလိုက် ပေါင်း စပ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး မသမာမှုများ မရှိစေရေး အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း နှင့် ပြည်ပမှတင်သွင်းနေရသည့် အခြေခံစားကုန်၊ သုံး ကုန်ပစ္စည်းများကို ပြည်တွင်း၌ထုတ်လုပ်၍ ဈေးနှုန်းသက် သာစွာဖြင့် ရောင်းချပေးနိုင်ရေးလိုအပ်သည်များကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ် သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြား ရာတွင် အခြေခံဆေးဝါးများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိမှုနှင့် ကာကွယ်ဆေးထိုးနှံမှု အခြေ အနေများနှင့်ပတ်သက်၍ "ဆေးကုန်သည်ကြီးများအသင်း၊ တချို့ကုမ္ပဏီတွေကနေ တိုက်ရိုက်ရောင်းပေးတာရှိတယ်၊ ရန်ကုန်မှာလည်း ကျွန်တော်တို့ဆေးဆိုင်တွေ သီးခြား နေရာတစ်ခုသတ်မှတ်ပြီး ရောင်းပေးတာတွေရှိတယ်၊ ဈေးနှုန်းတွေလည်း ကျွန်တော်တို့က သတင်းစာထဲမှာ လည်းထည့်ပေးတယ်၊ ဆေးဈေးတွေ၊ အရေးကြီးတဲ့ဆေး တွေပေါ့။ အဲဒီတော့ ဘာပဲပြောပြော ဆေးနဲ့ပတ်သက် ပြီးတော့ ပြည်သူတွေရဲ့လက်ဝယ်မှာ အတိုင်းအတာ တစ် ခုထိ၊ အဆင်ပြေသွားပါတယ်။ ဒီအတွက်ကြောင့် ဒီဆေး နဲ့ ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်းကို ကျေးဇူးတင် တဲ့အကြောင်း ကျွန်တော်ပြောလိုပါတယ်၊ သူတို့တွေ တကယ် ကို စေတနာထားပြီးလုပ်ပေးပါတယ်၊ အကျိုးအမြတ် ထက် ပြည်သူ့အတွက် အထောက်အကူရအောင်ဆိုပြီး တော့ လုပ်ပေးတာပေါ့၊ စီးပွားရေးဆိုတာကတော့ အကျိုး အမြတ်ရှိမှလုပ်ချင်မှာပေါ့၊ သို့သော်လည်း ဒီဟာက အကျိုး အမြတ်က အဓိကမဟုတ်ဘဲနဲ့ကို လက်ဝယ်ကို ဈေးနှုန်း မှန်မှန်နဲ့ မြန်မြန်နဲ့ လုပ်ပေးတယ်၊ စေတနာနဲ့ လုပ်ပေး တဲ့ကိစ္စရပ်ဖြစ်ပါတယ်၊ အဲဒါကြောင့် သူတို့ကို ကျေးဇူးတင် ကြောင်း ကျွန်တော် ပြောလိုပါတယ်။

ဒီကိုဗစ် ရောဂါတွေ့ရှိမှုနဲ့ ပတ်သက်ပြီး ကျလာတယ် လို့ပြောတယ်၊ ကျွန်တော်တို့က Figure လည်းတစ်ချက် ကြည့်တာပေါ့၊ စစ်ဆေးတဲ့ အရေအတွက်၊ နောက်တွေ့ တဲ့အရေအတွက် Percentage ၊ ကျွန်တော်တို့က ဒီဘက် က တွေ့တဲ့အရေအတွက်ကို ကြည့်တယ်၊ အဓိကကတော့ ဘာလဲဆိုတာကတော့ Field တွေမကျန်ဖို့လိုတယ်၊ ခုနက ကျန်းမာရေးဝန်ကြီးလည်း ဆွေးနွေးတဲ့အထဲမှာ ပါပါတယ်။ Contact Person တွေပေါ့၊ Contact Person မဟုတ်ဘဲ သူတို့နဲ့ အကြောင်းအမျိုးမျိုးကြောင့် ပတ်သက်နေတဲ့သူ တွေရှိတယ်၊ တချို့လည်း အိမ်မှာပြန်ပြီးနေကြတယ်၊ စောစောကကျွန်တော် ပြောလိုက်တယ်၊ ဥပမာအားဖြင့်- နယ်စပ်ဒေသမှာရှိတဲ့ ပြည်နယ်နဲ့တိုင်းတစ်ချို့ဒေသတွေ မှာ ရွာတွေပြန်နေကြတယ်၊ ဘာမှမပြောဘူး၊ ဖြစ်ခါမှ အကုန်လုံးကဖြစ်ပွားတဲ့နှုန်းက တအားများလာတဲ့အခါ ကျမှ၊ စစ်ကြည့်တော့ အကြောင်းအမျိုးမျိုးနဲ့ ပြန်ရောက် လာတဲ့သူတွေက သတင်းမပို့တာ၊ မစစ်ဆေးတာတွေ တွေ့တယ်။ ဒါကြောင့် ဒါတွေကိုလည်း ကြပ်ကြပ်မတ် မတ်စစ်ဆေးနိုင်ဖို့လိုပါတယ်။ အရေးကြီးတာက စစ်ဆေး မှုနယ်ပယ်တွေမှာ မကျန်ဖို့လိုတယ်၊ များများစစ်ပြီးတော့ အဖြေများများသိမှသာ ကျွန်တော်တို့က ကိုဗစ်ထိန်း ချုပ်ရေးအတွက် အကျိုးရှိလိမ့်မယ်လို့ ကျွန်တော်ပြောခဲ့ဖူး ပါတယ်၊ များများစစ်ဖို့လိုတယ်" ဟု ပြောကြားသည်။

ဆက်လက်ပြောကြားရာတွင် ထိုကဲ့သို့ ဆေးစစ်ဆေး မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကျန်းမာရေး ဝန်ထမ်းများအနေနဲ့ စိတ်ရှည်စွာဖြင့် နည်းစနစ်တကျ ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့သော သူများသည် အာခေါင်တို့ဖတ်၊ နှာခေါင်းတို့ဖတ်ခံယူရမည်ကို ကြောက် ရွံ့ထိတ်လန့်မှုများရှိသဖြင့် စစ်ဆေးမှုခံယူသူများကိုလည်း ကြောက်ရွံ့မှုမရှိစေရန် နားလည်သဘောပေါက်အောင် ရှင်းပြပေးရမည် ဖြစ်ကြောင်း၊ ဆေးစစ်မှုလုပ်ငန်းများ သည်အသက်အန္တရာယ်ကိုကာကွယ်ပေးနိုင်ရေး လုပ်ဆောင် ပေးသည့်လုပ်ငန်းဖြစ်သဖြင့် စစ်ဆေးမှုလုပ်ဆောင်ရန် လိုအပ်သူများမကျန်ရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ် ကြောင်း၊ လက်ရှိဖြစ်ပေါ်နေသည့် ဗီဇပြောင်းရောဂါပိုး

သည် ဖြစ်ပွားမှုန္တန်းမြန်ဆန်ပြီး သေဆုံးမှုများသည့်အတွက် ပေါ့ဆစွာဖြင့် နေထိုင်သွားလာမှုများ မရှိစေရေး ကျန်းမာရေးအသိပညာပေးသည့်လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပွားသည့်လက္ခဏာများကို ရပ်ကွက်၊ ကျေးရွာများအတွင်း လိုက်လံဆော်သြရာတွင်လည်း အချက်အလက်တိကျစွာဖြင့် အသိပညာပေးရမည် ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားများတွင် ဖော်ပြပေးရာ၌ နှုတ်ဖြင့်သာမက စာဖြင့်ပါဖော်ပြပေးရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုနှင့် ပတ်သက်ပါက မှန်ကန်သည့် အသိပညာများရရှိအောင် လုပ်ဆောင်ပေးနိုင်ရမည် ဖြစ်ကြောင်း။

ကိန်းဂဏန်းအချက်အလက်များအရ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျလာပြီး အဆိုပါအချက်အလက်များသည် မှန်ကန်ခိုင်မာမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့နည်းလာမှသာလျှင် တင်းကြပ်ထားသည့် ကျန်းမာရေးဆိုင်ရာ စည်းကမ်းချက်များကို ဖြေလျော့ပေးနိုင်မည်ဖြစ်ကြောင်း၊ ဒုတိယလှိုင်း၌ ရောဂါကူးစက်မှုနှုန်းလျော့ကျစဉ် ပေါ့ဆစွာဖြင့် နေထိုင်သွားလာခဲ့ခြင်းကြောင့် တတိယလှိုင်းဖြစ်ပွားစဉ် အခက်အခဲများစွာဖြင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများကို သင်ခန်းစာယူရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် စက်ရုံ၊ အလုပ်ရုံများကို စည်းကမ်းစနစ်တကျဖြင့် လုပ်ကိုင်ခွင့်ပေးထားပြီးဖြစ်ကြောင်း၊ ရောဂါဖြစ်ပေါ်မှု အခြေအနေများအရ ရုံးပိတ်ရက်ကြေညာထားသည် ဖြစ်သော်လည်း အစိုးရဝန်ကြီးဌာနများမှ တာဝန်ရှိသူများအနေဖြင့် လုပ်ဆောင်ရန်လိုအပ်သည်များကို စနစ်တကျစီမံခန့်ခွဲ၍ လုပ်ဆောင်နေရမည်ပင်ဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပေါ်မှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ ကျန်းမာရေးဆိုင်ရာဖြေလျော့မှုများကို လုပ်ဆောင်ပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများနှင့် ပတ်သက်၍ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ နယ်စပ်ဂိတ်များမှတစ်ဆင့် ရောက်ရှိလာမည့်ကာကွယ်ဆေးများကို ဦးစားပေးသတ်မှတ်ချက်များအလိုက် ထိုးနှံပေးနိုင်ရေးလုပ်ဆောင်ပေးရန်လိုကြောင်း၊ ကျန်းမာရေးဆိုင်ရာ ဆောင်ရွက်ပေးနေရသူများ၏ လုံခြုံရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသာမက ဒေသခံပြည်သူလူထုကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်ကို ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ပြီဖြစ်သဖြင့် ပြည်ပမှတင်သွင်းရန် အမှန်တကယ်လိုအပ်မှသာ အရန်အနေဖြင့် တင်သွင်းဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေး၊ ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးရာတွင် စီမံခန့်ခွဲမှုကောင်းစွာဖြင့် လုပ်ငန်းအောင်မြင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုမှလည်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

(၃၁ - ၈ - ၂၀၂၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးအမှတ်စဉ်(၄/၂၀၂၁)အား ဩဂုတ်လ ၃၁ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာဒေါ်သီတာဦးနှင့် ဒုတိယဝန်ကြီးများတက်ရောက်ကြပြီး ချင်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇွန်ဆန်းအောင်၊ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကို၊ မန္တလေးတိုင်းဒေသကြီးအစိုးရ အဖွဲ့ဝန်ကြီးချုပ် ဦးမောင်ကို၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်း၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီသည် နိုင်ငံအတွက် အရေးကြီးသည့်လုပ်ငန်းရပ်များ ဆောင်ရွက်နေသည့် ကော်မတီတစ်ရပ်ဖြစ်သည့်အခြေအနေ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ လုံခြုံရေးဆိုင်ရာများ စနစ်တကျရှိစေရေးနှင့် မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်နက်နယ်မြေဖြစ်သဖြင့် မိမိတို့အစိုးရ၏ စီမံခန့်ခွဲမှုအပြည့်အဝရှိရန် လိုအပ်မှုအခြေအနေ၊ သစ်တောမြေများနှင့် ပတ်သက်၍ စနစ်တကျအသုံးပြုရန် လိုအပ်မှုနှင့်စိုက်ပျိုးမြေများအား အခြားကိစ္စရပ်များတွင် အသုံးပြုခြင်းများမပြုလုပ်ရန် လိုအပ်မှုအခြေအနေ၊ မြို့ရွာများစီမံခန့်ခွဲရေးတွင် ရေရှည်အတွက်စဉ်းစား၍ စီမံဆောင်ရွက်ရန် လိုအပ်မှုအခြေအနေ၊ နိုင်ငံအတွင်းလုံခြုံရေး၊ တည် ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့် နိုင်ငံတည်ငြိမ်အေး ချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးချုပ်များက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့် အမှာစကား

(၆ - ၉ - ၂၀၂၁)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

အတိုင်းအတာတစ်ခုအထိ ကျဆင်း

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ တတိယလှိုင်းစတင်ဖြစ်ပွားသည့် ဇူလိုင်လမှစ၍ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဗဟိုအဆင့်ဖွဲ့စည်း၍ အစည်းအဝေးများ ကျင်းပပြုလုပ်ပြီး ဖိဖိစီးစီး ထိထိမိမိဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် အတိုင်းအတာတစ်ခုအထိ ကျဆင်းလာပြီဖြစ်ကြောင်း၊ သို့သော်ဆက်လက်ဆောင်ရွက်ရမည့်ကိစ္စရပ်များ များစွာရှိနေသေးကြောင်း၊ စက်တင်ဘာ ၅ ရက်အထိ ကမ္ဘာပေါ်တွင် ကိုဗစ် - ၁၉ ကူးစက်သူ ၂၂၁ သန်းကျော်၊ သေဆုံးသူ ၄ ဒသမ ၆ သန်းခန့်ရှိကြောင်း၊ ကူးစက်မှုအများဆုံးမှာ အမေရိကန်နိုင်ငံဖြစ်ပြီး သန်း ၄၀ ကျော်ခန့်ရှိကာ ဒုတိယအများဆုံးမှာ အိန္ဒိယနိုင်ငံဖြစ်ပြီး ၃၃ သန်းခန့်ရှိကြောင်း၊ အာဆီယံနိုင်ငံများထဲတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှု ၄ သန်းကျော်ရှိပြီး သေဆုံးသူ ၁၃၆၀၀ ကျော်ခန့် သေဆုံးမှုရှိသဖြင့် ပထမအများဆုံးဖြစ်ကြောင်း၊ ဖိလစ်ပိုင်နိုင်ငံသည် ဒုတိယအများဆုံးဖြစ်ပြီး ကူးစက်သူ ၂ သန်းကျော်နှင့် သေဆုံးသူ ၃၄၀၀၀ ကျော်ခန့်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဋ္ဌမအများဆုံးဖြစ်ပြီး ကူးစက်သူ လေးသိန်းကျော်နှင့် သေဆုံးသူ ၁၅၈၀၀ ခန့် သေဆုံးသည်ကို တွေ့ရှိရကြောင်း။

ပြီးခဲ့သည့် ဇူလိုင်လမှစ၍ ကိုဗစ် - ၁၉ တတိယလှိုင်း ကူးစက်မှုနှုန်းမြင့်မားလာသည့်အတွက် ထိထိမိမိကိုင်တွယ်၍ ဩဂုတ်လကုန်အတွင်း ရောဂါကူးစက်မှုရာခိုင်နှုန်းထက်ဝက်ခန့်အထိ ကျဆင်းစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း ဇူလိုင် ၁၄ ရက်တွင် ၂၁၃၅ ဦးအား စစ်ဆေးခဲ့ရာ ၇၀၈၃ ဦး တွေ့ရှိခဲ့သဖြင့် စစ်ဆေးသူ၏ ၃၃ ရာ ခိုင်နှုန်း တွေ့ရှိခဲ့ကြောင်း၊ ဇူလိုင် ၂၂ ရက်တွင် ၁၇၂၃၅ ဦးအား စစ်ဆေးခဲ့ရာ ၆၇၀၁ ဦး တွေ့ရှိခဲ့သဖြင့် တွေ့ရှိမှုရာခိုင်နှုန်း ၃၈ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ အချို့ရက်များတွင်လည်း ၄၀ ရာခိုင်နှုန်းကျော်သည်များရှိခဲ့ကြောင်း၊ ထိုသို့ရောဂါကူးစက်မှုနှုန်း မြင့်တက်မှုများအား ထိန်းချုပ်နိုင်ရန်အတွက် ဗဟိုအဖွဲ့အနေဖြင့် ပြည်သူများ ကာကွယ်ဆေးများထိုးနှံနိုင်ရေး၊ ပြည်ပမှကာကွယ်ဆေးများဝယ်ယူရရှိနိုင်ရေး၊ ကာကွယ်ရေးပစ္စည်းများ ပြည့်စုံစွာဖြင့် တစ်နိုင်ငံလုံးဖြန့်ကျက်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကလည်း နိုင်ငံတော်အစိုးရကဆောင်ရွက်သည့် လုပ်ငန်းရပ်များအောင်မြင်စေရန်အတွက် ပြည်သူများကိုဗစ် - ၁၉ ဆိုင်ရာစည်းကမ်းချက်များ လိုက်နာစေရန် ဆောင်ရွက်မှုများနှင့် ပြည်သူများ၏ လိုက်နာပူးပေါင်းဆောင်ရွက်မှုများကြောင့် ကူးစက်မှုနှုန်းများ ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း။

များစွာကျဆင်းသွား

ယခုစက်တင်ဘာလဆန်း၌ ပျမ်းမျှပိုးတွေ့နှုန်းသည်

၁၀ ဒသမ ၃၇ ရာခိုင်နှုန်းသာရှိသဖြင့် ကူးစက်မှုနှုန်းများများစွာကျဆင်းသွားသည်ကို တွေ့ရှိရကြောင်း၊ သို့သော် အချို့ပြည်နယ်နှင့် တိုင်းများတွင် ကူးစက်မှုနှုန်း များပြားနေသေးသည်ကို တွေ့ရှိနေရသေးကြောင်း၊ ရောဂါကူးစက်မှု စစ်ဆေးရာတွင် နယ်ပယ်ပေါင်းစုံတွင် စစ်ဆေးနိုင်ရေး ဖြစ်နိုင်သမျှနယ်ပယ်များတွင် စစ်ဆေးခဲ့ရာ တစ်ရက်လျှင် လူဦးရေ ၃ သောင်းကျော်ခန့်အထိ စစ်ဆေးနိုင်ခဲ့ကြောင်း၊ လူတစ်သိန်းတွင်ကူးစက်မှုအား အချိုးချ၍ တွက်ချက်ခဲ့ရာ ကယားပြည်နယ်၌ လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၁၉၃ ဦးတွေ့ရှိပြီး ကူးစက်မှုနှုန်းအများဆုံး၊ ကချင်ပြည်နယ်၌ လူတစ်သိန်းတွင်ကူးစက်သူဦးရေ ၉၆ ဦးတွေ့ရှိပြီး ဒုတိယအများဆုံး၊ တနင်္သာရီတိုင်းဒေသကြီးတွင် လူတစ်သိန်းတွင် ကူးစက်သူဦးရေ ၈၄ ဦး တွေ့ရှိပြီး တတိယအများဆုံး၊ ရှမ်းပြည်နယ်တွင် ၈၁ ဦး၊ နေပြည်တော်တွင် ၇၆ ဦး၊ ပဲခူးတိုင်းတွင် ၇၂ ဦး တွေ့ရှိရသဖြင့် ၎င်းတိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် စစ်ဆေးတွေ့ရှိမှုနှုန်းအရ များပြားနေသေးသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်လည်း ကိန်းဂဏန်းများအားကြည့်၍ ဆောင်ရွက်ရန် လိုအပ်သည်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း။

စားသောက်ကုန်များထုတ်လုပ်ရေးနှင့် ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း များကိုလည်း စည်းကမ်းနှင့်အညီဆောင်ရွက်ရေး ခွင့်ပြုပေးထား၊ မိမိတို့နိုင်ငံအနေဖြင့် စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ကုန်ဈေးနှုန်း မြင့်တက်မှုများ မြင့်မားစွာမဖြစ်ပေါ်ခဲ့၊ အချို့နိုင်ငံများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အလုပ်သမားများရှားပါးမှုကြောင့် စားသောက်ကုန်များ ဈေးနှုန်းများ အလွန်မြင့်မားစွာ မြင့်တက်လျက်ရှိသည်ကို သတင်းများတွင် တွေ့ရှိရ၊ ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၌ စားသောက်ကုန်များ ဖူလုံစွာထုတ်လုပ်နိုင်ပါက နိုင်ငံအနေဖြင့်များစွာ အဆင်ပြေမည်ဖြစ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မြို့များတွင် စည်းကမ်းလိုက်နာမှုများရှိပြီး နယ်များတွင် စည်းကမ်းလိုက်နာမှုအားနည်းနေသည့်အတွက်မြန်မာ့ရုပ်မြင်သံကြားသတင်းဌာနများ၊ အသံလွှင့်ဌာနများမှ တိုင်းရင်းသားဘာသာများဖြင့်ပါ ပညာပေးမှုများ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးလျက်ရှိကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းများပြားသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြည်သူများ ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး တိုက်တွန်းဆောင်ရွက်နေရန် လိုကြောင်း၊ ကာလကြာမြင့်လာချိန်တွင် ပြည်သူများအနေဖြင့် ပေါ့ပေါ့ဆဆဖြင့် သွားလာဆောင်ရွက်လာကြသည်ကို တွေ့ရှိရကြောင်း၊ အချို့ပြည်သူများအနေဖြင့် Mask များတပ်ဆင်မှုမရှိဘဲ သွားလာလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ အချို့ဒေသများတွင် ကိုဗစ် -၁၉ ဆိုင်ရာစည်းကမ်းများအား တိကျစွာလိုက်နာကြသော်လည်း အချို့ဒေသများတွင် ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းများအား လိုက်နာမှုမရှိဘဲ သွားလာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်ပပို့ကုန်များရှိမှသာ

မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ကိုဗစ်-၁၉ စည်းကမ်းများနှင့် အညီဖွင့်လှစ်ခွင့်ပေးထားကြောင်း၊ ပြည်ပပို့ကုန်များရှိမှသာ နိုင်ငံအတွက် ဝင်ငွေရရှိမည်ဖြစ်ကြောင်း၊ အလားတူ စားသောက်ကုန်များထုတ်လုပ်ရေးနှင့်ပတ်သက်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီဆောင်ရွက်ရေး ခွင့်ပြုပေးထားကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့်စားသောက်ကုန်ထုတ်လုပ်ခြင်းလုပ်ငန်းများအား ကြိုးစားဆောင်ရွက်ခဲ့သဖြင့် ကုန်ဈေးနှုန်းမြင့်တက်မှုများ မြင့်မားစွာမဖြစ်ပေါ်ခဲ့ကြောင်း၊ အချို့နိုင်ငံများတွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းအတွက် အလုပ်သမားများရှားပါးမှုကြောင့် စားသောက်ကုန်များ ဈေးနှုန်းများအလွန်မြင့်မားစွာ မြင့်တက်လျက်ရှိသည်ကို သတင်းများတွင် တွေ့ရှိရကြောင်း၊ ယခုအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် ပြည်တွင်း၌ စားသောက်ကုန်များ ဖူလုံစွာထုတ်လုပ်နိုင်ပါက နိုင်ငံအနေဖြင့် များစွာအဆင်ပြေမည်ဖြစ်ကြောင်း၊ ပြည်သူ များ၏ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များနှင့်သောကများ သက်သာရာရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူ

များ ကိုဗစ်-၁၉ ရောဂါဆိုင်ရာစည်းကမ်းများအားလိုက်နာစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ်နှင့် ကျေးလက်အထိ ကြပ်ကြပ်မတ်မတ်ဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန် အထူးအရေးကြီးကြောင်း၊ လူစုလူဝေးဖြင့် ဆောင်ရွက်ခြင်းကိစ္စရပ်များကို ခွင့်ပြုမပေးထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၌ တတိယလှိုင်းစတင်ဖြစ်ပွားချိန်တွင် ပြည်သူများသိရှိစေရေး သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်အချို့သော အားနည်းချက်များကြောင့် စိစစ်မှုများအား ပြည့်ဝစွာမဆောင်ရွက်နိုင်ခဲ့သဖြင့် ကူးစက်မှုနှုန်းများ မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း။

ပြန်လည်ဝင်ရောက်နိုင်ရေး

ထို့နောက် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသားများနိုင်ငံအတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရေး ခေါ်ယူနေမှုနှင့်ပတ်သက်၍ ပြောကြားရာတွင် “အိမ်နီးနားချင်းနိုင်ငံတွေက ဝင်လာတာနဲ့ပတ်သက်ပြီး ဆောင်ရွက်ထားတဲ့ အခြေအနေလေး။ ကျွန်တော်တို့ပြီးခဲ့တဲ့လဆန်းပိုင်းလောက်မှာ အိမ်နီးနားချင်းတိုင်းပြည်တွေမှာလည်း ကျွန်တော်တို့လူမျိုးတွေ၊ ကျွန်တော်တို့ တိုင်းရင်းသားတွေရှိနေတယ်၊ သူတို့လည်း ပြန်လာချင်ကြတယ်၊ ပြန်လာချင်ကြတော့ ကျွန်တော်ပြန်ခေါ်မယ်လို့ ကျွန်တော်ဆုံး ဖြတ်ပြီးတော့ ပြန်ခေါ်ခိုင်းပါတယ်။ ကိုယ့်လူမျိုးတွေအပြင် မှာသွားနေတာ ဒုက္ခသုက္ခနဲ့ ဒီလိုနေမယ့်အစား ကိုယ့်တိုင်းပြည်အတွင်းမှာ ဘယ်လိုပဲဖြစ်ဖြစ် အေးအတူပူအမျှပေါ့ဗျာ၊ အေးအတူပူအမျှအားလုံး။ ကျွန်တော်တို့က၊ အစိုးရဆိုတာ အရိပ်ပါပဲ၊ နိုင်ငံတော်ကိုပေးထားတဲ့ အရိပ်တစ်ခုပါပဲ။ ဒီအရိပ်က ပြည်သူပြည်သားတွေအေးမြေတဲ့ဟာကို ခံစားအောင်ဆိုပြီး ကျွန်တော် ဒါလည်း ကျွန်တော်ဆုံးဖြတ်ပြီးတော့ ခေါ်ခိုင်းတာပါ။ ခေါ်လိုက်ပါ သဘောတူပါတယ်။ အရင်က ပိတ်ပါတယ်၊ ခေါ်လို့မရပါဘူး။ ကျွန်တော့်လက်ထက်မှာ အခုအကုန်လုံးကို ပြန်ခေါ်ပါတယ်။ ပြန်ခေါ်တဲ့အခါကျတော့ တရုတ်နိုင်ငံကဆိုရင် ၁၁၃၅ ယောက်ပြန်ဝင်ပါတယ်။ ၅ ရက် ၆ လ ကနေစပြီးတော့ လက်ခံခဲ့တာ အခုနောက်ဆုံး ကျွန်တော့်ကို တင်ပြတဲ့ Figure အထိပေါ့ ၁၁၃၅ ယောက်ဝင်လာတယ်။ အဲ့ဒီထဲမှာတော့ ကိုဗစ်စစ်တဲ့အခါမှာ မတွေ့ဘူး။ နောက်တစ်ခါ လာအိုနိုင်ငံကပြန်ဝင်လာတာ ၂၆၈၀ ရှိတယ်။ များသော အားဖြင့်တော့ တာချီလိတ်ပေါ့လေ။ တာချီလိတ်၊ ကျူိုင်းတုံဘက်ကို ဝင်တဲ့လူတွေဖြစ်ပါတယ်။ ကိုဗစ်စစ်တဲ့အခါကျတော့ ၁၂၃ ယောက်တွေ့တယ်၊ ၈ ဒသမ ၃၂ ရာခိုင်နှုန်း တွေ့ရှိချက်ဖြစ်ပါတယ်။ ထို့အတူပဲ ထိုင်းနိုင်ငံကနေပြီးတော့ ၁၈၅၃၄ ယောက် ပြန်ဝင်ပါတယ်။ ၂၇၁ ယောက်တွေ့တယ်၊ ၁ ဒသမ ၄၈ ရာခိုင်နှုန်း ဖြစ်ပါတယ်။ တကယ်လို့သာ သူတို့ကဟိုဘက်မှာနေခဲ့လိုရှိရင်၊ ဒီလူတွေရဲ့ဘဝ မျှော်မှန်းချက်ကတော်တော့်ကို မတွေးဝံ့စရာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြီးခဲ့တဲ့ အပတ်က တချို့ဆိုရောက်လာတဲ့အချိန်မှာ၊ မြေကြီးကို နမ်းတာတို့ လက်အုပ်ချီကန်တော့တာတို့၊ ဒီလိုဖြစ်ကြတယ်။

ကျွန်တော်ကတော့ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ့်တိုင်းရင်းသားတွေတော့ ကိုယ့်မြန်မာပြည်ထဲရအောင် ပြန်ခေါ်မှာပဲ။ ပြန်လုပ်မှာပဲ။ မလေးရှားမှာလည်း ဒီလိုဖြစ်တာပဲ။ ပြီးခဲ့တဲ့နှစ်ပတ်ကျော်လောက်က Relief Flight နဲ့ ပြန်ခေါ်ဖို့လုပ်တဲ့အချိန်မှာ စီစဉ်တဲ့တိုင်းရင်းသားတွေမှာပဲ မြန်မာအချင်းချင်းလိမ်သွားတယ်ဗျာ။ လိမ်သွားတော့ ၁၇ ယောက်က အလိမ်ခံပြီးကျန်ခဲ့ရတယ်။ မလိုက်နိုင်ဘူး။ ကျွန်တော့်ဆီ သတင်းပို့တော့ နိုင်ငံတော်စရိတ်နဲ့ပြန်ခေါ်ဖို့ ပြောခဲ့ပါတယ်။ မနေ့ကစစ်တဲ့အချိန်မှာ ဒီအထဲမှာ ၁၀ ယောက်လောက်လား မသိဘူး ပိုးသွားတွေ့တယ်။ Positive တွေ့တယ်။ ကျန်တဲ့သူတွေကကျန်တယ်။ Negative ပေါ့။ အဲ့ဒါနဲ့ ကျွန်တော် အစောဆုံး Flight နဲ့ဆို မနက်ဖြန်ပြန်လာမယ်လို့ပြောတယ်။ ကိုယ့်လူပဲ။ ကျန်တဲ့သူတွေလဲ ဆေးတွေရအောင်ကုခိုင်းထားပါတယ်။ ဆိုလိုတာကတော့ ကျွန်တော်တို့ အစိုးရအနေနဲ့ ပြည်ပရောက်နေတဲ့ နိုင်ငံသားတွေကိုပစ်မထားပါဘူး။ ခုနကပြောတဲ့ကိုဗစ်နဲ့ ပတ်သက်ပြီးတော့။ တခြားကိစ္စနဲ့ပတ်သက်ရင်လည်း ဒီလိုပဲ၊ အခက်အခဲရှိရင်ဆက်သွယ်။ မြန်မာသံရုံးတွေရှိတယ်။ မဖြစ်ဖြစ်အောင် ရအောင်စီစဉ်ပေးမယ်။ တိုင်းပြည်အတွင်းမှာလာခဲ့ဗျာ၊ ပြဿနာရှာလည်းရှာ ကိစ္စမရှိဘူး။ ကျွန်တော် အဲ့ဒီလောက်ထိတော့ စိတ်ရှည်တယ်ဗျ။ သူတို့အပေါ်မှာ။ တော်တော်လေးသည်းခံတာ။ တိုင်းရင်းသားနဲ့ပတ်သက်ရင် ကျွန်တော်တို့က ဒီလိုစိတ်ရှိတယ်။ ဒါကြောင့် ကျွန်တော်တို့တိုင်း

ပြည်မှာရှိတဲ့ကိုယ့်လူမျိုးတွေကလည်း စောစောကပြောတဲ့ သူ့ရဲ့သက်ရှည်ကျန်းမာရေးအတွက် ကျွန်တော်တို့ အစိုးရများက စနစ်တကျကိုင်တွယ်ပြီးတော့မှ ကိုယ့်ရဲ့ သားချင်းလို သဘောထားပြီးတော့မှ မျှမျှတတ စီမံဆောင်ရွက်ပေးဖို့ ပြောလိုပါတယ်။ စိတ်ရှည်ပေးပါလို့ လည်း ပြောလိုပါတယ်။ စေတနာထားပြီးလုပ်မယ်ဆိုလို့ ရှိရင် ဖြစ်နိုင်ပါတယ်။" ဟု ပြောကြားသည်။

ယင်းနောက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအချိန် ကာလကြာမြင့်လာပြီဖြစ်ကြောင်း၊ အခြားသော နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်သေးကြောင်း၊ နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်၍ အရှိန်ပြင်းပြင်းဖြင့် ထိရောက်စွာ ဆောင်ရွက်၍ ကိုဗစ်-၁၉ ကပ်ရောဂါအား ထိထိမိမိဖြင့် ထိန်းချုပ်ဆောင်ရွက်နိုင်သည့် အဆင့်သို့ရောက်ရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်း အားဖြင့် လက်ရှိသွားနေသည့် ဦးတည်ချက်များအတိုင်း အဆင်ပြေချောမွေ့စွာဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များအား စနစ်တကျဖြင့် ဆက်လက်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

အထူးမြို့နယ်များသတ်မှတ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်း ရောဂါပိုးစစ်ဆေးမှု၊ တွေ့ရှိမှုနှင့် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာမှု၊ စစ်ဆေးမှုပမာဏကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ပိုးကူးစက်မှုနှုန်းမြင့်မားနေဆဲဖြစ်သည့်ဒေသများတွင် အထူးမြို့နယ်များသတ်မှတ်၍ ဓာတ်ခွဲစစ်ဆေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်နေမှု၊ နယ်စပ်ဂိတ်အသီးသီး၌ စနစ်တကျစစ်ဆေး၍ ရောဂါပိုးတွေ့ရှိသူများအား စောင့်ကြည့်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ရောဂါပိုး မတွေ့ရှိသူများကို ၎င်းတို့နေရပ်အသီးသီးသို့ ပြန်လည်ပို့ဆောင်နိုင်ရေး စီစဉ်ပို့ဆောင်ပေးလျက်ရှိသည့် အခြေအနေများ၊ ထို့သို့ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသူများကို ပိုမိုတိုးမြှင့်စစ်ဆေးနိုင်ရေး RT-PCR Test စက်များ ဖြန့်ခွဲဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှု အခြေအနေများ၊ ဆေးရုံများအလိုက် ICU အခန်းများ အဆင့်မြှင့်တင်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရောဂါကုသရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ကျန်းမာရေးဝန်ထမ်းများအား သင်တန်းများ ပို့ချပေးနေမှုအခြေအနေများ၊ လက်ရှိအချိန်အထိ ဦးစားပေးသတ်မှတ်ချက်များအလိုက် ကာကွယ်ဆေးထိုးနှံပြီးစီးမှု အခြေအနေများ၊ ကာကွယ်ဆေးထိုးနှံမှုအား IDP Camp များ၊ EAOs များအပါအဝင် မသန်စွမ်းသူများ၊ ရောဂါအခံရှိသူများကိုပါ ဦးတည်အုပ်စုသတ်မှတ်၍ ထပ်မံရောက်ရှိလာမည့် ကာကွယ်ဆေးများထိုးနှံရာတွင် ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ထိုးနှံပေးရေး စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကာကွယ်ဆေးများရောက်ရှိမှု၊ ထပ်မံမှာယူထားရှိမှု အခြေအနေများနှင့် ထပ်မံဝယ်ယူရရှိနိုင်ရေး ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေများ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာထောက်ပံ့မှုများကို အာဆီယံအပါအဝင် ဆွေးနွေးဘက်နိုင်ငံ အသီးသီးမှပေးပို့လှူဒါန်းရရှိနိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ Relief Flight များ ပြေးဆွဲပျံသန်း၍ နိုင်ငံသားများကို ကူညီကယ်ဆယ်ရေး ဆောင်ရွက်ပေးနိုင်ခဲ့သည့် အခြေအနေများနှင့် ဆက်လက်ပြေးဆွဲသွားမည့်အခြေအနေများ၊ ရောဂါကာကွယ်ကုသထိန်းချုပ်ရေးဆိုင်ရာနှင့် ဆက်စပ်ဆေးဝါးများ၊ စက်ပစ္စည်းများ တင်သွင်းဖြန့်ဖြူးခဲ့သည့် အခြေအနေများ၊ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် စီမံဆောင်ရွက်ပေးထားမှုနှင့် ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေများ၊ FDA ၏ ထောက်ခံချက်ဖြင့် ကုန်စည်များစိစစ်ထုတ်ပေးနိုင်ရေး ပေါင်းစပ်ဆောင်ရွက်ပေးနေမှု အခြေအနေများ။

ကျန်းမာရေးဆိုင်ရာ အသိပညာပေး

ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာအသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်

ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့် အခြေအနေများ၊ ဗီဇ ပြောင်းမျိုးရိုးဗီဇကွဲပိုးတွေ့ရှိမှုနှင့် သတိပြုနိုင်ရေး ထုတ်လွှင့်ပြသလျက်ရှိသည့် အခြေအနေများ၊ ရောဂါပိုးကူးစက်ခံခဲ့ရပြီး ပြန်လည်သက်သာလာသူများ၊ ကျန်းမာရေးဝန်ထမ်းများ၏ ကိုယ်တွေ့ခံစားခဲ့ရသည့် အဖြစ်အပျက်များကို ကျန်းမာရေးဆိုင်ရာဗဟုသုတရရှိစေရေး အင်တာဗျူးများဖြင့် ရိုက်ကူးထုတ်လွှင့်ပေးလျက်ရှိသည့် အခြေအနေများ၊ နေအိမ်တွင်နေထိုင်ရေး (Stay at Home) ကာလအတွင်း ပြည်သူများ စိတ်ချမ်းမြေ့မှုရရှိစေရေး၊ အသိပညာရရှိရေး၊ စိတ်ဖိစီးမှုများလျော့ကျစေရေး သီချင်းနှင့် ဇာတ်လမ်းတိုများ၊ အင်တာဗျူးအစီအစဉ်များ၊ အငြိမ့်များအပြင် အခြားအစီအစဉ်များစွာကို တင်ဆက်ပေးလျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း ပရိသတ်များမှ တောင်းဆိုသည့် အစီအစဉ်များကို ဦးစားပေးထုတ်လွှင့်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ တိုင်းရင်းသားဘာသာအစီအစဉ်မှ ကိုဗစ်ပညာပေးထုတ်လွှင့်မှုနှင့် တိုင်းရင်းသားနယ်မြေမှ ပရိသတ်များ၏ တို့ပြန်မှုအခြေအနေများ။

နေအိမ်တွင် နေထိုင်ရေး (Stay at home) မြို့နယ် ၁၁၉ မြို့နယ်အပြင် နယ်စပ်ဒေသရှိ မြို့ပေါင်း ၆၆ မြို့ကို Spot Check ဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စားရေးအခက်အခဲမရှိစေရန်အတွက် အခြေခံစားကုန်များကို ရွှေ့လျားဈေးကားများဖြင့် လှည့်လည်ရောင်းချပေးနေမှုနှင့် အခြေခံအိမ်သုံးဆေးဝါးများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးလျက်ရှိသည့် အခြေအနေများ၊ တပ်မတော်ဆေးရုံများ၊ စင်တာများတွင် စောင့်ကြည့်၊ ကုသမှုများ ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ Oxygen Plant များ တည်ဆောက်ပြီးစီးမှု၊ ဆက်လက်တည်ဆောက်နေမှုနှင့် တည်ဆောက်ပြီးစီးပါက ထွက်ရှိလာမည့်အခြေအနေများ၊ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ပထမလှိုင်း၊ ဒုတိယလှိုင်း၊ တတိယလှိုင်း ကူးစက်ပြန့်ပွားမှုများတွင် ဗီဇပြောင်းရောဂါမျိုးကွဲများဖြင့် ကူးစက်ပြန့်ပွားခဲ့မှု အခြေအနေများ၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ကုသရေးဆိုင်ရာပစ္စည်းများ၊ အောက်ဆီဂျင်များ၊ တစ်ခါသုံးဆေးထိုးအပ်နှင့် အခြားလိုအပ်သည့် ဆက်စပ်ပစ္စည်းများကို ပြည်တွင်း၌ ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိသည့်အခြေအနေများ၊ နိုင်ငံအတွင်း နေ့အလိုက် ရောဂါပိုးစစ်ဆေးမှု၊ ပိုးတွေ့ရှိမှု၊ သေဆုံးမှုဖြစ်စဉ်များအပေါ် သုတေသနပြုလုပ်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်မှုအခြေအနေများ၊ တိုင်းရင်းဆေးကိုကုသဆေးအဖြစ် အသုံးပြုနိုင်ရေး သုတေသနပြုလုပ် ဆောင်ရွက်လျက်ရှိရာတွင် တွေ့ရှိမှုများနှင့် အောင်မြင်မှုရရှိနေသည့်အခြေအနေများ၊ ပြည်တွင်းရှိ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင် ဆေးဝါးစက်ရုံများမှ ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးပေးနေမှုအခြေအနေများ၊ နယ်စပ်ဂိတ်များမှတစ်ဆင့် ပို့ကုန်၊ သွင်းကုန်များ လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ နယ်စပ်ကုန်သွယ်ရေးဂိတ်အချို့အား ကိုဗစ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည့်အခြေအနေများ၊ အများပြည်သူအသုံးပြုလျက်ရှိသည့် ဆေးနှင့် ဆေးပစ္စည်းဈေးနှုန်းများ တည်ငြိမ်ကျဆင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ်ရောဂါဖြစ်ပေါ်နေသည့် ကာလအတွင်း ရေထွက်ကုန်လုပ်ငန်းမှတစ်ဆင့် ပြည်ပပို့ကုန်လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေများ၊ ပို့ကုန်၊ သွင်းကုန်များ တင်ပို့ရာတွင် ၎င်းတို့မှတစ်ဆင့် ပိုးကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ထိန်းချုပ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအရှိန်အဟုန်မပြတ်စေရေးအတွက် ရေလုပ်သားများအား ကာကွယ်ဆေးထိုးနှံပေးရန်လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

တိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါသည် အတူယှဉ်တွဲနေထိုင်သွားရမည့် သဘောတွင် ရှိသည့်အတွက် ပြည်တွင်းမှတိုင်းရင်းဆေးဖြင့် ကုသဆေးထုတ်လုပ်ရန် ဆောင်ရွက်နေမှုများကို စနစ်တကျ သုတေသန ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုင်းရင်းဆေးနှင့်ပတ်သက်၍ မြန်မာ့ဆေးကျမ်းပါ ဆေးခါးကြီး၊ ဆင်တုံးမန္တယ်၊ နှံ့သာဖြူ၊ ချင်းတို့ဖြင့် စမ်းသပ်သုတေသနပြုလုပ်ရာတွင် ကာကွယ်ဆေးအပြင် ကုသဆေးအတွက်ပါ နှစ်မျိုးလုံးထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အစိုးရ၊ တပ်မတော်အပြင် ပုဂ္ဂလိကဆေး

ထုတ်လုပ်ရေးစက်ရုံများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ကြရမည်ဖြစ်ပြီး ဝန်ကြီးဌာနများအလိုက် ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် FDA အသိအမှတ်ပြုရေးနှင့် အောင်မြင်မှုအခြေအနေပေါ်မူတည်၍ နိုင်ငံတကာမှသိရှိနိုင်ရေး ကြေညာလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်မှုရှိသည့် ကုန်ကြမ်းပစ္စည်းများ ရရှိနိုင်ရေးအတွက်လည်း ကြိုတင်လုပ်ဆောင်ထားရန်လိုကြောင်း၊ ရေထွက်ပို့ကုန်များနှင့်ပတ်သက်၍ ကုန်သွယ်ရေးဂိတ်တစ်ခုတည်း သတ်မှတ်မထားဘဲ အလျင်မြန်ဆုံးနှင့် အလွယ်ကူဆုံးရောက်ရှိပို့ဆောင်နိုင်မည့် အခြားကုန်သွယ်ရေးဂိတ်များကိုလည်း ထည့်သွင်းစဉ်းစားထားရမည်ဖြစ်ကြောင်းနှင့် ပို့ကုန်လုပ်ငန်းသည်လည်း အရေးကြီးသည့်အတွက် ရေလုပ်သားများအား ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စနစ်တကျ စာရင်းပြုစု လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို အဓိကတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ "ဒီရောဂါနဲ့ ပတ်သက်ပြီးတော့ ဒါတင်မဟုတ်ဘူး ရေရှည်အတွက်ပါ စဉ်းစားဖို့လိုတဲ့ဟာလေးပါ။ အဓိကကတော့ ကျန်းမာရေးပေါ့။ လူကျန်းမာမှ အသက်ရှည်မယ်။ ကျန်းမာမှ အလုပ်လုပ်နိုင်မယ်။ ကျန်းမာမှ ပညာသင်ကြားနိုင်မယ်။ ကျန်းမာမှဆိုတော့ အခုရောဂါကင်းစင်မှသာ။ အလုပ်အကိုင်အခွင့်အလမ်းက ဖွင့်ပေးလို့ရမယ်။ အခုရောဂါကင်းစင်မှလည်း ပညာရေးက။ ကျောင်းက ဖွင့်ပေးလို့ရမယ်။ ဒီဟာကတော့ ကျွန်တော်တို့အတွက် ကိုဗစ်သည်ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုပဲ။ ဒါတကယ့်ကို ထိပ်တန်းလုပ်ငန်း။ တကယ့်ကို ဦးစားပေးလုပ်ငန်းပေါ့။ တိုင်းပြည်က အဓိကဦးစားပေးလုပ်ငန်းတွေထက် ဦးစားပေးဆောင်ရွက်ဖို့ ပြောလိုပါတယ်။ ဝန်ကြီးဌာနတွေရော ပြည်နယ်နှင့် တိုင်းအစိုးရတွေရော ကိုဗစ်ရောဂါကာကွယ်ရေး၊ ထိန်းချုပ်ရေး၊ ကုသရေး ဒါကို တကယ့်ထိပ်တန်းတာဝန်တစ်ရပ်အနေနဲ့ လုပ်ကြပါလို့ ကျွန်တော် ပြောလိုပါတယ်။ အခုဒီတော့ ဘက်ပေါင်းစုံကနေ လုပ်ရတာတွေ ရှိတယ်။ အဓိက ကတော့ ကျန်းမာရေးဝန်ကြီးဌာနပြီးတော့ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး၊ ဒီနှစ်ခုကတော့ တစ်ကယ့်ကို ရှေ့တန်းကျကျလုပ်ရမယ့် အဖွဲ့အစည်းတွေ ဖြစ်လာတာပေါ့။ လုံးဝလည်း ဒါတွေက အလျှော့ပေးလို့ မရပါဘူး။ လိုအပ်တဲ့ Facility လည်း ကျွန်တော်က အပြည့်ဖြစ်အောင် ဥပမာအားဖြင့် ဆေးလိုရင်ဆေးရ အောင်ပေးရမယ်။ ဆေး၊ ဆေးပစ္စည်း ဒါတွေရအောင်လုပ်ပေးရမယ်။ အဲ့ဒီတော့ ကျန်းမာရေးဝန်ထမ်းတွေကို ကောင်းကောင်းမွန်မွန် တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရမယ်။ လိုအပ်တဲ့အုပ်ချုပ်မှု၊ ထောက်ပံ့မှုကိစ္စတွေ ပြည့်ပြည့်စုံစုံလုပ်ပေးရမယ်။ ပြည်သူတွေကျန်းမာမှ အလုပ်လုပ်နိုင်မှာ ဖြစ်သလို။ ကျန်းမာရေးဝန်ထမ်းတွေလည်းကျန်းမာမှ သူတို့လည်း ရောဂါစောင့်ရှောက်ရေးကိုလုပ်နိုင်မှာဖြစ်တယ်။ ရောဂါကာကွယ်ဆေးထိုးနိုင်မှာဖြစ်တယ်။ ဒါ့ကြောင့် အစိုးရအသီးသီးများ၊ အဆင့်ဆင့်သော အုပ်ချုပ်ရေးအဖွဲ့အစည်းများ ကျန်းမာရေးအဖွဲ့အစည်းတွေရဲ့ တာဝန်ထမ်းဆောင်နိုင်မှုအပေါ်မှာ အလေးထားပေးဖို့၊ ဆောင်ရွက်ပေးဖို့ ကျွန်တော်ပြောလိုပါတယ်ဟု ပြောကြားသည်။

ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေး

ဆက်လက်ပြောကြားရာတွင် ကျန်းမာရေးကောင်းမွန်စေရေးအတွက် ကျန်းမာရေးနှင့် ညီညွတ်ကောင်းမွန်သည့်နေထိုင်မှုဓလေ့စရိုက်များအပြင် ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ရေးစီမံဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ လေကောင်းလေသန့်ရရှိရေး၊ မိမိတို့၏နေအိမ်၊ ရုံးဌာနများ၏ပတ်ဝန်းကျင်သန့်ရှင်းသာယာမှုရှိစေရေး ကြပ်မတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အမှိုက်များကိုလည်း စနစ်တကျစွန့်ပစ်နိုင်ရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပေးမည်ဆိုပါက ကျန်းမာရေးကောင်းမွန်မှုအတွက် အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများနှင့် နယ်စပ်ဒေသများတွင် ကျန်းမာရေးနှင့် ပတ်သက်သည့်အသိပညာဗဟုသုတများအားနည်းမှုရှိပြီး လွဲမှားစွာဖြင့်နားလည်နေမှုများလည်းရှိကြောင်း၊ ထို့ကြောင့်ကျန်းမာရေးအသိပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

ကာကွယ်ဆေးနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီး

ဌာနမှ ကာကွယ်ဆေးထိုးနှံပေးမှုများရှိပြီး ပုဂ္ဂလိကဆေးရုံ၊ ကုမ္ပဏီများမှ လှူဒါန်းမှုများလည်း ရှိကြောင်း၊ ထို့ပြင် မိမိအစီအစဉ်ဖြင့် ထိုးနေမှုများကိုလည်း တွေ့ရှိရကြောင်း၊ သို့ရာတွင် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများအား ကျန်းမာရေးဝန်ကြီးဌာနကသာလျှင် အဓိကထားလုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ ဆေးထိုးနှံမှုများစနစ်တကျရှိစေရန်နှင့် အန္တရာယ်မရှိစေရေးအတွက် အတိအကျလိုက်နာမှုရှိစေရေး မြို့နယ်များအလိုက် ထိန်းချုပ်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဆေးသိုလှောင်မှုနှင့် ပတ်သက်၍ စနစ်တကျနည်းလမ်းတကျ သိုလှောင်မှုမရှိပါက ဆေးအာနိသင်များ လျော့နည်းခြင်း၊ အာနိသင်မရှိခြင်းများဖြစ်နိုင်သဖြင့် စနစ်တကျသိုလှောင်မှုရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ မိဘပြည်သူများသုံးစွဲလျက်ရှိသည့် အိမ်သုံးအခြေခံဆေးဝါးများကို ဈေးနှုန်းအမှန်ဖြင့် သက်သာလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည့် ဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများအသင်းကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ဆေးဝယ်ယူသုံးစွဲနိုင်မှုမရှိသဖြင့် အသက်ဆုံးရှုံးသည်အထိဖြစ်မည့် ဖြစ်စဉ်များမဖြစ်စေလိုကြောင်း၊ လိုအပ်ချက်များကြောင့် တင်သွင်းထားသည့် ဆေးဝါးများကို ဂိုဒေါင်များနှင့် ရုံးလုပ်ငန်းများတွင် ကြန့်ကြာနေမှုမရှိစေဘဲ သုံးစွဲသူများထံ အမြန်ဆုံးရောက်ရှိနိုင်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆေးဝါးများသာမက အခြား ကင်ဆာရောဂါနှင့် နှလုံးရောဂါကဲ့သို့ ရောဂါများအတွက် လိုအပ်သည့် အရေးပေါ်လိုအပ်ချက်ရှိသည့် ဆေးဝါးများကိုလည်း အမြန်ဆုံးတင်သွင်းရရှိနိုင်ရေး လုပ်ဆောင်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း။

အမြဲပြင်ဆင်ထားရမည်

အောက်ဆီဂျင်နှင့်ပတ်သက်၍ ပိုလျှံမှုရှိအောင် ထုတ်လုပ်နိုင်ငြိုဖြစ်သော်လည်း သန့်ရှင်းသည့်ဆေးရုံသုံးအောက်ဆီဂျင်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ စက်ရုံများရပ်ထား၍မရဘဲအမြဲတမ်းလည်ပတ်၍ စက်မှုလုပ်ငန်းသုံးနှင့် ဆေးရုံသုံး အောက်ဆီဂျင်များ ထုတ်လုပ်နိုင်အောင် အမြဲပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ မြို့နယ်၊ ခရိုင်များရှိ ဆေးရုံများတွင်လည်း အောက်ဆီဂျင်လိုအပ်ချက်မရှိအောင် စီမံဆောင်ရွက်ပေးထားရမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်၍ အသက်အရွယ်ကြီးမြင့်သူများနှင့် ရောဂါအခံရှိသူများ ကျန်ရှိမှုမရှိအောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ အချို့သော ရောဂါအခံရှိသူများသည် ဆေးဝါးထိုးနှံရန် ကြောက်ရွံ့ခြင်းများနှင့် သတင်းအမှားများကို ယုံကြည်နေခြင်းများကြောင့် ဆေးထိုးနှံမှုမရှိကြသည်ဟု သိရှိရသောကြောင့် ရောဂါအခံရှိသူများသည် ရောဂါဖြစ်ပွားနိုင်ချေ ပိုမိုများပြားသဖြင့် ဆေးထိုးနှံမှုရှိစေရေး နားလည်သဘောပေါက်အောင် ရှင်းလင်းပြောဆိုပေးရန် လိုအပ် မည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးလုပ်ငန်းများသည် အဓိကအကျဆုံးသော လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် လုပ်ဆောင်ကြရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်မှသာလျှင် စီးပွားရေး၊ ပညာရေးနှင့် အခြားလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းများကိုကြည့်၍ ဖြေလျော့မှုများကို လုပ်ဆောင်ပေး၍ ရနိုင်မည်မဟုတ်ဘဲ ကူးစက်ဖြစ်ပွားမှုနှုန်း အမှန်တကယ်လျော့ကျမှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများအနေဖြင့် မိမိတို့၏နယ်မြေများအတွင်း ကူးစက်မှုနှုန်း အမှန်တကယ်လျော့ကျမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၇-၉-၂၀၂၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ်(၂/၂၀၂၁)ကို စက်တင်ဘာလ ၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်သည်မှာ ၇ လတာကာလရှိပြီး လုပ်ငန်းများဆောင်ရွက်ချိန်တွင် ပြည်တွင်း၊ ပြည်ပဆိုင်ရာ အခက်အခဲများကြားမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၏တာဝန်သည် နိုင်ငံသာယာဝပြောစေရန် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်ကာလအတွင်း နိုင်ငံရေးအရ တည်ငြိမ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကမ္ဘာနှင့်အဝှမ်းဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါတတိယလှိုင်းအား ရင်ဆိုင်ကျော်လွှားနေရသည့်အချိန်ဖြစ်သဖြင့် အခက်အခဲများရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ဇွန်၊ ဇူလိုင်လများတွင် တတိယလှိုင်း စတင်ဖြစ်ပွားခဲ့ပြီး အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း တာဝန်ရှိသည့် ခေါင်းဆောင်များ၏ မဆုတ်မနစ်သည့်ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပြည်သူများ၏ အခက်အခဲများကြားမှ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုများကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများရရှိခဲ့ခြင်းဖြစ်ကြောင်း။

အထူးအလေးပေးဆောင်ရွက်ခဲ့

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်တွင် လက်ရှိအချိန်အထိ ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိနေသေးကြောင်း၊ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှုအများဆုံးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် ကူးစက်မှုဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဋ္ဌမမြောက် ကူးစက်မှုအများဆုံးနိုင်ငံဖြစ်ပြီး စက်တင်ဘာ ၆ ရက်အထိ ကူးစက်သူ ၄၁၇၀၀၀ ကျော်ရှိပြီး၊ သေဆုံးသူ ၁၅၉၈၅ ဦးရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းတွင် ကူးစက်မှုနှုန်းများ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်းခေါက်ချိုးအထိ ကျဆင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ ရာခိုင်နှုန်းခန့်သာ ကူးစက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းများကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါပိုးဆေးစစ်မှုများမှစ၍ အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကူးစက်မှုနှုန်းများကျဆင်းသွားသော်လည်း လက်ရှိအချိန်တွင် လုံးဝပျောက်ကင်းသွားနိုင်သည့် ရောဂါမဟုတ်သည့်အတွက် ပေါ်ဆ၍မရကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သော မိန့်ခွန်းတွင်ပါရှိသည့် လှေ

ပြုငင်ပွဲဥပမာအတိုင်း ပန်းတိုင်မရောက်ခင် တက်ထောင်သဖြင့် နောက်လှေမှကျော်တက်သွား၍ အောင်မြင်မှုနှင့် လွဲချော်နိုင်သည်ကို သင်ခန်းစာယူ၍ မဖြစ်သင့်မဖြစ်ထိုက်သည်များမဖြစ်အောင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အထူးအလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံတစ်ခုဆ၏ အဓိကမောင်းနှင်အားသည် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဩဇာအင်အားတောင့်တင်းသည့် နိုင်ငံများသည် နိုင်ငံရေးအရအင်အားတောင့်တင်းသည့်နိုင်ငံ၊ စစ်အင်အားရှိသည့် နိုင်ငံ၊ စီးပွားရေးအင်အားရှိသည့်နိုင်ငံများပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဩဇာအာဏာရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်မှုရှိရန်အတွက် ကမ္ဘာ့နိုင်ငံအချို့တွင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ စစ်ရေးအရ အင်အားတောင့်တင်းသည့်နိုင်ငံများ၊ စီးပွားရေးအရတောင့်တင်းသည့် နိုင်ငံများရှိကြကြောင်း၊ နိုင်ငံရေးနှင့်ကာကွယ်ရေးအတွက် Institution များက ဆောင်ရွက်ကြရကြောင်း၊ သို့သော် နိုင်ငံ၏စီးပွားရေးအတွက် တစ်နိုင်ငံလုံးက ကြိုးစားဆောင်ရွက်ကြခြင်းဖြစ်ပြီး စီးပွားရေး၏အကျိုးအား နိုင်ငံသူနိုင်ငံသားအားလုံး ခံစားရခြင်းဖြစ်သဖြင့် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတစ်ခုဆ၏ အမှန်တကယ် အကျိုးရှိသည့် မောင်းနှင်အားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေးကောင်းမွန်စေရန်အတွက် လက်ရှိရင် ဆိုင်နေရသည့် နိုင်ငံရေးအရတည်ငြိမ်အေးချမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရန်လိုကြောင်း၊ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံသာယာဝပြောရန်၊ တိုးတက်စေရန်နှင့်စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

ကျန်းမာနေရန်လိုအပ်

ကျန်းမာမှုအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှုပညာသင်ကြားနိုင်မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါရှိနေသမျှ ကျန်းမာရေးအရထိခိုက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံသာယာဝပြောစေရန်အတွက် စီးပွားရေးကောင်းမွန်စေရန် အလုပ်လုပ်နိုင်ရန်လိုကြောင်း၊ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာနေရန်လိုအပ်သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်ကျောင်းများပိတ်ထားရသည်မှာ နှစ်လခန့်ရှိပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ်သင်ကြားနေမှသာတိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများတင်သွင်းမှုနှင့် ပတ်သက်၍လည်း နှောင့်နှေးမှုများမရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန်အတွက် ICU များတည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများသပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်ပဝင်ငွေရရှိအောင်

မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ပစ္စည်းသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များပင်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများအား ထုတ်လုပ်ရောင်းချခြင်းသည် ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်သမာအာဇီဝနည်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များအမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်း စားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့စျေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက ၂ သန်းခန့်စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧကတင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေ သန်း

၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧကစပါးအထွက်နှုန်းတင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့်သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ မိမိတို့တာဝန်ယူသည့်ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန်လိုကြောင်း၊ သွင်းအားစုများ အသုံးပြုခြင်းနှင့် မျိုးကောင်းများအသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့် စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများဝင်ငွေပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် စပါးစိုက်ပျိုးရေးနှင့်ပတ်သက်၍ ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ဆီအထွက်နှုန်းများ တိုးတက်စေရေး

စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်း၌ ဆီဖူလုံမှုရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် စားသုံးဆီများထွက်ရှိရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများဖြစ်ထွန်းစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီအဓိကထွက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ဆီထွက်သီးနှံများ စိုက်ပျိုးကြကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆီအထွက်နှုန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုးကောင်းမျိုးသန့်များစိုက်ပျိုးခြင်းနှင့် လိုအပ်သည့်ရေနှင့်မြေဩဇာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဝါအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှချည်များတင်သွင်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်အားတွင် စီးပွားရေးမောင်းနှင်အားသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသည် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံသည့် စီးပွားရေးသည် အဓိကမောင်းနှင်အားတွင်ပါဝင်နေသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

မြန်မြန်ဆန်ဆန်ဆောင်ရွက်

မိမိတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များအပေါ်တွင် အခြေခံဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနများအနေဖြင့်လည်း အဆိုပါအချက်များအပေါ်တွင် အခြေခံ၍ စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရပ်အသစ်များကိုဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများစွမ်းရည်ရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား အောင်မြင်အောင်ရည်မှန်းချက်ထားဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းကွာခြားမှု၊ ကျေးလက်မြို့ပြကွာခြားမှုများကို လျှော့ချရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသအားလုံးတစ်ပြေးညီတိုးတက်စေရန် ဆန္ဒရှိကြောင်း၊ လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များအား ပိုမိုအလေးပေးဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံစဉ်းစား၍ အဓိကလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ အောင်မြင်မှုရှိစေရေးနှင့်တိုးတက်မှုရှိစေရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်းမှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန်လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ်သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆောက်လုပ်ဆဲဝန်ထမ်းအိမ်ရာများ၊ အငှားအိမ်ရာများနှင့် အဆောက်အဦများ တစ်လုံးချင်းသတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် အခြေခံဖြစ်သည့် ရေနူတ်မြောင်း၊ လမ်း၊ ပလက်ဖောင်း၊ ရေနှင့် မိလ္လာစနစ်တို့ကို ကောင်းမွန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက်လည်း လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများနှင့် ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုဂုံးချုပ်အမှာစကား ပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်းရောက်ရှိမည်ဖြစ်ပြီး လာမည့်အောက်တိုဘာတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်အခြားဆေးပစ္စည်းများဝယ်ယူမှုနှင့်ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၆၉ သန်းအကုန်အကျခံဝယ်ယူခဲ့ပြီး ဆေး၇၊ ဆေးခန်းပြုပြင်ခြင်း၊ ကိုဗစ်စင်တာများနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၆၆ ဘီလီယံသုံးစွဲခဲ့ကြောင်း၊ ထို့ပြင် အထွေထွေကိစ္စများအတွက် အမေရိကန်ဒေါ်လာ ၅ သိန်းကျော်ကိုလည်း သုံးစွဲခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးလုပ်ငန်းများအတွက်သုံးစွဲရန် ဘဏ္ဍာငွေကိုလည်း အဆင်သင့်ပြင်ဆင်ထားကြောင်း၊ ထို့အတွက် တာဝန်ရှိသူများအနေဖြင့် အကျိုးရှိရှိလုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေ

ခြင်းမဟုတ်ဘဲနိုင်ငံ့အရေး၊အမျိုးသားအရေးနှင့်နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန် သိသိဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာပြောရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေးဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

မှာကြား

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့်ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကမျက်ကွယ်ပြု၍ ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာ ကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကိုရှောင်ရှားကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ ဂုဏ်သိက္ခာမြင့်မားစေရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍာအလိုက် တိုးတက်အောင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေများကိုသုံးစွဲရာတွင် ပကာသနကိုလျှော့ချ၍ ချွေတာရေးနည်းလမ်းများနှင့်အညီ အမှန်တကယ်အကျိုးရှိသည့်လုပ်ငန်းများကို လုပ်ဆောင်သွားကြရန်လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိထိတွေ့ဆက်ဆံသွားကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုကို ပြည်သူလူထုက ယုံကြည်အားကိုးလာစေရန် ယခုထက်ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

■■■■■

သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit) သို့ တက်ရောက်ပြောကြားသည့် မိန့်ခွန်း

(၉-၉-၂၀၂၁)

သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲထိပ်သီးအစည်းအဝေး (7th Greater Mekong Subregion Summit) ကို စက်တင်ဘာလ ၉ ရက် နံနက်ပိုင်းတွင် Video Conference စနစ်ဖြင့်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ခေါင်းဆောင်များဖြစ်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ဝန်ကြီးချုပ်များ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ ဝန်ကြီးများ၊ အဆင့်မြင့် အရာရှိကြီးများ၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး (7th GMS) ဖွင့်ပွဲအဖြစ် မဟာမဲခေါင်ဒေသခွဲနိုင်ငံများ၏ အောင်မြင်မှုများ ဗွီဒီယိုကိုပြသသည်။ ယင်းနောက် အိမ်ရှင်နိုင်ငံဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မဟာမဲခေါင်ဒေသခွဲနိုင်ငံများမှ နိုင်ငံ့အကြီးအကဲများနှင့် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌတို့က မိန့်ခွန်းအသီးသီးပြောကြားကြသည်။

အောင်မြင်မှုများရရှိခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ၁၉၉၂ ခုနှစ်မှစ၍ ဆယ်စုနှစ် ၃ ခုနီးပါး လျှောက်လှမ်းလာခဲ့သော GMS အစီအစဉ်သည် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်လုပ်ဆောင်ရာတွင် သိသာထင်ရှားသော အောင်မြင်မှုများရရှိခဲ့သဖြင့် ဂုဏ်ယူပါကြောင်း၊ "ခွန်အားသစ်များဖြင့် ဆယ်စုနှစ်၏စိန်ခေါ်မှုများကို ရင်ဆိုင်မည်" ဆိုသည့် ယခု ထိပ်သီးအစည်းအဝေးခေါင်းစဉ်သည် GMS ဒေသခွဲအတွက် လက်ရှိအချိန်နှင့် အကိုက်ညီဆုံး၊ အသင့်တော်ဆုံးပင်ဖြစ်ပါကြောင်း၊ GMS မဟာဗျူဟာမူဘောင် (၂၀၁၂-၂၀၂၂)အရ ကဏ္ဍအလိုက် စီမံကိန်းများနှင့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရာ၌ မြန်မာနိုင်ငံအနေဖြင့် မဟာမဲခေါင်ရထားအဖွဲ့အစည်း (Greater Mekong Railways Association – GMRA)ကို ထူထောင်ရာတွင်ပါဝင်ခဲ့ပြီး နယ်စပ်ဖြတ်ကျော်ပို့ဆောင်ရေး လွယ်ကူချောမွေ့စေမှု (Cross-border Transport Facilitation Agreement-CBTA) စာချုပ်များနှင့် နောက်ဆက်တွဲများကို အတည်ပြုလက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ဒေသတွင်းကုန်ထုတ်ပစ္စည်းများ ထုတ်လုပ်တင်ပို့နိုင်ရေးနှင့် ဖွံ့ဖြိုးမှုအတွက် GMS အစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးစင်္ကြံများမှာ အလွန်အရေးပါကြောင်းနှင့် ၎င်းတို့အနက် အရှေ့-အနောက် စီးပွားရေးစင်္ကြံလမ်းကြောင်းသည် မြန်မာနိုင်ငံအတွက် အလွန်အရေးပါသည့်လမ်းကြောင်းဖြစ်ပါကြောင်း၊ ဗီယက်နမ်(ဒါနန်း)မှ ရန်ကုန်(သီလဝါ)အထိ ဆက်သွယ်ထားသည့် အဆိုပါစင်္ကြံသည် မဟာမဲခေါင်ဒေသခွဲနိုင်ငံများအတွင်း ချိတ်ဆက်မှုအားကောင်းစေပြီး ကုန်သွယ်မှုပို့မိုအဆင်ပြေချောမွေ့စေမည်ဖြစ်ပါကြောင်း။

အနာဂတ်တွင် GMS ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အတွက် လမ်းပြမြေပုံအဖြစ် ဖော်ဆောင်ပေးမည့် ယနေ့ ထိပ်သီးအစည်းအဝေးတွင် အတည်ပြုထုတ်ပြန်မည့် GMS စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀ ကိုကြိုဆိုပါကြောင်း၊ လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုကြောင့် GMS ဒေသအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား၌ ပြောင်းလဲမှု

များစွာဖြစ်ပေါ်ခဲ့ပြီး လူသားများ၏ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးတို့တွင် ထိခိုက်မှုများ ဖြစ်ပွားစေခဲ့ကာ အခက်အခဲများကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရေး၊ ကိုဗစ်-၁၉ အလွန် စီးပွားရေး ပြန်လည်ထူထောင်ရေး၊ ငွေရေး ကြေးရေးနှင့်နည်းပညာပိုင်းဆိုင်ရာ အရင်းအမြစ်တို့အပြင် သမားရိုးကျမဟုတ်သောစိန်ခေါ်မှုများကို ဖြေရှင်းရေး အစရှိသည့်လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကမ္ဘာ့ကပ်ရောဂါသက်ရောက်မှုကြောင့် ထိခိုက်ခဲ့ရသည့်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရာတွင် GMS ကိုဗစ်-၁၉ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃)ကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ကိုဗစ်-၁၉ ကပ်ရောဂါနှင့်စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားရေးဟူသော နည်းလမ်းနှစ်ရပ်ကို တစ်ပြိုင်တည်းဆောင်ရွက်လျက် ရှိပါကြောင်း။

စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ မိမိတို့အနေဖြင့် အခက်အခဲအမျိုးမျိုးကြားက ရင်ဆိုင်ကြုံတွေ့နေရသည့် တတိယလှိုင်းကို ကျော်ဖြတ်နိုင်အောင် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်ကုန်ပိုင်းတွင် မြန်မာတစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကာကွယ်ဆေးထိုးခြင်းလွှမ်းခြုံမှု ၅၀% ရှိစေရေး မျှော်မှန်း၍ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် ပူးပေါင်းဆောင်ရွက်နေကြသည့် နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် ကိုဗစ်-၁၉ ထိန်းချုပ်ရေးအတွက် အခက်အခဲများရှိနေသော်လည်း လိုအပ်သည့်ဆေးဝါးနှင့် ဆေးပစ္စည်းများကို အဆွေတော်ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ်မစ္စတာဆမ်ဒက်ဟွန်ဆန်၏စီစဉ်မှုဖြင့် ကမ္ဘောဒီးယားနိုင်ငံမှ အထူးလေယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းပေးမှုနှင့် နယ်စပ်မှတစ်ဆင့် တင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနေသည့် တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

မဲမသမာမှုများပြုလုပ်

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲကြီးတွင် ကြီးမားသည့် မဲမသမာမှုများပြုလုပ်ပြီး လွှတ်တော်ခေါ်ယူရန် ကြိုးစားခဲ့ခြင်းကြောင့် နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို စတင်ထမ်းဆောင်ခဲ့သည်မှာ ယခုဆိုလျှင် ၇ လကျော်ကာလရှိပြီဖြစ်ပါကြောင်း၊ ထိုသို့ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်းတွင် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်က သွေဖီမသွားစေရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်း စဉ်များအနက် ပထမအချက်ဖြစ်သည့် "ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်" ဟူသည့် အချက်ကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အခြားလုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အသစ်ဖွဲ့စည်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စစ်ဆေးတွေ့ရှိချက်အရ မဲမသမာမှုပြုလုပ်ခဲ့သည့် မဲပေါင်း ၁၁ ဒသမ ၃ သန်းကျော်ရှိ

> **ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မိမိတို့ပူးပေါင်းဆောင်ရွက်မှုရလဒ်အနေဖြင့် အသိအမှတ်ပြုဖွယ်ကောင်းသည့် တိုးတက်မှုများရရှိခဲ့သော်လည်း ဒေသခွဲအတွင်း ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် သတင်းအချက်အလက် ချိတ်ဆက်ပေါင်းစပ်မှု ပိုင်းဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရေး၊ ယှဉ်ပြိုင်စွမ်းအားတိုးမြှင့်ရေးနှင့် အသိုက်အဝန်းပုံသဏ္ဌာန်ပိုမိုပီပြင်ရေး စသည့်နယ်ပယ်များတွင် စိန်ခေါ်မှုများရှိနေဆဲဖြစ်၊ ယင်းတို့ကို ကျော်လွှားနိုင်ရေးအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်များနှင့်နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားထုတ်လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်။**

သည်ကို တွေ့ရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံအရေးနှင့်ပတ်သက်၍ အာဆီယံနိုင်ငံခေါင်းဆောင်များအစည်းအဝေး၏ သဘောတူညီချက် (၅) ရပ်ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီး(၂) H.E Dato Erywan Pehin Yusof ကို အာဆီယံဥက္ကဋ္ဌ၏ အထူးကိုယ်စားလှယ်အဖြစ်ခန့်အပ်ရန် အဆိုပြုချက်အပေါ် မြန်မာနိုင်ငံအနေဖြင့် သဘောတူလက်ခံခဲ့ပြီး အာဆီယံခေါင်းဆောင်များ သဘောတူညီချက် (၅) ရပ်၏မူဘောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ် မူဘောင်၊ အာဆီယံမူဘောင်များနှင့်အညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ရှိရင်းစွဲနှစ်နိုင်ငံသဘောတူညီချက်များနှင့် အပြည်ပြည်ဆိုင်ရာ ကတိကဝတ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့အားလုံးပူးပေါင်း၍ ဒေသတွင်းရှိ ပြည်သူအားလုံးအတွက် အကျိုးဖြစ်ထွန်းစေရေး ကြိုးပမ်းဆောင်ရွက်ရာတွင် ငြိမ်းချမ်းရေး၊ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးနှင့် အားလုံးပါဝင်နိုင်ရေးတို့ကို ဆက်လက်ဦးစားပေးလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် GMS အပြင် အာဆီယံနှင့်ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုအပါအဝင် အခြားသော ဒေသတွင်းနှင့် ဒေသခွဲစီးပွားရေးပေါင်းစည်းမှုများတွင်လည်း ကတိကဝတ်များကို ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

စိန်ခေါ်မှုများရှိနေဆဲ

ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မိမိတို့ ပူးပေါင်းဆောင်ရွက်မှုရလဒ်အနေဖြင့် အသိအမှတ်ပြုဖွယ်ကောင်းသည့် တိုးတက်မှုများရရှိခဲ့သော်လည်း ဒေသခွဲအတွင်း ကုန်သွယ်ရေး၊ ဘဏ္ဍာရေးနှင့် သတင်းအချက်အလက် ချိတ်ဆက်ပေါင်းစပ်မှုပိုင်းဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရေး၊ ယှဉ်ပြိုင်စွမ်းအားတိုးမြှင့်ရေးနှင့် အသိုက်အဝန်း ပုံသဏ္ဌာန်ပိုမိုပီပြင်ရေးစသည့်နယ်ပယ်များတွင် စိန်ခေါ်မှုများ ရှိနေဆဲဖြစ်ပါကြောင်း၊ ယင်းတို့ကို ကျော်လွှားနိုင်ရေးအတွက် ခိုင်မာသည့်လုပ်ငန်းစဉ်များနှင့်နီးကပ်သည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အားထုတ်လုပ်ဆောင်နိုင်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ထိပ်သီးအစည်းအဝေးတွင် ချမှတ်မည့် မဟာဗျူဟာနှင့်စီမံချက်များသည် ဆယ်စုနှစ် အသစ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ပြီး ပိုမိုကျစ်လျစ်ခိုင်မာအားကောင်းသည့် အသိုက်အဝန်းတစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံ GMS ဆိုင်ရာဝန်ကြီး၊ ဝန်ကြီးချုပ်ရုံး တွဲဖက်ဝန်ကြီးနှင့် ကမ္ဘောဒီးယားဖွံ့ဖြိုးရေးကောင်စီ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာဆော့ခ် ချန်ဒါ ဆွန်ဖားက GMS ဒေသခွဲအနေဖြင့်ရရှိခဲ့သည့် အောင်မြင်မှုရလဒ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် မစ္စတာဆမ်ဒက်ဟွန်ဆန်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀၊ GMS ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃) နှင့် ထိပ်သီးအစည်းအဝေး ပူးတွဲကြေညာချက်စာတမ်းတို့ကို နိုင်ငံခေါင်းဆောင်များက အတည်ပြုခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့သည်။

ပါဝင်တက်ရောက်

အဆိုပါ သတ္တမအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ GMS ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်နှင့် သက်ဆိုင်သည့်လုပ်ငန်းကော်မတီများအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ ပုဂ္ဂလိကကဏ္ဍမှ ကိုယ်

စားလှယ်များလည်း အွန်လိုင်းစနစ်ဖြင့် တက်ရောက်ခဲ့ကြသည်။

မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (Greater Mekong Subregion – GMS Economic Cooperation Program) ကို ၁၉၉၂ ခုနှစ်မှ စတင်ခဲ့ခြင်းဖြစ်ရာ ဆယ်စုနှစ် ၃ ခုနီးပါးအောင်မြင်စွာ ရပ်တည်လျက်ရှိသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြစ်ကြောင်း၊ GMS အစီအစဉ်အရ ထိပ်သီးအစည်းအဝေးများကို မဟာမဲခေါင်ဒေသခွဲအစီအစဉ်၏ (၁၀) နှစ်ပြည့်မြောက်သည့် ၂၀၀၂ ခုနှစ်မှ စတင်၍ (၃) နှစ်လျှင်တစ်ကြိမ် မဟာမဲခေါင်ဒေသခွဲ (၆) နိုင်ငံမှ အကျွန်ုပ်စဉ်အလိုက် အိမ်ရှင်နိုင်ငံအဖြစ်လက်ခံကျင်းပလျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေးကို ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့နှင့် ၂၀ ရက်နေ့တို့တွင် အိမ်ရှင်နိုင်ငံအဖြစ် နေပြည်တော်၌ လက်ခံကျင်းပခဲ့ကြောင်း၊ ထိပ်သီးအစည်းအဝေးများတွင် အနာဂတ်ကာလ ဒေသခွဲဖွံ့ဖြိုးရေးနှင့် စပ်လျဉ်းသည့် မျှော်မှန်းချက်များ ပြည့်မီအောင်မြင်စေရေးဆိုင်ရာ ကတိကဝတ်များပြုကြပြီး နိုင်ငံခေါင်းဆောင်များ၏ အရေးပါသော ပူးတွဲကြေညာချက်ကို ထုတ်ပြန်လေ့ရှိရာ ယနေ့ကျင်းပသည့် သတ္တမအကြိမ် မဟာမဲခေါင် ဒေသခွဲထိပ်သီးအစည်းအဝေးတွင် မဟာမဲခေါင်ဒေသခွဲ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုအစီအစဉ် မဟာဗျူဟာမူဘောင် ၂၀၃၀၊ ဂျီအမ်အက်စ် ကိုဗစ်-၁၉ တုံ့ပြန်မှုနှင့် ပြန်လည်ထူထောင်ရေးစီမံချက် (၂၀၂၁-၂၀၂၃)နှင့် ထိပ်သီးအစည်းအဝေးပူးတွဲကြေညာချက်စာတမ်းတို့ကို အတည်ပြုချမှတ်ခဲ့သည်။

■■■■■

မြန်မာ့မီးရထား စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) နှင့် ဘူတာကြီးတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

(၁၀ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထားစက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ(နေပြည်တော်)နှင့် ဘူတာကြီးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြိုဆိုနှုတ်ဆက်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဌေး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင်ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ စက်မှုနှင့်လျှပ်စစ်အင်ဂျင်နီယာဌာန အထွေထွေမန်နေဂျာ ဦးတင်မောင်သန်းနှင့် စက်ရုံမှူး ဦးမြင့်နိုင်တို့က မြန်မာ့မီးရထား၏ နောက်ခံသမိုင်းအကျဉ်းနှင့် လုပ်ငန်းတာဝန်များ၊ စက်ရုံများနှင့် ဌာနများအလိုက် ဝန်ထမ်းများခန့်အပ်ထားမှုအခြေအနေများ၊ နိုင်ငံတစ်ဝန်းမီးရထားများ ပြေးဆွဲနေမှုအခြေအနေများနှင့် တိုးချဲ့ပြေးဆွဲမည့်အခြေအနေများ၊ မီးရထားလမ်းများ တိုးချဲ့ဖောက်လုပ်နေမှုအခြေအနေများ၊ မီးရထားလူစီးတွဲနှင့် ကုန်တွဲအသစ်များ တည်ဆောက်ခဲ့မှုနှင့် ဆက်လက်တည်ဆောက်နေမှုအခြေအနေများ၊ စက်ခေါင်းများ ပြုပြင်ထိန်းသိမ်းမှုနှင့် မီးရထားလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) သမိုင်းကြောင်းနှင့် မီးရထားပြတိုက်တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ၂၀၂၁ ခုနှစ်၊ မေလ ၁၈ ရက်တွင် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေများအား Power Point ဖြင့် ရှင်းလင်းတင်ပြကြသည်။

နိုင်ငံကို များစွာအထောက်အကူပြု

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံ၏ ပို့ဆောင်ရေးလုပ်ငန်းများတွင် ရထားပို့ဆောင်ရေးလုပ်ငန်းသည် နိုင်ငံကို များစွာအထောက်အကူပြုသည့် သယ်ယူပို့ဆောင်ရေးစနစ်ပင်ဖြစ်ကြောင်း၊ မီးရထားလမ်းများကြံခိုင်ကောင်းမွန်ရေးအတွက် အဓိကဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ လမ်းတစ်ခုချင်းအလိုက် တိုင်းတာစစ်ဆေးရန်လိုကြောင်း၊ မီးရထားလမ်းများကောင်းမွန်ခြင်းမရှိပါက ရထားတွဲများပျက်စီးစေပြီး ခရီးသွားလာမှုကို ကြန့်ကြာမှုဖြစ်ပေါ်စေသဖြင့် လမ်းများကောင်းမွန်စေရေး ရထားလမ်းများအား ထိန်းသိမ်းဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်း တိကျစွာလိုက်နာ၍ ရေရှည်အတွက် ဦးစားပေးစဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်-ပြည် မီးရထားလမ်းသည် ပထမဆုံးဖွင့်လှစ်ခဲ့သည့် မီးရထားလမ်းဖြစ်ပြီး အဆင့်မြှင့်တင်ကာ လျှပ်စစ်ရထားလမ်းများအထိ မျှော်မှန်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ချက်ချင်းအကောင်အထည်ဖော်

ဆောင်ရွက်နိုင်မည်မဟုတ်သော်လည်း ရေရှည်အတွက် စီမံချက်ချလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မြစ်ကူး မီးရထားတံတားဖောက်လုပ်ရာတွင် ယခင်က မှားယွင်းစွာဖောက်လုပ်ခဲ့သည့် ဒီဇိုင်းအမှားများအပေါ် သင်ခန်းစာယူ၍ ဘေးချင်းယှဉ်လျက်သော်လည်းကောင်း၊ အပေါ်အောက် နှစ်ထပ်ဒီဇိုင်းပုံစံဖြင့်သော်လည်းကောင်း ဖောက်လုပ်နိုင်ရေး စဉ်းစားလုပ်ဆောင်ကြရန်လိုကြောင်း။

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းတွင် အသုံးပြုရန် ပြန်လည် ပြုပြင်မည့် ရေနွေးငွေ့သုံး မီးရထားစက်ခေါင်းများ မောင်းနှင်ရာတွင် ကျောက်မီးသွေးကို အသုံးပြုမောင်းနှင်ရန်နှင့် အရည်အသွေးကောင်းမွန်သည့် ကျောက်မီးသွေးများကို အသုံးပြုရမည်ဖြစ်ကြောင်း၊ မီးရထားလမ်းများအနေဖြင့် လမ်းကောင်းရန်နှင့် လမ်းတစ်လျှောက် ရထားစီးခရီးသည်များ မျက်စိပသာဒရှိရန်လိုအပ်သကဲ့သို့ ရထားအတွင်းပိုင်းသည်လည်း သန့်ရှင်းသပ်ရပ်နေရမည်ဖြစ်ကြောင်း၊ နှစ် ၁၀၀ ကျော် အတွေ့အကြုံရှိပြီးဖြစ်သည့် မိမိတို့မီးရထားလုပ်ငန်းသည် မီးရထားစက်ခေါင်းများနှင့်လူစီးတွဲ၊ကုန်တင်တွဲများကိုပြည်တွင်းဖြစ်တည်ဆောက်နိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတိုးတက်ရေးအတွက် Research and Development သည် အဓိကလိုအပ်သကဲ့သို့ မြန်မာ့မီးရထားတွင်လည်း ရထားနှင့်ပတ်သက်သည့် Research and Development Center တစ်ခု ထူထောင်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ရထားတွဲများတည်ဆောက်ရာတွင် လျှပ်စစ်ရထားအထိ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး အနာဂတ်အတွက် ကြိုတင်စဉ်းစားဆောင်ရွက်နေရန်လိုကြောင်း၊ ထိုသို့စဉ်းစား၍ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း ခေါင်းတွဲငယ်များဖြင့် စတင်ဆောင်ရွက်ကာ အဆင့်ဆင့် အဆင့်မြှင့်တင်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း မှာကြားဆွေးနွေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ခေါင်းသစ် တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်)အတွင်း လူစီးစက်ခေါင်းများနှင့် ရိုးရိုးစက်ခေါင်းများ တပ်ဆင်မွမ်းမံထားရှိမှု၊ စက်ခေါင်းသစ်များ တည်ဆောက်နေမှုနှင့်တည်ဆောက်ပြီးစီးသည့်စက်ခေါင်းသစ်များကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နေပြည်တော်ဘူတာကြီးသို့ ရောက်ရှိကြပြီး မီးရထားပြတိုက်တည်ဆောက်ရန် စီမံဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မီးရထားပြတိုက်တည်ဆောက်ရာ၌ ရှေးဟောင်းစက်ခေါင်းတွဲများအား အဆောက်အဦ၏ပြင်ပတွင် ပြသထားရှိပါက ရေရှည်တွင် ရာသီဥတုဒဏ်ကြောင့် ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်လာနိုင်သဖြင့် ပြတိုက်အတွင်း ထည့်သွင်းပြသရန်လိုကြောင်း၊ ပြည်ပနိုင်ငံများတွင် တည်ဆောက်ထားရှိသည့် မီးရထားပြတိုက်များကို လေ့လာ၍ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် ဒီဇိုင်းပုံစံမျိုးရရှိအောင် စနစ်တကျတွက်ချက်လုပ်ဆောင်ကြရန်လိုကြောင်းနှင့် မီးရထားနှင့် ပတ်သက်၍ ဘူတာရုံဝန်းတွင်သာမက လမ်းနယ်များတွင်ပါ ဘေးအန္တရာယ်ကင်းရှင်းမှု ရှိစေရေး မီးရထားစည်းကမ်းချက်များကို တိတိကျကျလိုက်နာစေရေး ကြပ်မတ်လုပ်ဆောင်ကြရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားသည်။

■■■■■

ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ၊ ဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁၄ - ၉ - ၂၀၂၁)

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးပင်ဖြစ်သဖြင့် စည်းကမ်းသေဝပ်၍ အမိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ကြစေလိုကြောင်းနှင့် မိမိတို့တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကိုကောင်းမွန်တိုးတက်အောင် မိမိတို့တတ်စွမ်းသရွေ့ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာလ ၁၄ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ၊ ဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများအား စစ်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ ကျောင်းအုပ်ကြီးများ၊ ပြင်ဦးလွင်တပ်နယ်ရှိ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ပါရဂူဆေးမှူးများ၊ ဆရာ၊ ဆရာမများ၊ သန္ဓေအရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

အဓမ္မနည်းဖြင့်ရယူရန်ကြံစည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့် နိုင်ငံတော်အတွက် တပ်မတော်၏ အရေးပါမှုအခန်းကဏ္ဍကို အရာရှိ၊ စစ်သည်မိသားစုများ သိရှိစေရန် အနည်းငယ်ပြောကြားလိုကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဖြစ်ပွားနိုင်သော မဲစာရင်းကြီးမားစွာမှားယွင်းမှုများကို စိစစ်တွေ့ရှိရသဖြင့် တာဝန်ရှိသူအဖွဲ့အစည်း အဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တင်ပြဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိခဲ့သည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့်ရယူရန် ကြံစည်ကြိုးပမ်းမှုများကြောင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏တာဝန်ကို တပ်မတော်က ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက်နေရခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နေသည့် အဖွဲ့အစည်းဖြစ်သဖြင့် နိုင်ငံ့အတွက် အရေးကြီးလှသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်မသွားစေရန် လုပ်သင့်လုပ်ထိုက်၊ ပြောသင့်ပြောထိုက်သည်များကို ရွေးကောက်ပွဲမတိုင်မီကာလများကပင် ထောက်ပြပြောဆိုခဲ့သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများကို ကျော်လွန်လုပ်ဆောင်ခဲ့သည့် အခြေအနေများကို တွေ့ရှိရသောကြောင့် ယခုကဲ့သို့အခြေအနေများအထိ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း၊ စစ်မှန်သည့် ဒီမိုကရေစီဖြစ်စေရေး၊ စည်းကမ်းရှိပြီး ခိုင်မာသည့် ဒီမိုကရေစီဖြစ်စေရေးအတွက် တပ်မတော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

နည်းလမ်းမျိုးစုံဖြင့်ဆောင်ရွက်

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေး လုပ်ငန်းများကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားမှုသည် ဇွန်လနှင့် ဇူလိုင်လတို့တွင် အဆိုးဆုံးအခြေအနေဖြစ်ပေါ်ခဲ့ပြီး သေဆုံးမှုနှုန်းလည်း မြင့်မားခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာမှုကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင်ဦးဆောင်၍ စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကိုတက်ညီလက်ညီဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါခံစားနေရသူများအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် အောက်ဆီဂျင်လိုအပ်ချက်များကို အမြန်ဆုံးရရှိနိုင်ရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ပြင် ကာကွယ်ဆေးများရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ရရှိလာသည့်ကာကွယ်ဆေးများကို ဒေသအလိုက် ဦးစားပေးအုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိကြောင်း၊ လက်ရှိအချိန်တွင် ကူးစက်ဖြစ်ပွားနှုန်း လျော့ကျလာလျက်ရှိသည်ကိုတွေ့ရှိရပြီး တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုနှင့် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ယခုကဲ့သို့ ကူးစက်ဖြစ်ပွားမှုနှုန်းကို ထိရောက်စွာထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

ကြိုးပမ်းလုပ်ဆောင်

ထို့ပြင် ရောဂါဖြစ်ပွားမှုကြောင့် ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများကို အမြန်ဆုံးကုစားပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် သာမက နိုင်ငံတကာတွင်လည်း အလုပ်သမားရှားပါးခြင်း၊ လုပ်အားခစရိတ်၊ သယ်ယူပို့ဆောင်မှုစရိတ်မြင့်မားမှုများကြောင့် စီးပွားရေးတွင် ထိခိုက်မှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အဓိကထုတ်လုပ်သည့် နိုင်ငံ

> **တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်နေရခြင်းဖြစ်၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း မိမိထမ်းဆောင်ရသည့်တာဝန်များကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ်လေ့လာရန်၊ လေ့ကျင့်ရန်နှင့် စစ်စည်းကမ်းကို တိကျစွာလိုက်နာရန် လိုအပ်မည်ဖြစ်၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်ပြီး စည်းကမ်းသေဝပ်၍ အဓိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ကြစေလို။**

ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အဆက်မပြတ်စေရေးနှင့် အထွက်နှုန်းကောင်းမွန်စေရေး အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ကုန်ထုတ်လုပ်မှုမြင့်မားပါက ထုတ်လုပ်သူ၊ အလုပ်သမား၊ ဆက်စပ်လုပ်ငန်းများသာမက ပို့ကုန်ပမာဏကိုပါ မြှင့်တင်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေးကိုလည်း မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ဆန်နှင့် ရေထွက်ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရလျက်ရှိသော်လည်း ဆီနှင့် အချို့သောကုန်ပစ္စည်းများကို တင်သွင်းနေရသောကြောင့် ပြည်တွင်းကုန်ထုတ်လုပ်မှုမြင့်တက်လာစေရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့်ပတ်သက်၍ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ လည်ပတ်ခွင့်ပြုထားပြီး အခြားပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်

တိုင်းပြည်တစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် ပညာတတ်လူသားအရင်းအမြစ်များလိုအပ်မည်ဖြစ်ပြီး အခြေခံမှာ အတန်းပညာတတ်မြောက်ရန်ပင်ဖြစ်ကြောင်း၊ ထို့ကြောင့်တပ်မတော်

အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့်ကျောင်းများကိုနိုင်ငံတော်၊ မိဘနှင့်ကာယကံရှင် ကျောင်းသားကျောင်းသူများတွင် နစ်နာမှုများဖြစ်ပေါ်မှုမရှိစေရေး ပြန်လည်ဖွင့်လှစ်သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများယာယီပိတ်ထားခဲ့ရပြီး ကောင်းမွန်စွာထိန်းချုပ်နိုင်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၁၉ ခုနှစ် သန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အထက်တန်းပညာမသင်ကြားဖူးသူနှင့် စာလုံးဝမတတ်မြောက်သူဦးရေသည် မြင့်မားလျက်ရှိသည်ကိုတွေ့ရှိရသဖြင့် ပညာရေးနှင့်ပတ်သက်ပါက အလေးထားဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း။

ပြန်လည်ကျင်းပပေးသွားမည်

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍လည်း တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရရှိသည့်အချိန်ကတည်းကပင် နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ သဘောထားကွဲလွဲမှုများကြောင့် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရသဖြင့် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တနေသည့် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲအား ပြန်လည်ကျင်းပပေးသွားမည်ဖြစ်ကြောင်း။

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး လိုအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ခေတ္တတာဝန်ယူထမ်းဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကို ကာကွယ်နိုင်ရန်အတွက် မိမိတို့တစ်ဦးချင်း၏ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန်နှင့် "လေ့လာ၊ လေ့ကျင့်၊ လိုက်နာ" ဆိုသည့် ဆောင်ပုဒ်အတိုင်း မိမိထမ်းဆောင်ရသည့် တာဝန်များကို ကျွမ်းကျင်မှုရှိအောင် အမြဲမပြတ်လေ့လာရန်၊ လေ့ကျင့်ရန်နှင့် စစ်စည်းကမ်းကို တိကျစွာလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးပင်ဖြစ်ပြီး စည်းကမ်းသေဝပ်၍ အဓိန့်နာခံမှုကောင်းစွာဖြင့် လုပ်ဆောင်ကြစေလိုကြောင်း၊ မိမိတို့သင်ကြားခဲ့ရသည့် စစ်နည်းဗျူဟာများကို ပိုင်နိုင်ကျွမ်းကျင်မှုရှိအောင် လေ့လာလေ့ကျင့်ရုံသာမက လက်တွေ့စစ်မြေပြင်တွင်လည်း ထိရောက်စွာအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အခြေခံစစ်နည်းဗျူဟာနှင့် စစ်ပညာများကို လိုက်နာမှုမရှိပါက စစ်မြေပြင်တွင် ပေးဆပ်မှုများကြီးမားနိုင်သည်ဖြစ်သဖြင့် စစ်သည်တစ်ဦးချင်းအနေဖြင့် ကျန်းမာ၊ ကြံ့ခိုင်၊ ကျွမ်းကျင်မှုရှိအောင် လေ့ကျင့်နေရမည်ဖြစ်ကာ စစ်စည်းကမ်းနှင့် အဓိန့်နာခံမှုကောင်းမွန်ရမည်ဖြစ်ကြောင်း။

လေ့ကျင့်သင်ကြားပေးရမည်

ပြင်ဦးလွင်တွင် တပ်မတော်လေ့ကျင့်ရေးသင်တန်းကျောင်းများစွာရှိပြီး လေ့ကျင့်ရေး၏ အခြေခံဘူမိနတ်သန်ပင်ဖြစ်သည့်အတွက် အရည်အချင်းပြည့်ဝပြီး အရည်အသွေးထက်မြတ်ကောင်းမွန်သည့် အရာရှိ၊ စစ်သည်များ ထွက်ပေါ်လာအောင် နည်းပြများအနေဖြင့် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ အရည်အသွေးမြှင့်တင်နိုင်ရေး အမြဲမပြတ်လေ့လာ ဖော်ထုတ်နေရမည်ဖြစ်ကာ သင်တန်းဆင်းလာပါက ၎င်း၏ အရည်အချင်းနှင့် ကိုက်ညီသည့် လူမှန်နေရာမှန် တာဝန်ပေးအပ်နိုင်ရန်လည်းလိုအပ်မည် ဖြစ်ကြောင်း၊ အရေအတွက်ထက် အရည်အချင်းကို ဦးစားပေးဆောင်ရွက်ကြစေလိုပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားရသည့် အရာရှိ၊ စစ်သည်များကို မွေးထုတ်ပေးကြရမည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် အရည်အသွေးပြည့်ဝသော တပ်မတော်ဖြစ်စေရေး အတွက် တပ်မတော်စွမ်းရည်ထက်မြက်ရေး၊ စွမ်းပကားမြင့်မားရေးကို အလေးထားဆောင်ရွက်ပေးခဲ့ပြီး စစ်သည်များ ပညာရည်မြင့်မားရေး၊ မိသားစုများ၏ စားဝတ်နေရေး အဆင်ပြေ ချောမွေ့မှု ရှိစေရေး ဘက်ပေါင်းစုံမှ ကြိုးပမ်းလုပ်ဆောင်ခဲ့ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံ လူဦးရေ၏ ၅၂ ရာခိုင်နှုန်းသည် အမျိုးသမီးများ ဖြစ်သောကြောင့် အမျိုးသမီး အရာရှိ၊ စစ်သည်များထွက်ပေါ်လာအောင် လုပ်ဆောင်ပေးခဲ့ကာ နိုင်ငံတကာတပ်မတော်များနှင့် ရင်ပေါင်တန်းနိုင်အောင် ကြိုးပမ်းလုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

ရိုးသားကြိုးစားစွာ ဆောင်ရွက်

ထို့ကြောင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့၏ ကိုယ်စီတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကာ မိမိဘဝတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ထိုသို့လုပ်ဆောင်ကြရာတွင်လည်း ရောင့်ရဲတင်းတိမ်သည့်စိတ်ဖြင့် ရိုးသားကြိုးစားစွာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိဝင်ငွေနှင့် ထွက်ငွေမျှတအောင် နေထိုင်သွားကြရန် တိုက်တွန်းလိုပြီး မိမိတို့၏ ကြိုးစားမှု၊ စည်းကမ်းလိုက်နာမှု၊ ကျန်းမာရေးကောင်းမွန်အောင် နေထိုင်စားသောက်မှုများအလိုက် အောင်မြင်မှုများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ အသိတရား၊ သတိတရား လက်ကိုင်ထား၍ မိမိတို့၏ကောင်းမွန်သည့် အလေ့အကျင့်ကောင်းများကိုအသုံးချကာ ဘဝကိုတည်ဆောက်ကြစေလိုကြောင်း၊ မိမိတို့တာဝန်ထမ်းဆောင်သည့် တပ်၊ တပ်မတော်၊ ဒေသနှင့် တိုင်းပြည်၏အကျိုးစီးပွားကို ကောင်းမွန်တိုးတက်အောင် မိမိတို့တတ်စွမ်းသရွေ့ ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်ကြစေလိုကြောင်း ပြောကြားသည်။

■■■■■

မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁၆ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်မြို့နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား ပြင်ဦးလွင်မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် ရပ်ကွက်ကျေးရွာအုပ်စု စီမံခန့်ခွဲရေးကောင်စီ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကိုနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မန္တလေးတိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှုအခြေအနေများ၊ ဝန်ထမ်းအိမ်ရာများနှင့် မြို့ပြအိမ်ရာစီမံကိန်းများ ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် အထွေထွေ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက စည်ပင်သာယာရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြင်ဦးလွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို တင်ပြသည်။

ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီးနှင့် ပြင်ဦးလွင်ခရိုင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လိုအပ်သည်များကို တွေ့ဆုံဆွေးနွေးလိုသည့်အတွက် ယခုကဲ့သို့ တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အခြားကမ္ဘာ့နိုင်ငံများနည်းတူ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်း ကူးစက်မှုနှုန်းမြင့်မားစွာဖြစ်ပေါ်ခဲ့ပြီး ပြင်ဦးလွင်ခရိုင်ကိုလည်း ကူးစက်ဖြစ်ပွားမှု နှုန်းမြင့်တက်လျက်ရှိသည့်အတွက် ဇူလိုင်လကတည်းက နေအိမ်တွင်နေထိုင်ရေး (Stay at Home)အစီအစဉ်တွင် ထည့်သွင်းဆောင်ရွက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ခံရသူအနေဖြင့် စက်တင်ဘာ ၁၅ ရက်နေ့အထိ ၄ သိန်း ၃ သောင်းကျော် ရှိပြီဖြစ်ပြီး ကူးစက်မှုနှုန်းယခင်ကထက် ကျဆင်းလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ပန်းမြို့တော်၊ ခရီးသွားမြို့တော်၊ ပညာရေးမြို့တော်ဖြစ်ပြီး ရောဂါကူးစက်ဖြစ်ပွားမှုကြောင့် စီးပွားရေးအခြေအနေများ အရှိန်အဟုန် ရပ်တန့်ခဲ့ရခြင်းဖြစ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာမှသာလျင် တင်းကြပ်ထား

သည့် စည်းမျဉ်းစည်းကမ်းများကို ဖြေလျော့ပေးရမည်ဖြစ်သဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု လျော့ကျလာ အောင် ပိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ကျဆင်းလျက်ရှိ

ကိုဗစ်-၁၉ တတိယလှိုင်းသည် ဇွန်လနှင့် ဇူလိုင်လတို့တွင် ဖြစ်ပွားမှုနှုန်း မြင့်မားလာခဲ့သဖြင့် ရောဂါကူးစက်မှုနှုန်း မြန်ဆန်ပြင်းထန်လာမှုကို ထိန်းချုပ်နိုင်ရန်နှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် မိမိကိုယ်တိုင် ဦးဆောင်၍ ဗဟိုအဆင့် စီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို ပြုလုပ်ပြီး ဖိဖိစီးစီးထိထိမိမိဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ယခုအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကျဆင်းလျက်ရှိသည်ကို တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ သို့သော်လည်း အချို့ပြည်နယ်နှင့်တိုင်းများတွင် ကူးစက်မှုနှုန်း များပြားလျက်ရှိနေသည်ကို တွေ့ရှိနေရကြောင်း၊ ထို့ကြောင့် ရောဂါကူးစက်မှုစစ်ဆေးရာတွင် နယ်ပယ်ပေါင်းစုံတွင် ကြပ်မတ်စစ်ဆေးဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပြီး စာရင်းဇယားအားဖြင့်သာ ကူးစက်မှုအရေအတွက် ကျဆင်းခြင်းမဟုတ်ဘဲ မြေပြင် အမှန်တကယ်ကျဆင်းမှု ဖြစ်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကူးစက်ဖြစ်ပွားမှုများကို ယခုနှစ် အစောပိုင်းကာလများကတည်းက အလေးထားဆောင်ရွက်ခဲ့သော်လည်း ကျန်းမာရေးဝန်ထမ်းအခက်အခဲများကြောင့် ဖိဖိစီးစီးဆောင်ရွက်နိုင်မှု အားနည်းမှုများရှိခဲ့ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည်ဖြစ်ကြောင်း၊ မသမာသောသူများ၏ခြိမ်းခြောက်မှုများအရအစိုးရကို ဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ တာဝန်ဝတ္တရား လစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေးခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် နစ်နာမှုများမဖြစ်ပေါ်ရန်လိုကြောင်း၊ ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများကို ကြေညာချက်များထုတ်ပြန်၍ ပြန်လည်ထမ်းဆောင်နိုင်ရန် ဖိတ်ခေါ်ဆောင်ရွက်ခဲ့ကြောင်း။

> **ကမ္ဘာပေါ်တွင် ဆန်နှင့်ဂျုံကို အဓိကထား စားသုံးကြပြီး မိမိတို့နိုင်ငံ၌ အဓိကမွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတို့ကို မွေးမြူကြကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ အထက်ပါ မွေးမြူရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိသဖြင့် ကြိုးပမ်းလုပ်ဆောင်ကြစေလို၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွှတ်၍မွေးမြူခြင်း၊ စားကျက်မြေများတွင်လှန်၍ မွေးမြူခြင်း၊ လှောင်၍မွေးမြူခြင်းများရှိသဖြင့် စနစ်ကျနပြီး တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် မွေးမြူရေးလုပ်ငန်းဖြစ်အောင် လုပ်ဆောင်ရမည်။**

ပိုမိုစွာထုတ်လုပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ကာကွယ်ဆေးများရရှိရေးအတွက်လည်း အထူးအလေးထားလုပ်ဆောင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ပြည်ပနိုင်ငံများမှ ကာကွယ်ဆေးများ ဝယ်ယူရရှိစေရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကာကွယ်ဆေးများ ဆက်တိုက်ရောက်ရှိလာလျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကို ဆေးထိုးပြီးဖြစ်စေရေး မျှော်မှန်းလုပ်ဆောင်လျက်ရှိကြောင်း၊ ထို့ပြင် အောက်ဆီဂျင်လိုအပ်ချက်များကိုလည်း မရရသည့် နည်းလမ်းများဖြင့် ပြည်ပမှမှာယူခြင်း၊ ပြည်တွင်းရှိ စက်ရုံ၊ အလုပ်ရုံများမှ ထုတ်လုပ်ခြင်းများဖြင့် ဘက်ပေါင်းစုံမှ ရရှိနိုင်ရေးဆောင်ရွက်ခဲ့ရာ လက်ရှိအချိန်တွင် လိုအပ်ချက်ပမာဏထက် ပိုမိုစွာထုတ်လုပ်နိုင်လျက်ရှိကြောင်း။

မန္တလေးတိုင်းဒေသကြီးနှင့် ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေး ကျဆင်းမှုများကို ဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဓိကလိုအပ်ချက်ဖြစ်သည့် တစ်ဦးချင်း ဝင်ငွေရရှိရေးကို ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရန်မြေနေရာ၊ အခွင့်အလမ်းနှင့် စျေးကွက်ရှိပြီးသားဖြစ်သဖြင့် စနစ်ကျနသည့် ခေတ်မီစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုင်းဒေသကြီးအတွင်း အကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် မိုးစပါးစိုက်ဧက ၁၅ သန်းရှိပြီး တစ်ဧကလျှင် တင်း ၁၀၀ ထွက်မည်ဆိုပါက လူဦးရေ သန်း ၁၀၀ စာဖူလုံမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး စပါးစိုက်ဧက ၇ သိန်းခန့်ရှိပြီး လူဦးရေ ၆ သန်းခန့်ရှိကာ ဆန်ဖူလုံမှု ၅၀ ဒသမ ၃ ရာ ခိုင်နှုန်း သာရှိသည်ကို တွေ့ရှိရကြောင်း၊ အထွက်နှုန်းတိုးပွားအောင် စိုက်ပျိုးမြေဇာတိုးချဲ့စိုက်ပျိုးပါက မြေဇာအတွက် အကုန်အကျများမည်ဖြစ်သဖြင့် အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် စိုက်ပျိုးရေးအသိပညာ ဗဟုသုတများတိုးပွားအောင် လုပ်ဆောင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း၌ အခြားပဲနှင့် ဆီထွက်သီးနှံများမှ ဝင်ငွေရရှိနိုင်သည်ဖြစ်သော်လည်း ရသည့်ဝင်ငွေဖြင့် ပြင်ပမှ ဝယ်ယူစားသုံးမည်ဆိုပါက ဒေသတွင်းမှ ငွေကြေးများသည် ပြင်ပသို့ရောက်ရှိသွားမည်ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေနိုင်သောကြောင့် ဒေသတွင်း၌ အထွက်နှုန်းတိုးပွားအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းထုတ်ကုန်များကို ထုတ်လုပ်နိုင်မှသာလျှင် ဒေသတွင်းငွေကြေးကြွယ်ဝမည်ဖြစ်ပြီး တိုင်းဒေသကြီး၊ ပြည်နယ် ထိုမှတစ်ဆင့် တိုင်းပြည်ကို ကြွယ်ဝချမ်းသာလာစေနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဧရာဝတီမြစ်၏ ၈၀ ရာခိုင်နှုန်းသောရေများသည် အသုံးချခြင်းမရှိဘဲ ပင်လယ်တွင်းသို့ စီးဝင်သွားခြင်းဖြစ်သဖြင့် မြစ်ရေတင်စီမံကိန်းကို ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးသည် ဆိုလာစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည့် သဘာဝကပေးထားသည့် အခွင့်အရေးများစွာရှိသည်ဖြစ်သဖြင့် မြစ်ရေတင်ရာတွင် လိုအပ်သည့် လျှပ်စစ်စွမ်းအားကို ဆိုလာစနစ်ဖြင့် ထုတ်လုပ်နိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ပြီး ဆိုလာစနစ်သည် ကမ္ဘာ့ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက်လည်း အရေးပါကြောင်းနှင့် စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ကြစေလိုကြောင်း။

ကြိုးပမ်းလုပ်ဆောင်ကြစေလို

ကမ္ဘာပေါ်တွင် ဆန်နှင့် ဂျုံကို အဓိကထားစားသုံးကြပြီး မိမိတို့နိုင်ငံ၌ အဓိက မွေးမြူရေးလုပ်ငန်း အနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါး တို့ကို မွေးမြူကြကြောင်း၊ တိုင်းဒေသကြီးအတွင်း၌ အထက်ပါ မွေးမြူရေးလုပ်ငန်းများကို ဖြစ်ထွန်းအောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်းရှိသဖြင့် ကြိုးပမ်းလုပ်ဆောင်ကြစေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် လွှတ်၍မွေးမြူခြင်း၊ စားကျက်မြေများ တွင်လှန်၍ မွေးမြူခြင်း၊ လှောင်၍မွေးမြူခြင်းများရှိသဖြင့် စနစ်ကျနပြီး တန်ဖိုးမြင့် ထုတ်ကုန်များ ထုတ်လုပ်နိုင်သည့် မွေးမြူရေးလုပ်ငန်းဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရသောကြောင့် နို့နှင့် နို့ထွက်ပစ္စည်း အမျိုးမျိုးနှင့် အေးခဲအသားငါးများကို ထုတ်လုပ်၍ ခေတ်မီထုပ်ပိုးမှုပုံစံများဖြင့် မိမိတို့နိုင်ငံရှိ အခြားဒေသများသာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည်အထိ စဉ်းစားလုပ်ဆောင်ကြရမည်ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးသည် နို့စားနွားမွေးမြူရေးကို အောင်မြင်ဖြစ်ထွန်းစွာ ဆောင်ရွက်နိုင်သည့် အလားအလာများစွာရှိသဖြင့် အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ အရည်အသွေးမြင့်မားပြီး အာဟာရပြည့်ဝသည့်ထုတ်ကုန်များကို ဒေသတွင်း၌ ထုတ်လုပ်နိုင်ပါက ဒေသခံများအနေဖြင့် စျေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံးနိုင်မည်ဖြစ်ပြီး ကျန်းမာရေးအတွက်လည်း ကောင်းမွန်သည့် ကိုယ်ခံစွမ်းအားများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကထားလုပ်ကိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များ ရှာပါးနေ၍မရကြောင်း၊ အသားငါးများ၊ အသီးအနှံများကို ပြည့်ဝစွာစားသုံးမှသာလျှင် ကိုယ်ခံအားကောင်းမွန်ပြီး ကျန်းမာရေးလည်းကောင်းမွန်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စားရေးအတွက် ဖူလုံမှုရှိအောင် ဦးစားပေးလုပ်ဆောင်ရန် ပြောကြားလိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များတွင် မန္တလေးမှ စိန်တလုံးသရက်နှင့် ဆီထွက်ထုတ်ကုန်များသည် နာမည်

ရရှိပြီးဖြစ်ပြီး ပြည်ပနိုင်ငံများအထိ တင်ပို့ရသည်အထိ စွေးကွက်ရရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် စွေးကွက်လိုအပ်ချက် ရှိပြီးသားဖြစ်သည့် ငှက်ပျောသီးကဲ့သို့သော သီးနှံများနှင့် အခြားစိုက်ပျိုးရေး ထုတ်ကုန်များကို ခေတ်မီနည်းစနစ် ကျစွာဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရ မည် ဖြစ်ကြောင်း။

ထိန်းသိမ်းကြပ်မတ်ဆောင်ရွက်

ကုန်စွေးနှုန်းကြီးမြင့်မှုနှင့် ပတ်သက်၍ ကုန်စွေးနှုန်း ကြီးမြင့်မှုတွင် Cost of Production (ထုတ်လုပ်မှု ကုန်ကျ စရိတ် များပြားခြင်းကြောင့် မြင့်မားခြင်း)နှင့် Supply and Demand (စားသုံးမှုနှင့် ထုတ်လုပ်မှုမမျှတခြင်း ကြောင့် မြင့်မားခြင်း)ဟူ၍ ရှိကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်သည့် နိုင်ငံတစ်ခုဖြစ်သဖြင့် အခြေခံစားသုံးကုန်များ ကုန်စွေး နှုန်း မြင့်မားနေမှုများ ဖြစ်ပေါ်နေသည်မှာ သဘာဝမကျ သည့်အတွက် တာဝန်ရှိသူများမှ ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြစေလိုကြောင်း။

အနာဂတ် Plan များဖြစ်

တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲဆောင်ရွက်နေမှုနှင့်ပတ်သက်၍ မြို့ပြတည် ဆောက်ရေးတွင် ရေဖူလုံစွာရရှိရေးနှင့် အသုံးချနိုင်ရေး၊ ပညာရည်သင်ကြားမှု စနစ်မြင့်မားရေး၊ ကျန်းမာရေး ဆိုင်ရာနှင့် သယ်ယူပို့ဆောင်မှုစနစ် Public Transportation များကောင်းမွန်မှုရှိရန် ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ လမ်းများဖောက်လုပ်မှုမှအစ နိုင်ငံတကာမှ လက်ခံသည့် စံချိန်စံညွှန်းအတိုင်းဖြစ်ရန်နှင့် နောင်တစ်ချိန်တွင် လမ်း များတိုးချဲ့နိုင်ရေး ကြိုတင်တွက်ချက်ဖောက်လုပ်ရန်လို သကဲ့သို့ လမ်းပခုံးများထည့်သွင်း တည်ဆောက်ရာတွင် လည်း လမ်းများ၏အဆင့်အလိုက် အဆင့်မီအောင် ထည့် သွင်းဆောင်ရွက်ရန်လိုကြောင်း၊ သွားလာမှု ထွက်ပေါက် များကို စဉ်းစားဆောင်ရွက်ထားရှိရန်လိုအပ်ပြီး လျှပ်စစ် ကိုအခြေခံသည့် လျှပ်စစ်ဘတ်စ်ကားလုပ်ငန်းများနှင့် လျှပ်စစ်မြို့ပတ်ရထားလမ်းများ၊ မြေအောက်ရထားလမ်း များအထိ တွက်ချက်စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း၊ ထိုသို့သော စီမံချက်များသည် အနာဂတ် plan များဖြစ် ပြီး မိမိတို့သည် ခေတ္တတာဝန်ယူထိန်းသိမ်းဆောင်ရွက် နေရသည့် အစိုးရဖြစ်သဖြင့် လက်ရှိပြည်သူလူထုရင်ဆိုင် နေရသည့် အခက်အခဲများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက် ဖြစ်ပွားမှုများကို အဓိကဦးစားပေးအနေဖြင့် လုပ်ဆောင် ကြရမည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ဖွံ့ဖြိုးတိုး တက်ရေးအတွက်လည်း ကောင်းမွန်သည့်ရေရှည်စီမံကိန်း များကို တတ်စွမ်းသရွေ့ရေးဆွဲချမှတ်ဆောင်ရွက်ရန် လို ကြောင်း။

စွေးကွက်ချဲ့ထွင်နိုင်ရေးလုပ်ဆောင်

ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအခြေအနေများ နှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် ခရီးသွားမြို့တော်၊ ပညာရေးမြို့တော်၊ ချယ်ရီမြို့တော်ဖြစ်ပြီး နိုင်ငံတကာ က သိရှိထားသည့် ကောင်းမွန်သည့် နောက်ခံသမိုင်း ကြောင်းများရှိသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ထို့အပြင် သာယာသော ရာသီဥတု၊ စိမ်းလန်းသော ပတ်ဝန်းကျင် ကို အခြေခံလျက် ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှု လုပ်ငန်းများကို အဆင့်မြင့်မားစွာ ဆောင်ရွက်နိုင်သော ကျန်းမာရေး မြို့တော်အဖြစ်လည်း တည်ဆောက်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ နယ်ခံများ၏ အခြေခံ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်လုပ်ငန်းများမှတစ်ဆင့် အဆင့်မြင့်ထုတ်ကုန်များနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ပေါ်ထွက်လာစေရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရေးအတွက် နည်းစနစ်ကျနသည့် လုပ်ငန်းများ ဖြစ်ပေါ်လာစေရေး လိုအပ်သည့်နည်းပညာ နှင့် အသိပညာပေးမှုများကို လုပ်ဆောင်ပေးသွားရန် လို ကြောင်း၊ မြေအသုံးချမှုစနစ်များလည်း မှန်ကန်ရန်လို အပ်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးမြေများကို အလုံပိတ်ကာ ရံခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် မြေဆီလွှာကို ထိခိုက်စေနိုင်သောကြောင့် လေဝင်လေထွက်နှင့် ရေဝင် ရေထွက်ကောင်းမွန်နိုင်သည့်ကာရံခြင်းများ ဆောင်ရွက် စေရေး ကြပ်မတ်ကြရန်လိုကြောင်း၊ စိုက်ပျိုးမြေများကို အခြားနည်းများဖြင့် အသုံးချမှုမရှိစေရေးနှင့် ချမှတ်ထား သည့်စည်းကမ်း၊ ဥပဒေများနှင့်အညီသာ လုပ်ဆောင်ကြ စေရေး ကြပ်မတ်ပညာပေးရမည်ဖြစ်ကြောင်း၊ ဒေသထွက် စွေးကွက်ဝင်ထုတ်ကုန်များဖြစ်သည့် စတော်ဘယ်ရီ၊ မက်မန်း၊ ကော်ဖီ၊ တည်သီးနှင့် နို့ထွက်ပစ္စည်းများ အခြား ထွက်ကုန်များကို ယခုထက်ပိုမိုကျယ်ပြန့်စွာ ထုတ် လုပ် နိုင်ရေးနှင့် စွေးကွက်ချဲ့ထွင်နိုင်ရေး လုပ်ဆောင်ပေးသွား ရန်လိုကြောင်း။

စည်ကားလျက်ရှိ

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ပြင်ဦးလွင်မြို့သည် အေးမြပြီး သစ်ပင်ပန်းမန်များဖြင့် ရောင်စုံလှပသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဥတုသုံးပါးလုံး၌ လာရောက်အပန်းဖြေသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း၊ မြို့အားလှည့်လည်ကြည့်ရှုရာတွင် သစ်ပင်များသည် အံ့ဆိုင်းလျက်ရှိသည်ကို တွေ့ရှိရပြီး ဥတုရာသီ တောကိုမှီဆိုသော်လည်း ကျန်းမာရေးပိုင်းနှင့် ကြည့်မည်ဆိုပါက သစ်ပင်များ အံ့ဆိုင်းနေ၍မရကြောင်း၊ အလင်းရောင်နှင့် သန့်ရှင်း လတ်ဆတ်သည့် လေကောင်းလေသန့်များရရှိရေးအတွက် လမ်းဘေးဝဲယာရှိ သစ်ပင်ကြီးများနှင့် ချုံနွယ်များကို အလင်းဖွင့်ပေးရန်လိုကြောင်း၊ ခုတ်ထွင်ရှင်းလင်းရန် မဟုတ်ဘဲ အောက်ခြေပတ်ဝန်းကျင်နှင့် သစ်ကိုင်းများ ထူထပ်နေခြင်းကို ရှင်းလင်းကာကောင်းမွန်သည့် အလင်းရောင်နှင့် ခရီးသွားဧည့်သည့်များ၏ မျက်စိပသာဒရှိစေရေး လုပ်ဆောင်ပေးရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ပြင်ဦးလွင်ဒေသကို ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ လမ်းလျှောက်နိုင်ရေးအတွက်လည်း လမ်းဧရိယာများကို တိုးချဲ့ဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် လုပ်ဆောင်ရမည် ဖြစ်ကြောင်း။

ထို့ပြင် ပြင်ဦးလွင်နှင့် မန္တလေးဒေသသည် ပညာရေးအားကောင်းသည့်ဒေသများဖြစ်သဖြင့် အားရကျေနပ်မိပါကြောင်း၊ ပညာရေးနောက်မကျစေရေးအတွက် ကျောင်းများပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ပညာရည်မြှင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သော်လည်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် ခေတ္တပြန်လည်ပိတ်ထားခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် ကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျလျက်ရှိပြီး မျှော်မှန်းထားသည့်ပမာဏအထိ ကူးစက်ဖြစ်ပွားမှုများကို လျှော့ချနိုင်သည့်အချိန်တွင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ အားကစားနှင့် ပတ်သက်၍လည်း မြို့တင်ပေးသွားမည်ဖြစ်ကာ ဘောလုံးကွင်းများအပါအဝင် အားကစားကွင်းများ အဆင့်မြှင့်တင်ခြင်းများ လုပ်ဆောင်ပေးလျက်ရှိပြီး ပြင်ဦးလွင်တွင် လက်ရွေးစင်အားကစားသမားများ၏ လေ့ကျင့်ရေးမြေအဖြစ် ဆောင်ရွက်နိုင်ကြောင်း။

ကြိုးပမ်းတာဝန်ထမ်းဆောင်

နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ရာတွင် ကျေးလက်နှင့် မြို့ပြကွာခြားမှုများကို အတတ်နိုင်ဆုံးလျှော့ချနိုင်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကောင်းမွန်အောင်လုပ်ဆောင်ပေးနိုင်ပါက မြို့ပြတွင် လူဦးရေသိပ်သည်းမှုများကိုလည်း လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသများ၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးအတွက် တိုင်းပြည်အကျိုး၊ ဒေသအကျိုးကို မိမိတို့တတ်စွမ်းသရွေ့ ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန် အကြံပြုတိုက်တွန်း ပြောကြားလိုကြောင်း ပြောကြားသည်။

■■■■■

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ဆင်လမ်းရေလှောင်တမံနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၁၆ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ဆင်လမ်းရေလှောင်တမံနှင့် အမျိုးသားကန်တော်ကြီးဥယျာဉ် တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ခရိုင်၊ ဆင်လမ်းရွာ၏ မြောက်ဘက် (၂ ဒသမ ၅) မိုင်ခန့် အကွာရှိ ဆင်လမ်းရေလှောင်တမံသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ရှင်းလင်းဆောင်တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး၊ ဆည်မြောင်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်နှင့် တာဝန်ရှိသူများက သီးနှံများပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ရေကြီးမှု ဘေး အန္တရာယ်မှ ကာကွယ်နိုင်ရေးနှင့် ဒေသစိမ်းလန်းစိုပြေရေးကို ရှေးရှု၍ ရေလှောင်တမံစီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ရေလှောင်တမံကြံခိုင်မှုရှိစေရေး စစ်ဆေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နေ့စဉ်သောက်သုံးရေ ဖြန့်ဝေပေးလျှက်ရှိသည့် အခြေအနေနှင့် မိုးရွာသွန်းမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

အမြဲမပြတ်ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆင်လမ်းရေလှောင်တမံသည် ပြင်ဦးလွင်မြို့အနီးဝန်းကျင်၌ လိုအပ်သည့်သောက်သုံးရေများ ဖြန့်ဝေပေးနိုင်ရေး လုပ်ဆောင်ထားခြင်းဖြစ်သဖြင့် ရေလှောင်တမံရေရှည်တည်တံ့ရေးအတွက် လိုအပ်သည့် ကြံ့ခိုင်မှုစစ်ဆေးခြင်းများကို အမြဲမပြတ်ကြည့်ရှုစစ်ဆေးနေရမည်ဖြစ်ကြောင်း၊ သစ်တောများပြုန်းတီးလာခြင်းသည် ရေအရင်းအမြစ်ရရှိခြင်းကို ထိခိုက်စေနိုင်သည်ဖြစ်သဖြင့် ရေလှောင်တမံဧရိယာအတွင်း စိုက်ခင်းများပြုလုပ်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးထုတ်လုပ်ခြင်းများ လုပ်ကိုင်မှုမရှိစေရန် အသိပညာပေးခြင်းများ လုပ်ဆောင်၍ ထိရောက်စွာ ကြပ်မတ်တားမြစ်ရမည် ဖြစ်ကြောင်း၊ ရာသီသီးနှံစိုက်ခင်းများသည်လည်း ရေဝေ၊ ရေလဲ ဧရိယာရှိ မြေဆီလွှာကို ပျက်စီးစေနိုင်သောကြောင့် ရေလှောင်တမံဧရိယာအတွင်းရှိ သစ်ပင်သစ်တောများထိန်းသိမ်းခြင်းလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ရေလှောင်တမံကြံ့ခိုင်မှုကို စစ်ဆေးခြင်းများအပြင် ဒေသခံများ၏ ရေလိုအပ်ချက်ပမာဏ မြင့်မားလာပါက ရေလှောင်တမံအား ထပ်မံအဆင့်မြှင့်တင်သိုလှောင်နိုင်ရေးနှင့် စနစ်ကျနစွာ ရေပေးဝေနိုင်ရေးအတွက် နည်းပညာရပ်ပိုင်းဆိုင်ရာ ကြိုတင်မျှော်မှန်းတွက်ချက်ခြင်းများကို ဆောင်ရွက်ထားရှိရန်လိုကြောင်း မှာကြားသည်။

မှာကြားဆွေးနွေး

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုနှင့် ရေပေးဝေရေး ပိုက်လိုင်းလမ်းကြောင်းများ ဆောင်ရွက်ထားရှိမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဆွေးနွေးဆောင်ရွက်သည်။ ထို့နောက် ဆင်လမ်းရေလှောင်တမံနှင့် ပြင်ဦးလွင်မြို့ ဆက်သွယ်ထားသည့်လမ်းကြောင်းတစ်လျှောက်အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု၍ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့်

လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး လုပ်ဆောင်နိုင်မည့်အခြေအနေများကို ကြည့်ရှုလေ့လာခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦးနှင့်တာဝန်ရှိသူများက အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာအချက်အလက်များ၊ သစ်ပင်သစ်တောများပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှု မရှိခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှုအားနည်းခြင်းနှင့် အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခန်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ ထိုသို့ကြုံတွေ့ခဲ့ရမှုကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်သည့် ရေဝင်ပေါက်များ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့် မွမ်းမံပြင်ဆင်မှုများနှင့် ထိန်းသိမ်းမှုများ ဆောင်ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လျက်ရှိသည့် အခြေအနေများ၊ ကိုဗစ် – ၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွင့်လှစ်ခြင်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

စနစ်တကျ ကြပ်မတ်ထိန်းသိမ်း

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ပြင်ဦးလွင်သည် ခွဲခြား၍ရနိုင်မည်မဟုတ်ဘဲ ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုများစွာအထောက်အကူပြုနေသည့် ဥယျာဉ်ကြီးဖြစ်သည့်အတွက် ဥယျာဉ်သာယာလှပရေး၊ ရေရှည်တည်တံ့ခိုင်မြဲရေးလုပ်ငန်းများကိုအထူးအလေးထားဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း၊ ကန်များရေခန်းခြောက်မှုများကို ကာကွယ်နိုင်ရေးအတွက် ရေရရှိနိုင်မည့် ရေဝင်လမ်းကြောင်းများကို အမြဲမပြတ် စစ်ဆေးထိန်းသိမ်းနေမှသာလျှင် ရေစီးဆင်းမှုကောင်းမွန်မည်ဖြစ်ကြောင်း၊ သစ်တောဦးစီးဌာနမှလည်း ပြုန်းတီးသစ်ပင်များနေရာတွင် အစားထိုး ပြန်လည်စိုက်ပျိုးလုပ်ဆောင်သွားရန်လိုကြောင်း၊ ပြင်ဦးလွင်မြို့၌ ယခင်က အရိပ်မဲ့ကော်ဖီစိုက်ပျိုးခြင်းများ လုပ်ဆောင်ခဲ့ရာမှ သစ်ပင်သစ်တောများပြုန်းတီးမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခွင့်ပြုပေးထားသည့်စိုက်ပျိုးမြေများတွင် စိုက်ပျိုးရေးလုပ်ဆောင်ခြင်းမရှိဘဲ လူနေထိုင်ခြင်း၊ ကွန်ကရစ်လမ်းများ ခင်းခြင်း၊ ရေထွက်ပေါက်များမထားရှိဘဲ အပိတ်ပုံစံဖြင့် အဆောက်အဦများ ဆောက်လုပ်ခြင်းများကြောင့်လည်း ရေအရင်းအမြစ်ဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ ထို့ကြောင့် သတ်မှတ်စည်းကမ်းများနှင့် ကိုက်ညီမှုရှိစေရေး စနစ်တကျကြပ်မတ်ထိန်းသိမ်းလုပ်ဆောင်ကြရန်လိုကြောင်း၊ ဥယျာဉ်အတွင်းရှိ ကန်များမှရေစိမ့်ထွက်မှုမရှိစေရေးနှင့် ပြုန်းတီးမှုမဖြစ်ပေါ်စေရေးအတွက်လည်း နည်းပညာပိုင်းဆိုင်ရာများအရ တွက်ချက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်ကြီးဥယျာဉ်သို့ ရေဝင်လမ်းကြောင်းတစ်ခုဖြစ်သည့် ပြင်ဦးလွင်မြို့နယ်၊ ညောင်နီကျေးရွာရှိ သဘာဝစိမ့်စမ်းရေထွက်ပေါက်နေရာနှင့် ကန်တော်ကြီးပတ်လမ်းရှိ ရေဝင်ရောက်ရာလမ်းကြောင်းများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး ရေလမ်းကြောင်း ထိခိုက်မှုမရှိစေရန် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ လမ်းညွှန်မှာကြားသည်။

■■■■■

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်း၌ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၁၇ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၇ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့အတွင်း၌ အားကစားကဏ္ဍ၊ စီးပွားရေးကဏ္ဍနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာတို့တွင် မြှင့်တင်ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်ခရိုင်အားကစားလေ့ကျင့်ရေးစခန်းသို့ ရောက်ရှိကြပြီး အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမင်းသိန်းဖ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက အဆင့်မြှင့်တင်ခြင်းဆောင်ရွက်နေသည့် အခြေအနေများကို တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့သည် မြို့တည်သက်တမ်း နှစ်ပေါင်း ၁၀၀ ကျော်ရှိပြီး သမိုင်းကြောင်းအစဉ်အလာရှိသည့် မြို့ဖြစ်သည်နှင့်အညီ မြို့၏အဆင့်ဂုဏ်သိက္ခာနှင့်လျော်ညီသည့် အားကစားကွင်းတစ်ခု ဖြစ်စေရေး၊ ပရိသတ်များ အဆင့်မီမီကြည့်ရှုနိုင်ရေး၊ အားကစားသမားများ အရည်အသွေးပြည့်မီစွာ လေ့ကျင့်နိုင်စေရေး အားကစားကွင်းများတွင် ရှိသင့်ရှိထိုက်သည့် စံနှုန်းများနှင့်အညီ ထည့်သွင်းတွက်ချက်အဆင့်မြှင့်တင်ရန်လိုအပ်သည့် အခြေအနေများအား မှာကြားခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြည့်ရှုလေ့လာ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့၊ မြို့ရှောင်လမ်းအနီးရှိ Sithar Coffee Co.ltd နှင့် ပွဲကောက်ကျေးရွာရှိ Creation Myanmar Coffee Farm တို့အား သွားရောက်ကြည့်ရှုလေ့လာပြီး ကော်ဖီစိုက်လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးသည်။

ဦးစွာ မြန်မာနိုင်ငံ ကော်ဖီအသင်းနာယက ဦးရဲမြင့်နှင့် ကော်ဖီစိုက်လုပ်ငန်းရှင်များက အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်များရရှိစေရေး ကုန်ကြမ်းမှ ကုန်ချောအဆင့်ထိ အဆင့်ဆင့် ထုတ်လုပ်မှု အခြေအနေများ၊ ကော်ဖီအသင်းကို ကော်ဖီစိုက်ဒေသအသီးသီး၌ တည်ထောင်ထားရှိပြီး လုပ်ငန်းအဆင်ပြေချောမွေ့မှုရှိစေရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

အောင်မြင်အောင်လုပ်ဆောင်

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့နိုင်ငံ၌ ကော်ဖီစိုက်ဧက ၃ သောင်းကျော်ရှိပြီး ဒေသအလိုက်ခွဲ၍ Robusta နှင့် Arabica ကော်ဖီမျိုးတို့ကို စိုက်ပျိုးသည်ဟုသိရှိရကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများပြီး ကာလရှည်လုပ်ငန်းဖြစ်သည့်အတွက်

အောင်မြင်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များကို အမြဲမပြတ်လေ့လာနေရန်လိုကြောင်း၊ အထွက်နှုန်းကောင်း မွန်ရန်၊ Quality Product ဖြစ်ရန်၊ ဈေးကွက်ရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ အနှံ့၊ အရသာနှင့် အရောင်ကောင်းမွန်ရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက်နှင့် ဒေသအလိုက်ကြိုက်နှစ်သက်သည့် အမျိုးအစားများကို လေ့လာဆန်းစစ်၍ ခွဲခြားဖြန့်ချိရန်လိုကြောင်း၊ လုပ်ငန်းတစ်ခုဆောင်ရွက်ရာတွင် သုတေသနနှင့်ဖွံ့ဖြိုးမှု Research and Development ရှိရမည်ဖြစ်ပြီး သုတေသနလုပ်ငန်းများကို မဖြစ်မနေလုပ်ဆောင်ရန်လိုကြောင်း၊ ပထမအဆင့်အနေဖြင့် ကုန်ကြမ်းများကို တင်ပို့ရောင်းချပြီး ဒုတိယအဆင့်အနေဖြင့် ကုန်ချောများကိုထုတ်လုပ်ကာ အရည်သွေးမြင့်ကုန်ချောထုတ်ကုန်များကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ နည်းစနစ်ကျနရေး၊ ဈေးကွက်ရရှိရေးနှင့် အရင်းအနှီးလိုအပ်ချက်တို့အတွက် နိုင်ငံတော်ကကူညီ ဆောင်ရွက်ပေးမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့် အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်များရရှိရေး ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နောင်တွင် လုပ်ငန်းရှင်များကိုယ်တိုင် သုတေသနပြု၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်းနှင့် ဈေးကွက်မြှင့်တင်ရေး ဆောင် ရွက်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကော်ဖီဈေးကွက်တွင် မြန်မာ့ကော်ဖီသည် အဆင့်အတန်းရှိရှိဖြင့် နေရာတစ်ခုတွင် ခိုင်ခိုင်မာမာရပ်တည်နိုင်ရေးရည်မှန်းချက်ထား လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

ဈေးကွက်ဝင်ရန် ကြိုးစား

ပြင်ဦးလွင်ဒေသတွင် ကော်ဖီစိုက်ပျိုးမှု အများအပြားရှိပြီး စိုက်ဧက ၁၀၀၀၀ ကျော်ခန့်ရှိပြီး ဈေးကွက်အတွင်း နာမည်ရရှိပြီးဖြစ်ကြောင်း၊ ဒေသထွက်ကုန်များကို ခေတ်မီသောထုပ်ပိုးမှုပုံစံများဖြင့် ကောင်းမွန်အောင်လုပ်ဆောင်၍ One Village One Product စနစ်ဖြင့် ဒေသမှ စံပြထုတ်ကုန်တစ်မျိုးချင်းကို ဈေးကွက်ဝင်ရန် ကြိုးစားခြင်းဖြင့် တစ်ဖက်မှလည်း ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးလာမည်ဖြစ်ပြီး ပြည်တွင်းပြည်ပမှ လာရောက်ကြည့်ရှုလေ့လာသူများရရှိလာမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းများမှတစ်ဆင့် ဒေသထုတ်ကုန်ရောင်းဝယ်ရေးလုပ်ငန်းများဖွံ့ဖြိုးလာပြီး ဒေသတွင်းဝင်ငွေကို ကြွယ်ဝစေနိုင်ကာ ဒေသခံပြည်သူလူထု၏ လူနေမှုစနစ်ကို မြင့်မားလာစေမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်လုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ယခုကဲ့သို့ လာရောက်တွေ့ဆုံခြင်းဖြစ်ပြီး မိမိတို့ တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အကျိုးစီးပွားတိုးတက်စေရေးအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အစုအဖွဲ့လိုက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည် ဆွေးနွေးပြောကြားသည်။

လေ့လာကြည့်ရှု

ထို့နောက် ကော်ဖီခြံများအတွင်း လိုက်လံကြည့်ရှု၍ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် ခင်းကျင်းပြသထားသည့် ကော်ဖီထုတ်ကုန်များ၊ မျိုးစေ့များ၊ လုပ်ငန်းသုံးပစ္စည်းကိရိယာများကို လေ့လာကြည့်ရှုကြရာ လုပ်ငန်းရှင်များနှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီပင်နှင့်အရိပ်ပင်ကြား လေဝင်လေထွက်ကောင်းမွန်ရန်နှင့် အရိပ်ပင်သည် ပိုးမွှားလက်ခံပင်မဖြစ်စေရေးအတွက် အရိပ်ပင်အလင်းဖွင့်ခြင်း လုပ်ငန်းများကို ဂရုပြုဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

■■■■■

မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁၈ - ၉ - ၂၀၂၁)

တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့်တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ပြီး တပ်မတော်နှင့်နိုင်ငံ့သမိုင်းကို ခွဲခြားရ၍မရမည်မဟုတ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကိုအလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်သည် တိုင်းပြည်အတွက် ပင်ဖြစ်ရမည်ဖြစ်ကြောင်း၊ မိမိတို့၏တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ရမည်ဖြစ်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စက်တင်ဘာလ ၁၈ ရက် နံနက်ပိုင်းတွင် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီးဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦးနှင့် မြစ်ကြီးနားတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့နိုင်ငံ၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများနှင့်တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေသည်ကိုသိရှိနားလည်နေရမည်ဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ခေတ်ကာလနှင့် ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံစနစ်များဖြင့် နိုင်ငံတော်ကို အုပ်ချုပ်ခဲ့ကြသည်ကို သမိုင်းကြောင်းများတွင် တွေ့ရှိနိုင်မည်ကြောင်း၊ ယခင်တပ်မတော်အစိုးရလက်ထက်၌ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံကို ဒီမိုကရေစီစနစ်မကူးပြောင်းမီကာလများတွင် နိုင်ငံတကာတွင်ကျင့်သုံးလျက်ရှိသည့် ဒီမိုကရေစီကျင့်သုံးပုံများကိုလေ့လာပြီး ဒီမိုကရေစီပြုပြင် ပြောင်းလဲမှုအဆင့်ဆင့်ကို ပုံဖော်ခဲ့ရကြောင်း၊ ထို့နောက် ပြည်သူတို့ လိုလားတောင့်တသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် လုပ်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ဒီမိုကရေစီနည်းလမ်းကျစွာဖြင့် အောင်မြင်စွာ လုပ်ဆောင်ပေးနိုင်ခဲ့ကြောင်း။

ရွေးကောက်ပွဲပြီးနောက် သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နိုင်ငံတော်သည် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံတကာဆက်ဆံရေးနှင့် ကဏ္ဍပေါင်းစုံတွင် တိုးတက်ပြောင်းလဲမှုများ လုပ်ဆောင်နိုင်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့်လည်း ရင်ဆိုင်ခဲ့ရကြောင်း၊ ဒီမိုကရေစီစနစ်ကို စတင်လျှောက်လှမ်းခဲ့ခြင်းဖြစ်သဖြင့် ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်နားလည် သဘောပေါက်နိုင်ရန် လိုအပ်မှုများရှိခဲ့ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် နိုင်ငံအလိုက် ကျင့်သုံးသည့် ဒီမိုကရေစီ ကျင့်သုံးပုံခြင်းတူညီမှုမရှိဘဲ မိမိတို့နိုင်ငံ၏ လူနေမှုစနစ်၊ ယဉ်ကျေးမှုစရိုက် လက္ခဏာ၊ ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုက်ညီသည့် ဒီမိုကရေစီကိုသာ ကျင့်သုံးလေ့ရှိကြကြောင်း။

အားမလိုအားမရဖြစ်

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ၅ နှစ်တာ သက်တမ်းအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များ

စွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက်တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ပြည်သူလူထုအနေဖြင့် မိမိတို့ရွေးချယ်ထားသည့် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် အားမလိုအားမရဖြစ်ခဲ့ပြီး မျှော်မှန်းသကဲ့သို့ဖြစ်မလာသည့်အတွက် ရွေးကောက်ပွဲအပေါ် စိတ်ပျက်လာပြီး မဲမပေးရေးလှုပ်ရှားမှု (No Vote) များဖြစ်ပေါ်လာခဲ့သည်ကိုတွေ့ရှိရကြောင်း၊ ရွေးကောက်ပွဲအကြို ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရွေးကောက်ပွဲလုပ်သည့်အခါတွင် ဆန္ဒမဲပေးခွင့်ရှိသူ၏ ၁၄ ရာခိုင်နှုန်းခန့်သာ မဲပေးခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့နောက် ရွေးကောက်ပွဲမတိုင်မီဆောင်ရွက်သည့် ပါတီမဲဆွယ်စည်းရုံးရေးများတွင်လည်း ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများစွာ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိကြောင်း၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကျင်းပပြုလုပ်ခဲ့ပြီး မဲစာရင်းရလဒ်များကို ထုတ်ပြန်ကြေညာသည့်အခါတွင် မဲမသမာမှုဖြစ်နိုင်သည့် အခြေအနေများကို တွေ့ရှိရသဖြင့် တပ်မတော်မှ မဲစာရင်းများစစ်ဆေးခဲ့ရာ ကြီးမားသည့် မဲစာရင်းမှားယွင်းမှုများဖြစ်ပေါ်ခဲ့သည်ကိုတွေ့ရှိခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းဖြင့်အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူ ဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက် နိုင်ငံတော်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ လက်ရှိလုပ်ဆောင်နေမှုများသည် နိုင်ငံ့အရေးကိုလုပ်ဆောင်နေခြင်းဖြစ်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် ခိုင်မာစွာရပ်တည်နိုင်ရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာပေါများစေရေးကို ဦးစားပေးလုပ်ဆောင်လျက်ရှိကြောင်း၊ ထိုသို့လုပ်ဆောင်နေစဉ် နိုင်ငံတော်

> **မိမိတို့တပ်မတော်သည်**
> **စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းကပင်**
> **စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့်**
> **တပ်မတော်ဖြစ်၊ နိုင်ငံတော်ကာကွယ်ရေး**
> **တာဝန်ထမ်းဆောင်ခြင်းသည်**
> **တိုင်းပြည်ကို အလုပ်အကျွေးပြုနေခြင်းပင်**
> **ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး**
> **တပ်မတော်သည်တိုင်းပြည်အတွက်ပင်ဖြစ်ရမည်ဖြစ်၊**
> **တိုင်းပြည်တွင်အရေးပေါ်အခြေအနေများနှင့်**
> **ကြုံတွေ့ခဲ့ရတိုင်း တပ်မတော်ကဦးဆောင်ဖြေရှင်း**
> **ဆောင်ရွက်ပေးခဲ့သည်ကို သိရှိရမည်ဖြစ်ကာ**
> **တိုင်းပြည်အတွက်လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို**
> **လုပ်ဆောင်ပေးနိုင်ရေး စိတ်နှလုံးသွင်း**
> **လုပ်ဆောင်ရန်လို။**

အေးချမ်းသာယာမှုကိုမလိုလားသူများက လမ်းပန်းဆက်သွယ်မှုပြတ်တောက်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားများပျက်ပြားစေရေးအတွက် နည်းမျိုးစုံဖြင့်နှောင့်ယှက်ပြီး တိုင်းပြည်ဖျက်သည့်အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မိမိတို့မြန်မာလူမျိုးများသည် လူမှုရေးစိတ်ဓာတ်ရှိကြပြီး စုပေါင်းလုပ်ဆောင်မှုကို တန်ဖိုးထားကြကြောင်း၊ ပြီးခဲ့သည့်ကာလများတွင် ထိုကဲ့သို့ကောင်းမွန်သည့်စိတ်ဓာတ်များ ဖျက်ဆီးခံခဲ့ရကြောင်း၊ တိုင်းပြည်တွင်းဖြစ်ပေါ်နေသည့် အဖျက်အမှောင့်လုပ်ရပ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတို့ပူးပေါင်း လက်တွဲ၍ ဝိုင်းဝန်းကာကွယ်တားဆီးရန်လိုအပ်မည်ဖြစ်ကာ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေများကို သိရှိနားလည်ရန် လိုအပ်ကြောင်း။

ခွဲခြား၍ရမည်မဟုတ်

တပ်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ တပ်မတော်သည် ပြည်သူကြားက ပေါက်ဖွားလာသည့် တိုင်းပြည်၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်း၊ တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး တပ်မတော်နှင့် နိုင်ငံ့သမိုင်းကိုခွဲခြား၍ရမည် မဟုတ်ကြောင်း၊ တပ်မတော်၏တာဝန်သည် ပြည်ပရန်ကာကွယ်

ရေးဖြစ်ပြီး ပြည်တွင်းပဋိပက္ခများကို ဖြေရှင်းရန်မှာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏တာဝန်ဖြစ်သော်လည်း လွတ်လပ်ရေးရရှိပြီးကတည်းက ဖြစ်ပေါ်ခဲ့သည့်လိုအပ်ချက်များနှင့် သမိုင်းကြောင်း အစဉ်အလာများအရ ပြည်တွင်း လက်နက်ကိုင် ပဋိပက္ခနှိမ်နင်းရေးတွင် တပ်မတော်က ဆက်လက်ပါဝင်ဆောင်ရွက်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရန်အတွက် အရာရှိ၊ စစ်သည်များအနေဖြင့် စွမ်းရည်သုံးရပ်ပြည့်ဝနေရမည်ဖြစ်ပြီး နေ့စဉ်ဆောင်ရွက်နေရသည့် ပုံမှန်လေ့ကျင့်ရေးတာဝန်များကိုမှန်မှန်ကန်ကန်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် မိမိထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် အရည်အချင်းမြှင့်တင်ပေးရန်အတွက် လေ့ကျင့်ရေးဆိုင်ရာနှင့် ပညာရပ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့်ဖြစ်နေရန်နှင့် လက်ရုံးတပ်များနှင့် ပူးပေါင်း စစ်ဆင်နိုင်စွမ်းတိုးတက်ကောင်းမွန်အောင် အမြဲတမ်းလေ့ကျင့်နေရမည်ဖြစ်ကြောင်း။

တိုင်းပြည်အတွက်ပင်ဖြစ်ရမည်

မိမိတို့တပ်မတော်သည် စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းကပင် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့် တပ်မတော်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ခြင်းသည် တိုင်းပြည်ကိုအလုပ်အကျွေးပြုနေခြင်းပင်ဖြစ်သည်ကို သိရှိနားလည်ရမည်ဖြစ်ပြီး တပ်မတော်သည်တိုင်းပြည်အတွက်ပင်ဖြစ်ရမည်ဖြစ်ကြောင်း၊ တိုင်းပြည်တွင် အရေးပေါ်အခြေအနေများနှင့် ကြုံတွေ့ခဲ့ရတိုင်း တပ်မတော်ကဦးဆောင်ဖြေရှင်းဆောင်ရွက်ပေးခဲ့သည်ကို သိရှိရမည်ဖြစ်ကာ တိုင်းပြည်အတွက် လုပ်ဆောင်ပေးနိုင်သည်မှန်သမျှကို လုပ်ဆောင်ပေးနိုင်ရေး စိတ်နှလုံးသွင်းလုပ်ဆောင်ရန်လိုကြောင်း၊ တပ်မတော်သားမိသားစုများ၏ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတို့ကို သတ်မှတ်ထားသည့် အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ရန်နှင့် စွမ်းရည်သုံးရပ်ထက်မြက်နေအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်သူခေါင်းဆောင်များအနေဖြင့် ညီညွတ်မှုတသည့် ခေါင်းဆောင်မှုရှိရန်လိုအပ်သကဲ့သို့ လက်အောက်ငယ်သားများကလည်း စည်းကမ်းသေဝပ်ပြီး စစ်သားကောင်းတစ်ယောက်ပီသအောင် နေထိုင်ကျင့်ကြံရန်လိုကြောင်း၊ မိမိတို့ထမ်းဆောင်ရသည့် တာဝန်နှင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို မြေပြင်လက်တွေ့ပေါင်းစပ်၍ ကြုံတွေ့လာရသည့်အခက်အခဲများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရမည်ဖြစ်ကြောင်း၊ အဆင့်နှင့်လျော်ညီသည့် လစာ၊ ရိက္ခာနှင့် ရုပိုင်ခွင့်များကို လုပ်ဆောင်ပေးထားပြီးဖြစ်သဖြင့် မိမိဘဝတိုးတက်ရေးကိုထိခိုက်စေနိုင်သည့် အရက်၊ ဆေးလိပ်၊ ကွမ်းယာတို့ကို သုံးစွဲခြင်း၊ ဝင်ငွေ၊ ထွက်ငွေမျှတအောင် သုံးစွဲနိုင်မှုမရှိခြင်းတို့ကို ကိုယ်ပိုင်အသိစိတ်များဖြင့် ဆင် ခြင်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့၏ တပ်ပိုင်းဆိုင်ရာကိစ္စရပ်များတွင် တာဝန်ကျေပွန်အောင် ထမ်းဆောင်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

လုပ်ဆောင်နိုင်ခဲ့

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများနှင့်ပတ်သက်၍ တတိယလှိုင်းဖြစ်ပွားစဉ်အချိန်က ဖြစ်ပွားမှုနှုန်း ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သော်လည်း အုပ်ချုပ်ရေးအဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှု၊ ကျန်းမာရေးဝန်ထမ်းများ၏ ကြိုးစားအားထုတ်မှု၊ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လက်ရှိအချိန်တွင် ဖြစ်ပွားမှုနှုန်း ၁၀ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိသည်အထိ လုပ် ဆောင်နိုင်ခဲ့ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း မျှော်မှန်းထားသည့်အတိုင်းအတာတစ်ခုအထိ လျော့ကျလာမှသာလျှင် ပညာရေးအပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကူးစက်ဖြစ်ပွားမှုနှုန်းကိုထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက် သည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လိုအပ်မည်ဖြစ်ကြောင်း၊ နေအိမ်တွင် နေထိုင်ရေး (Stay at Home) ကာလအတွင်း စည်းကမ်းစနစ်တကျနေထိုင်ရန်နှင့် မိမိ ဘဝတိုးတက်ရေးအတွက် အချိန်ကို အကျိုးရှိစွာအသုံးချစေလိုကြောင်း ပြောကြားသည်။

■■■■■

ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁၈ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက် မွန်းလွဲပိုင်းတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဦးလွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ် ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏ ကချင်ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မြတ်သက်ဦး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့်အဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား တိုင်းရင်းသားရိုးရာဝတ်စုံကို ဂုဏ်ပြုဝတ်ဆင်ပေးသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့်ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြပြီး မြစ်ကြီးနားခရိုင်အုပ်ချုပ်ရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် မြို့မိ၊ မြို့ဖများက ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထွေထွေလိုအပ်ချက်များကို တင်ပြကြသည်။

ချမှတ်ဆောင်ရွက်လျက်ရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများကို ပထမဦးဆုံးအကြိမ် တွေ့ဆုံခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်နေရသည့် ကာလအတွင်း နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ ငြိမ်းချမ်းရေးအဘက်ဘက်မှလစ်ဟင်းမှုမရှိစေရန် လုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဖြစ်ပေါ်လာသည့်အခြေအနေများနှင့် တာဝန်လွှဲအပ်ချက်အရ နိုင်ငံတော်၏ တာဝန်များကို ထိန်းသိမ်းဆောင်ရွက်နေရသည့်အချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တည်ဆောက်ရာတွင် အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအနေဖြင့် ပြည်သူများ၏ဆန္ဒနှင့် အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက် ထားရှိလုပ်ဆောင်လျက်ရှိ

ကြောင်း၊ ဒုတိယအချက်အနေဖြင့် ကမ္ဘာပေါ်ရှိ မည်သည့် အစိုးရပင်ဖြစ်စေ တိုင်းပြည်ကိုတိုးတက်အောင် တတ်စွမ်း သရွေ့ ကြိုးပမ်းဆောင်ရွက်ကြသည်ပင်ဖြစ်သည့်အတွက် မိမိတို့အစိုးရအနေဖြင့်လည်း သာယာဝပြောရေးနှင့် စား နပ်ရိက္ခာပေါများရေးကို ဦးစားပေးလုပ်ဆောင်ပေးလျက် ရှိကြောင်း၊ မိမိတို့နိုင်ငံသည်မြေ၊ ရေသယံဇာတများအပြင် လူသားအရင်းအမြစ်ပြည့်စုံသည့် နိုင်ငံတစ်ခုဖြစ်ပြီး စိုက် ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးလုပ်ငန်းကို အဓိကထားလုပ်ဆောင်လျက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ သန်း ၇၀၀၀ ကျော်ခန့်ရှိပြီး စားရေရိက္ခာ လိုအပ် ချက်အမြဲတမ်းရှိနေကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူ ရေးအဆင့်မြင့်ထုတ်ကုန်များထုတ်လုပ်၍ ပြင်ပဈေးကွက် များသို့တင်ပို့ရောင်းချနိုင်ရေးလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကျင့်ပြည်နယ်သည် ဆန်၊ ပဲ ဖူလုံမှုရှိသည်ဖြစ်သော် လည်း ဆီဖူလုံမှုလိုအပ်လျက်ရှိသဖြင့် ဆီထွက်သီးနှံများ ကို အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ စားရေရိက္ခာ ပေါများမှုရှိစေရေး ထည့်သွင်းစဉ်းစား လုပ်ဆောင်ကြရ မည်ဖြစ်ကြောင်း။

အားမပေးလို

တင်ပြချက်များတွင် စက်မှုဇုန်လုပ်ငန်း၊ ကျောက်စိမ်း လုပ်ငန်း၊ ခရီးသွားလုပ်ငန်းများကို ခွင့်ပြုပေးရန်နှင့် အဆင့်မြှင့်တင်ပေးရန်တို့ပါရှိသည်ကို တွေ့ရှိရပြီး သယံ ဇာတကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများသည် ရေရှည်တည်တံ့နိုင်သည့်လုပ်ငန်းများမဟုတ်ဘဲ ရေတို အတွက်သာ အဆင်ပြေနိုင်မည်ဖြစ်သဖြင့် မြေပေါ်မြေ အောက်သယံဇာတများကို ထုတ်ယူခြင်းလုပ်ငန်းများကို အားမပေးလိုကြောင်း၊ မိမိတို့နိုင်ငံသည် သယံဇာတများ ကိုထုတ်ယူပြီး အကြမ်းထည်များကို တင်ပို့သောကြောင့် ဈေးနှုန်းရသင့်သည်ထက် နည်းပါးစွာရရှိသဖြင့် အချော ထည်များကို ထုတ်လုပ်တင်ပို့နိုင်ရေးကြိုးပမ်း ဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ အချို့သောသယံဇာတများသည် ပြည့်ဖြိုးမြဲသယံဇာတမဟုတ်သည့်အတွက် ကုန်ခန်း သွားနိုင်ကြောင်း၊ ပြည့်ဖြိုးမြဲသယံဇာတများကိုမူ ပြန်လည် ဖြည့်တင်းရေးနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို လုပ် ဆောင်ရမည်ဖြစ်ကြောင်း။

ကုန်ချောထုတ်လုပ်နိုင်ရန်လိုအပ်

သယံဇာတကို အားကိုးပါက ရေရှည်တွင် အခက်အခဲ များဖြစ်ပေါ်နိုင်သည့်အတွက် တိုင်းပြည်အတွက်အာမခံ ချက်ရှိသည့် ကုန်ထုတ်လုပ်မှုများကို လုပ်ဆောင်ကြစေ လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည် အသွေးပြည့်ဝပြီး အဆင့်အတန်းပြည့်မီသည့် ထုတ်ကုန် များဖြစ်အောင် လုပ်ဆောင်ကာ ပြည်တွင်းရှိ အခြားဒေသ များနှင့် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးမှရရှိ လာသည့် ထွက်ကုန်များကို အကြမ်းထည်တင်ပို့သည့် တစ်ဆင့်ခံကုန်ထုတ်လုပ်ငန်းဖြစ်နေ၍မရဘဲ ဈေးကွက် ဝင် ကုန်ချောထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ လိုအပ်သည့် အခြေခံကုန်ကြမ်းပစ္စည်းများကို မိမိတို့ဒေသတွင်း၌ ထုတ် လုပ်နိုင်မည်ဆိုပါက ပြင်ပမှဝယ်ယူနေရမှုများကို လျှော့ချ နိုင်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာစွာဖြင့်အသုံးပြုနိုင်မည် ဖြစ်ကာ ဒေသ၏စီးပွားရေးသည်လည်းဖွံ့ဖြိုးတိုးတက် လာမည်ဖြစ်ကြောင်း၊ မိမိဒေသ၏ အခြေအနေဖန်တီး နိုင်မှုသည် ဒေသတွင်း၌ပင် ရှိနေရမည်ဖြစ်ကြောင်း။

ထိုကဲ့သို့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အောင် မြင်စွာထုတ်လုပ်နိုင်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက် ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်များလိုအပ်မည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်တွင်ထုတ်ပြန်သည့် ရှေ့ပြေးသန်းခေါင်စာရင်းအရ မိမိတို့နိုင်ငံတွင် အထက်တန်းပညာမသင်ကြားဖူးသူနှင့် စာလုံးဝမတတ်မြောက်သူဦးရေသည် မြင့်မားလျက်ရှိ သည်ကိုတွေ့ရှိရပြီး ပြည်နယ်များတွင် ပညာရေးနှင့်ပတ် သက်ပါက ပိုမိုအားနည်းလျက်ရှိသည်ကို တွေ့ရှိရသဖြင့် ပညာရေးကိုအလေးပေးဆောင်ရွက်သွားရန် လိုအပ်မည် ဖြစ်ကြောင်း၊ ပညာရေးလေ့လာဆန်းစစ်မှု စာရင်းပြုစု မှုမှတ်တမ်းများအရ ကျောင်ပြည်နယ်တွင် ၂၀၁၉ ခုနှစ်၌ KG တန်းတက်ရောက်သူ ဦးရေ ၃၉၀၀၀ ကျော်ရှိပြီး အဆိုပါကျောင်းသားကျောင်းသူများသည် တန်းစဉ်ကူး ပြောင်းမှုအဆင့်ဆင့်တွင် အကြောင်းအမျိုးမျိုးဖြင့် ပြုန်းတီး ခဲ့ရာ တက္ကသိုလ်ဝင်တန်းသို့ ရောက်ရှိခဲ့သူ ဦးရေ ၂၀၀၀၀ ခန့်သာရှိခဲ့ကြောင်း၊ အဆိုပါ ကျောင်းသား ၂၀၀၀၀ တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ၅၅၀၀ ကျော်သာရှိခဲ့ သဖြင့် မိမိတို့နိုင်ငံ၏ပညာရေးဖွံ့ဖြိုးတိုးတက်မှုကို မဖြစ် မနေ မြှင့်တင်ဆောင်ရွက်သွားရန် လိုအပ်နေသည်ကို တွေ့ရှိရကြောင်း၊ ဒေသတိုးတက်ရေး လုပ်ဆောင်ရာတွင်

ရေတို၊ ရေရှည်လုပ်ငန်းများကို စဉ်းစားလုပ်ဆောင်ရမည် ဖြစ်ပြီး ရေရှည်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုရှိအောင် လုပ်ဆောင်ပေးရမည်၊ အားပေးရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိ ပညာရေး၊ ကျန်းမာရေးမှအစလိုအပ်လျက်ရှိသည့် ပညာတတ်လူသားအရင်းအမြစ်များထွက်ပေါ်လာအောင် အနာဂတ်အတွက် ကြိုတင်မျှော်တွေး၍ လုပ်ဆောင်ပေးရန်လိုကြောင်း၊ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ် -၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်ခဲ့သဖြင့် ကျောင်းများယာယီပိတ်ထားခဲ့ရပြီး ကောင်းမွန်စွာ ထိန်းချုပ်နိုင်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း၊ စီးပွားရေးဆိုင်ရာပညာတတ်များပေါ်ထွက်ရန်နှင့် ဒီမိုကရေစီခေတ်တွင် ဥပဒေကိုသိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်များတွင် စီးပွားရေးပညာနှင့် ဥပဒေပညာများကို သင်ကြားပေးရန် ညွှန်ကြားထားရှိကြောင်း။

ထည့်သွင်းစဉ်းစားရမည်

စက်မှုကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများလုပ်ဆောင်ရာတွင် လျှပ်စစ်စွမ်းအင်ရရှိရေးသည် အဓိကလိုအပ်ချက်တစ်ခုဖြစ်သဖြင့် ဒေသတွင်းလျှပ်စစ်စွမ်းအားဖူလုံမှုရှိစေရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်းရှိပေါ်ကြွယ်ဝသည့်ဝါးအရင်းအမြစ်များ အသုံးချ၍ ချည်ထည်လုပ်ငန်း၊ စက္ကူလုပ်ငန်းတို့ကိုလည်း လုပ်ဆောင်နိုင်ရေးစဉ်းစားရန်လိုကြောင်း၊ မြို့ပြတည်ဆောက်ရေးနှင့်ပတ်သက်၍ ရေစီးရေလာကောင်းမွန်ရေး၊ လေကောင်းလေသန့်ရရှိရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ပညာရည်သင်ကြားမှုစနစ်မြင့်မားရေး၊ ကျန်းမာရေးဆိုင်ရာနှင့် သယ်ယူပို့ဆောင်မှုစနစ် Public Transportation များ ကောင်းမွန်မှုရှိရန်ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ဝယ်ရောင်းလုပ်ငန်းများအလွန်များပြားလျက်ရှိသည်ကိုတွေ့ရှိရပြီး ကုန်ထုတ်လုပ်မှုအားနည်းသည့်ပုံစံမျိုးဖြစ်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုကို အခြေခံသည့် စီးပွားရေးလုပ်ငန်းဖြစ်အောင်တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ကချင်ပြည်နယ်သည် နယ်စပ်နယ်နိမိတ်ထိစပ်နေသည့် ဒေသတစ်ခုဖြစ်သည့်အတွက် နာရီပိုင်းအတွင်း စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို ဈေးကွက်သို့တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များကို အဆင့်မြှင့်တင်ပြီး တင်ပို့ရောင်းချနိုင်ရန်လိုကြောင်းနှင့် ဈေးကွက်ရှိပြီးသားဖြစ်သဖြင့် အောင်မြင်အောင်လုပ်ဆောင်ကြစေလိုကြောင်း။

ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းဖြစ်ပြီး အိမ်သာမှန်သည့်လာမည်ဖြစ်သည့်အတွက် နေထိုင်ရေး၊ သွားလာရေး၊ စားသောက်ရေး၊ လုံခြုံရေးတို့အပြင် အဘက်ဘက်မှ ပြည့်စုံနေရန်လိုအပ်မည်ဖြစ်ကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများလုပ်ဆောင်လျက်ရှိသကဲ့သို့ အားကစားကဏ္ဍာမြင့်မားရေးအတွက်လည်းလုပ်ဆောင်ရန်လိုကြောင်း၊ အားကစားဆောင်ရွက်ခြင်းသည် သာမာန်ကြည့်မည်ဆိုပါက လူတစ်ဦးတစ်ယောက်၊ လူတစ်စု၏ အားကစားဖြစ်သော်လည်း အားကစားဖွံ့ဖြိုးသည့် တိုင်းပြည်တစ်ခု၏ ရုပ်ပိုင်း ဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာတို့ကို များစွာ ဖွံ့ဖြိုးတိုးတက်စေနိုင်သဖြင့် အားကစားကို အားပေးရန်လိုကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အားကစားကွင်းများကို အဆင့်မြှင့်တင်ပေးလျက်ရှိသဖြင့် အားကစားပြုလုပ်သူ၊ လေ့ကျင့်သူများအပြင် စနစ်တကျအားပေးသည့် ပရိသတ်များရှိရန်လိုအပ်မည်ဖြစ်ကြောင်း၊ အစားအစာကိုပြည့်ဝစွာစားသုံးပါက ကိုယ်ခံအားကောင်းမည်ဖြစ်ပြီး ကိုယ်လက်လှုပ်ရှား အားကစားဆောင်ရွက်ပါက ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာမှပညာသင်ကြားနိုင်မည်၊ ကျန်းမာမှအလုပ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့်စားနပ်ရိက္ခာပေါများရေးနှင့် သာယာဝပြောရေးကို ဦးစားပေးလုပ်ဆောင်နေခြင်းပင်ဖြစ်ကြောင်းနှင့် ဒေသနှင့်တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းလုပ်ဆောင်သွားကြရန်လိုအပ်မည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပြီး နိုင်ငံတော်၏နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ဆက်လက်ပြောကြားသည်။

■■■■■

လားရှိုးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား

(၁၉ - ၉ - ၂၀၂၁)

တပ်မတော်သည် ခေတ်အဆက်ဆက်ကတည်းက ပင် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိသည်မှာ ယနေ့ထက်တိုင် ပင်ဖြစ်ပြီး နောင်တွင်လည်း ဆက်လက်ထိန်းသိမ်းဆောင် ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသသည် တိုင်းရင်းသားလူမျိုးစုများ အဓိကနေထိုင် သည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဒေသတွင်းဖြစ်ပေါ်သည့် အခက်အခဲများကို တိုင်းရင်းသား များနှင့်အတူ အေးအတူပူအမျှလုပ်ဆောင်၍ လက်တွဲ ဖြေရှင်းကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာလ ၁၉ ရက် နံနက်ပိုင်းတွင် လားရှိုးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာ စကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ် ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက် ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် လားရှိုး တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက် ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေသည် နိုင်ငံတော်၏ အရှေ့ဘက်ခြမ်းနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေး ချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတာဝန်များကို ထမ်း ဆောင်နေရသည့် နယ်မြေတစ်ခုဖြစ်ကြောင်း၊ လွတ်လပ် ရေးနှင့်အတူ မွေးဖွားခဲ့သည့် တပ်မတော်သည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းပဋိပက္ခ နှိမ်နင်းရေး တာဝန်များကို ခေတ်အဆက်ဆက် ထမ်းဆောင်ခဲ့ရာတွင် ပြည်သူတို့၏ အသက်အိုးအိမ်နှင့် အကျိုးစီးပွားတို့ကိုလည်း အစဉ်တစိုက်ကာကွယ်စောင့်ရှောက်ခဲ့သည်ကို အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့်သိရှိပြီးဖြစ်ကြောင်း၊ တပ်မတော်၏ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုး တိုးတက်သည့် နိုင်ငံတော် ဖြစ်စေရေးအတွက် ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပြည်သူနှင့် တစ်သားတည်းဖြစ်အောင်လုပ်ဆောင်၍ ပြည်သူ၏ လိုအပ်ချက်၊ တိုင်းပြည်၏ လိုအပ်ချက်တို့ကို တိုက်ရိုက် သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ဆောင်ပေးခဲ့သည်ကို သမိုင်းကြောင်းများတွင် တွေ့ ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ မွန်မြတ်ပြီး ကောင်းမွန်သည့် တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့

မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့စဉ်တွင် လည်း တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်း၊ စက်ကိရိယာနှင့် အထောက်အကူပြု ဆေးဝါးလိုအပ်ချက်များကို ဖြည့် ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် ဆေးရုံတက်ရောက် ကုသမှုခံယူနေရသူများ၊ လူနာစောင့်များ၊ ကျန်းမာရေး ဝန်ထမ်းများအတွက် အာဟာရဖြည့်စွက်စာများ လျှုဒါန်း ခြင်းနှင့် အထွေထွေလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း တို့ကိုလည်း လုပ်ဆောင်ပေးခဲ့ပြီး ယခုထက်ထိလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သည် ခေတ် အဆက်ဆက်ကတည်းကပင် နိုင်ငံတော်ကာကွယ်ရေး နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်လျက် ရှိသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပြီး နောင်တွင်လည်း ဆက်လက် ထိန်းသိမ်းဆောင်ရွက်သွားရမည် ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလကတည်းကပင် နိုင်ငံတော်

ကာကွယ်ရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်တိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အစိုးရနှင့်အတွဲညီညီ ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ အပြီးတွင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ၅ နှစ်တာကာလအုပ်ချုပ်ခဲ့ကာ စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် လိုအပ်ချက်များဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အခြားကဏ္ဍများ၌ တပ်မတော်မှဖြစ်သင့်ဖြစ်ထိုက်သည်များကို အကြံပြုထောက်ပြခဲ့သော်လည်း စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ကြောင်း။

လေးစားလိုက်နာရမည်

လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းကြီးမားစွာ မှားယွင်းမှုများ ကို စိစစ်တွေ့ရှိရပြီး နိုင်ငံရေးအရအရေးပေါ် ကြေညာတာဝန်ယူခဲ့ရခြင်းဖြစ်သဖြင့် အခြေခံဥပဒေအတိုင်းသာ ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံးဆန္ဒမဲပေး၍ အတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်ပါ ဥပဒေပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် လိုအပ်ချက်၊ အားနည်းချက်များ ရှိကောင်းရှိမည်ဖြစ်သော်လည်း တိုင်းပြည်နှင့်ပြည်သူကို အကာအကွယ်ပေးထားသည့် ကောင်းမွန်သည့်အချက်များစွာလည်းပါရှိကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားရေးအရ လုပ်ဆောင်ရမည့် အချက် (၁) ချက်နှင့် နိုင်ငံရေးအရ လုပ်ဆောင်ရမည့်အချက် (၂) ချက်ရှိကြောင်း၊ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရမည့်လုပ်ငန်းမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်(၂)ခုမှာ စစ်မှန်စည်းကမ်း

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန် လိုအပ်မည်ဖြစ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသသည် တိုင်းရင်းသားလူမျိုးစုများ အဓိကနေထိုင်သည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဒေသတွင်းဖြစ်ပေါ်သည့် အခက်အခဲများကို တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှ လုပ်ဆောင်၍ လက်တွဲဖြေရှင်းကြရမည်ဖြစ်။

ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ပင်ဖြစ်ကြောင်း၊ အထက်ပါအချက် ၃ ချက်ကို ဒို့တာဝန်အရေးသုံးပါးကဲ့သို့ပင် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်မကိုဗဟိုပြု၍ တိုင်းရင်းသားဒေသများဖြင့် ပေါင်းစည်းထားသည့် ပြည်ထောင်စုနိုင်ငံတစ်ခု ဖြစ်ကြောင်း၊ ဘာသာရေးအရ၊ တိုင်းရင်းသားရေးအရ အယူအဆကွဲလွဲမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ဒီမိုကရေစီနှင့်ဖက်ဒရယ်ကိုအခြေခံသည့်၊ မိမိတို့နိုင်ငံနှင့်ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံမျိုးကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် တစ်ဗိုလ်တစ်မင်းဖြစ်နေ၍ မရနိုင်ဘဲ မှန်ကန်သည့်အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်မှုရှိရမည်ဖြစ်သဖြင့် ခိုင်မာသည့်အဖွဲ့အစည်း၊ ပါတီတို့ပူးပေါင်းဆောင်ရွက်မှသာလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

လက်တွဲဖြေရှင်းကြရမည်

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သဖြင့် စွမ်းရည်စွမ်းအား ရှိသည့် တပ်မတော်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသသည် တိုင်းရင်းသားလူမျိုးစုများ

အဓိကနေထိုင်သည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဒေသတွင်းဖြစ်ပေါ်သည့် အခက်အခဲများကို တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှလုပ်ဆောင်၍ လက်တွဲဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ စီမံခန့်ခွဲမှုကောင်းစွာဖြင့် မိမိအလုပ်ကိုစေတနာထား၍ မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်မည်ဆိုပါက ကောင်းမွန်သည့် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်ဖြင့် ဒေသဖွံ့ဖြိုး တိုးတက်ရေးကို တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက် ပေးရမည်ဖြစ်ကြောင်း။

တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်မည်ဟူသည့် မွန်မြတ်သည့် စိတ်ဆန္ဒဖြင့် တပ်မတော်သို့ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါရှိဘဲ Volunteer ဝင်ရောက် အမှုထမ်းကြသူများဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်နေသည့်တာဝန်အပေါ်ခံယူချက်၊ ယုံကြည်ချက် နက်နက်ရှိုင်းရှိုင်းဖြင့် တာဝန်ထမ်းဆောင်ရန်နှင့် တပ်မတော်သားတစ်ယောက် ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေရသည့်လုပ်ငန်းတာဝန်များသည် တစ်ဦးချင်း၏ ပင်ကိုယ်အရည်အသွေးများကို မြှင့်တင်ပေးနေခြင်းဖြစ်သဖြင့် မိမိတို့၏ ထိုးထွင်းကြံဆမှုဖြင့် ကြုံတွေ့လာရသည့်အခက်အခဲများကိုဆန်းစစ်ပြီး တွေးခေါ်မြော်မြင်မှုဖြင့်ကျော်ဖြတ်နိုင်ရေးအတွက် ဉာဏ်ပညာကို အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့အသုံးချနိုင်ရေးအတွက် အသိပညာနှင့် ပြည့်စုံရန်လိုအပ်သည့်အတွက် မိမိတို့၏ အားလပ်ချိန်များတွင် အကျိုးရှိစေမည့် စာအုပ်စာပေများကို ဖတ်မှတ်ကြရန်လိုကြောင်း၊ ထို့ပြင် လုံခြုံရေးသတိ၊ လုံခြုံရေးသတိအမြဲထားရှိပြီး ကာကွယ်ရေးအမြင်ရှိနေရမည်ဖြစ်ကြောင်း။

အားပေးဆောင်ရွက်

ပညာရေးနှင့်ပတ်သက်၍ အသိပညာဗဟုသုတရရှိရေး မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားမှု ရှိစေရေးအတွက်လည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများအရ ကျောင်းများပိတ်ထားရသော်လည်း မိမိတို့၏ကလေးငယ်များကို ယခင်သင်ကြားခဲ့သည့် စာပေများကို ဖတ်မှတ်လေ့လာနေစေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ အသိပညာဗဟုသုတနောက်ကျမကျန်ခဲ့ရစေရေးအတွက် တပ်မတော်ပိုင်စာပေထုတ်လုပ်ရေးလုပ်ငန်းများမှ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် သုတရသ စာအုပ်စာပေများကိုထုတ်ဝေ၍ တပ်ဌာနချုပ်အသီးသီးသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ လူတစ်ဦး၏ စာဖတ်အားသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ပေးနိုင်သည်ဖြစ်သဖြင့် စာဖတ်ကြစေလိုပြီး မိမိတို့၏ ကလေးငယ်များကိုလည်း ပညာရေးလမ်းကြောင်းမှ သွေဖည်မသွားစေရေး ကြပ်မတ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိလျော့ကျလာပြီ ဖြစ်သော်လည်း စည်းကမ်းတင်းကြပ်မှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ကူးစက်ဖြစ်ပွားမှု သိသာစွာကျဆင်းလာသည်အထိ ထိန်းချုပ်နိုင်သည့် အချိန်တွင် ပညာရည် မြှင့်တင်ရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် လုပ်ဆောင်လျက်ရှိပြီး ယခုနှစ် ကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ ထိုးနှံပြီးစီးနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ကာကွယ်ရေး တာဝန်ထမ်းဆောင်နေသည့် တပ်မတော်အနေဖြင့် မကျန်းမမာဖြစ်နေ၍ မရသည့်အတွက် ကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ခံအားကောင်းမွန်ရေးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုမည်ဖြစ်သကဲ့သို့ အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုဖြစ်စေရန် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ကြရန်လိုအပ်မည် ဖြစ်ကြောင်း မှာကြားသည်။

■■■■■

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁၉ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စက်တင်ဘာလ ၁၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ရှမ်း ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီး ချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်နိုင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဒေါက်တာကျော်ထွန်းနှင့် အဖွဲ့ဝင်များက လှိုက်လဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများနှင့် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ပြည်နယ်ဆိုင်ရာ အထွေထွေ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးတာသိန်းဇော်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်ပတ်သက်၍ ၎င်းတို့ဒေသများတွင် စက်မှုဇုန်၊ ဟိုတယ်ဇုန်များ ဆောင်ရွက်ပေးနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ တင်ပြကြပြီး လားရှိုးခရိုင်အုပ်ချုပ်ရေးမှူးက လားရှိုးမြို့ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံတို့က နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ပို့ကုန်လုပ်ငန်းများကို အဆင့်မီသည့် သယ်ယူပို့ဆောင်မှုဖြစ်စေရေးလုပ်ဆောင်လျက်ရှိသည့်အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်ပြီး ပြည်တွင်းစျေးကွက်သာမက ပြည်ပစျေးကွက်များသို့ တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဒေသ

တွင်း စိုက်ပျိုးမွေးမြူရေး ပညာရှင်များပေါ်ထွက်လာရေး အတွက် စိုက်ပျိုးရေးသိပ္ပံဖွင့်လှစ်ပေးမည့် အခြေအနေများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၏ အဆိုပြုချက်များနှင့်ပတ်သက်၍လည်း အမြန်ဆုံး ဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ မွေးမြူရေးနှင့်ပတ်သက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ရောဂါကင်းစင်သည့် မွေးမြူရေးစနစ်ဖြစ်စေရေး၊ ဈေးကွက်ရရှိရေးတို့အတွက် လုပ်ဆောင်ပေးမည့် အခြေအနေများ။

အဓိကထားဆောင်ရွက်လျက်ရှိ

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ မီးရရှိရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအတွက် ပစ္စည်းကိရိယာလိုအပ်ချက်၊ အရင်းအနှီးလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးသွားမည့် အခြေအနေများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ဆောင်နိုင်စေရေး နည်းပညာနှင့် မတည်ငွေထုတ်ပေးသွားမည် ဖြစ်ပြီး သမဝါယမအသင်းများ စနစ်တကျဖွဲ့စည်းရန် လိုအပ်သည့်အခြေအနေများ၊ ရှမ်းပြည်နယ်သည် နယ်စပ်ထိစပ်မှု နယ်နိမိတ်ရှည်လျားသည့်အတွက် ဒေသတွင်းသယံဇာတများကို ပြင်ပသို့တရားမဝင်ထုတ်လုပ်တင်ပို့မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်သည့် အခြေအနေများ၊ ကျန်းမာရေးဆိုင်ရာတင်ပြချက်များနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ဆေးရုံများဖွဲ့စည်းပုံတိုးချဲ့ရေးနှင့်ပတ်သက်၍ မြေပြင်လိုအပ်ချက်ကို စိစစ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တစ်မျိုးသားလုံး၏ အားကစားအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ရှမ်းပြည်နယ်အတွင်း လိုအပ်လျက်ရှိသည့် အားကစားကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အသီးသီးပြန်လည် ဆွေးနွေးခဲ့ကြသည်။

> သစ်တောဆိုင်ရာများနှင့်ပတ်သက်၍ သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောစိုက်ခင်းများ အောင်မြင်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိ၊ နည်းပညာမြင့် သစ်တောထုတ်ကုန် လုပ်ငန်းများဆောင်ရွက်ရန်လိုအပ်ပြီး ဒေသတွင်း သယံဇာတကြွယ်ဝသည့် သစ်နှင့်ဝါးကုန်ချော ထုတ်ကုန်များထုတ်လုပ်နိုင်ရေး စဉ်းစားလုပ်ဆောင်ကြစေလို၊ ဆန်နှင့်ပတ်သက်၍ တစ်ဇကအထွက်နှုန်း ယခုထက်တိုးတက်အောင် လုပ်ဆောင်ကြစေလို၊ အများသုံးဆန်အပြင် ဒေသဆန်ဖြစ်သည့် ကောက်ညှင်းအထွက်နှုန်းကိုလည်း ကောင်းမွန်အောင်လုပ်ဆောင်ကာ ဒေသ၏ ပင်မထွက်ကုန်ဖြစ်အောင်လုပ်ဆောင်ရန်လို၊ ကောက်ညှင်းဆန်မျိုးကို ထိန်းထားနိုင်ရန်လည်း လုပ်ဆောင်ရမည်ဖြစ်။

ဖြည့်ဆည်းဆောင်ရွက်ပေးမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တင်ပြချက်များ တွင်ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးအဆင့်မြှင့်တင်ရန် လိုအပ်ချက်များ၊ အားကစားကဏ္ဍအဆင့်မြှင့်တင်ရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ လက်ဖက်သီးနှံအထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာနှင့်မျိုးကောင်းမျိုးသန့်ရရှိရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် လက်ဖက်စိုက်ဧက ၆၀၀၀၀ ခန့်ရှိသည့်အတွက် အထွက်နှုန်းကောင်းပြီး တန်ဖိုးမြင့်လက်ဖက်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဒေသစီးပွားရေးကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူ၍ လေးမျိုးသာရှိပြီး မျိုးကောင်းရန်၊ မြေနှင့်ရေကောင်းရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်နှင့် လိုအပ်သည့်သွင်းအားစုများကိုလည်း ပြည့်ပြည့်ဝဝဖြင့် ထည့်သွင်းအသုံးပြုရန်လိုကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ပါက ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း၊ လူသားတို့တွင် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရန်၊

ရောဂါဘယကင်းစင်ရန် လိုအပ်သည့်အာဟာရနှင့် ဆေးဝါးတို့ကို မှီဝဲရသကဲ့သို့ စိုက်ပျိုးရေးဆောင်ရွက်ရာ၌လည်း လိုအပ်သည့် အစာအာဟာရနှင့် ဆေးဝါးတို့ကို နည်းစနစ်တကျ တိုက်ကျွေးမှသာလျှင် အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကိုပစ်ပယ်၍ မရသကဲ့သို့ ခေတ်မီပြီးစနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးပုံစံဖြစ်အောင်ရန်ပြောင်းလဲလုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

ထိုကဲ့သို့ အရည်အသွေးမြင့်ပြီး အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာရေးအတွက် စိုက်ပျိုးမွေးမြူရေး အသိပညာဗဟုသုတနှင့် ပြည့်စုံသည့် အသိပညာရှင် အတတ်ပညာရှင်များလိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် တက္ကသိုလ်တစ်ခုသာရှိသည်ကို တွေ့ရှိရသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ ကောလိပ်များထိုမှတစ်ဆင့် တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ကို ဗဟိုပြု၍ စိုက်ပျိုး မွေးမြူရေးသိပ္ပံ သို့မဟုတ် ကောလိပ်တစ်ခု ဖွင့်လှစ်အခြေတည်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုအားနည်းပြီး စားဆီနှင့် သုံးဆီကို နှစ်စဉ် ဘီလီယံနှင့်ချီ၍တင်သွင်းနေရကြောင်း၊ ဆီသုံးစွဲမှုများကို ချွေတာနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဖြင့် အသုံးပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ ဥပမာအားဖြင့်– လျှပ်စစ်ရထား၊ လျှပ်စစ်ဘတ်စ်ကား၊ မြေအောက်ရထား စသည်ဖြင့် စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စားဆီထုတ်လုပ်မှု မြင့်မားရေးအတွက် ဆီထွက်ကုန်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

ကုန်ချောထုတ်ကုန်များ ထုတ်လုပ်

သစ်တောဆိုင်ရာများနှင့်ပတ်သက်၍ သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောစိုက်ခင်းများ အောင်မြင်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နည်းပညာမြင့် သစ်တောထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပြီး ဒေသတွင်း သယံဇာတကြွယ်ဝသည့် သစ်နှင့် ဝါး ကုန်ချောထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း၊ ဆန်နှင့်ပတ်သက်၍ တစ်ဧက အထွက်နှုန်း ယခုထက်တိုးတက်အောင် လုပ်ဆောင်ကြစေလိုကြောင်း၊ အများသုံးဆန်အပြင် ဒေသဆန်ဖြစ်သည့် ကောက်ညှင်းအထွက်နှုန်းကိုလည်း ကောင်းမွန်အောင်လုပ်ဆောင်ကာ ဒေသ၏ပင်မထွက်ကုန်ဖြစ်အောင်လုပ်ဆောင်ရန်လိုကြောင်း၊ ကောက်ညှင်းဆန်မျိုးကို ထိန်းထားနိုင်ရန်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် စပါးတင်ပို့ရောင်းချမှုများကို အားမပေးလိုကြောင်းနှင့် ဒေသတွင်း၌ပင် စပါးမှဆန်ထုတ်လုပ်ပါက ဆန်စက်များလည်ပတ်နိုင်မည်၊ ဖွဲ၊ ဆန်ကွဲကဲ့သို့ ဆန်ထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာများထုတ်လုပ်နိုင်မည်ဖြစ်ပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စနစ်တကျစဉ်းစားတွက်ချက်လုပ်ဆောင်ကြစေလိုကြောင်း၊ မိုးရေချိန် အသင့်အတင့်ရရှိသည့်ဒေသဖြစ်သဖြင့် ရေရှားပါးမှု ဖြစ်ပေါ်နေသည်မှာ သဘာဝမကျကြောင်း၊ ရေအရင်းအမြစ်များကို ရှာဖွေပြီး ရေစုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို မဖြစ်မနေရရှိအောင်လုပ်ဆောင်ရန်လိုကြောင်း။

ထိုကဲ့သို့ဒေသတွင်း ထုတ်ကုန်များမြင့်မားရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအားပင်ဖြစ်သည့်အတွက် ဒေသတွင်းလျှပ်စစ်ဖူလုံရေး၊ သဘာဝအရင်းအမြစ်များမှ လျှပ်စစ်စွမ်းအားထုတ်ယူနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည့် မှန်သမျှကို ဦးစားပေးစဉ်းစားဆောင်ရွက်ကြစေလိုပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တာဝန်ရှိသူများက လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့များအနေဖြင့်လည်း ဒေသအတွက် လုပ်ဆောင်နိုင်သည်မှန်သမျှကို စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းအဆင့်မြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် ခေတ်နှင့်အညီပြောင်းလဲလာသည့် ဆောက်လုပ်ရေးလိုအပ်ချက်များဖြစ်သည့် ဘိလပ်

မြေ၊ သံမဏိ၊ ဓာတ်မြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ဒေသတွင်းဝင်ငွေကောင်းပြီး စီးပွားရေးတောင့်တင်းပါက သာယာလှပရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းများကိုလည်း လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ အိမ်သာလျှင် ဧည့်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့လာရောက်သူများပြားလာပါက ဒေသထွက်ကုန်၊ ထုတ်ကုန်များသည်လည်း ပိုမိုရောင်းချလာနိုင်မည်ဖြစ်ပြီး ဒေသ၏အကျိုးစီးပွားကို ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍအဆင့်မြှင့်တင်နိုင်ရေးတို့အတွက် အဆင့်ဆင့်တာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံပေါများသည့် တိုင်းပြည်တစ်ခုဖြစ်အောင် ကြိုးပမ်းဖော်ဆောင်ကြရန်လိုကြောင်း အကြံပြုတိုက်တွန်းပြောကြားပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို ဆွေးနွေးပြောကြားသည်။

■■■■■

အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၂၂ - ၉ - ၂၀၂၁)

အမျိုးသားစီမံကိန်းကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)ကို စက်တင်ဘာလ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးရွှေလေး၊ ဒေါက်တာသက်သက်ခိုင်၊ ဒေါက်တာ ဌေးအောင်၊ ဦးစောထွန်းအောင်မြင့်နှင့် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်တို့ တက်ရောက်ကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားစီမံကိန်းကော်မရှင်အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၁)တွင် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်၊ (၆) လ အမျိုးသားစီမံကိန်း ဥပဒေကို ပြဋ္ဌာန်းနိုင်ရေးအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် ဆွေးနွေးညှိနှိုင်းအတည်ပြုကြရမည်ဖြစ်ကြောင်း။

ယခင်က ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာလမှ စက်တင်ဘာလထိ သတ်မှတ်ဆောင်ရွက်ခဲ့သော်လည်း ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေး နှစ်ကို ဧပြီလမှ မတ်လအထိ ပြောင်းလဲ သတ်မှတ်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှ ၂၀၂၂ ခုနှစ်၊ မတ်လထိ ကြားကာလ (၆) လ အမျိုးသားစီမံကိန်းဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့တွင် နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို စတင်တာဝန်ယူခဲ့ရခြင်းဖြစ်ပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉)ရပ်တို့ကို မူဝါဒအဖြစ်ချမှတ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ကျဆင်းနေသည့် နိုင်ငံတော်၏ စီးပွားရေးအခြေအနေကို ပြန်လည်ဦးမော့ပြီး သွက်လက်မြန်ဆန်လာစေရေးအတွက် အတတ်နိုင်ဆုံး အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းများစွာကျန်ရှိသေးသည်ကို ပြောကြားလိုကြောင်း။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများသည် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals–SDGs) 2015–2030 ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အတည်ပြုခဲ့ကြကြောင်း၊ SDGs ရည်မှန်းချက်များ ပြည့်မီရေးအတွက်

ဆောင်ရွက်ရမည့်ကိစ္စရပ်များကိုလည်း ကဏ္ဍအလိုက်နှင့် ဒေသအလိုက်စီမံကိန်းများတွင် ချိတ်ဆက်၍ အကောင်အထည်ဖော်နိုင်ရေးကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် SDGs အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာကို ကုလသမဂ္ဂစီးပွားရေးနှင့် လူမှုရေးဌာနသို့ အချိန်မီပေးပို့ခဲ့သည်ကိုသိရကြောင်း၊ ထို့အပြင် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ရမယ့်ကိစ္စရပ်များကိုလည်း ဆောင်ရွက်ခဲ့သကဲ့သို့ LDC နိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် သတ်မှတ်ထားသည့် စံနှုန်းများဆက်လက်ပြည့်မီရေးကိုလည်း စီမံကိန်းများ၊ လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် လိုအပ်သည်ဟုမှာကြားလိုကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့်လည်း ပြည်သူအားလုံး၏ စားဝတ်နေမှုဖူလုံရေး၊ ကျေးလက်ဒေသနှင့်မြို့ပြဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းရေးနှင့် ဆင်းရဲမှုလျော့ချနိုင်ရေးတို့ကိုဦးစားပေးဆောင်ရွက်လျက်ရှိရာ သက်ဆိုင်ရာကဏ္ဍအလိုက်၊ ဒေသအလိုက် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များကိုကြည့်မည်ဆိုပါက တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါများရေးကို ရှေးရှုဆောင်ရွက်ထားသည်ကိုလည်း တွေ့ရှိနိုင်မည်ဖြစ်ကြောင်း။

ဖြစ်ပေါ်ခဲ့

မိမိတို့နိုင်ငံ၏ စီးပွားရေးအခြေအနေကို ပြန်လည်သုံးသပ်ရမည်ဆိုပါက ၂၀၂၀ ပြည့် နှစ်၊ မတ်လတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ခရီးသွားလုပ်ငန်းအပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် အချို့သော ကုန်ထုတ်လုပ်မှုလုပ်ငန်းများရပ်ဆိုင်းခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည်ကျဆင်းခြင်း ဖြစ်ပေါ်ခဲ့သည့်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ တတိယ (၃) လပတ်မှ စတင်ကာ နိုင်ငံ၏စီးပွားရေးကျဆင်းမှု ဖြစ်ပေါ်လာခဲ့ပြီး ယခု ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ပထမ (၆) လပတ်အထိ စီးပွားရေးအခြေ

> **မွေးမြူရေးကဏ္ဍတွင်လည်း မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးခြင်း မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ခေတ်နှင့်လျော်ညီသည့် မွေးမြူရေးစနစ်များ ဖြစ်စေရေးကူညီပေးခြင်းနှင့် တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည်ဖြင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်ပကိုပိုမိုတင်ပို့ ရောင်းချခြင်းဖြင့် နိုင်ငံတော်ဝင်ငွေ တိုးတက်ရရှိနိုင်မည်ဖြစ်။**

အနေဆက်လက်ကျဆင်းလျက်ရှိသည်ကို သုံးသပ်ပြောကြားလိုကြောင်း၊ ယခု (၆) လ အမျိုးသားစီမံကိန်းသည် နိုင်ငံ၏စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ပြီး ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ယခု (၆)လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လျာထားခဲ့သည့် ရည်မှန်းချက်များပြည့်မီရေးကို အထူးကြိုးပမ်းဆောင်ရွက်ကြရန်တိုက်တွန်းလိုပြီး ထိုသို့ဆောင်ရွက်မှသာလျှင် ကာလတိုအတွင်း လျင်မြန်ထိရောက်သည့်ရလဒ် (Quick Win) ကို ရရှိမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့်နိုင်ငံဖြစ်ပြီး ကျေးလက်နေပြည်သူများသည် စိုက်ပျိုးမွေးမြူရေးကို အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ကြသူများဖြစ်ကြကြောင်း၊ ၎င်းတို့ဝင်ငွေရရှိရေးအတွက် အထောက်အကူဖြစ်စေရန် လိုအပ်သည့်သွင်းအားစုများ လုံလောက်စွာရရှိရေးနှင့် စိုက်ပျိုးစရိတ်ချေးငွေများရရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း၊ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံတစ်ခုသည် စိုက်ပျိုးရေလုံလောက်မှု၊ ဓာတ်မြေဩဇာနှင့် အထွက်ကောင်းသည့် မျိုးများရရှိနိုင်မှု၊

တိရိစ္ဆာန်အစားအစာရရှိမှုပိုးသတ်ဆေးများ၊ ကာကွယ်ကုသဆေးများ မဖြစ်မနေလိုအပ်ချက်ရှိသည်ကိုနားလည်ပြီးလိုအပ်ချက်များပြည့်စုံစေရေးအတွက် စီမံချက်ချဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့အပြင် ရာသီဥတုနှင့် လိုက်လျောညီထွေမှုရှိသည့် ဈေးကွက်ဝင်သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ခေတ်မီကောင်းမွန်သည့် စိုက်ပျိုးရေးနည်းစနစ်များနှင့် နည်းပညာများ၊ စက်ယန္တရားများ၊ သီးနှံပိုးမွှားအန္တရာယ် ကာကွယ်ရေးအစီအစဉ်များ၊ အဆင့်မြင့်လယ်ယာအကောင်အထည်ဖော်နိုင်ရန်အတွက် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်နိုင်ရေးအတွက်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အင်ဂျင်နီယာပညာရှင်များ၊ ကျွမ်းကျင်သူများကိုလည်း အဆက်မပြတ်မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း စားနပ်ရိက္ခာဘေးကင်းမှုအတွက် ပိုးသတ်ဆေးအလွန်အကျွံသုံးစွဲမှုမရှိစေရေးနှင့် အော်ဂဲနစ်စိုက်ပျိုးမွေးမြူရေးဖြစ်ထွန်းစေရေးကို နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်လိုပါကြောင်း။

ဝင်ငွေတိုးတက်ရရှိနိုင်မည်

မွေးမြူရေးကဏ္ဍတွင်လည်း မွေးမြူရေးဇုန်များ ဖော်ထုတ်ပေးခြင်း၊ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ ဆည်များအတွင်း ငါးသားပေါက်များ စိုက်ထည့်ခြင်း၊ တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ငန်းများအတွက် မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးပေးခြင်း၊ ခေတ်နှင့်လျော်ညီသည့် မွေးမြူရေးစနစ်များဖြစ်စေရေး ကူညီပေးခြင်းနှင့် တိရစ္ဆာန်ရောဂါ ကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း စသည်ဖြင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ပြီး ပြည်ပကိုပိုမိုတင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်ဝင်ငွေတိုးတက်ရရှိနိုင်မည် ဖြစ်ပါကြောင်း။

စီးပွားရေးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆောင်ရွက်နိုင်သည့်အခြေအနေတူညီနိုင်မည်မဟုတ်ကြောင်း၊ အချို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အနေဖြင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍအားသာချက်များရှိနိုင်ပြီး အချို့သည် စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍတို့တွင် အားသာချက်ရှိနိုင်ပါကြောင်း၊ မိမိတို့ရရှိဆောင်ရွက်နိုင်သည့် အားသာချက်အခြေအနေများအပေါ် အခွင့်အလမ်းအဖြစ် အသုံးချပြီး မိမိတို့ဒေသ၏စီးပွားရေးကို တိုးတက်လာအောင် ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း။

ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအနေဖြင့် မိမိတို့ဒေသအလိုက် အားသာချက်ရှိသည့် ထုတ်ကုန်များကို ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product–OVOP) ထုတ်လုပ်နိုင်ရန် ကြိုးစားကြရန်လိုအပ်ပြီး မိမိတို့ဒေသရှိ အသေးစား၊ အလတ်စားလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်မိသားစုလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးအောင် အားပေးမြှင့်တင်ခြင်းဖြင့် ဝင်ငွေများတိုးတက်ရရှိစေမည် ဖြစ်ပါကြောင်း။

ပြည်ပတွင် သွားရောက်လုပ်ကိုင်ရာမှ ကိုဗစ်–၁၉ ရောဂါကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် မိမိတို့ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးဖော်ဆောင်ပေးပြီး ဝင်ငွေရရှိရေးဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးခြင်းကြောင့် တိုင်းပြည်၏လုပ်သားအရင်းအမြစ်များပြည်ပသို့ရောက်ရှိခြင်း လျော့နည်းသွားမည်ဖြစ်သကဲ့သို့ ပြည်တွင်းရှိ လုပ်ငန်းများကိုလည်း အထောက်အကူရရှိစေမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ကိုဗစ်–၁၉ ရောဂါကြောင့် ပိတ်ထားရသည့် စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် စက်ရုံများစွမ်းအားပြည့်လည်ပတ်နိုင်ရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ပြည်ပမှ သွင်းကုန်များ တင်သွင်းရခြင်းကြောင့် နိုင်ငံခြားငွေများကို အမြောက်အမြားသုံးစွဲနေရသဖြင့် ပြည်ပသွင်းကုန် အစားထိုးနိုင်ရေးအတွက် ပြည်တွင်းထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ကြရန်လိုအပ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ၂၀၁၀ – ၂၀၁၁ ခုနှစ်တွင် ဝါစိုက်ပျိုးမှု ဧက ၈ သိန်းကျော်အထိရှိခဲ့ကြောင်း၊ ဝါအထွက်နှုန်း မကောင်းခြင်းသည် စီးပွားရေးအရတွက်ခြေမကိုက်မှုကိုဖြစ်ပေါ်စေပြီး ဝါစိုက်ပျိုးမှုမှတစ်ဆင့် ပြည်တွင်းချည်ထည်ထုတ်လုပ်မှု supply chain ကိုလျော့သွားကြောင်း၊ မြေယာမူဝါဒနှင့်အညီ ဝါစိုက်ဧက ၈ သိန်းပြည့်မီအောင်စိုက်ပျိုးပြီး ဝါအထွက်နှုန်းတစ်ဧကလျှင် ပိဿာ ၈၀၀ မှ ပိဿာ ၁၀၀၀ အထိရရှိအောင်ကြိုး စားဆောင်ရွက်နိုင်မည်ဆိုပါက ဝါကိုအခြေခံသည့် ပြည်တွင်း ချည်ထည်စက်မှုလုပ်ငန်းများစွာကို ဖွံ့ဖြိုးစေမည်ဖြစ်ပြီး ဝါနှင့်ဝါထွက်ပို့ကုန်များကလည်း ဝင်ငွေများစွာ

ကျေးလက်နှင့် မြို့ပြကွာခြားမှု လျော့ချရေးအတွက် ကျေးလက်စီးပွားရေးမြှင့်တင်ရမည်ဖြစ်၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် ကျေးရွာများမီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးတို့သည်အရေးကြီးပြီး မီးရရှိရေးအတွက် နေရောင်ခြည်သုံးစွမ်းအင် ဆိုလာသုံးစွဲနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားစေလို၊ ကျေးလက်စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက် ပြည်သူများ တိုက်ရိုက်ပါဝင်သည့် သမဝါယမစနစ်နှင့် ထိရောက်စွာ လုပ်ဆောင်ရမည်ဖြစ်။

ရရှိစေမည်ဖြစ်ကြောင်း၊ အလားတူ စားသုံးဆီနှင့် လောင်စာဆီမလုံလောက်မှုများကြောင့် တန်ချိန်များစွာကို ဒေါ်လာသန်းပေါင်းများစွာ သုံးစွဲတင်သွင်းနေရသကဲ့သို့ စိုက်ပျိုးရေးအတွက် လိုအပ်သည့်ဓာတ်မြေဩဇာလိုအပ်ချက်များကိုလည်း ပြည်ပမှတင်သွင်းနေရပါကြောင်း၊ မိမိတို့တွင် ရေ၊ မြေသဘာဝအရင်းအမြစ်ကောင်းများစွာရှိပြီး သဘာဝဓာတ်ငွေ့ထိုက်သင့်သလောက်ထွက်ရှိကြောင်း၊ ထို့ကြောင့် ဆီအုန်း၊ ပန်းနှမ်း၊ နေကြာ၊ ပဲပုတ်၊ ပြောင်း၊ မြေပဲ၊ နှမ်း စသည့် ထုတ်ကုန်များမှ ပြည်တွင်းဆီဖူလုံရေး အပြည့်အဝဆောင်ရွက်နိုင်ပါကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် သဘာဝဓာတ်ငွေ့ကို များစွာကျခံသုံးစွဲနေရပြီး ဒီဇယ်ဆီများကို ပို့ဆောင်ရေးနှင့် စက်မှုလုပ်ငန်းများတွင် များစွာသုံးစွဲနေရပါကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားနှင့်ဆိုလာလျှပ်စစ်မီးလုပ်ငန်းများမှ အဓိကထားဆောင်ရွက်ခြင်းဖြင့် သဘာဝဓာတ်ငွေ့ကို ဓာတ်မြေဩဇာထုတ်လုပ်ရေးနှင့် စက်မှုလုပ်ငန်းများတွင် ပိုမိုအသုံးချနိုင်ပါကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များမှ တိရိစ္ဆာန်အစာများ ပြည်တွင်းတွင် အဆင့်မြှင့်တင်ထုတ်လုပ်ခြင်းဖြင့် ပြည်ပမှသွင်းကုန်များကို လျော့ချနိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ ချက်ပြုတ်ရေးတွင် သုံးစွဲနေသည့် ထင်း၊ မီးသွေးသုံးစွဲမှုကို လျော့ချရမည်ဖြစ်ပြီး လျှပ်စစ်မော်တော်ကား ထုတ်လုပ်သုံးစွဲခြင်း၊ လျှပ်စစ်ရထားလမ်းများ တိုးချဲ့ခြင်းများဖြင့် လောင်စာကုန်ကျမှုကို လျော့ချရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို လျော့ကျစေပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုရမည်ဖြစ်ပြီး ထိုသို့လုပ်ငန်းများ လုပ်ဆောင်ရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံသူများကိုလည်း ဖိတ်ခေါ်ပါကြောင်း၊ တစ်ဖက်တွင်လည်း ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်ရေးအတွက် တန်ဖိုးမြှင့်ထုတ်ကုန်များ (Value Added Products) ထုတ်လုပ်နိုင်ရန်ကြိုးပမ်းဆောင်ရွက်သွားခြင်းဖြင့် ကုန်သွယ်မှုလိုငွေ (Trade Deficit) ကို လျော့ချနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ဆောင်ခြင်းဖြစ်သည့်အတွက် ၎င်းအရင်းအမြစ်များအပေါ်တွင် အခြေခံသည့်စက်မှုလုပ်ငန်းများ မလွဲမသွေလုပ်ဆောင်ရန် လိုအပ်မည်ဖြစ်ပြီး အထက်ပါလုပ်ငန်းနှစ်ခုကို အဓိကမြှင့်တင်ပေးမည်ဆိုပါက တိုင်းပြည်၏စီးပွားရေး မလွဲမသွေဦးမော့လာမည်ဖြစ်ကြောင်း။

လာမည့်(ဖ)လတာ စီမံကိန်းကာလသည် ပွင့်လင်းရာသီဖြစ်သည့်အတွက် စက်မှုကဏ္ဍ၊ ဆောက်လုပ်မှုကဏ္ဍ၊ လျှပ်စစ်ဓာတ်အား ကဏ္ဍများအနေဖြင့် စီမံကိန်းရည်မှန်းချက်ပါ တည်ဆောက်ဆဲလုပ်ငန်းများ ပြီးပြတ်စေရေးနှင့် လုပ်ငန်းစီမံကိန်းသစ်များကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန်လိုအပ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများကို နိုင်ငံတော်ဘဏ္ဍာငွေဖြင့်သာမက ချေးငွေများဖြင့်ပါ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သောကြောင့် အလေအလွင့်မရှိဘဲ ထိရောက်စွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း၊ ယခု(ဖ)လစီမံကိန်းကာလတွင်တည်ဆောက်ရေးနှင့် ပစ္စည်းဝယ်ယူရေးလုပ်ငန်းများကို မဖြစ်မနေလိုအပ်မှသာလျှင် ဆောင်ရွက်ကြပြီး ဘဏ္ဍာငွေခြိုးခြံချွေတာရေးကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public–Private–Partnership) လုပ်ငန်းအစီအစဉ်များကို ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

စွမ်းအင်ဆိုလာ သုံးစွဲနိုင်ရေး

ကျေးလက်နှင့် မြို့ပြကွာခြားမှု လျော့ချရေးအတွက် ကျေးလက်စီးပွားရေးမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးအတွက် ကျေးရွာများ မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ ကျေးရွာကုန်ထုတ်လမ်းများ ဖောက်လုပ်ရေးတို့ သည်အရေးကြီးပြီး မီးရရှိရေးအတွက် နေရောင်ခြည်သုံးစွမ်းအင်ဆိုလာသုံးစွဲနိုင်ရေး တိုးမြှင့်ဆောင်ရွက်သွားစေလိုကြောင်း၊ ကျေးလက်စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် ပြည်သူများ တိုက်ရိုက်ပါဝင်သည့် သမဝါယမစနစ်နှင့် ထိရောက်စွာ လုပ်ဆောင်ရမည်ဖြစ်ကြောင်း။

လူမှုရေးကဏ္ဍများဖြစ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများတွင်လည်း အရည်အသွေးပြည့်ဝသည့် ဝန်ဆောင်မှုများပေးနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍမှာဘာသာရပ်ဆိုင်ရာ အသိပညာရှင်များ၊ အတတ်ပညာရှင်များမွေးထုတ်နိုင်ရေးအတွက် ဆရာ၊ ဆရာမများ အရည်အသွေးပြည့်ဝစေရေးနှင့် အရည်အသွေးပြည့်ဝသည့် ပညာရေးစနစ်တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါအတွက် ကာကွယ်ကုသရေးနှင့် ဆေးဝါးထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်စပ်နှီးနွှယ်ရာဌာနများ ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကျန်းမာသန်စွမ်းမှုအလုပ်လုပ်နိုင်မည်ဖြစ်သည့် အတွက် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ရေးအတွက် မြန်မာ့အားကစားအပါအဝင် အားကစားကို စိတ်ဝင်စားသည့် အလေ့အကျင့်ကောင်းများဖြစ်ပေါ်ရေးကို အားပေးမြှင့်တင်ပေးကြရန် မှာကြားလိုပါကြောင်း။

မြန်မာနိုင်ငံသည် အခြားနိုင်ငံများနည်းတူ ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုများဖြစ်သည့် ရေကြီးရေလျှံမှု၊ မိုးခေါင်မှုဒဏ်ကို ခံစားရသောကြောင့် ကြိုတင်ကာကွယ်ပြင်ဆင်ရေးလုပ်ငန်း၊ အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အစီအမံချမှတ်ဆောင်ရွက်ရန်လိုပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ ဥပမာအားဖြင့်-ကြိုးဝိုင်းသစ်တောများ၊ သဘာဝသစ်တောများထိန်းသိမ်းခြင်းကို အလေးပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့တက်ညီလက်ညီနှင့် ကြိုးစားအားထုတ်လုပ်ဆောင်မည်ဆိုပါက အာဆီယံတွင် အလယ်အလတ်အဆင့်ရှိ နိုင်ငံအဖြစ် ၅ နှစ်အတွင်းရောက်နိုင်မည်ဖြစ်ပြီး ၁၀ နှစ်အတွင်းတွင် အာဆီယံထိပ်တန်းနိုင်ငံအဖြစ် ရောက်နိုင်မည်ဟု အပြည့်အဝယုံကြည်ပါကြောင်း၊ တိုင်းပြည်၏အားသည် ပြည်တွင်းမှာသာရှိပြီး လူသားအရင်းအမြစ်များ၊ စုစည်းညီညွတ်သည့် စိတ်ဓာတ်များ၊ မြေပေါ် မြေအောက်သယံဇာတများကို ပေါင်းစည်းအသုံးပြုနိုင်မည်ဆိုပါက မဖြစ်နိုင်စရာအကြောင်းမရှိကြောင်း။

အထူးဂရုပြုဆောင်ရွက်

ယခု (၆) လ စီမံကိန်းကာလတွင် ကဏ္ဍအလိုက်နှင့် ဒေသအလိုက် ချမှတ်ထားသည့် စီမံကိန်း၏မူလရည်မှန်းချက်များကို အနီးစပ်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် အားလုံးကဝိုင်းဝန်းကြိုးပမ်းရမည်ဖြစ်ပါကြောင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်းဆောင်ရွက်နေသည့်လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးတက်စီးဝင်စေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပို့ကုန်တိုးတက်တင်ပို့နိုင်ရေးနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေးတို့ကိုလည်း အထူးဂရုပြု၍ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရည်မှန်းချက်နှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုများ ကွာဟချက်ကြီးမားမှုမရှိစေရေးအတွက် အားလုံးက အလေးထားဆောင်ရွက်ကြရန်လိုပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့နှင့်အညီ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်၊ အောက်တိုဘာလမှ မတ်လထိ (၆) လအတွင်း စီမံကိန်းပါရည်မှန်းချက်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားစီမံကိန်းကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

က စီမံကိန်းကာလသည် ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်မှုများရှိခဲ့သည့်ကာလဖြစ်သည့်အတွက် ဝန်ကြီးဌာနအလိုက်၊ ဒေသအလိုက် အကောင်အထည်ဖော်ရန် ရေးဆွဲထားသည့် စီမံကိန်းလုပ်ငန်းများ အောင်မြင်မှုရရှိရန် ဆောင်ရွက်မည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက် (၉)ချက်တို့နှင့်အညီ စီမံကိန်းလုပ်ငန်းများနှင့် ရည်မှန်းချက်များ ရေးဆွဲဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စီမံကိန်းကာလ (၆)လအတွင်း နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မျှော်မှန်းရေးဆွဲထားရှိမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရန် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရမည့်အခြေအနေများ၊ နိုင်ငံတော် ဘဏ္ဍာငွေ၊ ချေးငွေ၊ ထောက်ပံ့ငွေဖြင့်ဆောင်ရွက်ရသည့်အတွက် အလေအလွင့်မရှိစေရေး ဆောင်ရွက်ရမည့် အခြေအနေများ၊ စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှုကို မှတ်တမ်းထားရှိရေးနှင့် လုပ်ငန်းပြီးစီးပါက အကျိုးပြုမှုလေ့လာမှတ်တမ်းထားရှိရေး၊ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ တွေ့ကြုံရသည့် အခက်အခဲများကို ဖော်ထုတ်သင်ခန်းစာရယူရေး၊ စီမံကိန်းများ ရည်မှန်းချက်များအောင်မြင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင် အတွင်းရေးမှူး၊စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (၆) လ အမျိုးသားစီမံကိန်း (အဆိုပြုမူကြမ်း) ရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် နိုင်ငံတော်၏ပြည်ပချေးငွေဆိုင်ရာ သုံးသပ်ချက်နှင့် အခွန်ကောက်မှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် ကဏ္ဍအလိုက် စီမံကိန်းများရေးဆွဲဆောင်ရွက်ထားရှိမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ သဘာဝပတ်ဝန်းကျင်၊ သယံဇာတများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး၊ မသမာမှုများကြောင့် ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသည့်အဖွဲ့အစည်းများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းသုံးသစ်ထုတ်လုပ်မှုအတွက် သတ်မှတ်ချက်နှင့် ကိုက်ညီသည့် သက်တမ်းရှိသစ်များကို စည်းမျဉ်းစည်းကမ်းများနှင့် ထုတ်လုပ်ရန်လိုကြောင်း၊ သစ်ခိုးမှုနှင့် တရားမဝင်သစ်စက်များ ပပျောက်စေရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

အခွန်ကိစ္စနှင့်စပ်လျဉ်း၍ အစိုးရတစ်ရပ်သည် အခွန်ပေါ်တွင် ရပ်တည်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အခွန်တိုးမြှင့်ကောက်ခံခြင်းထက် အခွန်ထမ်းပြည်သူများ တိုးတက်လာရေးအတွက်ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာလဖြစ်သည့်အတွက် အခွန်ငွေရရှိမှုလျော့နည်းပြီး အခွန်လျှော့ချပေးရမှုများလည်းရှိကြောင်း၊ အခွန်ကောက်ခံမှုမရရှိစေရန်နှင့် အခွန်ပေးဆောင်မှုမပြုလုပ်စေရန် CDM ပြုလုပ်သည့် ဝန်ထမ်းများက နိုင်ငံရေးအရ ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ယင်းကိုဖော်ထုတ်သွားရမည် ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းသည် ပါတီနိုင်ငံရေးကင်းရှင်းရန်လိုပြီး အစိုးရ၏လုပ်ငန်းများ အောင်မြင်အောင်ထမ်းဆောင်ရန်လိုကြောင်း။ ထို့ပြင် စာရင်းဇယားများလိမ်လည်ပြီး အခွန်ပေးဆောင်ရန် ရှောင်ရှားမှုများပြုလုပ်သည်ကိုလည်းတွေ့ရကြောင်း၊ မိမိတို့နိုင်ငံတွင် အခွန်ပေးဆောင်မှုမရှိသူများ များပြားလျက်ရှိကြောင်း၊ အခွန်ကောက်ခံမှုနှင့်စပ်လျဉ်း၍ နည်းပညာတိုးတက်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ အခွန်အပြည့်အဝရရှိရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် ဟန်ချက်ညီညီဆောင်ရွက်သွားရန်လိုကြောင်း။

ချေးငွေနှင့်စပ်လျဉ်း၍ နိုင်ငံတော်တွင် ဝင်ငွေမရရှိဘဲ ဆောင်ရွက်ရသည့်လုပ်ငန်းများကြောင့် ချေးငွေများပြားလာကြောင်း၊ စီးပွားရေးလုပ်ငန်းများ မအောင်မြင်ရခြင်း၏ နောက်ဆက်တွဲသည် ကြွေးမြီများပြားလာခြင်း

ဖြစ်ကြောင်း၊ အချို့နိုင်ငံများတွင်လည်း ကြွေးမြီများရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပကြွေးမြီရယူမှုကို လျှော့ချနိုင်စေရန် ပြည်တွင်းထုတ်ကုန်တိုးတက်အောင် ဆောင်ရွက်ပြီး တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်ရသည့် လုပ်ငန်းများကို စီးပွားရေးအရ တွက်ခြေကိုက်စေရန်၊ အကျိုးရှိရှိ အသုံးချသွားရန်လိုကြောင်း။

ပြည်ပချေးငွေဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ ရပ်ဆိုင်းထားသည့်အတွက် တိုင်းပြည်အတွက် များစွာ နစ်နာမှုများရှိကြောင်း၊ သို့ဖြစ်၍မိမိတို့အနေဖြင့် ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို ဆက်လက်လည်ပတ်နိုင်စေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင်ဝန်ကြီးဌာနများအနေဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများကို ကုန်ထုတ်စွမ်းအား မြင့်မားလာစေရန်အတွက် နည်းပညာမြှင့်တင်ပေးသွားရမည်ဖြစ်ကြောင်း၊ ချေးငွေဖြင့် ဆောင်ရွက်ရသည့် တိုင်းပြည်၏ အခြေခံကုန်ထုတ်လုပ်မှု မြှင့်တင်သည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် လုပ်ငန်းကဏ္ဍအလိုက် စနစ်တကျစိစစ်ဆောင်ရွက်သွားရန်လိုကြောင်း။

လျှော့ချသွားရမည်

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် မြေပေါ်မြေအောက်သယံဇာတ ထုတ်ကုန်အပေါ် မှီခိုသည့် စီးပွားရေးလုပ်ငန်းများကို လျှော့ချသွားရမည်ဖြစ်ကြောင်း၊ အဓိကအနေဖြင့် သစ်ထုတ်လုပ်မှုနှင့် ကျောက်မျက်ရတနာထုတ်လုပ်မှုကို ရှောင်ရှားရမည်ဖြစ်ကြောင်း၊ စက်ရုံ၊ အလုပ်ရုံများအတွက် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို ထုတ်လုပ်သင့်သည့် ပမာဏကိုသာ ထုတ်လုပ်သွားရန်လိုကြောင်း၊ စွမ်းအင်ရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကိုသာ အဓိကထားထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် ရှိရင်းစွဲအခြေခံများကို အသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများရေးဆွဲရာတွင် ဖြစ်နိုင်သည့် အခြေအနေများအပေါ်မူတည်၍ မျှော်မှန်းချက်များကို ရည်ရွယ်ရေးဆွဲခြင်းဖြစ်ကြောင်း၊ ထိုသို့ရေးဆွဲရာတွင် နိုင်ငံနှင့်လူမျိုးတို့၏ National Character–isitcs နှင့် ပကတိအခြေအနေများ ကိုက်ညီရန်လိုအပ်ကြောင်း၊ အကောင်အထည်ဖော်ရာတွင်လည်း သတ်မှတ်သည့် ပန်းတိုင်ရောက်ရှိအောင် ရှိရင်းစွဲအရင်းအမြစ်များကို အပြည့်အဝအသုံးချ၍ ပြည်သူကိုနေရာပေးကာ ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း ပြန်လည်ဆွေးနွေးပြောကြားသည်။

အမျိုးသားစီမံကိန်းကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဒါန်းချုပ်အမှာစကားပြောကြားရာတွင် ယခုရေးဆွဲထားသည့် (၆) လ အမျိုးသားစီမံကိန်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကိုအခြေခံပြီး ချိတ်ဆက်ရေးဆွဲထားသည်ကို တွေ့ရကြောင်း၊ နောင်လာမည့်ဘဏ္ဍာရေးနှစ်သစ်ကာလ မတိုင်မီ ပေါင်းကူးသဖွယ် ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့်လုပ်ငန်းစီမံကိန်းများ လျာထားကြောင်းကို လည်းတွေ့ရကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးကို လက်တွေ့ကျကျ ပြန်လည်ဦးမော့လာစေရန် လမ်းကြောင်းမှန်ပေါ်တင်ပေးသည့်စီမံကိန်းများဖြစ်ကြောင်း၊ ရေးဆွဲပြီးဖြစ်သည့် စီမံကိန်းများကိုလည်း အတည်ပြုပြဋ္ဌာန်းပြီးသည်နှင့် ပြည့်မီအောင် အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် အမျိုးသားစီမံကိန်းနှင့် ဒေသန္တရစီမံကိန်းများ အကောင်အထည်ဖော်စဉ် ဝန်ကြီးဌာနများနှင့် ဒေသန္တရအစိုးရအဖွဲ့များက အချိတ်အဆက်မိမိ ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းဆောင်ရွက်နိုင်မှုကို ထိခိုက်ပြီး အချိန်ကြန့်ကြာစေနိုင်သည့် မြေပြင်အခြေအနေနှင့် အကြောင်းအရင်းများတွေ့ကြုံလာပါကလည်း အချိန်မီပြင်ဆင်ဆောင်ရွက်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထိရောက်အကျိုးရှိစွာသုံးစွဲ

စီမံကိန်းအကောင်အထည်ဖော်ရာတွင် ငွေကြေးသုံးစွဲမှုများကို နိုင်ငံတော်၏ ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျသုံးစွဲရန်၊ လုပ်ဆောင်မှုတိုင်းကို စနစ်တကျမှတ်တမ်းထားရှိရန် လိုအပ်သကဲ့သို့ စာရင်းစစ်ဆေးခံနိုင်ရေးအတွက်လည်း ပြင်ဆင်ဆောင်ရွက်ထားရမည်ဖြစ်ကြောင်း၊ ထို့ပြင်သွင်းအားစုများကိုလည်း အလေ

အလွှင့်နည်းပါးစွာဖြင့် ထိရောက်အကျိုးရှိစွာ သုံးစွဲသွားရမည်ဖြစ်ကြောင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကိုလည်းမျက်ခြည်မပြတ်စောင့်ကြည့် သုံးသပ်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

တက်ညီလက်ညီဆောင်ရွက်

စီမံကိန်းတွင် လျာထားသည့်အတိုင်း ကဏ္ဍနှင့်ဒေသအလိုက် လျာထားချက်များနှင့် ပို့ကုန်လျာထားချက်ပြည့်မီရေး၊ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်စေရေးအတွက် အစွမ်းကုန် တက်ညီလက်ညီဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးနိုင်မည့် လုပ်ငန်းများကိုလည်း အားပေးမြှင့်တင်သွားရန်လိုကြောင်း၊ အဓိကအနေဖြင့် စိစိစစ်စစ်ခြိုးခြံချွေတာသုံးစွဲသွားရန်လိုအပ်မည်ဖြစ်ပြီး ရင်ွေနှင့် အသုံးစရိတ်ကို စိစိစစ်စစ် သုံးစွဲပါက စီမံကိန်းလုပ်ငန်းများ အောင်မြင်ရန် အခွင့်အလမ်းရရှိမည်ဖြစ်ကြောင်း။

ပြည်သူများ၏အခြေခံလိုအပ်ချက်များကို ဖြည့်တင်းပေးနိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နိုင်ငံတော်နှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုကို အားပေးမြှင့်တင်သွားရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉နှင့် အကြောင်းအမျိုးမျိုးကြောင့် ကျဆင်းနေသည့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ပြန်လည်နာလန်ထူနိုင်ရေးအတွက် ဝိုင်းဝန်းသုံးသပ်ပြီး အားသွန်ကြိုးပမ်း ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေစဉ်တွင် နိုင်ငံတော်က ပံ့ပိုးရမည့်ကိစ္စရပ်များ လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီတင်ပြကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

■■■■■

ဘဏ္ဍာရေးဆိုင်ရာကော်မရှင်
အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား

(၂၂ - ၉ - ၂၀၂၁)

ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို စက်တင်ဘာလ ၂၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သီတာဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

ဦးစွာ ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အဖွင့်အမှာစကားပြောကြားရာတွင် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) တွင် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ (၆) လအတွက် ပြည်ထောင်စု၏အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုကြရန် ဖြစ်ကြောင်း။

ဖွဲ့စည်းပေးခဲ့

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ ကော်မရှင်ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ လ၂၆ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ကို ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်များကို ခေတ္တတာဝန်ယူထိန်းသိမ်းခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရတစ်ရပ်အနေဖြင့် ပြည်သူတို့၏လူမှုစီးပွားဘဝများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် နိုင်ငံတော်၏မူဝါဒများအဖြစ် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ထားပြီးဖြစ်ကြောင်း၊ အစိုးရတစ်ရပ်အနေဖြင့် မိမိတို့၏မူဝါဒများကို အကောင်အထည် ဖော်နိုင်ရန် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုကိုလည်း ကောင်းမွန်ထိရောက် အောင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု (Public Financial Mana-gement) စနစ်ဆိုသည်မှာ နိုင်ငံတော်၏ ရငွေများ၊ အခွန်အကောက်စနစ်များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသုံးစရိတ်နှင့် အုပ်ချုပ်ရေးဆိုင်ရာ အသုံးစရိတ်များ၊ ကြွေးမြီစီမံခန့်ခွဲမှုများ စသည်ဖြင့် စုပေါင်းပါဝင်သည့် စနစ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ချမှတ်ထားသည့် မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ရငွေများတိုးတက်ရရှိရေးအတွက် ကြိုးပမ်းကြရမည်ဖြစ်ပြီး အသုံးစရိတ်များကိုလည်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျခွဲဝေသုံးစွဲ သွားကြရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ (ခ) ပါ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ် အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြဋ္ဌာန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လယ်ယာစိုက်ပျိုးရေးကို အခြေခံသည့် မိမိတို့နိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှစ်သည် ဧပြီလမှ မတ်လအထိ သတ်မှတ်ခြင်းသည် ပိုမိုသင့်လျော်မှုရှိခြင်းကြောင့် ဘဏ္ဍာ

ရေးနှစ်ကို ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ်ကစပြီး ဧပြီလ ၁ ရက်မှ မတ်လ ၃၁ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်သွားမည်ဖြစ်သည့်အတွက် ကူးပြောင်းချိန်အဖြစ် ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ (၆) လတာကာလအတွက်ဌာန၊ အဖွဲ့အစည်းများ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းကို ရေးဆွဲဆောင်ရွက်ရခြင်းဖြစ်ကြောင်း။

အခွန်ဝင်ငွေများ ကျဆင်းခဲ့ရ

လက်ရှိကာလသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် နိုင်ငံတော်၏စီးပွားရေးကို ထိခိုက်ခဲ့ရပြီးနိုင်ငံရေးအဖျက်အမှောင့်လုပ်ရပ်များကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည့်အတွက် နိုင်ငံတော်၏ရငွေ၊ သုံးငွေများကို ကောင်းမွန်စွာစီမံခန့်ခွဲနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်တွင် အခွန်အကောက်ရငွေများ၊ အခြားရငွေများကို ကင်းလွတ်ခွင့်ပြုခြင်း၊ ရွှေဆိုင်းပေးခြင်းအစရှိသည့် ဖြေလျှော့ပေးခဲ့ရမှုများကြောင့် အခွန်ဝင်ငွေများ ကျဆင်းခဲ့ရသကဲ့သို့ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ဝင်ငွေလည်း ကျဆင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် အသုံးစရိတ်များကို ခြိုးခြံချွေတာ၍ စိစစ်သုံးစွဲကြရမည်ဖြစ်ပြီး သုံးသင့်သုံးထိုက်သည့်အသုံးစရိတ်များကိုမူ မဖြစ်မနေသုံးစွဲနိုင်အောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း။

ငွေလုံးငွေရင်းအသုံးစရိတ်များ သုံးစွဲရာတွင် အမျိုးသားစီမံကိန်းဥပဒေနှင့်အညီ (၆)လတာကာလအတွင်း ပြီးစီးနိုင်မည့် ဆောင်ရွက်ဆဲတည်ဆောက်ရေးလုပ်ငန်းများ၊ လုပ်ငန်းသစ်များ၊ မဖြစ်မနေလိုအပ်သည့် ပစ္စည်းဝယ်ယူခြင်းများကို ထိထိရောက်ရောက်ဖြစ်အောင်သုံးစွဲကြရန် လိုကြောင်း၊ (၆) လတာကာလအတွက်သာဖြစ်သဖြင့် ရန်ပုံငွေသုံးစွဲနိုင်မည့်အချိန်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်းကျပ်ငွေဖြင့် ဝယ်ယူနိုင်သည့်ပစ္စည်းများကို ပြည်တွင်းကျပ်ငွေဖြင့်သာ ဝယ်ယူပြီး နိုင်ငံခြားသုံးငွေသုံးစွဲမှုကို တတ်နိုင်သမျှ လျှော့ချရန် မှာကြားလိုကြောင်း။

ဦးစားပေး ထိထိရောက်ရောက်သုံးစွဲ

တိုင်းဒေသကြီး၊ ပြည်နယ်များအနေဖြင့် အုပ်ချုပ်ရေးဆိုင်ရာအသုံးစရိတ်များထက် ပြည်သူကို တိုက်ရိုက်အကျိုးပြုနိုင်မည့် လမ်း၊ ရေ၊ လျှပ်စစ်မီးအသုံးစရိတ်များ၊ ကုန်ထုတ်လုပ်မှုအသုံး စရိတ်များ၊ ပညာရေး၊ ကျန်းမာရေး

> **စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလည်ပတ်မှုရှိရန်လိုအပ်၊ ရငွေသုံးစွဲမှုအပိုင်းတွင် စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးတိုးတက်မှုလုပ်ငန်းများအတွက် အဓိကသုံးစွဲရကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သော်လည်း အစိုးရတာဝန်ယူရသည့်ကဏ္ဍများ များပြားကြောင်း၊ အခွန်ပေးဆောင်ရန်အတွက် ထုတ်လုပ်သူများအနေဖြင့် တာဝန်သိရန်လိုအပ်၊ ကြွေးမြီသက်သာခွင့်နှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကပ်ရောဂါကိုအကြောင်းပြု၍ ရှောင်ရှားနေသူများရှိ၊ အခွန်ငွေရရှိမှုလျာထားရာတွင် အမှန်တကယ်ရရှိနိုင်မည့် လမ်းကြောင်းများကို သိရှိရန်လိုအပ်။**

ဆိုင်ရာ အသုံးစရိတ်များ၊ လူမှုကာကွယ်စောင့်ရှောက်ရေးအသုံးစရိတ်များကိုဦးစားပေးပြီး ထိထိရောက်ရောက် သုံးစွဲကြစေလိုကြောင်း။

ဌာန၊ အဖွဲ့အစည်းများအနေဖြင့် (၆) လတာ ကာလအတွင်း ထိထိရောက်ရောက် အကျိုးရှိရှိသုံးစွဲနိုင်မည့် အသုံးစရိတ်များကိုသာ ဘဏ္ဍာငွေအလေအလွင့် မရှိစေဘဲ ကျစ်ကျစ်လျစ်လျစ်သုံးစွဲကြရန် မှာကြားလိုကြောင်း၊ ထိုသို့ ဆောင်ရွက်သည့်အခါတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးမူဝါဒ၊ စီမံကိန်းမူဝါဒ၊ ကုန်သွယ်ရေးမူဝါဒ၊ ရင်းနှီးမြှုပ်နှံမှုမူဝါဒ အစရှိသည့် မူဝါဒများနှင့်အညီ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက အကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် တိုင်း ဒေသကြီးနှင့် ပြည်နယ်များကလည်း ဒေသန္တရစီမံကိန်းများဖြင့် အထောက်အကူပြုဆောင်ရွက်ပေးကြရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့်ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှတင်ပြလာသော အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်း စိစစ်ညှိနှိုင်းရေးအဖွဲ့၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာနတို့မှ ငွေလုံးငွေရင်းအသုံးစရိတ်များကို

အသေးစိတ်စိစစ်ခဲ့မှုအခြေအနေများ၊ ပြည်ထောင်စုအဆင့် ဌာန၊ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ချိတ်ဆက်တွေ့ဆုံပြီး ဘဏ္ဍာငွေ အရအသုံးလျာထားချက်များ စိစစ်ခဲ့မှု၊ ယခင်ခန့်မှန်းခြေစာရင်းများအပေါ် အခြေခံ၍ ယခု (၆) လအတွက် လျာထားသည့် ရငွေ၊ သုံးငွေများကို စိစစ်ခဲ့မှုအခြေအနေများ၊ ယာယီရပ်ဆိုင်းထားသော နိုင်ငံပိုင်စက်ရုံများကို မူဝါဒနှင့်အညီ ပြန်လည်လည်ပတ်နိုင်ရေးအတွက် အသုံးစရိတ်များလျာထားပေးခဲ့မှု အခြေအနေများ၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အရေးပေါ်ရန်ပုံငွေလျာထားပေးခဲ့မှုအခြေအနေများ၊ ပြည်သူများ၏ လိုအပ်ချက်များကို ပိုမိုဖြည့်ဆည်းပေးနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ထောက်ပံ့ငွေများ တစ်နှစ်ထက်တစ်နှစ် ပိုမိုထောက်ပံ့ပေးနိုင်ခဲ့မှုနှင့် ယခု (၆)လအတွက် ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေ ငွေစာရင်း အချုပ်အခြေအနေများကို ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင် အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေ ငွေစာရင်းနှင့် ၂၀၂၁ ခုနှစ် အောက်တိုဘာလမှ ၂၀၂၂ ခုနှစ် မတ်လအထိ (၆)လအတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်က ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများ၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်များအရ အနာဂတ်ကာလတွင် ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုဆွေးနွေးတင်ပြသည်။

အဓိကဆောင်ရွက်ရ

ယင်းနောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အစိုးရတစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဆောင်ရွက်ရကြောင်း၊ တစ်ဖက်ကလည်း ကုန်ထုတ်လုပ်မှုတိုးတက်ရေးနှင့် ဖွံ့ဖြိုးရေးအပိုင်းကိုဆောင်ရွက်ရကြောင်း၊ ငွေကြေးကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေရှာဖွေရာတွင် ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ထုတ်ကုန်တိုးတက်မြင့်မားရေးဆောင်ရွက်သွားရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှု တိုးတက်ပြီး ပြည်သူများဝင်ငွေရရှိမှုသာ အခွန်ငွေပြည့်ပြည့်ဝဝရရှိမည်ဖြစ်ကြောင်း။

စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးလည်ပတ်မှုရှိရန်လိုအပ်ကြောင်း၊ ရငွေသုံးစွဲမှုအပိုင်းတွင် စီးပွားရေးတိုးတက်မှုနှင့် လူမှုရေးတိုးတက်မှုလုပ်ငန်းများအတွက် အဓိကသုံးစွဲရကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သော်လည်း အစိုးရတာဝန်ယူရသည့် ကဏ္ဍများ များပြားကြောင်း၊ အခွန်ပေးဆောင်ရန်အတွက် ထုတ်လုပ်သူများအနေဖြင့် တာဝန်သိရန် လိုအပ်ကြောင်း၊ ကြွေးမြီသက်သာခွင့်နှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ကပ်ရောဂါကိုအကြောင်းပြု၍ ရှောင်ရှားနေသူများရှိကြောင်း၊ အခွန်ငွေရရှိမှုလျာထားရာတွင် အမှန်တကယ် ရရှိနိုင်မည့်လမ်းကြောင်းများကို သိရှိရန်လိုအပ်ကြောင်း၊ သက်ဆိုင်ရာဌာနများအနေဖြင့် အခွန်ရငွေနှင့် အခွန်နှုန်းများကို ခေတ်ကာလနှင့်လျော်ညီအောင် ပြန်လည်စိစစ်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ပြည်သူလူထုကို ဝန်ထုပ်ဝန်ပိုးဖြစ်စေလို၍မဟုတ်ဘဲ ပြည်သူအပေါ် ဝန်ဆောင်မှုဆောင်ရွက်နိုင်ရန်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ ရရှိရန်သာဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ခွင့်ပြုရန်ပုံငွေများကို ပြည်သူလူထုအတွက် အသုံးပြုရန်လိုအပ်ကြောင်း၊ မိမိတို့သည် နိုင်ငံရေးအစိုးရ မဟုတ်သော်လည်း ပကာသနကိုလျှော့ချကာ တိုင်းပြည်အတွက် လက်တွေ့အကျိုးရှိပြီး ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုမည့် လုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့ ဆောင်ရွက်မှုများသည် အစိုးရချမ်းသာရန်မဟုတ်ဘဲ တိုင်းပြည် ချမ်းသာရန်အတွက် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

တင်ဒါလုပ်ငန်းများနှင့်စပ်လျဉ်း၍ လက်သင့်ရာမလုပ်ဆောင်ကြရန်နှင့် သတ်မှတ် စည်းမျဉ်းများအတိုင်းသာ ဆောင်ရွက်ကြရန်လိုကြောင်း၊ ယင်းသို့မသမာမှုများသည် တိုင်းပြည်အတွက် များစွာနစ်နာကြောင်း၊ တိုင်းဒေသ

ကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ အနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခေတ်နှင့်လျော်ညီပြီး ကောင်းမွန်ရန်လိုအပ်ကြောင်း၊ ရရှိသည့် ဘဏ္ဍာငွေကို အကျိုးရှိရှိအသုံးချရန်နှင့် မလိုအပ်သည့်ပစ္စည်းများ ဝယ်ယူခြင်းများမပြုလုပ်ကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့တာဝန်ယူရသည့်ကာလအတွင်း တိုင်းပြည် အတွက် အကျိုးရှိရှိဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြန်လည် ဆွေးနွေးပြောကြားသည်။

ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ရမည်

ထို့နောက် ဘဏ္ဍာရေးဆိုင်ရာကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့အစည်းအဝေးတွင် အတည်ပြုနိုင်ခဲ့သည့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ်၊ မတ်လ ၃၁ ရက်အထိ (၆) လအတွက် ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းအပါအဝင် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကြမ်းတို့ကို ဘဏ္ဍာရေးဆိုင်ရာကော်မရှင်၏ထောက်ခံချက်နှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့မှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ ဆက်လက်ပေးပို့တင်ပြပြီး ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် ဆောင်ရွက်ရမည် ဖြစ်ကြောင်း။

စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ စက်ရုံ၊ အလုပ်ရုံများ၊ ကုန်ထုတ်လုပ်ငန်းများ ပုံမှန်လည်ပတ်ဆောင်ရွက်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ပေးကြရန်လို အပ်ပါကြောင်း၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့်ထုတ်ကုန်များ အရည်အသွေးပြည့်မီရေးနှင့် စျေးကွက်ရရှိရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ ပညာရေး၊ ကျန်းမာရေးတို့နှင့်ပတ်သက်၍ နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာ မြင့်မားလာစေရန် ပြည်သူများ၏ ပညာရည်မြှင့်တင်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာရေးတို့အတွက်လည်း ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

သုံးစွဲရန် ခွင့်ပြုထား

ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် ဌာနအတွက် အသုံးစရိတ်များထက် ပြည်သူလူထုကို တိုက်ရိုက်အကျိုးပြုနိုင်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ လျှပ်စစ်မီး၊ လမ်းတံတား၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေး လုံလောက်စွာရရှိရေးစသည့် လုပ်ငန်းများကိုဦးစားပေး၍ ထိထိရောက်ရောက် သုံးစွဲကြစေလိုကြောင်း။

သုံးစွဲရန်ခွင့်ပြုထား

ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာအသုံးစရိတ်များကို ယခင်ဘဏ္ဍာရေးနှစ် ၂၀၂၀-၂၀၂၁ တွင်လည်း သုံးစွဲခဲ့သကဲ့သို့ ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင်လည်း ဆက်လက်လျာထားသုံးစွဲရန် ခွင့်ပြုထားပါကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးရန်ပုံငွေကိုလည်း လိုအပ်သလိုထပ်မံဖြည့်တင်းပေးနိုင်စေရန် စီစဉ်ဆောင်ရွက်ပေးရန်လိုအပ်ပြီး ရောဂါကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ အသုံး စရိတ်လိုအပ်ချက်များအတွက် ယခု (၆) လ ဘဏ္ဍာရေးနှစ်တွင် အရေးပေါ်ရန်ပုံငွေကျပ် ၅၆ ဘီလီယံအပြင် ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ အထူးရန်ပုံငွေတစ်ရပ်ကိုလည်း ကျပ် ဘီလီယံ ၁၀၀ လျာထား၍ သုံးစွဲသွားနိုင်ရန် စီစဉ်ထားကြောင်း။

ပြည်ပချေးငွေ၊ ပြည်ပအကူအညီရငွေများနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအနေဖြင့် ဆောင်ရွက်ဆဲချေးငွေစီမံကိန်းများ၊ ပြည်ပအကူအညီရငွေဖြင့် ဆောင်ရွက်သည့် စီမံကိန်းများကို ဆက်လက်ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ နိုင်ငံ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းခြင်း၊ ဘတ်ဂျက်တွင်ထည့်သွင်းလျာထားခြင်း၊ ချေးငွေ၊ ထောက်ပံ့ငွေသစ်များရရှိက နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးပြု-မပြု၊ သက်သာမှု ရှိ-မရှိ၊ နှောင်ကြိုးရှိ-မရှိတို့ကို စိစစ်ရယူခြင်း၊ ချေးငွေရယူထားမှုများအတွက် အရင်း၊ အတိုး ပြန်လည်ပေးဆပ်မှုများကို တာဝန်သိနိုင်ငံတစ်ခုအဖြစ် မပျက်မကွက် ပြန်လည်ပေးဆပ်ခြင်းတို့ကို ဂရုပြုဆောင်ရွက်ကြစေလိုကြောင်း။

နိုင်ငံတော်တွင် ကိုယ်ပိုင်ဘဏ္ဍာငွေတောင့်တင်းခိုင်မာလာပါက ပြည်ပချေးငွေရယူရမှုလည်းနည်းပါးလာ

မည်ဖြစ်ကြောင်း၊ ဘဏ္ဍာငွေတောင့်တင်းခိုင်မာရေးအတွက် အခွန်အကောက်ရငွေများ ပြည့်ပြည့်ဝဝရရှိရေးနှင့် သဘာဝသယံဇာတကဏ္ဍမှ ရရှိငွေများ၊ နိုင်ငံပိုင် ရင်းနှီးမြှုပ်နှံမှုများမှရရှိငွေများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ၏ နိုင်ငံတော်သို့ထည့်ဝင်ငွေများကို စနစ်တကျစီမံခန့်ခွဲနိုင်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်ပြီး အစိုးရကဏ္ဍ၊ ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍတို့ကို ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အတွက်အသုံးစရိတ်ကို အတတ်နိုင်ဆုံးချွေတာခြင်း၊ ပကာသနများမပြုလုပ်ခြင်းနှင့် ရသင့်ရထိုက်သည့် အခွန်များရရှိအောင် ဆောင်ရွက်ခြင်းသည် တိုင်းပြည်ဘဏ္ဍာရေး အားကောင်းမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ယခုခွဲဝေပေးထားသော အသုံးစရိတ်ရန်ပုံငွေများဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ဖော်ဆောင်နိုင်ရန် မိမိတို့ကျရာကဏ္ဍမှ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

■■■■■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁၅/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

(၂၄ - ၉ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၁၅/၂၀၂၁)ကို စက်တင်ဘာလ ၂၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုး၊ ဦးရွှေကြိမ်း နှင့်ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဌေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

သေဆုံးမှုစတုတ္ထအများဆုံး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအနေဖြင့် စက်တင်ဘာ ၂၃ ရက်အထိ ၂၃၁ သန်းကျော်၊ သေဆုံးသူ ၄ သန်း ၇ သိန်းကျော်ရှိပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ကူးစက်မှုဆဋ္ဌမမြောက်နှင့် သေဆုံးမှုစတုတ္ထအများဆုံးဖြစ်ကြောင်း၊ ရောဂါစတင်ဖြစ်ပွားသည့် အချိန်မှစ၍ စက်တင်ဘာ ၂၃ ရက်အထိ ရောဂါဖြစ်ပွားသူ ၄၅၃၄၀၇ ဦးရှိပြီး သေဆုံးသူ ၁၇၃၄၃ ဦးရှိကြောင်း၊ အာဆီယံနိုင်ငံများ၌ အင်ဒိုနီးရှားနိုင်ငံတွင် ကူးစက်မှုနှုန်း ၄ သန်းကျော်၊ သေဆုံးသူ ၁ သိန်း ၄ သောင်းကျော်ရှိသဖြင့် ကူးစက်မှုအများဆုံးဖြစ်ကြောင်း၊ ဒုတိယကူးစက်မှုအများဆုံးအနေဖြင့် ဖိလစ်ပိုင်နိုင်ငံတွင် ရောဂါဖြစ်ပွားသူ ၂ သန်း ၄ သိန်းကျော်၊ သေဆုံးသူ ၃ သောင်း ၇ ထောင် ကျော်ရှိကြောင်း၊ တတိယကူးစက်မှုအများဆုံးအနေဖြင့် မလေးရှားနိုင်ငံတွင် ၂ ဒသမ ၁ သန်း ကျော်၊ သေဆုံးသူ ၂ သောင်း ၄ ထောင်ကျော်ရှိကြောင်း၊ စတုတ္ထကူးစက်မှုအများဆုံးအနေဖြင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅ သန်း၊ သေဆုံးသူ ၁ သောင်း ၅ ထောင်ကျော်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ဇူလိုင်လအတွင်း ကူးစက်မှုရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းကျော်သို့ ရောက်ရှိခဲ့ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအား ထိထိရောက်ရောက်ဖြင့် ဆောင်ရွက်ခဲ့သဖြင့် ယခုအခါ ၈ ရာခိုင်နှုန်းနှင့် ၉ ရာခိုင်နှုန်းခန့်သို့ ကျဆင်းသွားပြီဖြစ်ကြောင်း။

ရောဂါကူးစက်မှုနှုန်းများကျဆင်းမှုကြောင့် ရုံးလုပ်ငန်းများပြန်လည် လည်ပတ်နိုင် ရေး ရုံးများအား နှစ်ပတ်တက်နှစ်ပတ်နားစနစ်ဖြင့် ပြန်လည်ဖွင့်လှစ်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကူးစက်မှုရာခိုင်နှုန်းသည် ၅ ရာခိုင်နှုန်းအောက်ရောက်ရှိမှသာ စိတ်ချရသည့် အခြေအနေဖြစ်သဖြင့် စာသင်ကျောင်းများအား အောက်တိုဘာလ ၂၄ ရက်အထိ ပိတ်ထားမည်ဖြစ်ကြောင်း၊ စီနိုဗက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် အသက် ၁၂ နှစ်နှင့်အထက် ကလေးများအား ထိုးနှံနိုင်သည်ဟုသိရှိရကြောင်း၊ ထို့ကြောင့် ကျောင်းများပြန်လည်ဖွင့်လှစ်ချိန်တွင် စိတ်ချလက်ချ ပညာသင်ကြားနိုင်ရေးအတွက် ယခုလကုန်အတွင်းရောက်ရှိမည့် တရုတ်နိုင်ငံမှလျှဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၂ သန်းအား ကျောင်းသား၊ ကျောင်းသူများကို ထိုးနှံပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအခါ တစ်ရက်လျှင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ၃ သိန်းခန့်ထိုးနှံပေးလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်

ဆေး အလုံးရေ ၁၅ သန်း ၆ သိန်းရရှိထားပြီးဖြစ်၍ ယနေ့ နံနက်အထိ ၉၇၄၆၅၄၇ ဦးထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးသူ ၃၅၈၅၉၀၆ ဦး၊ တစ်ကြိမ်ထိုးနှံပြီးသူ ၂၅၇၄၇၃၅ ဦး ရှိပြီဖြစ်ကြောင်း၊ အောက်တိုဘာလတွင်လည်း ကာကွယ်ဆေးအလုံးရေ ၁၀ သန်း ရောက်ရှိမည်ဖြစ်ပြီး စဉ်ဆက်မပြတ် ဆက်လက် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း။

ဖြေလျော့ပေးခဲ့

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အတွက် တာဝန်ရှိသူများအနေဖြင့် ကာကွယ်ဆေး၊ ကုသဆေးနှင့် အောက်ဆီဂျင်များရရှိရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်ခဲ့သဖြင့် ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာခြင်းဖြစ်ကြောင်း၊ တစ်ဖက်မှလည်း ပြည်သူလူထုအနေဖြင့် သတိတရားရှိရှိပူးပေါင်းပါဝင် ဆောင်ရွက်လာမှုကြောင့်ဖြစ်ကြောင်း၊ သို့သော် အချို့သောတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နယ်စပ်ဒေသများတွင် ကူးစက်မှုနှုန်းများနေသေးသည်ကိုတွေ့ရှိရကြောင်း၊ ကူးစက်မှုနှုန်းကျဆင်းသည့် မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုအား ဖြေလျော့ပေးခဲ့ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများဖြစ်ပွားနေသည့် ကာလအတွင်း သယ်ယူပို့ဆောင်ရေးစရိတ်များ၊ ကုန်ထုတ်လုပ်မှုစရိတ်များနှင့် ကုန်ဈေးနှုန်းမြင့်တက်မှုများ အထိုက်အလျောက်ဖြစ်ပေါ်နေကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်သဖြင့် စားသောက်ကုန်များနှင့်ပတ်သက်၍ ပြတ်လပ်မှုမရှိကြောင်း၊ စားသောက်ကုန်များအား စဉ်ဆက်မပြတ်ထုတ်လုပ်နိုင်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများနှင့် တပ်မတော်မှ တာဝန်ရှိသူများအနေဖြင့် မျက်ခြည်မပြတ် ဆောင်ရွက်နေမှုကြောင့် စားရေးနှင့်ပတ်သက်၍ အဆင်ပြေမှုများရှိကြောင်း၊ ယခုနှစ်တွင် မိုးကောင်းစွာရွာသွန်းသဖြင့် ဆည်များအတွင်း ရေကောင်းစွာဝင်ရောက်၍ စိုက်ပျိုးရေအတွက်လုံလောက်စွာ ရရှိလျက်ရှိကြောင်း၊ အဆိုပါ စိုက်ပျိုးရေများကိုလည်း စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိရောက်စွာအသုံးချနိုင်ရေး ဆောင်ရွက်ရန်နှင့် မိုးစပါးအတွက် အောင်ရေလုံလောက်စွာရရှိရေး ကြိုတင်မျှော်တွေးပြီး စီမံထားရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍လည်း နိုင်ငံအတွက် အဓိက စိုက်ပျိုးရေးသီးနှံအဖြစ်ဆောင်ရွက်ရန်လိုပြီး မိမိတို့အနေဖြင့် ဝါစိုက်ပျိုးရေးလုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ မိမိတို့နိုင်ငံတွင် ဆီထွက်သီးနှံများစိုက်ပျိုးဖြစ်ထွန်းသော်လည်း ပြည်တွင်းဆီဖူလုံမှုမရှိသဖြင့် စားသုံးဆီများအား ပြည်ပနိုင်ငံများမှ တင်သွင်းနေရကြောင်း၊ ထို့ကြောင့် နိုင်ငံအတွင်း ဆီဖူလုံမှုရှိစေရေး အထူးသဖြင့် ဆီထွက်အားကောင်းသည့် ဆီအုန်း၊ ပန်းနှမ်း၊ နေကြာ၊ ပြောင်းနှင့်ပဲပုပ်တို့ကို စိုက်ပျိုးကြရန်လိုကြောင်း၊ ကျန်းမာရေးအတွက် ဆီစားသုံးမှုများလျှော့ချပြီး တစ်ဖက်မှလည်း ပြည်တွင်းဆီထုတ်လုပ်မှုကိုမြှင့်တင်ခြင်းဖြင့် ပြည်ပမှ စားသုံးဆီတင်သွင်းမှုများကို လျှော့ချနိုင်ပြီး ပြည်ပငွေသုံးစွဲမှုများ များစွာလျှော့ချနိုင်မည်ဖြစ်ကြောင်း။

စွမ်းအင်နှင့်ပတ်သက်၍ လျှပ်စစ်ထုတ်လုပ်ရာတွင် ရေအား၊ နေရောင်ခြည်စွမ်းအင်၊ ဒီဇယ်၊ ကျောက်မီးသွေးနှင့် သဘာဝဓာတ်ငွေ့များအသုံးပြု၍ ထုတ်လုပ်ခြင်းများရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လျှပ်စစ်ထုတ်လုပ်မှုများအား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအား လျှပ်စစ်ထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းကို အပြည့်အဝအသုံးချဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွင်းလိုအပ်ချက်ကိုသာမက ပိုလျှံအောင်ပါ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ သို့သော်အပြည့်အဝအသုံးချခြင်းမပြုနိုင်သည့်အတွက် ကုန်းတွင်းနှင့် ကမ်းလွန်ဓာတ်ငွေ့များမှ တချို့အား ပြည်ပသို့ရောင်းချ၍ တချို့အား ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း၊ စက်ရုံအလုပ်ရုံများတွင် အသုံးပြုရန်အတွက် ဓာတ်ငွေ့နှင့်ကျောက်မီးသွေးများ မဖြစ်မနေလိုအပ်ချက်ရှိကြောင်း၊ ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများ လုံလောက်စွာရရှိမှုမရှိခြင်းကြောင့် အချို့စက်ရုံ၊ အလုပ်ရုံများပိတ်ထားရသဖြင့် ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများအား စက်မှုလုပ်ငန်းများတွင် အသုံးချနိုင်ရေး ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ဓာတ်ငွေ့နှင့် ကျောက်မီးသွေးများအသုံးပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို လျှော့ချ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့်ရေအားနှင့် နေရောင်ခြည်စွမ်းအင်တို့မှ ထုတ်ယူအသုံးပြုနိုင်ရန် လျှပ်စစ်မူဝါဒအဖြစ် ချမှတ်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဦးစားပေးဆောင်ရွက်ရန်လို

ပြည်တွင်းကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်း ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လိုအပ်သည့် ပညာရပ်များအား တတ်မြောက်စေရေး တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကျောင်းများ၊ သိပ္ပံများဖွင့်လှစ်၍ ထိုမှတစ်ဆင့် ကောလိပ်များနှင့် တက္ကသိုလ်များအဆင့်အထိ မြှင့်တင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်များအား ပြည်တွင်းဖူလုံစွာ စားသုံးနိုင်သကဲ့သို့ ပိုလျှံသည့်စားကုန်များကိုလည်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများ ရရှိစေမည်ဖြစ်ကြောင်း။

ထိပ်တန်းအဆင့်သို့ ရောက်ရှိနိုင်

မိမိတို့အနေဖြင့် နိုင်ငံသာယာဝပြောရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊နိုင်ငံသာယာဝပြောရေးအတွက် စည်းကမ်းရှိသည့် ဒီမိုကရေစီစနစ်၊ ဝင်ငွေကောင်းမွန်မှု၊ အလုပ်အကိုင်ရရှိမှု၊ ရောဂါကင်းစင်မှု၊ ရာသီအလိုက် ပွဲလမ်းသဘင်များနှင့် ပျော်ရွှင်မှုများရှိရမည်ဖြစ်သဖြင့် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ကြိုးစားဆောင်ရွက်မည်ဆိုပါက ၅ နှစ်အတွင်း အာဆီယံနိုင်ငံများတွင် အလယ်အလတ် အဆင့်သို့ရောက်ရှိနိုင်ပြီး ၁၀ နှစ်အတွင်း ထိပ်တန်းအဆင့်သို့ရောက်ရှိနိုင်ကြောင်း၊ နိုင်ငံ အတွင်းမြေပေါ်၊ မြေအောက်သယံဇာတများ၊ ပညာတတ်များနှင့် လုံလောက်သောလူစွမ်းအားအရင်းအမြစ်များ ရှိပြီးဖြစ်၍ကြိုးစားလုပ်ဆောင်လျှင်မဖြစ်နိုင်စရာမရှိကြောင်း၊ မိမိတို့ နိုင်ငံသားများတွင် မိသားစုစိတ်ဓာတ်ရှိပြီး တစ်ဦးနှင့်တစ်ဦး ရိုင်းပင်းကူညီချစ်စိတ်များရှိကြကြောင်း၊ နိုင်ငံအတွင်း နိုင်ငံသား အားလုံးသည် တစ်ဦးချင်းဝင်ငွေနှင့်လျော်ညီသည့် စွေးနှုန်းများဖြင့် စားသောက်နိုင်ရေးနှင့် လူတန်းစေ့နေနိုင်အောင် ပထမဦးစားပေး ဆောင်ရွက်ပေးရန်လိုကြောင်း။

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးရပြီးချိန်မှစ၍ ယခုအချိန်အထိ ရာနှုန်းပြည့် ငြိမ်းချမ်းမှုမရရှိသေးကြောင်း၊ နိုင်ငံသာယာဝပြောရေးအတွက် ငြိမ်းချမ်းရေးရရှိရန်လိုအပ်ကြောင်း၊ ငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီ၏အခြေအနေကိုနားလည်ရန်နှင့် နိုင်ငံ၏ပကတိအခြေအနေအား နားလည်ရန်လိုအပ်ကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒအရ ဥပဒေနှင့်အညီ ရွေးချယ်ခြင်းခံရသူများက ဦးဆောင် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ သို့သော်လူနည်းစု၏ဆန္ဒကိုလည်း အလေးထားရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ၁၈၈၆ ခုနှစ်မှစ၍ လွတ်လပ်ရေးဆုံးရှုံးခဲ့ရပြီး ကိုလိုနီလက်အောက် ကျရောက်နေချိန်အတွင်း မိမိတို့နိုင်ငံရှိလူငယ်များအနေဖြင့် လွတ်လပ်ရေးလိုလားသည့်အတွက် နိုင်ငံရေးလေ့လာမှုများ ပြုလုပ်ခဲ့ရာမှ ဆိုရှယ်လစ်အယူအဆများ ရရှိလာခဲ့ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ မတူညီသည့် နိုင်ငံရေးအယူအဆများ ပါရှိလာကြောင်း၊ လွတ်လပ်ရေး ရခါစတွင် ယင်းမတူညီသော နိုင်ငံရေးအယူအဆနှင့် တိုင်းရင်းသားရေးရာအရ ပဋိပက္ခများ ပြင်းထန်လာခဲ့ကြောင်း။

လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ဖဆပလ အစိုးရတက်လာသော်လည်း အဆိုပါအဖွဲ့အတွင်း လက်ဝဲအယူအဆနှင့် လက်ယာအယူအဆကွဲလွဲသူများပါဝင်ပြီး လုပ်ငန်းများဆောင်ရွက်ချိန်တွင် သဟဇာတမရှိဘဲ သဘောထားကွဲလွဲမှုများရှိခဲ့ကြောင်း၊ နိုင်ငံရေးအရ မတည်ငြိမ်မှုများနှင့် တိုင်းရင်းသားပဋိပက္ခများ ဖြစ်ပေါ်လာခြင်းကြောင့် ၁၉၅၈ ခုနှစ်တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားခြွင်းချက်ပြု၍ ဗိုလ်ချုပ်ကြီးနေဝင်းထံ အိမ်စောင့်အစိုးရတာဝန်အားပေးအပ်ခဲ့ရကြောင်း၊ ၁၉၆၂ ခုနှစ်တွင်လည်း တပ်မတော်မှတော်လှန်ရေးကောင်စီဖွဲ့စည်း၍ တာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တပ်မတော်တွင်း၌ ဆိုရှယ်လစ်အယူအဆရှိသူများရှိခဲ့ကြောင်း၊ နိုင်ငံရေးခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုတွင် သဘောထားကွဲလွဲမှုများကြောင့် တစ်ပါတီစနစ်ဖြင့်သွားရေးသာဆုံးဖြတ်ဆောင်ရွက်ခဲ့ရကြောင်း၊ လူငယ်များနှင့် တိုင်းရင်းသားအဖွဲ့များတွင် ဆိုရှယ်လစ်အယူအဆများနှင့် ဒီမိုကရေစီအယူအဆများ ကွဲလွဲခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် တပ်မတော်အစိုးရတာဝန်ယူချိန်တွင် ဒီမိုကရေစီစနစ်ဖြင့်ဆောင်ရွက်ရန်ရည်ရွယ်၍ ဆောင်ရွက်ခဲ့သော်လည်း အသားမကျသေးသည့်အတွက် ဗဟိုဦးစီးစနစ်ဖြင့်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်

ကို လျှောက်လှမ်းနိုင်ရန်အတွက် ပြောင်းလဲမှုများအား တစ်ဆင့်ခြင်းဆောင်ရွက်ခဲ့ကြောင်း၊ အုပ်ချုပ်မှုစနစ်နှင့် လိုက်လျောညီထွေရှိသော စွေးကွက်စီးပွားရေးစနစ်များကို ပြောင်းလဲခဲ့ကြောင်း။

၂၀၁၁ ခုနှစ်မှစ၍ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကိုလျှောက်လှမ်းခဲ့ပြီး နိုင်ငံရေးပါတီများအသီးသီးဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်ဖြစ်သဖြင့် နိုင်ငံရေးအရ စိတ်ဝမ်းကွဲရန်အကြောင်းမရှိကြောင်း၊ နိုင်ငံရေးအား ဥပဒေနှင့်ညီညွတ်စွာဆောင်ရွက်နိုင်ပြီး ပိတ်ပင်ထားခြင်းများမရှိကြောင်း၊ လက်ရှိနိုင်ငံရေးစနစ်အား မှန်မှန်ကန်ကန် အသုံးချရန်လိုကြောင်း၊ ပညာသင်ကြားနေသည့် ကျောင်းသားများအနေဖြင့် ပညာသင်ကြားချိန်တွင် ပညာရေးလမ်းကြောင်းပေါ်တွင်သာ လျှောက်လှမ်းရန်လိုကြောင်း။

အကျိုးရှိမည်

ကောင်စီဝင်များအနေဖြင့် နိုင်ငံရေးအရပကတိ အခြေအနေ၊ စီပွားရေးအရပကတိအခြေအနေ၊ နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ ပကတိအခြေအနေများအပေါ်တွင်စဉ်းစား၍ ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏ အကျိုးအတွက် ထိရောက်စွာဆောင်ရွက်နိုင်မည် ဖြစ် ကြောင်း၊ ကူးပြောင်းမှုကာလတွင် ပြည်သူများအားလုံးအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးမည်ဆိုပါက အားလုံးတည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် အကောင်းဆုံးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လွတ်လပ်စွာတွေးခေါ်၍ နိုင်ငံအတွက် ဖြစ်သင့်သည့် စကားမျိုး၊ ဖြစ်သင့်သည့်အလုပ်မျိုးများ ဆောင်ရွက်မည်ဆိုပါက အကျိုးရှိမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီစနစ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားအားလုံး ရှေးယခင်ကတည်းက စုပေါင်းနေထိုင်ခဲ့ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်သတ်မှတ်ချက်များတည်ရှိပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံအတွင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများအားလုံး တူညီသည့် စိတ်ဆန္ဒ၊ တူညီသည့် အခွင့်အရေးများဖြင့် နေထိုင်ကြရန်လိုကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲသည့် နိုင်ငံရေးသမားများအနေဖြင့်လည်း ပါတီစုံဒီမိုကရေစီစနစ်အပေါ်တွင် မှန်ကန်သည့်အမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံတကာတွင်လည်း ဒီမိုကရေစီစနစ်နှင့်ပတ်သက်၍ ငြိမ်းချမ်းစွာဖော်ဆောင်ကြကြောင်း၊ ထိုသို့ ငြိမ်းချမ်းစွာဆောင်ရွက်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး ဒီမိုကရေစီနည်းလမ်းမကျသည့် လက်နက်ဖြင့်အနိုင်ကျင့်၍လူထုအား အကြောက်တရားဖြင့်အုပ်ချုပ်ခြင်းမျိုးကို မလိုလားကြောင်း၊ ထို့ကြောင့် တပ်မတော်အနေဖြင့် နိုင်ငံအုပ်ချုပ်ရေးနှင့်ပတ်သက်၍ တိုက်ရိုက်ဆောင်ရွက်ခြင်းမရှိဘဲ သက်ဆိုင်ရာအရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများဖြင့်သာ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလုံးညီညွတ်မှုတရရန်လိုကြောင်း၊ အထူးသဖြင့် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှုမရှိသေးသည့် နေရာဒေသများအား ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဒေသများဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးခြင်းဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများကို တတ်နိုင်သမျှ တိုးတက်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ လက်နက်ကိုင်ဖြေရှင်းသည့် လမ်းစဉ်အားမိမိအနေဖြင့် မလိုလားကြောင်း၊ သို့သော်ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် ဆောင်ရွက်နေရခြင်းများရှိကြောင်း၊ ပြည်တွင်း ငြိမ်းချမ်းရေးရမှသာ ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းအား လျှောက်လှမ်းရာတွင် တည်တည်ငြိမ်ငြိမ်ဖြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်ဦးဆောင်၍ ကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဦးသိန်းညွန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးမောင်းဟာ၊ စောဒန်နီယယ်၊ ဒေါက်တာ ဗညားအောင်မိုးနှင့် ဦးရွှေကြိမ်းတို့က မျိုးဆက်သစ်လူငယ်များနှင့် အနာဂတ်လူငယ်များကို နိုင်ငံရေးပညာပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများ

က အချက်အလက်များကို စနစ်တကျလေ့လာပြုစုပြီး ဖြေရှင်းဆောင်ရွက်ရေး၊ နိုင်ငံရေးမသမာမှုများအရ တရားစွဲဆိုထားသည့်ပုဂ္ဂိုလ်အချို့၏အမှုများကို ပြန်လည်ရုပ်သိမ်းပေးရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါတိုင်းရင်းသားအခွင့်အရေးပြဋ္ဌာန်းချက်အား ပြုပြင်နိုင်ရေး၊ ပရိပတ္တိနှင့် ပရိယတ္တိစာသင်တိုက်များမှ ရဟန်းသံဃာတော်များအတွက် ပြည်သူအားလုံးပါဝင်သည့် လှူဒါန်းမှုများ ဆောင်ရွက်ပေးရေး၊ စာသင်ကျောင်းများအား သင့်လျော်သည့်အချိန် ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ စီးပွားရေးအတွက် နိုင်ငံခြားဝင်ငွေရရှိရန် အထွက်နှုန်းကောင်းပြီး အနံ့အရသာကောင်းမွန်သည့် ကော်ဖီကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေး၊ အမျိုးသားလုံခြုံရေးဥပဒေပါ လူဦးရေဆိုင်ရာလုံခြုံရေးအတွက် အလေးထားဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာအားကစားအဖွဲ့ချုပ်များ စနစ်တကျဖွဲ့စည်းရေး၊ ဝန်ကြီးဌာနများတွင် စက်သုံးဆီနှင့် လျှပ်စစ်မီးခွေတာသုံးစွဲရေး၊ လျှပ်စစ်မီတာခများအရစ်ကျစနစ်ဖြင့် ပေးသွင်းခွင့်ပြုရေး၊ ချင်းပြည်နယ်တွင် ဒေသဝမ်းစာဖူလုံရေးအတွက် ဝဋ္ဌစိုက်ပျိုးထုတ်လုပ်ရေးအတွက် ပံ့ပိုးကူညီရေး၊ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးမပြည့်ဝသဖြင့် ပျက်စီးမှုများကြောင့် နိုင်ငံတော်ဘဏ္ဍာငွေများဆုံးရှုံးမှုမဖြစ်ပေါ်အောင် ကြပ်မတ်ဆောင်ရွက်ရေး၊ ပညာရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းများ တိုးချဲ့လုပ်ဆောင်ရေး၊ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များက ပြည်သူလူထုအပေါ် နည်းလမ်းမျိုးစုံဖြင့် ခြိမ်းခြောက်နေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရေး၊ ဘုရားသုံးဆူ-သံဖြူဇရပ် မော်တော်ကားလမ်း အပြီးဖောက်လုပ်ပေးရေး၊ မွန်ပြည်နယ် ယဉ်ကျေးမှုပြတိုက်ဆောက်လုပ်ရန် မြေနေရာရရှိရေး၊ ကိုဗစ်-၁၉ ဆိုင်ရာညွှန်ကြားချက်နှင့် စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်နေမှုများအား စိစစ်ကြပ်မတ်ဆောင်ရွက်ရေး၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသအဆင့်ဌာနဆိုင်ရာရုံးများ တိုးချဲ့ဖွင့်လှစ်ပေးရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ် အမျိုးသားရေးနှင့်စပ်လျဉ်း၍ နိုင်ငံရေးအရ အမှုဖွင့်အရေးယူ ထားမှုများကို ပြန်လည်စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း အခြားဥပဒေများနှင့် ငြိစွန်းမှုရှိ၊ မရှိကို စိစစ်ပေးသွားမည်ဖြစ်ကြောင်း၊ ပရိပတ္တိနှင့် ပရိယတ္တိစာသင်တိုက်များမှ ရဟန်းသံဃာတော်များအတွက် ပြည်သူအားလုံးပါဝင်သည့်လှူဒါန်းမှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် နိုင်ငံတော်အနေဖြင့် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ၁၂ နှစ်နှင့် အထက် ကျောင်းသားကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း၊ Robusta ကော်ဖီစိုက်ပျိုးနိုင်ရေးနှင့်စပ်လျဉ်း၍ စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ပြီး လက်ရှိအခြေအနေတွင် ပြင်ဦးလွင်၊ ပင်လောင်းနှင့် ရွာငံဒေသတို့တွင် စိုက်ပျိုးလျက်ရှိသည့် Arabica ကော်ဖီစေ့းနှုန်းကောင်းမွန်ပြီး စေ့းကွက်ရရှိနေကြောင်း။

အမျိုးသားလုံခြုံရေးဥပဒေနှင့်စပ်လျဉ်း၍ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်နိုင်ရန် ဆွေးနွေးလျက်ရှိကြောင်း၊ လူဦးရေလုံခြုံရေးနှင့်စပ်လျဉ်း၍ ၁၉၈၂ ခုနှစ် နိုင်ငံသား ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့ရိုးရာအားကစားများ အရှေ့တောင် အာရှအားကစား ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ကြီးဌာနများတွင် စက်သုံးဆီ၊ လျှပ်စစ်မီးနှင့် တယ်လီဖုန်းသုံးစွဲမှုများကို စနစ်တကျရှိစေရန်ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်ရသင့် ရထိုက် သည့် အခွင့်များရရှိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအခွန်ငွေရရှိရန် အရေးကြီးကြောင်း။

ဒေသဝမ်းစာဖူလုံရေးသည်အရေးကြီး

ပုဒ်မ ၅၀၅ ဖြင့် အရေးယူထားမှုများနှင့်စပ်လျဉ်း၍ စိစစ်၍ အမှုရုပ်သိမ်းပေးလျက် ရှိကြောင်း၊ ချင်းပြည်နယ်တွင် ဒေသဝမ်းစာဖူလုံရေးသည်အရေးကြီးသည့်အတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သမဝါယမချေးငွေရရှိရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မွန်ပြည်နယ်ယဉ်ကျေးမှုပြတိုက်တည်ဆောက်နိုင်ရေးအတွက် မြေနေရာခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ပေးလျက်ရှိ

ကြောင်း၊ ထို့ပြင် ဘုရားသုံးဆူ–သံဖြူဇရပ် မော်တော်ကားလမ်းကို အဆင့်မြှင့်တင်ပေးလျက်ရှိကြောင်း၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဒေသအဆင့် ဌာနဆိုင်ရာများထားရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ကုန်ထုတ်လုပ်မှုများကို မြှင့်တင်သွားရန်လိုအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် လက်ရှိအခြေနေတွင် စီးပွားရေးနှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန်ကဏ္ဍတွင် ကျဆင်းလျက်ရှိကြောင်း၊ သို့သော် နယ်စပ်ကုန်သွယ်မှုတွင် တိုးတက်လျက်ရှိကြောင်း၊ ထို့ကြောင့် နယ်စပ်ကုန်သွယ်ရေးဂိတ်များကို Normal Trade ပုံစံရောက်ရှိအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်သွယ်မှုကဏ္ဍတိုးတက်ရန်အတွက် စိုက်ပျိုးရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုများကို မြှင့်တင်သွားရန် လိုအပ်ကြောင်း၊ဈေးကွက်ရှိပြီးဖြစ်သည့်အတွက် ဆန်စပါး၊ သား၊ ငါး၊ သစ်သီးဝလံနှင့် ပဲတို့ကို သတ်မှတ်အရည်အသွေးပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ငါးလေလံဈေးတည်ဆောက်ရန် ခွင့်ပြုပေးထားကြောင်း၊ ထို့ပြင်ထားဝယ်၊ သီလဝါတို့တွင် အထူးစီးပွားရေး ဖွံ့ဖြိုးရေးဇုန်များ ဆောင်ရွက်လျက်ရှိပြီး ပုသိမ်မြို့တွင် စက်မှုဇုန်တည်ဆောက်ရန် ခွင့်ပြုပေးထားပြီဖြစ်ကြောင်း၊ ဒေသအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများတိုးတက်မှသာ လူဦးရေအချိုးကျလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးတွင်လည်း ဒေသထွက်ကုန်များကိုအခြေခံသည့် စက်မှုလုပ်ငန်းများ တိုးတက်စေရန်နှင့် ကုန်ချောထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မြေပေါ်၊ မြေအောက် သယံဇာတကိုအခြေခံသည့် စီးပွားရေးသည် အကန့်အသတ်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသထွက်ကုန်များကိုအခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေးကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှသာ ပြည်သူများ အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိလာမည် ဖြစ်ကြောင်း။

ကိုဗစ်–၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် တတိယလှိုင်းအတွက်သာမက စတုတ္ထလှိုင်းအတွက်ပါ ထည့်သွင်းစဉ်းစားထားပါကြောင်း၊ ထို့ကြောင့် အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံများ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ အောက်ဆီဂျင်သုံးစွဲမှု အမြင့်ဆုံးကာလတွင်လည်း အလုံအလောက်ထုတ်လုပ်ပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ကိုဗစ်–၁၉ ကပ်ရောဂါ ကာကွယ်ဆေးနှင့် ကုသဆေးထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်းရှိ ဆေးဝါးထုတ်လုပ်သည့် စက်ရုံများမှ ဆေးဝါးများ ထုတ်လုပ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးသည် နိုင်ငံအတွက်အရေးကြီးကြောင်း၊ ထို့ကြောင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကိုဗစ်–၁၉ ကပ်ရောဂါကာကွယ်နိုင်ရန်လိုအပ်ပြီး ပြည်သူများ ပူးပေါင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ ကောင်စီဝင်များ အနေဖြင့် လည်းဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

■■■■■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

(၂၇ - ၉ - ၂၀၂၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ကို စက်တင်ဘာလ ၂၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇ၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဆောင်ရွက်ခဲ့သည်မှာ ၈ လတာကာလ ပြည့်မြောက်တော့မည် ဖြစ်ကြောင်း၊ တာဝန်ယူပြီးချိန်နောက်ပိုင်း ဖြစ်ပေါ်ပြောင်းလဲမှုများမျိုးစုံဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံအကြပ်အတည်းဖြစ်ပေါ်ခဲ့ခြင်းသည် ၂၀၂၀ ပြည့်နှစ်ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်ခဲ့မှုအပေါ် ဥပဒေအရဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ နိုင်ငံတော်၏အာဏာအား ဆက်လက်ရယူရန် အဓမ္မနည်းဖြင့် ဥပဒေမဲ့ဆောင်ရွက်ခဲ့မှုများကြောင့် ယခုကဲ့သို့သောအခြေအနေသို့ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း၊ နိုင်ငံ၏အရေးပေါ်အခြေအနေ ကြေငြာပြီး နောက်ပိုင်းတွင် ဥပဒေအရ ရင်ဆိုင်ဖြေရှင်း ဆောင်ရွက်နိုင်သည့် အခြေအနေများ ရှိခဲ့ကြောင်း၊ မဲမသမာမှုများနှင့်ပတ်သက်၍ တာဝန်ရှိသူများ၊ ပါဝင်ပတ်သက်သူများအနေဖြင့် ဥပဒေအရ အရေးယူခံရနိုင်သော်လည်း ရွေးချယ်ခံကိုယ်စားလှယ်များအနေဖြင့် ကိုယ်စားလှယ်အဖြစ်မှ ပျက်ပြယ်မှုသာရှိကြောင်း၊ အထွေထွေရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံတစ်ခုအတွက် အလွန်အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပြီး အဆိုပါအချက်အား မျက်ကွယ်ပြု၍ မသင့်တော်သည့်နည်းလမ်းဖြင့် အနိုင်ရရှိရေးကြိုးပမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဥပဒေဖြင့် မလျော်ညီဘဲ ဆောင်ရွက်ခဲ့မှုကြောင့် ဖယ်ရှားခံရသူများက ဥပဒေဖြင့်ဖြေရှင်းဆောင်ရွက်ခြင်းမပြုဘဲ အကြမ်းဖက်မှုနည်းလမ်းများဖြင့် ဆောင်ရွက်လာခဲ့ခြင်း ဖြစ်ကြောင်း၊ အကြမ်းဖက်လမ်းစဉ်ကို ၎င်းတို့ရွေးချယ်ခြင်းသာဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနည်းလမ်းနှင့် ဆောင်ရွက်ခြင်းကိုသာလိုလားကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထု၏ဆန္ဒကိုလေးစားကြောင်း၊ သို့သော် စည်းကမ်းနှင့် ညီညွတ်ရန်လိုပြီး "လူညီလျှင် ဤကိုကျွဲဖြစ်သည်" ဆိုသော်လည်း ဥပဒေနှင့်ညီညွတ်မှုမရှိပါက ဆောင်ရွက်၍မရကြောင်း၊ ဥပဒေအရသာဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အကြမ်းဖက်မှုများ၊ မီးရှို့ဖျက်ဆီးခြင်းများ၊ သတ်ဖြတ်ခြင်းများ၊ မိုင်းခွဲတိုက်ခိုက်ခြင်းများသည် ဒီမိုကရေစီစနစ်၏ဆန့်ကျင်ဘက်ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်ရှိနိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး ၎င်းတို့ထံမှသင်ခန်းစာယူ၍ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ဥပဒေ၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းကို လိုလားကြောင်း၊ ကောင်းမွန်သည့် ဒီမိုကရေစီအလေ့အထကို ရစေချင်ကြောင်း၊ လူ

> မိမိတို့အနေဖြင့် နိုင်ငံသာယာဝပြောရေးအတွက်
> ဆောင်ရွက်လျက်ရှိရာတွင် တောင်သူများ၊
> ကုန်ထုတ်လုပ်သူများအားလုံး
> စိတ်ချမ်းသာစွာ ထုတ်လုပ်နိုင်ရေးအတွက်
> သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အုပ်ချုပ်ရေးဆိုင်ရာ
> အဖွဲ့အစည်းများက ဘက်ပေါင်းစုံမှ
> ဆောင်ရွက်ကြရန်လို၊ စိုက်ပျိုးရေးတောင်သူများအား
> ပညာပေးခြင်းများ၊ အားပေးခြင်းများ
> ဆောင်ရွက်ကြရန်လို၊ ထို့အတူ ပြည်တွင်း
> ဘိလပ်မြေထုတ်လုပ်မှုလုပ်ငန်းများမှ
> ဘိလပ်မြေထုတ်လုပ်မှုများအား
> စွမ်းအားပြည့်လည်ပတ်၍
> ပြည်ပမှဘိလပ်မြေတင်သွင်းမှုများကို
> လျော့ချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်လိုအပ်။

အများစု၏ဆန္ဒဆိုပြီး ဥပဒေနှင့်ဆန့်ကျင်ကာ ဆောင်ရွက်၍မရကြောင်း၊ မိမိတို့နှင့်မိမိတို့မွေးထုတ်လိုက်သည့် မျိုးဆက်များတွင် မကောင်းသောအကျင့် မပါသွားရန်လိုကြောင်း။

ဦးတည်ဆောင်ရွက်နေ

ယခုအခါ CRPH, NUG စသည့်အဖွဲ့အစည်းများ ပြောဆိုဆောင်ရွက်နေသည့်ကိစ္စရပ်များသည် အကြမ်းဖက်လမ်းစဉ်ကို ဦးတည် ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ထို့အတူ ၎င်းတို့နှင့်ဆက်စပ်ဆောင်ရွက်နေသည့် EAO များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များတွင် တိုက်ရိုက်နည်းလမ်းများ၊ သွယ်ဝိုက်နည်းလမ်းများဖြင့် ပါဝင်ကူညီဆောင်ရွက်နေသည်ကိုတွေ့ရှိရကြောင်း၊ အဆိုပါ NUG နှင့်ဆက်စပ်အဖွဲ့များသည် ဒီမိုကရေစီနည်းအရ နိုင်ငံ၏ တိုးတက်ရာတိုးတက်ကြောင်း၊ ကောင်းမွန်ရာကောင်းမွန်ကြောင်း တိုက်တွန်းပြောဆိုနေမှုများ လုံးဝမရှိဘဲလူသတ်ခြင်း၊ မိုင်းခွဲခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန်သာတိုက်တွန်းပြောဆို၍ နိုင်ငံပျက်စီးအောင်ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် လျှောက်လှမ်းနေသည့် ဒီမိုကရေစီလမ်းကြောင်း ပေါ်မှလုံးဝသွေဖည်မသွားဘဲ ကာကွယ်ထိန်းသိမ်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်အပေါ် သစ္စာစောင့်သိ

မိမိတို့နိုင်ငံတွင် စာရင်းဇယားအရ လူဦးရေ ၅၅သန်း ခန့်ရှိကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှစ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ထိ အဆင့်ဆင့်အုပ်ချုပ်ရေးဆိုင်ရာဌာနများတွင် နိုင်ငံတော်၏လုပ်ငန်းများကိုအကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံ့ဝန်ထမ်းများရှိကြောင်း၊ အဆိုပါအဖွဲ့များအားလုံးသည် နိုင်ငံတော်၏ လစာကိုရယူနေရသူများဖြစ်သဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိရန်လိုကြောင်း၊ သတ်မှတ်ထားသည့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ မှန်မှန်ကန်ကန်လုပ်ဆောင်ရန်လိုကြောင်း၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် CDM ပြုလုပ်ပြီး ဥပဒေပြင်ပသို့ရောက်ရှိသွားသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပတ်သက်၍ ထိုကဲ့သို့ဆောင်ရွက်ခြင်းများမပြုလုပ်ရန်အတွက် စိတ်ရှည်သည်းခံစွာဖြင့် မိမိတို့၏ သဘောထားများအား ထုတ်ပြန်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အလားတူ လက်ရှိဥပဒေအတွင်း တာဝန်ထမ်းဆောင်နေသည့်အစိုးရဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်၏စီမံအုပ်ချုပ်မှုအောက်တွင် မှန်မှန်ကန်ကန်ဖြင့် နိုင်ငံအပေါ်သစ္စာရှိစွာတာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ဒီမိုကရေစီနိုင်ငံတိုင်းတွင် နိုင်ငံ့ဝန်ထမ်းများအားလုံးအား ဆန္ဒမဲပေးပိုင်ခွင့်ပေးထားပြီး နိုင်ငံရေးအရလွတ်လပ်ခွင့်ပေးပြီးဖြစ်ကြောင်း၊ နိုင်ငံရေးနှင့် ဝန်ထမ်းတာဝန် မရောရန်လိုကြောင်း။

ကြိုတင်ပြင်ဆင်ထားရမည်

ကိုဗစ်-၁၉ ဖြစ်ပွားမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု တတိယလှိုင်းဖြစ်ပွားလျက်ရှိပြီး ဇူလိုင်လအတွင်း အမြင့်ဆုံးဖြစ်ခဲ့သော်လည်း ယခုအခါရောဂါဖြစ်ပွားမှုနှုန်းများကျဆင်းလာပြီဖြစ်ကြောင်း၊ သို့သော်ကိုရိုနာဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုသည် မြန်ဆန်မှုရှိသဖြင့် ပေါ်ဆနေ၍မရဘဲ အဆိုးဆုံးအခြေအနေအထိမျှော်တွေး၍ ဆက်လက်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် အချို့မြို့နယ်များအား Stay at Home သတ်မှတ်ထားမှုများအား ဖြေလျှော့ပေးပြီး အချို့လိုအပ်သည့်မြို့နယ်များအား သတ်မှတ်မှုများတိုးမြှင့်ဆောင်ရွက်မှုရှိကြောင်း၊ ကူးစက်မှုများအားသိရှိစေရေးအတွက် စစ်ဆေးမှုများအား စဉ်ဆက်

မပြတ်ဆောင်ရွက်လျက်ရှိပြီး သတ်မှတ်ထားသည့် SOP များကိုလိုက်နာ၍ နေထိုင်သွားလာဆောင်ရွက်ရန်လို ကြောင်း၊ မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်း ၅ ရာခိုင်နှုန်း အောက်ရရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စတုတ္ထလှိုင်းဖြစ်ပွားလာနိုင်မှုအပေါ်လည်း ကြိုတင်ပြင် ဆင်ထားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့်ပတ် သက်၍ လိုက်နာရမည့် သွားလာမှုစည်းကမ်းများကိုလည်း တစ်ဦးချင်းလိုက်နာကြရန်လိုကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် နေကြသည့် ဆေးရုံများ၊ ဆေးခန်းများတွင်လည်း ကြို တင်ပြင်ဆင်မှုများ ဆောင်ရွက်ထားကြရန်လိုကြောင်း၊ အောက်ဆီဂျင်ရရှိရေးနှင့်ပတ်သက်၍လည်း ဇူလိုင်လ အတွင်း အမြင့်ဆုံးအသုံးပြုခဲ့သည့် ပမာဏထက်ကျော် လွန်အောင် ထုတ်လုပ်နိုင်ရေးဆောင်ရွက်ထားပြီးဖြစ် ကြောင်း၊ ဆေးရုံများတွင် ICU ခန်းများပြင်ဆင်ခြင်းနှင့် လိုအပ်သည့်ဆေးပစ္စည်းများအား ဝယ်ယူစုဆောင်းထား ရမည်ဖြစ်ကြောင်း၊ ကုသဆေးနှင့် ကာကွယ်ဆေးများ ကိုလည်း ပြည်ပမှဝယ်ယူနေရခြင်းထက် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အလေးထားဆောင်ရွက်ကြ စေလိုကြောင်း၊ တိုင်းရင်းဆေးအနေဖြင့်လည်း ဆေးခါး ကြီးကိုအခြေခံ၍ကာကွယ်ဆေးနှင့်ကုသဆေးတို့ထုတ်လုပ် ရေးလုပ်ငန်းများ တိုးတက်ရေးအတွက်လည်း အမြဲမပြတ် ဆောင်ရွက်သွားကြရန် လိုကြောင်း။

ကုန်သွယ်မှုလိုငွေ ၃၆၈ သန်းခန့်ရှိ

စီးပွားရေးကဏ္ဍနှင့်ပတ်သက်၍ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှ ၂၀၂၁ ခုနှစ် ဇူလိုင်လအထိ ဘတ်ဂျက် ကာလ ၁၀ လအတွင်း ပို့ကုန် ၁၁ ဒသမ ၈၉၂ ဘီလီယံ ရှိပြီး သွင်းကုန် ၁၂ ဒသမ ၂၆၀ ဘီလီယံရှိကြောင်း၊ စုစုပေါင်း ကုန်သွယ်မှုတန်ဖိုး ၂၁ ဒသမ ၁၅၃ ဘီလီယံရှိပြီး ကုန်သွယ်မှုလိုငွေ ၃၆၈ သန်းခန့်ရှိကြောင်း၊ ၂၀၁၉ -၂၀၂၀ ခုနှစ် ဘဏ္ဍာရေးနှစ်နှင့်နှိုင်းယှဉ်ပါက ကုန်သွယ်မှု ၂၂ ဒသမ ၃၈ ရာခိုင်နှုန်းကျဆင်းသွားကြောင်း၊ ကုန်သွယ်မှုလိုငွေ ဖြစ်ပေါ်ရခြင်းမှာ စားအုန်းဆီနှင့်ဘီလပ်မြေများအား ပို့မို တင်သွင်းခဲ့ရပြီး ပြည်ပပို့ကုန်များဖြစ်သည့် ငါး၊ ပုစွန်နှင့် ဆန်များ တင်ပို့မှုလျော့နည်းခဲ့ခြင်းကြောင့်ဖြစ် ကြောင်း၊ ၂၀၁၇-၂၀၁၈ တွင် ပြည်ပမှစားအုန်းဆီတန်ချိန် ၇၆၈၀၀၀ ကျော်၊ ၂၀၁၈ မီနီဘတ်ဂျက်တွင် တန်ချိန် ၃၇၀၀၀၀ ကျော်၊ ၂၀၁၈-၂၀၁၉ တွင်တန်ချိန် ၈၅၅၀၀၀ ကျော်၊ ၂၀၁၉-၂၀၂၀ တွင် တန်ချိန် ၈၈၈၀၀၀ ကျော်၊ ယခုနှစ် တွင် စက်တင်ဘာလ ၁၇ ရက် အထိ တန်ချိန် ၇၉၀၀၀၀ ခန့် အသီးသီးတင်သွင်းခဲ့ရသည်ကို တွေ့ရှိရသဖြင့် မိမိ တို့နိုင်ငံတွင် ဆီစားသုံးမှုနှင့်ပတ်သက်၍ စနစ်တကျခြုံငုံ သုံးစွဲကြရန် လိုအပ်သည်ကိုတွေ့ရှိရကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံသာယာဝပြောရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် တောင်သူများ၊ ကုန်ထုတ်လုပ် သူများအားလုံး စိတ်ချမ်းသာစွာထုတ်လုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများက ဘက်ပေါင်းစုံမှ ဆောင်ရွက်ကြရန်လို ကြောင်း၊ စိုက်ပျိုးရေးတောင်သူများအား ပညာပေးခြင်း များ၊ အားပေးခြင်းများ ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့အတူ ပြည်တွင်းဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းများ မှ ဘိလပ်မြေထုတ်လုပ်မှုများအား စွမ်းအားပြည့်လည် ပတ်၍ ပြည်ပမှဘိလပ်မြေတင်သွင်းမှုများကိုလျှော့ချနိုင် ရေး ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

ပြည်ပပို့ကုန် တိုးမြှင့်ရေး

မိမိတို့နိုင်ငံမှ ထွက်ရှိသည့် ဆန်များကိုလည်း ပြည်ပ သို့တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မှသာ နိုင်ငံခြားဝင်ငွေ များရရှိမည်ဖြစ်ကြောင်း၊ ပြည်ပသို့တင်ပို့နိုင်ရေးအတွက် အရည်အသွေးကောင်းမွန်သည့် ထုတ်ကုန်များဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စျေးချင်းတူပါက အရည်အသွေး ကောင်းရမည်၊ အရည်အသွေးချင်းတူပါက စျေးနှုန်းသက် သာစွာဖြင့် ရောင်းချနိုင်ရမည်ဖြစ်ကြောင်း၊ စပါး၊ ပဲ၊ ပြောင်းတို့သည် မိမိတို့နိုင်ငံ၏ အဓိကပြည်ပပို့ကုန်များ ဖြစ်ကြောင်း၊ ကုန်ချောအဖြစ် တင်ပို့နိုင်မည်ဆိုပါက နိုင်ငံ ခြားဝင်ငွေများပိုမိုရရှိမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်ပပို့ကုန်တိုးမြှင့်ရေးသည် အရေးကြီးကြောင်း။

လောင်စာဆီသုံးစွဲမှုနှင့် ပတ်သက်၍ မိမိတို့နိုင်ငံ အတွင်း ယခုနှစ် ဩဂုတ်လအထိ ကုန်တင်ယာဉ်နှင့် လူစီး မော်တော်ယာဉ်စုစုပေါင်း ၁၁၄၀၀၀၀၀ ကျော်၊ မော်တော် ဆိုင်ကယ် စုစုပေါင်း ၆၄၅၀၀၀၀ ကျော်ရှိကြောင်း၊ အဆိုပါ ယာဉ်များအတွက် စက်သုံးဆီများအား ပြည်ပ နိုင်ငံများ မှ တန်ချိန်ပေါင်းများစွာ တင်သွင်းနေရကြောင်း၊ ထိုသို့ သုံးစွဲလျက်ရှိသည့် စက်သုံးဆီများတင်သွင်းမှု လျှော့ချ

နိုင်ရေးအတွက် Public Transportation ဖြစ်သည့် ဘတ်စ်ကားများ၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများ ပြေးစွဲနိုင်ရေးအတွက် ဆောင်ရွက်ရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုများ လျှော့ချနိုင်ရေးအတွက် လူတစ်ဦးချင်း အနေဖြင့်အသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ရန်လိုသကဲ့သို့ စီမံခန့်ခွဲမှုလုပ်ငန်းများဆောင်ရွက်ရသည့် အစိုးရအဖွဲ့အစည်းများအနေဖြင့်လည်း စက်သုံးဆီများသုံးစွဲမှုလျှော့ချနိုင်သည့်နည်းလမ်းများကို ရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားအသုံးပြုမောင်းနှင်ရသည့် ဘတ်စ်ကားများနှင့်အိမ်သုံး မော်တော်ယာဉ်များ အသုံးပြုနိုင်ရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်ရန်လိုကြောင်း၊ အချို့နိုင်ငံများတွင် လျှပ်စစ်ဓာတ်အားသုံးမော်တော်ယာဉ်များအား စတင်သုံးစွဲလျက်ရှိကြောင်း။

လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေး၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ထုတ်လုပ်ရေးနှင့် လေအားသုံးလျှပ်စစ်ထုတ်လုပ်ရေးများ ဆောင်ရွက်နိုင်သည့် အရင်းအမြစ်များ များစွာရှိကြောင်း၊ အဆိုပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအားအသုံးချ၍ စက်သုံးဆီသုံးစွဲမှုအား လျှော့ချနိုင်ရေး မဖြစ်မနေဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည် ဖြစ်ကြောင်း။

ပြည်ပမှ တင်သွင်းနေ

စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများ သုံးစွဲရပြီး အဆိုပါဓာတ်မြေဩဇာများအား ပြည်ပမှတင်သွင်းနေရကြောင်း၊ စိုက်ပျိုးမြေများအတွက် ဓာတ်မြေဩဇာများလုံလောက်စွာရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြည်တွင်းဓာတ်မြေဩဇာထုတ်လုပ်ရေးစက်ရုံမှ လုံလောက်စွာထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိ ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးနိုင်ငံဖြစ်ပြီး ကျွဲ၊ နွား၊ ကြက်များအား မွေးမြူကြကြောင်း၊ အဆိုပါမွေးမြူရေးလုပ်ငန်းများအား စနစ်တကျမွေးမြူ၍ ၎င်းတို့၏ စွန့်ပစ်ပစ္စည်းများမှတစ်ဆင့် သဘာဝဓာတ်မြေဩဇာများ ထုတ် လုပ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း။ ထို့ကြောင့် မွေးမြူရေးဆောင်ရွက်သူများ စနစ်တကျဖြင့် မွေးမြူစေရေးအတွက် အသိပညာပေးမှုများ ဆောင်ရွက်ပေးရန်လိုကြောင်း။

မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ နိုင်ငံရေးအခြေအနေအား အခွင့်ကောင်းယူ၍ မူးယစ်ဆေးဝါးထုတ်လုပ်သူများအနေဖြင့် မူးယစ်ဆေးဝါးများအား နည်းလမ်းပေါင်းစုံဖြင့် ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ စက်တင်ဘာလအထိ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုအနေဖြင့် စုစုပေါင်း ၅၂၈ ကြိမ်ရှိပြီး ဖမ်းဆီးရမိမူးယစ်ဆေးများအနေဖြင့် WY ဆေးပြားပေါင်း ၁၂၈ သန်း၊ အိုက်စ် ၁၁၁၉၀ ကီလိုဂရမ်၊ ဘိန်းဖြူ ၁၄၅၁ ကီလိုဂရမ်၊ ဘိန်းစိမ်း ၁၂၂၇ ကီလိုဂရမ်၊ ကတ်တမင်း ၅၄၇ ကီလိုဂရမ်၊ ကိုကင်း ၇၄ ကီလိုဂရမ်နှင့် အခြားပစ္စည်း ၁၉၇၈၆၉ ကီလိုဂရမ် စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၆ ဒသမ ၉၇ ဘီလီယံရှိကြောင်း၊ ထို့ကြောင့်မူးယစ်ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးမှုများကို ပြည်ထဲရေးဝန်ကြီးဌာနနှင့် တပ်မတော်အနေဖြင့် ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးကြရန်လိုကြောင်း၊ ဖမ်းဆီးရမိမှုများသည် မိမိတို့နိုင်ငံ၌ မူးယစ်ဆေးဝါးထုတ်လုပ်မှုရှိနေသည်ကိုပြနေကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကြီးစိုးသည့်နေရာများဖြစ်ကြောင်း။

အခွန်အကောက်ရရှိရေးနှင့်ပတ်သက်၍ တိုင်းပြည်၏ ဝင်ငွေသည် အခွန်ငွေများဖြစ်ကြောင်း၊ ထို့ကြောင့် လျှပ်စစ်မီတာခများ၊ ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနများမှ ကောက်ခံလျက်ရှိသည့် အခွန်အကောက်များ မှန်မှန်ကန်ကန်နှင့် ပြည့်ပြည့်ဝဝရရှိရန်လိုကြောင်း၊ ပြည်သူများအနေဖြင့် အခွန်ထမ်းလိုသည့်စိတ်ရှိပြီး ပေးသင့်ပေးထိုက်သည့်အခွန်များပေးဆောင်လိုသည့် အသိများရှိရုန်လိုကြောင်း၊ တစ်ဖက်တွင် အခွန်ငွေများ လျှော့ချပေးထားသော်လည်း ရသင့်ရထိုက်သည့် အခွန်များရရှိစေရေး စနစ်တကျကောက်ခံရန်လိုကြောင်း၊ အခွန်ငွေများရရှိမှသာ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတည်ငြိမ်အေးချမ်းမည်ဖြစ်ကြောင်း။

ပတ်ဝန်းကျင်ကောင်းများ ဖန်တီးပေး

ပြည်သူများအတွက် ပတ်ဝန်းကျင်ကောင်းများ

ဖန်တီးပေးရန်လိုကြောင်း၊ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် ခြုံနွှယ်များရှင်းလင်းခြင်း၊ အမှိုက်များအား စနစ်တကျစွန့်ပစ်ရန်အတွက် ပြည်သူများအနေဖြင့် အသိစိတ်ရှိရှိဖြင့် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနများမှလည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူတစ်ဦးချင်း၏ Mind Set များကောင်းမွန်စေရေးအတွက် သန့်ရှင်းသာယာသည့် ပတ်ဝန်းကျင်ကောင်းများဖြစ်အောင် ဖန်တီးပေးရန်လိုကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ပြည်သူများစည်းကမ်းလိုက်နာမှု ရှိစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင် မိမိတို့နိုင်ငံတွင် ပြုပြင်ရန်လိုအပ်သည့်ကဏ္ဍများစွာရှိနေသေးသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်ကြောင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

ဆီစားသုံးမှုလျှော့ချရန်လို

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဂုံးချုပ်အမှာစကားပြောကြားရာတွင် ဆီဝယ်ယူတင်သွင်းမှုပမာဏအရ ပြည်တွင်းထွက်စားသုံးဆီမပါ အရွယ်ရောက်သူတစ်ဦးအနေဖြင့် တစ်နှစ်ဆီစားသုံးမှုမှာ ၁၀ပိသာကျော်ခန့်ရှိသည်ကို တွက်ချက်မှုများအရသိရှိရသဖြင့် တစ်ဦးချင်းဆီစားသုံးမှုများကို လျှော့ချကြရန်လိုပြီး ကျန်းမာရေးနှင့်လျော်ညီသည့် ဆီစားသုံးမှုများရှိရန်လိုကြောင်း၊ ပြည်တွင်း၌ ဆီဖူလုံစွာထုတ်လုပ်နိုင်ပြီး ဆီစားသုံးမှုများကိုလျှော့ချနိုင်မည်ဆိုပါက ပြည်ပမှစားသုံးဆီတင်သွင်းမှုကိုလျှော့ချနိုင်ပြီး နိုင်ငံ၏ နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ဆီစားသုံးမှုလျှော့ချရေးအတွက် ပြည်သူများအား အသိပညာပေးသည့်လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်သွားရန်လိုကြောင်း။

မြေယာစီမံခန့်ခွဲမှုမူဝါဒနှင့်ပတ်သက်၍ စီမံကိန်းလုပ်ငန်းများတွင် မြေနေရာရယူထားသူများအနေဖြင့် စိုက်ပျိုးထုတ်လုပ်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ နှစ်အလိုက်စိုက်ပျိုးရမည့် သတ်မှတ်ချက်များရှိကြောင်း၊ သို့သော်လည်း စိုက်ပျိုးမြေများကို ခွင့်ပြုချက်မရှိဘဲ အခြားနည်းလမ်းများဖြင့် တရားမဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရကြောင်း၊ စီမံကိန်းများဆောင်ရွက်ရန် မြေနေရာများဖော်ဆောင်ရာတွင် မြေနေရာရယူထားသူများအနေဖြင့် မြေပြင်တွင် အမှန်တကယ်ဆောင်ရွက်မှုမရှိသည်ကို တွေ့ရကြောင်း၊ မြေနေရာရယူထားသူများအနေဖြင့် မြေယာဥပဒေနှင့်မူဝါဒများကို လိုက်နာကြရန်လိုအပ်ကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက မှန်မှန်ကန်ကန်ကြီးကြပ်ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံတော်၏ စိုက်ပျိုးမြေဧကလျော့ကျမှုမရှိစေရန်အတွက် တာဝန်ရှိသူများက မြေယာစီမံခန့်ခွဲမှုများကို စနစ်တကျဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ မြေကိုတန်ဖိုးထားပြီးအကျိုးရှိအောင် ထိထိရောက်ရောက်အသုံးပြုရန်လိုအပ်ကြောင်း၊ နိုင်ငံအတွင်းရှိ မော်တော်ကားလမ်းများ၏ လမ်းနယ်နိမိတ်အကျယ်အဝန်းကို အတိအကျသတ်မှတ်ပေးထားကြောင်း၊ လမ်းနယ်နိမိတ်များအတွင်း ကျူးကျော်ဝင်ရောက်မှုများ မဖြစ်စေရန် တာဝန်ရှိသူများက စနစ်တကျကိုင်တွယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဦးစားပေးဆောင်ရွက်

တိုင်းရင်းသားဒေသများနှင့်ပတ်သက်၍ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်အောင် ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်အတူ တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင် ဖော်ဆောင်ပေး ရမည်ဖြစ်ကြောင်း၊ ထို့အတူ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ တိုင်းရင်းသားဒေသများ၏ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများ ရုပ်လုံးပေါ်အောင် ဆောင်ရွက်ပေးနိုင်မှသာ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ သို့မှသာတည်ငြိမ်းအေးချမ်းပြီး သာယာဝပြောသည့် နိုင်ငံတစ်နိုင်ငံ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များ စုပေါင်းပြီး ပြည်ထောင်စုနိုင်ငံ ဖွဲ့စည်းထားကြောင်း၊ သို့

ဖြစ်၍ ပြည်သူအားလုံး သာတူညီမျှ၊ အေးအတူပူအမျှ ရရှိခံစားရမည်ဖြစ်သောကြောင့် စည်းလုံးညီညွတ်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ရော၊ မြေ၊ သဘာဝ သယံဇာတများနှင့် အတတ်ပညာများရှိသည့်အတွက် အားလုံး ဝိုင်းဝန်းကြိုးစားပါက ၅ နှစ် အတွင်း အာဆီယံတွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ ပို့မိုကြိုးစားပါက ၁၀ နှစ်အတွင်း အာဆီယံတွင် ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ အစိုးရသည် ပြည်သူလူထု၏ အရိပ်ဖြစ်သဖြင့် အစိုးရ၏အရိပ်အောက်တွင် ပြည်သူများ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်နေထိုင်နိုင်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ အစိုးရအနေဖြင့် ပြည်နယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတစ်ရပ်လုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အတွက် အမျိုးသားစီမံကိန်းဥပဒေပါ စီမံကိန်းလုပ် ငန်းများကို အကျိုးရှိရှိ ဆောင်ရွက်သွားကြစေလိုကြောင်း မှာကြားသည်။

■■■■■

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့-၂၀၂၁ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သည့်အမှာစကား

(၂၇ - ၉ - ၂၀၂၁)

ဒီနေ့ကျင်းပပြုလုပ်တဲ့ ၂၀၂၁ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပါစေ၊ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်စက်တင်ဘာလ ၂၇ ရက်နေ့မှာ ကမ္ဘာတစ်ဝန်းရှိ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်ရဲ့ အဖွဲ့ဝင်နိုင်ငံများမှာကျင်းပကြကြောင်း သိရှိရပါတယ်။ ဒီလိုကျင်းပရတဲ့ ရည်ရွယ်ချက်က စီးပွားရေးဆိုင်ရာအကျိုးရှိမှု၊ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်မှု၊ သဘာဝအရင်းအမြစ်များ၊ သမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းနိုင်မှု၊ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်နိုင်မှု၊ ပြည်သူလူထုအချင်းချင်းရင်းနှီးကျွမ်းဝင်မှုနဲ့ အပြန်အလှန်နားလည်ရေး တည်ဆောက်နိုင်မှုစတဲ့ ခရီးသွားလုပ်ငန်းရဲ့အရေးပါတဲ့ အကျိုးသက်ရောက်မှုတွေကို ပြည်သူအများကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေဖို့ဖြစ်တယ်လို့ သိရှိရပါတယ်။

အကျိုးအမြတ်များ ရရှိခံစားစေ

ခရီးသွားလုပ်ငန်းဟာ ၎င်းနဲ့တိုက်ရိုက်ပတ်သက်တဲ့ အလုပ်အကိုင်များဖြစ်တဲ့ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းအေဂျင်စီများ၊ ခရီးလှည့်လည်ရေးလုပ်ငန်းလုပ်ကိုင်တဲ့ ကုမ္ပဏီများ၊ လေကြောင်းလိုင်းများနဲ့ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများအပြင် ဆောက်လုပ်ရေးလုပ်ငန်းများ၊ အင်ဂျင်နီယာလုပ်ငန်းများ၊ ကုန်စည်ထုတ်လုပ်ရေးလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ၊ အစားအသောက်နဲ့ သစ်သီးဝလံစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း အကျိုးအမြတ်များရရှိခံစားစေတာကို သတိပြုမိဖို့လိုအပ်ပါတယ်။ နိုင်ငံတစ်နိုင်ငံ အလုံးစုံဖွံ့ဖြိုးတိုးတက်စေဖို့အတွက် အထောက်အကူပြုတဲ့နေရာမှာ ခရီးသွားလုပ်ငန်းဟာ အရေးပါတဲ့အခန်းကဏ္ဍမှာပါဝင်ပြီး အလုပ်အကိုင်နဲ့ အခွင့်အလမ်းများကို ဖန်တီးပေးခြင်းဖြင့် စီးပွားရေးဆိုင်ရာ မညီမျှမှုများကို လျော့နည်းစေနိုင်တယ်လို့လည်း ပြောနိုင်ပါတယ်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အခမ်းအနားကို “ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး” (Tourism for Inclusive Growth)ဆိုတဲ့ ဆောင်ပုဒ်နဲ့ကျင်းပကြမှာဖြစ်ပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ကမ္ဘာ့နိုင်ငံများမှာရှိတဲ့ ခရီးသွားလုပ်ငန်းနဲ့ ဆက်စပ်ကဏ္ဍအားလုံး တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေတယ်ဆိုတာ ပိုမိုသိရှိကြစေဖို့ ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်းဆိုင်ရာ အကျပ်အတည်း

လွန်ခဲ့တဲ့နှစ်အနည်းငယ်က အရှိန်အဟုန်ကောင်းစွာနဲ့ တိုးတက်လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ ခရီးသွားလုပ်ငန်းဟာ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလမှာ စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ဖို့ ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးမှုရပ်ဆိုင်းတာတွေ၊ နိုင်ငံတကာ လေကြောင်းလိုင်းတွေရပ်ဆိုင်းတာတွေ၊ ခရီးသွားလာခွင့်ထိန်းချုပ်တာတွေကို လုပ်ဆောင်ခဲ့ရတဲ့အတွက် မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြတဲ့ နိုင်ငံတကာပြည်ဝင်ခရီးစဉ်များ လုံးဝရပ်ဆိုင်းသွားခဲ့တာ အားလုံးအသိပဲ ဖြစ်ပါတယ်။ ဒါဟာ မြန်မာနိုင်ငံအပါအဝင် နိုင်ငံတကာမှာဖြစ်ပေါ်ခဲ့တဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အကျပ်အတည်းဖြစ်ပြီး အပြည့်အဝပြန်လည်နာလန်ထူဖို့ ကြိုးစားကြရဦးမှာ ဖြစ်ပါတယ်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ထုတ်ပြန်ထားတဲ့ စာရင်းဇယားများ အရ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလမှ မေလအထိ ကမ္ဘာတစ်ဝန်း နိုင်ငံတကာခရီးသည်ရောက်ရှိမှုဟာ ၂၀၁၉ ခုနှစ် အလားတူကာလရောက်ရှိမှုနဲ့ နှိုင်းယှဉ်ရင် ၈၅ ရာခိုင်နှုန်းကျဆင်းသွားတာကို တွေ့ရှိရပါတယ်။ အရေအတွက်အားဖြင့် သန်း ၄၆၀ လျော့နည်းသွားခြင်းဖြစ်ပါတယ်။ ဒါဟာ ကမ္ဘာ့ခရီးသွားလုပ်ငန်းသမိုင်းမှာ

အဆိုးရွားဆုံး ကျဆင်းမှုဖြစ်ပါတယ်။

အာရှ-ပစိဖိတ်ဒေသကိုကြည့်ရင် ၂၀၂၁ ခုနှစ်၊ ပထမ (၅)လအတွင်း နိုင်ငံတကာခရီးသည်ရောက်ရှိမှုဟာ ၂၀၁၉ ခုနှစ်နဲ့နှိုင်းယှဉ်ရင် ၉၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။ ဥရောပဒေသက ၈၅ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းဒေသက ၈၃ ရာခိုင်နှုန်း၊ အာဖရိကဒေသက ၈၁ ရာခိုင်နှုန်းနဲ့ အမေရိကဒေသက ၇၂ ရာခိုင်နှုန်း အသီးသီး လျော့နည်းကျဆင်းသွားကြောင်း တွေ့ရှိရပါတယ်။

ကြံ့တွေ့နေကြရ

ကမ္ဘာ့ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals)ထဲမှ ဆင်းရဲနွမ်းပါးမှုပပျောက်ရေး၊ ကျား/မ တန်းတူညီမျှမှု၊ ကောင်းမွန်တဲ့အလုပ်အကိုင်နဲ့ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုစတဲ့ ရည်မှန်းချက်တွေကို အဓိကမဏ္ဍိုင်တစ်ခုအဖြစ် ဖြည့်ဆည်းပံ့ပိုးပေးခဲ့တဲ့ ခရီးသွားလုပ်ငန်းကဏ္ဍဟာ ယခုအချိန်မှာ ဒီလိုအခြေအနေမျိုးတွေကြောင့် မအောင်မြင်မှုတွေ၊ ဆုံးရှုံးမှုတွေနဲ့ ကြံ့တွေ့နေကြရပါတယ်။ ဒါကြောင့်လည်း ခရီးသွားလုပ်ငန်းပြန်လည် စတင်နိုင်ဖို့နဲ့ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာဖို့ ကမ္ဘာ့ခရီးသွားလုပ်ငန်း အဖွဲ့ချုပ်အပါအဝင် နိုင်ငံတကာ အဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများနဲ့ ကမ္ဘာ့နိုင်ငံများကလည်း အထူးဂရုစိုက်ကြိုးစားဆောင်ရွက်လျက်ရှိနေကြပါတယ်။မြန်မာနိုင်ငံအနေနဲ့လည်း ခရီးသွားလုပ်ငန်းများမကြာခင်မှာ ပြန်လည်စတင်နိုင်ဖို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေနဲ့ သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနဲ့ ပူးပေါင်းကြိုးပမ်းဆောင်ရွက်နေကြပါတယ်။

ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ဖို့ ပြည်တွင်းပြည်ပခရီးသွားများရဲ့ယုံကြည်မှုကို တည်ဆောက်နိုင်ရေးဟာ အရေးပါတဲ့အတွက် ခရီးသွားလုပ်ငန်းကဏ္ဍအတွင်းမှာ ဝန်ဆောင်မှုပေးနေကြသူများကို ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးဆိုင်ရာအသိပညာပေးသင်တန်းများ ပို့ချပေးနေသလို၊ ဟိုတယ်များ၊ တည်းခိုရိပ်သာများ၊ စားသောက်ဆိုင်များ၊ ခရီးသွားကုမ္ပဏီများ၊ ဧည့်လမ်းညွှန်များ၊ အမှတ်တရပစ္စည်းအရောင်းဆိုင်များ၊ ပို့ဆောင်ရေးလုပ်ငန်းများကိုပါ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးစံနှုန်းများ၊ လမ်းညွှန်ချက်များနဲ့ ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးပြီး ဘေးအန္တရာယ်ကင်းရှင်းသော ဝန်ဆောင်မှုအဖြစ်သတ်မှတ်တဲ့ (Health and Safety Protocol) အသိအမှတ်ပြုလက်မှတ်များကို ဒေသတွင်းအဆင့်၊ အမျိုးသားအဆင့်နဲ့ နိုင်ငံတကာအဆင့် သတ်မှတ်ပေးသွားဖို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကျန်းမာရေးဝန်ကြီးဌာနနဲ့ အခြားဆက်စပ်ဝန်ကြီးဌာနများရဲ့ ပံ့ပိုးကူညီမှုနှင့် အကောင်အထည်ဖော် ဆောင်ရွက်နေတယ်လို့ သိရှိရပါတယ်။

ပိုမိုရွေးချယ်လာကြမှာဖြစ်

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ခရီးသွားများရဲ့ ရွေးချယ်မှုများဟာ ပြောင်းလဲသွားပြီဖြစ်ပါတယ်။ ကျန်းမာရေးနှင့်ညီညွတ်ပြီး သီးခြားသွားရောက်ရတဲ့ ခရီးစဉ်များကို ပိုမိုရွေးချယ်လာကြမှာဖြစ်ပါတယ်။ လူနေထူထပ်များပြားတဲ့ မြို့ပြဒေသတွေ၊ နေရာတွေအစား လူနေထူထပ်မှုမရှိဘဲလွတ်လပ်စွာ သွားလာလည်ပတ်လို့ရမယ့် Nature Based Tourism၊ Ecotourism၊ Agri-tourism၊ Marine Tourism၊ Rural Tourism စတဲ့ ခရီးစဉ်တွေကို ပိုမိုစိတ်ဝင်စား လည်ပတ်လာကြပါတယ်။

မြန်မာနိုင်ငံမှာ မိုတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုး(၁၃၅)မျိုး ရှိပြီး တိုင်းရင်းသားလူမျိုးစုတိုင်းမှာ မတူညီတဲ့ယဉ်ကျေးမှုဓလေ့စရိုက်တွေ၊ သက်ဝင်ယုံကြည်မှုတွေ၊ ရိုးရာပွဲတော်တွေနဲ့ဒေသထွက် ပစ္စည်းများ၊ အစားအသောက်များစတဲ့ အလွန်စိတ်ဝင်စားစရာတွေကို ပိုင်ဆိုင်ထားကြပါတယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုများကို ဖော်ထုတ်ပေးဖို့၊ ကျေးလက်ဒေသနေ ပြည်သူတွေရဲ့ ဆင်းရဲနွမ်းပါးမှုကိုလျော့ချဖို့နဲ့ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့စတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတဲ့ ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း (Community Based Tourism) ကိုလည်း အထူးအလေးထားပြီး ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြစေလိုပါတယ်။

မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ လွန်စွာလှပတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် မြန်မာနိုင်ငံရဲ့ ရေမြေတောတောင်သဘာဝအလှများဟာ ခရီးသွားဧည့်သည်တွေအတွက် အလွန်စွဲဆောင်မှုရှိတဲ့ နိုင်ငံတစ်နိုင်ငံ ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ မြောက်ဖျားဒေသတွေမှာ နှင်းဖုံးတဲ့ တောင်တန်းတွေရှိသလို တောင်

ဘက်စွန်းဒေသတွေမှာ ပင်လယ်ကမ်းခြေ အလှအပတွေ ကျွန်းစုတွေနဲ့ အလှအပပေါင်းစုံကို ခံစားရှုမြင်နိုင်တဲ့ နိုင်ငံ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ တောင်ဖက်စွန်းကမြိတ်ကျွန်းစုဒေသ မှာလည်း ထူးခြားလှပတဲ့ ကမ်းခြေတွေရှိတဲ့ ကျွန်းတွေ၊ ရေအောက်သယံဇာတတွေနဲ့ အလှအပတွေ၊ တနင်္သာရီ တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး နဲ့ ရခိုင်ပြည်နယ်တို့မှာရှိတဲ့ ကမ်းခြေဒေသတွေဟာလည်း ပြည်တွင်း/ ပြည်ပ ခရီးသွားတွေအတွက် ရွေးချယ်စရာ နေရာတွေဖြစ်ပါတယ်။ ဒီလိုသဘာဝခရီးစဉ်တွေအပြင် အပျော်စီးမီးရထားခရီးစဉ်တွေ၊ မြစ်အတွင်းသင်္ဘောခရီး စဉ်တွေ၊ တောတွင်းခရီးကြမ်းလမ်းလျှောက်တာတွေ၊ တောင်တက်ခရီးစဉ်တွေစတဲ့ ပြည်တွင်းပြည်ပခရီးသွား တွေအတွက် ခရီးစဉ်အသစ်တွေ၊ ခရီးသွားမှု ပုံစံအသစ် တွေကို တီထွင်ကြံဆဖန်တီးဆောင်ရွက်သွားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

ခရီးသွားလုပ်ငန်း ပြန်လည်စတင်ဖို့အဘက်ဘက်က ကြိုးစားဆောင်ရွက်နေသလို တစ်ဖက်ကလည်း ခရီးသွား လုပ်ငန်းကရရှိလာမယ့် အကျိုးအမြတ်တွေကို ခရီးသွား လုပ်ငန်းမှာ ပါဝင်ဆောင်ရွက်နေကြတဲ့ နယ်ပယ် အသီး သီးက ပြည်သူများကလည်း အချိုးညီမျှစွာရရှိစေရေး ဟာလည်း အလွန်အရေးပါပါတယ်။

ခရီးသွားလုပ်ငန်းဟာ ကျွမ်းကျင်မှုနဲ့ အတွေ့အကြုံ မတူညီတဲ့လုပ်သားများအတွက် အလုပ်အကိုင် အခွင့် အလမ်းကို ဖန်တီးပေးနိုင်တာကြောင့် လူမှုရေးအရ ပိုမို ပေါင်းစည်းမှုကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

အလွန်အရေးကြီး

မြန်မာနိုင်ငံရဲ့ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုး တက်လာဖို့အတွက် ဆောင်ရွက်ရာမှာ ကိုဗစ်-၁၉ ကပ် ရောဂါကူးစက်ပြန့်ပွားမှုကို သတိပြုဆောင်ရွက်ဖို့လည်း လိုအပ်ပါတယ်။ ပြည်တွင်း၊ ပြည်ပခရီးသွားကဏ္ဍ ပြန် လည်ရှင်သန် ဦးမော့လာစေရေးအတွက် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှုန်းလျော့ကျရေးဟာ အလွန်အရေးကြီးပါတယ်။ လူတစ်ဦးချင်းစီရဲ့ အသိစိတ်ဓာတ်ရှိရှိ ပူးပေါင်းဆောင် ရွက်မှု၊ တာဝန်ရှိအဖွဲ့အစည်း အသိုက်အဝန်းအားလုံးက ကြပ်မတ်၊ ကူညီ၊ ပံ့ပိုးဆောင်ရွက်ပေးမှုများဟာ ခရီးသွား ကဏ္ဍအမြန်ရှင်သန်ရေးအတွက် အထောက်အကူပြုစေ မှာပါ။ အားလုံးနဲ့သက်ဆိုင်တဲ့လုပ်ငန်း၊ အားလုံးအတွက် အကျိုးပြုတဲ့လုပ်ငန်းဖြစ်လို့ အလေးထားစေလိုပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါတားဆီးကာကွယ်ရေး လမ်းညွှန် ချက်များနဲ့အညီ ဌာနဆိုင်ရာများဘက်ကရော၊ ပုဂ္ဂလိက လုပ်ငန်းရှင်များဘက်ကပါ ဘက်စုံဟန်ချက်ညီညီ အကောင် အထည်ဖော် ဆောင်ရွက်ဖို့လိုအပ်ပါတယ်။ ဒီအချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်နယ်နဲ့တိုင်းဒေသကြီး အစိုးရအဖွဲ့များနဲ့ ခရီးသွားလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့ များ၊ လုပ်ငန်းရှင်များကလည်း အလေးထားဆောင်ရွက် ကြဖို့ တိုက်တွန်းလိုပါတယ်။ ခရီးသွားလုပ်ငန်းဟာကဏ္ဍ များစွာနဲ့ ပတ်သက်ဆက်နွယ်မှုရှိတဲ့အတွက် ပါဝင်လုပ် ကိုင်သူအားလုံးအတွက် အကျိုးအမြတ်ရှိစေမှာ ဖြစ်ပါ တယ်။ ခရီးသွားလုပ်ငန်းကြောင့် နိုင်ငံရဲ့စီးပွားရေးကို အထောက်အကူပြုသည်သာမက ကမ္ဘာ့နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုအမွေအနှစ်၊ သဘာဝ အမွေအနှစ်များကိုလည်း ထိန်းသိမ်းရာရောက်တဲ့အတွက် နိုင်ငံတော်ရဲ့ ဦးစားပေးကဏ္ဍများအနက်မှာ အရေးပါတဲ့ ကဏ္ဍအနေနဲ့လည်း ပါဝင်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ယခုနှစ်ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်ဖြစ်သော “ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေး၊ ခရီး သွားလုပ်ငန်းဖြင့် ဖော်ဆောင်ပေး” (Tourism for Inclusive Growth)နဲ့လျော်ညီစွာ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက် ရေး ကြိုးပမ်းဆောင်ရွက်ပြီး ခရီးသွားလုပ်ငန်းမှရရှိတဲ့ အခွင့်အလမ်းများနဲ့ အခြားလူမှုစီးပွားကဏ္ဍများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရန်နဲ့ ဒေသခံပြည် သူများအချိုးညီမျှစွာ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိခံစားနိုင် ကြစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြဖို့ တိုက် တွန်းအပ်ပါတယ်။

■■■■■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

(၂၈ - ၉ - ၂၀၂၁)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၅/၂၀၂၁)အား စက်တင်ဘာလ ၂၈ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒေါက်တာ ဒေါသီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦခင်မောင်ရီ၊ ဦခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဒေါက်တာ သက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မွန်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်းနှင့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဆွေးနွေးအကြံပြုကြရန်

ဦးစွာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာ၌ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များအား စနစ်တကျဖြင့် ပြည့်ပြည်စုံစုံ အပြန်အလှန်ဆွေးနွေးကြရန်နှင့် နိုင်ငံနှင့်ကိုက်ညီသည့် အခြေအနေများကို ဆွေးနွေးအကြံပြုကြရန်လိုကြောင်း၊ နိုင်ငံသာယာဝပြောရေးသည် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် စီးပွားရေးဆိုင်ရာလုပ်ငန်းများ ပါဝင်သဖြင့် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်း၊ အရေးပါသည့် ကိစ္စရပ်များဆောင်ရွက်ရာတွင်အဓိကအားဖြင့် ဥပဒေနှင့်စည်းကမ်းများပေါ်တွင် အခြေခံ၍ ဆောင်ရွက်ရန်လိုကြောင်း၊ ဥပဒေအရ စိစစ်ရန်လိုအပ်သည့်နေရာများအား ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် စနစ်တကျစိစစ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသ၏အဓိက လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ရာတွင်လည်း အမှန်တကယ်လိုအပ်မှုရှိ မရှိ ချင့်ချိန်ဆောင်ရွက်ကြရန်လိုကြောင်း။

ကိုက်ညီမှုရှိရန်

မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့်ဆက်ဆံဆောင်ရွက်သည့်အချိန်တွင် မိမိတို့နိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီရန်နှင့် အခြေခံဥပဒေ၊ တည်ဆဲဥပဒေများနှင့် ကိုက်ညီမှုရှိရန်လိုအပ်ကြောင်း၊ လိုအပ်သည့် နည်းဥပဒေများ၊ အမိန့်နှင့်ညွှန်ကြားချက်များအား လက်ရှိပကတိအခြေအနေနှင့် ကိုက်ညီအောင် ဆောင်ရွက်ရန် လိုကြောင်း၊ လွယ်ကူရှင်းလင်းသည့် စီမံခန့်ခွဲမှုစနစ်နှင့် အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုကြောင်း၊ သို့မှသာ Good Governance စနစ်ကို ဖော်ဆောင်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း။

ဝန်ကြီးဌာနများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်သည့်အချိန်တွင် ပေါင်းစပ်ဆောင်ရွက်

မှုများ အားနည်းသည်ကိုတွေ့ရှိရကြောင်း၊ လုပ်ငန်းများဆောင်ရွက်နေသူများအနေဖြင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် ဥပဒေများကိုသိရှိအောင် လေ့လာထားမှသာလုပ်နိုင်စွမ်းများတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မိမိတို့လုပ်ငန်းပေါ်တွင် စေတနာထားဆောင်ရွက်ကြစေလိုကြောင်း၊ လုပ်ငန်းများအားလုံး လျှင်မြန်စွာဆောင်ရွက်နိုင်ရန်လိုပြီး လုပ်ငန်းများအား မြန်မြန်ထက်ထက်ဆောင်ရွက်ပေးနိုင်ခြင်းဖြင့် အထက်အောက်ယုံကြည်ကိုးစားမှုကိုရရှိပြီး ကောင်းမွန်သည့်အစိုးရစနစ်ကိုဖြစ်ထွန်းစေသဖြင့် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဝန်ကြီးချုပ်များနှင့် ဒုတိယဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာကိစ္စရပ်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အကြမ်းဖက်လုပ်ငန်းများ၌အချို့ EAO များ ပါဝင်ပတ်သက်နေမှုရှိနေသော်လည်း EAO အများစုမှာ လက်ခံမှုမရှိကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုမထိခိုက်အောင် တတ်နိုင်သမျှထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လုံခြုံရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကြမ်းဖက်လုပ်ငန်းများနှင့် မသက်ဆိုင်သည့် ပြည်သူများ၏လွတ်လပ်ခွင့်ကိုလည်း မထိခိုက်ရန်လိုကြောင်း။

မော်တော်ဆိုင်ကယ်များ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများ ရေးဆွဲဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ မြို့မြေများတိုးချဲ့ ဖော်ဆောင်ခြင်းနှင့်ပတ်သက်၍ နောင်အနာဂတ်ကာလအထိ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ မဖြစ်မနေလိုအပ်သည့် စာသင်ကျောင်း၊ ဆေးရုံနှင့် အားကစားကွင်းများ ထည့်သွင်းတည်ဆောက်ခြင်းနှင့် မြို့သာယာလှပရေးအတွက် လမ်းနယ်နိမိတ်များ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးခြင်းများအား စနစ်တကျထည့်သွင်းတည်ဆောက်ရန်လိုကြောင်း လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

■■■■■

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တောင်ကြီးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ဦးစောထွန်းအောင်မြင့်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့ဝင်များက လှိုက်လဲနွေးထွေးစွာကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှု အခြေအနေများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ ကုန်ထုတ်လုပ်မှုကဏ္ဍများနှင့် ဒေသဆိုင်ရာအထွေထွေ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံခန့်ခွဲရေးဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးအာကာလင်းတို့က ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား ရှင်းလင်းတင်ပြကြပြီး တောင်ကြီးခရိုင်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်းဆောင်ရွက်ကြရန်လို

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားရာတွင် ရှမ်းပြည်နယ်သည် ဆန်ဖူလုံမှုရှိသည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပိုလျှံသည့်ဆန်များအား ပြည်ပသို့တင်ပို့နိုင်သည်အထိ အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ရန်လိုကြောင်း၊ သီးနှံများအထွက်နှုန်းတိုးတက်အောင် ဆောင်ရွက်နိုင်ရန်အတွက် မွေးမြူရေးလုပ်ငန်းများမှထွက်ရှိလာသည့် သဘာဝမြေဩဇာများ ထည့်သွင်းအသုံးပြုနိုင်ရေးအတွက်လည်း ခေတ်မီနည်းပညာများဖြင့် အသုံးပြုဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ တောင်ကြီးမြို့ ရေလုံလောက်စွာရရှိရေး

ကို အထောက်အကူဖြစ်စေမည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းနိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးရန် လိုအပ်မှုနှင့် သစ်တောများ ပြုန်းတီးမှုမရှိစေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့ပြစီမံကိန်းများ ဆောင်ရွက်ရာတွင် ပြည်သူများအတွက် အဓိကလိုအပ်သည့် သောက်သုံးရေလုံလောက်စွာ ရရှိနိုင်မှု၊ ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာကဏ္ဍများကို အဓိကထားစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ရှမ်းပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်ပြီး သဘာဝမှပေးအပ်ထားသည့် အဖိုးတန်အရင်းအမြစ်တစ်ခုဖြစ်သည့် အင်းလေးကန်၏ ရေသယံဇာတများ တိမ်ကောမှု မရှိစေရေးအတွက်လည်း ရေဝေရေလဲဒေသများအား ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးအတွက် Bio Gas အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက်လည်း နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း ဖြင့် ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏ ဦးစောထွန်းအောင်မြင့်တို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်သစ်တောများအား ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ ပြည်သူများ၏ အသက်မွေးဝမ်းကြောင်းဆိုင်ရာ လုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် သင်တန်းများဖွင့်လှစ်ပေးမှု အခြေအနေများ၊ မြစိမ်းရောင်စီမံကိန်းဖြင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးနေမှုနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများအတွက် ထောက်ပံ့ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့် ကာကွယ်ဆေးများ ထိုးနှံဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အားကစားကွင်းများနှင့် အားကစားရုံများ အဆင့်မြှင့်တင်ရေးဆောင်ရွက်ပေးနေမှုနှင့် ရပ်ကွက်ကျေးရွာများအလိုက် အားကစားသမားများအတွက် အားကစားပစ္စည်းများ ထောက်ပံ့ပေးမည့်အခြေအနေများ၊ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုကဏ္ဍဖွံ့ဖြိုးရေးအတွက် မြှင့်တင်ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် ပတ်သက်၍ အသီးသီးပြန်လည်ဆွေးနွေးခဲ့ကြသည်။

စပါးအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်၊ မိမိတို့လူမျိုးသည် ဆန်ဗဟိုပြုစားသုံးကြပြီး လူတစ်ဦး၏ တစ်နှစ်စာစပါးလိုအပ်ချက်သည် ပျှမ်းမျှအားဖြင့် ၁၅ တင်းခန့်ဖြစ်သဖြင့် ဆန်စားသုံးမှုများကြောင်း၊ ဆန်စားသုံးခြင်းဖြင့် ပရိတင်းကယ်လိုရီများရရှိစေကြောင်း၊ အခြားအာဟာရဖြစ်စေသည့် သီးနှံများနှင့် အသားငါးများကို မျှတစွာစားသုံးခြင်းဖြင့် ကျန်းမာရေးနှင့် ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် များစွာအထောက်အကူပြု။

မြေသယံဇာတများစွာရှိ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်သည် ဧရိယာစတုရန်းမိုင်ပေါင်း ၆ သောင်းကျော်၊ လူဦးရေ ၅ ဒသမ ၅ သန်းရှိသဖြင့် မိမိတို့နိုင်ငံတွင် ဧရိယာအကျယ်ဆုံးဖြစ်ပြီး သင့်တင့်သည့် ရာသီဥတုရှိကြောင်း၊ မြေဆီဩဇာကောင်းသည့် မြေသယံဇာတများစွာရှိသည့် ရေခံမြေခံကောင်းသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ဒေသကိုချစ်သည့်စိတ်ဖြင့် အားလုံးဆောင်ရွက်ကြမည်ဆိုပါက ကောင်းမွန်သည့်ဒေသတစ်ခုဖြစ်မည်ဖြစ်ကြောင်း၊ ဒေသအတွင်းနေထိုင်သူ အများစုသည် စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြသူများဖြစ်ကြောင်း၊ စပါး၊ ပြောင်း၊ နှမ်း၊ အာလူးနှင့် သီးနှံမျိုးစုံစိုက်ပျိုးကြကြောင်း၊ ဆန်အထွက်နှုန်းများ ယခုထက်ပိုမိုကောင်းမွန်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက

ပြည်နယ်၏ဝင်ငွေများ ယခုထက်ပိုမိုကောင်းမွန်လာမည် ဖြစ်ကြောင်း။

အကျိုးဖြစ်ထွန်းစေမည်

လူများအတွက် စားရေးဖူလုံရန်အရေးကြီးသဖြင့် စားရေးဖူလုံရေးအတွက် တိုက်တွန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ စပါးအထွက်နှုန်းများ တိုးတက်အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်နယ်အတွက် အကျိုးဖြစ်ထွန်း စေမည်ဖြစ်ကြောင်း၊ မိမိတို့လူမျိုးသည် ဆန်ကိုဗဟိုပြု စားသုံးကြပြီး လူတစ်ဦး၏တစ်နှစ်စာစပါး လိုအပ်ချက် သည် ပျမ်းမျှအားဖြင့် ၁၅ တင်းခန့်ဖြစ်သဖြင့် ဆန်စား သုံးမှုများကြောင်း၊ ဆန်စားသုံးခြင်းဖြင့် ပရိတင်းကယ် လိုရီများရရှိစေကြောင်း၊ အခြားအာဟာရဖြစ်စေသည့် သီးနှံများနှင့် အသားငါးများကို မျှတစွာစားသုံးခြင်းဖြင့် ကျန်းမာရေးနှင့် ခန္ဓာကိုယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုကြောင်း၊ ရှမ်းပြည်နယ်သည် စိုက်ပျိုး ရေးသာမက မွေးမြူရေးပါကောင်းမွန်သည့်ဒေသဖြစ် ကြောင်း၊ အေးသာယာရှိမွေးမြူရေးဇုန်တွင် မွေးမြူရေး လုပ်ငန်းများအား စနစ်တကျဆောင်ရွက်လျက်ရှိပြီး အောင်မြင်သည့် လုပ်ငန်းများဖြစ်သည်ကို တွေ့ရှိရကြောင်း၊ နို့စားနွား၊ ကြက်၊ ဝက်များအား ခေတ်မီနည်းပညာများ အသုံးပြု၍ ယခုထက်ပိုမိုမွေးမြူကြစေလိုကြောင်း၊ အေး သာယာမွေးမြူရေးဇုန်တွင်သာမက အခြားမြို့နယ်များ တွင်လည်း မွေးမြူရေးလုပ်ငန်းများအား စနစ်တကျဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

ရှမ်းပြည်နယ်တွင် စပါး၊ ပြောင်း၊ အာလူး၊ နေကြာ၊ ပန်းနှမ်း၊ ပဲပုပ်များကို စိုက်ပျိုးကြကြောင်း၊ အဆိုပါ ဆီထွက် သီးနှံများတွင်ပါဝင်သည့် စပါး၊ ပြောင်း၊ ပဲပုပ်၊ နေကြာ၊ ပန်းနှမ်း၊ မြေပဲ၊ နှမ်းတို့မှထွက်ရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပဲဖတ် နှမ်းဖတ်များသည် တိရစ္ဆာန် မွေးမြူရေးအတွက် အစား အစာများရရှိသဖြင့် ပြည်နယ်တွင်း တိရစ္ဆာန်အစားအစာ များလုံလောက်စွာ ထုတ်လုပ်နိုင်သောကြောင့် မွေးမြူရေး လုပ်ငန်းများအတွက် အကျိုးရှိအောင်ဆောင်ရွက်နိုင်ကြောင်း။

ဝင်ငွေများကောင်းမွန်ရမည်

မိမိတို့အနေဖြင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံသာယာဝပြောရေး၊ စားရေရိက္ခာ ပေါများရေးကို အဓိကထားဆောင်ရွက်နေကြောင်း၊ နိုင်ငံ သာယာဝပြောရန်အတွက် အားလုံးတည်တည်ငြိမ်ငြိမ်

> **တိုင်းရင်းသားများနှင့်ပတ်သက်၍ စာပေ၊ ယဉ်ကျေးမှုများရှိသဖြင့် မိမိတို့အနေဖြင့် အားပေးကြောင်း၊ သို့သော်ပြည်ထောင်စု စာပေဖြစ်သည့် မြန်မာစာနှင့် မြန်မာစကားကို အသုံးပြုရမည်ဖြစ်၊ နိုင်ငံတကာတွင်လည်း နိုင်ငံအသီးသီးသည် အများအားဖြင့် သတ်မှတ်ထားသည့် ရုံးသုံးစာနှင့် ရုံးသုံးစကား တစ်မျိုးတည်းကိုသာ အသုံးပြုကြကြောင်း၊ တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများတိုးတက်စေရေးအတွက်လည်း တိုင်းရင်းသားစာပေသင်ကြားရေးနှင့် ပတ်သက်သည့် ဆရာ၊ ဆရာမများ၏ လစာများတိုးမြှင့်ပေးခဲ့၊ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကြရန်လို။**

ဖြင့် ပြည်သူများအားလုံး ပျော်ရွှင်စွာ အလုပ်လုပ်ကိုင် ဆောင်ရွက်နိုင်သည့် အနေအထားတွင်ရှိရမည်ဖြစ်ပြီး ပြည်သူများ၏ ဝင်ငွေများကောင်းမွန်ရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်မှု၊ လုံခြုံရေးအရတည်ငြိမ်မှုများ သည် လိုအပ်ကြောင်း၊ သို့မှသာ နိုင်ငံသာယာဝပြောလာ မည်ဖြစ်ပြီး အားကစားများ၊ ပျော်ပွဲရွှင်ပွဲများကို ကျင်းပ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်ရာတွင် အောင်မြင်မှုရရှိစေရေးအတွက် မြို့ပြနှင့်ကျေးလက်နေပြည်သူများသာမက တာဝန်ရှိသည့် အုပ်ချုပ်သူအဆင့်ဆင့်မှလည်း ဦးဆောင်ခြင်း၊ အားပေး ခြင်းနှင့် ကူညီပေးခြင်းများ ဆောင်ရွက်ပေးကြရန်လို ကြောင်း၊ လုပ်ငန်းများ အောင်မြင်စေရေးအတွက် သုသေ သနဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် အရေးကြီး ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက် ရာတွင် လက်ရှိလုပ်ဆောင်နေသည့် မိရိုးဖလာအခြေအနေ အပေါ်တွင်ရောင့်ရဲတင်းတိမ်မနေဘဲ တိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက စိုက်ပျိုးရေးတောင်သူများ၏ လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

လျှပ်စစ်မာတ်အားများ ထုတ်လုပ်နိုင်ရေး

လျှပ်စစ်မာတ်အား ထုတ်ယူခြင်းနှင့်ပတ်သက်၍ ရှမ်း

ပြည်နယ်အတွင်း ရေအားလျှပ်စစ်ထုတ်လုပ်နိုင်သည့် သံလွင်မြစ်နှင့် အခြားအရင်းအမြစ်များစွာရှိကြောင်း၊ အလားတူ ကျောက်မီးသွေးများထွက်ရှိသဖြင့် ကျောက်မီးသွေးအသုံးပြု၍ ခေတ်မီနည်းပညာများဖြင့် စနစ်တကျ ထုတ်လုပ်နိုင်ပါက ပတ်ဝန်းကျင်ထိခိုက်မှုကိုနည်းပါးစေပြီး လျှပ်စစ်ဓာတ်အားထုတ်ယူ၍ရကြောင်း၊ တောင်ပေါ်ဒေသဖြစ်သည့်အတွက်လည်း လေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူ၍ရကြောင်း၊ ထို့ကြောင့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးအတွက်ရှိပြီးသားအရင်းအမြစ်များကို အသုံးချနိုင်ခြင်းဖြင့် ပြည်နယ်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုများအား များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်အတွင်း ပညာသင်ကြားနိုင်သည့် တက္ကသိုလ်ဇုန် ၄ ဇုန်ရှိကြောင်း၊ တက္ကသိုလ်များတွင် တက်ရောက်ပညာသင်ကြားခြင်းဖြင့် လူသားအရင်းအမြစ်များ များစွာပေါ်ထွက်လာမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များတွင် စီးပွားရေးနှင့် ဥပဒေဆိုင်ရာပညာရပ်များ သင်ကြားနိုင်ရေးအတွက်လည်း စီမံဆောင်ရွက်ပေးထားကြောင်း၊ အဆိုပါပညာရပ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုနိုင်ကြောင်း၊ တက္ကသိုလ်ပညာသင်ကြားရေးအတွက် အားပေးဆောင်ရွက်ကြစေလိုကြောင်း၊ ရှမ်းပြည်နယ်အတွင်း ၂၀၁၉ ခုနှစ်တွင် သူငယ်တန်းတက်ရောက်သူ ၁၁၂၁၄၅ ဦးရှိကြောင်း၊ အဆိုပါတက် ရောက်သူများမှ ပထမတန်းတက်ရောက်သူ ၁၀၁၄၂၈ ဦးသာရှိတော့သဖြင့် ၈၄ ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ပဉ္စမတန်းတက်ရောက်ချိန်တွင် ၆၄၀၀၀ ဦးသာရှိတော့သည်ကိုတွေ့ရှိရသဖြင့် ၅၂ ရာခိုင်နှုန်းသာ ပညာသင်ကြားတော့သည်ကို တွေ့ရှိရကြောင်း၊ အဆိုပါပညာသင်ကြားသူများ နဝမတန်းရောက်ရှိချိန်တွင် ၄၁၀၀၀ ဦးသာရှိပြီး ၃၄ ရာခိုင်နှုန်း၊ ဒသမတန်းတက် ရောက်သူ ၃၇၀၀၀ ရှိပြီး ၃၀ ရာခိုင်နှုန်းရှိပြီး ဒသမတန်းအောင်မြင်သူ ၉၆၀၀ ဦးသာအောင်မြင်သဖြင့် ၇ ဒသမ ၉၃ ရာခိုင်နှုန်းသာရှိသဖြင့် ပညာရေးအားနည်းမှုရှိသည်ကို တွေ့ရှိရသဖြင့် ပညာရေးအားပေးရန်လိုအပ်ကြောင်း၊ ပညာရေးအားနည်းချက်များရှိသဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် စီးပွားရေးလုပ်ငန်းများတွင် ဆောင်ရွက်မည့်အသိပညာရှင်များ ပြည့်စုံစွာလိုအပ်မှုအတွက် အခက်အခဲရှိနေသည်ကို သုံးသပ်တွေ့ရှိရကြောင်း။

ပညာရည်မြှင့်တင်ရေး

ပညာရေးတွင် အခြေခံပညာနှင့် အဆင့်မြင့်ပညာဟူ၍နှစ်မျိုးရှိကြောင်း၊ တက္ကသိုလ်များသည် တက်ရောက်သူများသည် မိမိကိုယ်တိုင်လေ့လာခြင်း၊ မိမိကိုယ်မိမိထိန်းသိမ်းခြင်းဖြင့် တက္ကသိုလ်ကျောင်းသားဘဝအားဖြတ်သန်းကြရခြင်းဖြစ်ကြောင်း၊ ပညာသင်ကြားသည့် အဆင့်အလိုက် ကျောင်းသားများ၏ အတွေ့အကြုံများမှာကွဲပြားသွားကြကြောင်း၊ ရှမ်းပြည်နယ်အတွင်း လူသားအရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် ပညာရည်မြှင့်တင်ရေးအတွက် အားပေးဆောင်ရွက်ကြစေလိုကြောင်း။

ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို သိရှိရန်လို

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် တိုင်းရင်းသားများစုပေါင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်ကို သိရှိရန်လိုကြောင်း၊ ဒီမိုကရေစီစနစ်ဆိုသည်မှာ အများစု၏သဘောဆန္ဒဖြင့် ဥပဒေနှင့်အညီအုပ်ချုပ်ဆောင်ရွက်ကြရခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဆိုပါက အားလုံးလိုက်နာကြရမည်ဖြစ်သော်လည်း "လူညီလျှင်ဤကိုကျွဲဖတ်သည်" ဆိုသည့်လုပ်ရပ်မျိုး ဆောင်ရွက်၍မရကြောင်း၊ ဖက်ဒရယ်စနစ်ဆိုသည်မှာ အားလုံးကို လုပ်ပိုင်ခွင့်မျှမျှတတဖြင့် ခွဲဝေကျင့်သုံးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် နိုင်ငံအတွက်အရေးကြီးသဖြင့် အမှားခံ၍မရကြောင်း၊ ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မဲစာရင်းများ များစွာမှားယွင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေး ကောက်ပွဲမကျင်းပမီကာလများတွင် မိမိအနေဖြင့် ရွေးကောက်ပွဲတွင် လွတ်လပ်မှုနှင့် မျှတမှုရှိစေရေးအတွက် အသိပေးမှုများ မကြာခဏပြုလုပ်ခဲ့ကြောင်း၊ NLD ပါတီအနေဖြင့် မဲဆွယ်စည်းရုံးမှုများ ဆောင်ရွက်ချိန်တွင်လည်း ကိုဗစ်-၁၉ ရောဂါအားအကြောင်းပြု၍ မဲဆွယ်မှုများအား မျှတမှုမရှိအောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ကြိုတင်မဲပေးချိန်တွင်လည်း လုပ်ထုံးလုပ်နည်းများကို ကျော်လွန်ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရကြောင်း၊

မဲစာရင်းများယွင်းမှုနှင့်ပတ်သက်၍ ဖြေရှင်းရန် အကြိမ်ကြိမ်ပြောကြားခဲ့သော်လည်း ဖြေရှင်းခဲ့မှုမရှိသဖြင့် ယခုအခြေအနေမျိုးသို့ ရောက်ရှိလာခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ပြည်သူများလိုလားသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းနေကြောင်း၊ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုဆောင်ရွက်ခဲ့ခြင်းဖြစ်သဖြင့် ဖျက်သိမ်း၍မရကြောင်း၊ ခေတ်ကာလနှင့် ညီညွတ်မှုမရှိသော အကြောင်းအရာများအား ပြင်ဆင်ရန်အတွက် မိမိတို့အနေဖြင့်လက်ခံကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီအရ ထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား မှန်မှန်ကန်ကန်ဖြင့် ပြန်လည်ကျင်းပနိုင်ရေးစနစ်တကျဖြစ်အောင် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊

အမျိုးသားရေး စရိုက်လက္ခဏာများကို ထိန်းသိမ်းကြရမည်ဖြစ်

တိုင်းရင်းသားများနှင့် ပတ်သက်၍ စာပေ၊ ယဉ်ကျေးမှုများရှိသဖြင့် မိမိတို့အနေဖြင့် အားပေးကြောင်း၊ သို့သော် ပြည်ထောင်စုစာပေဖြစ်သည့် မြန်မာစာနှင့် မြန်မာစကားကို အသုံးပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင်လည်း နိုင်ငံအသီးသီးသည် အများအားဖြင့် သတ်မှတ်ထားသည့် ရုံးသုံးစာနှင့် ရုံးသုံးစကား တစ်မျိုးတည်းကိုသာ အသုံးပြုကြကြောင်း၊ တိုင်းရင်းသားများ၏ စာပေနှင့်ယဉ်ကျေးမှုများ တိုးတက်စေရေးအတွက်လည်း တိုင်းရင်းသားစာပေသင်ကြားရေးနှင့်ပတ်သက်သည့် ဆရာ၊ ဆရာမများ၏ လစာများတိုးမြှင့်ပေးခဲ့ကြောင်း၊ မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများကို မိမိတို့ကိုယ်တိုင် ထိန်းသိမ်းကြရန်လိုကြောင်း၊ ထို့အတူမိမိတို့တိုင်းရင်းသားများ၏ အမျိုးသားရေး စရိုက်လက္ခဏာများကို မိမိတို့ တိုင်းရင်းသားများကပင် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ယှဉ်တွဲသွားရမည့်ရောဂါ

ကျန်းမာရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်တွင် ဖြစ်ပွားမှုနှုန်းများနေသေးကြောင်း၊ နယ်စပ်ဒေသများမှ တစ်ဆင့်ပြန်လည်ဝင်ရောက်လာသူများမှတစ်ဆင့် ကူးစက်မှုများဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် စစ်ဆေးမှုများအား အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် လက်ရှိအချိန်အထိ ပျောက်ကင်းသွားနိုင်သည့်ရောဂါမဟုတ်သေးသဖြင့် ယှဉ်တွဲသွားရမည့် ရောဂါဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများကာကွယ် ဆေးများ အမြန်ဆုံးထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့သာယာလှပရေးသည် ကျန်းမာရေးကိုလည်း အထောက်အကူပြုကြောင်း၊ ရေမြောင်းများပိတ်ဆို့မှုမရှိရန်၊ အမှိုက်များစနစ်တကျ စွန့်ပစ်မှုများ ဆောင်ရွက်ကြရန်လိုကြောင်း၊ သက်ဆိုင်ရာ စည်ပင်သာယာရေးဌာနသာမက ပြည်သူများကလည်း အသိစိတ်ဓာတ်ရှိရှိ ထိန်းသိမ်းဆောင်ရွက်ရေး အသိပညာပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများ တည်ဆောက်ကြရန်လိုကြောင်း၊ ပလတ်စတစ်သုံးစွဲမှုများ လျှော့ချရေးအတွက်လည်း ဆောင်ရွက်ကြစေလိုကြောင်း၊ ပလပ်စတစ်များအား စနစ်တကျသုံးစွဲမှုမရှိသဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်နိုင်ကြောင်း၊ ရှမ်းပြည်နယ်သည် သာယာလှပသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ပတ်ဝန်းကျင်သန့်ရှင်းမှုများကို ပိုမိုဆောင်ရွက်နိုင်မည်ဆိုပါက ခရီးသွားလုပ်ငန်း တိုးတက်မှုကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဒေသသာယာလှပရေးအတွက် မျက်စိပသာဒရရှိစေသည့် ပန်းပင်များနှင့် အရိပ်ရလေကာပင်များအား စိုက်ပျိုးရန်လိုကြောင်း၊ ပတ်ဝန်းကျင်ကောင်းများဖန်တီးပေးမှုသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံပြောကြားသည့်အမှာစကား

(၁ - ၁၀ - ၂၀၂၁)

တပ်မတော်သားတိုင်းအနေဖြင့် တစ်ဦးချင်းအဆင့်လိုက် နေ့စဉ်လုပ်ဆောင်ရမည့် လုပ်ငန်းတာဝန်များကို မှန်မှန်ကန်ကန်ဖြင့် ကျေပွန်အောင်လုပ်ဆောင်နေခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ ဆံပင်ပုံစံမှစ၍ ဖိနပ်ကြိုးစီးသည်အဆုံး နေထိုင်သွားလာမှု၊ ဝတ်စားဆင်ယင်မှု၊ စားသောက်မှုပုံစံများအားလုံး စည်းကမ်းစနစ်တကျရှိနေခြင်းသည် စစ်သားကောင်းတစ်ယောက်၏ အလေ့အကျင့်ကောင်းများပင်ဖြစ်သည့်အတွက် တစ်ဦးချင်းစည်းကမ်း စနစ်တကျရှိအောင်နေထိုင်ကြရန်နှင့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အောက်တိုဘာလ ၁ ရက် မွန်းလွဲပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်နှင့် တောင်ကြီးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်မှုနှင့် အမျိုးသား နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတို့ကို သိရှိနားလည်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီ၏ အနှစ်သာရပင်ဖြစ်ပြီး ရွေးကောက်ပွဲ၌ မသမာသောနည်းလမ်းများဖြင့် အနိုင်ရရှိရန် လုပ်ဆောင်မှုများကို မည်သည့်နိုင်ငံမျှလက်ခံနိုင်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသည့် ကိုယ်စားလှယ်များသည် သက်ဆိုင်ရာလွှတ်တော်အသီးသီးမှတစ်ဆင့် ဥပဒေပြုရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ၊ တရားစီရင်ရေးဆိုင်ရာတို့တွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ခေါင်းဆောင်များကို မိမိတို့ကိုယ်စား ဆန္ဒမဲပေးရွေးချယ်ပေးကြရသည်ဖြစ်သည့်အတွက် မှန်ကန်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ မသမာသောနည်းလမ်းများ အသုံးပြု၍ ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသူများသည် ပြည်သူ့ကိုယ်စားလှယ်အစစ်အမှန် မည်သို့မျှဖြစ်နိုင်မည် မဟုတ်ကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် ကြီးမားသည့် မဲစာရင်းမှားယွင်းနေမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် မည်သို့ပင်ပြောဆိုခဲ့သော်လည်း တာဝန်ရှိသူများအနေဖြင့် ဖြေရှင်းပေးခြင်း မရှိသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရသစ်ဖွဲ့ကာ နိုင်ငံတော်၏အာဏာကို မတရားသောနည်းလမ်းဖြင့် အဓမ္မရယူရန် ဆောင်ရွက်ခဲ့သောကြောင့် ယခုအခြေအနေသို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း။

အဓိကတာဝန်

တပ်မတော်ပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့တပ်မတော်သားများ၏အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေး တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးအတွက် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော် တစ်ရပ်

ဖြစ်အောင် လေ့ကျင့်နေကြရမည်ဖြစ်ကြောင်း၊ အရာရှိ၊ စစ်သည်များအနေဖြင့် တစ်ဦးချင်းနေ့စဉ်ထမ်းဆောင်ရသည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန်နှင့် အရည်အချင်းမြှင့်တင်ပေးရန်အတွက် လေ့ကျင့်ရေးဆိုင်ရာနှင့် ပညာရပ်ပိုင်းဆိုင်ရာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း၊ အဆင့်လိုက် လုပ်ဆောင်ရမည့်တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်နေခြင်းသည် စစ်စည်းကမ်းကောင်းမွန်မှုနှင့် အမိန့်နာခံမှုကို ဖော်ပြနေခြင်းပင်ဖြစ်ကြောင်း၊ တပ်မတော်သည် စတင်သန္ဓေတည်ပေါက်ဖွားလာကတည်းကပင် စည်းကမ်းကောင်းမွန်ပြီး အမိန့်နာခံမှုကောင်းသည့် တပ်မတော်တစ်ရပ်ဖြစ်ပြီး စစ်စည်းကမ်းသည် တပ်မတော်၏ကျောရိုးပင် ဖြစ်သည့်အတွက် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်ရာ၌ မည်သည့်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်သည်ဖြစ်စေ ခြေလျင်တပ်ကဲ့သို့ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး အမြဲတမ်းတိုက်ပွဲဝင်အသင့် (Fit for Fight, Ready for Fight) ဖြစ်နေရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်သားပြည့်ဝအောင် လုပ်ဆောင်နေကြရမည်ဖြစ်ကြောင်း။

ထို့ပြင် မိမိတို့တစ်ဦးချင်း၏ အသိပညာ၊ အတတ်ပညာကြွယ်ဝစေရေးအတွက် မိမိဘဝကို တိုးတက်စေနိုင်သည့် စာအုပ်စာပေဗဟုသုတများကို လေ့လာမှတ်သားရမည်ဖြစ်ပြီး မိမိလုပ်ငန်းတာဝန်နှင့်သက်ဆိုင်သည်မှန်သမျှကို သိရှိအောင် အမြဲကြိုးစားနေရမည်ဖြစ်ကာ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးနှင့် သက်သာချောင်ချိရေးတို့ကို သတ်မှတ်ထားသည့်အဆင့်နှင့်လျော်ညီစွာ ဖြည့်ဆည်းဆောင်ရွက်ပေးထားပြီးဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိတို့တာဝန်ကို ကျေပွန်အောင်ထမ်းဆောင်ရန်နှင့် စွမ်းရည်သုံးရပ်ထက်မြက်နေအောင် ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးတာဝန်ရှိသူများအနေဖြင့်လည်း ညီညွတ်မျှတပြီး ကျေသာသားရင်သားမခွဲခြားသည့် ခေါင်းဆောင်မှုရှိရမည်ဖြစ်ကာ လက်အောက်ငယ်သားများ၏ အုပ်ချုပ်ထောက်ပံ့မှုဆိုင်ရာလိုအပ်သည်မှန်သမျှကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လက်အောက်ငယ်သားများကလည်း မိမိတို့၏ လိုအပ်ချက်များကို မှန်မှန်ကန်ကန် သတင်းပို့တင်ပြရမည်ဖြစ်ကာ တာဝန်ရှိသူအဆင့်ဆင့်မှလည်း မှန်ကန်မြန်ဆန်စွာဖြင့် ဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊

တိုင်းပြည်တစ်ခု ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာသင်ကြားရေးပိုင်းတွင် နောက်ကျနေ၍မရဘဲ ပညာတတ်လူသားအရင်းအမြစ်များ အမြဲမပြတ်ပေါ်ထွက်လာရန်လိုအပ်သည့်အတွက် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့်ကျောင်းများကို နိုင်ငံတော်၊ မိဘနှင့် ကာယကံရှင် ကျောင်းသားကျောင်းသူများ သုံးဦးသုံးဖက်နစ်နာမှုမရှိစေရန် ပြန်လည်ဖွင့်လှစ်သင်ကြားစေခဲ့ကြောင်း၊ သို့သော်လည်း ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပေါ်မှုအခြေအနေများကြောင့် ပြန်လည်ပိတ်ထားခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် အုပ်ချုပ်သူအဖွဲ့အစည်း၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပြည်သူလူထုတို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုများကြောင့် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်း ၈ ရာခိုင်နှုန်းဝန်းကျင်သာရှိတော့သည်အထိ ထိန်းချုပ်ထားနိုင်ပြီဖြစ်ကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းကို မျှော်မှန်းထားသည့် အတိုင်းအတာတစ်ခုအထိ လျော့ကျလာမှသာလျှင် ပညာရေးအပါအဝင် အခြားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မည်ဖြစ်သောကြောင့် ကူးစက်ဖြစ်ပွားမှုနှုန်းကို ထိန်းချုပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို တိကျစွာလိုက်နာရန် လိုအပ်မည် ဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာမှုမှ၊ တပ်ခွဲအလိုက်၊ တပ်ရင်းအလိုက် ထိုမှတစ်ဆင့် တပ်မတော်တစ်ရပ်လုံးရောဂါကူးစက်မှုနှုန်း လျော့ကျလာမည်ဖြစ်ပြီး ၎င်းမှတစ်ဆင့် နိုင်ငံတော်တစ်ရပ်လုံး အတိုင်းအတာအထိ ထိန်းချုပ်နိုင်မည်ဖြစ်သဖြင့် တစ်ဦးချင်းကိုယ်စီအသိစိတ်ဓာတ်များဖြင့် ဝိုင်းဝန်းထိန်းသိမ်းနေထိုင်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

အေးသာယာစက်မှုဇုန်၊ မွေးမြူရေးဇုန်ရှိ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၂ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်အတွင်းရှိ ရှမ်းရိုးမမွေးမြူရေးဇုန်၌ ဥစွားကြက်မွေးမြူထားရှိမှုနှင့် မျိုးဖောက်ဝက်မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ရှမ်းရိုးမမွေးမြူရေးဇုန်ရှင်းလင်းဆောင်၌ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်က ရှမ်းရိုးမမွေးမြူရေးဇုန်အတွင်း မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှုများ၊ မွေးမြူထုတ်လုပ်နိုင်မှုအခြေအနေနှင့် ဖြည့်ဆည်းပေးရန်လိုအပ်ချက်များအား လည်းကောင်း၊ စက်မှုကြီးကြပ်ရေးဦးစီးဌာန နှင့် စစ်ဆေးရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးစိုးမင်းသူက အေးသာယာ စက်မှုဇုန်၌ စက်မှုလုပ်ငန်း ဆောင်ရွက်နေမှုများအားလည်းကောင်း၊ ညောင်ရွှေမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက အင်းလေးကန် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နေမှုနှင့် အနာဂတ်တွင် ဆက်လက်ဆောင်ရွက်သွားမည့်လုပ်ငန်းများအားလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခု အေးသာယာစိုက်ပျိုးမွေးမြူရေးဇုန်ကို နိုင်ငံတော်၏ သားငါးကဏ္ဍတွင် တစ်ဖက်တစ်လမ်းမှ အထောက်အကူ ဖြစ်စေရန်အတွက် ယခင်တပ်မတော်အစိုးရလက်ထက်၌ မိမိကိုယ်တိုင် လမ်းညွှန်ဆောင်ရွက်စေခဲ့ခြင်းဖြစ်ကြောင်း၊ ထို့နောက် ဒေသထွက် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များကို အခြေခံသည့်စက်မှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရေးအတွက် အေးသာယာစက်မှုဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ နို့နှင့် နို့ထွက်ပစ္စည်းများကို ပြည်ပမှ တင်သွင်းနေရမှု လျော့နည်းသွားစေရန်အတွက် နို့စားနွားမွေးမြူရေးကို ဆောင်ရွက်ကြရန် ဦးစွာရည်ရွယ်ခဲ့သော်လည်း ဒေသခံများပိုမိုစိတ်ဝင်စားသည့် ဥစွားကြက်မွေးမြူရေးလုပ်ငန်းများကိုအောင်မြင်စွာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ သို့သော်လည်း စက်မှုဇုန်နှင့် မွေးမြူရေးဇုန်ကို ယခုထက် ပိုမိုအောင်မြင်စွာဆောင်ရွက်နိုင်ရန် မျှော်မှန်းလုပ်ဆောင်ခဲ့ခြင်းဖြစ်သည့်အတွက်ဇုန်၏ မူလရည်ရွယ်ချက်ဖြစ်သည့် နို့စားနွားမွေးမြူရေးလုပ်ငန်းအပြင် အခြားအသားငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များကိုလည်း အောင်မြင်စွာဖြစ်ပေါ်လာရေး လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတိရစ္ဆာန်အစာ ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ဖွဲ၊ ဆန်ကွဲ၊ ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်တို့ကိုဒေသတွင်းလုံလောက်စွာစုဆောင်းရရှိနိုင်ပြီး ဓာတုဗေဒဆေးများ ကို ထည့်သွင်းရောစပ်မှုများ မလုပ်ဆောင်ကြရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို စက်မှုဇုန်မှတစ်ဆင့် အဆင့်မီပြီး အရည်အသွေးပြည့်ဝသည့် ကုန်ချောများ ထုတ်လုပ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပနိုင်ငံများသို့ ပို့ဆောင်ရန်အတွက်လည်း ဟဲဟိုးလေဆိပ်အား အဆင့်မြှင့်တင်ရန် ဆောင်ရွက်ထားရှိပြီးသား ဖြစ်သည့်အတွက် အေးခဲအသားငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပို့ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသတွင်း ရေခဲမြေခံကောင်းများကို စီးပွားရေးအရတွက်ချေကိုက်ပြီး နိုင်ငံအတွက် အကျိုးရှိစေရန် လက်တွေ့ကျကျ အသုံးချနိုင်ရမည်ဖြစ်ကြောင်း။

ရေရှိရေးသည် အဓိကလိုအပ်ချက်ဖြစ်

ဇုန်တစ်ခုကို ဖော်ဆောင်ရာတွင် ဘေးကင်းလုံခြုံမှု (Safety) များစွာကိုစဉ်းစားပြီး လုပ်ဆောင်ရမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေး၊ စက်မှုလုပ်ငန်း မည်သည့်လုပ်ငန်းဆောင်ရွက်သည်ဖြစ်စေ ရေရှိရေးသည် အဓိကလိုအပ်

ချက်ဖြစ်သည့်အတွက် ဘက်ပေါင်းစုံမှ တွက်ချက်ဆောင်ရွက်ကြစေလိုကြောင်း၊ SME နှင့် ပတ်သက်၍ ဒေသထွက်ကုန်များကို အခြေခံသည့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းကို လုပ်ဆောင်ကြစေလိုကြောင်း၊ အားပေးရန်လည်းလိုအပ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုလည်း လုပ်ဆောင်ရမည်ဖြစ်ပြီး ပစ္စုပ္ပန်တွင်ရှိနေသည့် မိမိတို့က ထိန်းသိမ်းဆောင်ရွက်မှသာလျှင် အနာဂတ်မျိုးဆက်သစ်များအတွက်ကောင်းမွန်သည့် သဘာဝပတ်ဝန်းကျင်ကို လက်ဆင့်ကမ်းနိုင်မည်ဖြစ်ကြောင်း၊ အင်းလေးဒေသအပါအဝင် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြေစေရေးအတွက် ရဟတ်ယာဉ်ဖြင့် မျိုးစေ့ကျဲခြင်းများကိုလည်း တပ်မတော်မှ လုပ်ဆောင်ပေးလျက်ရှိကြောင်း။

အင်းလေးကန်နှင့် ပတ်သက်ပြီး အင်းလေးကန်သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ကျော်ကြားသည့် ကန်ကြီးတစ်ခုဖြစ်သကဲ့သို့ အင်းလေးဖောင်တော်ဦး မြတ်စွာဘုရားသည်လည်း ဗုဒ္ဓဘာသာဝင်များအကြားတွင် ထင်ရှားကျော်ကြားသည့် သာသနာ့အမွေအနှစ်တစ်ခုဖြစ်ကြောင်း၊ ထူးခြားချက်အနေဖြင့် လေလှော်ရာတွင် လက်ဖြင့်သာမက ခြေထောက်ဖြင့်ပါလှော်ခတ်နိုင်ကြသဖြင့် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ အထူးစိတ်ဝင်စားမှုရရှိထားကြောင်း၊ အင်းလေးကန်၏ အရွယ်အစားသည် ရှေးယခင်ကရှိခဲ့သည်ထက် ရေဖုံးလွှမ်းမှုပမာဏ လျော့နည်းလာသည်ကို သတိပြုကြရန်လိုကြောင်း၊ ရေဖုံးလွှမ်းဧရိယာ ပေါ်တွင်နေထိုင်သည့် လူဦးရေ ပမာဏထပ်မံတိုးမြင့်မှုမရှိစေရေးနှင့် ရေပေါ်မှတစ်ဆင့် ရေစပ်၊ ရေစပ်မှတစ်ဆင့်ကုန်းပေါ်သို့ တဖြည်းဖြည်း ရွှေ့ပြောင်းနေထိုင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ကျွန်းမျောလုပ်ကိုင်မှုများကိုလည်း လျှော့ချရမည်ဖြစ်ကြောင်း၊ ပလပ်စတစ်သည် အင်းလေးဒေသတွင်သာမက ကမ္ဘာ့ပင်လယ်ပြင်များတွင်ပါ များပြားလာလျက်ရှိပြီး ရေနေသတ္တဝါများနှင့် သဘာဝသယံဇာတများကို ပျက်စီးယိုယွင်းအောင် ခြိမ်းခြောက်လျက်ရှိသဖြင့် အင်းလေးဒေသခံများ၊ အုပ်ချုပ်သူအဖွဲ့အစည်းများနှင့်လုပ်ငန်းများက ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းကြရန်မှာကြားလိုကြောင်း၊ ယခင် အင်းလေးဒေသသို့ မိမိလာရောက်ခဲ့စဉ် ဒေသခံများ၏ တင်ပြချက်အရ အင်းလေးကန်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ဒိုက်နှင့် ဗေဒါရှင်းစက် Aquatic Weed Harvester ၂ စီးကိုလှူဒါန်းခဲ့ပြီး ယခုတင်ပြချက်များအရ အကျိုးရှိစွာ အသုံးချလျက်ရှိသည့်အတွက်လည်း ဝမ်းမြောက်မိပါကြောင်း၊ စက်ကို ရေရှည်အသုံးပြုနိုင်ရေးအတွက် စက်ပိုင်းဆိုင်ရာ ကြုံခိုင်မှုများကို ထိန်းသိမ်းဆောင်ရွက်ကြရန်နှင့် စက်သုံးဆီလိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဒိုက်၊ ဗေဒါများမှတစ်ဆင့် မြေဩဇာထုတ်လုပ်အသုံးပြုနိုင်ရေး လုပ်ဆောင်ပေးရမည်ဖြစ်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

အင်းလေးကန်အတွင်း ရေဝင်ရောက်လျက်ရှိသည့် အဓိကရေဝင်ပေါက် ချောင်းကြီးချောင်းငယ်များ မတိမ်ကောစေရေးအတွက်လည်း သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဒေသခံများက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှမ်းရိုးမ မွေးမြူရေးဇုန်အတွင်းရှိ ဒေါက်တာစိုင်းလုံ၏ ဥစားကြက်မွေးမြူရေးခြံနှင့် Farm Myanmar Co,Ltd မှ လုပ်ဆောင်လျက်ရှိသည့် မျိုးဖောက်ဝက်မွေးမြူထားရှိမှုတို့ကို သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လုပ်ဆောင်နိုင်မည့် အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

■■■■■

ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ် နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံပြောကြားသည့် အမှာစကား
(၂ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား အောက်တိုဘာလ ၂ ရက် မွန်းလွဲပိုင်းတွင် ကလောတပ်နယ်ခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ်ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

အမြင့်ဆုံးဖြစ်

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် စစ်ဦးစီးတက္ကသိုလ်သင်တန်းသည် တပ်မတော်မှဖွင့်လှစ်သည့် သင်တန်းများတွင် စစ်ဘက်ဆိုင်ရာသင်တန်းများ၌ အမြင့်ဆုံးဖြစ်ပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မှ အရာရှိကြီးများအားလုံးကို ပေါင်းစု၍ စစ်ဘက်ဆိုင်ရာခေါင်းဆောင်မှုနှင့် ဦးဆောင်မှုဆိုင်ရာတို့ကို သင်ကြားပေးခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သည် နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ ကာကွယ်ရေးအမြင်စသည့် အမြင် (၄) မြင်နှင့်ပတ်သက်၍ သင်ကြားပေးသည့် တက္ကသိုလ်တစ်ခုဖြစ်ကြောင်း၊ စစ်ဦးစီးတက္ကသိုလ်တွင် တက်ရောက်နေသူများသည် အများအားဖြင့် ခြေလျင်တပ်ရင်းမှူးများဖြစ်ပြီး Commander များဖြစ်ကြကြောင်း၊ Commander များအဖြစ် တာဝန်ထမ်းဆောင်ရာတွင် တပ်ရင်းတစ်ရင်း၏ စီမံခန့်ခွဲရေးနှင့်ပတ်သက်၍ စစ်ဦးစီး၊ စစ်ရေး၊ စစ်ထောက်လုပ်ငန်းရပ်များအား ဆောင်ရွက်ရခြင်းဖြစ်ပြီး တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ်တကျလေ့လာ၍ ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင်သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကိုရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း။

အလေ့အကျင့်ကောင်းမွေးမြူ

တပ်ရင်းမှူးတစ်ဦး၏ တာဝန်ဝတ္တရားများသည် အလွန်ကျယ်ပြန့်သည့်အတွက် တာဝန်ထမ်းဆောင်ရာတွင် စနစ်ကျနမှုရှိရန်လိုပြီး အမြဲမပြတ်လေ့လာနေရမည်ဖြစ်ကြောင်း၊ ထို့ပြင် တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်ရမည့်အချိန်တွင် လုပ်ဆောင်နိုင်မည့် အရာများ၊ လုပ်ဆောင်သင့်သည်များကို မှတ်စုရေးမှတ်ထားရှိတတ်သည့် အလေ့အကျင့်ကောင်းမွေးမြူရန်နှင့် အမှန်တကယ် တာဝန်ထမ်းဆောင်ရသည့်အချိန်တွင် မိမိမှတ်သားထားသည်များနှင့် ချိန်ထိုးသုံးသပ်လုပ်ဆောင်ပါက အခက်အခဲမရှိ တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကြုံတွေ့လာရနိုင်သည့် အခက်အခဲများအား မည်သို့မည်ပုံ ဖြေရှင်းဆောင်ရွက်ရမည်ကို ကြိုတင်စဉ်းစားထားရန်လိုကြောင်း၊ တပ်ရင်းမှူးတာဝန်ကို မူတည်ပြောဆိုခြင်းဖြစ်ပြီး သင်တန်းသားများအနေဖြင့် မိမိတို့ထမ်းဆောင်နေရသည့် လုပ်ငန်းတာဝန်များနှင့် နှိုင်းယှဉ်ဆောင်ရွက်ကြစေလိုကြောင်း။

သင်တန်းဆင်းချိန်တွင် သင်တန်းမှ သင်ကြားပေးလိုက်သည့် အတွေ့အကြုံများအား အပြည့်အဝအသုံးချရန်လိုကြောင်း၊ စစ်အခြေခံသဘောတရားများကို စာတွေ့၊ လက်တွေ့ဟန်ချက်ညီ လက်တွေ့အသုံးချရန်လိုကြောင်း၊ အခြားစစ်ပညာနှင့်ပတ်သက်၍ အခြေခံသင်တန်းများတွင် တက်ရောက်ထားကြသူများဖြစ်ပြီး ယခုသင်တန်းတွင် အသိပညာနှင့် အတတ်ပညာများဖြင့် အတွေ့အကြုံရှိသည့် နည်းပြများဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့အတွေ့အကြုံနှင့်ယှဉ်၍ သီအိုရီများဖြင့် ပေါင်းစပ်ဆောင်ရွက်ရကြောင်း၊ သင်တန်းမှဆွေးနွေးမှု

များမှတစ်ဆင့် မိမိတို့အနေဖြင့် ဆောင်ရွက်သင့်သည် များကိုစဉ်းစား၍ အပြန်အလှန် ဆွေးနွေးဆောင်ရွက်ရန် လိုကြောင်း၊ တက္ကသိုလ်ဆိုသည်မှာ စာကျက်ရန်မဟုတ်ဘဲ တွေးခေါ်တတ်စေရန် လေ့ကျင့်ပေးသည့် နေရာတစ်ခုပင်ဖြစ်ကြောင်း၊ သင်ခန်းစာများကို Theory ပိုင်း၊ Principle ပိုင်းအရသာ သင်ကြားပေးခြင်းဖြစ်ပြီး မိမိတို့၏ တွေးခေါ်မြော်မြင်မှု၊ ထိုးထွင်းကြံဆမှုတို့ဖြင့် လက်တွေ့နယ်ပယ်တွင် အောင်မြင်အောင် လုပ်ဆောင်ရမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကိုလည်း သိရှိနေရမည်ဖြစ်ပြီး နိုင်ငံတော်သည် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်ကြောင်း၊ ထိုလမ်းကြောင်းသည် ပြည်သူက ရွေးချယ်ထားခြင်းဖြစ်သည့်အတွက် တိုင်းပြည်နှင့် ပြည်သူကာကွယ်ရေးတာဝန် ထမ်းဆောင်နေသည့် တပ်မတော်အနေဖြင့် မျက်ကွယ်ပြု၍မရဘဲ ခိုင်ခိုင်မာမာ ဖြစ်တည်ရေး ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေးအတွက်ဖော်ဆောင်ပေးခဲ့ပြီး ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကျင်းပပေးနိုင်ခဲ့ကြောင်း၊ ထို့နောက် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရနှင့် လက်တွဲ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် ရွေးကောက်ပွဲဥပဒေအချို့ကို ပြင်ဆင်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ရွေးကောက်ပွဲတွင် ပါဝင်နိုင်ရေး လုပ်ဆောင်ပေးခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် ကြီးမားသည့် မဲမသမာမှုများဖြစ်ပေါ်ခဲ့သဖြင့် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး တပ်မတော်အနေဖြင့် အကြိမ်ကြိမ်ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိသည့်အပြင် နိုင်ငံတော်၏အာဏာကို အဓမ္မနည်းလမ်းဖြင့်ရယူရန် ကြံစည်ကြိုးပမ်းလာမှုများကြောင့် နိုင်ငံတော်အား နိုင်ငံရေးအရအရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်၏ တာဝန်အားရယူကာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ဖော်ဆောင်နိုင်ရေး ဆောင်ရွက်ခဲ့ရကြောင်း၊ မဲမသမာမှုဆိုသည်မှာ ဒီမိုကရေစီစနစ် တည်ဆောက်ရာတွင် အလွန်ဆိုးရွားသည့် ဖြစ်စဉ်ဖြစ်ပါကြောင်း။

အမြဲတမ်းလေ့ကျင့်

တပ်တည်ဆောက်ရေးအပိုင်းနှင့် ပတ်သက်၍ စွမ်းရည်စွမ်းအား ရှိသည့် တပ်မတော်ဖြစ်စေရေး အမြဲတမ်းလေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကာ လေ့ကျင့်ရေးပိုင်းတွင်တစ်ဦးချင်းလေ့ကျင့်ရေးမှ အစုအဖွဲ့လေ့ကျင့်ရေးအထိ မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းစည်းကမ်းလိုက်နာ စောင့်ထိန်းမှု ကောင်းမွန်ရန်လည်းအရေးကြီးကြောင်း၊ တပ်မတော်တွင် အခြေခံသင်တန်းများ တက်ရောက်ပြီးသည်နှင့် မိမိကိုယ်ကို ထိန်းကြောင်းဆောင်ရွက်ကြရပြီး လိုက်နာရန်လိုအပ်သည်များကို လိုက်နာ၍ စောင့်ထိန်းသင့်သည်များကို စောင့်ထိန်းခြင်းသည် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးနှင့်ပတ်သက်၍ မိမိကိုယ်ကို ထိန်းသိမ်းသကဲ့သို့ လက်အောက်ငယ်သားများကိုလည်း ထိန်းသိမ်းကာ ရသင့်ရထိုက်သည့် အခွင့်အရေးများကို မှန်မှန်ကန်ကန်ဖြင့် ဖြည့်ဆည်းပေးရမည်ဖြစ်ကြောင်း၊ လက်အောက်၏ လိုအပ်ချက်ကို မိမိဖြေရှင်း၍ရသည့် နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းပေးနိုင်ရေး စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့လုပ်ဆောင်ပြီး စစ်စည်းကမ်းကောင်းမွန်၍ အုပ်ချုပ်ထောက်ပံ့မှုများကောင်းမွန်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အောင်မြင်သည့် ခေါင်းဆောင်ကောင်းများ ဖြစ်လာစေရေးအတွက် လုပ်ငန်းအောင်မြင်မှုရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပြီး လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်း မွန်မည်ဖြစ်သည့်အတွက် မိမိတို့တစ်ဦးချင်းဘဝတိုးတက်ရေးအတွက် လေ့လာအားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ ထိုသို့ကြိုးစားအားထုတ်ရာတွင် ရည်မှန်းချက်ထားပြီး ကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်ထား၍ ကြိုးစားအားထုတ်ရာ၌လည်း မိမိရည်မှန်းချက်ပြည့်မီရေးကို ဆောင်ရွက်ရာတွင် သူတစ်ပါးအပေါ်မထိခိုက်စေဘဲ ရိုးရိုးသားသားဆောင်ရွက်ရန်လိုကြောင်း၊ အလုပ်လုပ်ရာ၌ ပေါ်လွင်စေလိုသဖြင့် အလုပ်လုပ်ခြင်းမျိုး မဟုတ်ဘဲ ရည်မှန်းချက်ပြီးမြောက်အောင်မြင်အောင်၊ အလုပ်ပြီးမြောက်အောင် ကြိုးစားပမ်းစားအလုပ်လုပ်ခြင်းမျိုးဖြင့်သာ မိမိဘဝကို တည်ဆောက်သွားကြစေလိုကြောင်း ပြောကြားသည်။

■■■■■

အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား

(၂ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ အောက်တိုဘာ ၂ ရက် ညနေပိုင်းတွင် တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသ၊ ပင်ငိုကျေးရွာအနီးရှိ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁) အကြီးစားစက်မှုလုပ်ငန်း အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ စက်ရုံရှင်းလင်းဆောင်တွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးတို့က အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်း၏ ပကတိအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ ချမှတ်နိုင်ရေးအတွက် စိစစ်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ စက်ရုံအတွက် လျှပ်စစ်ဓာတ်အားနှင့် သဘာဝဓာတ်ငွေ့များ လုံလောက်စွာ ရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိမှု အခြေအနေများအားလည်းကောင်း၊ စက်ရုံမှူးက စက်ရုံဆိုင်ရာ အချက်အလက်များနှင့် စက်ရုံလည်ပတ်နိုင်ရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်းပေးနိုင်မည်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှတ် (၂) သံမဏိစက်ရုံ (ပင်းပက်) စီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး စတင်အကောင်အထည်ဖော်ခဲ့သည့် သံနှင့် သံမဏိစက်ရုံ စီမံကိန်းကြီး တစ်ခုဖြစ်ကြောင်း၊ စီမံကိန်းကြီးပြီးစီးပါက နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက် တစ်ခုဖြစ်သည့် သံ၊ သံမဏိ ထုတ်ကုန်များကို ပြည်ပသွင်းကုန်အဖြစ် တင်သွင်းရန်မလိုဘဲ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခြင်း၊ ခိုင်မာသည့် စွေးကွက်ရှိခြင်းတို့ကြောင့် မဖြစ်မနေ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းတစ်ခု လုံး၏ ပြီးစီးမှု ရာခိုင်နှုန်း ၉၈ ဒသမ ၈၆ ရာခိုင်နှုန်းထိ ပြီးစီးခဲ့ပြီးဖြစ်သော်လည်း ၂၀၁၅ ခုနှစ်တွင် တက်လာသည့် အစိုးရလက်ထက် ၂၀၁၇ ခုနှစ်မတ်လ ၆ ရက်နေ့နှင့် ၁၅ ရက်နေ့တို့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် ရှေ့နောက် မဆင်မခြင် ဆုံးဖြတ်မှုများကြောင့် စီမံကိန်းတည်ဆောက်မှုကို ရပ်ဆိုင်းခဲ့ရခြင်းဖြစ်ကြောင်း၊ နိုင်ငံအတွက် များစွာထိခိုက်ဆုံးရှုံးမှုဖြစ်စေခဲ့ကြောင်း၊ စီမံကိန်းသည် နိုင်ငံတော်အတွက် လက်တွေ့အကျိုးဖြစ်ထွန်းစေနိုင်မည့် စီမံကိန်းတစ်ခုဖြစ်သည့်အတွက် မိမိတို့အစိုးရလက်ထက်တွင် စီမံကိန်းတည်ဆောက်မှုများ အမြန်ဆုံး ပြန်လည်စတင်နိုင်ရေး စီမံဆောင်ရွက်နေခြင်း ဖြစ်ကြောင်း။

လျှော့ချနိုင်မည်

စီမံကိန်းစတင်ရန် လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ကုန်ကြမ်းနှင့် သယ်ယူပို့ဆောင်ရေး စနစ်တို့ကို အသင့်ကြိုတင်ပြင်ဆင်ထားရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ပါက စက်ရုံများအတွက် ဆုံးရှုံးမှုတန်ဖိုးကြီးမားသည့်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ပြတ်တောက်မှုမရှိစေရေး စနစ်တကျ ဆောင်ရွက်ရန်လိုကြောင်း၊ စက်ရုံအား သတ်မှတ်ရက်အတွင်း စတင်လည်ပတ်၍ သံမဏိ ထုတ်လုပ်မှုအား အမြန်ဆုံးဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ သတ္တုမိုင်းများနှင့် စက်ရုံမှ ထွက်ရှိသည့် သံရိုင်းများနှင့် သံမဏိများအား ငွေကုန်ကြေးကျ သက်သာစွာဖြင့် သယ်ယူနိုင်ရေးလျှပ်စစ်ရထားပြေးဆွဲနိုင်ရန်အတွက် ရထားလမ်းများစနစ်တကျ တည်ဆောက်ရန်နှင့်လျှပ်စစ်ဓာတ်အား မပြတ်ရရှိအောင် စနစ်တကျ စီမံဆောင်ရွက်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များအား လမ်းညွှန်မှာကြားသည်။

■■■■■

ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့် အမှာစကား

(၃ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အောက်တိုဘာလ ၃ ရက်မွန်းလွဲပိုင်းတွင် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ် ဧည့်ခန်းမဆောင်၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကလောမြို့နှင့် အောင်ပန်းမြို့တို့ရှိ ဒေသခံမြို့မိမြို့ဖများ၊ စီးပွားရေးလုပ်ငန်းရှင်များအား ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် မိတ်ဆက်ပေးပြီး ဒေသခံမြို့မိမြို့ဖများက တစ်ဦးချင်း ပြန်လည် မိတ်ဆက်ကြသည်။

ယင်းနောက် ရပ်မိရပ်ဖများနှင့် စီးပွားရေးလုပ်ငန်းရှင်များက အောင်ပန်းမြို့နှင့် ကလောမြို့အကြားတွင် ယာဉ်ရပ်နားစခန်းတစ်ခု တည်ဆောက်ပေးရန်လိုအပ်မှု၊ ကလောမြို့အတွက် သောက်သုံးရေလုံလောက်စွာရရှိရေး ရေအရင်းအမြစ်များ ရှာဖွေဆောင်ရွက်ပေးရန်လိုအပ်မှု၊ ဒေသအတွင်း ကျေးရွာချင်းဆက်လမ်းများ၊ မြို့တွင်းလမ်းများ ပြင်ဆင်ပေးရန်နှင့် ဖောက်လုပ်ဆဲဖြစ်သည့် အောင်ပန်း-အင်းတိန်ဘုရားသွား ကားလမ်းအား ဆက်လက်ဆောင်ရွက်ပေးမည်ဆိုပါက ခရီးသွားလုပ်ငန်းနှင့် လူနေမှုစနစ် တိုးတက်ရေးအတွက် အထောက်အကူဖြစ်စေနိုင်မှု၊ အောင်ပန်းမြို့တွင် လူဦးရေ ထူထပ်များပြားလာပြီး ပွဲရုံလုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများများပြားလာသည့်အတွက် မြို့ကွက်များစနစ်တကျဖြစ်အောင် စီမံဆောင်ရွက်ပေးရန်လိုအပ်မှု၊ နန်းတိုင်းကျေးရွာအုပ်စုအတွင်းရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးရန်အတွက် အဆင့်မြင့် ကျန်းမာရေး ဝန်ထမ်းများဖြည့်ဆည်းပေးရန် လိုအပ်မှု၊ စိုက်ပျိုရေးလုပ်ငန်းများအတွက် လိုအပ်သည့် ဓာတ်မြေဩဇာများအား ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုအပ်မှု၊ ကလောမြို့မှထွက်ရှိသည့် စိုက်ပျိုးရေးသီးနှံများ အထွက်နှုန်းတိုးစေရန်နှင့် အရည်အသွေးပြည့်မီစွာ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးနည်းပညာနှင့် သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးစေလိုမှု၊ တိုင်းရင်းသားများ စာပေသင်ကြားရေးနှင့် ပတ်သက်၍ ဆရာ၊ ဆရာမများအား သင်တန်းများဖွင့်လှစ်ပေးရန်လိုအပ်မှု၊ အချို့ကျေးရွာများတွင် လမ်းပန်းဆက်သွယ်မှုနှင့် လျှပ်စစ်မီးရရှိရန်လိုအပ်နေမှုစသည့် အခြေအနေများနှင့် အခြားလိုအပ်ချက်များကို တင်ပြဆွေးနွေးကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်မည်ဆိုပါက အထွက်နှုန်း တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးနည်းပညာများ တတ်ကျွမ်းစေရေးအတွက် စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် ကျောင်းများဖွင့်လှစ်ပေးထားကြောင်း၊ ပညာတတ်ကျွမ်းစေရန်အတွက်လည်း ပညာများအား အမှန်တကယ်သင်ကြားကြရန်လိုပြီး လက်တွေ့စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အားငယ်သည့်စိတ်ဖြင့် ဆောင်ရွက်ခြင်းမရှိဘဲ ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းရင်းသားစာပေသင်ကြားရေးအတွက် ဖြစ်အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဆွေးနွေး ပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများကလည်း သက်ဆိုင်ရာကဏ္ဍ

များအလိုက် လိုအပ်သည်များ ဆွေးနွေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မိမိတို့တာဝန်ယူချိန်ကာလ အတွင်း ကလောမြို့နယ်နှင့် အောင်ပန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် လိုအပ်သည်များကူညီဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့တွေ့ဆုံဆွေးနွေးရခြင်းဖြစ်ကြောင်း၊ ကလောမြို့သည်မြန်မာနိုင်ငံ၏ တောင်ပေါ်အပန်းဖြေမြို့တစ်မြို့ဖြစ်ပြီး ပူတာအို၊ ပြင်ဦးလွင်၊ ဟားခါး၊ သံတောင်ကြီး၊ ကလောစသည့်မြို့များကို တောင်ပေါ်အပန်းဖြေမြို့တော်များဖြစ်စေရေး လုပ်ဆောင်လျက်ရှိကြောင်း၊ ကလောမြို့အား အပန်းဖြေမြို့အဖြစ်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်သာယာလှပရေးဒေသခံပြည်သူများက ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့သို့လာရောက်ရာလမ်းကြောင်းတစ်လျှောက်တွင် ထင်းရှူး၊ ခါတော်မီ၊ စိန့်ပန်း၊ ချယ်ရီအစရှိသည့် မျက်စိပသာဒကိုဖြစ်စေနိုင်သည့် အပင်များဖြင့် အလှဆင်စိုက်ပျိုးထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ လမ်းများကိုလည်း အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ မြို့သာယာလှပရေးအတွက် သက်ဆိုင်ရာဌာနများက ဆောင်ရွက်သကဲ့သို့ မြို့နေပြည်သူများအနေဖြင့်လည်း မိမိတို့အိမ်နှင့်ပတ်ဝန်းကျင်များအား သန့်ရှင်းသာယာလှပအောင်ဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝအလှ၊ ဖန်တီးသည့်အလှများ၊ ဒေသခံတို့၏ ဖော်ရွေသည့် စိတ်သဘောထားများကြောင့် မြို့၏ ဂုဏ်သတင်းမွှေးပျံ့လာပြီး ပြည်တွင်း၊ ပြည်ပမှလာရောက် အပန်းဖြေသူများများပြားလာနိုင်ကာ ဝင်ငွေများရရှိ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ သဘာဝအလှတရားများကို ဖန်တီးပေးရန်လိုပြီး ခရီးသွားများကို အမြင်၊ ရနံ့၊ ဒေသထွက်ထုတ်ကုန်များဖြင့် ဆွဲဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ ကလောကိုအခြေပြု၍ မြင်းတိုက်နှင့် ဟဲဟိုးကြားကျောက်မီးသွေးခေါင်းတွဲဖြင့် မီးရထားခရီးစဉ်၊ ပြင်ဦးလွင်ကိုအခြေပြု၍ ဇီးပင်ကြီးနှင့် နောင်ချိုကြားအပန်းဖြေခရီးစဉ်များ ပြေးဆွဲရန်စီစဉ်နေကြောင်း။

အောင်ပန်းမြို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း)၏ စီးပွားရေးမြို့တစ်မြို့ဖြစ်ကြောင်း၊ ယခင်က မြို့ပြတည်ဆောက်ရေးအား စနစ်တကျဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သဖြင့် မြို့အကွက်ကျမှုစနစ် အားနည်းမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ မြို့ပြတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေး၊ အပန်းဖြေနေရာများအား စနစ်တကျဖြင့်ထည့်သွင်းတွက်ချက်တည်ဆောက်ရန်လိုပြီး တစ်ဖက်မှလည်း ရေဖူလုံစွာရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့လည်း လိုအပ်မည်ဖြစ်ကာ သန့်ရှင်းသာယာလှပရေးအတွက် စည်ပင်သာယာများနှင့် ဒေသခံပြည်သူများ ပေါင်းစပ်ဆောင်ရွက်သွားရန်လိုကြောင်း။

ဒေသနှင့်ပတ်သက်၍ စိုက်ပျိုးရေးလုပ်ငန်းများအဓိကဆောင်ရွက်သည့်ဒေသတစ်ခုဖြစ်ပြီး အဓိကအားဖြင့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များအား အထွက်နှုန်းတိုးအောင်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ စားသုံးသူများ၏ လက်ဝယ်သို့လည်း အမြန်ဆုံးရောက်ရှိရန်လိုကြောင်း၊ အချို့သစ်သီးဝလံများကို တာရှည်ခံစေရန်အတွက် အခြောက်ခံခြင်း၊ ယိုထိုးခြင်း၊ ဖျော်ရည်ပြုလုပ်ခြင်းစသည့် တန်ဖိုးမြင့် ထုတ်ကုန်များပြောင်းလဲထုတ်လုပ်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များဖြင့်သာ ကျေနပ်နေ၍မရဘဲ ခေတ်မီစိုက်ပျိုးရေးနည်းစနစ်များအသုံးပြု၍ အထွက်နှုန်းကောင်းပြီး အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်အောင် လုပ်ဆောင်ကြစေလိုကြောင်း၊ ကြက်၊ ဝက်၊ နွားမွေးမြူရေးများစနစ်တကျဆောင်ရွက်ပြီး ဥ၊ အသားထုတ်လုပ်ရေးအပြင် ဇီဝဓာတ်မြေဩဇာရရှိရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့လုပ်ဆောင်နိုင်ရေးအတွက် အတတ်ပညာ၊ အသိပညာဖြင့်ပြည့်စုံသည့် ပညာရှင်များလိုအပ်မည်ဖြစ်ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့်ပတ်သက်၍ ရှမ်းပြည်နယ်အတွင်း ပညာရေးအားနည်းမှုများရှိကြောင်း၊ ပညာရေးအားနည်းရခြင်းသည် ငွေကြေးအခက်အခဲရှိခြင်း၊ မိဘများ၏ လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ရခြင်းများကြောင့်ဖြစ်ကြောင်း၊ အထက်တန်းပညာနှင့် အဆင့်မြင့်ပညာများသင်ကြားရန် မဖြစ်မနေလိုအပ်ပြီး တက္ကသိုလ်ပညာသင်ကြားရေးနှင့်ပတ်သက်၍ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် အဆင့်မြင့်အတန်းပညာ တတ်မြောက်သူအရေအတွက်သည် ရာခိုင်

နှုန်းအရ အလွန်နည်းပါးနေကြောင်း၊ ထို့ကြောင့် အသိပညာ၊ အတတ်ပညာများနည်းပါးပြီး စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းခွင်အတွေ့အကြုံမှလွဲ၍ အဆင့်မြင့်နည်းပညာများတတ်ကျွမ်းမှုမရှိကြောင်း၊ ထို့ကြောင့်ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကိုဆောင်ရွက်ရန်လိုပြီး မိမိတို့၏ ကလေးများ၏ ပညာသင်ကြားရေးကို ဆောင်ရွက်ပေးရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်စဉ်ကတည်းက အမြဲမပြတ် အားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်မှ စိုက်ပျိုးရေးသုတေသနအဖွဲ့များဖြင့် အတတ်နိုင်ဆုံးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စိုက်ပျိုးရေးသင်တန်းကျောင်းများတက်ရောက်၍ စိုက်ပျိုးရေးပညာများတတ်ကျွမ်းအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မွေးမြူရေးနှင့်ပတ်သက်၍လည်း ယခုဒေသတွင် အောင်မြင်စွာဆောင်ရွက်နိုင်မည့် သယံဇာတအရင်းအမြစ်နှင့် အခြေအနေများစွာရှိကြောင်း၊ မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် အခြားလိုအပ်သည်များကိုလည်း အစိုးရမှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဟဲဟိုးလေဆိပ်အား နိုင်ငံတကာလေဆိပ်အဖြစ်သို့ အဆင့်မြှင့်တင်ရန်ဆောင်ရွက်လျက်ရှိပြီး အဆိုပါလေဆိပ်မှတစ်ဆင့် ဒေသထွက်ပစ္စည်းများအား ပြည်တွင်းရှိ အခြားဒေသများအပြင် နိုင်ငံတကာ စျေးကွက်သို့တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင် အရည်အချင်းပြည့်ဝသည့် ဒေသတွင်းလူသားအရင်းအမြစ် များလိုအပ်လာမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ယခုထက်ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မှသာ ဒေသ၏လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်းရှိ ဒေသခံများကသာလျှင် ဦးဆောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသာယာဝပြောရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စားနပ်ရိက္ခာပေါများရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

ရည်ရွယ်ချက်နှစ်ခုရှိ

ယခုကဲ့သို့ လာရောက်တွေ့ဆုံဆွေးနွေးပြောကြားရခြင်းသည် ရည်ရွယ်ချက် နှစ်ခုရှိပြီး ကလောမြို့အား ခရီးသွားမြို့တော်အဖြစ်လုပ်ဆောင်ကြရန်နှင့် ဒေသတွင်းထုတ်ကုန်ပစ္စည်းများနှင့် ပတ်သက်၍ အဆင့်မီပြီး အရည်အသွေးပြည့်ဝသည့် Quality Product များဖြစ်အောင် ဆောင်ရွက်ကြစေလိုခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ မိမိတို့၏ မျိုးဆက်သစ်ကလေးငယ်များ၏ အနာဂတ်တွင် တစ်ဦးချင်း၊ ဒေသနှင့် တိုင်းပြည်အတွက် ကောင်းမွန်သည့် လမ်းကြောင်းများပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် ရေယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ဂုဏ်ပြုပြောကြားသည့် အမှာစကား

(၆ - ၁၀ - ၂၀၂၁)

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက် အတွင်းပိုင်းရေပြင်မှ သီးသန့်စီးပွားရေးဇုန်အထိ ဧရိယာအတွင်း ရေကြောင်းဆိုင်ရာလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ လုပ်ငန်းများအား တာဝန်ခံစီမံကွပ်ကဲဆောင်ရွက်ရန်၊ အမျိုးသားရေကြောင်း အကျိုးစီးပွားများအား ကာကွယ်စောင့်ရှောက်ရန်၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်၊ ပင်လယ်ဖြတ်ကျော် မှုခင်းများနှိမ်နင်းရန်၊ သတင်းအချက်အလက်များ ဖလှယ်ရန်၊ နိုင်ငံတကာ ကမ်းခြေစောင့်တပ်ဖွဲ့များနှင့် ချိတ်ဆက်ပြီး သံတမန်ဆက်ဆံရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် စစ်မက်ကာလတွင် တပ်မတော် (ရေ) အား အထောက်အကူပြုရန်စသည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ကို ယနေ့တွင် စတင်ဖွဲ့စည်းပြီး တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့် တပ်တော်ဝင်အခမ်းအနားကို အောက်တိုဘာလ ၆ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ် (၃) ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တက်ရောက် ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်မတော်(ရေ) မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားအစီအစဉ်အရ တပ်မတော်(ရေ)မှ လွှဲပြောင်းပေးမည့် စစ်ရေယာဉ် ၄ စင်းမှ အရာရှိ၊ စစ်သည်များသည် စစ်ရေယာဉ်များပေါ်မှ ထွက်ခွာ၍ မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များက ရေယာဉ်များပေါ်တွင် အသီးသီးနေရာယူကြသည်။ ထို့နောက် စစ်ဦးစီးအရာရှိချုပ်(ရေ) က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဧရာဝတီရေတပ်စခန်းဌာနချုပ်၊ ဌာနချုပ်မှူးက ကမ်းခြေစောင့်တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်ထံသို့ ရေယာဉ်များနှင့်ပတ်သက်သော စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (Deparment of Marine Administration) မှ ခေတ္တညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့် ညွှန်ကြားရေးမှူးချုပ်ထံသို့ ကမ်းခြေစောင့်တပ်ဖွဲ့နှင့်ပတ်သက်သော စာရွက်စာတမ်းများအားလွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ကမ်းခြေစောင့် တပ်ဖွဲ့ ညွှန်ကြားရေးမှူးချုပ်က ကမ်းခြေစောင့်ရေယာဉ်စုမှူးထံသို့ တပ်ဖွဲ့အလံများပေးအပ်သည်။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ ကာကွယ်ရေးဦးစီးချုပ် (ရေ) က စစ်ရေယာဉ်များ လွှဲပြောင်းပေးအပ်ခြင်း အထိမ်းအမှတ် စစ်ရေယာဉ်ပုံစံငယ်များကို ဂါရဝပြုပေးအပ်သည်။

အစီအစဉ်အတိုင်းဆောင်ရွက်

ထို့နောက် စစ်ဦးစီးအရာရှိချုပ် (ရေ) က ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းမိန့်နှင့် ရေယာဉ်များအား ကမ်းခြေစောင့်တပ်ဖွဲ့ တပ်တော်ဝင်ရေယာဉ်များအဖြစ် ကြေညာခြင်း၊ နိုင်ငံတော်အလံလွှင့်တင်ခြင်း၊ ကမ်းခြေစောင့်တပ်ဖွဲ့ အလံလွှင့်တင်ခြင်း၊ ခေါင်းလောင်း (၈) ချက်တီးခြင်းနှင့် တပ်တော်ဝင်အခမ်းအနားလုပ်ငန်းစဉ်များအား အစီ

အစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ပင်လယ်ပြင်အတွင်း စစ်ဆင်ရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ၊ စစ်ရေယာဉ် တပ်ပေါင်းစု ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်းများနှင့် စစ်ရေယာဉ်စုများအလိုက်ပြုလုပ်သည့် ပင်လယ်ပြင် လက်တွေ့လေ့ကျင့်ခန်းများတွင် တာဝန်ကျပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး ကမ်းခြေစောင့်တပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည့် ရေယာဉ်များအား လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ဂုဏ်ပြုအလေးပြု

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေယာဉ်(မုတ္တမ)ပေါ်ရှိ အလေးပြုခံစင်မြင့်မှနေ၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူသည်။ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းခံယူနေစဉ် စစ်ရေယာဉ် (ရန်တိုင်းအောင်) နှင့် စစ်ရေယာဉ် (ရန်ကြီးအောင်) တို့မှ အမြောက် (၂၁) ချက် ပစ်ဖောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဂုဏ်ပြုအလေးပြုကြသည်။

ထို့နောက် ဖရီဂိတ်စစ်ရေယာဉ် (အောင်ဇေယျ) ဦးဆောင်သော ဖရီဂိတ်စစ်ရေယာဉ် (ဆင်ဖြူရှင်)၊ ကော်ဗက်စစ်ရေယာဉ် (တပင်ရွှေထီး)နှင့် အမြန်သွားတိုက်ခိုက်ရေးရေယာဉ်များက Single Line Formation ပုံစံဖြင့် ပုံပြုမောင်းနှင်ချီတက်အလေးပြုပြီး တပ်မတော် (လေ)မှ သယ်ယူပို့ဆောင်ရေး ရဟတ်ယာဉ် ၃ စင်း၊ သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်း နှင့် ပင်လယ်ရေကြောင်းကင်းထောက် လေယာဉ် ၂ စင်းတို့က အုပ်စုဖွဲ့ မြှားခေါင်းပုံစံဖြင့်လည်းကောင်း၊ တိုက်ခိုက်ရေး လေယာဉ် ၃ စင်းတို့က Vic Formation ပုံစံဖြင့်လည်းကောင်း အသီးသီး သရုပ်ပြပျံသန်းပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ချီတက်အလေးပြုကြသည်။

ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ကာကွယ်ရေးဦးစီးချုပ် (ရေ)က အမြောက်ပစ်ဖောက် ဂုဏ်ပြုအလေးပြုပစ်ခတ်ထားသည့် ပထမဆုံးအမြောက်ကျည်ဆန်ခွံအား အထိမ်းအမှတ်လက်ဆောင်အဖြစ် ဂါရဝပြုပေးအပ်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ညွှန်ကြားရေးမှူးချုပ်၊ ဂုဏ်ပြုမောင်းနှင်ချီတက်အလေးပြုခဲ့ကြသည့် စစ်ရေယာဉ်၊ လေယာဉ်၊ ရဟတ်ယာဉ်များမှ အရာရှိ၊ စစ်သည်များနှင့် တပ်တော်ဝင်ကမ်းခြေစောင့်ရေယာဉ်များမှ အရာရှိ၊ စစ်သည်များအတွက် ဂုဏ်ပြုအထိမ်းအမှတ်တံဆိပ်နှင့် လက်ဆောင်ပစ္စည်းများကိုပေးအပ်ရာ တာဝန်ရှိသူအသီးသီးက လက်ခံရယူကြသည်။

> **မိမိတို့တပ်မတော်သည်**
> **ပြည်သူလူထုအရေးကိုရှေးရှုပြီး**
> **ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးအပါအဝင်**
> **လူသားချင်းစာနာထောက်ကူမှုနှင့် သဘာဝဘေးဒုက္ခ**
> **ကယ်ဆယ်ရေးလုပ်ငန်းများကို အလေးထား**
> **ဆောင်ရွက်ပေးလျက်ရှိ၊**
> **တပ်မတော် (ရေ) အနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ**
> **၂၀၂၁ ခုနှစ်အထိ ပင်လယ်ပြင်အတွင်းမှ ဒုက္ခသည်**
> **၄,၀၀၀ ကျော်ကို ကူညီကယ်ဆယ်ပေးနိုင်ခဲ့၊**
> **ထို့အပြင် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့်**
> **မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပို့ဗလဲယားတို့တွင်**
> **ကာလကြာရှည်စွာ ဒုက္ခခံနေရသည့် မြန်မာနိုင်ငံသား**
> **၁,၁၅၀ ကျော်ကိုလည်း စစ်ရေယာဉ်များစေလွှတ်ပြီး**
> **ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့။**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့မှ အရာရှိ၊ စစ်သည်များနှင့် တွေ့ဆုံ၍ ယနေ့သည် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းတည်ထောင်သည့်နေ့ဖြစ်ပြီး မိမိတို့နိုင်ငံနှင့် တပ်မတော်အတွက် သမိုင်းဝင်မော်ကွန်းတင်သည့်နေ့တစ်နေ့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် ကျယ်ဝန်းသည့် ပိုင်နက်ပင်လယ်ပြင်နှင့် ရှည်လျားသည့် ကမ်းရိုး

တန်းပိုင်ဆိုင်သော ကမ်းရိုးတန်းနိုင်ငံ တစ်နိုင်ငံဖြစ်ပြီး အချက်အခြာရေလမ်းကြောင်းများ၊ ဒီရေလမ်းကြောင်းများကို ထိန်းချုပ်နိုင်သည့် Choke Point များ တည်ရှိသည့်အတွက် မြန်မာ့ပင်လယ်ပြင်သည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာ ၂ ခုအကြား မဟာဗျူဟာကျကျ တည်ရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

မိမိတို့ပင်လယ်ပြင်သည် သက်ရှိသက်မဲ့သယံဇာတ အရင်းအမြစ်များကြွယ်ဝပြီး ဒေသတွင်းမဟာဗျူဟာကျစွာ တည်ရှိနေသည့်အတွက် နိုင်ငံတော်၏ အကျိုးစီးပွားဖော်ဆောင်ရန် အခွင့်အလမ်းနယ်မြေတစ်ခုလည်းဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(ရေ)နှင့်အတူ ပိုင်နက်ပင်လယ်ပြင်နှင့် ရေကြောင်းအကျိုးစီးပွားများ၊ ရေကြောင်းသယံဇာတများကိုကာကွယ်စောင့်ရှောက်ရန်နှင့် ရေကြောင်းလုံခြုံရေး (Maritime Security) ထိန်းသိမ်းစောင့်ရှောက်ရန်အတွက် မြန်မာနိုင်ငံကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခြင်းပင် ဖြစ်ကြောင်း။

အဓိကထားဆောင်ရွက်ကြရမည်

ယခင်က မိမိတို့နိုင်ငံတွင် ကမ်းခြေစောင့်တပ်ဖွဲ့မရှိသည့်အတွက် ၎င်းတာဝန်များကို တပ်မတော် (ရေ)က ပူးတွဲဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့ အချိန်တွင် ကမ်းခြေစောင့်တပ်ဖွဲ့ ဖွဲ့စည်းပေးပြီးဖြစ်သည့်အတွက် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးကဏ္ဍ (Constabulary Role)၊ လူသားချင်းစာနာမှု အကူအညီပေးရေးကဏ္ဍ (Benign Role) များကို ကမ်းခြေစောင့်တပ်ဖွဲ့က အဓိကထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေကြောင်း အကျိုးစီးပွားများ ကာကွယ်စောင့်ရှောက်ရေး၊ ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးနှင့် ပင်လယ်ပြင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကိုလည်း လုပ်ဆောင်ရန် တာဝန်ရှိမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ကုန်းမြေဧရိယာ ၂၆၁,၂၂၈ စတုရန်းမိုင်ခန့်နှင့် ရေပြင်ဧရိယာ ၁၄၄,၉၁၂ စတုရန်းမိုင်ခန့် ပိုင်ဆိုင်ပြီး ရေပြင်ဧရိယာအနေဖြင့် စုစုပေါင်းဧရိယာ၏ ၃၅ ရာခိုင်နှုန်းရှိကြောင်း၊ ကမ်းရိုးတန်းတစ်လျှောက်တွင်လည်း ကျွန်းပေါင်း ၁,၄၀၀ ကျော်ရှိပြီး သဘာဝကပေးအပ်သည့် အရင်းအမြစ်များ၊ စီးပွားရေးအခွင့်အလမ်းများများစွာရှိကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းနှင့် ပိုင်နက်ပင်လယ်ပြင် သဘာဝအလှတရားများ၏ ဆွဲဆောင်အားနှင့် ပင်လယ်ပြင်ရေကြောင်းခရီးသွား လုပ်ငန်း Marine and Coastal Tourism လုပ်ငန်းအတွက် အခြေခံကောင်းများစွာရှိသည်ကို တွေ့ရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို လုပ်ဆောင်ပေးသွားရမည်ဖြစ်ကြောင်း။

ထို့အပြင် ကမ်းရိုးတန်းတစ်လျှောက်၌ အလားအလာကောင်းသည့်ရေနက်ဆိပ်ကမ်းများရှိပြီး နိုင်ငံတကာကုန်သွယ်ရေးရေလမ်းကြောင်းများ ဖြတ်သန်းလျက်ရှိကြောင်း၊ ထို့ကြောင့် မိမိတို့ရေပြင်နှင့် ဆက်စပ်ပင်လယ်ပြင်တွင်ရှိသည့် ပင်လယ်ပြင်ဆက်သွယ်ရေးလမ်းကြောင်း (Sea Line of Communication) လုံခြုံရေးနှင့် မိမိတို့ရေနက်ဆိပ်ကမ်းများ ဘေးကင်းလုံခြုံရေးကို ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

မိမိတို့ပင်လယ်ပြင်သည် ငါးသယံဇာတ အမြောက်အများရှိပြီး တိုင်းရင်းသား ပြည်သူလူထုအတွက် အစားအစာလုံခြုံမှု Food Security ကို အဓိကပံ့ပိုးပေးလျက်ရှိကြောင်း၊ ပင်လယ်ပြင်တွင် ငါးလုပ်ငန်းနှင့် အသက်မွေးဝမ်းကြောင်းပြဿနာများ ဘေးကင်းလုံခြုံရေးအတွက် ဆောင်ရွက်ပေးရန်လိုအပ်သကဲ့သို့ ပင်လယ်ပြင်တွင် တရားမဝင်ငါးခိုးဖမ်းဆီးမှုများကိုလည်း စစ်ဆေးရှာဖွေဖမ်းဆီးထိန်းသိမ်းဆောင်ရွက် သွားကြရမည်ဖြစ်ကြောင်း။

ဖွဲ့စည်းပေးခြင်းဖြင့်

ထို့ကြောင့် မိမိတို့နိုင်ငံ၏ ပင်လယ်ပြင်အခြေပြုစီးပွားရေးလုပ်ငန်းများ (Ocean Based Economy) တစ်နည်းအားဖြင့် ပင်လယ်ပြာစီးပွားရေးလုပ်ငန်း (Blue Economy)များဖြစ်သည့် ရေကြောင်းခရီးသွားလုပ်ငန်း၊ ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုပ်ငန်း၊ ရေနက်ဆိပ်ကမ်းများလုပ်ငန်း၊ ကမ်းလွန်ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ပင်လယ်ငါးဖမ်းလုပ်ငန်း စသည့်စီးပွားရေးလုပ်ငန်းများဘေးကင်းလုံခြုံရေး၊ ပင်လယ်ပြင်မှတရားမဝင်ဖြတ်သန်းဝင်ရောက်မှုမရှိစေရေးနှင့် ပင်လယ်ပြင် တရားဥပဒေစိုးမိုးရေးဆောင်ရွက်ပေးရန်အတွက် ယနေ့ကမ်းခြေစောင့်တပ်ဖွဲ့ကို ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့တပ်မတော်သည် ပြည်သူလူထုအရေးကိုရှေးရှုပြီး ပင်လယ်ပြင်ရှာဖွေကယ်ဆယ်ရေးအပါအဝင် လူသားချင်း စာနာထောက်ကူမှုနှင့် သဘာဝဘေးဒုက္ခ ကယ်ဆယ်

ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော် (ရေ) အနေဖြင့် ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ ပင်လယ်ပြင်အတွင်းမှ ဒုက္ခသည် ၄,၀၀၀ ကျော်ကို ကူညီကယ်ဆယ်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ကိုဗစ် ၁၉ ကပ်ရောဂါကြောင့် မလေးရှားနိုင်ငံနှင့် အိန္ဒိယနိုင်ငံ ပို့ဗလဲယားတို့တွင် ကာလကြာရှည်စွာ ဒုက္ခခံနေရသည့် မြန်မာနိုင်ငံသား ၁,၁၅၀ ကျော်ကိုလည်း စစ်ရေယာဉ်များစေလွှတ်ပြီး ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့သော တာဝန်များကို ကမ်းခြေစောင့်တပ်ဖွဲ့အနေဖြင့် တပ်မတော်(ရေ) နှင့် ပူးပေါင်းပြီး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝများ တိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လိုအပ်ချက်အရ ကမ်းခြေစောင့်တပ်ဖွဲ့ကို နိုင်ငံတကာစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဖွဲ့စည်းပေးလိုက်ပြီးဖြစ်ကြောင်း၊ တပ်ဖွဲ့ဝင်များအနေဖြင့် တပ်ဖွဲ့ဆိုင်ရာ မျှော်မှန်းချက်အမြင် (Vision)၊ ရည်မှန်းချက် တာဝန် (Mission) များ သတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရည်မှန်းချက် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကမ်းခြေစောင့်တပ်ဖွဲ့အတွက် ရည်မှန်းချက်တာဝန်များနှင့် ကိုက်ညီမည့် တပ်ဖွဲ့ဆောင်ပုဒ်ကိုလည်း သတ်မှတ်ပေးလိုက်ကြောင်း၊ ယင်းဆောင်ပုဒ်မှာ “Guard, Protect and Save Our Sea” “စောင့်ရှောက်ကာကွယ် ဒို့ပင်လယ်” ပင်ဖြစ်ကြောင်း၊ မိမိတို့မြန်မာ့ပင်လယ်ပြင်နှင့် အကျိုးစီးပွားများကို စောင့်ရှောက်ကာကွယ်ပြီး နိုင်ငံတော်နှင့် တပ်မတော်မှ ပေးအပ်လာသည့် တာဝန်များကို ကြိုးပမ်းထမ်းရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

■■■■■

သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန် ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၆ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၆ ရက် နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ရန်ကုန်တိုင်းဒေသကြီးကျောက်တန်းမြို့နယ်၊ ရန်ကုန်မြစ်နှင့် မှော်ဝန်းချောင်းအကြားနေရာရှိ သီလဝါဘက်စုံ စိုက်ပျိုး မွေးမြူရေးဇုန်အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား မွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ညီစော၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့် သက်ဆိုင်သော ကုမ္ပဏီလိမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးနှင့် တာဝန်ရှိသူများက သီလဝါဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်၊ ၂၆ မိုင် ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်နှင့် တံတားမြို့နယ်ရှိ ရွှေမုယင်းငါးကန်တို့၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဘက်စုံစိုက်ပျိုးမွေးမြူရေးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ဆောင်ရွက်ပြီးစီးပြီး လုပ်ငန်းလည်ပတ်နေမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များကို အကောင်အထည် ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

သုတေသနပြုဆောင်ရွက်ရန်လို

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ စိုက်ပျိုးမွေးမြူရေးဇုန်များ ဖော်ဆောင်၍ ဆောင်ရွက်လျက်ရှိခြင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အသား၊ ငါးနှင့် ရာသီသီးနှံဖူလုံမှုရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဇုန်များ၌ဒေသအလိုက် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်၍ အရည်အသွေးပြည့်မီသည့် အသား၊ ငါးများအား တိုးမြှင့်ထုတ်လုပ်နိုင်ခြင်းဖြင့် ဈေးနှုန်းသက်သာစွာ စားသောက်နိုင်ပြီး ပြည်သူများ အသားနှင့်ငါးစားသုံးမှုမြင့်မားလာကာ ကျန်းမာကြံ့ခိုင်မှုရှိလာမည်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်သဖြင့် စနစ်တကျဖြင့် စံပြဖြစ်အောင် စီမံဆောင်ရွက်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များရရှိရေး သားဖောက်ခြင်းလုပ်ငန်းများအား သုတေသနပြုဆောင်ရွက်ရန်လိုကြောင်း။

ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး

မွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာ၌ ဒေသတွင်းဖူလုံမှုကို ဦးစွာစဉ်းစားဆောင်ရွက်ပြီး ပိုလျှံအသားကို အေးခဲအသားနှင့် ကုန်ချောထုတ်ကုန်အဖြစ် စီမံ၍ ပြည်ပသို့ တင်ပို့နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နို့နှင့်နို့ထွက်ပစ္စည်းများကို ပြင်ပမှ တင်သွင်းရလျက်ရှိသည့်အတွက် နွားမွေးမြူရေးလုပ်ငန်းများမှ နို့နှင့် နို့ထွက်ပစ္စည်းများ အောင်မြင်အောင်ထုတ်လုပ်ပြီး ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နို့ထွက်နှုန်းကောင်းမွန်ရန် ပထမဦးစားပေးစဉ်းစားပြီး ယင်းမှတစ်ဆင့် နို့ဆီ၊ နို့စိမ်း၊ ထောပတ် အစရှိသည့် Product အဖြစ် အဆင့်ဆင့်လုပ်ဆောင်၍ အရည်အသွေးရှိသည့် တန်ဖိုးမြင့် ထုတ်ကုန်များထွက်ပေါ်လာအောင်

လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဆိုင်စားအတွက် Table size နှင့် စားသုံးသူအများစုအတွက် ခုတ်သားများ ထုတ်လုပ်နိုင်ရေးအကန့်လိုက် အရွယ်အစားခွဲ၍ ထည့်သွင်းတွက်ချက်မွေးမြူကြရန်လိုပြီး အသားပေါများစွာ စားသုံးနိုင်ရေး လုပ်ဆောင်ပေးရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် Market နှင့် Target ကို သိရှိရမည်ဖြစ်ပြီး စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် ရာသီသီးနှံများကို စိုက်ပျိုးကြရန်လိုကြောင်း၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းနှင့် စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ခွဲခြားသိမြင်ရမည်ဖြစ်ပြီး စျေးကွက်လိုအပ်ချက်ထက် ပိုလျှံမှုမရှိစေရန်နှင့် စဉ်ဆက်မပြတ် ထုတ်လုပ်နိုင်ရန် စဉ်းစားတွက်ချက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ဆောင်လျက်ရှိသည့် ဒေသခံများ၏ စျေးကွက်ကို မထိခိုက်စေရန် စျေးကွက်လိုလားချက်နှင့် လိုအပ်ချက်ကို သိရှိအောင်လုပ်ဆောင်ပြီး စဉ်းစားတွက်ချက်လုပ်ဆောင်ကြစေလိုကြောင်း၊ စိုက်ပျိုးရေးထုတ်ကုန်များမှ ပိုလျှံသည်များကို လေလွင့်မှုမဖြစ်ပေါ်စေရေး ရေရှည်ထားရှိအသုံးပြုနိုင်သည့် အခြောက်ခံကုန်ချောများအဖြစ် ထုတ်လုပ်နိုင်ရေးလုပ်ဆောင်ရန်လိုကြောင်း၊ အုန်းဆီ၊ အုန်းမီးသွေး၊ အုန်းဆံတုံးစသည့် အုန်းနှင့် အုန်းထွက်ပစ္စည်းများသည် နေ့စဉ် အသုံးအဆောင်များတွင် မရှိမဖြစ်ပါဝင်နေပြီး စျေးကွက်ခိုင်မာခြင်း၊ ကမ်းရိုးတန်းဒေသများတွင် အုန်းပင်စိုက်ပျိုးထားရှိပါက သဘာဝဘေးအန္တရာယ်ကို အကာအကွယ်ပေးနိုင်ခြင်းတို့ကြောင့် ဒေသခံများကိုလည်း အုန်းစိုက်ပျိုးမှုနှင့်ပတ်သက်၍ အသိပညာပေး တိုက်တွန်းကြရမည်ဖြစ်ကြောင်း။

မျှဝေပေးရမည်

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဇုန်အသီးသီးရှိ ပတ်ဝန်းကျင်ဒေသခံများကိုလည်း ခေတ်မီပြီး နည်းစနစ်ကျနသည့် စိုက်ပျိုးမွေးမြူမှုများ ဖြစ်ပေါ်လာအောင် နည်းစနစ်နှင့် မျိုးများမျှဝေပေးရမည်ဖြစ်ကြောင်း၊ အသား၊ ငါးများအား သက်သာသော စျေးနှုန်းများဖြင့် စျေးကွက်အတွင်း ရောင်းချပေးနိုင်ရေး ဆောင်ရွက်ခြင်းဖြင့် အသား၊ ငါးစျေးနှုန်းများကြီးမြင့်မှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အသား၊ ငါး ထွက်ကုန်များအား ပြည်ပသို့တင်ပို့နိုင်ရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မိသားစုဝင်များသာမက ပြည်သူများအသား၊ ငါးနှင့် စိုက်ပျိုးရေးထုတ်ကုန်များအား သက်သာသောစျေးနှုန်းများဖြင့် ဝယ်ယူစားသုံးနိုင်ရေး စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

■■■■■

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံစဉ်ပြောကြားသည့်အမှာစကား

(၇ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး ရန်ကုန်မြို့တော်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ဦးသိန်းညွှန့်၊ ဦးခင်မောင်ဆွေ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်မှု အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးဆောင်ရွက်နေမှုအခြေအနေ၊ အခွန်ငွေကောက်ခံရရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း စိုက်ပျိုး/မွေးမြူရေးဆိုင်ရာ၊ ဝန်ဆောင်မှုကဏ္ဍဆိုင်ရာ၊ စက်မှုလုပ်ငန်းကဏ္ဍဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် ကုသရေးစင်တာများ ဖွင့်လှစ်ထားရှိမှု အခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်များရရှိစေရေးအတွက် ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေ၊ သောက်သုံးရေဖူလုံစွာရရှိရေး၊ အနာဂတ်ရေပေးဝေရေးစီမံချက်နှင့် လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ကုန်ထုတ်လုပ်ငန်းများမှ ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်၍ ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးက ရန်ကုန်မြို့တော်သန့်ရှင်းသာယာလှပရေးနှင့် ရေကြီးရေလျှံမှုများမဖြစ်ပေါ်စေရေးအတွက် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကောင်းမွန်စေရေးဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းမှာကြားသည်။

ရှင်းလင်းပြောကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်ကြီးဌာနများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ စက်မှုလုပ်ငန်းများတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ကျေးလက်နေပြည်သူများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးနေမှုအခြေအနေ၊ နိုင်ငံသားစိစစ်ရေးကတ်များရရှိရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လျှပ်စစ်ဓာတ်အားများ လုံလောက်စွာရရှိရေးနှင့် ဓာတ်အားပြတ်တောက်မှုများ မရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ မီတာခများကောက်ခံရရှိရေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ကျန်းမာရေးကဏ္ဍအဆင့်မြှင့်တင်ရေးဆောင်ရွက်နေမှုအခြေအနေ၊ အမျိုးသားအားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းပြောကြားကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဖြည့်စွက်

ပြောကြားရာတွင် နိုင်ငံသားအားလုံး နိုင်ငံသားမှတ်ပုံတင်ကတ်ပြားနှင့် အိမ်ထောင်စုဇယားများရရှိရန်အရေးကြီးကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုပေါင်း ၁၁ သန်းကျော်ရှိသည့်အနက် မှတ်ပုံတင်မရှိဘဲ ဆန္ဒမဲပေးခဲ့သူ ၄ သန်းကျော်ခန့်ရှိကြောင်း၊ ဒီမိုကရေစီစနစ်တွင် အထွေထွေရွေးကောက်ပွဲသည် အရေးကြီးပြီး Free and Fair ဖြစ်ရန်လိုကြောင်း၊ ထို့ကြောင့်လာမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင်ကတ်ပြားများရရှိရေး၊ အိမ်ထောင်စုစာရင်းများ မှန်ကန်ရေး၊ လူဦးရေစာရင်း မှန်ကန်ရေးတို့ကိုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် လမ်းပန်းဆက်သွယ်မှုများကောင်းမွန်ပြီး နည်းပညာဖွံ့ဖြိုးမှုနှင့် လူသားအရင်းအမြစ်ကောင်းများ ပိုမိုပေါများသည့် ဒေသဖြစ်သဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအားလုံး နိုင်ငံသားမှတ်ပုံတင်ကတ်များအမြန်ဆုံးရရှိရေး ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေအားဖြင့် ၇ ဒသမ ၈ သန်းကျော်ရှိပြီး နိုင်ငံလူဦးရေ၏ ၁၅ ရာခိုင်နှုန်းနီးပါးခန့် နေထိုင်လျက်ရှိကြောင်း၊ ၇ ဒသမ ၈ သန်းကျော်အနက် ကျေးလက်နေလူဦးရေ ၂ ဒသမ ၅ သန်းခန့်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် မြို့နေလူဦးရေပိုမိုများပြားကြောင်း၊ တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေးများကောင်းမွန်ပြီး သွားလာမှုအဆင်ပြေကာ နည်းပညာအရလည်း ဖွံ့ဖြိုးတိုးတက်မှုရှိသဖြင့် ရန်ကုန်မြို့သည် လုပ်ငန်းများဆောင်ရွက်မှုနှင့်ပတ်သက်၍ လွန်စွာအဆင်ပြေသည့် မြို့တစ်မြို့ဖြစ်ကြောင်း၊ ရန်ကုန်မြို့သည် ပညာသင်ကြားရေးနှင့်ပတ်သက်၍ နိုင်ငံ၏ထိပ်တန်းနေရာတွင်ရှိပြီး လွတ်လပ်ရေးရရှိသည်မှ ၂၀၀၆ ခုနှစ်အထိ နိုင်ငံ၏မြို့တော်အဖြစ်တည်ရှိခဲ့သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အခြေအနေကောင်းများစွာရှိကြောင်း၊

> **အမှိုက်များစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အမှိုက်စွန့်ပစ်သည့်စနစ်များ ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ကြရန်လို၊ စွန့်ပစ်အမှိုက်များမှ Recycle ပြုလုပ်နိုင်ရန်အတွက် အမှိုက်စွန့်စနစ်များအား အမျိုးအစားအလိုက် ခွဲခြားဆောင်ရွက်ရန်လို၊ အမှိုက်များအား မီးရှို့ဖျက်ဆီးမှုများမှတစ်ဆင့် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် မြေဩဇာထုတ်လုပ်ခြင်းများကိုဆောင်ရွက်၍ရသဖြင့် Waste energy ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လို၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လို။**

ရေခံမြေခံကောင်းမွန်ပြီးဖြစ်သဖြင့် အခြားဒေသများထက် ပိုမိုကောင်းမွန်တိုးတက်အောင် တာဝန်ရှိသူများအနေဖြင့် ကြိုးပမ်းဆောင် ရွက်ကြစေလိုကြောင်း။

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်၍ တတိယလှိုင်းတွင် ဖြစ်ပွားမှုများ များပြားခဲ့သော်လည်း ယခုအခါ ကူးစက်မှုနှုန်းအနိမ့်ဆုံးနှင့် သေဆုံးမှုနှုန်းအနိမ့်ဆုံးသို့ ရောက်ရှိနေပြီဖြစ်သဖြင့် ဆက်လက်ထိန်းသိမ်း၍ ဆောင်ရွက်ကြရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးအတွက် မိမိတို့အနေဖြင့် အရေးပေါ်တုံ့ပြန်နိုင်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ပြီး နောက်ပိုင်းတွင် ရောဂါကူးစက်မှုများကျဆင်းလာသည်ကို ဝမ်းမြောက်ဖွယ် တွေ့မြင်ရကြောင်း၊ ကာကွယ်ကုသရေးနှင့်ပတ်သက်၍ လိုအပ်သည့်အထောက်အကူပစ္စည်းများနှင့် ဆေးဝါးများ ပြည့်စုံစေရေးအတွက်လည်း စုဆောင်းထားရှိဆောင်ရွက်ခဲ့ကြောင်း၊ ထပ်မံဖြစ်ပွားလာနိုင်သော ကူးစက်မှုများအတွက်လည်း အဆိုးဆုံးအခြေအနေအထိ မျှော်တွေးပြီး အကောင်းဆုံး ပြင်ဆင်ထားရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကူးစက်မှုနှုန်းနည်းပါးလာခြင်းသည် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု ကောင်းမွန်မှုများကြောင့်ပင်ဖြစ်

ကြောင်း၊ ပူးပေါင်းဆောင်ရွက်မှုများအတွက် ရန်ကုန်မြို့နေပြည်သူများကို အသိအမှတ်ပြုချီးကျူးပါကြောင်း။

စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်လို

ရန်ကုန်မြို့တော်သန့်ရှင်း သာယာလှပရေးအတွက် တာဝန်ရှိသူများအနေဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်တတ်သဖြင့် ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုများ၏ အဓိကအကြောင်းရင်းမှာ ရေမြောင်းများ ပိတ်ဆို့မှုကြောင့်ဖြစ်ပြီး ယခင်အစိုးရအဆက်ဆက် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရခဲ့ကြောင်း၊ မိမိတို့အစိုးရတာဝန်ယူချိန် ယခုနှစ်မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုထိန်းနိုင်အောင် ကြိုးပမ်းစွမ်းဆောင်နိုင်ခဲ့ကြသည့်တာဝန်ရှိသူအသီးသီးကို အသိအမှတ်ပြုပါကြောင်းနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် ရန်ကုန်မြို့နေပြည်သူများကိုလည်း ချီးကျူးပါကြောင်း၊ သစ်ပင်များစိုက်ပျိုးပြီး အမှိုက်များကင်းစင်အောင် ပြုလုပ်ခြင်းဖြင့် Green City , Clean City ဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်းဖြင့် ပြည်သူများ၏ ကျန်းမာရေးအတွက် သန့်ရှင်းသည့်ပတ်ဝန်းကျင်နှင့် လေကောင်းလေသန့်များကို ရရှိစေမည်ဖြစ်ကြောင်း၊ ပြည်သူများကျန်းမာကြံ့ခိုင်မှုအတွက် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားသမားများ များစွာပေါ်ထွန်းခဲ့ပြီး ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ လူများ၏ စားသောက်ရေးအတွက် ဈေးဆိုင်များဖွင့်လှစ်ကြပြီး ဈေးဆိုင်အများစုသည် လမ်းမများ၏ဘေးများတွင် တည်ရှိကြကြောင်း၊ အချို့ဈေးဆိုင်များ၏ ဆိုင်းဘုတ်များ၊ အမှိုက်များသည် လူအများသွားလာလှုပ်ရှားလျက်ရှိသည့် လမ်းမများပေါ်သို့ရောက်ရှိနေကြကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ Non Product Element များလျော့ချနိုင်မှသာ Green City, Clean City, Fair City ဖြစ်မည်ဖြစ်ပြီး နည်းပညာများနှင့်ပေါင်းစပ်၍ Smart City အဆင့်သို့ ရောက်ရှိမည် ဖြစ်ကြောင်း။

ကျူးကျော်ပြဿနာများ

ကျူးကျော်နေထိုင်သူများနှင့်ပတ်သက်၍ စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အများစုသည် ရန်ကုန်မြို့တွင် အလုပ်အကိုင် အခွင့်အလမ်းများ ရှိသဖြင့် လာရောက်နေထိုင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်အကိုင်များရရှိအောင် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ကျေးလက်မြို့ပြကွာဟမှုကို လျော့ချလျက်ရှိကြောင်း၊ သို့မှသာ ကျူးကျော်နေထိုင်သူများ၏ ပြဿနာများ ပြေလည်သွားမည်ဖြစ်ကြောင်း၊ ကျူးကျော်ပြဿနာများကို ဖြေရှင်းနိုင်ခြင်းဖြင့် မြို့သာယာလှပရေးကိုလည်း အထောက်အကူပြုမည်ဖြစ်ကြောင်း။

အမှိုက်များစွန့်ပစ်ခြင်းနှင့်ပတ်သက်၍ အမှိုက်စွန့်ပစ်သည့်စနစ်များ ကောင်းမွန်စေရေးအတွက် စီမံဆောင်ရွက်ကြရန်လိုကြောင်း၊ စွန့်ပစ်အမှိုက်များမှ Recycle ပြုလုပ်နိုင်ရန်အတွက် အမှိုက်စွန့်စနစ်များအား အမျိုးအစားအလိုက် ခွဲခြားဆောင်ရွက်ရန် လိုကြောင်း၊ အမှိုက်များအား မီးရှို့ဖျက်ဆီးမှုများမှတစ်ဆင့် စွမ်းအင်ထုတ်လုပ်ခြင်းနှင့် မြေဩဇာထုတ်လုပ်ခြင်းများကို ဆောင်ရွက်၍ ရသဖြင့် Waste energy ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်ဓာတ်အားလုံလောက်စွာရရှိရေးအတွက်လည်း ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်ရေးအတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း၊ တစ်ဖက်မှလည်း လျှပ်စစ်ဓာတ်အားချွေတာရေးအတွက် မသုံးသင့်သည့် နေရာများတွင် မီးများအသုံးပြုမှု မရှိစေရေးစနစ်တကျ ဆောင်ရွက်ကြရန်လိုကြောင်း၊ လျှပ်စစ်မီးသက်သာစေသည့် LED မီးများကို ပြောင်းလဲအသုံးပြုပါက လျှပ်စစ်ဓာတ်အားချွေတာမှုကို ဖြစ်ပေါ်စေသကဲ့သို့ နိုင်ငံတော်အတွက်လည်း အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်း စားရေးအဆင်ပြေစေရေးအတွက်တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းမှ ထွက်ရှိသည့် ဆန်စပါးများမှ ဒေသတွင်း ဆန်ဖူလုံမှုရှိသော်လည်း တစ်ဇကေ တင်း ၁၀၀ အထက် အထွက်နှုန်းတိုးအောင် ဆောင်ရွက်ခြင်းဖြင့်

စိုက်ပျိုးထုတ်လုပ်သူများ ဝင်ငွေပိုရရှိကာ ဒေသစီးပွားရေး ပိုမို အဆင်ပြေမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တပ်မတော် စိုက်ပျိုးမွေးမြူရေးဇုန်များမှလည်း ဟင်းသီးဟင်းရွက်နှင့် အသား၊ ငါးနှင့် ကြက်ဥ၊ ဘဉ်များအား စဉ်ဆက်မပြတ် ထုတ်လုပ်၍ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ဒေသတွင်းစားရေး ဖူလုံအောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ဒေသအတွင်း လည်ပတ်သုံးစွဲငွေများ များပြားလာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ Agro Based Industries ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ရှိပြီးသားအခြေအနေကောင်းများကို အသုံးချ၍ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင် သက်ဆိုင်ရာဌာနများအနေဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အကောင်အထည်ဖော်မည့် သမဝါယမလုပ်ငန်းသည် ပြည်သူများတိုက်ရိုက်ပါဝင်သည့် သမဝါယမ စနစ်ဖြစ်ပြီး ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း သမဝါယမစနစ်ကို ကျင့်သုံး၍ အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

အခွန်ထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ထိုက်သင့်သည့် အခွန်များပေးဆောင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အခွန်နှုန်းထားများတိုးမြှင့်ခြင်းမပြုကြောင်း၊ ဒီမိုကရေစီနိုင်ငံတစ်ခုတွင် နိုင်ငံသားတိုင်း အခွန်ထမ်းလိုသည့် စိတ်များရှိရန်လိုကြောင်း၊ အချို့ပြည်သူများသည် လုပ်ငန်းများဆောင်ရွက်ကြသော်လည်း အခွန်ထမ်းခြင်းမရှိသည် ကိုတွေ့ရှိရကြောင်း၊ အခွန်ငွေများ ပြည့်ပြည့်ဝဝ ရရှိမှသာ နိုင်ငံတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း။

ဖြေလျော့ပေးသွားမည်

ရန်ကုန်မြို့တွင် ရေလုံလောက်စွာရရှိရေးအတွက် ရှိပြီးသား ရေအရင်းမြစ်များမှ သုံးစွဲမှုများအား စနစ်တကျဖြစ်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ရေသွယ်တန်းမှုများမှ လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး စစ်ဆေးပြုပြင် ဆောင်ရွက်နေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ရေအရင်းမြစ်ဖြစ်သည့် မြစ်ချောင်းများ များစွာရှိပြီး စနစ်တကျဖြင့် အသုံးချကြရန်လိုကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု ၈ ရာခိုင်နှုန်းအောက်သို့ ရောက်ရှိလာပြီဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် ပမာဏသို့ ကျဆင်းလာမည်ဆိုပါက Stay at Home သတ်မှတ်ထားမှုများဖြေလျော့ခြင်းနှင့် ဖြေလျော့၍ရသည့် အခြားကန့်သတ်ချက်များကိုလည်း ဖြေလျော့ပေးသွားမည်ဖြစ်ကြောင်း၊ ထိုသို့ကူးစက်မှုနှုန်း ကျဆင်းလာစေရေးအတွက် တစ်ဦးချင်းကိုယ်စီ အသိစိတ်ဓာတ်ရှိစွာဖြင့် ထိန်းသိမ်းနေထိုင်ကြရန်နှင့် မိမိနေထိုင်ရသည့် ပတ်ဝန်းကျင်တွင်လည်း နေထိုင်မှုစည်းကမ်းစနစ်တကျရှိစေရေး ပိုင်းဝန်းလုပ်ဆောင်သွားကြရန်လိုကြောင်း ပြောကြားသည်။

■■■■■

ပိုလ်သင်တန်းကျောင်း(မော်ဘီ) ဘွဲ့ရအမျိုးသမီးပိုလ်လောင်းသင်တန်း အမှတ်စဉ်(၈) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စီစစ်ရွေးချယ်ခြင်းနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၈ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၈ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့၊မော်ဘီတပ်နယ်ရှိ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ) ၌ ပြုလုပ်သည့် ဘွဲ့ရအမျိုးသမီး ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၈) စစ်လက်ရုံး ရွေးချယ်ပွဲသို့ တက်ရောက် စီစစ်ရွေးချယ်သည်။

စီစစ်ရွေးချယ်ပေး

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွှန့်ဝင်းဆွေ၊ တပ်မတော် (ကြည်း) ဗိုလ်သင်တန်းကျောင်း (မော်ဘီ) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ဗိုလ်လောင်းများအား တစ်ဦးချင်းတွေ့ဆုံကာ သင်တန်းကာလတစ်လျှောက် စည်းကမ်းလိုက်နာမှု၊ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ် မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စီစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း (တည်းကုန်း) သို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း ရှင်းလင်းဆောင်၌ တိုင်းမှူးနှင့် တာဝန်ရှိသူများက စိုက်ပျိုးမွေးမြူရေးစခန်းအတွင်း ဥစားကြက်၊ အသားစားကြက်၊ ငါး၊ အသားတိုးဝက်၊ နို့စားနွားအသားတိုးနွားနှင့် ဆိတ်များမွေးမြူထားရှိမှု အခြေအနေ၊ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးဆောင်ရွက်ထားရှိမှု အခြေအနေ၊ နွားမွေးမြူရေးလုပ်ငန်းမှထွက်ရှိသည့် နွားချေးများကို သဘာဝမြေဩဇာအဖြစ် အသုံးပြုလျက်ရှိသည့် အခြေအနေနှင့် စွေးကွက်အလိုက် ရောင်းချနေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်ဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နေ့စဉ်လူနေမှုဘဝတွင် စားရေးသည် အဓိကကျသောကြောင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်သားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်သည့်အပြင် ဒေသတွင်း ကုန်စျေးနှုန်းတည်ငြိမ်ရေးအတွက်လည်း ပိုလျှံသည့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ ဥနှင့် နို့များကို ဒေသခံများ စားရေးအဆင်ပြေစေရန် စဉ်ဆက်မပြတ် ရောင်းချပေးရန်လိုကြောင်း၊ ရန်ကုန်မြို့၏ လူဦးရေသည် ၇ သန်းကျော်ခန့်ရှိပြီး အသား၊ ငါး၊ ဥနှင့် နို့ထွက်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ရန်ကုန်တိုင်းဒေသကြီးအတွင်း မွေးမြူရေးဇုန်

များကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ထို့သို့လုပ်ဆောင်ရာတွင် ပုဂ္ဂလိက စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများလည်း ရှိသည့်အတွက် စျေးကွက်လိုအပ်ချက်ကို သိရှိရန်လိုပြီး စျေးကွက်လိုအပ်ချက်နှင့် ကိုက်ညီသည့် အထွက်နှုန်းကို ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမားရိုးကျ မွေးမြူရေးစနစ်များဖြင့် ကျေနပ်နေ၍မရဘဲ မွေးမြူရေးကျွမ်းကျင်သူပညာရှင်များနှင့် ဆွေးနွေးတိုင်ပင်၍ ခေတ်မီနည်းစနစ်ကျနသည့် မွေးမြူရေးလုပ်ငန်းများအဖြစ်သို့ ပြောင်းလဲလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပထမအဆင့် ဒေသတွင်းစားသုံးမှုလိုအပ်ချက်ကို Target ထား၍ ပြည့်မီအောင် ဆောင်ရွက်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် အရည်အသွေးကောင်းမွန်သည့် တန်ဖိုးမြင့်ထုတ်ကုန်များထုတ်လုပ်ကာ ဝင်ငွေပိုမိုရရှိစေပြီး လူနေမှုအဆင့်မြင့်မားအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ အခြေခံလူတန်းစားတို့၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်ပေးနိုင်ရန် ကုန်ထုတ်လုပ်မှုကို နည်းပညာဖြင့်မြှင့်တင်ပြီး ကျယ်ပြန့်သည့် စျေးကွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း။

အွန်လိုင်းမီဒီယာများမှလည်း တိုးတက်နေသည့် စိုက်ပျိုးမွေးမြူရေး နည်းစနစ်များကို မျက်ခြည်မပြတ်လေ့လာ၍ သုတေသနပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်ပြီး တပ်မတော်သားများ၊ မိသားစုဝင်များ၏ သက်သာချောင်ချိရေးကို ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင်မိမိတို့တပ်မတော်သားများ၏ စားသောက်နေထိုင်မှုမှအစ လူနေမှု အဆင့်အတန်းကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ပြီး ရသင့်ရထိုက်သည့် ရပိုင်ခွင့်များအပြင် အခြားလိုအပ်ချက်များကို တတ်စွမ်းသရွေ့ဖြည့်ဆည်း ဆောင်ရွက်ပေးရန် လိုအပ်မည်ဖြစ်ကြောင်း။

စက်မှုလယ်ယာစနစ်သို့

ရေရှည်တွင်အထွက်နှုန်းကောင်းမွန်၍အလေအလွင့်နည်းပါးပြီး ကုန်ကျစရိတ်သက်သာမှုရှိစေရန် စက်မှုလယ်ယာစနစ်သို့ အဆင့်လိုက် မဖြစ်မနေဆောင်ရွက်သွားရန်လိုကြောင်း၊ နေ့စဉ်မဖြစ်မနေ သုံးစွဲနေရသည့် အိမ်သုံးအခြေခံ သစ်သီးဝလံများကို စိုက်ပျိုးရာတွင် ဒေသနှင့်အချိန်ကို ကိုက်ညီအောင်တွက်ချက်၍ ဆယ့်နှစ်ရာသီပတ်လုံးထွက်ရှိအောင် ကြံဆဆောင်ရွက်ရန်လိုကြောင်း၊ ထိုကဲ့သို့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုဆောင်ရွက်၍ မိမိတို့၏ဒေသနှင့် နိုင်ငံအတွက် တစ်ဖက်တစ်လမ်းမှ အကျိုးပြု ဆောင်ရွက်နေခြင်းသည် State Building ကို ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း မှာကြားသည်။

■■■■■

မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၃) သံမဏိစက်ရုံ(ရွာမ)နှင့် ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ)ကာကွယ်ဆေးစက်ရုံတို့အား သွားရောက်စစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၈ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာချာလီသန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများ လိုက်ပါ၍ အောက်တိုဘာလ ၈ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ မြန်မာစီးပွားရေးကော်ပိုရေးရှင်း၊ အမှတ်(၃) သံမဏိစက်ရုံ(ရွာမ) နှင့် ဆေးဝါးစက်ရုံ(အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ(ရွာသာကြီး)၊ အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးစက်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား အမှတ် (၃) သံမဏိစက်ရုံ (ရွာမ) အစည်းအဝေးခန်းမတွင် စက်ရုံမှူးကြီး ဦးမျိုးတင့်အောင်နှင့် စက်ရုံအကြံပေးပုဂ္ဂိုလ် ဦးရင်မောင်ညွန့်တို့က စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ အရည်အသွေးမြင့် သံမဏိများထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ကုန်ကြမ်းများ ရရှိမှုအခြေအနေ၊ Oxygen ထုတ်လုပ်နေမှုအခြေအနေနှင့် စက်ရုံ Revamping ဆောင်ရွက်နေမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတည်ဆောက်ရာတွင် သံနှင့် သံမဏိထုတ်ကုန်များသည် မရှိမဖြစ်လိုအပ်ပြီး မိမိတို့နိုင်ငံ၌ ကုန်ကြမ်းပစ္စည်းများ ရှိနေသော်လည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ခြင်းမရှိသဖြင့် ပြည်ပမှတင်သွင်းနေရကြောင်း၊ နိုင်ငံတွင်း သံမဏိကုန်ကြမ်း အရင်းအမြစ်များ အသုံးပြုပြီး ပြည်တွင်း လိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်၍ ပြည်ပမှတင်သွင်းမှုကို လျှော့ချရန်လိုအပ်ကြောင်း၊ ထုတ်ကုန်များသည် သင့်တင့်သောစျေးနှုန်းဖြစ်ရန်နှင့် အရည်အသွေး ပြည့်မီရန်လိုပြီး ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ထုတ်လုပ်၍ ပြည်ပသွင်းကုန် လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ သံနှင့်သံမဏိ ထုတ်လုပ်မှုများနှင့် ပတ်သက်၍ နိုင်ငံတော်နှင့် MEC ကဲ့သို့သော Semi Government များသာမက ပုဂ္ဂလိကကုမ္ပဏီများမှ ဆောင်ရွက်မှုတို့ကိုလည်း အားပေးပါကြောင်း။

အရည်အသွေးပြည့်မီရန်လိုအပ်

သံမဏိကိုသာမက ဆောက်လုပ်ရေးလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသည့် ဘိလပ်မြေထုတ်လုပ်မှုများကိုလည်း ပြည်တွင်းလိုအပ်ချက် ပြည့်မီအောင် ထုတ်လုပ်ရန်လိုပြီး ထုတ်လုပ်သည့် ပစ္စည်းများအားလုံး အရည်အသွေးပြည့်မီရန်လိုအပ်ကြောင်း၊ အလားတူ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မဖြစ်မနေ အသုံးပြုရသော ဘိုးနှင့်နပ်များကိုလည်း ပြည်တွင်း၌ လုံလောက်စွာ ထုတ်လုပ်နိုင်ပါက ပြည်ပမှတင်သွင်းမှုများကို လျှော့ချနိုင်သဖြင့် နိုင်ငံအတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်

ဖြစ်ကြောင်း၊ ခေတ်မီသည့် နိုင်ငံအဖြစ်တည်ဆောက်ရာတွင် စက်မှုလုပ်ငန်းသည် အရေးကြီးကြောင်း၊ အဆိုပါ စက်မှုလုပ်ငန်းတွင် သံနှင့်သံမဏိသည် အရေးကြီးသကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေသည် အရေးကြီးကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် သံမဏိထုတ်လုပ်ရေးနှင့် ဘိလပ်မြေထုတ်လုပ်ရေး လုပ်ငန်းများအား အလေးထားဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း Revamping လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးလုပ်ငန်း၊ ဆေးဝါးစက်ရုံ (အင်းစိန်)၊ ဆေးဝါးစက်ရုံခွဲ (ရွာသာကြီး)၊ အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးစက်ရုံသို့ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးဇေနည်ဝင်း၊ မြန်မာ့ဆေးဝါးလုပ်ငန်း အထွေထွေမန်နေဂျာ ဒေါက်တာအောင်ဇော်၊ စက်ရုံခွဲမှူး ဒေါက်တာအောင်သန္တာဦးတို့က ပြည်တွင်းဆေးဝါး ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လက်ရှိ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ဆေးဝါးထုတ်လုပ်မှုကဏ္ဍ အားကောင်းလာစေရန်အတွက် တွန်းအားပေးဆောင်ရွက်နိုင်မည့် အခြေအနေ၊ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေနှင့် အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထုတ်လုပ်ပုံ အဆင့်ဆင့်နှင့် စက်ရုံဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ဆေးဝါးထုတ်လုပ်မှုများနှင့် ပတ်သက်၍ ယခင်က ဆိုရှယ်လစ်စီးပွားရေး စနစ်ဖြင့်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးဆန်ဆန် ဆောင်ရွက်ခဲ့ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ဖြစ်သော်လည်း ပြည်တွင်းဆေးလိုအပ်ချက်ကို ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ ထုတ်လုပ်သည့် ဆေးပစ္စည်းများ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဆေးဝါးများ၏ အရည်အသွေး ကောင်းမွန်ရန်နှင့် သင့်တင့်သည့် ဈေးနှုန်းဖြစ်ရန်မှာ အရေးကြီးကြောင်း၊ ပြည်တွင်းဆေးဝါးထုတ်လုပ်မှုနှင့်ပတ်သက်၍ နိုင်ငံတော်အနေဖြင့် ဖြေလျှော့ပေးမှုများ ရှိသော်လည်း အခွန်ဆိုင်ရာများနှင့် ပတ်သက်၍ ထိုက်သင့်သည့် ဆောင်ရွက်ချက်များ ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရည်အသွေးချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ ထုတ်လုပ်သူနှင့်သုံးစွဲသူ နှစ်ဖက်စလုံးအတွက် ကြည့်ရမည်ဖြစ်ပြီး ဈေးကွက်လိုအပ်ချက် ဖြည့်ဆည်းနိုင်ရေး အဓိကထားဆောင်ရွက်ရန်လိုကြောင်း၊ ဆေးဝါးကုန်ကြမ်း တင်သွင်းသူများအနေဖြင့် အခွန်ငွေများအား ထိုက်သင့်သည့် အခွန်နှုန်းထားဖြင့်သာ ကောက်ခံကြောင်း၊ မိမိအနေဖြင့် ပြည်တွင်းဆေးဝါး ထုတ်လုပ်မှုနှင့် ကုန်ထုတ်လုပ်မှုများကို အားပေးပါကြောင်း။

ပြည်ပကို မှီခိုရန်မလို

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် လက်ရှိကာလအတွင်း အသုံးပြုနိုင်ရေး အမြန်ရရှိအောင် ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ရေရှည်အတွက် ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး သုတေသနပြု ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်ပနိုင်ငံများနှင့် ဆေးဘက်ဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအပြင် လိုအပ်သည့်အချိန်တွင် အခြားကာကွယ်ဆေးများ ပြောင်းလဲထုတ်လုပ်နိုင်ရေး မျှော်တွေး၍ စီမံဆောင်ရွက်ရန်လိုကြောင်း၊ လတ်တလောတွင် ငွေကြေးကုန်ကျမှုရှိနိုင်သော်လည်း ကိုဗစ်-၁၉ ၏ မျိုးရိုးဗီဇ ပြောင်းလဲဖြစ်ပွားမှုကို အဆိုးဆုံးအခြေအနေအထိမျှော်တွေးကာ ပြည်တွင်းတွင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ပြည်ပကိုမှီခိုရန်မလိုဘဲ နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးစက်ရုံအတွက် လိုအပ်သည့် စက်ရုံကိုလည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံပြောကြားသည့် အမှာစကား

(၁၀ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးခင်ရီ၊ ဦးမင်းသိန်းဇံ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ရန်ကုန်မြို့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ဖေဖော်ဝါရီ ၁ ရက်နောက်ပိုင်း ဆူပူဆန္ဒပြဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ချိန်၌ ရန်ကုန်မြို့တွင်လည်း ဖြစ်စဉ်များရှိခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီစနစ်ဆက်လက်ရှင်သန်နေရန် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တာဝန်ယူဆောင်ရွက်ရခြင်းဖြစ်သဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများရွေးချယ်ခဲ့သည့်ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် ရပ်တည်ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကြောင့် Free and Fair မဖြစ်ခဲ့ကြောင်း၊ ဒီမိုကရေစီ၏အသက်မှာ ရွေးကောက်ပွဲ Free and Fair ဖြစ်ရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲမသမာမှုဖြစ်ပေါ်ခဲ့သည့်အပေါ် ဥပဒေနှင့်အညီဖြေရှင်းနိုင်သော်လည်း ပါတီထောက်ခံသူများအနေဖြင့် အကြမ်းဖက်မှုလမ်းကြောင်းကို ရွေးချယ်ခဲ့မှုကြောင့် လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးကို ထိခိုက်ခဲ့ကြောင်း၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ ရဲတပ်ဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း၊ အချို့နိုင်ငံဝန်ထမ်းများအနေဖြင့် ရွေးကောက်ပွဲမသမာမှုနှင့် ရွေးကောက်ပွဲပြီးရလဒ်နှင့် ဆက်နွယ်ဖြစ်ပေါ်လာသော လုပ်ရပ်များတွင် ပါဝင်ပတ်သက်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ ဒီမိုကရေစီစနစ်တွင် ဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်နိုင်သော်လည်း အကြမ်းဖက်မှုများမှာ မဖြစ်သင့်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးအတွက် ရဲတပ်ဖွဲ့မှ ဆောင်ရွက်လျက်ရှိပြီး တပ်မတော်ကကူညီဆောင်ရွက်၍ ဥပဒေနှင့်အညီ အတတ်နိုင်ဆုံး ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့သော်အချို့သောဖြစ်စဉ်များတွင် နှစ်ဖက်ပေးဆပ်ရမှုများရှိကြောင်း၊ အဓိကအားဖြင့် နိုင်ငံတည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးသည် အရေးကြီးသဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ရန်လိုကြောင်း၊ အကြမ်းဖက်လုပ်ရပ်များကြောင့် အသက်ဆုံးရှုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများနှင့် ဝန်ထမ်းများရှိခဲ့ပြီး ထပ်မံမဖြစ်ပေါ်စေရေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် နည်းလမ်းရှာဖွေဆောင်ရွက်ရန်လိုကြောင်း။

စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်လို

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်၍ ယခင်ကထက် တိုးတက်မှုများရှိသော်လည်း လိုအပ်ချက်များရှိနေသေးသဖြင့် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ တရားမဝင်မော်တော်ယာဉ်များ သုံးစွဲနေမှုအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာ

နိုင်ရန်အတွက် လမ်းအင်္ဂါရပ်နှင့်ကိုက်ညီသည့် လမ်းနှင့် လမ်းညွှန် အမှတ်အသားများ၊ လူကူးမျဉ်းကျားများ စနစ်တကျဆောင်ရွက်ပေးရန်လိုကြောင်း၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ဆောင်ရွက်နေသူ ဝန်ထမ်းများအနေဖြင့်လည်း တာဝန်ထမ်းဆောင်ရာတွင် သတ်မှတ်စည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ခြင်းဖြင့် ယာဉ်စည်းကမ်းနှင့်ပတ်သက်၍ ထိန်းသိမ်းဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း။

မြို့သာယာလှပရေးနှင့်ပတ်သက်၍ မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အမှိုက်သရိုက်များစွန့်ပစ်မှုကို စနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ရန်လိုကြောင်း၊ အမှိုက်များ စနစ်တကျစွန့်ပစ်မှုမရှိခြင်းကြောင့် မြို့သာယာလှပမှုကို ထိခိုက်စေနိုင်သည်မက ချောင်းမြောင်းများ ပိတ်ဆို့ခြင်းကြောင့် ရေကြီးရေလျှံမှုများကို ဖြစ်ပေါ်စေကြောင်း၊ ယခုနှစ်တွင် ချောင်းမြောင်းပိတ်ဆို့ခြင်းကို ဖယ်ရှားနိုင်ခြင်းကြောင့် ရေကြီးရေလျှံမှုကို တတ်နိုင်သမျှလျော့ချနိုင်ခဲ့ကြောင်း၊ အမှိုက်များရှင်းလင်းရာတွင် မီးရှို့သည့်စနစ်နှင့် စွန့်ပစ်သည့်စနစ် နှစ်မျိုးဆောင်ရွက်နိုင်ပြီး မီးရှို့သည့်စနစ်ကို ဆောင်ရွက်ခြင်းဖြင့် ငွေကုန်ကြေးကျရှိသော်လည်း မြို့သာယာလှပမှုကိုဖြစ်စေကြောင်း၊ ပလက်ဖောင်းလမ်းများ ဆောက်လုပ်ရာတွင် လူများလွတ်လွတ်လပ်လပ် သွားလာနိုင်စေရေး စနစ်တကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ပလက်ဖောင်းများပေါ်၌ ဈေးများရောင်းချမှု မရှိစေရေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ယာဉ်များသွားလာမှု လွယ်ကူစေရေးဆောင်ရွက်နိုင်ခြင်းဖြင့် မြို့သာယာလှပမှုကို အထောက်အကူပြုစေကြောင်း၊ ဈေးဝယ်ကြွေးငြာဆိုင်းဘုတ်များ အားသတ်မှတ်သည့် နေရာများ၌သာ ကြော်ငြာရေးကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ သောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် ရရှိသည့်ရေများအားလုံး သန့်ရှင်းရန်လိုအပ်သဖြင့် အလေးထားဆောင်ရွက်ရန်လိုကြောင်း။

ပြည်ပမှ ဝယ်ယူစားသုံးမှုကိုလျော့ချနိုင်

ရန်ကုန်မြို့တော် စည်ပင်သာယာနယ်နိမိတ်အတွင်း နေထိုင်သူများအားလုံးသည် နေထိုင်သွားလာမှု အဆင်ပြေသည့်အတွက် ရန်ကုန်မြို့အတွင်း နေထိုင်သူများအားလုံး နိုင်ငံသားမှတ်ပုံတင်ကတ်များ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ စားသောက်ရေးအဆင်ပြေအောင် ဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ၏ စီးပွားရေးကို ကောင်းမွန်အောင် ဆောင်ရွက်ပေးခြင်းပင်ဖြစ်ကြောင်း၊ စားသောက်ရေး ဖူလုံမှုကို ဆောင်ရွက်၍ ၎င်းမှတစ်ဆင့်အရည်အသွေးကောင်းမွန်သောစားသောက်ကုန်ထုတ်လုပ်နိုင်သည့် အဆင့်ကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် ထုတ်လုပ်သည့် စားသောက်ကုန်များအားလုံး အရည်အသွေးကောင်းမွန်စွာဖြင့် ဈေးနှုန်းသက်သာစွာ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပမှ ဝယ်ယူစားသုံးမှုကို လျော့ချနိုင်ကြောင်း၊ စားသောက်ကုန်သီးနှံများအား ရာသီချိန်အလိုက် ထုတ်လုပ်၍ အထွက်နှုန်းများကောင်းမွန်ပြီး ပြည့်ဝစွာရရှိအောင် ဆောင်ရွက်နိုင်ရေး လူတစ်ဦးချင်းအခြေခံလိုအပ်ချက်ကို တွက်ချက်ကာ တိုင်းဒေသကြီးတစ်ခုလုံးဖူလုံအောင် စီမံဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အခြားနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို နမူနာယူ၍ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ ရန်ကုန်မြို့အတွင်း နေထိုင်စားသောက်ရေးအတွက် မိရိုးဖလာသမားရိုးကျဖြင့် ကျေနပ်နေ၍မရဘဲ နည်းပညာအထောက်အကူရယူကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝပြည့်စုံကာ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးကိုပါအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ရှိသူများအနေဖြင့် ဘက်ပေါင်းစုံမှစဉ်းစား၍ ရန်ကုန်တိုင်းဒေသကြီး တိုးတက်ရေး အလေးထားစီမံဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးက တိုင်းဒေသကြီးအတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့်အခြေအနေများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ပြည်သူလူထု၏ လုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခြင်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ လိုက်နာမှုရှိစေရေး ဆောင်ရွက်လျက်ရှိပြီး စည်းကမ်းမလိုက်နာသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ တိုင်းဒေသကြီးအတွင်း ဝမ်းစာဖူလုံရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချိတ်ဆက်

မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေး ဆောင်ရွက်ရန်အတွက် ပြည်သူများပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် ပြည်သူနှင့်ကောင်းမွန်သော ဆက်ဆံရေးရှိရန်လို၊ လုံခြုံရေးအား တိုက်ရိုက်တာဝန်ယူရသည့်လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ပေါ့ပေါ့ဆဆဆောင်ရွက်ခြင်းမရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး သတိဖြင့် တာဝန်ထမ်းဆောင်ရန်လို၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်းလျော့ချမှုနှင့်ပတ်သက်၍ ရန်ကုန်မြို့သည် လူနေမှုသိပ်သည်းသည့်နေရာ ဖြစ်သော်လည်း ပြည်သူ၏ ပူးပေါင်းပါဝင်မှုကြောင့် ကူးစက်မှုနှုန်းကျဆင်းလာပြီဖြစ်၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်သည့်မြို့အဖြစ် ဆောင်ရွက်၍ စံနမူနာအဖြစ်ဆောင်ရွက်စေချင်။

ဆောင်ရွက်၍ သီးနှံများအထွက်တိုးရေး ဆောင်ရွက်နေမှုအခြေအနေနှင့် အခြားစီးပွားရေးလုပ်ငန်းများ တိုးတက်စေရေးဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြို့တော်ဝန် ဦးဗိုလ်ဌေးက ရန်ကုန်မြို့တော်အတွင်း ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အမှိုက်စွန့်ပစ်မှုနှင့် ပတ်သက်၍ တာဝန်ရှိသူများအပြင် ပြည်သူလူထု ပူးပေါင်းပါဝင်လာစေရေးနှင့် အမှိုက်သိမ်းမှု၊ သယ်ယူပို့ဆောင်မှု၊ စွန့်ပစ်မှုများ စနစ်ကျနမှုရှိစေရေး လုပ်ဆောင်လျက်ရှိသည့်အခြေအနေ၊ ယာဉ်ကြောပိတ်ဆို့မှု၊ လမ်းပိတ်ဆို့မှုများကို အဓိကဖြစ်ပေါ်စေသည့် စည်းကမ်းမဲ့ ဈေးရောင်းချမှုများ မရှိစေရေး၊ ပြည်သူလူထုမှ ပူးပေါင်းပါဝင်လာစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ မြို့တော်ရေပေးဝေမှု သန့်ရှင်းမှုရှိစေရေးနှင့်ပတ်သက်၍ အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ရေပေးဝေမှုတွင် ရေသန့်စင်သည့်စနစ်များကိုပါထည့်သွင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူလူထု၏ သက်သာချောင်ချိရေး၊ စားရေးတွင် အဆင်ပြေချောမွေ့မှုရှိစေရေး၊ အလုပ် အကိုင်အခွင့်အလမ်းများရရှိရေး ဆောင်ရွက်နေသည့်အခြေအနေ၊ တိုင်းဒေသကြီးအတွင်း တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးနှင့် အကြမ်းဖက်တိုက်ခိုက်မှုများ လျော့နည်းပပျောက်ရေး၊ မှုခင်းဖြစ်စဉ်များလျော့နည်းကျဆင်းရေး၊ သတင်းအချက်အလက်များ မှန်ကန်မြန်ဆန်မှုရှိစေရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အသက်အရွယ်အလိုက် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရန်လိုအပ်သူများအား မှတ်ပုံတင်ကတ်ပြားများ သတ်မှတ်ကာလအတွင်းရရှိနိုင်ရေး ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကြသည်။

နိုဂုံးချုပ်အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပြည်သူ့လုံခြုံရေး ဆောင်ရွက်ရန်အတွက် ပြည်သူများ ပူးပေါင်းပါဝင် ဆောင်ရွက်လာအောင် ပြည်သူနှင့်ကောင်းမွန်သော ဆက်ဆံရေးရှိရန်လိုကြောင်း၊ လုံခြုံရေးအား တိုက်ရိုက်တာဝန်ယူရသည့်လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ပေါ့ပေါ့ဆဆ ဆောင်ရွက်ခြင်းမရှိအောင် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ရန်လိုပြီး သတိဖြင့် တာဝန်ထမ်းဆောင်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်းလျော့ချမှုနှင့်ပတ်သက်၍ရန်ကုန်မြို့သည် လူနေမှုသိပ်သည်းသည့်နေရာဖြစ်သော်လည်း ပြည်သူ၏ ပူးပေါင်းပါဝင်မှုကြောင့် ကူးစက်မှုနှုန်းကျဆင်းလာပြီဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ဖြစ်ပွားမှုနှုန်း အနည်းဆုံးဖြစ်သည့်မြို့အဖြစ် ဆောင်ရွက်၍ စံနမူနာအဖြစ်ဆောင်ရွက်စေချင်ကြောင်း၊ ထို့ကြောင့်မိမိတို့အနေဖြင့်လည်း ရန်ကုန်မြို့အတွင်း ကာကွယ်ဆေးများ အပြည့်အဝထိုးနှံနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေသုံးစွဲရာတွင်လည်း စနစ်တကျဖြင့် အလေအလွင့်မရှိအောင် ချွေတာသုံးစွဲ၍ အကျိုးရှိအောင် အသုံးချကြရန်လိုကြောင်း၊ မိမိတို့နှင့် အခြေခံသဘောသဘာဝတူညီပြီး အောင်မြင်ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံများ၏ လုပ်ဆောင်မှုကိုအတုယူ၍ နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ မြို့ကွက်စီမံကိန်းများ ဆောင်ရွက်

ရာတွင်လည်း ၄ ထပ်မှ ၅ ထပ်ခန့်ရှိသင့်လျော်သော အထပ်မြင့်အဆောက်အအုံများ ဆောင်ရွက်နိုင်ခြင်းဖြင့် လျှပ်စစ်၊ လမ်းစသော အခြေခံအဆောက်အအုံများအတွက်ကုန်ကျစရိတ်သက်သာစွာ မြေပြဿနာများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ အလားတူမီးအန္တရာယ်နှင့်ရာဇဝတ်မှုအန္တရာယ်များမရှိစေရေးအတွက်လည်း ဂရုပြုဆောင်ရွက်ရန်လိုကြောင်း၊ ပြစ်မှုကျူးလွန်မှုများမဖြစ်ပေါ်စေရေးအတွက် သွားလာမှုလွယ်ကူရေး ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည့် ရဲစခန်းများနှင့် မီးသတ်စခန်းများ တည်ဆောက်ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အားကစားကဏ္ဍာဖွံ့ဖြိုးရေးအတွက်လည်း အားကစားကွင်းများနှင့် အားကစားရုံများကို နိုင်ငံတကာအဆင့်မီ တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးဇုန်များတွင် လုပ်ငန်းဆောင်ရွက်နေသူများအနေဖြင့် မြေဧရိယာအနည်းငယ်ဖြင့် ထိထိရောက်ရောက်အကျိုးရှိရှိဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ထိရောက်စွာအရေးယူဆောင်ရွက်

ကဏ္ဍစုံတွင် ပြည်သူများပါသည့် အုပ်ချုပ်မှုစနစ်ဖြစ်ရန်လိုကြောင်း၊ လုံခြုံရေးနှင့်ပတ်သက်၍ ထိခိုက်အောင် ဆောင်ရွက်သူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်လိုသဖြင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ကျောသားရင်သားမခွဲခြားဘဲ ဆောင်ရွက်ကြရန်လိုကြောင်း၊ အစိုးရသည် ပြည်သူများအတွက် One Stop Service ပင်ဖြစ်သဖြင့် ပြည်သူများနှင့် ပတ်သက်သည့် လုပ်ငန်းများအားအချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရန်လိုကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင်ပြီးပြည့်စုံသည့်ရွေးကောက်ပွဲဖြစ်စေရေးဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်မာတောင့်တင်းနေရန်လို

ရန်ကုန်မြို့သည် နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်သည့် နိုင်ငံ၏ အဓိကဝင်ပေါက်နေရာဖြစ်သဖြင့် လူဝင်မှုဆိုင်ရာကိစ္စရပ်များအား စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် စစ်ဆေးမှုနှင့် မှတ်တမ်းတင်မှုများကို စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နိုင်ငံတကာစီးပွားရေးဆိုင်ရာကိစ္စရပ်များဆောင်ရွက်ရာတွင်လည်း စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်၍ စည်းကမ်းဖောက်ဖျက်မှုများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် အစိုးရနှင့်ပြည်သူ ချိတ်ဆက်မှုယန္တရားများအားလုံး ခိုင်မာတောင့်တင်းနေရန်လိုကြောင်း၊ အလားတူ ကျေးလက်နေပြည်သူများအတွက်လည်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေရန်လိုပြီး ပြည်သူများတိုက်ရိုက် ပါဝင်သည့် ကျေးလက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ လိုအပ်ချက်များကို တတ်နိုင်သမျှဖြည့်ဆည်းပေးပြီး လူနေမှုဘဝများမြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ကျေးလက်ကုန်ထုတ်လုပ်မှုသည် အဓိကအရေးကြီးသဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ နွေရာသီကာလတွင် လျှပ်စစ်ဓာတ်အားများ မပြတ်တောက်စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအတွင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးနှင့် Waste Energy ထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

■■■■■

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့် မိန့်ခွန်း

(၁၅ - ၁၀ - ၂၀၂၁)

ချစ်ခင်လေးစားအပ်ပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ဒီကနေ့ဟာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအကြား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခဲ့တဲ့ (၆) နှစ်မြောက် နှစ်ပတ်လည်နေ့ပဲဖြစ်ပါတယ်။ ယခင်က NCA ချုပ်ဆိုခြင်း နှစ်ပတ်လည်အခမ်းအနားတွေကို နေပြည်တော်မှာ လူချင်းတွေ့ဆုံကာ ကျင်းပပြုလုပ်ခဲ့ပြီး (၅) နှစ်မြောက် နှစ်ပတ်လည်နေ့ကိုတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေတဲ့အတွက် သဝဏ်လွှာပေးပို့ခြင်းနဲ့ Online မှ မိန့်ခွန်းပြောကြားခြင်းပဲ ပြုလုပ်ခဲ့ရပါတယ်။ ယနေ့ကျရောက်တဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း (၆) နှစ်ပြည့် နှစ်ပတ်လည်နေ့အခမ်းအနားမှာ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ပြည့်စုံပြီး နိုင်ငံအကျိုး၊ ပြည်ထောင်စုအကျိုးနဲ့ ပြည်သူပြည်သားအားလုံး လိုလားတောင့်တနေကြသော ရေရှည်တည်တံ့ ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိစေရန်အတွက် ဆထက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုတာ သမိုင်းနဲ့ချီပြီး ကြီးမားကျယ်ပြန့်လှတဲ့ လုပ်ငန်းစဉ်ကြီးဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ အဆက်ဆက်နဲ့ တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေး၊ ပြည်တွင်းငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းတွေ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပါတယ်။ လွတ်လပ်ရေးရယူခဲ့မှ အပေါ် သဘောထားကွဲလွဲမှုကြောင့် ဗကပတွေတောခိုပြီး တစ်လကျော်အကြာမှာပဲ သခင်နုက ကွန်မြူနစ်တွေနဲ့ ငြိမ်းချမ်းမှုရရှိစေရေး လက်ဝဲညီညွတ်ရေးမူ ၁၅ ချက်ကို ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလ၊ လွတ်လပ်ရေးရပြီးစကာလမှာ လွတ်လပ်ရေးကို ကြိုးပမ်းခဲ့ကြတဲ့ အင်အားစုတော်တော်များများဟာ လက်ဝဲယိမ်းသူတွေများပါတယ်။ ဒါ့ကြောင့် ဒီအဖွဲ့တွေကြား မတူတာတွေကို ဘေးဖယ်၊ တူညီတဲ့ကိစ္စတွေကို စုပေါင်းပြီး ပြည်တွင်းညီညွတ်မှုရစေဖို့၊ ဒီကမှ တစ်ဆင့် ပြည်တွင်းငြိမ်းချမ်းရေးရစေဖို့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ ကွန်မြူနစ်၊ ဆိုရှယ်လစ်နဲ့ ပြည်သူ့ရဲဘော်တို့က ကိုယ့်အဖွဲ့ကိုယ်ဖျက်ပြီး တစ်ပါတီတည်းအဖြစ် ပူးပေါင်းပါဝင် ကြိုးပမ်းကြဖို့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ခဲ့ပါတယ်။ ဖဆပလအစိုးရအနေနဲ့ ကွန်မြူနစ်တွေနဲ့ တိုက်ခိုက်နေတဲ့ စစ်ကိုရပ်စဲပြီး လက်ဝဲညီညွတ်ရေးအတွက် ဇူလိုင်လမှာ လက်ဝဲစည်းရုံးရေးကောင်စီကို တပ်မတော်ဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့အဖွဲ့ဝင် ၂၁ ဦးနဲ့ ဆောင်ရွက်စေပါတယ်။ မအောင်မြင်ခဲ့ပါဘူး။ မအောင်မြင်ရတဲ့အကြောင်းများစွာရှိပါတယ်။ အဲ့ဒီထဲကအချက်တစ်ချက်ကို ပြောလိုပါတယ်။ ဒီလက်ဝဲညီညွတ်ရေးမူ ၁၅ ချက်လည်း ထုတ်ပြန်ရော အင်္ဂလန်နဲ့အမေရိကန်က မြန်မာပြည်ကြီးနိုသွားပြီလို့ရေးသားတာတွေ၊ စောင့်ကြည့်ရဦးမယ်လို့ ဟိန်းဟောက်တာတွေ လုပ်လာကြပါတယ်။ အချင်းချင်းကကွဲ၊ လွတ်လပ်ရေးရပြီးစ အင်အားကလည်းနည်းနေတော့ အစိုးရအနေနဲ့ ဦးတင်ထွဋ်ကို လန်ဒန်အထိစေလွှတ်ပြီး ရှင်းပြရတဲ့အဆင့်ထိရောက်ခဲ့ပါတယ်။ ဒါနဲ့ လက်ဝဲညီညွတ်ရေးမူထဲက " မက်စ်ဝါဒ လေ့လာရေးအဖွဲ့ ဖွဲ့ရန် " ဆိုတဲ့ အချက် ၁ ချက်ကိုဖြုတ်ပြီး ၁၄ ချက်ဖြစ်လာရပါတယ်။ ဒီနေရာမှာပြောချင်တာက "အနောက်နိုင်ငံအချို့အနေနဲ့ မြန်မာနိုင်ငံမှာ မြန်မာပြည်သူလူထုအကျိုးကို ဖော်ဆောင်ပေးနိုင်မယ့်အစိုးရ၊ မြန်မာ့ငြိမ်းချမ်းရေးကို ဖော်ဆောင်ပေး

နိုင်မယ့် အစိုးရဆိုတာမျိုးထက် သူတို့ကြိုးကိုင် ခြယ်လှယ်လို့ရမယ့် အစိုးရမျိုးတက်လာတာ၊ ရှိနေတာကိုပဲလိုချင်တာ” ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ၁၉၄၈– ၁၉၄၉ ခုနှစ်မှာ KNUနဲ့ စတင်ဆွေးနွေးခဲ့ပါတယ်။ ၁၉၆၀ ပြည့်နှစ်မှာ ကေအင်န်ယူနဲ့ ထပ်ဆွေးနွေးခဲ့ပါတယ်။ တော်လှန်ရေးကောင်စီ တက်လာပြီးနောက်ပိုင်း ၁၉၆၃ ခုနှစ်၊ ဇွန်လမှာ “ပြည်တွင်းငြိမ်းချမ်းရေးအတွက် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းအားလုံးသို့ တော်လှန်ရေးကောင်စီ၏ ကမ်းလှမ်းချက်” ကို ထုတ်ပြန်ခဲ့ပါတယ်။ အဲဒီနှစ်ထဲမှာပဲ ဗကပနဲ့ ၇ ကြိမ် ဆွေးနွေးခဲ့ပါတယ်။ KIA၊ KIO တို့ နဲ့ ၃ ကြိမ် ဆွေးနွေးခဲ့ပါတယ်။ KNU ၊ MNSP ၊ KNPP သုံးပါတီနဲ့၊ ၎င်းတို့ပါဝင်တဲ့ မဒည်တအဖွဲ့ တွေကို ၅ ကြိမ်ခန့် ဆွေးနွေးခဲ့ပါတယ်။ ဒီထဲကစောဟန်တာသာမွေး ဦးဆောင်တဲ့ ကရင်တော်လှန်ရေး ကောင်စီ (KRC) တစ်ဖွဲ့တည်းနဲ့သာ ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့တာဖြစ်ပါတယ်။ လမ်းစဉ်ပါတီခေတ် ၁၉၈၀–၁၉၈၁ ခုနှစ်ထဲမှာ KIA နဲ့ ၁၀ ကြိမ်၊ ဗကပနဲ့ ၂ ကြိမ် ဆွေးနွေး ခဲ့ပါတယ်။

တော်လှန်ရေးကောင်စီအနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်ခဲ့ရာမှာ လက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့သာမဟုတ်ဘဲ နိုင်ငံရေးခေါင်းဆောင်တွေရဲ့ အကြံဉာဏ်ကိုရယူပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနဲ့ တိုင်းရင်းသားလူမျိုးစုများအရေးစတဲ့ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွားဖြစ်ထွန်းစေမယ့်ကိစ္စတွေကို ဆောင်ရွက်နိုင်ဖို့ ရည်မှန်းပြီး “ ပြည်တွင်းညီညွတ်ရေး အကြံပေးအဖွဲ့” ကို ၁၉၆၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပါတယ်။ စည်းစည်းလုံးလုံး ညီညီညာညာနဲ့ တိုင်းပြုပြည်ပြုကိစ္စတွေ ဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ပြည်တွင်းညီညွတ်ရေးအဖွဲ့မှာ အဖွဲ့ဝင် ၃၃ ဦး ပါဝင်ခဲ့ပါတယ်။ ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေထဲက ဦးနု (ဝန်ကြီးချုပ်ဟောင်း)၊ ဦးကျော်ငြိမ်း၊ ဝိဓူရသခင် ချစ်မောင်၊ ဦးဗဆွေ၊ မန်းဝင်းမောင်၊ ဒူဝါဇော်လွန်း၊ ဗိုလ်မှူးအောင်၊ ဗိုလ်မင်းခေါင်တို့ ပါဝင်ခဲ့ကြပါတယ်။ အဲဒီ ၃၃ ဦးစာရင်းကိုလေ့လာကြည့်ရင် တည်မြဲ(ဖဆပလ)၊ သန့်ရှင်း(ဖဆပလ)နဲ့ ပမည်တ စတဲ့ နိုင်ငံရေးအဖွဲ့မျိုးစုံက ပုဂ္ဂိုလ်တွေပါဝင်သလို တိုင်းရင်းသားမျိုးစုံပါဝင်ခဲ့ပါတယ်။ ဒီအကြံပေးအဖွဲ့အနေနဲ့ အကြံပြုခဲ့ရာမှာ အုပ်စု ၄ စုခန့်ကွဲပြားခဲ့ပါတယ်။ အမျိုးမျိုး ကွဲပြားတဲ့ အယူအဆတွေ တွေ့ရပါတယ်။ ဒီနေရာမှာ ပြောလိုတာကတော့ အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ အယူအဆနဲ့ လုပ်ဆောင်ချက်ဟာ အခုမှရှိတာမဟုတ်ပါဘူး။ ရှိခဲ့၊ လုပ်ခဲ့ကြပါတယ်။ ဘာကြောင့် အောင်မြင်မှုမရသလဲဆိုတာ သမိုင်းမှာရှာဖတ်ကြည့်စေလိုပါတယ်။

၁၉၈၈ ခုနှစ်နောက်ပိုင်းမှာတော့ တပ်မတော်အစိုးလက်ထက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့၊ အဖွဲ့ငယ် ၂၃ ဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ပါတီစုံဒီမိုကရေစီခေတ်မှာ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းကို ဖော်ဆောင်ခဲ့ပြီး ၂၀၁၅ ခုနှစ်မှာ NCA လက်မှတ်ရေးထိုးတဲ့ EAO အဖွဲ့ ၈ ဖွဲ့၊ ၂၀၁၈ ခုနှစ်မှာ လက်မှတ်ရေးထိုးတဲ့ အဖွဲ့ ၂ ဖွဲ့၊ စုစုပေါင်း ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးခဲ့တဲ့ အဖွဲ့အများစုဟာ တပ်မတော်အစိုးရ လက်ထက်ကတည်းက ငြိမ်းချမ်းရေးအတွက် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်း စတဲ့ကိစ္စရပ်များကို ဆောင်ရွက်ခဲ့ကြတဲ့ အဖွဲ့များ ဖြစ်ပါတယ်။ ဒီနေရာမှာ ၂၀၁၅ ခုနှစ် (NCA လက်မှတ်ရေးထိုးခါနီး)မှာ EAO များ

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မယ့်လုပ်ငန်းရပ်များချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်တဲ့ဖော်ဆောင်ရေးအဖွဲ့များဖွဲ့စည်းခြင်းနဲ့ လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်းဆိုတဲ့ အဆင့် ၃ ဆင့်ကို နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်လိုက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီကိစ္စတွေအတွက် တိုင်းရင်းသားပြည်သူလူထုနဲ့ ပါဝင်ပတ်သက်ရမယ့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များ ရယူခြင်း၊ အသိပေးခြင်းနဲ့ ပညာပေးခြင်းတွေကို ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ကို “NCA စာချုပ်မှာ အလျင်စလို လက်မှတ်မထိုးကြဖို့” ဆိုတဲ့ သတင်းစကားပျံ့လွင့်လာမှုကိုလည်း သတိရစေလိုပါတယ်။

တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး NCA လမ်းကြောင်းမှာ လျှောက်လှမ်းနိုင်ဖို့ အမြဲတိုက်တွန်း နှိုးဆော်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးလိုချင်ရင် တပ်မတော်က တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးဖို့ဆိုတဲ့ သဘောထား၊ အယူအဆတွေကို ပြောလာခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့ကစပြီး ဒီနေ့အထိ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်ပေါင်းအကြိမ် ၂၀ ပြုလုပ်ခဲ့ပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲပေးခဲ့ပါတယ်။ အခုလည်း (၇၅) နှစ်ပြည့် စိန်ရတု ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနဲ့ အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်တွေအပြင် နိုင်ငံတော်အစိုးရရဲ့ လုံခြုံရေးနဲ့အုပ်ချုပ်ရေးယန္တရားတွေကို နှောင့်ယှက်ထိပါး တိုက်ခိုက်ချိန်မှအပ တပ်မတော်ရဲ့စစ်ရေးဆိုင်ရာ လှုပ်ရှားမှုတွေကို အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့် ရပ်စဲပေးခဲ့ပါတယ်။ တပ်မတော်အနေနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ကို အာမခံထားပြီးဖြစ်ပါတယ်။ ဒီမိုကရေစီစနစ် ဆိုတာက တစ်ဒေသနဲ့ တစ်ဒေသ၊ လူမျိုးစုတစ်ခုနဲ့တစ်ခု မတူညီတဲ့အခွင့်အရေးတွေ မဟုတ်ဘဲ တူညီတဲ့စနစ်နဲ့ ဖော်ဆောင်ရမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ “ မိမိတို့အနေနဲ့ နိုင်ငံတော်တည်ဆောက်ရာမှာ အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း” ပြောကြားခဲ့ပါတယ်။ ဒါကျွန်တော်တို့အစိုးရ ဆက်လက်ဆောင်ရွက်သွားမယ့် ဦးစားပေးနိုင်ငံရေးမူဝါဒပဲဖြစ်ပါတယ်။ ဒီနှစ်ခုဟာ အပြန်အလှန်ဆက်စပ်လျက်ရှိပါတယ်။ တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်တဲ့အခါ ကျွန်တော်တို့နိုင်ငံမှာ အဓိကလိုအပ်ချက်ကတော့ ငြိမ်းချမ်းရေးပါပဲ။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ (၇၅) နှစ်ပြည့် စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပါတယ်။ အလားတူ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ဟာ ကျွန်တော်တို့နိုင်ငံရဲ့ စိန်ရတုလွတ်လပ်ရေးနေ့ဖြစ်ပါတယ်။ တိုင်းပြည် တစ်ပြည်အတွက်အရေးကြီးတဲ့ သမိုင်းဖြစ်စဉ်ဖြစ်ရပ်၊ နေ့ရက်ကြီး ၂ ခု စိန်ရတုတိုင်ခဲ့ပါပြီ။ မြန်မာနိုင်ငံရဲ့ လူဦးရေသက်တမ်းစံနှုန်းနဲ့တွက်ချက်ရင် လူတစ်ယောက်ရဲ့ သက်တမ်းတစ်ခုစာလောက်ရှိပါပြီ။ “အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်တယ်။ အလားတူ အတိတ်ကိုအစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်တယ်” ဆိုတဲ့စကားရပ်ကို သတိချပ်ဖို့ ကျွန်တော်ပြောလိုပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ ကျရောက်လာတော့မယ့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့တွေ မတိုင်မီမှာ (တစ်) ပြည်ထောင်စုစိတ်ဓာတ်ရှင်သန် ခိုင်မာစေရေးလုပ်ငန်းစဉ် (နှစ်) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမှာ ဖြစ်ပါ တယ်။

ပြည်ထောင်စုစိတ်ဓာတ် ပိုမိုရှင်သန်ထက်မြက်ရေးအတွက် လုပ်ဆောင်မယ့် လုပ်ငန်းရပ်များချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်တဲ့ ဖော်ဆောင်ရေးအဖွဲ့များဖွဲ့စည်းခြင်းနဲ့ လက်တွေ့လုပ်ငန်းရပ်များ ဆောင်ရွက်ခြင်းဆိုတဲ့ အဆင့် ၃ ဆင့်ကို နိုင်ငံတော်အစိုးရအနေနဲ့ အဆင့်လိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီကိစ္စတွေအတွက် တိုင်းရင်းသားပြည်သူလူထုနဲ့ ပါဝင်ပတ်သက်ရမယ့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များရယူခြင်း၊ အသိပေးခြင်းနဲ့ ပညာပေးခြင်းတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်တွေ့ကျကျတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရာမှာ-

(၁) သက်ဆိုင်ရာတိုင်းရင်းသားများ၊ သက်ဆိုင်

သူများ ကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနဲ့ မြှင့်တင်ရေး ဆောင်ရွက်ခြင်း။

(၂) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီအဆင့်ဆင့်၊ တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီ နှင့်တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ရိုက်ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မြှင့်တင်ရေးအဖွဲ့များနှင့် ဆွေးနွေးခြင်း။

(၃) NCAလက်မှတ်ရေးထိုးထားသောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက် ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များရရှိရေး စတဲ့လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။

ဒီနေရာမှာ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ လက်ရှိအစိုးရဟာ ရွေးကောက်ခံအစိုးရမဟုတ်လို့ တွေ့ဆုံဆွေးနွေးစရာမလိုဘူးဆိုတဲ့အယူအဆတွေ၊ ငြိမ်းချမ်းရေးကို အပြည့်အဝအကောင်အထည်ဖော်ပေးနိုင်မှာမဟုတ်ဘူးဆိုတဲ့ အယူအဆတွေနဲ့ပတ်သက်ပြီး စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျကျသုံးသပ်ဖို့လိုပါတယ်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရလက်ထက်မှာ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ် ဘယ်လောက်အောင်မြင်ခဲ့တယ်၊ ဘယ်လောက်ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းခဲ့တယ်၊ တိုင်းရင်းသားနယ်မြေတွေမှာဖွံ့ဖြိုးရေးလုပ်ငန်းတွေဘယ်လောက်တည်ဆောက်နိုင်ခဲ့တယ်၊ အဲဒီအဖွဲ့ထဲက အများစုကပဲ NCA လက်မှတ်ရေးထိုးနိုင်ခဲ့တယ်ဆိုတာ လက်တွေ့ပဲဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုညီလာခံ၊ NCA နှစ်ပတ်လည်နေ့တွေမှာ ငြိမ်းချမ်းရေးကို တကယ်လိုလားရင် ရိုးသားတဲ့စိတ်ရှိဖို့၊ ငြိမ်းချမ်းရေးထက် အရေးကြီးတာဘာမှမရှိဘူးဆိုတဲ့ခံယူချက်ရှိဖို့ အကြိမ်ကြိမ်တိုက်တွန်းခဲ့ပါတယ်။ အစိုးရတွေဘယ်လောက်ပဲ ပြောင်းပြောင်း ကျွန်တော်တို့နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံပဲဖြစ်ပါတယ်။ အစိုးရဆိုတာထက် ကျွန်တော်တို့အားလုံး ကျွန်တော်တို့ပြည်ထောင်စုမြန်မာနိုင်ငံအပေါ် သစ္စာရှိဖို့၊ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ရိုးသားစစ်မှန်တဲ့ စိတ်ရင်းစေတနာနဲ့ ဆောင်ရွက်ဖို့ဟာ အဓိကဖြစ်ပါတယ်။ ဒါကြောင့် NCA လက်မှတ်ရေးထိုးပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ NCA စာချုပ်ကို ပိုမိုခိုင်မာအောင်၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့လည်း လက်ရှိအခြေအနေထက် ပိုမိုတဲ့ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနဲ့ ငြိမ်းချမ်းရေး အဆင့်တစ်ဆင့်ကို တက်လှမ်းနိုင်အောင်၊ ၎င်းမှ NCA စာချုပ်ထဲမှာ ပါဝင်လက်မှတ်ရေးထိုးနိုင်အောင် စိန်ရတုပြည်ထောင်စုနေ့သန္ဓိဋ္ဌာန်ဖြင့် တိုက်တွန်းလိုပါတယ်။

ကျွန်တော်တို့ ပြည်ထောင်စုသမ္မတနိုင်ငံတော်ကို ၂၀၁၁ ခုနှစ်မှာ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီးနောက် ပထမအစိုးရကာလမှာ ပြည်သူလူထုရဲ့ ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင်တည်ဆောက်ရေးမှာအရေးပါတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စတင်နိုင်ဖို့ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးကမ်းလှမ်းမှုများ ပြုလုပ်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၈) ဖွဲ့နဲ့ (၄)နှစ်ကျော်ကြာ ငြိမ်းချမ်းရေးဆွေးနွေးမှုများကို အကြိမ်ကြိမ်တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်မှာတော့ အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၈) ဖွဲ့တို့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ကို လက်မှတ်ရေးထိုးနိုင်ခဲ့ကြပြီး ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်မှာ မွန်ပြည်သစ်ပါတီ (NMSP)နဲ့ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) တို့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့အတွက် လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ ရှိပြီဖြစ်ပါတယ်။ ဒီအဖွဲ့တွေနဲ့ ငြိမ်းချမ်းရေးအကျိုးဆောင်များရဲ့ အဲဒီတုန်းကရှိခဲ့တဲ့ ငြိမ်းချမ်းရေးအတွက်ကြိုးပမ်းမှု၊ စိတ်ဓာတ်နဲ့လုပ်ရပ်တွေကို ထပ်လောင်းအသိအမှတ်ပြု ဂုဏ်ယူပါတယ်။

NCA စာချုပ်ဟာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းကရေးဆွဲထားတာ မဟုတ်ဘဲ တိုင်းရင်းသား လက်နက်

ကိုင်အဖွဲ့အစည်းတွေရဲ့လိုလားချက်တွေ၊ ကနဦးအဆိုပြုချက်တွေအပေါ် မူတည်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်နဲ့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး အသေးစိတ်အကျေအလည် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းသဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်တဲ့အတွက် အားလုံးပိုင်ဆိုင်တဲ့စာချုပ်လည်းဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးရဲ့ ထောက်ခံအားပေးမှုကိုလည်းရရှိခဲ့တဲ့ အပြင် နိုင်ငံတကာရဲ့ အသိအမှတ်ပြုမှု၊ ဂုဏ်ယူလေးစားမှုကိုရရှိနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် NCA စာချုပ်ဟာ ကျွန်တော်တို့အတွက် အစဉ်အမြဲအလေးထားရမယ့် မဖျောက်ပစ်လို့မရတဲ့စာချုပ်ဖြစ်တယ်လို့ဆိုရမှာဖြစ်ပါတယ်။

NCA စာချုပ်ကို ချုပ်ဆိုပြီးနောက် NCA စာချုပ်ပါ အချက်အလက်များအတိုင်း ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို စဉ်ဆက်မပြတ် အခက်အခဲအမျိုးမျိုးကြားမှ မလျော့သောဇွဲဖြင့် ဆက်လက်လုပ်ဆောင်နိုင်ခဲ့ကြလို့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို ၅ ကြိမ်ထိ ကျင်းပနိုင်ခဲ့ပြီး သဘောတူညီချက် (၃၇)ချက်ပါရှိတဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)၊ သဘောတူညီချက် (၁၄)ချက်ပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)နဲ့ သဘောတူညီချက် (၂၁)ချက်ပါဝင်တဲ့ ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)တို့ကိုချုပ်ဆိုနိုင်ခဲ့ပြီး စုစုပေါင်းသဘောတူညီချက် (၇၂)ချက် ရရှိခဲ့ပြီးဖြစ်ပါတယ်။ ဒီဆွေးနွေးချက်၊ သဘောတူညီချက်တွေဟာ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ အားလုံးရည်မှန်းထားတဲ့ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုတည်ဆောက်နိုင်ရေးကို ဦးတည်ဆွေးနွေးခဲ့ကြတာဖြစ်ပြီး ပြည်ထောင်စု သဘောတူစာချုပ် အစိတ် အပိုင်း (၃) မှာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုကို အဆင့်လိုက်၊ အပိုင်းလိုက် ညှိနှိုင်းဆောင်ရွက်သွားကြမယ်လို့ သဘောတူညီခဲ့ကြပြီးဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ် နှောင်းပိုင်းကစတင် ဖြစ်ပွားလာခဲ့တဲ့ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကို အကြောင်းပြုပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများမပြုလုပ်နိုင်ခဲ့သော်လည်း ယခုအခါကာလမှာ ကိုဗစ်-၁၉ ကူးစက်မှုနှုန်းလျော့ကျလာခဲ့ပြီဖြစ်လို့ အားလုံးရည်မှန်းထားတဲ့ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်ဖို့ လမ်းကြောင်းမပျောက်ဘဲ ခိုင်မာတဲ့သန္ဓိဋ္ဌာန်ဖြင့် ငြိမ်းချမ်းရေးတွေ့ဆုံဆွေးနွေးပွဲလမ်းကြောင်းတွေကနေ သဘောတူညီချက်တွေရရှိပြီး ရည်မှန်းချက်ရောက်တဲ့အထိ ဆက်လက် လျှောက်လှမ်းသွားကြရမှာဖြစ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။

မိမိတို့အားလုံးလက်ခံထားတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံတဲ့ပြည်ထောင်စုကြီးတည်ဆောက်ရာမှာ တိုင်းဒေသကြီး /ပြည်နယ်အားလုံးမှ တိုင်းရင်းသားအားလုံးသည် တူညီတဲ့ ဖက်ဒရယ်အခွင့်အရေးများအကုန်ရရှိရမှာဖြစ်ပါတယ်။ ဒီမိုကရေစီနှင့်ပတ်သက်၍ အများဆန္ဒအတိုင်း ဆောင်ရွက်နေသလို လူနည်းစုဆန္ဒကိုလည်း အလေးထားရန် လိုအပ်ပါတယ်။ မိမိဆန္ဒနဲ့ မကိုက်ညီတာနဲ့ ရန်သူလို့သဘောထားပြီး ခွဲခြားဆက်ဆံမှုများ၊ လူမှုဆက်ဆံရေးအရ ပြစ်ဒဏ်ခတ်ပြီး လူ့အသိုက်အဝန်းမှ ဖယ်ကြဉ်ထားခြင်းမျိုးဟာ ကျေးပိုင်ကျွန်ပိုင်ခေတ်က လူတန်းစားခွဲခြားသည့် အတွေးအခေါ်များဖြစ်ပြီး ဒီမိုကရေစီနဲ့ကိုက်ညီမှုမရှိတာကို တွေ့ရပါတယ်။ တိုင်းပြည်တစ်ခုတွင် ဒီမိုကရေစီဖွံ့ဖြိုးတိုးတက်စေချင်တယ်ဆိုရင် နိုင်ငံရေးတည်ငြိမ် အေးချမ်းမှုရှိရမှာဖြစ်ပြီး လုံခြုံရေးလည်းတည်ငြိမ်အေးချမ်းရမှာ ဖြစ်ပါတယ်။ နိုင်ငံတော်မှာ လက်ရှိဖြစ်ပွားနေသော ကိစ္စရပ်များဟာ ဒီမိုကရေစီ မရင့်ကျက်သေးသဖြင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များဖြစ်ကြောင်း သတိပြုစေလိုပါတယ်။

ဖက်ဒရယ်စနစ်နဲ့ပတ်သက်၍ မိမိတို့လိုရာကိုအမြဲတယ်အမျိုးမျိုးဖွင့်ဆိုပြီး ပြောဆိုနေကြသော်လည်း အနှစ်သာရမှာ ပေါင်းစည်းခြင်းနှင့် သဟဇာတဖြစ်မှုပင် ဖြစ်ပါတယ်။ မတူကွဲပြားသည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ လူမျိုးများ၊ လူမျိုးစုများကို စုစည်းထားရာမှ အာဏာ (၃) ရပ်ကို ခွဲဝေကျင့်သုံးခြင်းပင် ဖြစ်ပါတယ်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး မည်သို့ပင် အယူဝါဒအမျိုးမျိုးကွဲပြားနေပါစေ မိမိတို့နိုင်ငံနဲ့ သဟဇာတဖြစ်မယ့် စနစ်မျိုးကို ရွေးချယ်ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ မိမိတို့အနေနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင်းနေထိုင်ကြတဲ့ ညီအစ်ကိုမောင်နှမများအားလုံး အတူတကွ ငြိမ်းချမ်းသာယာစွာ အတူယှဉ်တွဲနေထိုင်ကြမယ်ဆိုတဲ့အခြေခံစိတ်ဓာတ်နဲ့ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်နဲ့ပတ်သက်ပြီး သဘောထားကွဲလွဲမှုတွေကို ဆွေး

နွေးပွဲများမှတစ်ဆင့် အကျေအလည်ညှိနှိုင်း ဖြေရှင်းသွားကြရမှာဖြစ်ပါတယ်။

တိုင်းရင်းသားညီနောင်များ ခင်ဗျား–

ယနေ့ကာလဟာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ NLD ပါတီရဲ့ မဲမသမာမှုတွေအပေါ် တပ်မတော်နဲ့နိုင်ငံရေးပါတီတွေက ညှိနှိုင်းဆွေးနွေးအဖြေရှာဖို့ အကြိမ်ကြိမ် နည်းလမ်းပေါင်းစုံနဲ့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့လို့ တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ဦးဆောင်နေတဲ့ ကာလဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို တာဝန်ယူပြီးသည့်အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ် (၅) ရပ်နဲ့ ဦးတည်ချက် (၉) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာမှာ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း အလေးထား လုပ်ဆောင်လျက်ရှိပါတယ်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှာ တပ်မတော်၏ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးပြီး ဖေဖော်ဝါရီလ ၁၇ရက်နေ့မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေး ဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီတို့ကို ဖွဲ့စည်းခဲ့ပါတယ်။ လက်ရှိကာလမှာ ညှိနှိုင်းရေးကော်မတီအနေနဲ့ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီတို့ကို စုစုပေါင်း (၂၁) ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်မှုမရှိအောင် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံရဲ့ အကျိုးစီးပွားကိုမလိုလားသော နိုင်ငံကို ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ မီဒီယာများနဲ့အာဏာကို အကြမ်းဖက်နည်းနဲ့ ရယူလိုသူတွေဖြစ်တဲ့ NLD ပါတီဝင်အစွန်းရောက်များ၊ NUG၊ CRPH နဲ့ PDF အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ရဲ့ဒေသအချို့မှာ နယ်မြေတည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုထိခိုက်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အတိုင်းအတာ တစ်ခုအထိ အဟန့်အတားဖြစ်ပေါ်စေလျက်ရှိနေတာကိုလည်း တွေ့ရှိရမှာဖြစ်ပါတယ်။

NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့ဟာလည်း ပြည်တွင်း / ပြည်ပ အဖွဲ့အစည်းအချို့ရဲ့သွေးထိုးလှုံဆော်မှုတွေကြောင့် ငြိမ်း ချမ်းရေးလမ်းကြောင်းမှ သွေဖည်လုပ်ဆောင်လိုတဲ့ သဘောထားဆောင်ရွက်ချက်များ တွေ့ရှိလာရသလို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံကြည်မှုပျက်ပြားစေမယ့် မလုပ်သင့်မလုပ်ထိုက်တဲ့ လုပ်ရပ်များလုပ်ဆောင်ပြီး နိုင်ငံတော်အစိုးရမှ အကြမ်းဖက်အဖြစ် သတ်မှတ်ထားတဲ့အဖွဲ့အစည်းများနဲ့ ပါဝင်ပတ်သက်မှုတွေ့ရှိနေတာလည်း တွေ့ရပါတယ်။ သို့ပေမယ့်လို့ နိုင်ငံတော်အစိုးရအနေနဲ့ကတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေ မထိခိုက်အောင်သဘောထားကြီးစွာနဲ့ တတ်နိုင်သမျှထိန်းသိမ်း ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်အစမှာ ပြောခဲ့သလို NCA ဟာ ကျွန်တော်တို့အားလုံး အကြိမ်ကြိမ်တွေ့ဆုံညှိနှိုင်း၍ ခက်ခက်ခဲခဲအဖြေရှာပြီးမှ နှစ်ပေါင်း (၇၀) ကျော်ကာလမှာ ပထမဆုံးရလာခဲ့တဲ့ ငြိမ်းချမ်းရေးလမ်းစ ဖြစ်ပါတယ်။ အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့် လုပ်ရပ်များ၊ ပြည်တွင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် “ ပြည်သူလူထု၏အသက်ထက် အရေးကြီးတာ ဘာမျှမရှိ” ဟူသော မူဝါဒနဲ့ တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှိသမျှ ခွန်အား၊ စွမ်းအားဖြင့် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် “ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားများဆိုတာထက် လူမျိုးဘာသာမရွေး လူသားအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှု တန်းတူအခွင့်အရေး ခံစားခွင့်ရရှိစေရမယ်” ဆိုတဲ့မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိ။

ပြည်ပ ပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံဆော်မှုများကြောင့် NCA ဆိုတဲ့ ငြိမ်း ချမ်းရေးလမ်းကြောင်း ပျောက်ပျက်မသွားဖို့ အထူးသတိ ပြုစေလိုကြောင်း ပြောကြားလိုပါတယ်။

မိမိတို့အစိုးရအနေနဲ့ စစ်မှန်ပြီးစည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုတည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ ဒီကိစ္စကို ကျွန်တော်တို့အစိုးရက ခိုင်ခိုင်မာမာ အာမခံပါတယ်။ ဒါကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များအနေနဲ့ နိုင်ငံတော်က ချမှတ်လုပ်ဆောင်နေတဲ့ လုပ်ငန်းစဉ်များနဲ့ လက်ရှိပကတိ အခြေအနေမှန်များကို မှန်ကန်စွာ သိရှိနားလည်ပြီး အချို့မီဒီယာများရဲ့ မဟုတ်မမှန် သတင်းများကို စိစစ်စဉ်းစားချင့်ချိန်နိုင်ဖို့နဲ့ မိမိတို့လျှောက်လှမ်းနေသော ငြိမ်းချမ်းရေးလမ်းကြောင်းကို ထိခိုက်စေမယ့် အပြုအမူများကို ရှောင်ရှားကြဖို့လိုအပ်ကြောင်း တိုက်တွန်းပြောကြားလိုပါတယ်။ NCA ငြိမ်းချမ်းရေး လမ်းကြောင်းပေါ်မှာ ယုံယုံကြည်ကြည်နဲ့ ခိုင်မာစွာ ဆက်လက်လျှောက်လှမ်းခြင်းဟာ နိုင်ငံတော်အစိုးရက လက်ရှိဦးတည်သွားနေသော လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ခြင်းအားဖြင့် ပြည်သူက ရွေးချယ်ပေးတဲ့ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာရေးကို အားပေးကူညီရာ ရောက်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

လက်ရှိအခြေအနေမှာ တစ်ကမ္ဘာလုံး ကိုဗစ် - ၁၉ ကပ်ရောဂါကို ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစ၍ ယခုအထိ ခံစားနေရတဲ့ကာလ ဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် " ပြည်သူလူထု၏အသက်ထက်အရေးကြီးတာ ဘာမျှ မရှိ " ဟူသော မူဝါဒနဲ့ တစ်နိုင်ငံလုံး၊ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ရှိသမျှခွန်အား၊ စွမ်းအားဖြင့် အစွမ်းကုန် ကြိုးပမ်းအားထုတ်လျက်ရှိပါတယ်။ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် "ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားများဆိုတာထက် လူမျိုးဘာသာမရွေး လူသားအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှု တန်းတူအခွင့်အရေး ခံစားခွင့်ရရှိစေရမယ်" ဆိုတဲ့မူဝါဒနှင့်အညီ NCA လက်မှတ်ရေး ထိုးထားတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေသာမက NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနဲ့ နယ်စပ်ဒေသနေပြည်သူလူထုများ၊ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအားလုံးအတွက်ပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိပါတယ်။ အချို့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွက် ဦးစားပေးအရေအတွက်အလိုက် စတင်ထိုးနှံပြီး ဖြစ်ကြောင်းနဲ့ ကျန်းမာရေးအသိအမြင်နဲ့သာရှုမြင်ပြီး ကာကွယ်ဆေးများ အချိန်မီ ထိုးနှံနိုင်ရေး ညှိနှိုင်းရေးကော်မတီနဲ့ ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

ကျွန်တော်တို့အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနဲ့ တွေ့ဆုံဆွေးနွေးရေးအတွက်အမြဲတံခါး ဖွင့်လှစ်ထားရှိကြောင်း အတိအလင်းကြေညာထားပြီးဖြစ်ပါတယ်။ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရတာဝန်ကို ရယူထားချိန်ဖြစ်လို့ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အကောင်အထည်ဖော်ရာတွင်ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုသည့်အဆင့်မှအပ ကျန်သည့်အစိတ်အပိုင်းများ ဆောင်ရွက်၍ရနိုင်ကြောင်း ပြောကြားလိုပါတယ်။ လက်ရှိနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ခံအစိုးရ၊ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍မရနိုင်ဟု ထင်မြင်ယူဆဖွယ်ဖြစ်သော် လည်း ရွေးကောက်ပွဲထပ်မံကျင်းပပြီးစီးပါက နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များကသာ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များဖြစ်လာမှာဖြစ်သည့်အတွက် ယခုကာလတွင် မိမိတို့အနေဖြင့် နိုင်ငံရေးတွေ့ဆုံ ဆွေးနွေးမှုများနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို သက်ဆိုင်သူများနဲ့ စဉ်ဆက်မပြတ်ဆောင်ရွက်နေခြင်းအားဖြင့် ပိုမိုခရီးရောက်စေမည် ဖြစ်ပါတယ်။

မိမိတို့နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပြည်သူအားလုံး အလိုချင်ဆုံး၊ အတောင့်တဆုံးဆန္ဒဖြစ်တဲ့

နောင်လာမယ့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းတဲ့ အမွေကောင်းတစ်ခုချန်ထားခဲ့ရန် လိုအပ်တဲ့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အချိန်မဆွဲဘဲဖြစ်နိုင်သမျှ မြန်မြန်လုပ်ဆောင်ဖို့ လိုအပ်ပါတယ်။ သဘာဝသယံဇာတများ ပေါကြွယ်ဝတဲ့ မိမိတို့နိုင်ငံအနေနဲ့ ငြိမ်းချမ်းရေး အမြန်ရရှိလေ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်လေဖြစ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေနဲ့ ထာဝရငြိမ်းချမ်းရေးကို အလေးအနက်ထား အကောင်အထည်ဖော်နေချိန်ဖြစ်လို့ ယနေ့အချိန်ကာလဟာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရော၊ NCA လက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များရော တိုင်းပြည်အကျိုးစီးပွား၊ ပြည်သူပြည်သားများအားလုံးရဲ့ အကျိုးစီးပွားကို ရှေးရှုပြီး ငြိမ်းချမ်းရေးလမ်းကြောင်းပေါ် လျှောက်လှမ်းရန်အတွက် အကောင်းဆုံးအချိန်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့-

ဆရာဇော်ဂျီရဲ့ ကဗျာလေးတစ်ပိုဒ်နဲ့ပဲ အဆုံးသတ်လိုပါတယ်။ အဲဒါကတော့

“ ထလော့မြန်မာ၊ မြန်မာထလော့ - အားမပျော့နှင့်၊ မလျှော့လုံ့လ - သူကစ၍ ငါကအားလုံး - လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့် - စွမ်းဆောင်ကြလေ၊ ဆောင်ကြလေလော့ - ဤမြေဤရွာ၊ ဘယ်သူ့ရွာလဲ - ဤယာစပါး ၊ ဘယ်သူ့စပါးလဲ - ထားလော့တာဝန် ၊ ပွန်လော့လုပ်ငန်း - ဉာဏ်ရှေ့ပန်း၍ - တစ်စိတ်တစ်ဝမ်းညီစေသတည်း”

ငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့အားလုံး တစ်စိတ်တစ်ဝမ်း ညီညွတ်ကြပါစို့ ခင်ဗျား။

အားလုံးကိုကျေးဇူးတင်ပါတယ်။

■■■■■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၁၆/၂၀၂၁) တွင် ပြောကြားသည့် အမှာစကား

(၁၅ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၁၆/၂၀၂၁)ကို အောက်တိုဘာလ ၁၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ ဦးသိန်းညွန့်၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာ၊ ဦးစိုင်းလုံးဆိုင်၊ စောဒန်နီယယ်၊ ဒေါက်တာဇညားအောင်မိုး၊ ဦးရွှေကြိမ်း၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

အဖွင့်အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဒေသအလိုက် စားနပ်ရိက္ခာပေါများရေးနှင့်ပတ်သက်၍ တွန်းအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် စားရေးဖူလုံမှုရှိသော်လည်း အချို့တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဒေသအလိုက် ဖူလုံမှုမရှိသည့်နေရာဒေသများရှိကြောင်း၊ ဒေသတွင်း ဆန်ဖူလုံမှုဖြင့် ကျေနပ်မနေဘဲ စပါးအထွက်နှုန်းများ ပိုမိုတိုးတက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် စပါးစိုက်တောင်သူများ၏ ဝင်ငွေတိုးတက်လာမည်ဖြစ်ကြောင်း၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်းအား နိုင်ငံစီးပွားရေးနှင့် အခြေခံလုပ်သားလစာကိုအခြေခံတွက်ချက်၍ ထိုက်သင့်သည့်ဈေးနှုန်းဖြင့် သတ်မှတ်ပေးထားကြောင်း၊ ဆန်ဖူလုံရေးနှင့်ပတ်သက်၍ အထွက်နှုန်းတိုးအောင်ဆောင်ရွက်၍ ဆန်ဖူလုံအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက်အကျိုးရှိမည်ဖြစ်ကြောင်း၊ မိမိတို့ဘက်မှ မြေဩာ၊ ဒီဇယ်ဆီများဖြစ်နိုင်သမျှ ဖြည့်ဆည်းပေးရန်လိုအပ်ကြောင်း၊ ထို့အတူအခြားစိုက်ပျိုးရေး ထွက်ကုန်များကိုလည်း အထွက်နှုန်းတိုးအောင်ဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် စိုက်ပျိုးရေးထွက်ကုန်များ အထွက်နှုန်းတိုးတက်အောင် ဆွေးနွေးပြောကြားခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် မိမိတို့နိုင်ငံ၏ အကောင်းဆုံးအခွင့်အလမ်းများ စုဝေးနေသည့်နေရာဖြစ်ပြီး သွားလာမှုအဆင်ပြေသည့် နေရာတစ်ခုဖြစ်သဖြင့် အဆိုပါ အားသာချက်များကိုအသုံးချ၍ ကြိုးစားဆောင်ရွက်မည်ဆိုပါက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရန်ကုန်တိုင်းသည် ထိပ်ဆုံးသို့ရောက်ရှိနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ အာဆီယံတွင် ဧပြီ ၂၄ ရက်၌ အာဆီယံ အထူးကိုယ်စားလှယ်ရွေးချယ်စေလွှတ်ရေးအပါအဝင် အကြမ်းဖျဉ်းအားဖြင့် သဘောတူညီ ချက် ၅ ချက်ရရှိခဲ့ပြီး မြန်မာနိုင်ငံတွင်နိုင်ငံရေးအရ ပြန်လည်ရင်ကြားစေ့ရေးနှင့် ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် အာဆီယံမှပူးပေါင်း ဆောင်ရွက်ပေးနိုင်မည့် ကိစ္စရပ်များဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံပဋိညာဏ်၊ အာဆီယံကတိကဝတ်များဖြင့် ရပ်တည်ဆောင်ရွက်ရန် ထည့်သွင်းဆွေးနွေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် နိုင်ငံရေးအရ ဖြေရှင်းဆောင်ရွက်ခြင်းထက် အခြားစွက်ဖက်မှုအချို့ရှိသည်ကိုတွေ့ရှိရသဖြင့် အတတ်နိုင်ဆုံးပြေလည်အောင် ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း။

တိုးတက်အောင် ဆက်လက်ဆောင်ရွက်

ပြည်တွင်းငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ယနေ့သည်

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း ဖြစ် နှစ် မြောက်နေ့ဖြစ်ပြီး အခမ်းအနားတွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ (NCA) လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ အနေဖြင့် တိုးတက်အောင်ဆက်လက်ဆောင်ရွက်ရန်၊ လက်မှတ်ရေးထိုးခြင်း မရှိသေးသည့် အဖွဲ့များကိုလည်း ဖိတ်ခေါ်ပါကြောင်းနှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြည်သူ့ဆန္ဒ၊ နိုင်ငံအကျိုးရှိစေမည့် အကြောင်းချင်းရာများကို Video Message ဖြင့်ပေးပို့သော မိန့်ခွန်းတွင် အပြည့်အစုံထည့်သွင်းပြောကြားခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုးဖြင့် ထိန်းသိမ်းထားသည့် EAO အဖွဲ့များမှ ကာယကံ မြောက်အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်ထားသူများနှင့် လက်နက်နှင့်တကွဖမ်းဆီးရမိသူများမှအပ ကျန်အဖွဲ့ဝင်များ၏ အမှုစွဲဆိုထားမှုများကိုပိတ်သိမ်း၍ ပြန်လွှတ်ပေးခဲ့ကြောင်း။

မိမိတို့အနေဖြင့်မူဝါဒများ ချမှတ်ဆောင်ရွက်ရာတွင် နိုင်ငံသာယာဝပြောရေးနှင့် စားရေရိက္ခာပေါများရေးအတွက် အဓိကထားဆောင်ရွက်လျက်ရှိပြီး ယင်းသည် နိုင်ငံ့အရေး ကိစ္စပင်ဖြစ်ကြောင်း၊ တစ်ဖက်မှလည်း တရားဥပဒေစိုးမိုးရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက ဆောင်ရွက်လျက်ရှိကြောင်း၊ လက်နက်ကိုင်ပဋိပက္ခကိစ္စများနှင့်ပတ်သက်၍လည်း တပ်မတော်နှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း EAO အဖွဲ့အချို့အနေဖြင့် နိုင်ငံရေးမတည်ငြိမ်မှုကို အသုံးချ၍ မူးယစ်ဆေးဝါးထုတ်လုပ်ရောင်းဝယ်မှုများ ပြုလုပ်လာသဖြင့် ထိန်းသိမ်းဆောင်ရွက်နေရမှုများရှိကြောင်း၊ ယခုအခါ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများ ကောင်းမွန်လာပြီး ပြည်သူများ၏ သတင်းပေးမှုများနှင့် ထဲထဲဝင်ဝင်ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဖမ်းဆီးရမိမှုများများစွာပြုလုပ်လာနိုင်ကြောင်း၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုမှာ အရေးအကြီးဆုံးဖြစ်ပြီး ပူးပေါင်း ဆောင်ရွက်မှုအားကောင်းသည့် ဒေသများတွင် သတင်းရရှိမှုပိုမိုမြန်ဆန်ကာ ဒေသတည်ငြိမ်အေးချမ်းမှုကို အမြန်ဆုံးတည်ဆောက်နိုင်သည်ကို တွေ့ရှိရကြောင်း။

ရောင်းဝယ်မှုကျဆင်းလာ

စီးပွားရေးနှင့်ပတ်သက်၍ ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ်

> **မွေးမြူရေးနှင့်ပတ်သက်၍ ခေတ်မီသည့် မွေးမြူရေးစနစ်များဖြစ်ရန်လို၊ တပ်မတော်တွင် ဥစားကြက်များမွေးမြူရာတွင် ခေတ်မီအအေးခန်းစနစ် (Evaporated Cooling System) ဖြင့် မွေးမြူလျက်ရှိပြီး ကြက်ဥများ အထွက်နှုန်းကောင်းမွန်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်၊ သို့သော် နိုင်ငံတကာနှင့် ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေး။**

တွင် ကုန်သွယ်မှုနှင့်ပတ်သက်၍ ပို့ငွေပြခဲ့သော်လည်း ကုန်သွယ်မှုနှုန်းမှာ ကျဆင်းခဲ့ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်း ကုန်သွယ်မှုကျဆင်းနေခြင်းမဟုတ်ဘဲကမ္ဘာနှင့်အဝန်းဖြစ်ပေါ်နေခြင်းဖြစ်ပြီး နိုင်ငံတကာတွင်လည်း ကျဆင်းလျက်ရှိသည်ကိုတွေ့ရှိရကြောင်း၊ မဖြစ်မနေသုံးစွဲရသည့် စားသောက်ကုန်များမှလွဲ၍ ကျန်ရှိသည့်ကုန်ပစ္စည်းများ ရောင်းဝယ်မှုကျဆင်းလာကြောင်း၊ မိမိတို့နိုင်ငံတွင် ဘိလပ်မြေများ လုံလောက်စွာထုတ်လုပ်နိုင်သည့် စက်ရုံများရှိပြီး ကုန်ကြမ်းများလည်း လုံလောက်စွာရှိကြောင်း၊ နိုင်ငံအတွင်း ဘိလပ်မြေလုံလောက်စွာ ထုတ်လုပ်နိုင်ရေး အသုံးချဆောင်ရွက်ကြရန်လိုကြောင်း။

နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး အများစုမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြကြောင်း၊ အဆိုပါကျေးလက်နေပြည်သူများ၏ စားဝတ်နေရေးနှင့်စီးပွားရေးကို ပြစ်ပယ်ထား၍မရကြောင်း၊ စိုက်ပျိုးရေးတွင် အရေးအကြီးဆုံးလိုအပ်ချက်မှာ မြေဩဇာနှင့် ရေလုံလောက်စွာရရှိရေးပင်ဖြစ်ကြောင်း၊ မြေဩဇာရရှိရေးအတွက် ပြည်ပမှဈေးနှုန်းကြီးမြင့်စွာဖြင့် တင်သွင်းနေရပြီး ပြည်တွင်း၌လိုအပ်ချက် များစွာရှိကြောင်း၊ မြေဩဇာနှင့်ပတ်သက်၍ တိရစ္ဆာန်များနှင့် သစ်ဆွေးမြေများမှ ရရှိနိုင်သည့် သဘာဝ

ဓာတ်မြေဩဇာ Bio Fertilizer ထုတ်ယူသုံးစွဲနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွက် ယူရီယားဓာတ်မြေဩဇာထုတ်လုပ်ရေး မရှိမဖြစ်လိုအပ်သဖြင့် ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် ယူရီယားဓာတ်မြေဩဇာထုတ်လုပ်သည့် စက်ရုံအား အပြည့်အဝ လည်ပတ်ခြင်းဖြင့် ပြည်တွင်းမြေဩဇာလိုအပ်မှုကိုအထိုက်အလျောက်အကျိုးရှိမည်ဖြစ်သဖြင့် ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အဓိကလိုအပ်ချက်မှာ သဘာဝဓာတ်ငွေ့ပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် သဘာဝဓာတ်ငွေ့များအား အကြောင်းအမျိုးမျိုးဖြင့် ပြည်ပသို့ရောင်းချနေခြင်းများရှိကြောင်း၊ ပြည်ပနှင့်စာချုပ်ချုပ်ဆိုခြင်းများ ဆောင်ရွက်ရာတွင် ပြည်တွင်း၌ အကျိုးရှိစွာအသုံးပြုနိုင်ရေး ဦးစားပေးဆောင်ရွက်ရမည့်မူဝါဒကို ထည့်သွင်းချမှတ် ဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအား၊ လေအားနှင့် နေရောင်ခြည်စွမ်းအင်တို့မှလည်း လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မည်ဆိုပါက သဘာဝဓာတ်ငွေ့များအသုံးပြု၍ လျှပ်စစ်ထုတ်လုပ်ခြင်းများကို လျှော့ချနိုင်ပြီး သဘာဝဓာတ်ငွေ့များအား အခြားနေရာများတွင် အသုံးပြု၍ရကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍

မွေးမြူရေးနှင့်ပတ်သက်၍ ခေတ်မီသည့် မွေးမြူရေးစနစ်များဖြစ်ရန်လိုကြောင်း၊ တပ်မတော်တွင် ဥစားကြက်များမွေးမြူရာတွင် ခေတ်မီအအေးခန်းစနစ်(Evaporated Cooling System)ဖြင့် မွေးမြူလျက်ရှိပြီး ကြက်ဥများအထွက်နှုန်းကောင်းမွန်သဖြင့် စီးပွားရေးအရ တွက်ခြေကိုက်ကြောင်း၊ သို့သော် နိုင်ငံတကာနှင့်ယှဉ်ပါက မွေးမြူရေးလုပ်ငန်းများတွင် နည်းပညာအရ နောက်ကျမှုရှိနေသေးကြောင်း၊ မိမိတို့အနေဖြင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရာတွင် မိရိုးဖလာလုပ်ငန်းများမှ ဖောက်ထွက်၍ ခေတ်မီနည်းစနစ်များဖြင့် ကြိုးစားဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံ၏အဓိကစီးပွားရေးကို ဆောင်ရွက်ပေးနေသည့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်သည့် သိပ္ပံများ၊ ကောလိပ်များနှင့် တက္ကသိုလ်များ ထပ်မံတိုးမြှင့်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း။

ကိုဗစ် – ၁၉ ရောဂါဖြစ်ပွားချိန်တွင် ပြည်တွင်းဖြစ်ကိုအားပေးရန်နှင့် ပြည်တွင်း စီးပွားရေးကို ပိုမိုအားပေးရန်လိုအပ်ကြောင်း၊ ပြည်သူများချမ်းသာကြွယ်ဝခြင်းသည် နိုင်ငံချမ်းသာကြွယ်ဝခြင်းပင်ဖြစ်ကြောင်း၊ ပြည်သူကိုဆင်စီးခြင်းရံဖြင့် လူမှုဘဝမြင့်မြင့်မားမားနေထိုင်နိုင်ရန်အတွက် တွန်းအားပေးဆောင်ရွက်နေရခြင်း ဖြစ်ကြောင်း၊ လိုအပ်သည်များ ထိန်းကျောင်းပေးခြင်းနှင့် အားပေးခြင်းများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ကုသထိန်းချုပ်ရေးနှင့် ပတ်သက်၍ ယခင်လများထက် ကျဆင်းမှုများရှိသော်လည်း ယခုထက်ထပ်မံကျဆင်းရန်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများအလိုက် စစ်ဆေးမှုများအား ကြပ်ကြပ်မတ်မတ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အောက်တိုဘာ ၁၄ ရက် ည ထုတ်ပြန်ချက်အရ ရောဂါပိုးတွေ့ရှိသူ ၁၅၁၄ ဦးရှိပြီး သေဆုံးသူ ၃၃ ဦးရှိကြောင်း၊ တွေ့ရှိသူရာခိုင်နှုန်း ၈ ရာခိုင်နှုန်း ဝန်းကျင်တွင်ရှိနေကြောင်း၊ ပညာသင်ကြားနေသည့် ကျောင်းသားများ ကာကွယ်ဆေးထိုးနှံရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပြီး ဆေးထိုးနှံသူများ များပြားလျက်ရှိသည်ကို ဝမ်းမြောက်ဖွယ်တွေ့ရှိရကြောင်း၊ ရောဂါပိုးတွေ့ရှိရာတွင် ရှမ်းပြည်နယ်သည် အရေအတွက်အများဆုံးဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ကိုဗစ် –၁၉ ရောဂါကူးစက်မှုနှင့်ပတ်သက်၍ သတိထားဆောင်ရွက်ရမည့်အခြေအနေတွင် ရှိနေဆဲဖြစ်သဖြင့် ကိုဗစ်–၁၉ နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် စည်းကမ်းများအတိုင်းလိုက်နာနေထိုင်ကြရန်လိုကြောင်း၊ Stay at Home သတ်မှတ်ထားသည့် မြို့နယ်များတွင် ရောဂါကူးစက်မှုနှုန်းကျဆင်းသည့် အချို့မြို့နယ်များအား ပယ်ဖျက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ လုံးဝစိတ်ချရသည့် အနေအထားသို့မရောက်ရှိသေးကြောင်း၊ ပြည်ပမှကာကွယ်ဆေးများရောက်ရှိမှုမှာ ဝယ်ယူထားသည့်ကာကွယ်ဆေးနှင့် လှူဒါန်းထားသည့်ကာကွယ်ဆေး Does စုစုပေါင်း ၂၃၈၂၄၀၀ ဖြစ်ကြောင်း၊ ယခုလ ၁၄ ရက်အထိ ကာကွယ်ဆေး Does ထိုးပြီးသူစုစုပေါင်း ၁၂၉၁၁၄၈ ဦးရှိပြီး ထပ်မံထိုးနှံပေးနေဆဲဖြစ်ကြောင်း၊ ပြည်ပမှကာကွယ်ဆေးများထပ်မံဝယ်ယူရရှိရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါကူး

စက်မှုရာခိုင်နှုန်းများ ကျဆင်းခဲ့ခြင်းမှာ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ကုသရေးလုပ်ငန်းများတွင် ပြည်သူများ၏ အပြည့်အဝပူးပေါင်း ဆောင်ရွက်မှုနှင့် အောက်ဆီဂျင်လုံလောက်အောင်ကြိုးပမ်းနိုင်မှု၊ ကုသဆေးအား One Stop Services ဖြင့် အခွန် "0" ဆောင်ရွက်ပေးမှု၊ ထိုက်သင့်သော ကာကွယ်ဆေးထိုးနှံပေးနိုင်မှုတို့ကြောင့် ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များအနေဖြင့် နိုင်ငံ သာယာဝပြောရေးကိစ္စများတွင် ကဏ္ဍပေါင်းစုံမှစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း ဖြင့်မှာကြားသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးသိန်းညွှန့်၊ မန်းငြိမ်းမောင်၊ ဦးခင်မောင်ဆွေ၊ Jeng Phang နော်တောင်၊ ဒေါ်အေးနုစိန်၊ ဦးစိုင်းလုံးဆိုင်၊ ဒေါက်တာဇညားအောင်မိုး၊ ဦးမောင်းဟာ၊ စောဒန်နီယယ်နှင့် ဦးရွှေကြိမ်းတို့က နိုင်ငံတော်နှင့် အများပြည်သူ လုံခြုံရေးအတွက် လိုအပ်နေသည့်ဥပဒေများ ပြန်လည်ပြဋ္ဌာန်းပေးရေး၊ နိုင်ငံတော်နှင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်စေနိုင်သည့် ဥပဒေများအား ဖျက်သိမ်းရေး၊ ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးအတွက် ဆောင်ရွက်သင့်သည့် အစီအမံများဆောင်ရွက်ရေး၊ အခြေခံလူတန်းစားများ၏ စားဝတ်နေရေးပြေလည်စေရေးအတွက် ဆန်နှင့်အခြေခံစားသောက်ကုန်များထောက်ပံ့ပေးနိုင်ရေး၊ လွတ်တော်အတွင်း တစ်ပါတီကြီးစိုးသော အာဏာရှင်ဆန်သည့် ပါတီကြီးဝါဒမဖြစ်စေရန်၊ ဖက်ဒရယ်စနစ်အတွက် အထောက် အကူပြုစေရန် ရွေးကောက်ပွဲစနစ်အား အချိုးကျကိုယ်စားပြု (PR)စနစ် ကျင့်သုံးနိုင်ရေး၊ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏မဲမသမာမှုများကိစ္စရပ်များကို နိုင်ငံတကာနှင့် ပြည်သူလူထုပိုမိုသိရှိအောင်ဆောင်ရွက်ပြီး ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားရေး၊ ပြည်သူလူထုအတွင်း ငွေကြေးလည်ပတ်စီးဆင်းမှု လျင်မြန်ချောမွေ့စေရေးအတွက် ဗဟိုဘဏ်မှကြီးကြပ်ဆောင်ရွက်ပေးရေး၊ နိုင်ငံတော်၏မူဝါဒများအပေါ် ဝန်ကြီးဌာနများ၏ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန်ဆောင်ရွက်ရေး၊ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် တိရစ္ဆာန်ဆေးနှင့်အစာထုတ်လုပ်မှုအပိုင်းအား နိုင်ငံတော်အစိုးရက ကြပ်မတ်ဆောင်ရွက်ရေး၊ နေပြည်တော်ရှိ ချောင်းမကြီးဆည်မှပေးဝေသည့်ဆည်ရေ အရည်အသွေးကောင်းမွန်စေရန် ရေအရည်အသွေးပုံမှန်စစ်ဆေးပေးရန်နှင့် ဆည်လုံခြုံရေးတိုးမြှင့်ချထားပေးရေး၊ ဘဏ်ဝန်ထမ်းများ အကျင့်ပျက်ခြစားမှုမရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားရေး။

ရှင်းလင်းဆွေးနွေးတင်ပြ

ရခိုင်ပြည်နယ်ရှိ ဒီရေတောများအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအတွက် လူမှုကွန်ရက်စာမျက်နှာများကို ကြပ်မတ်ဆောင်ရွက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကျောင်းသူကျောင်းသားများ ကိုဗစ်ကာကွယ်ဆေးထိုးနှံရေး၊ နိုင်ငံခြားဝင်ငွေရရှိမည့် ပြည်တွင်းထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် လွယ်ကူလျင်မြန်ချောမွေ့ရေး၊ ဆောက်လုပ်ရေးသုံးပစ္စည်းအချို့အား ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး၊ ချင်းပြည်နယ်ရှိ တောင်တန်းဒေသများ၌ မဟာဓာတ်အားလိုင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးတို့မှတစ်ဆင့် လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်ရန် စီမံဆောင်ရွက်ပေးရေး၊ စပါးရိတ်သိမ်းချေလှေ့စက်များအတွက် လိုအပ်သည့် စက်သုံးဆီများအား သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူရရှိနိုင်ရေး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အစိုးရရုံးဌာနများ တိုးချဲ့ဖွင့်လှစ်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်ဆွေးနွေးသွားမည်

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြဆွေးနွေးချက်များအပေါ်လိုအပ်သည့် ဥပဒေများ ပြန်လည်ပြဋ္ဌာန်းရေးနှင့် မလိုအပ်သည့်ဥပဒေများ ဖျက်သိမ်းရေးတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆွေးနွေးပြီး အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံရည်ညွှန်းစပါးဈေးနှုန်းနှင့်စပ်လျဉ်း၍ စပါးဈေးနှုန်းသတ်မှတ်ရာတွင် နိုင်ငံဝန်ထမ်းများနှင့် စက်ရုံ၊ အလုပ်ရုံများရှိ အခြေခံဝန်ထမ်းများ၏ အခြေခံလစာရရှိမှုအပေါ် ချိန်ထိုးစဉ်းစားခဲ့ကြောင်း၊ အချိုးကျကိုယ်စားပြု (PR) စနစ်နှင့်စပ်လျဉ်း၍ မူအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်မရှင်အနေဖြင့် သက်ဆိုင်ရာပါတီများနှင့်ဆွေးနွေးနေကြောင်း၊ NGO ၊ INGO အဖွဲ့များနှင့်လည်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်

ကြောင်း။

အလေးထားဆောင်ရွက်လျက်ရှိ

ပြည်ပပို့ကုန် တင်ပို့မှုများနှင့် စပ်လျဉ်း၍ ပြည်တွင်းလိုအပ်ချက်များကို ပြည့်မီအောင် ဦးစွာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သံရုံးအချို့တွင် စီးပွားရေးသံမှူးများထားရှိပြီး နိုင်ငံခြားသို့ ပြည်တွင်းထုတ်ကုန်အမယ်သစ်များ တင်ပို့နိုင်ရေးဈေးကွက်ရှာဖွေ ဆောင်ရွက်ရန် တာဝန်ပေးအပ်ပြီးဖြစ်ကြောင်း၊ ချင်းပြည်နယ် လျှပ်စစ်ဓာတ်အားရရှိရေးနှင့်စပ်လျဉ်း၍ ချင်းပြည်နယ်တွင် ပြည်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် လေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးပါ ကြံဆဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသတည်ငြိမ်အေးချမ်းမှုလည်း လိုအပ်ပါကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် အစိုးရရုံးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရေးနှင့်စပ်လျဉ်း၍ ဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်မည့်ရုံး၊ ဌာနများထားရှိနိုင်ရေး ဦးစားပေးဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ဒီရေတော၊ ဓနိတောများနှင့်စပ်လျဉ်း၍ ပြန်လည်ထိန်းသိမ်းနိုင်ရေး စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကိုဗစ်ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့် စပ်လျဉ်း၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ လိုအပ်သည့် ကာကွယ်ဆေးများကိုလည်း ထပ်မံမှာယူထားကြောင်း ပြောကြားသည်။

■■■■■

သီတင်းကျွတ်အခါသမယတွင် ပြည်သူလူထုသို့ ပြောကြားသည့်မိန့်ခွန်း

(၁၈ - ၁၀ - ၂၀၂၁)

ချစ်ခင်လေးစားအပ်တဲ့ တိုင်းရင်းသားမိဘပြည်သူများခင်ဗျာ မကြာခင်ရောက်ရှိလာတော့မယ့် သီတင်းကျွတ်အခါသမယမှာ အားလုံးပဲ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေကြောင်းနှုတ်ခွန်းဆက်သမေတ္တာပို့သအပ်ပါတယ်၊ ကျွန်တော်တို့မြန်မာတို့ရဲ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာမှာတော့ နှစ်သစ်ကူးသင်္ကြန်အခါသမယနဲ့ သီတင်းကျွတ်ပွဲတို့ဟာ အထွတ်အမြတ်ထားတဲ့ပွဲများ ဖြစ်ပါတယ်၊ ကိုဗစ်ကာလမှာ အကျပ်အတည်းများရှိနေတဲ့အတွက်ကြောင့် ဒီပွဲအခမ်းအနားတွေကို မလုပ်ဆောင်နိုင်သော်လည်းဘဲ ကျွန်တော်တို့အနေနဲ့ ဒီအခမ်းအနားတွေကို အလေးအနက်ထားပါကြောင်း ပြောကြားလိုတယ်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့မှာပြုလုပ်ခဲ့တဲ့ ပါတီစုံအထွေထွေရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မဲမသမာမှုတွေကြီးမားစွာ ဖြစ်ပွားခဲ့တာ မိဘပြည်သူများသိရှိပြီးဖြစ်ပါတယ်၊ ရွေးကောက်ပွဲမှာဖြစ်ပွားခဲ့တဲ့ ရှက်ဖွယ်ရာကောင်းတဲ့ မရိုးသားမှုများဟာ တိုင်းပြည်အတွက် အရှုပ်ဆိုးအကျည်းတန်တဲ့ ဖြစ်စဉ်များဖြစ်ပါတယ်၊ ဒါကို ကျွန်တော်တို့ သင်ခန်းစာယူပြီးတော့မှ နောင်မှာဒီလိုမဖြစ်အောင် ဆက်လက်လုပ်ဆောင်သွားရမှာဖြစ်ပါတယ်၊ ဒီမဲမသမာမှုနဲ့ပတ်သက်ပြီး ဖြစ်ပေါ်လာတဲ့ ဖြစ်ရပ်တွေကို စိစစ်တဲ့အခါမှာ ပြည်သူ ပြည်သားအားလုံးထိခိုက်တာတွေရော နိုင်ငံတော်အပေါ်မှာထိခိုက်တာတွေရော ဖော်ထုတ်တွေ့ရှိရပါတယ်၊ ဒါကြောင့် တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီဆက်လက်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ကျွန်တော်ပြောကြားလိုပါတယ်။

ဒီမိုကရေစီနိုင်ငံတစ်ခုမှာ သဘောထားကွဲလွဲမှုရှိမယ်ဆိုတာ ကျွန်တော်တို့ နားလည်ပါတယ်၊ ပြီးခဲ့တဲ့ရွေးကောက်ပွဲအရဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအရအရေးပေါ်အခြေအနေကြောင့်မှုပေါ်မှာ သဘောထားကွဲလွဲပြီး ဒီအပေါ်မှာအခြေခံတဲ့ ဆူပူဆန္ဒပြမှုတွေဖြစ်ပေါ်ခဲ့တာ ကျွန်တော်တို့တွေ့ရှိရပါတယ်၊ သူတစ်ပါးတွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဆူပူဆန္ဒပြမှုတွေအပြင် အကြမ်းဖက်လုပ်ရပ် သတ်ဖြတ်ဖျက်ဆီးခဲ့တဲ့ဖြစ်စဉ်များလည်းရှိခဲ့ပါတယ်၊ အချို့က ပြဿနာတွေကိုကိုယ်တိုင်ကိုယ်ကျ ပါဝင်ပြီးတော့မှ လှုံ့ဆော်တာတွေရှိပါတယ်၊ ဒီထက်လွန်ကဲပြီးတော့မှ အကြမ်းဖက် လုယက်သတ်ဖြတ်မှုတွေလည်း ကျူးလွန်ခဲ့တာရှိပါတယ်၊ ဒါတွေကို ကျွန်တော်တို့ ဖော်ထုတ်အရေးယူ ထားတာတွေရှိပါတယ်၊ တိုင်းပြည်တစ်ခုဟာ နိုင်ငံရေးအယူအဆ သဘောထားမတူညီမှုကတစ်ဆင့် အကြောင်းအမျိုးမျိုးကြောင့် အခုအခြေအနေမျိုးဖြစ်ပွားခဲ့ရာမှာ ကျွန်တော်တို့အနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅) ရပ်ကို ချမှတ်ပြီးတော့မှ ဆောင်ရွက်လျက်ရှိပါတယ်၊ ကျွန်တော်တို့ ရည်မှန်းဆောင်ရွက်တဲ့ နေရာမှာ တိုင်းပြည်သာယာဝပြောရေးနဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့နိုင်ငံ ပြည်ထောင်စုစစ်စစ် ဖြစ်လာရေးတို့အတွက်ဖြစ်ပါတယ်၊ ဒါကြောင့်အေးအေးချမ်းချမ်းနဲ့ တိုင်းပြည်တစ်ခု ပြောင်းလဲစေချင်တဲ့ဆန္ဒရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စစ်မှန်တဲ့ဒီမိုကရေစီ ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အုပ်စုများဖြစ်တဲ့ CRPH၊ NUG တို့ရဲ့ သွေးထိုးလှုံ့ဆော်မှုများနဲ့ အကြောင်းအမျိုးမျိုးကြောင့် ဆူပူဆန္ဒပြမှုများတွင် ပါဝင်တဲ့အတွက်ကြောင့် ပြစ်ဒဏ်ကျမှုခံရသူများနဲ့ အမှုစစ်ဆေးဆဲသူများမှသင့်လျော်သူများကိုလာမယ့်သီတင်းကျွတ်အခါသမယမှာ စိတ်အေးချမ်းမြေ့စွာ ကုသိုလ်ကောင်းမှုပြုလုပ်နိုင်ဖို့အတွက် လွတ်ငြိမ်းချမ်းသာခွင့်များပေးမည်ဖြစ်ကြောင်း ကျွန်တော် ပြောကြားလိုပါတယ်၊ ဆက်လက်ပြီး ဒီအမိန့်ကိုထုတ်ပြန်သွားပါမယ်၊ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့ ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့ အခမ်းအနားတွေမှာလည်း လွတ်သင့်လွတ်ထိုက်သူများကိုလည်း ကျွန်တော်တို့ လွှတ်ခဲ့ပြီးဖြစ်ပါတယ်။

ဆက်လက်ပြီး အခုတလော မြန်မာနိုင်ငံနဲ့ အာဆီယံနိုင်ငံဆက်ဆံရေးအခြေအနေများ ဖြစ်ပေါ်မှုနဲ့ပတ်သက်ပြီး ကျွန်တော်အသိပေးလိုပါတယ်၊ ပြီးခဲ့တဲ့ ဧပြီလ ၂၄ ရက်နေ့က အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမှာပြုလုပ်ခဲ့တဲ့ အာဆီယံထိပ်သီးအစည်းအဝေးမှာ မူအားဖြင့် ဘုံသဘော

တူညီချက် (၅)ခု ရရှိခဲ့ပါတယ်၊ အာဆီယံအလှည့်ကျ ဥက္ကဋ္ဌရဲ့ အထူးကိုယ်စားလှယ်တာဝန်ပေးနိုင်ဖို့အတွက် အခက်အခဲအမျိုးမျိုးနဲ့ဆွေးနွေးပြီးတဲ့ နောက်ပိုင်းမှာ ဩဂုတ်လ ၄ ရက်နေ့က ဘရူးနိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး(၂) Dato Erywan Pehin Yusof ကို ကျွန်တော်တို့ သဘောတူညီခဲ့ခြင်းဖြစ်ပါတယ်၊ ကျွန်တော်တို့အနေနဲ့ သဘောတူညီချက်ကို မြန်မာနိုင်ငံရဲ့ နိုင်ငံရေးယဉ်ကျေးမှုနဲ့ အာဆီယံရဲ့ Charter များနှင့်အညီဆောင်ရွက်သွားမယ်လို့ ဖော်ပြခဲ့ပါတယ်၊ ဒီ ၅ ချက်ထဲက ပထမအချက်က အရေးအကြီးဆုံး ဖြစ်ပါတယ်၊ အကြမ်းဖက်မှုများအမြန်ဆုံး ရပ်ဆိုင်းရန်နဲ့အားလုံးက ထိန်းသိမ်းကြပ်မတ်ခြင်းဖြင့် အတတ်နိုင်ဆုံးဆောင်ရွက်ကြဖို့ ဖြစ်ပေမယ့်လည်း ဧပြီလကြေငြာချက်ထုတ်ပြန်ပြီး နောက်ပိုင်းမှာ အကြမ်းဖက်အဖွဲ့လို့ထုတ်ပြန် ကြေငြာထားတဲ့ CRPH နဲ့ NUG တို့ရဲ့လှုံ့ဆော်မှု၊ EAO အချို့ရဲ့ ပါဝင်ပတ်သက်မှု အားပေးမှုများနဲ့ အကြမ်းဖက်မှုများ ပိုမိုဆိုးရွားစွာဖြစ်ပေါ်လာတာကို တွေ့ရှိရပါတယ်၊ ဒါကို ကျွန်တော်တို့ ယနေ့ထက်တိုင် ရှင်းလင်းနေရဆဲဖြစ်ပါတယ်၊ သူတို့အကြမ်းဖက်လုယက်သတ်ဖြတ်ဖျက်ဆီးတာတွေကို ဘယ်သူမှ အလေးအနက်ထား ဟန့်တားထိန်းသိမ်းမှုတွေ ပြုတာမတွေ့ရပါဘူး၊ ကျွန်တော်တို့ကိုပဲ တောင်းဆိုမှုတွေပြုလုပ်ပြီး တော့မှ ကျွန်တော်တို့ပဲ ဒီပြဿနာကို ရှင်းလင်းနေရတာဖြစ်ပါတယ်၊ ဒါကိုအာဆီယံအနေနဲ့ ဆောင်ရွက်ပေးဖို့လိုမယ်လို့ ကျွန်တော်ပြောလိုပါတယ်၊ တစ်ဆက်တည်းမှာပဲ အာဆီယံဥက္ကဋ္ဌရဲ့အထူးကိုယ်စားလှယ်အဖြစ် မြန်မာနိုင်ငံ လာရောက်ရေးကိစ္စမှာလည်း အဆိုပြုတောင်းဆိုချက်များ အမျိုးမျိုးဖြစ်ပေါ်လာတဲ့အတွက်ကြောင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်နေရဆဲဖြစ်ပါတယ်၊ နိုင်ငံတစ်ခုဟာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေးကို ပိုင်းခြားခွဲဝေပြီး ဆောင်ရွက်ပါတယ်၊ လိုအပ်ချက်အရ သီးခြားထုတ်ပြန်တဲ့ အမိန့်နဲ့ဥပဒေများမှအပ ပိုင်းခြားဆောင်ရွက်မှုအတိုင်း လုပ်ကြရတာဖြစ်ပါတယ်၊ ကျွန်တော်တို့နိုင်ငံဟာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်နေတယ် ဆိုတာကြေညာထားပြီးဖြစ်ပါတယ်၊ အာဆီယံကိုယ်စားလှယ်ရဲ့ တောင်းဆိုမှုတွေမှာ ညှိနှိုင်းပြီး မရနိုင်တာတွေရှိပါတယ်၊ ဘယ်လိုပဲဖြစ်ပါစေ ကျွန်တော်တို့နိုင်ငံအနေနဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊ အာဆီယံထိပ်သီးအစည်းအဝေးနဲ့ အာဆီယံအပေါင်းအစည်းအဝေးများကိုလည်း အာဆီယံရဲ့အခြေခံမူများနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်လိမ့်မယ်လို့ ကျွန်တော်ယူဆပါတယ်။

ဆက်လက်ပြီး ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်မှု လုပ်ငန်းစဉ်များနဲ့ ပတ်သက်ပြီး ကျွန်တော်နည်းနည်းရှင်းပြလိုပါတယ်၊ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှာ ကိုဗစ်ရောဂါမြန်မာနိုင်ငံမှာစတင်ကူးစက်ခဲ့ပြီးတော့မှ ပထမလှိုင်းဟာ မတ်လ ၂၃ ရက်နေ့ကနေ ဩဂုတ်လ ၁၅ ရက်နေ့အထိဖြစ်ပွားခဲ့တယ်လို့ မှတ်တမ်းများအရ ကျွန်တော်သိရပါတယ်၊ ဒုတိယလှိုင်းဟာ ဩဂုတ်လ ၁၆ ရက်နေ့ကနေပြီးတော့ စတင်ဖြစ်ပွားခဲ့ပြီး မေလ ၂၆ ရက်နေ့အထိ ဖြစ်ပွားခဲ့တယ်လို့ မှတ်တမ်းများအရ ကျွန်တော်တို့တွေ့ရှိရပါတယ်၊ ဒီကာလတွေဟာ ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲလွန်ကာလနဲ့ နိုင်ငံရေးအကျပ်အတည်းများဖြေရှင်းနေရတဲ့ကာလတွေ ဖြစ်ပါတယ်၊ ဆေးဝါးမပြည့်စုံမှု ပစ္စည်းမပြည့်စုံမှု၊ ကျန်းမာရေးဝန်ထမ်းများ မပြည့်စုံမှုတွေကြောင့် အခက်အခဲများစွာနဲ့ ဖြေရှင်းကျော်လွှားပြီးတော့ ဆောင်ရွက်ရပါတယ်၊ ကုသဆေးနဲ့ ပတ်သက်ပြီးတော့မှ အိန္ဒိယနိုင်ငံက ကုသဆေး သန်း ၃၀ ဝယ်ယူခဲ့သော်လည်းပဲ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်ရောဂါဖြစ်ပွားမှုအခက်အခဲတွေကြောင့် ကျွန်တော်တို့ ၂ သန်းသာ ရရှိခဲ့ပါတယ်၊ နောက်ထပ်မရရှိခဲ့ပါဘူး၊ ဒါကြောင့် ကျွန်တော်တို့အခြား မိတ်ဆွေနိုင်ငံတွေကနေ ကာကွယ်ဆေးရရှိရေး ကြိုးပမ်းခဲ့ရာမှာ တရုတ်နိုင်ငံက ဝယ်ယူရရှိခဲ့ပါတယ်၊ အခု သန်း ၂၀ ရရှိခဲ့ပြီးဖြစ်ပါတယ်၊ ဒီလထဲမှာလည်း ထပ်ရောက်မှာဖြစ်ပါတယ်၊ လှူဒါန်းမှုအနေနဲ့ အိန္ဒိယနိုင်ငံက ၂ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံက ၄၆၂၀၈၀၀ ရရှိခဲ့ပြီးဖြစ်ပါတယ်၊ နောက်ထပ်တရုတ်နိုင်ငံနဲ့ ရုရှားနိုင်ငံက ၈ သန်းရရှိရေး ဆောင်ရွက်နေဆဲဖြစ်ပါတယ်၊ ကိုဗစ်ဆေးထိုးပေးမှုအနေနဲ့ မနေ့က အထိနှစ်ကြိမ် ဆေးထိုးသူပေါင်း ၄၆၉၉၀၃၈ ယောက်၊ တစ်ကြိမ်ဆေးထိုးပြီးသူပေါင်း ၆၈၄၇၂၄၂ ယောက်၊ စုစုပေါင်း Dose ၁၆၂၄၅၃၁၈ ကြိမ်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်၊ နောက် ကျောင်းများကိုလည်း မကြာခင် ဖွင့်နိုင်ဖို့ ကြိုးစားနေတဲ့အတွက်ကြောင့် ကျောင်းသားများ

ကိုလည်း ဆေးထိုးရေးလုပ်ငန်းတွေကို ၁၂ ရက်နေ့ကစပြီး စတင် ဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီး ကာကွယ်ဆေး ထပ်မံဝယ်ယူရရှိရေးနဲ့ ပြည်တွင်းမှာထုတ်လုပ် ရရှိနိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောလိုပါတယ်၊ ဒီလိုလှူဒါန်းရရှိ၊ ဝယ်ယူရရှိတဲ့ ကာကွယ်ဆေးများကိုလည်း ထိထိရောက်ရောက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမယ်ဆိုတဲ့ အကြောင်းလည်း ကျွန်တော်တို့ ပြောလိုပါတယ်၊ တတိယလှိုင်းဟာ မေလ ၂၇ ရက်နေ့ကစပြီး ဝင်ရောက်ခဲ့တာ ဖြစ်ပါတယ် တတိယလှိုင်း ဝင်ရောက်ပြီးတဲ့နောက်ပိုင်းမှာ ဇူလိုင်လ ၁၄ ရက်နေ့ဟာ ပိုးတွေ့လူနာပေါင်း ၇၀၈၃ ယောက် အမြင့်ဆုံးဖြစ်ခဲ့တာကို ကျွန်တော်တို့ တွေ့ခဲ့ပါတယ်၊ ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း ရှိပါတယ်၊ ဇူလိုင်လ ၂၃ ရက်နေ့မှာ ပိုးတွေ့လူနာပေါင်း ၅၅၀၆ ဦးရှိပြီးတော့မှ ၄၀ ဒသမ ၈၂ ရာခိုင်နှုန်း၊ ရာခိုင်နှုန်းအားဖြင့် အမြင့်ဆုံးဖြစ်တာကို တွေ့ရပါတယ်၊ ဒါပေမယ့်လည်း နိုင်ငံတော်ပိုင်းတာဝန်ရှိသူများကနေပြီး စနစ်တကျကြပ်မတ်ဆောင်ရွက်ပေးမှု၊ ပြည်သူများရဲ့ တာဝန်သိသိပူးပေါင်းဆောင်ရွက်မှုတွေကြောင့် အခုအချိန်မှာ ဖြစ်ပွားမှုနှုန်းဟာ ၂၂၀၀ ပတ်ဝန်းကျင်နဲ့ ဖြစ်ပွားမှုနှုန်း ၇ ရာခိုင်နှုန်းအထိ ကျဆင်းသွားတာကိုတွေ့ရပါတယ်၊ ဒီအတွက်ပူးပေါင်းဆောင်ရွက်မှုအားလုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောလိုပါတယ်၊ ကျွန်တော့်အနေနဲ့ ဒီလကုန်မှာ ၃ ရာခိုင်နှုန်းအထိ ကျဆင်းရေးအတွက်ကို ကြိုးစားဆောင်ရွက်လျက် ရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မကြာခင်မှာ ကျောင်းတွေ ဖွင့်ဖို့ ကျွန်တော်တို့ ရည်ရွယ်ချက် ရှိပါတယ်၊ ကိုဗစ်ရောဂါဖြစ်ပွားမှု ထိန်းချုပ်နိုင်မှုသေချာမှသာ ကျောင်းဖွင့်နိုင်မှာဖြစ်ပါတယ်၊ ဒါ့အပြင် အလုပ်အကိုင်အခွင့်အလမ်းများကလည်း ပြည်ပြည့်ဝဝဆောင်ရွက်နိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် မိဘပြည်သူများအနေဖြင့် ကိုဗစ်စည်းကမ်းနှင့်ပတ်သက်ပြီး သတ်မှတ်ထားချက်တွေကိုပိုမိုပြီး အလေးထားလိုက်နာပေးကြဖို့ ကျွန်တော်ပြောကြားလိုပါတယ်၊ ယနေ့ကာလမှာ ရှမ်းပြည်နယ်အချို့ဒေသများ၊ မကွေးတိုင်းအချို့ဒေသများ ဖြစ်ပွားမှုနှုန်းမြင့်မားနေဆဲဖြစ်ပါတယ်၊ ဒါကို ကြပ်မတ် ထိန်းသိမ်းပေးဖို့ ကျွန်တော် မေတ္တာရပ်ခံလိုပါတယ်။

ဆက်လက်ပြီး ကျန်းမာရေးနဲ့ဆက်စပ်နေတဲ့ ကိစ္စရပ်တစ်ခုကျွန်တော်ပြောပြလိုပါတယ်၊ ဒါကတော့ ဆီစားသုံးမှုဖြစ်ပါတယ်၊ ပြီးခဲ့တဲ့ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်းမှာ ပြည်ပကနေ စားအုန်းဆီတန်ချိန် ၈ သိန်းကျော်တင်သွင်းခဲ့ရပါတယ်၊ အမေရိကန်ဒေါ်လာအားဖြင့် သန်းပေါင်း ၈၃၀ ကျော်ဖြစ်ပါတယ်၊ လူတစ်ယောက်ကို ၆ ပိဿာနှုန်းနဲ့ စားမယ်ဆိုရင်တောင်မှ မြန်မာနိုင်ငံမှာ ဆီလိုအပ်ချက်ဟာ တန်ချိန် ၅ သိန်းပဲရှိပါတယ်၊ တကယ်လို့ ၇ ပိဿာနှုန်းနဲ့စားမယ်ဆိုရင် ဆီလိုအပ်ချက် ၅ ဒသမ ၈ သိန်းရှိပါတယ်၊ တကယ်လို့ ၈ ပိဿာနဲ့စားမယ်ဆိုရင် ဆီလိုအပ်ချက် ၆ ဒသမ ၆ သိန်းရှိပါတယ်၊ အခု ၈ သိန်းကျော်သွင်းထားတဲ့အတွက်ကြောင့် ဆီစားသုံးမှုဟာ လွန်စွာမှများပြားနေတယ်လို့ ပြောရမှာဖြစ်ပါတယ်၊ မြန်မာနိုင်ငံမှာ ဆီထွက်သီးနှံများဖြစ်တဲ့ မြေပဲ၊ နှမ်း၊ ပန်းနှမ်း၊ ပဲပုပ်၊ နေကြာ၊ ဆီအုန်းစိုက်ပျိုးမှုတွေရှိပြီးတော့မှ ထုတ်လုပ်မှုလည်းရှိပါတယ်၊ ဒါတွေနဲ့သာပေါင်းစပ်မယ်ဆိုရင် ဆီစားသုံးမှုဟာ အတော်များနေတယ်လို့ ကျွန်တော်ပြောရမှာ ဖြစ်ပါတယ်၊ ဒီအတွက် ဆီစားသုံးမှု လျှော့ချခြင်းအားဖြင့် တစ်ဖက်က ကျန်းမာရေးအတွက်လည်း များစွာအထောက်အကူပြုမှာ ဖြစ်သလို ပြည်ပကနေ ဆီဝယ်ယူမှုအတွက် သုံးစွဲနေရတဲ့ နိုင်ငံခြားငွေလည်းများစွာ လျှော့ချနိုင်မှာဖြစ်ပါတယ်၊ ဒါကြောင့် မိဘပြည်သူများအနေနဲ့ ဆီစားသုံးမှုကို ကျန်းမာရေးအမြင်အရသော်လည်းကောင်း၊ နိုင်ငံရဲ့ လိုအပ်ချက်အရသော်လည်းကောင်း ဒါကို ကြပ်ကြပ်မတ်မတ်နဲ့ ထိန်းသိမ်းစားသုံးနိုင်ဖို့အတွက်လည်း ကျွန်တော်မေတ္တာရပ်ခံလိုပါတယ်။

သီတင်းကျွတ်အခါသမယမှာ မိဘပြည်သူများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ထပ်မံဆုတောင်း မေတ္တာပို့သအပ်ပါတယ် ကျေးဇူးတင်ပါတယ်။

■■■■■

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁)တွင် ပြောကြားသည့်အမှာစကား

(၂၅ - ၁၀ - ၂၀၂၁)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၁)ကို အောက်တိုဘာလ ၂၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာဒေါ်သီတာဦး၊ ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ဦးရွှေလေး၊ ဒေါက်တာဒေါ်သက်သက်ခိုင်၊ ဒေါက်တာဌေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မည်သည့်နိုင်ငံတွင်မဆို ချမှတ်ထားသည့် နိုင်ငံရေးဆိုင်ရာမူဝါဒများအား အစိုးရများကအကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့်ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးနှင့် ပတ်သက်၍ မိမိတို့နိုင်ငံသည် သာယာဝပြောသည့်နိုင်ငံ၊ စားရေရိက္ခာပေါများသည့် နိုင်ငံဖြစ်ရန်လိုပြီး မိမိတို့အနေဖြင့် မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့သို့ဆောင်ရွက်ရခြင်းမှာ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စီးပွားရေးကိုအဓိကထား ဆောင်ရွက်နေရခြင်း ကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်နိုင်မည်ဆိုပါက စားရေရိက္ခာများ ပေါများမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်သည့် အခြေခံစွမ်းအားစုများ မိမိတို့ပြည်တွင်း၌ အားလုံးရှိပြီးဖြစ် ကြောင်း၊ ထို့ကြောင့်စားရေရိက္ခာပေါများရေးဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စားရေရိက္ခာထုတ်လုပ် သူများသည် မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းရှိကြောင်း၊ ပြည်ပပို့ကုန်များတွင်လည်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် လုပ်ငန်းများမှ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပဝင်ငွေအများဆုံး ရရှိနေခြင်းဖြစ်ကြောင်း။

ထိုသို့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက် နေသူများသည် ကျေးလက်နေပြည်သူများဖြစ်သဖြင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝမြင့်မားရေး၊ စီးပွားရေးကောင်းမွန်ရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများဘဝတိုးတက်စေရေးအတွက် ပြည်နယ်များဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံတော်မှချမှတ်ထားသည့် မူဝါဒများအရ ကျေးလက်ဖွံ့ဖြိုးရေး၊ ကျေးလက်စီးပွားရေး မြှင့်တင်ရေး၊ ပြည်နယ်များဖွံ့ဖြိုးရေးတို့အတွက် ဝန်ကြီးဌာနများ၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့်ဆောင်ရွက်ပေးရန်လိုကြောင်း။

၂၀၁၉ ခုနှစ်ကထုတ်ပြန်ခဲ့သည့် သန်းခေါင် စာရင်းအစီရင်ခံစာများအရ ဆောင် ရွက်ရမည့် လုပ်ငန်းများများစွာရှိကြောင်း၊ အဆိုပါစာရင်းတွင် ၅ နှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး ကျောင်းလုံးဝမနေဘူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်း၊ အလားတူ ၂၅

နှစ်အထက်လူဦးရေ ၂၅ ဒသမ ၁၆၉ သန်းရှိပြီး အလယ်တန်းအထိ ပညာသင်ကြားခဲ့သူ ၁၈ သန်းကျော်ရှိသဖြင့် ၇ သန်းကျော်ခန့်သာ အထက်တန်းပညာ သင်ကြားမှုရှိကြောင်း၊ ထို့ကြောင့်မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ ပညာရေးကို ဦးစားပေးဆောင်ရွက်ရန်လိုကြောင်း၊ "အတန်းပညာရှိမှ အသိပညာရမည်၊ အသိပညာရှိမှ အတတ်ပညာရမည်" ဖြစ်ကြောင်း၊ လူငယ်များအား ကိုယ့်ခြေလှမ်းပေါ်တွင်ရပ်တည်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ပညာသင်ကြားရေးအား မဖြစ်မနေ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သန်းခေါင် စာရင်းအရ နိုင်ငံတစ်ဝန်း ကျောင်းမနေဘူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ကယားပြည်နယ်တွင် ၉ ဒသမ ၇ ရာ ခိုင်နှုန်း၊ ကရင်ပြည်နယ်တွင် ၁၉ ဒသမ ၅ ရာခိုင်နှုန်း၊ ချင်းပြည်နယ်တွင် ၁၀ ဒသမ ၅ ရာခိုင်နှုန်း၊ မွန်ပြည်နယ်တွင် ၉ ဒသမ ၄ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၂၃ ရာခိုင်နှုန်းရှိသဖြင့် အဆိုပါပြည်နယ် ၅ ခုသည် ပြည်ထောင်စု၏ ပျမ်းမျှနှုန်းထက် ပိုမိုများပြားနေသည်ကို တွေ့ရှိရကြောင်း၊ စာရင်းများအရ မြို့ပြ၌ လူ ၁၀၀ တွင် ၅ ဦး၊ ကျေးလက်နေလူ ၁၀၀ ဦးတွင် ၉ သည် ကျောင်းတက်ရောက်မှုမရှိသည်ကိုတွေ့ရှိရကြောင်း၊ လူဦးရေနှင့်အသက်အပိုင်းအခြားအရ ၅ နှစ်မှ ၉ နှစ်အတွင်း ၉၂ ရာခိုင်နှုန်းကျောင်းနေသည်ကို တွေ့ရှိရ သော်လည်း ၁၀ နှစ်မှ ၁၅ နှစ်အရွယ်တွင် မူလတန်းလွန်မှ အလယ်တန်းအဆင့် ၇၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိတော့ကြောင်း၊ ၁၆ နှစ်မှ ၂၉ နှစ်အထိ ပညာသင်ကြားသူ ၁၀ ဒသမ ၅ ရာခိုင်နှုန်းသာရှိကြောင်း၊ အသက်အပိုင်းအခြားအရ မူလတန်းပညာသင်ကြားသည့် အရွယ်များသော်လည်း အလယ်တန်းပညာမှ အဆင့်မြင့် ပညာအထိသင်ကြားသူများ နည်းပါးသွားကြောင်း၊ ထိုသို့နည်းပါးသွားခြင်းတွင် ပညာသင်ကြားရန်အတွက် ငွေကြေးမတတ်နိုင် သူ ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ မိဘအလုပ်အား ကူညီနေရသူ ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဝင်ရောက်ကူညီပေးရသူ ၇ ဒသမ ၂ ရာခိုင်နှုန်းရှိပြီး စုစုပေါင်းရာခိုင်နှုန်း ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိကြောင်း၊ အဆိုပါ ကိစ္စရပ်များကို အစိုးရအနေဖြင့် ဝင်ရောက်ကူညီဖြေရှင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းသည် နိုင်ငံ၏စီးပွားရေးကို အဓိကထားဆောင်ရွက်ပေးနေခြင်းဖြစ်သဖြင့် ကျေးလက်နေပြည်သူများ၏ ပညာရေးကို အဓိကထားမြှင့်တင်ပေးရန်လိုကြောင်း၊ ထို့ကြောင့် တာဝန်ရှိသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း။

မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံဆောင်ရွက်လျက် ရှိသော်လည်း စိုက်ပျိုးရေးတက္ကသိုလ် ၁ ခု၊ မွေးမြူရေးနှင့်ကုသရေးဆေးတက္ကသိုလ် တစ်ခုသာရှိကြောင်း၊ အချို့ပြည်နယ်နှင့်တိုင်းများတွင်လည်း စိုက်ပျိုးရေးသိပ္ပံများ ရှိသော်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးပြည့်စုံအောင် မဖွင့်လှစ်နိုင်သေးကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်မှုရှိစေရန်အတွက် စိုက်ပျိုးမွေးမြူရေးသိပ္ပံများ ဖွင့်လှစ်ခြင်း၊ ထိုမှတစ်ဆင့် ကောလိပ်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်များရှိသည့် နေရာများတွင် တက္ကသိုလ်အဆင့်အထိ ဆက်လက်တိုးမြှင့်ဖွင့်လှစ်ပေးမည်ဖြစ်ကြောင်း၊ သို့မှသာ ကျေးလက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာမည်ဖြစ်ပြီး ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

စိုက်ပျိုးရေးနိုင်ငံဖြစ်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းများ ကောင်းမွန်စွာရရှိရန်လိုကြောင်း၊ စိုက်ပျိုးရေးတက္ကသိုလ်များဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် အဆိုပါကိစ္စရပ်များအား အထိုက် အလျောက် အသုံးချနိုင်မည်ဖြစ်ကြောင်း၊ မြေဩဇာအသုံးပြုရာတွင်လည်း သဘာဝမြေဩဇာများနှင့် ဓာတ်မြေဩဇာများလိုအပ်ကြောင်း၊ အထွက်နှုန်းတိုးစေရန်အတွက် ကျန်းမာရေးရှုထောင့်က လက်ခံထားသည့် ဓာတ်မြေဩဇာများကိုလည်း အသုံးပြုနိုင်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့် မြေဩဇာများရရှိစေရေးအတွက် သဘာဝဓာတ်မြေဩဇာများဖြစ်သည့် Bio Fertilizers များ၊ သစ်ဆွေးမြေဩဇာများ၊ နွားချေးဝက်ချေးမြေဩဇာများနှင့် အီးအမ်ဘိုကာချီမြေဩဇာများသည် ပြည်တွင်း၌ ရရှိနိုင်သည့် နည်းလမ်းဖြစ်သဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လျော်မွေးသည့်စနစ်ဖြင့် စနစ်တကျ

မွေးမြူရန်လိုအပ်ကြောင်း၊ မိရိုးဖလာမွေးမြူရေး စနစ်များဖြင့် ရောင့်ရဲမနေဘဲ တိုးတက်အောင်နည်းပညာအရ ဖောက်ထွက် ဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့ စနစ်တကျမွေးမြူနိုင်ရန်အတွက် အစိုးရအနေဖြင့် တိုက်တွန်းပေးခြင်း၊ ကူညီပေးခြင်း၊ ဆွဲတင်ပေးခြင်းများကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သို့မှသာ စိုက်ပျိုးရေးထုတ်ကုန်များအထွက်နှုန်းတိုး၍ ပြည်ပဝင်ငွေများ တိုးတက်လာပြီး သာယာဝပြောသည့် နိုင်ငံတည်ဆောက်နိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတွင်း ဓာတ်မြေဩဇာ လိုအပ်ချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် "ပြည်တွင်းမှာ ဓာတ်မြေဩဇာ စက်ရုံ (၅) ရုံရှိတယ်။ ဒီ (၅) ရုံထဲက (၂) ရုံက လောလောဆယ်တော့ နည်းပညာအရ အိုဟောင်းတော့ သက်တမ်းသိပ်ကြာသွားတော့ မလုပ်နိုင်တော့ဘူး။ ကျန်တဲ့ (၃) ရုံနဲ့ ထုတ်နေကြတယ်။ မြေဩဇာကို ကျော်စွာရယ်၊ မြောင်းတကာရယ်၊ ပုသိမ်ရယ် (၃) ရုံရှိတယ်။ ကျော်စွာလည်း ဓာတ်ငွေ့ပြဿနာကြောင့် ရပ်ထားရတယ်။ ထုတ်ဖို့ကြိုးစားနေပါတယ်။ ဒါတောင်မှ အဲဒီစက်ရုံပါပြီး တော့မှ ထုတ်မယ်ဆိုရင် တစ်နှစ်မှ စွမ်းအားပြည့်လည်ရင် (၃) သိန်းလောက်ပဲ ထုတ်နိုင်တယ်။ ကျော်စွာစက်ရုံအပါအဝင် ကျော်စွာရယ်၊ မြောင်းတကာရယ်၊ ပုသိမ်ရယ် (၃) ရုံ ကျွန်တော်တို့စီမှာ စောစောကပြောတဲ့ မိုးစပါး (၁၅) သန်း၊ နွေစပါး (၃)သန်း၊ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါတွေ စိုက်တာတွေ ရှိသေးတယ်။ အများကြီးပဲ။ ဥပမာအားဖြင့် စာရင်းတောင်းကြည့်တာ ဧရာဝတီမြစ်ဘေးနဲ့ ချင်းတွင်းမြစ်ဘေးမှာစိုက်နေတဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေ ဘယ်လောက်ရှိလဲ မေးကြည့်တဲ့အခါကြတော့ ဧရာဝတီမြစ်ဘေးနဲ့ ချင်းတွင်းမြစ်ဘေးမှာ မိုးစပါးစိုက်ဧက (၁၀)သန်းနဲ့ (၉)သိန်း ရှိတယ်။ (၁၁)သန်းထားပါတော့။ နွေစပါး (၂)သန်းကျော်ရှိတယ်။ အစေ့ထုတ်ပြောင်းက (၄)သိန်းကျော်ရှိတယ်။ ပဲမျိုးစုံ (၉)သန်းရှိတယ်။ ဆီထွက်သီးနှံပေါင်း (၆)သန်း ကျော်ရှိတယ်။ စက်မှုသီးနှံ (၈)သိန်းကျော်ရှိတယ်။ အားလုံးပေါင်း သန်း (၃၀)လောက် ဧရာဝတီမြစ်ဘေးနဲ့ ချင်းတွင်းမြစ်ဘေးမှာ စိုက်နေတဲ့ သီးနှံတွေရှိတယ်။ ဒီဟာတွေကို ကျွန်တော်တို့က မြေဩဇာပေးမယ်ဆိုရင် တစ်ဧကကိုတစ်အိတ်နှုန်းပဲ ကြည့်ဦးနည်းတာမဟုတ်ဘူး။ ပြီးခဲ့တဲ့ (၃)နှစ်လောက်က ပြည်ပ

> **"ပို့ဆောင်ရေးနှင့် ပတ်သက်ရင် Public Transportation ကို ကျွန်တော်တို့အားပေးဖို့လိုတယ်။ မီးရထားတွေ၊ မြို့ပတ်ရထားတွေ၊ ဘတ်စ်ကားလိုင်းတွေ၊ ဒါတွေများများသုံးနိုင်အောင်လုပ်ပါ။ ဒါကြောင့် ကျွန်တော်အရှုံးခံပြီး ရထားလမ်းတွေဖွင့်ခိုင်းပါတယ်။ ဘယ်လောက်ပဲဖျက်ဖျက်ကွာလို့၊ ဘယ်လောက်ပဲဖျက်ဖျက်ရအောင် ဆွဲမယ်ဆိုပြီး ကျွန်တော်လုပ်ပေးနေတယ်။ ရထားလမ်းတွေကိုလည်းရအောင် အဆင့်မြှင့်ခိုင်းနေပါတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အကျိုးရှိတဲ့လုပ်ငန်းမို့လို့။ စီးပွားရေးအရ ကြည့်မယ်ဆိုရင်တော့ အကျိုးမရှိနိုင်ပေမယ့် တိုင်းပြည်အတွက်တော့ အကျိုးရှိတယ်။ Public Transportation ကို ကျွန်တော်တို့ကအားပေးဖို့လိုတယ်။**

ကသွင်းတဲ့ မြေဩဇာတွေကြည့်ပါ။ ယူရီးယားနဲ့ကွန်ပေါင်းနှစ်မျိုးတည်းကို တစ်နှစ်ကို တန်ချိန် တစ်သန်းခွဲလောက်သွင်းရတယ်။ ဒေါ်လာသန်းပေါင်း ၂၈၀ လောက်ကုန်တယ်။ ဒါပြီးခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်က ဈေး။ ဒီနှစ်ဈေးနဲ့ဆို မရဘူး။ နှစ်ဆလောက်တက်သွားမယ်။ ၂၈၀ ဆို ၅၆၀ လောက်ဖြစ်သွားမယ်။ စောစောကပြောတဲ့ ကျွန်တော် တို့ဆီမှာ ရှိတဲ့ နိုင်ငံပိုင်စက်ရုံ (၃)ရုံက (၃)သိန်းပဲ ထုတ်နိုင်တယ်ဆိုတော့ ပြည်ပက သွင်းတာ တစ်သန်းခွဲလောက်သွင်းနေရတယ်။ ဆိုလိုတာက ကျွန်တော်တို့ဆီမှာ ဓာတ်မြေဩဇာတွေ လိုအပ်ချက်ရှိနေတယ်။ ဓာတ် မြေဩဇာကတော့ ဂတ်စ်ကို အခြေခံပြီး ထုတ်ပါတယ်။ ယူရီးယား ဓာတ်မြေဩဇာ၊ ဓာတ်မြေဩဇာစက်ရုံတွေ ဆောက်ဖို့လိုပါတယ်"ဟုပြောကြားသည် ။

မြစ်ချောင်းများအနီးစိုက်ပျိုးရေး လုပ်ငန်းများတွင် ရာသီမရွေးစိုက်ပျိုးရေ လုံလောက်စွာရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများအား ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည့်ဖြိုးမြဖွံ့မြိုးအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဆိုပါကစိုက်ပျိုးရေများလုံလောက်စွာရရှိပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဧရာဝတီ

မြစ်ရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် အကျိုးရှိစွာအသုံးချခြင်းမပြုနိုင်ဘဲ ပင်လယ်အတွင်းသို့ စီးဝင်သွားသည်ကို ပညာရှင်များက ထောက်ပြထားကြောင်း၊ အဆိုပါရေများအား မိမိတို့အနေဖြင့် အကျိုးရှိစွာ အသုံးချရန်လို အပ်ကြောင်း၊ တစ်ကမ္ဘာလုံးတွင် ရေချိုရှားပါးမှုပြဿနာများ ရှိကြောင်း၊ ဆည်ရေများကိုလည်း ချွေတာသည့် စနစ်နှင့် လုံလောက်အောင်သုံးသည့် စနစ်တို့ ပေါင်းစပ်ပြီး စိုက်ပျိုးရေးစီမံကိန်းများ အောင်မြင်အောင်ဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် ကမ်းလွန်နှင့် ကုန်းတွင်းသဘာဝဓာတ်ငွေ့များထုတ်လုပ်လျက်ရှိပြီး ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိသကဲ့သို့ ပြည်တွင်း၌လည်း သဘာဝဓာတ်ငွေ့များအသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ ကမ်းရိုးတန်းဒေသများတွင်လည်း လေအားလျှပ်စစ်ဓာတ်အားများ ထုတ်ယူ၍ရကြောင်း၊ အလားတူ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် ရေအားလျှပ်စစ်နှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ခြင်းများကိုဆောင်ရွက်၍ အသုံးချရန်လိုကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဒေသအလိုက်ရရှိသောအခြေအနေပေါ်မူတည်၍ Small Scale, Median Scale များကို ဆောင်ရွက်၍ရနိုင်ကြောင်း၊ ထိုသို့ဆောင်ရွက် နိုင်မည်ဆိုပါက လျှပ်စစ်မြစ်ရေတင် လုပ်ငန်းများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

ပြည်တွင်းကုန်ထုတ်လုပ်မှုများအတွက် ဆောင်ရွက်လျက်ရှိသည့် စက်ရုံများတွင် ဓာတ်ငွေ့များလိုအပ်မှုရှိသည်ကိုတွေ့ရှိရကြောင်း၊ ထို့ကြောင့် စွမ်းအင်ကဏ္ဍတွင် သဘာဝဓာတ်ငွေ့အား ပြည်တွင်း၌လုံလောက်စွာအသုံးချနိုင်ရေး စွမ်းအင်မူဝါဒချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူကျောက်မီးသွေးများကိုလည်း စနစ်တကျအသုံးချ၍ စက်ရုံများတွင် လိုအပ်သည့်စွမ်းအင်များထုတ်လုပ်နိုင်ရေး အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများအတွက် ဆောင်ရွက်ရာတွင် လိုအပ်သည့်ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူအဆင့်မီသည့် အုတ်များထုတ်လုပ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း။

စွမ်းအင်မူဝါဒချမှတ်ဆောင်ရွက်လျက်ရှိ

ပြည်တွင်း၌ဘိလပ်မြေနှင့် သံချောင်းများလုံလောက်စွာထုတ်လုပ်နိုင်ရေးဆောင်ရွက်ရန် လိုအပ်မှုနှင့်ပတ်သက်၍ ပြောကြားရာတွင် “ဘိလပ်မြေစက်ရုံ ပုဂ္ဂလိက ပိုင် ၁၆ ရုံ၊ နိုင်ငံပိုင် ၃ ရုံ အားလုံးပေါင်း ၁၉ ရုံရှိတယ်။ သူရဲ့ထုတ်လုပ်နိုင်တဲ့ စက်စွမ်းအားပြည့်ထုတ်မယ်ဆိုရင် ၁၆ သန်းနဲ့ ၁၇၀၀၀၀ ထုတ်နိုင်တယ်။ တချို့က Dry Process ပေါ့၊ တစ်ချို့ကလည်း Wet Process နဲ့လုပ်တယ်။ အစိုနည်း၊ အခြောက်နည်းပေါ့။ တကယ်ကတော့ အခြောက်နည်းကတော့ မြန်မာဘက်မှာတော့ အကောင်းဆုံးနည်းလမ်းပါ။ ဘိလပ်မြေစက်ရုံများကိုလည်း Dry Method ကိုပြောင်းကြပါ။ ဒီအတွက်နိုင်ငံ တော်ကနေပြီးတော့ ငွေချေးပေးမယ်။ ကျွန်တော်နိုင်ငံ ခြားငွေ ချေးပေးနိုင်ပါတယ်။ ကျွန်တော် ပြည်ပကနေဝယ်ဖို့အတွက် လိုတဲ့ပိုက်ဆံကျွန်တော်တို့ ချေးပေးလို့ရပါတယ်။ လုပ်ထုံးလုပ်နည်းနဲ့ဆောင်ရွက်မယ်ဆိုရင် လုပ်ပေးလို့ရတယ်။ ပြည်တွင်း ဘိလပ်မြေလုပ်ငန်းအားပေးရမယ်။ ၁၆ သန်းထုတ်နိုင်တယ်။ အခုကျွန်တော်တို့ စာရင်းကောက်ကြည့်တဲ့အခါမှာ ၁၀ သန်းကနေ ၁၁ သန်းလောက် သုံးနေပါတယ်။ ဆိုလိုတာက လုံလောက်မှုရှိတယ်။ ပြည်ပကဘာမှ ဘိလပ်မြေသွင်းစရာအကြောင်း မရှိဘူး။ သွင်းတဲ့ဘိလပ်မြေ ဘာလို့သွင်းတာလဲမေးကြည့်တော့ Quality ကောင်းလို့တဲ့။ အဲ့တာဆိုကိုယ့်ဆီကဘိလပ်မြေတွေ Quality ကောင်းအောင်လုပ်ရမယ်။ Standard တစ်ခုပေးရမှာပေါ့။ EU ရဲ့ Standard ဘယ်လောက်လဲ၊ UK ရဲ့ Standard ဘယ်လောက်ရှိလဲ အမေရိကန် Standard ဘယ်လောက်နဲ့ညီရမယ်၊ တရုတ် Standard နဲ့ဘယ်လောက် ညီရမယ်၊ ဂျပန် Standard နဲ့ဘယ်လောက်ညီရမယ်။ ဒီ Standard ကိုကျွန်တော်တို့ရဖို့ ဒီစက်ရုံတွေလုပ်ကိုလုပ်ရမယ်။ မလုပ်ရင်အဲဒီစက်ရုံ ပိတ်မယ်။ ဒီလိုသွားမှရမှာပေါ့။ မှိန်းလိုက်နေရင်ဘယ်လိုမှကို အလုပ်ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် ကျွန်တော် တစ်နေ့ကလည်း သက်ဆိုင်ရာဝန်ကြီးများ၊ ဝန်ကြီးချုပ်များကို ပြောပါတယ်။ ခင်ဗျားတို့နယ်မြေမှာရှိတဲ့ ဥပမာရှမ်းပြည်နယ်တို့၊ မန္တလေးတိုင်းတို့ဆိုရင် ဘိလပ်မြေစက်ရုံတွေရှိတယ်။ နေပြည်တော်ကောင်စီဆိုရင် ဘိလပ်မြေစက်ရုံ တွေရှိ

တယ်။ စစ်ပါ။ ပြီးရင်ခုနကပြောတဲ့ မူဝါဒနဲ့ဖြစ်အောင် လုပ်ပါ။ အဲဒါဆိုရင်ပြည်ပ ကနေဘိလပ်မြေ တင်သွင်းမှုတွေ လျော့ကျသွားမယ်။ မရှိအောင်လုပ်လို့ရတယ်။ ပြီးတော့ သံချောင်းပေါ့။ မြန်မာနိုင်ငံမှာ သံမဏိကုန်ကြမ်းထုတ်နိုင်တဲ့ သံကြမ်းတွေရှိပါတယ်။ လေးနေရာလောက်က စီးပွားဖြစ်ထုတ်လို့ရနိုင်တဲ့ တကယ့်ကိုနှစ်ပေါင်းများစွာထုတ်လို့ရနိုင်တဲ့နေရာတွေရှိတယ်။ လေးနေရာလောက်ရှိတယ်။ အဲဒီတော့ သံကလည်းအတူတူပဲ ပြည်ပကနေသံချောင်းတွေတင်သွင်းနေရတာရှိတယ်။ အဲ့ဒါကြောင့် သံမဏိစက်ရုံတည် ဆောက်ရေးနဲ့ပတ်သက်ပြီးတော့လည်း ကျွန်တော်လိုက်လံအားပေးနေပါတယ်။ ကျွန်တော်တို့က သံချောင်းအသေးလေးတွေနဲ့ ကျေနပ်နေလို့မရဘူး။ ငါးမူးလုံးတို့။ တစ်ကျပ်လုံးတို့။ ဒီလိုကနေပြီးတော့ မျိုးစုံသွားရမှာပေါ့ H Beam တို့ I Beam တို့ ထုတ်နိုင်တဲ့အဆင့်တို့၊ တံတားဆောက်နိုင်တဲ့ဟာမျိုး ဒီလိုလေးတွေကျွန်တော်တို့သွားရမှာ။ မလုပ်လို့မရဘူး။ ပြည်တွင်းမှာလည်းကုန်ကြမ်းတွေရှိရဲ့ သားနဲ့ကိုယ်ကမလုပ်ဘူး။ ပြည်ပကနေပဲအကုန်ထိုင်ပြီးသွင်းနေလို့ရှိရင် ဒီတိုင်းပြည်မွဲဖို့ပဲရှိတယ်။ ဒါကြောင့်ဘိလပ်မြေနဲ့ ပတ်သက်တာပြည်တွင်းမှာ လုံလောက်စွာထုတ်ဖို့ လုပ်ဆောင်နေပါတယ်။ ဓာတ်မြေဩဇာနဲ့ ပတ်သက်လို့ရှိရင်စက်ရုံအသစ်လုပ်ချင်တဲ့သူတွေ ဓာတ်မြေ ဩဇာထုတ်လုပ်ရေးနဲ့ ပတ်သက်ပြီး စိတ်ဝင်စားတဲ့သူတွေ ပြည်တွင်းပြည်ပ မည်သူမဆို ကျွန်တော်ဖိတ်ခေါ်ပါတယ်။ ဓာတ်မြေဩဇာထုတ်လုပ်ရေးနဲ့ပတ်သက်ရင် ဒီအတွက်သွင်းအားစုဖြစ်တဲ့ ကျွန်တော်တို့ Gas နဲ့ လျှပ်စစ်ဓာတ်ရရှိရေးနဲ့ ပတ်သက်ပြီးကျွန်တော်တို့ ညှိပါမယ်။ ကျွန်တော်တို့က စောစောကပြောတဲ့လျှပ်စစ်ကိုရအောင်၊ တစ်ဖက်ကလည်း တိုးအောင်လုပ်ဖို့အတွက်လုပ်ပြီးတော့မှ ပြည်တွင်းလိုအပ်ချက်ကို ခုနကပြောတဲ့ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် Renewable Energy ကရအောင်လုပ်နိုင်ရင်။ ဟိုဘက်က Gas ကို ရအောင်လျှော့ပြီးရတဲ့ဟာကို စက်ရုံအလုပ်ရုံသုံးမယ်ဆိုရင်ဖြစ်နိုင်တယ်။ ဒါမျိုးတွေကိုလည်း ကျွန်တော်တို့စဉ်းစားရမှာပေါ့။ လွယ်တဲ့နည်းလမ်းတော့ စဉ်းစားလို့မရဘူး။ တိုင်းပြည်ဘယ်လိုတိုးတက်အောင် လုပ်မလဲဆိုတဲ့စိတ်နဲ့ လုပ်မှရမယ်ဆိုတာလေး ကျွန်တော် ပြောလိုပါတယ်။အဲဒီတော့ ခုနကပြောတဲ့စီးပွားရေးနဲ့ပတ်သက်ရင် ကျွန်တော် စွမ်းအင်နဲ့ပတ်သက်တဲ့ မူဝါဒလည်းပေးခဲ့ပါတယ်။ သံမဏိနဲ့ပတ်သက်တာကို ကျွန်တော် ပြောပါတယ်။ သံမဏိလုပ်မယ်ဆိုရင်လည်း စောစောကဓာတ်မြေဩဇာစက်ရုံ တွေလိုဘဲ သံမဏိစက်ရုံလုပ်မယ်ဆိုလ အားပေးပါတယ်။ မည်သည့်တိုင်းရင်းသားလုပ်ငန်းရှင်မဆို၊ မည်သည့်နိုင်ငံမဆို သံမဏိထုတ်လုပ်ရေးနဲ့ပတ်သက်ပြီးတော့ ဆောင်ရွက်မယ်ဆိုရင်ကျွန်တော် အတတ်နိုင်ဆုံးဖြစ်အောင် ဆောင်ရွက်ပေးမယ်လို့ ကျွန်တော်ပြောလိုပါတယ်”။

ဆက်လက်ပြီး ၂၀၂၀-၂၀၂၁ ဘက်ဂျက်ကာလအတွင်း အကြမ်းဖျဉ်းအားဖြင့် နိုင်ငံခြားပို့ကုန်သွင်းကုန်လုပ်ငန်းများတွင် နိုင်ငံခြားငွေများပိုလျှံမှုရှိကြောင်း၊ မိမိတို့ ချွေတာ၍ရသည့်လုပ်ငန်းများတွင် ယခုထက်ပိုမို ချွေတာမည်ဆိုပါက ယခုထက်ပိုမို၍ ပိုငွေများပြလာနိုင်ကြောင်း၊ ဥပမာအားဖြင့် ပြည်ပမှစားသုံးဆီတင်သွင်းမှုများ ပဏာမအားဖြင့်များပြားခဲ့သဖြင့် လျှော့ချရန်လိုကြောင်း၊ ပြည်တွင်းဆီစားသုံးမှုနှုန်းမှာ မြင့်မားလျက်ရှိပြီး လျှော့ချနိုင်ပါကကုန်သွယ်မှုပိုငွေများ ယခုထက်ပိုမိုများပြားလာမည်ဖြစ်ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုများအား လျှော့ချရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပို့ဆောင်ရေးနှင့်ပတ်သက်၍ပြောကြားရာတွင် “ပို့ဆောင်ရေးနှင့် ပတ်သက်ရင် Public Tran-sportation ကို ကျွန်တော်တို့အားပေးဖို့လိုတယ်။ မီးရထားတွေ၊ မြို့ပတ်ရထားတွေ၊ ဘတ်စ်ကားလိုင်းတွေ။ ဒါတွေများများသုံးနိုင်အောင်လုပ်ပါ။ ဒါကြောင့် ကျွန်တော်အရှုံးခံပြီး ရထားလမ်းတွေဖွင့်ခိုင်းပါတယ်။ ဘယ်လောက်ပဲဖျက်ဖျက်ကွာလို့၊ ဘယ်လောက်ပဲဖျက်ဖျက်ရအောင်ဆွဲမယ်ဆိုပြီး ကျွန်တော်လုပ်ပေးနေတယ်။ ရထားလမ်းတွေကိုလည်းရအောင် အဆင့်မြှင့်ခိုင်းနေပါတယ်။ ဒါက ဘာလဲဆိုတော့ တိုင်းပြည်အတွက် အကျိုးရှိတဲ့လုပ်ငန်းမို့လို့။ စီးပွားရေးအရ ကြည့်မယ်ဆိုရင်တော့ အကျိုးမရှိနိုင်ပေမယ့် တိုင်းပြည်အတွက်တော့ အကျိုးရှိတယ်။ Public Transportation ကိုကျွန်တော်တို့ကအားပေးဖို့လိုတယ်။ အဲ့ဒီ Public Transportation မှာ လျှပ်စစ်ကိုရအောင်ပြောင်းနိုင်လို့ရှိရင် ဒီထက်ပိုအကျိုးရှိမယ်။ ဒါ့ကြောင့် ကျွန်တော်က လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးအတွက် တွန်းအားပေးနေခြင်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးလျှပ်စစ်

ရထားလမ်းနဲ့ ဆွဲရပါလိမ့်မယ်။ တစ်နိုင်ငံလုံး လျှပ်စစ်ရထားနဲ့ ပြေးရပါလိမ့်မယ်။ တစ်နိုင်ငံလုံး မြို့ပတ်ရထားလမ်းဆို မြို့ပတ်လမ်းအတိုင်း သွားမယ်။ မြို့ပေါ်တွေမှာသုံးတဲ့ကားတွေက လျှပ်စစ်ကားတွေဖြစ်ရမယ်။ ဒီမူဝါဒကိုတွက်နေပါတယ်။ အချိန်လေးတစ်ခု တွက်ချက်ပြီးလို့ရှိရင် ကျွန်တော်တို့ ကြေညာပါ့မယ်။ ဘယ်နှစ်မှာတော့ လျှပ်စစ်ကားသုံးတဲ့စနစ်ကို ဘယ်အဆင့်မှာပြောင်းပြီးသားဖြစ်ရမယ်။ Private Use တွေပေါ့ဗျာ။ ကိုယ်ပိုင်ကားတွေ၊ ကားငယ်လေးတွဆိုလို့ရှိရင် လုပ်ငန်းခွင်သုံးတဲ့ ကားကြီးတွေကတော့ ဖြစ်ကောင်းဖြစ်နိုင်မှာပေါ့လေ။ နည်းပညာအရအခြားနိုင်ငံတွေမှာ ဖြစ်နေတဲ့အခြေအနေတွေကျွန်တော်တို့ ကြည့်ရဦးမယ်။ အခုနကပြောတဲ့ လူစီးကားကတော့ ဖြစ်တယ်။ ဘတ်စ်ကားတွေဖြစ်နိုင်တယ်။ ဒီဟာတွေဟာ ဘယ်နှစ်မှာ လျှပ်စစ်စနစ်ကိုပြောင်းရမယ်ဆိုပြီး ကျွန်တော်တို့ လုပ်ရမယ်။ ဒါမှမလုပ်ရင်လဲကျွန်တော်တို့ကျန်ခဲ့လိမ့်မယ်။ ဆီဖိုးနဲ့မွဲလိမ့်မယ်။”

ထို့နောက် စားသောက်ကုန်နှင့်ပတ်သက်၍ ပြည်ပမှစားသောက်ကုန်များနှင့် သုံးကုန်များအား တင်သွင်းလျက်ရှိကြောင်း၊ အဆိုပါစားသောက်ကုန်နှင့်သုံးကုန်များ အား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်အောင် ဆောင်ရွက်ရန်လိုပြီး SME များကို အားပေးရန်လိုကြောင်း၊ ပြည်နယ်နှင့်တိုင်းများဒေသကြီးအလိုက် စက်မှုဇုန်များနှင့် စက်ရုံများတွင် ဆောင်ရွက်၍ရကြောင်း၊ နည်းပညာများအသုံးပြု၍ ပြည်တွင်းစားသောက်ကုန်များအား အရည်အသွေးပြည့်မီစွာထုတ်လုပ်နိုင်ရေးနှင့် အိမ်တွင်းစက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ပြည်တွင်းထုတ်ကုန်များအား ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအားပေးဆောင်ရွက်ရန်လိုကြောင်း၊ စားကုန်၊ သောက်ကုန်နှင့်သုံးကုန်များအား ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်၍ ပြည်ပသွင်းကုန်များအား တတ်နိုင်သမျှလျှော့ချဆောင်ရွက်ရန်လိုကြောင်း။

ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးမှုများ များစွာရှိပြီး စိုက်ဧက ၄ သိန်းခန့်ရှိကြောင်း၊ အဆိုပါဝါများကိုလည်း နိုင်ငံတကာအထွက်နှုန်းကို မီအောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်တွင်းလိုအပ်ချက်ကို ပြည့်မီအောင် ဆောင်ရွက်နိုင်သဖြင့် ဝါစိုက်ပျိုးမှုနည်းပညာမြင့်မားရေးအတွက် ပြည်ပနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ဝါစိုက်ပျိုးတောင်သူများအား အားပေးဆောင်ရွက်ရန်လိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးအရချမှတ်ထားသည့် မူဝါဒများအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ပြီး အဓိကအားဖြင့် စီးပွားရေးမြှင့်တင်ရန်နှင့် စည်းကမ်းကောင်းမွန်အောင်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ စီးပွားရေးကိုမြှင့်တင်နိုင်မည်ဆိုပါက နိုင်ငံစီးပွားရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ ပညာရေးမြှင့်တင်ပေးမှုဆောင်ရွက်ရာတွင် အခြေခံပညာအား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ အလယ်တန်းအဆင့်အားဦးတည်၍ အခြေခံပညာသင်ကြားခြင်းဖြစ်ကြောင်း၊ KG + 9 အထိ တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံးတွင် အောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ ဆရာ၊ ဆရာမများ လုံလောက်စွာရှိရေးအတွက်လည်း ခန့်အပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ၃ ရာခိုင်နှုန်းအောက်ရောက်ရှိသည့်အချိန်တွင် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ ကျောင်းသား၊ ကျောင်သူများကိုလည်း ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးများထိုးနှံပေးလျက်ရှိပြီး လိုအပ်သည့်ကာကွယ်ဆေးများထပ်မံဝယ်ယူရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုများအား ထိန်းချုပ်နိုင်သည့်အချိန်တွင် စာသင်ကျောင်းများပြန် လည်ဖွင့်လှစ်နိုင်ပြီး စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်နိုင်မည်ဖြစ်သဖြင့် နိုင်ငံ၏စီးပွားရေးမှာ ပုံမှန်အခြေအနေသို့ပြန်လည်ရောက်ရှိလာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလျှောက်လှမ်းနေသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရာတွင် အသိပညာအတတ်ပညာပေါ်ကြွယ်ဝသည့် လူသားအရင်းအမြစ်များ မရှိမဖြစ်လိုအပ်သဖြင့် ပညာရေးနှင့် ပတ်သက်သည့် အားနည်းသည့်ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် အလေးထားဆောင်ရွက်ကြရန်လိုကြောင်း၊ ပညာရေးမြင့်မားမှုသာ အသိပညာနှင့် အတတ်ပညာများ တတ်မြောက်လာပြီး ဒီမိုကရေစီကိုနားလည်လာမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုနားလည်လာမည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ပညာတတ်

များပေါများစေရေး ပညာရေးမြှင့်တင်မှုကို ဦးစားပေး တွန်းအားပေးဆောင်ရွက်ကြရန်လိုကြောင်းမှာကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီး များက သက်ဆိုင်ရာကဏ္ဍ အလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက် ရယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိုဂုံးချုပ်အမှာစကားပြောကြားရာတွင် ပညာရေးနှင့်ပတ်သက်၍ KG + 9 အထိ နိုင်ငံတော် အစိုးရက တာဝန်ယူဆောင်ရွက်ပေးရန်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း စာသင်ကျောင်းများကို အဆင့်မီအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အခြေခံပညာကျောင်းများတွင် ဆရာ၊ ဆရာများ အပြည့်အဝခန့်ထားနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နယ်စပ်ဒေသနှင့် ဝေးလံခေါင်သီဒေသများရှိ အခြေခံပညာကျောင်းသားကျောင်းသူများ အမှန်တကယ်စာတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ ထို့ပြင် ဆရာ၊ ဆရာမများအနေဖြင့် ကလေးများအမှန်တကယ်နားလည်တတ်ကျွမ်းမှုရရှိစေရေး သင်ကြားပေးရန်လည်းလိုကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသည့် ပညာရေးဝန်ထမ်းများကို လေ့ကျင့်မွေးထုတ်သွားရန်လိုကြောင်း။

နိုင်ငံတော် တည်ဆောက်ရာတွင် လူစွမ်းအားအရင်းအမြစ်သည် အရေးကြီးကြောင်း၊ သိပ္ပံဘာသာရပ်တွင် ရူပဗေဒ၊ ဓာတုဗေဒ၊ သခ္ခါပညာရှင်များ အရေးကြီးသကဲ့သို့ စီးပွားရေးနှင့် ဥပဒေပညာရှင်များလည်း လေ့ကျင့်မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ ထို့ပြင် ကျေးလက်စီးပွားရေးမြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေး ပညာရှင်များလိုအပ်ကြောင်း၊ နိုင်ငံရပ်ခြားသို့ ပညာတော်သင်များ များစွာစေလွှတ်နိုင်ပါက နိုင်ငံတော်အတွက် အကျိုးရှိကြောင်း၊ ပညာတော်သင်များကို နေရာချထားရာတွင်လည်း တတ်မြောက်ထားသည့် ပညာရပ်နှင့်ကိုက်ညီသည့်လုပ်ငန်းများတွင် လူမှန်၊ နေရာမှန်တာဝန်ပေး နေရာချထားရန်လိုကြောင်း။

ကျေးလက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ထုတ်လုပ်သူ သမဝါယမအသင်းများ ဖွဲ့စည်းထားရှိဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ထုတ်လုပ်၊ စီမံခန့်ခွဲရောင်းချခြင်းဖြင့် တိုက်ရိုက်အကျိုးစီးပွား ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ သမဝါယမစနစ်ကိုအခြေခံပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများအတွက် ပြည်တွင်းကုန်ကြမ်းများမှန်မှန်ကန်ကန်ရရှိအောင်ဆောင်ရွက်ပြီး ပြည်ပပို့ကုန် ထုတ်လုပ်နိုင်သည့်အဆင့်အထိ ဆောင်ရွက်နိုင်ရန် လိုအပ်ကြောင်း၊

ပို့ဆောင်ရေးအတွက်လည်း လမ်းများကောင်းမွန်ရန်လိုကြောင်း၊ ကျေးလက်လမ်းများနှင့် ကုန်ထုတ်လမ်းများ ကောင်းမွန်ရေး အလေးပေးဆောင်ရွက်ကြရန် သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့အတူ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်သည့် ကားလမ်း၊ ရထားလမ်းများ ဖွံ့ဖြိုးတိုးတက်အောင် အလေးပေးဆောင်ရွက်သွားရန်လိုကြောင်း၊

စီးပွားရေးတည်ငြိမ်တိုးတက်အောင် လုပ်ဆောင်ပြီး ငွေကြေးတန်ဖိုးပြောင်းလဲမှုမရှိဘဲ ခိုင်မာအောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ငွေကြေးတန်ဖိုးကို ထိန်း သိမ်းပြီး ဘဏ်စနစ်တည်ငြိမ်အောင် တတ်နိုင်သမျှ ဆောင်ရွက်လျက်ရှိကြောင်း၊ ပို့ကုန်များ များစွာတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပြီး သွင်းကုန်ပမာဏ ထိန်းသိမ်းနိုင်ရေးဆောင်ရွက်ကာ တိုင်းပြည်စီးပွားရေး တိုးတက်အောင် လုပ်ဆောင်နေကြောင်း၊ အဓိကအားဖြင့် မိမိတို့တိုင်းပြည် တိုးတက်အောင် လုပ်ကိုင်ဆောင်ရွက် နေကြရန်လိုသာကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် လုပ်ဆောင်ရန်ရှိသည့်လုပ်ငန်းများအပေါ် ကြိုတင်မျှော်တွေး၍ ကြပ်ကြပ်မတ်မတ်ဖြင့် အလေးအနက်ထား ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

■■■■■

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည့်အမှာစကား

(၂၈ - ၁၀ - ၂၀၂၁)

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၃) ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာလ ၂၈ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ရောဂါဖြစ်ပွားမှုနှုန်းများ ကျဆင်းလာမှုတို့နှင့် ပတ်သက်၍ "ကိုဗစ် -၁၉ ရောဂါထိန်းချုပ်ရေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဗဟိုကော်မတီဖွဲ့ထားတာရှိပါတယ်။ သို့သော်လည်း ဗဟိုကော်မတီနဲ့ ပိုပြီးတော့ ကျစ်ကျစ်လျစ်လျစ်ရှိအောင်ဆိုပြီးတော့ အရေးကြီးတဲ့ပုဂ္ဂိုလ်တွေလောက်ပဲ အစည်းအဝေးခေါ်ပြီးလုပ်ခဲ့တာ။ အဲ့ဒီတော့ ပြီးခဲ့တဲ့ဇူလိုင်လကတော့ ကိုဗစ်-၁၉ ဖြစ်ပွားမှု အတော်လေးများခဲ့ပါတယ်။ ပြီးခဲ့တဲ့ အစည်းအဝေးမှာလည်း ကျွန်တော်ပြောခဲ့တယ်။ ဇူလိုင်လ ၁၄ ရက်နေ့က အားလုံး ၇၀၈၃ ယောက်ဖြစ်ခဲ့ပြီး ၃၃ ဒသမ ၁၇ ရာခိုင်နှုန်း ဖြစ်ခဲ့တာကိုတွေ့တယ်။ Percentage အမြင့်ဆုံးကတော့ ဇူလိုင်လ ၂၃ ရက်မှာ ၅၅၀၆ ယောက်နဲ့ ၄၀ ဒသမ ၀၈ ရာခိုင်နှုန်းရှိခဲ့ပါတယ်။ ဗဟိုကော်မတီကနေပြီးတော့မှ တောက်လျှောက်ကို အပတ်စဉ်လုပ်ငန်းညှိနှိုင်းပြီးတော့ ဆောင်ရွက်ပေးတာပေါ့။ နေ့စဉ်ကလည်း ဒုဥက္ကဋ္ဌဦးစီးပြီးတော့မှ ကြပ်မတ်ဆောင်ရွက်ပေးမှုတွေကြောင့်၊ တစ်ဖက်ကလည်း ရောဂါထိန်းချုပ်ရေးနဲ့ပတ်သက်ပြီး လုပ်ဆောင်ချက်တွေ ဒီဘက်ကလည်း နိုင်ငံတော်အပိုင်းက လုပ်ရမယ့်ဟာတွေလည်း ထိထိရောက်ရောက်လုပ်လာနိုင်တယ်။ တစ်ဖက်ကလည်း ပြည်သူအပိုင်းကနေပြီးတော့ ပိုပြီးတော့မှ အလေးထားပြီး ဆောင်ရွက်တဲ့အတွက်ကြောင့်။ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်တွေကို လိုက်နာဆောင်ရွက်တာပေါ့၊ ဒုတိယကဘာလဲဆိုတော့ လိုအပ်ချက်တွေကို ဝိုင်းကူကြတာပေါ့၊ လိုအပ်ချက်တွေကိုဝိုင်းကူကြတယ်၊ ဥပမာအားဖြင့် ဆေးတွေလှူကြတယ်၊ ကာကွယ်တဲ့ပစ္စည်းတွေလှူကြတယ်၊ အောက်ဆီဂျင် မရရအောင်၊ တကယ့်စေတနာရှင်တွေကနေရအောင်။ ပြည်ပနိုင်ငံတွေကနေမရရအောင် ဝယ်ယူပြီးတော့ ဆောင်ရွက်ပေးတာတွေ၊ ဒါတွေကြောင့် တော်တော်ကြီးကို ဒါအကျိုးသက်ရောက်မှုရှိပါတယ်။ အကျိုးသက်ရောက်မှုရှိပြီးတော့ နောက်ဆုံး မနေ့ကဆိုရင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ၄ ရာခိုင်နှုန်းကျော်လောက်ထိပဲ ဖြစ်လာခဲ့တာကို တွေ့ပါတယ်။ ကျွန်တော့် ရည်မှန်းချက်ကတော့ အောက်တိုဘာ ၂၄ ရက်နေ့က ၅ ရာခိုင်နှုန်း၊ အောက်တိုဘာ ၃၁ ရက်နေ့ကို ၃ ရာခိုင်နှုန်းလျှော့ချဖို့ အတွက် Target ထားပြီးတော့ ကျွန်တော် ကော်မတီမှာလည်း ပြောခဲ့ပြီးသားဖြစ်ပါတယ်။ အခုကတော့ ၄ ရာခိုင်နှုန်းကျော်လေးတော့ဖြစ်နေသေးတာပေါ့။ အဲ့ဒီတော့ ဒါလေးတွေကိုလည်း တစ်ဖက် ဒီထက်ပိုပြီးတော့ ဖြစ်ပွားမှုရာခိုင်နှုန်းကျအောင် ဆောင်ရွက်ပေးဖို့လိုပါလိမ့်မယ်"ဟု ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရောဂါဖြစ်ပွားမှုနှုန်းများသည့် မြို့နယ်များအား ရောဂါ

ကာကွယ်ထိန်းချုပ်ကုသရေးအတွက် ဦးစားပေး ဆောင်ရွက်ရန်လိုပြီး ကြပ်ကြပ်မတ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ ကူးစက်မှုများအား စစ်ဆေးဆောင်ရွက်ခြင်းဖြင့် ကာကွယ်ကုသရေးအတွက် အခွင့်အရေးရလာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ကူးစက်မှုများအားမသိဘဲ အုံ့ပုန်းဖြစ်နေမှုများမှာ စိုးရိမ်စရာဖြစ်ကြောင်း၊ ကူးစက်မှုနှုန်း မြင့်နေဆဲဖြစ်သည့် မြို့နယ်များအား စနစ်တကျဖြင့် ကြပ်မတ်ဆောင်ရွက်ရန်လိုအပ်သကဲ့သို့ ကူးစက်မှုနှုန်း လျော့ကျလျက်ရှိသည့် မြို့နယ်များတွင်လည်း ပေါ့ပေါ့ဆဆဖြင့် ဆောင်ရွက်၍မရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် Stay at Home နှင့် သွားလာမှုကန့်သတ်ခြင်းများ ဆောင်ရွက်ခြင်း၊ ရုံးပိတ်ခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအခါ ဖြစ်ပွားမှုနှုန်းများ ကျဆင်းလာပြီဖြစ်သဖြင့် အချို့မြို့နယ်များအား Stay at Home များ ဖြေလျှော့ပေးခဲ့ပြီး ရုံးများ ပုံမှန်အတိုင်း ပြန်လည်တက်ရောက်ရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ကျောင်းများပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများဆောင်ရွက်လျက်ရှိသကဲ့သို့ အသက် ၁၂ နှစ်အထက် ကျောင်းသား၊ ကျောင်းသူများကိုလည်း ကိုဗစ် -၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ အတိုင်းအတာတစ်ခုအထိ ထိုးနှံပြီးဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုအနေဖြင့် လက်ရှိအချိန်တွင် ၄ ရာခိုင်နှုန်းကျော် ကူးစက်မှုရှိသော်လည်း ယခုထက် ပိုမိုလျော့ကျလာနိုင်သေးကြောင်း၊ ပြီးခဲ့သည့် သီတင်းကျွတ်ကာလတွင် ခရီးသွားခြင်းများ ဆောင်ရွက်ခဲ့ကြသော်လည်း ကူးစက်မှုနှုန်းများ မြင့်တက်လာသည်ကို မတွေ့ရကြောင်း၊ ကာကွယ်ဆေးထိုးနှံထားမှုများနှင့် ကိုဗစ်စည်းကမ်းအား လိုက်နာခဲ့မှုများကြောင့်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းလာချိန်တွင် ရပ်တန့်ထားရသည့် ပညာရေးယန္တရား၊ ကုန်ထုတ်လုပ်မှုယန္တရားများနှင့် အကန့်အသတ်ဖြင့်ခွင့်ပြုထားရသည့် သယ်ယူပို့ဆောင်ရေးယန္တရားများအားပြန်လည်ဆောင်ရွက်နိုင်ရေး စဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်၍မရနိုင်သော်လည်း ရောဂါကူးစက်မှုနှုန်းနည်းပါးသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ပြန်လည်ဆောင်ရွက်၍ရကြောင်း၊ ပို့ဆောင်ရေးနှင့်ပတ်သက်သည့် လေကြောင်းလိုင်းများ၊ ရထားလိုင်းများ၊ ကားလိုင်းများအား အပိုင်းအလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းများကိုလည်း အဆင့်အလိုက် ပြန်လည်ဖွင့်လှစ်နိုင်ရေး စဉ်းစားဆုံးဖြတ်ဆောင်ရွက်ကြရန်လိုကြောင်း။

> **မိမိတို့နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးဖြစ်၊ ကာကွယ်ဆေးထိုးနှံမှုများအား ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဒီဇင်ဘာလအတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အား ထိုးနှံပေးနိုင်မည်ဖြစ်၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံပြီးသူများအား ခရီးသွားလာခွင့် ခွင့်ပြုပေးနိုင်မည့် အခြေအနေ၊ အလားတူ ပြည်ပနိုင်ငံများမှ လာရောက်သူများအား ခွင့်ပြုပေးနိုင်မည့် အခြေအနေများအား ထည့်သွင်းစဉ်းစားရန်လို။**

မိမိတို့နိုင်ငံလူဦးရေ၏ ၃၅ ရာခိုင်နှုန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုများအား ဆက်လက်ဆောင်ရွက်သွားမည်ဆိုပါက ဒီဇင်ဘာလအတွင်း လူဦးရေ၏ ၅၀ ရာခိုင်နှုန်းကျော်အား ထိုးနှံပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးနှံပြီးသူများအား ခရီးသွားလာခွင့် ခွင့်ပြုပေးနိုင်မည့် အခြေအနေ၊ အလားတူ ပြည်ပနိုင်ငံများမှ လာရောက်သူများအား ခွင့်ပြုပေးနိုင်မည့် အခြေအနေများအား ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်သူများ များစွာကျဆင်းသွားပြီး အရေးပေါ်လူနာများ၊ အောက်ဆီဂျင်လိုအပ်မှုများ လျော့နည်းလာသည်ကို သိရှိရကြောင်း၊ ထိုသို့ကျဆင်းသွားခြင်းမှာ အားလုံး၏ပူးပေါင်းဆောင်ရွက်မှု၏ အောင်မြင်မှုရလဒ်ပင်ဖြစ်သဖြင့် ဝမ်းမြောက်ဖွယ်ပင်ဖြစ်ကြောင်း၊ ထပ်မံကူးစက်မှုမရှိစေရေးအတွက်လည်း ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စဉ်းစားဆောင်ရွက် ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထုတ်လုပ်နိုင်ရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် “ကာကွယ်ဆေးနဲ့ပတ်သက်ပြီး ကျွန်တော်တို့ကြိုးစားနေတာရှိပါတယ်။ တရုတ်နိုင်ငံနဲ့ ဆွေးနွေးနေတာရှိတယ်။ ရုရှားနိုင်ငံနဲ့ ဆွေးနွေးနေတာရှိတယ်။ မနေ့ကပဲ ရုရှားက ကိုယ်စားလှယ်အဖွဲ့တွေ အချို့ကျွန်တော့်ကိုလာပြီး တင်ပြတာရှိတယ်။ သူတို့ ဘယ်လိုလုပ်ပေးနိုင်ပါတယ်ဆိုပြီး ဒီလိုပြောလာတာရှိတယ်။ ဒါလည်း ကျွန်တော်တို့က ဒီဆေးက ရေရှည်ဆောင်ရွက်ရမယ့်ကိစ္စဖြစ်တဲ့အတွက်ကြောင့် ဒီဟာကို အမြန်ဆုံးဆောင်ရွက်ဖို့လည်း လိုတယ်။ အခုက ကျွန်တော်တို့ ဝယ်နေရတယ်၊ တောက်လျှောက်ဝယ်နေရတယ်။ တရုတ်နိုင်ငံက ရောင်းပေးလို့ပဲ။ တရုတ်နိုင်ငံကသာ ကျွန်တော်တို့လိုသလောက် ရောင်းမပေးနိုင်ဘူးဆိုလို့ရှိရင် ကျွန်တော်တို့ ဒီအခြေအနေမျိုး ရောက်နိုင်စရာအကြောင်းမရှိဘူး။ ဒီနေရာမှာ အခွင့်ကြုံတဲ့အချိန်မှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကို ဒီလိုကာကွယ်ဆေးတွေရရှိအောင် အချိန်နဲ့တစ်ပြေးညီ မျှဝေဆောင်ရွက်ပေးတဲ့အတွက်လည်း မြန်မာနိုင်ငံရဲ့ကိုယ်စား ကျေးဇူးတင်ကြောင်းလည်း ကျွန်တော် ပြောလိုပါတယ်။ ဘာပဲပြောပြော ဖြစ်ပွားမှုနှုန်းကျသွားတဲ့အတွက် မြန်မာနိုင်ငံမှာ ရောဂါကြောင့်၊ စောစောကပြောတဲ့ ဇူလိုင်လမှာတော့ သေဆုံးမှုနှုန်းမြင့်ခဲ့တာကိုး။ အဲဒီကနေပြီးတော့ တောက်လျှောက်ကျလာတာ မနေ့ကဆို ဆယ်ဂဏန်းလေးပဲရှိတော့တယ်။ ဆယ်ဂဏန်းကျော်ကျော်လေးပဲ ရှိတယ်။ တော်တော်လေးဝမ်းသာဖို့ ကောင်းပါတယ်။ သူများတိုင်းပြည်တွေတချို့ဆို ပြန်ပြီးကူးစက်မှုများနေတဲ့အချိန်မှာ သေတဲ့နှုန်းလည်းများနေတဲ့အချိန်မှာ ကျွန်တော်တို့က ဖြစ်ပွားမှုနှုန်းရော သေတဲ့နှုန်းရော တော်တော်လေးကိုကျသွားတာ။ အဲ့ဒီတော့အင်မတန်ကို ကုသိုလ်ကံကောင်းတယ်လို့ပြောရလိမ့်မယ်။ အဲ့ဒီတော့တစ်ဖက်ကခုနကပြောတဲ့ ထိုးဆေးနဲ့ပတ်သက်ရင်လည်း ထိုးဆေးကကျွန်တော်တို့က ဒီရောဂါသည် ယှဉ်တွဲနေထိုင်ရမယ့် ရောဂါတစ်ခုလိုဖြစ်နေတယ်။ လုံးဝပျောက်ကင်းမယ်လို့ ဘယ်နိုင်ငံကမှမပြောဘူး။ ကမ္ဘာ့ကျန်းမာရေးကလည်း မပြောဘူး။ ဘယ်နိုင်ငံကမှလည်း အဆိုမပြုဘူး၊ သုံးသပ်ချက် မထုတ်ဘူး။ ကျွန်တော်တို့ဒီရောဂါသည် ယှဉ်တွဲသွားရမည့် ရောဂါတစ်ခုလို့ ပြောထားတဲ့အတွက်ကြောင့် ကျွန်တော်တို့က ကာကွယ်ဆေးကတော့ အနည်း ဆုံး ၆ လတစ်ကြိမ်တော့ထိုးနေရမယ့် အနေအထားရှိပါတယ်။ နောက် အသက်ပြည့်တဲ့ အရွယ်ရောက်တဲ့ ကလေးတွေ။ မထိုးရသေးတဲ့ အဖွဲ့တွေလည်း ကျန်နေသေးတယ်။ အခုတော့ ကမ္ဘာ့ကျန်းမာရေးက အမေရိကန် FDA ကတော့ ၃ နှစ်အထက် ကလေးတွေထိုးခွင့်ရှိတယ်ဆိုပြီး မနေ့က တော့ အကြံပြုချက်တွေပေးတာတွေ့ပါတယ်။ ကျွန်တော်တို့ အဲ့ဒီအဆင့်ထိသွားမယ်ဆိုလို့ရှိရင် နောက်ထပ်ဆေးတွေအများကြီး လိုလာဦးမှာဖြစ်ပါတယ်။ လာမယ့်နှစ်တွေမှာလည်း ၆ လပြည့်တိုင်း ပြန်ထိုးရမယ့်ဆေးတွေကလည်း သန်းနဲ့ချီပြီးလိုမှာဖြစ်တယ်။ ဒါကြောင့် ထိုးဆေးကမဖြစ်မနေ ပြည်တွင်းမှာထုတ်ဖို့လိုအပ်ပါတယ်။ အနည်းဆုံး တစ်လကို လေးငါးသန်းတော့ ထုတ်နိုင်ဖို့လိုပါတယ်။ ဒါကတော့ သေချာပြန်တွက်ရမှာပေါ့” ဟု ပြောကြားသည်။

ယင်းနောက် ကာကွယ်ဆေးထုတ်လုပ်ရန်အတွက် ကုန်ကျစရိတ်များရှိသကဲ့သို့ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေသည့် ဆေးရုံများတွင်လည်း ကုန်ကျစရိတ်များရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါတစ်ခုတည်းအပေါ်တွင် သုံးစွဲရသည့် နိုင်ငံတော်ဘဏ္ဍာငွေများမှာ ဘီလီယံနှင့်ချီ၍ကုန်ကျကြောင်း၊ နိုင်ငံတော်ဘဏ္ဍာငွေများ ကုန်ကျမှုအား လျှော့ချနိုင်ရန်အတွက် ကျန်းမာအောင် နေထိုင်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်အစိုးရအနေဖြင့်လည်း နိုင်ငံတော်ဝင်ငွေရရှိရန်အတွက် ကုန်သွယ်မှုနှင့် ထုတ်လုပ်မှုများမြှင့်တင်၍ ဝင်ငွေရအောင် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအနေဖြင့်လည်း ကုန်ထုတ်လုပ်မှုများအား အားတက်သရော အားပေးကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသအလိုက်တစ်ဦးချင်းအလိုက် စီးပွားရေးကောင်းမွန်ရေးအတွက် ဂရုတစိုက်ဖြင့် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဒေသစီးပွားတိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းတိုင်ပင်၍ စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြသူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင်

ကိုဗစ် – ၁၉ ရောဂါ လက်ရှိဖြစ်ပွားမှုနှင့် လျော့ကျလာသည့် အခြေအနေ၊ ရောဂါကူးစက်မှု ကွင်းဆက်ဖြတ်တောက်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ဓာတ်ခွဲလူနာများအား တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့မှုနှင့် ကုသဆောင်ရွက်ပေးနိုင်ခဲ့မှုအခြေအနေ၊ ရောဂါကူးစက်မှုအား တင်းကြပ်စွာထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်နေသေးသည့် အခြေအနေ၊ ရောဂါကူးစက်မှု လျော့ကျလာသည့် မြို့နယ်များကို နေအိမ်တွင်နေထိုင်ရေး (Stay at home) စာရင်းနှင့် သတ်မှတ်စည်းကမ်းချက်များမှ ဖြေလျော့ပေးခဲ့သည့် အခြေအနေ၊ ပွဲလမ်းသဘင်များကို ပြန်လည်ကျင်းပပြုလုပ်နိုင်ရေး၊ ပြည်ပသို့ ထွက်ခွာမှု၊ ပြည်ပမှ ပြန်လည်ဝင်ရောက်မှုများကို ခွင့်ပြုပေးနိုင်ရေး၊ ပြည်ပလေကြောင်းခရီးစဉ်များ ပြည်တွင်းဝင်ရောက်မှု လွယ်ကူလျှင်မြန်စေရေး၊ Hotel များ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ပြည်တွင်းခရီးစဉ်များ ပြန်လည်အသက်ဝင်စေရေး ဖြေလျော့ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေ၊ ရုံး၊ ဌာနများအလိုက် အင်အားအပြည့်ဖြင့် လုပ်ငန်းတာဝန်များကို ပြန်လည်ထမ်းဆောင်နိုင်ရေး၊ အားကစားလေ့ ကျင့်မှုများကို SOP များဖြင့် သတ်မှတ်ဆောင်ရွက်သွားမည့် အခြေအနေ၊ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံပေးနေမှု၊ ဆက်လက်ထိုးနှံပေးမည့် အခြေအနေနှင့် ထိုးနှံပြီးစီးသည့်အခြေ အနေ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိသည့် အခြေအနေ၊ နယ်စပ်ဝင်ပေါက်အသီးသီးရှိမြို့များတွင် RT–PCR စက်များ တပ်ဆင်ထားရှိမှုနှင့် တိုးချဲ့တပ်ဆင်သွားမည့်အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါ စတုတ္ထလှိုင်းအတွက်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ထားရှိမှုအခြေအနေ၊ တိုင်းရင်းဆေးမှတစ်ဆင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ကုသဆေးထုတ်လုပ်နိုင်ရေး သုတေသနပြု စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် အခြေ အနေ။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းအသီးသီးမှတင်သွင်းဖြန့်ဖြူးလျက်ရှိသည့် အခြေအနေ၊ ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးမှုများကို သတင်းစာများ၊ နိုင်ငံပိုင်ရုပ်မြင်သံကြား၊ ရေဒီယိုတို့အပြင် ပုဂ္ဂလိကရုပ်သံလိုင်းများမှ အသိပညာပေးလျက်ရှိသည့် အခြေအနေ၊ ပြည်သူများ စိတ်အပန်းပြေစေရေးအတွက် အစီအစဉ်များကို တိုးချဲ့ထုတ်လွှင့်ပြသပေးလျက်ရှိသည့် အခြေအနေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတအစရှိသည့် အနုပညာ လုပ်ငန်းများ၊ ဖျော်ဖြေရေးလုပ်ငန်းများကို သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်နိုင်မည့် အခြေအနေ။

မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအလိုက် ရောဂါပိုးကူးစက်ပျံ့ပွားမှု အခြေအနေ၊ ပြည်ပရောက် မြန်မာနိုင်ငံသားများအနေဖြင့် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ဂိတ်အသီးသီးတို့မှ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်မှု၊ ဓာတ်ခွဲစစ်ဆေးမှု၊ ရောဂါပိုးတွေ့ရှိမှုနှင့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ မြို့နယ်အလိုက် Spot Check များသတ်မှတ်၍ များများစစ်၊ မြန်မြန်တွေ့၊ မြန်မြန်ကုဟူသည့်မူဖြင့် စစ်ဆေးဆောင်ရွက်ခဲ့မှု အခြေအနေ၊ ဦးတည်အုပ်စုများအလိုက် ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည့် အခြေအနေနှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကာကွယ်ဆေးများ ဝယ်ယူရရှိမှု၊ ပေးပို့လှူဒါန်းသည့် ဆေးဝါးများရရှိမှု၊ ထပ်မံရရှိရေး ချိတ်ဆက်ဆောင်ရွက်ထားရှိမှု အခြေအနေ၊ အာဆီယံမှပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများရောက်ရှိမှု၊ ဖြန့်ခွဲပေးပို့ထားမှုနှင့် ထပ်မံရောက်ရှိလာမည့် အခြေအနေ၊ တရုတ်နိုင်ငံနှင့် ရုရှားနိုင်ငံတို့မှ ကာကွယ်ဆေးများအား မြန်မာ နိုင်ငံတွင် Ready to Fill ထုတ်လုပ်နိုင်ရေးဆောင်ရွက်နေမှု အခြေအနေ။

Relief Flight များဖြင့် ခရီးသည်နှင့် ဆေးဝါးများ၊ ဆေးပစ္စည်းများသယ်ယူပို့ဆောင်ခဲ့မှုအခြေအနေ၊ ခရီးသည်နှင့် ကုန်ပစ္စည်းတင်လေကြောင်းခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ ကုန်းလမ်းပို့ဆောင်ရေး ခရီးစဉ်များကို ပြန်လည်ပြေးဆွဲ ဆောင်ရွက်နေမှုအခြေအနေနှင့် တိုးမြှင့်ပြေးဆွဲနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အောက်ဆီဂျင်စက်ရုံများ ဖွင့်လှစ်ထားရှိမှု၊ ထုတ်လုပ်မှုနှင့် လုံလောက်စွာထုတ်လုပ်နိုင်မှုအခြေအနေ၊ အရံအနေဖြင့် Liquid Oxygen များ သိုလှောင်ထားရှိမှု၊ အောက်ဆီဂျင်စက်ရုံအသစ်များ ထပ်မံတည်ဆောက်နေမှုအခြေအနေ၊ ရောဂါကာကွယ်ရေး အထောက်အကူပြု Mask များ၊ Faceshield များ၊ လက်အိတ်နှင့် ဆေးထိုးအပ်များ ထုတ်လုပ်ဖြန့်ချိပေးနေမှု အခြေအနေ။

ရောဂါဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီးဖြစ်သကဲ့သို့ ပွင့်လင်းရာသီသို့လည်း ရောက်ရှိလာပြီဖြစ်သဖြင့် အလှူမင်္ဂလာအခမ်းအနားများ၊ မင်္ဂလာဆောင်များ၊ ဘာသာရေးအခမ်းအနားများစသည့် လူစုလူဝေး ပြုလုပ်ရသည့် အခမ်းအနားများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးရန်လို၊ အားကစားဆောင်ရွက်မှုများကိုလည်း ကျန်းမာရေးရှုထောင့်မှ ရှုမြင်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးရမည်ဖြစ်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အသက် (၁၂)နှစ်အထက် ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ဆက်လက်ထိုးနှံဆောင်ရွက်နေမှု၊ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်များ၊ သက်မွေးတက္ကသိုလ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်မှ တက္ကသိုလ်များအပါအဝင် တက္ကသိုလ်အသီးသီးရှိ ကျောင်းသား၊ ကျောင်းသူများအား ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုရှိနေဆဲဖြစ်သည့် မြို့နယ်များအလိုက် Spot Check သတ်မှတ်၍ စစ်ဆေးခြင်း၊ ကုသခြင်းများကို ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေနှင့် ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ရှိအချိန်တွင် ရောဂါဖြစ်ပွားမှုနှုန်း လျော့ကျလာလျက်ရှိပြီး နယ်စပ်ဒေသများတွင် ဖြစ်ပွားမှုနှုန်း ယခုထက် ပိုမို လျော့ကျလာအောင် လုပ်ဆောင်နိုင်မည်ဆိုပါက ကုန်စည်စီးဆင်းမှုလျှင်မြန်ပြီး စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့နိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများတွင် ကူးစက်မှုများကို ထိန်းချုပ်နိုင်ရေးအတွက် ကာကွယ်ဆေးများအား အမြန်ဆုံးပို့ဆောင်၍ ဆေးထိုးနှံပေးသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် စိတ်ရောကိုယ်ပါ အပြည့်အဝ လုပ်ကိုင်နိုင်ရေးအတွက် ၎င်းတို့၏ လိုအပ်ချက်များကို စဉ်းစားဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ဆေးများပို့ဆောင်ခြင်း၊ ထိန်းသိမ်းခြင်းတို့တွင် အားနည်း ချက်များကြောင့် ပျက်စီးချို့ယွင်းမှုများ မဖြစ်ပေါ်စေရေးအတွက်လည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ရောဂါဖြစ်ပွားမှုနှုန်းကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ပြီးဖြစ်သကဲ့သို့ ပွင့်လင်းရာသီသို့လည်း ရောက်ရှိလာပြီဖြစ်သဖြင့် အလှူမင်္ဂလာအခမ်းအနားများ၊ မင်္ဂလာဆောင်များ၊ ဘာသာရေးအခမ်းအနားများစသည့် လူစုလူဝေး ပြုလုပ်ရသည့် အခမ်းအနားများကို သတ်မှတ်စည်းကမ်းများနှင့်အညီ ခွင့်ပြုပေးရန်လို ကြောင်း၊ အားကစားဆောင်ရွက်မှုများကိုလည်း ကျန်းမာရေးရှုထောင့်မှ ရှုမြင်၍ သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရေး ခွင့်ပြုပေးရမည်ဖြစ်ကြောင်း၊ စတုတ္ထလှိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရာတွင် ဆေးရုံများ၊ စင်တာများသာမက ဆေးရုံများတွင် လိုအပ်မည့် ကျန်းမာရေးဝန်ထမ်း၊ အောက်ဆီဂျင်၊ ဆေးရုံသုံးပစ္စည်းများကိုလည်း ပြည့်စုံမှုရှိအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ လေကြောင်းလိုင်းများ တိုးမြှင့်ပြေးဆွဲနိုင်ရေး ခွင့်ပြုဆောင်ရွက်ပေးရာတွင် ပြည်တွင်း လေကြောင်းလိုင်းများကို SOP နှင့်အညီ ဦးစွာခွင့်ပြုသွားရန် လိုအပ်ပြီး ပြည်ပလေကြောင်းလိုင်းများအား သက်ဆိုင်ရာနိုင်ငံများ၏ ကူးစက်ဖြစ်ပွားမှုနှုန်းအလိုက် သတ်မှတ်ချက်များနှင့်အညီခွင့်ပြုနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းရင်းဆေးများမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး လုပ်ဆောင်မှုများကိုလည်း စဉ်ဆက်မပြတ်အားပေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရောဂါဖြစ်ပွားမှုနှုန်းလျော့ကျလာသည့်အတွက် အနုပညာဆိုင်ရာ လုပ်ငန်းများကို ခွင့်ပြုပေးရာတွင် သတ်မှတ်စည်းကမ်းအတိုင်းသာ လုပ်ဆောင်စေရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

Relif Flight များပြေးဆွဲ၍ နေရပ်ပြန်များ၊ ဆေးနှင့် ဆေးပစ္စည်းများကို သယ်ယူပို့ဆောင်ပေးနိုင်ခဲ့ပြီး တိုး

မြှင့်ပြေးဆွဲသွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးဝယ်ယူရရှိမှုအား မိမိတို့ရည်မှန်းထားသည့် ၂၀၂၁ နှစ်ကုန်ပိုင်းတွင် နိုင်ငံ့လူဦးရေ ၏ ၅၀ ရာခိုင်နှုန်းအား ပြည့်ဝစွာထိုးနှံပေးနိုင်ရေးအတွက် ထပ်မံချိတ်ဆက်ဝယ်ယူသွားရန်လိုအပ်မည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှုန်းလျော့ကျလာသည်ဆိုသော်လည်း အချက်အလက် Figure များ မှန်ရန်လိုအပ်ပြီး မှန်မှသာလျှင် Analysis လုပ်ဆောင်မှုများကို မှန်ကန်စွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့် အချိန်မှစ၍ ယနေ့အချိန်အထိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအခြေအနေ၊ စစ်ဆေးသည့် အရေအတွက်၊ ရောဂါတွေ့ရှိသည့် ဦးရေ၊ သေဆုံးမှုများကို အမှန်အတိုင်း သတင်းထုတ်ပြန်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ Second Wave နှင့် Third Wave ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာပြီဖြစ်သော်လည်း ဆက်လက်စောင့်ကြည့်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခြေခံစည်းကမ်းများမှအစ လိုက်နာရန်လိုအပ်မည်ဖြစ်ပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရောဂါကူးစက်ဖြစ်ပွားမှုနှင့် ပတ်သက်၍ ထူးခြားမှုများရှိပါက သတင်းပို့ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရပ်ကွက်ကျေးရွာများအတွင်း အလွယ်တကူဝယ်ယူရရှိနိုင်သည့် စပ်ဆေးများအသုံးပြုခြင်းများကို ကြပ်မတ်ဆောင်ရွက်ကြစေလိုပြီး ကျန်းမာရေး ခွင့်ပြုချက်လိုင်စင်ရှိသည့် ဆေးဆိုင်၊ ဆေးခန်းများမှ ညွှန်ကြားသည့် ဆေးများကိုသာ သုံးစွဲစေရန်လိုကြောင်းနှင့် စပ်ဆေးများ၏ ဘေးထွက်ဆိုးကျိုးများကို သိရှိနားလည်နိုင်ရေး ကျန်းမာရေးအသိပညာပေးမှုများကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ မြို့နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာများမှအစ ရောဂါကူးစက်ဖြစ်ပေါ်မှုနှင့် ပတ်သက်၍ မျက်ခြည်မပြတ်စောင့်ကြည့်၍ လိုအပ်သည်များ ကြပ်မတ်ဆောင်ရွက်ကြရန်လိုအပ်မည်ဖြစ်ကြောင်း။

ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ EAO နယ်မြေများ၊ နယ်စပ်ဒေသများ၊ တိုင်းရင်းသားဒေသများအထိ အကွက်စေ့စွာ ထိုးနှံပေးနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါအပြင် အခြားရောဂါများနှင့် ပတ်သက်သည့် ကျန်းမာရေးအသိပညာပေးခြင်းများကို ထိထိရောက်ရောက် ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) သို့ သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၂၉ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ကောင်စီတွဲဖက်အတွင်းရေးမှူး၊ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် တာဝန်ရှိသူများလိုက်ပါ၍ အောက်တိုဘာလ ၂၉ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်တို့က လေးထောင့်ကန် စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ပြီးစီးမှုနှင့် ထပ်မံတည်ဆောက်မည့် အခြေအနေ၊ စစ်မှုထမ်းဟောင်းများအား နေရာချထားပေးမှုအခြေအနေနှင့် ဆက်လက်နေရာချထားပေးမည့် အခြေအနေ၊ အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေ၊ စစ်မှုထမ်းဟောင်းအိမ်ရာသန့်ရှင်းသာယာလှပရေးအတွက် အမှိုက်စွန့်ပစ်စနစ်၊ မိလ္လာစနစ်၊ မီးသတ်စခန်းနှင့် အုပ်ချုပ်မှုရုံးများ၊ စနစ်တကျ ထည့်သွင်းတည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကုတင် (၁၀၀) ဆံ့ဆေးရုံနှင့် ကလေးငယ်များ ပညာသင်ကြားရေးအတွက် မူကြို ကျောင်းနှင့် မူလတန်းလွန်ကျောင်းတည်ဆောက်ရန် လျာထားမှုအခြေအနေများကို ရှင်းလင်း တင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ယခုမြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) အား စစ်မှုထမ်းဟောင်းမြို့အဖြစ် တည်ဆောက်နေခြင်းဖြစ်ပြီး ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုသည့် စံပြအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပြအင်္ဂါရုပ်များနှင့် ပြည့်စုံစေရန်အတွက် ရေနှင့်လျှပ်စစ်မီးများ ဖူလုံစွာရရှိရန်လိုအပ်သကဲ့သို့ အများနှင့်သက်ဆိုင်သည့် နေရာဌာနများလည်း ပြည့်စုံစွာရှိနေရန် လိုအပ်ကြောင်း၊ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် စဉ်းစားဆောင်ရွက်ရာတွင် နောင်အနာဂတ်အတွက် မျှော်မှန်း၍ ပြည့်ဖြိုးမြဲ စွမ်းအင်ဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကိုလည်း ထည့်သွင်းစဉ်းစားသွားရန်လိုကြောင်း ယခုမြန်မာ့သားကောင်း စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်) တည်ဆောက် ပြီးစီးချိန်တွင် မြို့တစ်မြို့ကဲ့သို့ လူဦးရေရှိမည်ဖြစ်သဖြင့် ကလေးအရွယ်မှ လူကြီးပိုင်းအရွယ်အထိ အားလုံးနှင့်သက်ဆိုင်သည့်ဝန်ဆောင်မှုများရှိနေရန်အတွက် ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အလုပ်အကိုင်ရရှိရေးအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်းများ၊မွေးမြူရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက် ပေးရန် လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ခေတ်မီသည့် နည်းပညာများ အသုံးပြု၍ မွေးမြူရေးကုန်ထုတ်လုပ်မှုများ ထုတ်လုပ်ပြီး ရန်ကုန်မြို့၏ စားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်သကဲ့သို့ရန်ကုန်မြို့၏ စံပြအဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်လိုကြောင်း၊ နေရာအနည်းငယ်အတွင်း ထုတ်ကုန်အရေအတွက် များစွာထုတ်လုပ်နိုင်အောင်ဆောင်ရွက်ရန်လိုကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း အပန်းဖြေအနားယူနိုင်ရန်အတွက် အပန်းဖြေနေရာများတွင် အရိပ်ရလေကာပင်များ စနစ်တကျ စိုက်ပျိုးရန်လိုကြောင်း၊ ယခုကဲ့သို့စစ်မှုထမ်းဟောင်းအိမ်ရာ တည်ဆောက်ရခြင်းမှာ စစ်မှုထမ်းဟောင်းများ၏ နေထိုင်စားသောက်ရေးအတွက် အဆင်ပြေချောမွေ့စေရန်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ အလားတူ စစ်မှုထမ်းဟောင်း

များ၏ သားသမီးများ အလုပ်အကိုင်အခွင့် အလမ်းရရှိရေးအတွက် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများဖော်ဆောင်ပေးမည်ဖြစ်သကဲ့သို့ နောင်တွင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နည်းပညာဆိုင်ရာကျောင်းများ တည်ဆောက်နိုင်ရေး မျှော်တွေးစဉ်းစားထားရန်လိုကြောင်း၊ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်ကြသူများနှင့် ဒေသခံပြည်သူများ၏သွားလာမှု အဆင်ပြေစေရေးအတွက်လည်း Public Transportation ဖြစ်သည့် မြို့ပတ်ရထားများပြေးဆွဲနိုင်ရေးအတွက်လည်း ထည့်သွင်းစဉ်းစားစီမံဆောင်ရွက်ထားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် အဖွဲ့ဝင်များက စစ်မှုထမ်းဟောင်းအိမ်ရာတည်ဆောက်မှုနှင့်ပတ်သက်၍ အကြံပြုဆွေးနွေး တင်ပြကြပြီး တင်ပြချက်များအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ လမ်းညွှန်ဆွေးနွေးမှာကြားသည်။

■■■■■

ရန်ကုန်မြို့ရှိ သမိုင်းဝင်တော်လှန်ရေးပန်းခြံ၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန်နယ်မြေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၂၉ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ အောက်တိုဘာလ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ဦးဝိစာရလမ်းနှင့် ဓမ္မစေတီလမ်းထောင့်ရှိသမိုင်းဝင် တော်လှန်ရေး ပန်းခြံသို့သွားရောက်၍ ပန်းခြံအတွင်း အများပြည်သူတို့ အပန်းဖြေအနားယူနိုင်ရေး၊ ကိုယ်လက်လှုပ်ရှားအားကစားပြုလုပ်နိုင်ရေး ပြင်ဆင်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုး၊ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့်တာဝန်ရှိသူတို့က လိုက်လံရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံနှင့် တပ်မတော်အတွက် သမိုင်းမှတ်တမ်းဝင် ပန်းခြံဖြစ်သဖြင့် အမြဲစိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ရန်၊ အများပြည်သူများ စိတ်လက်ချမ်းသာစွာအပန်းဖြေအနားယူနိုင်ရေးနှင့် ကိုယ်လက်လှုပ်ရှား အားကစားပြုလုပ်နိုင်ရေးတို့အတွက် လိုအပ်သည်များကို ပြင်ဆင်ဆောင်ရွက်ထားရှိရန်၊ သမိုင်းဝင် တော်လှန်ရေးပန်းခြံအပါအဝင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပိတ်ထားရသည့် အများပြည်သူ အပန်းဖြေနေရာများအား စည်းမျဉ်း စည်းကမ်းများနှင့်အညီ နိုဝင်ဘာ ၁ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များအား မှာကြားသည်။

အဆိုပါ သမိုင်းဝင်တော်လှန်ရေးပန်းခြံသည် မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် အရေးပါသည့် အထင်ကရနေရာ တစ်ခုဖြစ်ပြီး ပန်းခြံတွင် တပ်မတော်နေ့ အခမ်းအနားများကို ၂၀၀၅ ခုနှစ်၊ နှစ် (၆၀) ပြည့် တပ်မတော်နေ့အထိ နှစ်စဉ်နှစ်တိုင်း ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ပန်းခြံအား ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ယာယီပိတ်ထားရာမှ လက်ရှိအချိန်တွင် ကူးစက်ဖြစ်ပွားမှုနှုန်း လျော့ကျလာသည့်အတွက် ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည့်မွမ်းမံမှုများကို ဆောင်ရွက်လျက်ရှိရာ ပန်းခြံအတွင်း ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်တွင် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း သမိုင်းဝင်စစ်ထွက်မိန့်ခွန်းပြောကြားခဲ့သည့် စစ်ထွက်သပြေပင်နှင့် ဗိုလ်ချုပ်၏စီးတော်မြင်းချည်ခဲ့သော မြင်းချည်သပြေပင်တို့အပါအဝင် အလေးပြုခံစင်မြင့်နှင့် အလံတိုင်များ၊ ဗိုလ်ချုပ်ကြေးရုပ်နှင့် မီးရှူးတိုင်များ၊ ကျန်းမာရေးကိုယ်လက် လေ့ကျင့်ရေးကွင်းများ၊ ရေပန်းများ၊ ကလေးကစားကွင်းများ၊ မုခဦးများ၊ သစ်ပင်ပန်းမန်များ၊ ရုပ်တုများသန့်ရှင်းသာယာလှပမှုရှိစေရေးနှင့် ရေစီးရေလာကောင်း မွန်စေရေးတို့ကို ဆောင်ရွက်လျက်ရှိပြီး မီးအလှများလည်း ဆင်ယင်ထားရှိကြောင်းနှင့် နိုဝင်ဘာ ၁ ရက်နေ့မှစ၍ အများပြည်သူများ အပန်းဖြေနိုင်ရေး ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်နှင့် အားကစားဇုန်နယ်မြေသို့ရောက်ရှိကြရာ အားကစားနှင့်ကာယပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ညွှန်ကြားရေးမှူးဦးအောင်မိုးက အားကစားဇုန် သမိုင်းအကျဉ်းနှင့် အားကစားဇုန်နယ်မြေအတွင်း အားကစားကွင်းများ ဆောင်ရွက်

ထားရှိမှု အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားကွင်းများအား အဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံဆိပ်ကမ်းမြို့နယ်များအတွင်း အားကစားကွင်းများအဆင့်မီမီဖြစ်ပေါ်လာရေး ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးမှာကြားပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် အားကစားဇုန်နယ်မြေအတွင်းရှိ မသန်စွမ်းအားကစားရုံနှင့် အမျိုးသားရေကူးကန်တို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး မသန်စွမ်းအားကစားရုံ ပြန်လည်ဖွင့်လှစ်နိုင်မည့်အခြေအနေများနှင့် အမျိုးသားရေကူးကန်အား အများပြည်သူများ ရေကူးအားကစားဆောင်ရွက်နိုင်ရန်အတွက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးနိုင်ရန်နှင့် ရေကူးကန်အားအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

■■■■■

စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ ကဏ္ဍအသီးသီးမှ အနုပညာရှင်များနှင့် တွေ့ဆုံစဉ်ပြောကြားသည့်အမှာစကား

(၃၁ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက် မွန်းလွဲပိုင်းတွင် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် ဧည့်ခန်းမ ဆောင်တွင်တွေ့ဆုံပြီး စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတပိုင်း ဆိုင်ရာကဏ္ဍများမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နိုင်မည့်အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မြို့တော်ဝန်၊ မြန်မာနိုင်ငံသတင်းမီဒီယာ ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်တင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ယာယီဦးစီးကော်မတီ ဥက္ကဋ္ဌ အကယ်ဒမီ ဒါရိုက်တာစည်သူဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဗဟိုသဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးစိန်မြအောင်၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) ယာယီ အမှုဆောင်အဖွဲ့ နာယက ဦးမောင်မောင်လတ်တို့နှင့် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတရပ်ဝန်းမှ နိုင်ငံကျော်အနု ပညာရှင်၊ အတတ်ပညာရှင်များ တက်ရောက်ကြသည်။

သမိုင်းကြောင်းရှိသည့်အဖွဲ့အစည်းများဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင် အဖွဲ့အစည်းများသည် သမိုင်းကြောင်းရှိသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ မိမိတို့သည်အမွေဆက်ခံသည့်သူများဖြစ်ကြကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ တစ်လျှောက်တွင် စာပေနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များနှင့် အနုပညာနှင့်ပတ်သက်သည့် ပုဂ္ဂိုလ်များက လွတ်လပ်ရေးရရှိအောင်ဆောင်ရွက်ရာ၌ လှုံ့ဆော်မှုများတွင် နိုင်ငံရေးအရပါဝင် ဆောင်ရွက်ပေးခဲ့ကြကြောင်း၊ လွတ်လပ်ရေးရရှိပြီးချိန်နောက်ပိုင်း တိုင်းပြည်ငြိမ်းချမ်းရေးအတွက် လှုံ့ဆော်တိုက်တွန်းဆောင်ရွက်ပေးခဲ့မှုများရှိကြောင်း၊ မိမိတို့နိုင်ငံ၏ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက် ပြောင်းလဲခဲ့ချိန်တွင်လည်း စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အဖွဲ့အစည်းများအား လုံးသည် ကဏ္ဍအသီးသီးမှပါဝင်ခဲ့ကြကြောင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် နိုင်ငံရေးအရ ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ လွတ်လပ်ရေးရရှိပြီးချိန် နောက်ပိုင်းတွင်လည်း နိုင်ငံတိုးတက်ရေးအတွက် အစိုးရ၏မူဝါဒများအပေါ်မူတည်၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြကြောင်း၊ အနုပညာရှင်များအား လုံးသည် ပြည်သူများအားလုံး၏ Motivation စိတ်ခံစားမှုများကို တက်ကြွအောင် ဆောင်ရွက်ပေးပြီး ခေတ်ရေစီးကြောင်းတွင် ပါဝင်လာအောင် ဆောင်ရွက်ပေးရသည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်ပြည်သူလူထုကို ဖျော်ဖြေရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး စရိုက်လက္ခဏာများကိုထိန်းသိမ်း၍ နိုင်ငံ၏ရေစီးကြောင်းပေါ်တွင်ပါလာအောင် ဆောင်ရွက်ခဲ့ကြကြောင်း။

ဆောင်ရွက်ခဲ့ကြ

အနုပညာရှင်(ဝါဂီနစ်)များသည် နိုင်ငံ၏အကျိုးကို ဆောင်ရွက်ခဲ့ကြသူများဖြစ်ပြီး သမိုင်းမှတ်တမ်းများ အရလည်း နိုင်ငံ့အကျိုးကိုဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကာ ခေတ်၏လိုအပ်ချက်များအတိုင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ရုပ်ရှင်အစည်းအရုံးတွင် “ရုပ်ရှင်သည် ပြည်သူ့အတွက်”၊ ဂီတအစည်းအရုံးတွင် “ဂီတစွမ်းအား ပြည်ထွန်းကား”၊ စာနယ်ဇင်းကောင်စီတွင် “စာပေမြင့်မှ လူမျိုးတင့်မည်”၊ သဘင် အစည်းအရုံးတွင် “အမျိုးသားရေးအတွက် သဘင်၊ နိုင်ငံဆည်းလည်း သဘင်၊ ပြည်သူ့အသဲစွဲသဘင်” ဟူ၍ ဆောင်ပုဒ်များရှိပြီး အဆိုပါ

ဆောင်ပုဒ်များအရ အားလုံးမှာ တိုင်းပြည်အတွက်ဆောင်ရွက်သည့် ရည်ရွယ်ချက်များပင်ဖြစ်ကြောင်း၊ ယခုအခါ စာပေနှင့် ပတ်သက်၍ ပုံနှိပ်မီဒီယာများ၏ အခန်းကဏ္ဍာကျဆင်းလာပြီး အွန်လိုင်းမီဒီယာများ၏ အခန်းကဏ္ဍာများ စိုးမိုးလာသည်ကိုတွေ့ရကြောင်း၊ အလားတူ ယဉ်ကျေးမှုနှင့်ပတ်သက်၍ ရုပ်ရှင်ကြီးများ၏ အခန်းကဏ္ဍာကျဆင်းလာသကဲ့သို့ ဂီတနှင့်ပတ်သက်၍လည်း အနောက်နိုင်ငံများ၏ ဂီတများလွှမ်းခြုံလာသည်ကို သတိပြုမိကြောင်း၊ စာဖတ်မှုများ အားနည်းလာပြီး စာကောင်းပေမွန်များမှ ရရှိသည့် ကောင်းမွန်သည့် အသိများနည်းလာခြင်းကြောင့် လူများ၏ တုံ့ပြန်မှုမှာလည်း ပြောင်းလဲလာကြောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတစ်ခု ဖြစ်စေရန်အတွက်ပညာရေးစနစ်ကောင်းမွန်ရန်လိုကြောင်း၊ ပညာတတ်မှသာ အသိပညာအတတ်ပညာများရရှိမည်ဖြစ်သဖြင့် အနုပညာရှင်များအနေဖြင့် မိမိတို့နိုင်ငံတိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ပညာရေးနှင့် ပတ်သက်၍ ဝိုင်းဝန်းနှိုးဆော်တိုက်တွန်းပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံကို ချစ်သည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ပညာရေးကို အားပေးဆောင်ရွက်ကြရန်လိုကြောင်း။

အကြပ်အတည်းများဖြစ်ပေါ်ခဲ့

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားချိန်တွင် မိမိတို့နိုင်ငံ၏ အဓိကအခက်အခဲမှာ ပစ္စည်းများစုံလင်မှုမရှိခြင်းနှင့် ဆေးဝါးပစ္စည်းများ စုံလင်မှုမရှိခြင်း၊ လူသားအရင်းအမြစ်နည်းပါးခြင်းတို့ကြောင့် အကျပ်အတည်းများ ဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံသည့် လှူတန်းလိုစိတ်ရှိသူများ ပေါများခြင်းတို့ကြောင့် အခက်အခဲဖြစ်ပေါ်ချိန်တွင် အားလုံး ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသကဲ့သို့ မိတ်ဆွေနိုင်ငံများမှလည်း ကူညီခဲ့ကြမှုများရှိခဲ့ ကြောင်း၊ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ ကျဆင်းသွားပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိသည့် ဒေသများတွင်လည်း ကူးစက်မှုနှုန်းကျဆင်းရေး အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကိုဗစ်ကြောင့် တုံ့ဆိုင်းခဲ့ရသည့် နိုင်ငံ့ယန္တရားများ ပြန်လည်လည်ပတ်နိုင်ရေးအတွက်လည်း အနုပညာရှင်များအနေဖြင့် ဝိုင်းဝန်းကူညီပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့အနေဖြင့် တပ်မတော်မှ ပေးအပ်ထားသည့် ကတိအတိုင်း ရှေ့လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ရှေ့လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ပြီးချိန်တွင် မိမိတို့နိုင်ငံ၏ လမ်းကြောင်းအား ပြန်လည်တည့်မတ်အောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းသည် ပြည်သူများက ရွေးချယ်ဆောင်ရွက်ထားသည့် နိုင်ငံရေးလမ်းကြောင်းဖြစ်သဖြင့် စည်းကမ်းရှိသည့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် State Building၊ Nation Building များတည်ဆောက်ရာတွင် အနုပညာရှင်များ၏ အခန်းကဏ္ဍာမှာအရေးကြီးကြောင်း၊ စာပေမှတိုက်တွန်းချက်များလုပ်ဆောင်ချက်များ များစွာဆောင်ရွက်၍ရကြောင်း၊ စာဖတ်ခြင်းမှသိရှိရသည့် အသိပညာများမှ ဖြန့်ဝေခံစားဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ အလားတူ ဂီတကဏ္ဍာသည်လည်း လူတစ်ဦး ကလေးငယ်မှစ၍ သားချော့တေးမှစတင်ပြီး ကလေးငယ်၏စိတ်ကို ဂီတဖြင့်ပြုပြင်သွားခြင်းပင်ဖြစ်ကြောင်း၊ ဂီတသည်လူများ၏ Mind Set ကိုပြုပြင်ပေးနိုင်သကဲ့သို့ နိုင်ငံကို ဖျက်ဆီးနိုင်မှုများလည်းရှိကြောင်း၊ ရုပ်ရှင်ကဏ္ဍာသည်လည်း လူများ၏စိတ်ကို ပြောင်းလဲနိုင်ကြောင်း၊ သဘင်ကဏ္ဍာသည် ယဉ်ကျေးမှုနှင့်ပတ်သက်၍ ထိန်းသိမ်းပေးသည့်ပညာရပ်ဖြစ်သဖြင့် အရေးကြီးကြောင်း၊ ထို့ကြောင့် အနုပညာအဖွဲ့အစည်းများသည် နိုင်ငံအတွက် အရေးပါသည့် အဖွဲ့အစည်းများပင်ဖြစ်ကြောင်း။

နိုင်ငံကောင်းစေရန်ဆောင်ရွက်

ဖြစ်ပေါ်ခဲ့သည့် အခြေအနေများတွင် အချို့အနေဖြင့် စိတ်ခံစားမှုနှင့် လှုံ့ဆော်မှုများကြောင့် မှားယွင်းမှုများရှိခဲ့သော်လည်း မိမိအနေဖြင့်ခွင့်လွှတ်ပေးပြီး အရေးယူထားသူများအား ပြန်လွှတ်ပေးခဲ့ကြောင်း၊ အနုပညာနှင့်ပတ်သက်၍ ဆောင်ရွက်နေချိန်တွင် မိမိကိုယ်တိုင်ကောင်းရန်နှင့် ပတ်ဝန်းကျင်ကောင်းရန်အတွက် ရည်ရွယ်ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံကောင်းစေရန်အတွက် အနုပညာရှင်များအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ပြည်သူလူထုအတွက် အကျိုးရှိစေနိုင်သည့် လုပ်ငန်းရပ်များဖြစ်ရန်လိုပြီး နိုင်ငံအား ထိခိုက်မှုဖြစ်စေနိုင်သည့် လှုံ့ဆော်မှုမျိုးမဖြစ်ရန်လိုကြောင်း၊ မိမိတို့သက်ဆိုင်ရာ

ကဏ္ဍအလိုက် စည်းမျဉ်းစဉ်းကမ်းများကို လိုက်နာကြရန်လိုကြောင်း။

အရေးအကြီးဆုံးလိုအပ်ချက်

ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံ၏ယန္တရားများ ရပ်တန့်ခဲ့ရပြီး ပြန်လည်ဆောင်ရွက်ချိန်တွင် အနုပညာအဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ်ဖြင့် ပါဝင်ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံအတွင်းရှိ အဖွဲ့အစည်းများအားလုံး ညီညီညွတ်ညွတ်ရှိပါက အားလုံးကိုရင်ဆိုင်ဖြတ်ကျော်နိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်မှစတင်၍ ကျဆင်းခဲ့သည့် နိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန်အတွက် မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည်စိုက်ပျိုးမွေးမြူရေးနိုင်ငံတစ်ခုဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များအား ပြည်ပသို့တင်ပို့ရောင်းချနိုင်ကြောင်း၊ ပညာရေးမြှင့်မှုများနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မိရိုးဖလာမှဖောက်ထွက်၍ ဆောင်ရွက်နိုင်မည်ဆိုပါက အခြေခံကောင်းများရှိသည့် မိမိတို့နိုင်ငံသည် လေးငါးနှစ်အတွင်း အာဆီယံနိုင်ငံများထဲ၌ အလယ်အလတ်အဆင့်သို့ ရောက်ရှိနိုင်သကဲ့သို့ ၁၀ နှစ်ခန့်အတွင်း ထိပ်တန်းနိုင်ငံအဆင့်သို့ ရောက်ရှိနိုင်ကြောင်း၊ ထိုကဲ့သို့ဆောင်ရွက်နိုင်ရန်အတွက် အရေးကြီးဆုံးလိုအပ်ချက်မှာ ပြည်တွင်းရှိအဖွဲ့အစည်းအားလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ နိုင်ငံတကာနှင့်ဆက်ဆံရေးတွင်လည်း လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက မိမိတို့နိုင်ငံတိုးတက်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ နိုင်ငံအတွင်းရှိ လုပ်ငန်းများအားလုံးပြန်လည် လည်ပတ်နိုင်ရေးခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ စည်းကမ်းချက်များကိုလည်း လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ပြည်သူများစည်းကမ်းလိုက်နာစေရေး၊ နိုင်ငံနှင့်ပြည်သူအတွက် အကျိုးရှိမည့်လုပ်ငန်းရပ်များတွင် ကျရာအခန်းကဏ္ဍမှပါဝင်ဆောင်ရွက်ကြစေလိုကြောင်း၊ အလားတူ မိမိတို့နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရေး ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ်က စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရပ်ဝန်းအသီးသီးအတွက် ရန်ပုံငွေကျပ်သိန်း ၄၀၀၀၊ ဆန်အိတ် ၁၀၀၊ ဆီပိသာ ၅၀၀နှင့် ပဲပိသာ ၃၀၀ တို့အားပေးအပ်ရာ စာပေနှင့်စာနယ်ဇင်းကဏ္ဍမှ အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံစာရေးဆရာအသင်း အတွင်းရေးမှူး ဦးညွန့်တင်၊ တွဲဘက်အတွင်းရေးမှူး ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး) တို့ကလည်းကောင်း၊ မြန်မာနိုင်ငံရုပ်ရှင်ကဏ္ဍမှ အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေး၊ အတွင်းရေးမှူး ဦးဇော်မြင့်ဦး တို့ကလည်းကောင်း၊ မြန်မာနိုင်ငံသဘင်ပညာရှင်များကိုယ်စား မြန်မာနိုင်ငံသဘင်အစည်းအရုံး အမှုဆောင် ဦးဌေးလွင်နှင့်တာဝန်ရှိသူတစ်ဦးတို့ကလည်းကောင်း၊ မြန်မာနိုင်ငံဂီတ ပညာရှင်များကိုယ်စားမြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)မှ ယာယီအမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူတစ်ဦးတို့ကလည်းကောင်း လက်ခံရယူသည်။

အခက်အခဲများ များစွာဖြစ်ပေါ်ခဲ့ရ

ယင်းနောက် စာပေ၊ ရုပ်ရှင်၊ သဘင်၊ ဂီတကဏ္ဍအသီးသီးမှ အနုပညာရှင်များကိုယ်စား မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနာယကနှင့် ယာယီဦးစီးကော်မတီဥက္ကဋ္ဌ အကယ်ဒမီဒါရိုက်တာ စည်သူဦးကြည်စိုးထွန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယခုကဲ့သို့အနုပညာရပ်ဝန်းအသီးသီးမှ အနုပညာရှင်များအားတွေ့ဆုံ၍ စားသောက်ဖွယ်ရာများနှင့် ရန်ပုံငွေများပေးအပ်သည့်အတွက် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့အနုပညာရပ်ဝန်းအသီးသီးတွင် အခက်အခဲများ များစွာဖြစ်ပေါ်ခဲ့ရကြောင်း၊ မိမိတို့အနုပညာရှင်များအနေဖြင့် မိမိတို့တတ်မြောက်ထားသည့် အနုပညာရပ်များဖြင့် တိုင်းပြည်အတွက် ကောင်းရာကောင်းကျိုးများကို တတ်စွမ်းသရွေ့ ဆက်လက်သယ်ပိုးထမ်းရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

■■■■■

မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

(၃၁ - ၁၀ - ၂၀၂၁)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် အောက်တိုဘာလ ၃၁ ရက် နံနက်ပိုင်းတွင် ကောင်စီအဖွဲ့ဝင်များ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေနှင့် တာဝန်ရှိသူများလိုက်ပါ၍ မရမ်းကုန်းမြို့နယ်ရှိ တပ်မတော်အကြီးစားစက်ရုံ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းနှင့် ဗိုလ်ချုပ်ကိုကိုလွင်တို့က စက်ရုံသမိုင်းအကျဉ်း၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ မော်တော်ယာဉ်များနှင့် ဆက်စပ်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် သုတေသနလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများ၊ စက်ရုံအဆင့်မြှင့်တင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဆီသယ်ယာဉ်၊ ရေသယ်ယာဉ်၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မီးသတ်ယာဉ်များသည် တပ်မတော်အတွက်သာမကမိမိတို့နိုင်ငံတွင် လိုအပ်လျက်ရှိသည့် မြို့ပြစည်ပင် သာယာရေးဆိုင်ရာလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများတွင်လည်း အသုံးပြုနိုင်သည်ဖြစ်သည့်အတွက် အရည်အသွေးပြည့်မီစွာဖြင့် အရေအတွက်များများ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင် ရွက်သွားရန်လိုကြောင်း၊ အဆိုပါ မော်တော်ယာဉ်များအား တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ ပို့ဆောင်ဖြန့်ဖြူးပေးသွားရန်လိုကြောင်း၊ မော်တော်ယာဉ်များ ထုတ်လုပ်ရာတွင် ယခုထက်ပိုမို ကောင်းမွန်ပြီး နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီသည့် နည်းပညာမြင့်ကားများ ထုတ်လုပ်နိုင်ရေးအတွက်လည်း ဆက်လက်သုတေသနပြု ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ချီးမြှင့်ငွေများပေးအပ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံအတွင်း မော်တော်ယာဉ်နှင့် ဆက်စပ်ပစ္စည်းများအား ခေတ်မီစက်ကိရိယာများနှင့်နည်းပညာများအသုံးပြု၍ ထုတ်လုပ်လျက်ရှိသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ်ထားရှိသည့် မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ ဆေးဖျန်းယာဉ် နှင့်ဆီသယ်ယာဉ်များအား ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါတပ်မတော်အကြီးစားစက်ရုံမှ ဂါလံ ၂၀၀၀ နှင့် ၂၂၀၀ ဆံ့ မီးသတ်ယာဉ်၊ ရေသယ်ယာဉ်နှင့် ဆီသယ်ယာဉ်များ၊ အမှိုက်သိမ်းယာဉ်၊ ဆေးဖျန်းယာဉ်နှင့် မော်တော်ယာဉ် ဆက်စပ်ပစ္စည်းများဖြစ်သည့် Jeep Frame နှင့် Bolts & Nuts များအား ထုတ်လုပ်လျက်ရှိသည်။

■■■■■

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ပေးပို့ခဲ့သည့် သဝဏ်လွှာများ

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပေးပို့သည့်သဝဏ်လွှာ

(၁၅ - ၁၀ - ၂၀၂၁)

ချစ်ခင်လေးစားအပ်ပါသောပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား-

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ချုပ်ဆိုသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)ချုပ်ဆိုခဲ့သည့် (၆)နှစ်မြောက် နှစ်ပတ်လည်နေ့ပင်ဖြစ်ပါသည်။

ရဟန်းရှင်လူ ပြည်သူအပေါင်းနှင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး အေးချမ်းသာယာသော လူမှုဘဝများပိုင်ဆိုင်နိုင်ကြပါစေကြောင်းနှင့် နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် ဆတက်ထမ်းပိုး တိုးတက်ဆောင်ရွက်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သနှုတ်ခွန်းဆက်သအပ်ပါသည်။

''မပြောဘဲနေတာကြာလာတဲ့အခါ မစဉ်းစားဖြစ်ဖို့လည်း ပိုပြီးလွယ်လာတယ်'' ဆိုတဲ့စကားရပ်အတိုင်း အမိနိုင်ငံအတွက် အဓိကလိုအပ်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များသည် ရပ်တန့်နေ၍မဖြစ်နိုင်ပါ။ ပြောနေ၊ ဆိုနေ၊ ညှိနှိုင်းနေမှ မည်ကဲ့သို့ တိုးတက်အောင် ဆောင်ရွက်မည်ဆိုသည့် စဉ်းစားချက်၊ တွေးခေါ်ချက်များ သက်ဆိုင်ရာအဖွဲ့အစည်းများ၌ အစဉ်အမြဲ ကိန်းအောင်းနေမည်ဖြစ်ပါသည်။

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့သည် မိမိတို့နိုင်ငံ၏ (၇၅) နှစ်ပြည့် စိန်ရတု ပြည်ထောင်စုနေ့ဖြစ်ပါသည်။ ထို့အတူ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့သည် မိမိတို့နိုင်ငံ၏ စိန်ရတု လွတ်လပ်ရေးနေ့ဖြစ်သည်။ တိုင်းပြည်တစ်ပြည်အတွက် အရေးကြီးသည့်သမိုင်းဖြစ်စဉ်ဖြစ်ရပ်၊ နေ့ရက်ကြီး ၂ ခုမှာ စိန်ရတုတိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ၏ လူဦးရေ သက်တမ်းစံနှုန်းဖြင့် တွက်ချက်ပါက လူတစ်ယောက်၏ သက်တမ်းတစ်ခုစာရှိပြီဖြစ်သည်။ ''အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကိုအစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်'' ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပို့မိုတိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ပို့မို့ ရှင်သန်ထက်မြက်ရေးအတွက်လုပ်ဆောင်မည့်လုပ်ငန်းရပ်များ ချမှတ်ခြင်း၊ တိုင်းရင်းသားများပါဝင်သည့်ဖော်ဆောင်ရေးအဖွဲ့များဖွဲ့စည်းခြင်းနှင့် လက်တွေ့လုပ်ငန်းရပ်များဆောင်ရွက်ခြင်းဆိုသည့် အဆင့် ၃ ဆင့်အား နိုင်ငံတော်အစိုးရသည် အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်သည်။ ယင်းကိစ္စများတွင် တိုင်းရင်းသား ပြည်သူလူထုနှင့် ပါဝင်ပတ်သက်ရမည့် အစုအဖွဲ့များအားလုံးထံမှ အကြံပြုချက်များ ရယူခြင်း၊ အသိပေးခြင်းနှင့်ပညာပေးခြင်းများအားဆောင်ရွက်မည် ဖြစ်သည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ လက်တွေ့ကျကျ တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်သည် စစ်ရေးဆိုင်ရာလှုပ်ရှားမှုများ ရပ်တန့်ပေးထားမည့် ထုတ်ပြန်ချက်များအား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့မှ စတင်ကာ ၃၀-၉-၂၀၂၁ ရက်နေ့အထိ ၂၀ ကြိမ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ (၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့အား ကြိုဆိုသည့်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးလုပ်ငန်းများအား ပို့မိုတိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၅ လကြာ ထပ်မံတိုးမြှင့်ရပ်စဲကြောင်း ကြေညာထားပြီးဖြစ်သည်။ ငြိမ်းချမ်း

ရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရာတွင်-

(၁) သက်ဆိုင်ရာ တိုင်းရင်းသားများ၊ သက်ဆိုင်သူများကိုယ်တိုင်ပါဝင်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကျိုးဆောင်နိုင်ရေးနဲ့ မြှင့်တင်ရေး ဆောင်ရွက်ခြင်း။

(၂) အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအဆင့်ဆင့်၊ တပ်မတော်၏ ငြိမ်းချမ်းရေး ဆွေးနွေးမှုကော်မတီနှင့် တိုင်းရင်းသားလက်နက်ကိုင်များ တိုက်ရိုက်ဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မြှင့်တင်ရေး အဖွဲ့များနှင့် ဆွေးနွေးခြင်း။

(၃) NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင်ဆောင်ရွက်ခြင်း၊ NCAလက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို NCA လက်မှတ်ရေးထိုးနိုင်အောင် ရည်ရွယ်လျက် ပစ်ခတ်တိုက်ခိုက်မှုလျော့နည်းလာစေရေး၊ နှစ်ဖက်သဘောတူညီချက်များရရှိရေး စတဲ့လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါသည်။

အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်ရှိအစိုးရအား ရွေးကောက်ခံအစိုးရမဟုတ်သည့်အတွက် တွေ့ဆုံဆွေးနွေးရန် မလိုဟူသည့် အယူအဆများ၊ ငြိမ်းချမ်းရေးအား အပြည့်အဝဖော်ဆောင်ပေးနိုင်မည် မဟုတ်ဆိုသည့် အယူအဆများအပေါ်၌ စိတ်ကူးယဉ်မဆန်ဘဲ လက်တွေ့ကျကျ သုံးသပ်ရန်လိုပါသည်။ ၁၉၈၈ ခုနှစ် နောက်မှစ၍ တပ်မတော်အစိုးရ လက်ထက်တွင် ငြိမ်းချမ်းရေးတည်ဆောက်မှု လုပ်ငန်းစဉ်များအောင်မြင်မှု၊ ပစ်ခတ်တိုက်ခိုက်မှု လျော့နည်းမှု၊ တိုင်းရင်းသားနယ်မြေများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုများသည် ပြယုဂ်ပင်ဖြစ်ပါသည်။ အဆိုပါအဖွဲ့များအနက် အများစုမှာ NCA လက်မှတ်ရေးထိုးနိုင်ခဲ့သည်မှာ လက်တွေ့ပင်ဖြစ်သည်။ အစိုးရများမည်မျှပင်ပြောင်းပြောင်း မိမိတို့နိုင်ငံသည် ပြည်ထောင်စုမြန်မာနိုင်ငံပင်ဖြစ်သည်။ အစိုးရနှင့်နိုင်ငံတော်ကို ယုတ္တိကျကျခွဲခြားမြင်နိုင်ဖို့လိုပါသည်။ အစိုးရဆိုသည်ထက် မိမိတို့အား လုံးသည်ပြည်ထောင်စုမြန်မာနိုင်ငံအပေါ်သစ္စာရှိရန်၊ နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် ရိုးသားစစ်မှန်သည့် စိတ်ရင်းစေတနာဖြင့် ဆောင်ရွက်ရန်သည် အဓိကဖြစ်သည်။ အားလုံးက We are Myanmar ဆိုသည့် စိတ်ဓာတ်အပေါ် အရင်းခံစေလိုပါသည်။ ထို့ကြောင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် NCA စာချုပ်ပိုမိုခိုင်မာစေရေး၊ NCA စာချုပ်၌ လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် လက်ရှိအခြေအနေထက် ပိုမိုသည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးနှင့်ငြိမ်းချမ်းရေးအဆင့်တစ်ဆင့်သို့ တက်လှမ်းနိုင်ရေး၊ ထို့နောက် NCA စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ထပ်မံ၍ လေးနက်စွာဖိတ်ခေါ်ပါသည်။ အားလုံးက စိန်ရတုပြည်ထောင်စုနေ့သန္နိဋ္ဌာန်ဖြင့် ဆောင်ရွက်ပေးကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ''နိုင်ငံတော် တည်ဆောက်ရာမှာ အချက် ၂ ချက်ကို အဓိကထား၍ အလေးထားဆောင်ရွက်လျက်ရှိပြီး ပထမအချက်အနေနဲ့ ပြည်သူတွေရဲ့ဆန္ဒနဲ့အညီ ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာတည်ဆောက်ရေးကို နိုင်ငံရေးရည်မှန်းချက်ထားပြီး လုပ်ဆောင်လျက်ရှိကြောင်း၊ ဒုတိယအချက်အနေနဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာပေါများရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း'' ပြောကြားခဲ့ပြီးဖြစ်သည်။ ၎င်းသည် မိမိတို့အစိုးရမှ ဆက်လက်ဆောင်ရွက်သွားမည့် ဦးစားပေးနိုင်ငံရေး မူဝါဒပင်ဖြစ်ပါသည်။ ယင်းအချက် ၂ ချက်သည် အပြန်အလှန်ဆက်စပ်လျက်ရှိသည်။ တိုင်းပြည်သာယာဝပြောရေးအတွက် ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ အဓိကလိုအပ်ချက်မှာ ငြိမ်းချမ်းရေးပင်ဖြစ်သည်။

မိမိတို့ပြည်ထောင်စုသမ္မတနိုင်ငံတော်သည် ၂၀၁၁ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းပြီးနောက် ပထမအစိုးရကာလ၌ ပြည်သူလူထု၏ ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာအောင်တည်ဆောက်ရေးအတွက် အရေးပါသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ စတင်နိုင်ရေးအတွက် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်တွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအား ငြိမ်းချမ်းရေးကမ်းလှမ်းမှုများပြုလုပ်ခဲ့သည်။ လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသား လက်နက်

ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီးဖြစ်သည်။ အဆိုပါအဖွဲ့များနှင့် ငြိမ်းချမ်းရေးအကျိုးဆောင်များ၏ ငြိမ်းချမ်းရေးအတွက် ကြိုးပမ်းမှု၊ စိတ်ဓာတ်နှင့်လုပ်ဆောင်ချက်များအား ထပ်လောင်းအသိအမှတ်ပြုအပ်ပါသည်။

ယနေ့ကာလသည် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် NLD ပါတီ၏ မဲမသမာမှုများအပေါ် တပ်မတော်နှင့် နိုင်ငံရေးပါတီများမှ ညှိနှိုင်းဆွေးနွေး အဖြေရှာရန်အတွက် နည်းလမ်းပေါင်းစုံဖြင့် ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့သဖြင့် တပ်မတော်မှ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အရ နိုင်ငံတော်တာဝန်အား ထိန်းသိမ်းကာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီမှ ဦးဆောင်နေသည့်ကာလ ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်အား တာဝန်ယူပြီးသည့် အချိန်မှစ၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက်(၉)ရပ်အား ချမှတ်ဆောင်ရွက်လျက်ရှိရာ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း အလေးထားလုပ်ဆောင်လျက် ရှိသည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကို ပြင်ဆင်ဖွဲ့စည်းပေးပြီး ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ညှိနှိုင်းရေးကော်မတီတို့ကိုဖွဲ့စည်းခဲ့သည်။ လက်ရှိကာလတွင် ညှိနှိုင်းရေးကော်မတီသည် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် နိုင်ငံရေးပါတီတို့ကို စုစုပေါင်း ၂၁ ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးမှုများဆောင်ရွက်ခဲ့ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ရပ်တန့်မှုမရှိအောင် အရှိန်အဟုန်မပြတ်ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအား တိုးမြှင့် ဆောင်ရွက်လျက်ရှိသော်လည်း မိမိတို့နိုင်ငံ၏ အကျိုးစီးပွားအား မလိုလားသည့်၊ နိုင်ငံအား ဖျက်လိုဖျက်ဆီးလုပ်လိုသည့် ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၊ မီဒီယာများနှင့်အာဏာကို အကြမ်းဖက်နည်းဖြင့် ရယူလိုသည့် NLD ပါတီအစွန်းရောက်များ၊ NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်၏ ဒေသအချို့တွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအား ထိခိုက်စေပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် အတိုင်းအတာတစ်ခုအထိ အဟန့်အတားဖြစ်ပေါ်စေလျက် ရှိသည်။ နိုင်ငံတော်အစိုးရသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမထိခိုက်စေရန် သဘောထားကြီးစွာဖြင့် တတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည်လည်း အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်အမှောင့်လုပ်ရပ်များ၊ ပြည်တွင်းပြည်ပပယောဂများ၊ မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းမှ သွေဖည်မသွားစေရန် အထူးသတိပြုကြစေလိုပါသည်။

မိမိတို့အစိုးရသည် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်အား အခြေခံသည့် ပြည်ထောင်စု တည်ဆောက်နိုင်ရေးတို့အတွက် နိုင်ငံရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းအတွက် မိမိတို့အစိုးရမှ ခိုင်ခိုင်မာမာအာမခံပြီးဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အနေဖြင့် NCA ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်တွင် ယုံယုံကြည်ကြည်နှင့် ခိုင်မာစွာဆက်လက်လျှောက်လှမ်းခြင်းဖြင့် နိုင်ငံတော်အစိုးရမှ လက်ရှိဦးတည်သွားနေသည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများအား သတ်မှတ်ချိန်အတွင်း ကျင်းပနိုင်ပြီး ပြည်သူမှ ရွေးချယ်ပေးသည့် ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာရေးအား အားပေးကူညီရာ ရောက်မည်ဖြစ်သည်။

လက်ရှိအခြေအနေသည် တစ်ကမ္ဘာလုံး ကိုဗစ်-၁၉ ကပ်ရောဂါအား ၂၀၁၉ ခုနှစ် နှောင်းပိုင်းမှစတင်၍ ယခုအထိ ခံစားနေရသည့်ကာလ ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် "ပြည်သူလူထု၏ အသက်ထက်အရေးကြီးတာ ဘာမျှမရှိ" ဟူသောမူဝါဒနှင့် "ပြည်ထောင်စုအတွင်းနေထိုင်ကြသော နိုင်ငံသားများသာမက လူမျိုးဘာသာမရွေး လူသားအားလုံးကို ကျန်းမာရေးစောင့်ရှောက်မှု တန်းတူညီတူအခွင့်အရေး ရရှိစေရမည်" ဟူသည့် မူဝါဒများချမှတ်ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များကို ရှိသမျှ ခွန်အား၊ စွမ်း

အားများဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသာမက NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ တည်ရှိရာဒေသများရှိ ပြည်သူများ၊ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအတွက်ပါ မကျန် ကိုဗစ်ကာကွယ်ဆေးထိုးနှံနိုင်ရေးဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် ရောဂါဖြစ်ပွားမှု ရာခိုင်နှုန်းနှင့် သေဆုံးမှုနှုန်းတို့မှာ သိသိသာသာ ကျဆင်းလာလျက်ရှိပါသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရေး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းလိုပါသည်။

မိမိတို့အစိုးရသည် ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် NCA စာချုပ်ပါအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ဆုံဆွေးနွေးရေးအတွက် အမြဲတံခါးဖွင့်လှစ်ထားရှိကြောင်း အတိအလင်း ကြေညာထားပြီးဖြစ်သည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ တာဝန်အား ရယူထားချိန်ဖြစ်သည်နှင့်အညီ ငြိမ်းချမ်းရေးဆွေးနွေးမှုများအား အကောင်အထည်ဖော်ရာတွင် ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုသည့်အဆင့်မှအပ ကျန်သည့်အစိတ်အပိုင်းများ ဆောင်ရွက်နိုင်ပါသည်။ လက်ရှိနိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ ရွေးကောက်ခံအစိုးရ၊ လွှတ်တော်များနှင့် လွှတ်တော်ကိုယ်စားလှယ်များမရှိသည့်အတွက်ကြောင့် ဆောင်ရွက်၍ မရနိုင်ဟု ထင်မြင်ယူဆဖွယ်ဖြစ်သော်လည်း ရွေးကောက်ပွဲထပ်မံကျင်းပပြီးစီးချိန်တွင် နိုင်ငံရေးပါတီများမှကိုယ်စားလှယ်များကသာရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်များဖြစ်လာမှာဖြစ်သည့်အတွက် ယခုကာလ၌ မိမိတို့အနေဖြင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား သက်ဆိုင်သူများနှင့် စဉ်ဆက်မပြတ် ဆောင်ရွက်နေခြင်းအားဖြင့် ပိုမိုခရီးရောက်စေမည်ဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုစနစ်ကို တည်ဆောက်ကြရာတွင် သက်ဆိုင်သူအားလုံးနှင့်ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးညီညွတ်မှုက အခြေခံအကျဆုံးဖြစ်ပါသည်။ ခေတ်အဆက်ဆက် နိုင်ငံရေးရင့်ကျက်ရန် လိုအပ်မှုများကြောင့် အမိမြန်မာနိုင်ငံတော်ကြီး တိုးတက်သင့်သလောက် မတိုးတက်ခဲ့သည်ကို သင်ခန်းစာယူရပါမည်။ မိမိတို့လက်ထက်၌ ၎င်းကိစ္စကို ကျော်လွှားနိုင်အောင် ကြိုးစားကြရပါမည်။ တိုင်းပြည်ငြိမ်းချမ်းရေးအတွက် "ပညာပြည့်ဝ၊ နှလုံးလှသော" နိုင်ငံရေးရင့်ကျက်မှုနှင့် စည်းလုံးမှုကို တည်ဆောက်ကြရပါမည်။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြပါရန် သဝဏ်လွှာပေးပို့တိုက်တွန်း နှိုးဆော်အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ
အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်
ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ

■■■■■

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

(၁၆ - ၁၀ - ၂၀၂၁)

ချစ်ခင်လေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား -

ယနေ့ မင်္ဂလာရှိသော ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားတွင် မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် မိဘပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေးတို့သည် လူသားတို့၏ နေ့စဉ်ဘဝအတွက် မရှိမဖြစ်လိုအပ်ချက်များဖြစ်ရာ ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကျင်းပလျက်ရသော ကမ္ဘာ့စားနပ်ရိက္ခာနေ့သည် ကမ္ဘာ့လူသားအားလုံးအတွက် အထူးအလေးထားရမည့်နေ့ဟု အသိအမှတ်ပြုရမည် ဖြစ်ပါသည်။

ယနေ့ကမ္ဘာ့ပေါ်တွင် ကမ္ဘာ့လူဦးရေ၏ ၄၀ ရာခိုင်နှုန်း (၃ဘီလီယံ)ခန့်သည် ကျန်းမာရေးနှင့်ပြည့်စုံသည့် အစားအစာမရရှိကြောင်း၊ ၁၀ ရာခိုင်နှုန်းသော ကမ္ဘာ့လူဦးရေမှာ ဘေးမကင်းသည့် အစားအစာများ၏ အကျိုးသက်ရောက်မှုကို ခံစားနေကြောင်း၊ ကမ္ဘာ့အစားအစာစနစ်သည် မညီမျှမှုနှင့်မမျှတမှုများ ဖြစ်ပေါ်နေကြောင်း၊ ကမ္ဘာကြီး၏ အချို့သောနေရာများတွင် ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံ၊ သားငါးနှင့် သစ်တောထွက်ပစ္စည်းများထုတ်လုပ်မှုကို လျော့ကျစေလျက်ရှိပြီထွက်ကုန်များ၌ အာဟာရဓာတ်ပါဝင်မှုများလည်း ပြောင်းလဲလျက်ရှိကြောင်း၊ လေလွင့်ပြုန်းတီးမှုများသည် သီးနှံသားငါးထုတ်လုပ်မှုတွင် ၁၄ ရာခိုင်နှုန်းနှင့် စားသုံးမှုတွင် ၁၇ ရာခိုင်နှုန်းမျှရှိနေကြောင်း၊ တစ်ဖက်တွင်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးကျဆင်းနေမှုများအရ ကမ္ဘာတစ်ဝန်း၏ စားနပ်ရိက္ခာဖူလုံမှုကိုထပ်ဆင့်ထိခိုက်စေလျက်ရှိရာ လက်ရှိစားနပ်ရိက္ခာဖူလုံမှုမရခြင်း ခံစားနေရသည့် ကမ္ဘာ့လူဦးရေ သန်း (၆၉၀)ထက်ထပ်မံ၍ သန်း(၁၀၀)ခန့် ပိုမိုတိုးပွားလာနိုင်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ရာစားနပ်ရိက္ခာထုတ်လုပ်မှုတွင်အခြေခံကျသည့် လယ်ယာကဏ္ဍကြီးနှင့် ထုတ်လုပ်မှုကွင်းဆက်လုပ်ငန်းများ၌ အာဟာရပြည့်ဝပြီးဘေးအန္တရာယ်ကင်းရှင်းသည့် အရည်အသွေးကောင်းထွက်ကုန်များ ထွက်ရှိရေး၊ လေလွင့်ပြုန်းတီးမှုများ လျှော့ချရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိပြီး ရေရှည်တည်တံ့သည့်မျိုး၊ နည်းစနစ်များအသုံးချရေး၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများ ထိုက်သင့်သည့်ဝင်ငွေ ရရှိရေးတို့အတွက် ကမ္ဘာ့နိုင်ငံများအနေဖြင့် ထိရောက်သောမူဝါဒများ ချမှတ်ဆောင်ရွက်သွားရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး အဓိကအခြေခံစီးပွားရေးမှာလယ်ယာကဏ္ဍဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရသည်ကမ္ဘာ့ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့်အညီ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးအစီအစဉ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာမူဘောင်နှင့် စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှုမဟာဗျူဟာတို့ကို ချမှတ်ဆောင်ရွက်လျက် ရှိပါသည်။

နိုင်ငံတော်၏ စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDB) တွင် ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ လယ်ယာကဏ္ဍအနေဖြင့် စုစုပေါင်း ၁၄ ဒသမ ၁ ရာခိုင်နှုန်းပါဝင်ပြီး သားငါးကဏ္ဍအနေဖြင့် စုစုပေါင်း ၇ ဒသမ ၇ ရာခိုင်နှုန်းပါဝင်လျက် ရှိပါသည်။ စုစုပေါင်း ပို့ကုန်တန်ဖိုးတွင် လယ်ယာကဏ္ဍ ပို့ကုန်တန်ဖိုးပါဝင်မှုမှာ ၃၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

စားနပ်ရိက္ခာဖူလုံရေးအတွက် ပြည်တွင်း၌ အဓိကစားသုံးသည့် ဆန်စပါးကို ဒေသအလိုက်ဖူလုံရေး အစီအမံများ၊ စားသုံးရာတွင် အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက်တွင် ဈေးကောင်းစရေးမည့် စပါးမျိုး

များ တိုးတက်ထုတ်လုပ်နိုင်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့်လက်ရှိစိုက်ပျိုးဧရိယာပေါ်တွင် အထွက်နှုန်းတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံအတွင်း ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးသော်လည်း စားသုံးဆီဖူလုံမှုမရသဖြင့် ပြည်ပမှတင်သွင်းရလျက်ရှိရာ မြေပဲနှင့်နှမ်းအပြင် ဆီထွက်နှုန်းကောင်းသည့် ဆီအုန်း၊ နေကြာ၊ ပြောင်း၊ မုန်ညင်းနှင့် ပဲပုပ်တို့ကို တိုးချဲ့စိုက်ပျိုး ထုတ်လုပ်ခြင်းဖြင့်သော်လည်းကောင်း၊ ဖွဲနှဲ၊ ဝါစေ့နှင့် ပြောင်းဖူးကဲ့သို့ ဘေးထွက်ပစ္စည်းများမှ လည်းကောင်း ပြည်တွင်းဆီထုတ်လုပ်မှုကို မြှင့်တင်ကာ တစ်ဖက်ကလည်း ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အညီ စားသုံးဆီသုံးစွဲမှုလျှော့ချကြရန် အသိပညာပေးပြီး နိုင်ငံခြားငွေသုံးစွဲမှုလျှော့ချနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ပြည်သူများ၏ စားရေးအပြင် ဝတ်ရေးအတွက်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် အထည်အလိပ်ကဏ္ဍတွင် အရေးကြီးသည့် “ဝါ” ကို အဓိကသီးနှံအဖြစ် မြှင့်တင်ဆောင်ရွက်ရန်နှင့် စက်မှုကဏ္ဍကုန်ချော ထုတ်လုပ်မှုလုပ်ငန်းများ ခေတ်မီတိုးတက်စေရန် နိုင်ငံတော်အစိုးရအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက် ရှိပါသည်။

လက်ရှိဖြစ်ပွားနေသည့် ကိုဗစ်ကပ်ရောဂါ ကူးစက်ပြန့်ပွားသည့်ကာလတွင် သွင်းအားစု၊ သယ်ယူပို့ဆောင်စရိတ်နှင့် ထုတ်လုပ်မှုစရိတ်များ မြင့်တက်လျက်ရှိသော်လည်း နိုင်ငံအတွင်း စားသောက်ကုန် ပြတ်လပ်မှုမရှိသည့်အပြင် ယခုနှစ်တွင် ရာသီဥတုကောင်းမွန်သဖြင့် စိုက်ပျိုးရေ လုံလောက်မှုရှိသည့်အတွက် သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်ဖွယ်မရှိကြောင်း ခန့်မှန်းထားပါသည်။

စားနပ်ရိက္ခာအတွက် အရေးကြီးသည့်သီးနှံများအား ဧရိယာတိုးချဲ့ စိုက်ပျိုးနိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်ခြင်း၊ မျိုးကောင်းမျိုးသန့်များ စေ့းနှုန်းသက်သာစွာ ဖြန့်ဖြူးနိုင်ရန်နှင့် ပဂ္ဂလိကမျိုးစေ့ထုတ်ကဏ္ဍတိုးတက်လာစေရန် ဌာန၊ သမဝါယမ၊ ကုမ္ပဏီအစီအစဉ်ဖြင့် မျိုးစေ့ထုတ်လုပ်ခြင်း၊ ရာသီဥတုပြောင်းလဲမှုအပေါ်မူတည်၍ ရေမြေ၊ ဒေသအလိုက်လိုက်လျောညီထွေဖြစ်မည့် သီးနှံပုံစံများ ပြောင်းလဲစိုက်ပျိုးခြင်း၊ ဆည်ရေ လုံလောက်စွာမရရှိသည့် ဒေသများတွင် ဝင်ငွေရရှိစေနိုင်မည့် သီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းနှင့် သက်တမ်းတို ဟင်းသီး/ရွက်များ စိုက်ပျိုးခြင်း၊ ဒေသဝန်းစာဖူလုံရေးအစီအမံများ ချမှတ်အကောင်အထည်ဖော်ခြင်း၊ စိုက်ပျိုးနည်းပညာပေးလုပ်ငန်းများ မြှင့်တင်ခြင်း စသည့်လုပ်ငန်းများကို နေပြည်တော်ကောင်စီနယ်မြေ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများ၏ အာဟာရပြည့်ဝရေးအတွက် အသားကဏ္ဍဖွံ့ဖြိုးပြီး အသားစားသုံးမှု မြင့်မားလာစေရန်နှင့် မွေးမြူရေးလုပ်ငန်း ခေတ်မီဖွံ့ဖြိုးလာစေရန်အတွက် နွား၊ ကျွဲ၊ ဆိတ်၊ သိုး၊ ဝက်၊ ဘဲနှင့် ကြက်မျိုးကောင်းမျိုးသန့်များ ဖြန့်ဖြူးခြင်း၊ မေထုန်မဲ့နည်းဖြင့် မျိုးမြှင့်မျိုးပွားမှုကို မြှင့်တင်ခြင်း၊ မွေးမြူရေးခြံများတွင် ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေးကျင့်စဉ်များ (Good Animal Husbandry Practices–GAHP) လိုက်နာကျင့်သုံးစေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်တွင်းပြည်ပ ဈေးကွက်ခိုင်မာစွာရရှိရန်နှင့် ငါးမွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် ငါး၊ ပုစွန်မွေးမြူခြင်းလုပ်ငန်း၌ ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေး (Good Aquaculture Practices–GAqP) အတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး ပံ့ပိုးခြင်း၊ ငါးမွေးမြူရေးသင်တန်းများ ဒေသအရောက်ပို့ချခြင်းနှင့် လိုအပ်သော သားပေါက်များဖြန့်ဖြူးပေးခြင်း၊ ငါးရောဂါဆိုင်ရာ ဓာတ်ခွဲခန်းများတည်ထောင်ခြင်း၊ အအေးပိုင်းငါးများ သားဖောက်ခြင်းနှင့် မွေးမြူရေးနည်းပညာများ ပံ့ပိုးပေးခြင်း၊ မြစ်ချောင်းများအတွင်း လှောင်အိမ်ဖြင့် ငါးမွေးမြူသည့်နည်းပညာများ ဖြန့်ဖြူးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပြန့်ပွားလျက်ရှိသည့် ၂၀၂၀-၂၀၂၁ ခုနှစ်တွင် အဓိကရိက္ခာဖြစ်သည့် စပါးသီးနှံစိုက်ဧက (၁၇ ဒသမ ၂၀) သန်းကျော်နှင့် အထွက်တင်းပေါင်း (၁၂၆၅) သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ အဓိကဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာစိုက်ဧက (၇ ဒသမ ၂၁) သန်းကျော်၊ အထွက်တင်းပေါင်း (၁၈၄) သန်း

ကျော်နှင့် ပဲမျိုးစုံသီးနှံများ စိုက်ဧကစုစုပေါင်း (၉ ဒသမ ၈၁) သန်းကျော်၊ အထွက်တင်းပေါင်း (၁၅၆ ဒသမ ၈၉) သန်းကျော် စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါသည်။ ထို့ပြင် နှစ်အတွင်း အသားမက်ထရစ်တန် (၁ ဒသမ ၀၅) သန်း၊ ငါးမက်ထရစ်တန် (၅ ဒသမ ၄) သန်း၊ ဂျီကီလိုဂရမ် (၁၈ ဒသမ ၇) သန်း၊ ဥအလုံးရေ (၂၂၈၃ ဒသမ ၈၁) သန်း ထုတ်လုပ်နိုင်ခဲ့ပါသည်။

ထို့ပြင် နိုင်ငံတွင်းအာဟာရချို့တဲ့မှုနှုန်း မြင့်မားနေခြင်းကိုလျှော့ချရန် ရည်ရွယ်ဆွဲထားသော ကဏ္ဍာပေါင်းစုံပါဝင်သည့် အမျိုးသားအာဟာရ ဖွံ့ဖြိုးမှုဆိုင်ရာ (၅) နှစ်စီမံကိန်း (၂၀၁၈–၂၀၂၃) ကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။ ယင်းသို့စိုက်ပျိုးမွေးမြူထုတ်လုပ်မှုများ တိုးတက်လာစေရန်နှင့် အရည်အသွေးကောင်းထုတ်ကုန်များဖြစ်စေရန် ဘက်ပေါင်းစုံမှကြိုးပမ်းဆောင်ရွက်မှုအရ နိုင်ငံတွင် ဆန်နှင့် စားနပ်ရိက္ခာပြည့်စုံစေသည့်အပြင် အပိုအလျှံများကို ပြည်ပသို့ တင်ပို့ရောင်းချနိုင်လျက် ရှိပါသည်။

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် အားလုံးညီညွတ်မှုတရန်လိုအပ်ပြီး အထူးသဖြင့် ပြည်နယ်များနှင့် အခြားဖွံ့ဖြိုးမှု နောက်ကျနေသေးသည့် ဒေသများဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းဖြင့် မြို့ပြနှင့် ကျေးလက်ကွာဟမှုကို လျှော့ချပေးနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ရာ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်သောက်သုံးရေ၊ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ခြင်း၊ စီးပွားရေး လုပ်ဆောင်နိုင်ရန် အရင်းမပျောက် မတည်ငွေ ထူထောင်ပေးခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများ ဖွင့်လှစ်ပေးခြင်း၊ ပြည်သူများ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု ကာကွယ်ရေးကို ဌာန/အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်စေခြင်း၊ တစ်နိုင်တစ်ပိုင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းများအား နည်းပညာ၊ အရင်းအနှီး၊ ဈေးကွက်ရရှိစေရန် လူမှုအဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိပါသည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံသည် ၁၉၉၅ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂ ဇီဝမျိုးစုံမျိုးကွဲကွန်ဗင်းရှင်း (Convention of Biological Diversity– CBD)၏ အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ ညီလာခံတွင် ချမှတ်ခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းခြင်းဆိုင်ရာရည်မှန်းချက်များကို အကောင်အထည်ဖော်ရန် နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် (၂၀၁၅ –၂၀၂၀) အားရေးဆွဲပြီး ဘာသာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့ (၅)ဖွဲ့ ဖွဲ့စည်းကာ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ ထို့ပြင် အမျိုးသားဇီဝလုံခြုံမှုဆိုင်ရာမူဘောင်နှင့်မူဝါဒကို ထုတ်ပြန်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသား ဇီဝလုံခြုံမှုဆိုင်ရာ မူဘောင် ရေးဆွဲရေးစီမံကိန်းကို ဆောင်ရွက်လျက် ရှိပါသည်။

ငါးသယံဇာတ ရေရှည်တည်တံ့ရေးအတွက် ငါးမဖမ်းရ ရာသီသတ်မှတ်ခြင်း၊ တရားမဝင်ငါးဖမ်းဆီးမှုပပျောက်စေရေးအတွက် Vessel Monitoring System ဖြင့် စောင့်ကြည့်ကြပ်မတ်ခြင်း၊ မျိုးစိတ်တစ်ခုခြင်းအလိုက်/ ငါးဖမ်းဧရိယာအလိုက် ငါးမဖမ်းရန်ယမြေများသတ်မှတ်ခြင်း၊ တားမြစ်ထားသည့် ငါးဖမ်းကိရိယာများဖြင့် မဖမ်းဆီးရေးအတွက် စောင့်ကြည့်စစ်ဆေးခြင်းများနှင့် ငါးသယံဇာတတည်ရှိမှု အကဲဖြတ်လေ့လာဆန်းစစ်ခြင်း သုတေသနလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ချစ်ခင်လေးစားရပါသောမိဘပြည်သူများခင်ဗျား

ယခုနှစ်ကမ္ဘာ့စားနပ်ရက္ခာနေ့၏ ဆောင်ပုဒ်မှာ “ကျွန်ုပ်တို့၏လုပ်ဆောင်ချက်များသည် ကျွန်ုပ်တို့၏ အနာဂတ်၊ ပိုမိုကောင်းမွန်သောထုတ်လုပ်မှု၊ အာဟာရ၊ သဘာဝပတ်ဝန်းကျင်နှင့် လူနေမှုဘဝ” (Our actions are our future. Better Production, Better Nutrition, a Better Environment and a Better Life) ဟူ၍ ဖြစ်ပါသည်။

မိဘပြည်သူအပေါင်းတို့၏လူမှုစီးပွားဘဝနှင့် သဘာဝပတ်ဝန်းကျင် ကောင်းမွန်သာယာလှပစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ယနေ့ကြိုးပမ်းဆောင်ရွက်ချက်များဖြစ်သော အာဟာရပြည့်ဝပြီး ဘေးကင်းလုံခြုံသည့် စားနပ်ရိက္ခာဖူလုံစွာရရှိရေး၊ ဆင်းရဲချမ်းသာကွာဟမှုများကျဉ်မြောင်းရေး၊ ကျေးလက်ဒေသ စည်ပင်

သာယာဖွံ့ဖြိုးရေးလုပ်ငန်းများသည် ယခုနှစ်ကမ္ဘာ့စားနပ်ရိက္ခာ၏ ဆောင်ပုဒ်နှင့် ထပ်တူကျလျက်ရှိပါကြောင်းနှင့် နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူအပေါင်း၏ စိတ်ရောကိုယ်ပါ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆက်လက်၍ ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်သွားမည်ဟု အဓိဋ္ဌာန်ပြုပါကြောင်း ယနေ့ကျရောက်သည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့တွင် မိဘပြည်သူအပေါင်းတို့ထံ လေးမြတ်စွာသဝဏ်လွှာပေးပို့အပ်ပါသည်။

■■■■■